မြိုးစာပေ



# ခင်နှင်းယု

# ကျွန်မ၏ချစ်သူ

ဒုတိယအကြိမ်

ခင်နှင်းယု

# ကျွန်မ ၏ ချစ်သူ

ထုတ်ဝေခြင်း - ပထမအကြိမ်
၁၉၇၂ ခု၊ ဩဂုတ်လ၊ နန္ဒဝန်စာပေ
- ဒုတိယအကြိမ်
၂၀၁၃ ခု၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၃၀၀၀ ကျပ်
ထုတ်ဝေသူ - ဒေါ်ပြုံးပြုံးခင်၊
ပြုံးစာပေ
၆၆၊ သရက်တော (၄) လမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။
မျက်နှာဖုံးနှင့် - ဦးနေလင်းအောင်
အတွင်းပုံနှိပ် - စံရတီပုံနှိပ်တိုက် (ယာယီ-၉၈၉၀)
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်။

၈၉၅.၈၃
ခင်နှင်းယု
ကျွန်မ၏ချစ်သူ / ခင်နှင်းယု၊ ရန်ကုန်။
ပြုံးစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ်
၂၇၀-စာ၊ ၂၁ x ၁၃.၂ စင်တီ
(၁) ကျွန်မ၏ချစ်သူ

ပြုံးစာပေ
ပြန်လည်ဆန်းသစ်ခြင်း
စာအုပ်အမှတ်(၆၅)

စီစဉ်သူ
မပြုံး

## မာတိကာ

နိဒါန်း
ပါရမီဖြည့်စမို့ – ၁
ဆိုဆိုပေသားငယ်နဲ့ – ၁၅
အခါတော်ပေးတာက – ၄၁
ပျားရည်မဆမ်းပါ – ၅၇
ကျားစာကျွေးခံရခြင်း – ၇၁
အခန်း(၆) – ၈၂
မြေညီညီသည်တစ်ကွေ့ – ၉၇
ရှင်းချင်လွန်း၍ရှုပ်ရသည် – ၁၁၅
သီရိလက်ာမှချစ်သူရဲကောင်း – ၁၂၇
ကလောဇ၏ညများ – ၁၄၀
နေမင်းသူရိန် – ၁၅၁
အခန်း(၁၂) – ၁၅၈
အခန်း(၁၃) – ၁၇၃
ဦးပုံစံ – ၁၉၃
ရှင်ဂဝံပတိ – ၂၀၆
မြမြက်ခုံ – ၂၂၇
နိဂုံးဟူ၍မဆိုသာ – ၂၄၄

## နိဒါန်း

စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးသည် သူ့အသက် ခြောက်ဆယ်ပြည့်သောအခါ 'နှစ်ပေါင်းခြောက်ဆယ်' စာအုပ်ကို ရေးခဲ့၏။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးသည် သူ့အသက် ၂၉နှစ်တွင် 'သူလိုလူ'ကို ရေးသားခဲ့သည်။

ဒဂုန်ခင်ခင်လေး၏စာပေများကို ကျွန်မ စတင်ဖတ်ရှုစက ကျွန်မသည် ဆံရစ်ဝိုင်းလေးနှင့်၊ ရောင်ပေစူးလေးနှင့် ဖြစ်ခဲ့သည်။ အခြားဝတ္ထုများနှင့် ဒဂုန်မဂ္ဂဇင်းတွင်ပါသော 'စာဆိုတော်ရာဇဝင်' ဝတ္ထုရှည်ကို ဖတ်ခဲ့၏။ စာဆိုတော်ကို ငယ်ငယ်တုန်းက ဖတ်သာ ဖတ်သည်၊ စွဲစွဲလမ်းလမ်း မရှိခဲ့ပါပေ။ စစ်ပြီးနောက်ပိုင်း လုံးချင်းသုံး အုပ်တွဲ ထုတ်ပြီးသောအခါမှ ပြန်၍ပြန်၍ ဖတ်ရင်း သူ၏ရေးသား ဟန်ကိုရော၊ အချက်အလက် စုဆောင်းပုံကိုရော ဝတ္ထုသွားကိုပါ ကျွန်မ နှစ်သက်၍ မဆုံးနိုင်ပါပေ။ သူ့ကို မိန်းမ စာရေးဆရာမကြီး တစ်ယောက်အနေဖြင့် ကြည်ညိုလေးစားစိတ်၊ ချီးမွမ်းစိတ်များသည် ကျွန်မရင်ထဲတွင် ပြည့်သိပ်လာခဲ့၏။

'ဒါကြောင့်လဲ သူ့ တစ်ခေတ်မှာ ပေါ်ခဲ့ကြတဲ့ စင်ပြိုင် ယောကျ်ားစာရေးဆရာတွေကို ထိုးဖောက်ပြီး ဒဂုန်ခင်ခင်လေး ဆိုတဲ့ ကလောင်ကျောက်တိုင်တစ်ခုကို သူ စိုက်နိုင်တာကိုး' ဟူသော အသိမှာ ကျွန်မ ဦးနှောက်ထဲသို့ ဝင်ခဲ့ပါသည်။ ထို့ကြောင့်ပင် ထို စာဆိုတော် ဝတ္ထုသုံးအုပ်တွဲကို သေချာစွာဝယ်၍ ကျွန်မသမီးကြီး 'မိ'ကိုလက်ဆောင်ပေးရ၏။ ဖတ်ခိုင်းရ၏။ ဆွေးနွေးရ၏။ 'မြန်မာ

စာရေးဆရာဟန်မှာတော့ စုစု မေမေရဲ့ ရေးဟန်ထက် ဒီစာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးက မြန်မာဟန်ပို၍ပီသတယ်’ဟု သမီးကို ပြောပြခဲ့ရပါသည်။ ဒဂုန်ခင်ခင်လေးက သူ၏ စာအုပ်နိဒါန်းတွင် ရေးသားခဲ့သလိုပင် သူ့စာအုပ်ကိုဖတ်ပြီး မြန်မာဘုရင်မိဖုရားများကို အထင်သေးစိတ် စာဖတ်သူတွင် ဝင်သွားမှာစိုးသည့်အတွက် သမီးဖြစ်သူအား အင်္ဂလန်ရာဇဝင်ပါ (Bloody Mary) နှင့် အန်နီဘုရင်မ၊ ရုရှားရာဇဝင်ရှိ ကက်သရင်းသည် ဂရိတ်၊ တရုတ်ဘုရင်မ စူစီအကြောင်းတို့ကိုလည်း အနည်းအကျဉ်း ပြောပြခဲ့ရ၏။

ငယ်ငယ်တုန်းကတော့ ကျွန်မသည် ကလေးဖြစ်သည့် အတိုင်း စုန်းတစ္ဆေဝတ္ထုဖြစ်သည့် မှော်ဆရာမှတ်တမ်းကို အလွန်ကြိုက်၏။ (ဘယ်သူပြောမှန်းတော့ မသိ၊ မှော်ဆရာမှတ်တမ်းကို ရေးသူ ကိုကိုလေးမှာ ဒဂုန်ခင်ခင်လေး ဖြစ်သည်ဆိုသည်ကိုကော့ ငယ်ငယ် ထဲကပင်သိခဲ့၏။)ကလေးစိတ်ဝယ် စုန်းတစ္ဆေယုံကြည်စိတ်များ ဝင်သွားမှာ စိုးရိမ်စရာ ကောင်းသည်ကလွဲ၍ အသေအချာ တွေးကြည့်လျှင် မှော်ဆရာမှတ်တမ်းလို ဝတ္ထုမျိုးရေးဖို့ရာမှာ အချက်အလက် စုဆောင်းဖို့၊ ခိုင်မာဖို့၊ ဆေးဝါးအသုံးအနှုန်း အသုံးချပုံ စသည်များကို ယုတ္တိရှိရှိ ပိပိရိရိ ရေးနိုင်ဖို့ လွယ်ကူလှသည် မဟုတ်။ နောက်ပိုင်း ယောကျ်ားစာရေးဆရာများပင် စုန်းတစ္ဆေ ကဝေဝတ္ထုများကို ရေးသော်လည်း ဒဂုန်ခင်ခင်လေးလောက် ပိပိရိရိ သေသေသပ်သပ်နှင့် ကျွန်မစိတ်ကို မဆွဲနိုင်ပေ။ (တခြားစာဖတ်ပရိသတ်တော့ မပြောတတ်ပါ) စစ်ဖြစ်စနှင့် စစ်အတွင်းမှာလည်း သူ၏ ဘာသာပြန်ဝတ္ထုများကို ကျွန်မအတော်ဖတ်ခဲ့သည်။ အင်္ဂလိပ်ဝတ္ထုများကိုမှီး၍ ရေးသားသော်လည်း ဖတ်ရင်း စိတ်ထဲမှာ အင်္ဂလိပ်ဝတ္ထုကိုမေ့၍ သူ့ကိုယ်ပိုင်ဟန်ရောက်အောင် မြန်မာ့အခြေအနေအစစ်ကဲ့သို့ ဖတ်သူစိတ်ထင်အောင် ရေးသားနိုင်ခြင်းမှာ ဒေါ်ဒဂုန်ခင်ခင်လေး၏ အရည်အချင်းတစ်ရပ်ပင်တည်း။

ဝင်ဒါမီယာတွင် ဝန်ကြီးချုပ်အတွင်းရေးအတွင်းဝန်အဖြစ်

ကျွန်မလုပ်ခဲ့စဉ်က ဦးအုန်းခင်သည် ဦးနု၏ မိတ်ဆွေဟောင်းကြီး အနေဖြင့် ဝင်ဒါမီယာသို့ ဝင်ထွက်သွားလာခဲ့သည်။ ဒေါ်ဒဂုန်ခင် ခင်လေးအား ကျွန်မ မကြာခဏ ဦးအုန်းခင်နှင့်အတူ မြင်ဖူး၏။ သို့သော် ကျွန်မက ကလေးလိုပင် အေးအေးနေခဲ့၍ သူနှင့်ရင်းရင်း နှီးနှီး မရှိခဲ့ပေ။

လွန်ခဲ့သောခြောက်နှစ်က ကျွန်မ၏ခင်ပွန်းသည် မော်ဘီ ဗိုလ်သင်တန်းကျောင်း၌ တာဝန်ထမ်းဆောင်နေရဆဲပင် ခင်ပွန်း ဖြစ်သူ နေထိုင်မကောင်းသည့်အခါ ကျွန်မ သွားရောက်ချက်ပြုတ် ကျွေးရ၏။ ထမင်းချက်ချိန်မှတစ်ပါး နေ့လယ်ပိုင်းတွင် အားလပ်နေ ၍ စာဖတ်ချိန်ရ၏။ တစ်နေ့တွင်တော့ ကျွန်မ၏ခင်ပွန်းက ဒေါ် ဒဂုန်ခင်ခင်လေး ရေးသော 'နှစ်ပေါင်းခြောက်ဆယ်'ကို ဝယ်ယူလာ ၍ နေ့လယ်အားလပ်ချိန်တွင် ဖတ်ရန်ပေး၏။

ဖတ်ရင်းဖတ်ရင်း ဆုံးသောအခါ 'ဩော်. . ဒါကြောင့် သူ ဟာ စာရေးဆရာမကြီး ဖြစ်လာခဲ့တာကိုး'ဟူ၍ မှတ်ချက်ချမိပြန် ပါသည်။

ကျွန်မ၏ အယူအဆတစ်ခုမှာ 'ဘဝတွင် ကျိန်စာမိသော သူများ၊ ကျိန်စာသင့်သောသူများသည် ကျော်ကြားသော စာရေး ဆရာကောင်းများဖြစ်တတ်သည်'ဟု ယူဆခဲ့မိပါ၏။ သူ ဖွင့်ဟဝန်ခံ ခဲ့သလို သူ ငယ်ငယ်က ရွှေထီးဆောင်းခဲ့ရသောဘဝကိုလည်း သူ ဖော်ပြခဲ့၏။ သူ အလူးအလိမ့် ခံခဲ့ရသောဘဝကိုလည်း ဖော်ပြခဲ့၏။ သူချစ်သောဦးအုန်းခင်၏ အကြောင်းကိုလည်း သူသည် ပွင့်ပွင့် လင်းလင်းပင် ရေးသားခဲ့၏။ ဘယ်သို့ပင်ဆိုစေ ဦးအုန်းခင်ကို သူ တစ်ခါက လှိုက်လှိုက်လှဲလှဲ ချစ်ခဲ့သည်ဆိုသည်ကိုတော့ သူ့ စာ ကြောင်းများ၏နောက်ပိုင်းတွင် ကျွန်မ မြင်ရပါသည်။

သို့သော် ဘဝအကြောင်းပင်တည်း။ ရေစက်ကုန်သော အခါ သူတို့နှစ်ယောက် ပြန်လည် မတွေ့ဆုံကြတော့ပြီ။ တချို့က စာရေးဆရာအချင်းချင်း ရင်းနှီးသည်ထင်၍ ဒေါ်ဒဂုန်ခင်ခင်လေး

နေထိုင်ရာကို ကျွန်မအားမေးသောအခါ ကျွန်မ လုံးဝမသိ။ ဘာသာရေးကိစ္စတစ်ခုနှင့် ကျွန်မ ကိုယ်တိုင်တွေ့လို၍ပင် ကြိုးစားမိသေးသည်။ သူ့ကိုမတွေ့ပါ။

'သည်ခင်ခင် ပူသရွှေကိုတော့ လူအတွေ့ ကြောက်တယ်' ဟူသောတေးထပ်လိုပင် ဒေါ်ဒဂုန်ခင်ခင်လေးသည် ဤလူတို့ ပတ်ဝန်းကျင်မှ ဖယ်ခွာ၍သွားလေပြီလော ကျွန်မ မသိပါပေ။

ဘယ်လိုပင်ပြောပြော သူ့ချစ်သူ ဦးအုန်းခင်မှာ ပင်ကိုစာရိတ္တကောင်းသည် မကောင်းသည် ကျွန်မ မသိပေ။ ကျော်ကြား၍ အောင်မြင်သော သတင်းစာဆရာတစ်ယောက် မြန်မာပြည်၌ ဖြစ်ခဲ့သည်ကိုတော့ ကျွန်မတို့ ဝန်ခံရမည်။ သူ၏ ထက်မြက်သော ကလောင်၏ရဲဝံ့ခြင်း၊ပြောင်မြောက်ခြင်း၊ စကားလုံး အရွေးကောင်းခြင်းများအတွက် စာပေရှုထောင့်မှကြည့်လျှင်တော့ ဦးအုန်းခင်သည် အောင်မြင်သော သတင်းစာဆရာတစ်ယောက် ဖြစ်ခဲ့၏။ သူတို့၏ ကိုယ်ရေးကိုယ်တာကိုတော့ ကျွန်မ မသိခဲ့ပါ။

သို့သော် ဒေါ်ဒဂုန်ခင်ခင်လေးသည် သူ့ချစ်သူအကြောင်း ရေးရာ၌ စာဖတ်သူစိတ်တွင် 'အချစ်ကံမကောင်းခဲ့သူ' ဟူ၍ ထင်မြင်လာခဲ့ရပေသည်။ အိမ်ထောင်ရေးက မကောင်းခဲ့ပါပေ။

ထို့အတူ ဂျာနယ်ကျော်မမလေး၏ သူလိုလူဝတ္ထုကို ကျွန်မ ဖတ်ခဲ့၏။ သူက ထိုဝတ္ထုကို သူ အသက်ငယ်ရွယ်စဉ်ကပင် ရေးခဲ့၏။ ဂျာနယ်ကျော်မမလေးသည် အသက် ၂၈ နှစ်ကပင် ခင်ပွန်းသည် ကွယ်လွန်ခဲ့၏။ သူနှင့်တော့ ဒေါ်ဒဂုန်ခင်ခင်လေးထက် ပို၍ ရင်းနှီးသည်ဟု ဆိုရပေမည်။ ကျွန်မ၏အစ်မကြီးတစ်ယောက်ဖြစ်ခဲ့သူ တခြား (ဒေါ်မမလေး)နှင့် ပတ်သက်၍ ဆက်ဆံရာမှ ဂျာနယ်ကျော် မမလေးအကြောင်း အတွင်းအပြင် အတော်လေး သိရှိခဲ့ရပါသည်။

သူ့ဝတ္ထုများကို ဂျာနယ်ကျော်တွင်ဖတ်ရစဉ်က ကျွန်မ ဆံရစ်ဝိုင်းနှင့် မဟုတ်တော့ပြီ။ ဆံတောက်နှင့် အပျိုပေါက်ဘဝကို ရောက်ခဲ့ပြီ။ ဂျပန်ခေတ်တွင်လည်း 'သူမ'နှင့် တခြားဝတ္ထုတိုများကို

ဖတ်ခဲ့ရ၏။

သူသည်လည်း ဘဝတွင် ‘ငယ်ငယ်က ရွှေထီးဆောင်းခဲ့ရသည့်အဖြစ်လည်း ရှိခဲ့သည်။ ရွှေဘုံပေါ်တစ်လှည့်၊ ပလက်ဖောင်းတစ်လှည့်ဆိုသလို’သူ၏ ကြင်သူမဲ့ခဲ့သောဘဝကလည်း အတော်အထိ နာခဲ့သည်။

ကျွန်မ အထက်ကဖော်ပြခဲ့သည့်အတိုင်း သူသည်လည်း ‘ဘဝကျိန်စာသင့်လာခဲ့သူ၊ ဘဝကျိန်စာမိခြင်းခံခဲ့ရသူ’ ဖြစ်၍ ကျော်ကြားသော စာရေးဆရာမကြီးတစ်ယောက်ဖြစ်လာသည်ဟု ကျွန်မ တွေးထင်ယူဆမိသည်။

သူ့ဘဝကျပြန်တော့လည်း ‘ဦးချစ်မောင်’ ဆိုသည့်သူမှာ သူလိုလူ ဝတ္ထုရေးထိုက်လောက်အောင်ပင် တော်သောလူတော်လူကောင်းတစ်ယောက်၊ အောင်မြင်သော စာရေးဆရာတစ်ယောက်၊ တိုင်းပြည်ကို ခေါင်းဆောင်နိုင်သော သတင်းစာဆရာတစ်ယောက်ဖြစ်ခဲ့သည်ကို ကျွန်မ အထူးဖော်ပြဖို့ မလိုတော့ပါ။ မြန်မာတစ်ပြည်လုံး သိရှိပြီးဖြစ်သည်။ လူတော်လူကောင်းနှင့် လက်ထပ်ပြန်ပါတော့လည်း ဘဝက ဘယ်လိုဖန်သည်မသိ။ ဂျာနယ်ကျော်မမလေးသည် သူ့ချစ်သူကို ကြာရှည်စွာ မပေါင်းလိုက်ရပေ။ ဗေဒင်စကာလုံးနှင့် ရေးရလျှင် ဤစာရေးဆရာမကြီးနှစ်ယောက်စလုံးတွင် အင်္ဂါဂြိုဟ်ရပ်တည်နေပုံသည် မကောင်း ဆိုရမည်။ သူတို့ဇာတာကိုတော့ ကျွန်မ မသိပါ။

သူတို့နှစ်ယောက်သည် ‘သူတို့၏ချစ်သူများ’အကြောင်းကို ရေးသား၍ ပြီးခဲ့ကြပေပြီ။ သူတို့၏ ချစ်သူများသည်လည်း ပြောင်မြောက်သော စာရေးဆရာများ၊ အောင်မြင်သော သတင်းစာဆရာများ ဖြစ်ခဲ့ကြ၏။

ဤစာရေးဆရာမကြီးနှစ်ယောက် ကိုယ်တိုင်ကလည်း မိမိတို့ ပုံနှိပ်တိုက်အပိုင်နှင့် မိမိတို့ကိုယ်တိုင် သတင်းစာများ ဦးစီးထုတ်ဝေနိုင်ခဲ့သောသတ္တိ၊ အရည်အချင်းရှိသူများဖြစ်ခဲ့၍ သူတို့ ထုတ်ဝေ

ချင်သော စာအုပ်များကိုလည်း လျှင်လျှင်မြန်မြန် ထုတ်ဝေနိုင်ခဲ့ကြ သည်ဟု ထင်ပါသည်။

ကျွန်မကတော့ ဖဆပလ ပြန်ကြားရေးဌာနတွင် အလုပ် လုပ်စဉ်ကတည်းက အတွင်းရေးမှူးများက ပုံနှိပ်တိုက်ကို ဆင်းကြည့် ခိုင်း၏။ 'ရှိခိုးပါရဲ့၊ ပုံနှိပ်တိုက်အလုပ်ကို ဝါသနာပါသွားမှာစိုးလို့ မကြည့်ပါရစေနဲ့' ဟု တောင်းပန်ခဲ့၏။

လွန်ခဲ့သော ငါးနှစ်ခန့်ကလည်း ကျွန်မ၏ခင်ပွန်းက 'ကို ပင်စင်ယူသွားလို့ပဲဖြစ်ဖြစ်၊ ကိုယ်သေသွားရင်ပဲဖြစ်ဖြစ်၊ မိချို အခြေ တကျ ဖြစ်အောင် ပုံနှိပ်စက်ထောင်မလား'ဟု ဇနီးသည်၏ နောင် ရေးကို စိုးရိမ်၍ မေးခဲ့ပါသည်။

'ရှိခိုးပါရဲ့၊ စီးပွားရေးဆန်သွားမယ့်အလုပ်၊ စီးပွားရေးစိတ် ဝင်သွားမယ့်အလုပ်ဆိုရင် ဘာမှ မလုပ်ပါရစေနဲ့။ ကိုယ့်ဘာသာ ကိုယ်ပဲ အေးအေးနေပါရစေ။ အစ်ကိုကြီး ဝါသနာပါလို့ ပင်စင်ယူတဲ့ အခါ ပုံနှိပ်စက်ထောင်ချင်ရင်တောင် ဒီခြံဝင်းထဲမှာတော့ မလုပ် ပါနဲ့' ဟူ၍ ကျွန်မ တောင်းပန်ခဲ့သည်။

ကျွန်မသည် 'ကျွန်မ၏ချစ်သူများ' စာအုပ်ကိုလွန်ခဲ့သော ငါးနှစ်ကတည်းက ရေးရန်ရည်မှန်းထားခဲ့၏။ သို့သော် အခြေအနေ က မပေးခဲ့။

'များ'ဟူသော ဗဟုဝုစ်ကိန်းကိုဖြုတ်၍ 'ကျွန်မ၏ချစ်သူ' ဟူသော ဧကဝုစ်အဖြစ် တစ်ယောက်တည်းသော သူ့အကြောင်းကို ရေးမည်ကြံခဲ့ပါသော်လည်း ကျန်းမာရေးချို့တဲ့မှုကြောင့် အခွင့် မသာခဲ့ပါပေ။ ဒေါ်ခင်ခင်လေးလို နှစ်ပေါင်းခြောက်ဆယ် စာအုပ် မျိုး ရေးခွင့်ရအောင် အသက်က ရှည်ချင်မှရှည်မည်။ အဋ္ဌသူဝေး၀၊ ပရသူဝေး၀ ဆိုသလို ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရားကလည်း ကျရောက်လာတတ်၏။

'သို့ကြောင့်ပင် တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့မတုံး'ဟူသော ဖွဲ့နှင့် တစ်နေ့တစ်ရွက်တော့ ရေးရပေမည်။

ဒီလိုရေးပြန်တော့ မေးစရာရှိသည်။ 'ဒေါ်ခင်နှင်းယုရဲ့၊ ခင်ဗျားရဲ့ချစ်သူ(ဝါ) "ကျွန်မ၏ချစ်သူ"က ဒေါ်ဒဂုန်ခင်ခင်လေးတို့၊ ဂျာနယ်ကျော်မမလေးတို့ရဲ့ ချစ်သူတွေလို ပြောင်မြောက်အောင်မြင်တဲ့ သတင်းစာဆရာကြီးလား၊ တိုင်းပြည်ကို ခေါင်းဆောင်နိုင်တဲ့ စာရေးဆရာကြီးများလား၊ ဒါမှမဟုတ်လည်း ကျောက်တိုင်စိုက် ကမ္ပည်းထိုးရမယ့် အာဇာနည် တပ်မတော်သားကြီးများလား'ဟု မေးကောင်းမေးကြပေမည်။

မဟုတ်ပါ။ သို့သော် 'ကျွန်မ၏ချစ်သူ'မှာ. . .

*　　　*　　　*

အဏ္ဏဝါရှင်၊ အိုသခင်ငဲ့
သခင့်အင်အား၊ ကြီးမားပျံ့ကျယ်၊ အံ့ဩဖွယ်တည့်။
ကျွန်းကိုရစ်ဝိုင်း၊ ရေငန်လှိုင်းလည်း
အတိုင်းမသိ၊ မျှော်ကြည့်မဆုံး၊ မိုးစပ်ကုန်းသို့
ထိဖုံးအသွင်၊ အကျွန်မြင်၏။
အကျွန့်တွက်မူ
သက်ဆက်ကြည်လင်၊ မှီခိုရှင်ကား
ငယ်ပင်ငယ်စွ၊ ဤကျွန်းမ၏
ချမ်းမြသန့်ရှင်း၊ ရေချိုတွင်းတည့် ။　　။

ခင်နှင်းယု

# ကျွန်မ၏ချစ်သူ

## အခန်း (၁)

### ပါရမီဖြည့်စမို့

၁၃၃၀ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည်။

ကျွန်မတို့ခြံထဲ၌ ပိတောက်ပန်းတို့သည် ယခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် စောစီးစွာ ပွင့်ခဲ့ပြီးပေပြီ။ ယခု နောက်ဆုံးတစ်ကြိမ်ပွင့်ခြင်းမှာ ညကရွာသောမိုးနှင့် ပွင့်ခြင်းဖြစ်၏။

မိုးသက်လေသည် နံနက်စောစောတွင်အေးမြနေ၍ တစ်ခြံလုံးသည်လည်း ပိတောက်ရနံ့ဖြင့် သင်းနေ၏။ ထိုနေ့က ခြံထဲတွင် ကံ့ကော်ကလည်း အခိုင်တိုင်းတွင် ညွတ်အိ၍ မြေသို့ကျမတတ် တွဲရရွဲ ပွင့်နေကြသည်။

ဩော်. . . ပန်းတို့ အထူးတလည် ပွင့်သောနေ့ပါတကား။

နံနက်စောစော ဘုရားဆောင်တွင် ကျွန်မ၏ နေ့စဉ်လုပ်နေကျ ပန်းလဲ၊ သောက်တော်ရေကပ်၊ ဆွမ်းကပ် စသောကိစ္စများကား ပြီးပေပြီ။ နောက်ဆုံးပရိတ်များပင် ရွတ်ဖတ်ပြီး၍ မေတ္တာပို့ အမျှဝေခဲ့၏။ ဘုရားဆောင်အဝမှ ဝင်းဝါသော ပိတောက်ပွင့်များရှိရာသို့ မျှော်ကြည့်နေမိ၏။

ဝတ်လွှာဖြူဝိုင်းရံကာ အဝါဝတ်ဆံများဖြင့် သင်းနေသော ပန်းကံ့ကော်တို့ကလည်း သူတို့ကိုပါ ကြည့်စေလိုဟန် လည်တိုင်မော့မော့နှင့် နံနက်လေတွင် ခပ်ကြော့ကြော့နေပုံသည် နှစ်ဆန်းတစ်ရက်နေ့၏မင်္ဂလာကို တန်ဆာဆင်နေကြပုံရသည်။

ကိုက်နှစ်ဆယ်မျှဝေးသော ကျွန်မ၏တိုက်အဝါလေးသည်

လည်း နံနက်ခင်းတွင်ငြိမ်သက်နေသည်။ ကျွန်မ၏ဘုရားဆောင်မှာတော့ အထူးငြိမ်သက်နေသည်။

ကျွန်မသည် တိုက်ငယ်ဘက်သို့ ပန်းများဆီမှ မျက်လွှာရုပ်ကာ မျှော်ကြည့်နေမိပြန်သည်။

ကျွန်မ မျှော်လင့်နေသူသည် ဘုရားဆောင်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာ၏။ ဝိပဿနာအမှတ်တရားဖြင့် လှမ်းလာသော သူ့ခြေလှမ်းသည် အထူးသဖြင့် သိမ်မွေ့ညင်သာသည်။

သူကား ကျွန်မ၏ ချစ်သူတည်း။ သကြင်္န်ရက်အတွင်းသာမက၊ ကိုးပါးသီလကို နှစ်ဆန်းတစ်ရက်နေ့အထိ ဆောက်တည်နေဆဲဖြစ်၏။ ကျွန်မသည်လည်း ဥပုသ်မှ မထွက်သေး။

သူ ဘုရားဆောင်လှေကားသို့ တစ်လှမ်းချင်းတက်လာသောအခါ ကျွန်မသည် ဘုရားဆောင်ဖိနပ်ချွတ်မှ အသာအယာပင် ဘုရားဆောင် အတွင်းသို့ဝင်ကာ သူ့ကို ခေါင်းရင်းဘက်သင်ဖြူးပေါ်၌ နေရာပေးလိုက်ပါသည်။

ကျွန်မကတော့ သူ့ရှေ့တည့်တည့် ကြမ်းပြင်ပေါ်တွင်ပင် ညင်သာစွာ ထိုင်လိုက်၏။ ကျွန်မတို့နှစ်ဦးစလုံး စောင့်ထိန်းထားသော သီလများမှာ ရိုးရိုးကိုးပါးသီလ ဖြစ်သော်လည်း ဝိပဿနာကိုပါ ရှုမှတ်ပွားများနေရ၍ ကျွန်မတို့ လှုပ်ရှားမှုများသည် အမှတ်တရားနှင့် မကင်းသောကြောင့် ညင်သာနေကြခြင်းဖြစ်သည်။

ကျွန်မရှေ့တွင် သူ တင်ပျဉ်ခွေ၍ ထိုင်ချလိုက်သောအခါ ကျွန်မ သူ့ကိုလက်အုပ်ချီ၍ ရှိခိုးလိုက်၏။ သူသည် ကျွန်မဟန်ကို အံ့သြနေလေသလား၊ ကျွန်မပြောမည့်စကားကို မျှော်လင့်နေသလား၊သူ့ဟန်ပန်ကို ကျွန်မ မသိပေ။ အဘယ်ကြောင့်ဆိုသော် လက်နှစ်ဖက်ကိုယှက်၍ မျက်လွှာချထားကာ ကျွန်မသည် သူ့ မျက်နှာကို လုံးဝမကြည့်သောကြောင့်ပါပင်တည်း။

ကျွန်မပြောချင်သော စကားကိုစတင်၍ ကျွန်မပြောသောအခါ ကျွန်မ၏အသံကို တုန်တုန်ယင်ယင် မဖြစ်အောင်၊ အထူး

လည်း နံနက်ခင်းတွင်ငြိမ်သက်နေသည်။ ကျွန်မ၏ဘုရားဆောင်မှာ တော့ အထူးငြိမ်သက်နေသည်။

ကျွန်မသည် တိုက်ငယ်ဘက်သို့ ပန်းများဆီမှ မျက်လွှာ ရုပ်ကာ မျှော်ကြည့်နေမိပြန်သည်။

ကျွန်မ မျှော်လင့်နေသူသည် ဘုရားဆောင်ရှိရာသို့ ဖြည်း ညင်းစွာ လျှောက်လာ၏။ ဝိပဿနာအမှတ်တရားဖြင့် လှမ်းလာ သော သူ့ခြေလှမ်းသည် အထူးသဖြင့် သိမ်မွေ့ညင်သာသည်။

သူကား ကျွန်မ၏ ချစ်သူတည်း။ သင်္ကြန်ရက်အတွင်းသာ မက၊ ကိုးပါးသီလကို နှစ်ဆန်းတစ်ရက်နေ့အထိ ဆောက်တည်နေ ဆဲဖြစ်၏။ ကျွန်မသည်လည်း ဥပုသ်မှ မထွက်သေး။

သူ ဘုရားဆောင်လှေကားသို့ တစ်လှမ်းချင်းတက်လာ သောအခါ ကျွန်မသည် ဘုရားဆောင်ဖိနပ်ချွတ်မှ အသာအယာပင် ဘုရားဆောင် အတွင်းသို့ဝင်ကာ သူ့ကို ခေါင်းရင်းဘက်သင်ဖြူး ပေါ်၌ နေရာပေးလိုက်ပါသည်။

ကျွန်မကတော့ သူ့ရှေ့တည့်တည့် ကြမ်းပြင်ပေါ်တွင်ပင် ညင်သာစွာ ထိုင်လိုက်၏။ ကျွန်မတို့နှစ်ဦးစလုံး စောင့်ထိန်းထား သော သီလများမှာ ရိုးရိုးကိုးပါးသီလ ဖြစ်သော်လည်း ဝိပဿနာ ကိုပါ ရှုမှတ်ပွားများနေရ၍ ကျွန်မတို့ လှုပ်ရှားမှုများသည် အမှတ် တရားနှင့် မကင်းသောကြောင့် ညင်သာနေကြခြင်းဖြစ်သည်။

ကျွန်မရှေ့တွင် သူ တင်ပျဉ်ခွေ၍ ထိုင်ချလိုက်သောအခါ ကျွန်မ သူ့ကိုလက်အုပ်ချီ၍ ရှိခိုးလိုက်၏။ သူသည် ကျွန်မဟန်ကို အံ့ဩနေလေသလား၊ ကျွန်မပြောမည့်စကားကို မျှော်လင့်နေသ လား၊သူ့ဟန်ပန်ကို ကျွန်မ မသိပေ။ အဘယ်ကြောင့်ဆိုသော် လက် နှစ်ဖက်ကိုယှက်၍ မျက်လွှာချထားကာ ကျွန်မသည် သူ့ မျက်နှာ ကို လုံးဝမကြည့်သောကြောင့်ပါပင်တည်း။

ကျွန်မပြောချင်သော စကားကိုစတင်၍ ကျွန်မပြောသော အခါ ကျွန်မ၏အသံကို တုန်တုန်ယင်ယင် မဖြစ်အောင်၊ အထူး

သဖြင့် တည်ငြိမ်အောင် ကျွန်မ အတော်ထိန်းသိမ်းထားရ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မရင်ထဲတွင် တုန်လှုပ်နေသောကြောင့် ဖြစ်ပါသည်။

"ခါတိုင်း နှစ်တွေဆိုရင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို ရောက်တိုင်း ကိုကြီးက လာမယ့်နှစ်မှာလုပ်မယ့် အဓိဋ္ဌာန်ချမှတ်ချက်ကို ပြောပြလေ့ရှိတယ်။ တစ်ရပ်ဝေးမှာ တစ်ယောက်နဲ့တစ်ယောက် ခွဲခွာနေရတာတောင် "အချို ဒီနှစ်မှာ ပြီးအောင်ဘာကို လုပ်ရမယ်၊ ကိုကြီးအတွက်ကတော့ ဘာအဓိဋ္ဌာန်ကို လုပ်ရမယ်" ဆိုတာ သတ်မှတ်ထားတယ်ဆိုတာ အချို့ဆီ စာရေးပို့တယ်။

ဒီနှစ်ကတော့ အချိုကပဲ အချိုသတ်မှတ်ထားတဲ့အဓိဋ္ဌာန်ကို ပြောပါရစေ၊ တောင်းဆိုပါရစေဆိုရင် ပိုပြီးမှန်မှာပေါ့"

"ဘာကို အဓိဋ္ဌာန်ပြုထားလို့လဲ"

"အချိုနဲ့ကိုကြီးဟာ လွန်ခဲ့တဲ့သုံးနှစ်ကစပြီး ဝါတွင်းသုံးလပတ်လုံး အဖြဟ္မစရိယပုဒ်ကို စောင့်ထိန်းပါ့မယ်ဆိုပြီး နှစ်ဦးသဘောတူ ဝါဆိုလပြည့်နေ့မှာ သီလယူပြီး အဓိဋ္ဌာန်ပြုခဲ့ကြတာ သတိရမှာပေါ့။ ဒီအဓိဋ္ဌာန်ကို မကျိုးမပေါက်အောင် စောင့်ရှောက်ခဲ့ကြတယ်။ ဒီနှစ်တော့ ဝါဆိုဦး လပြည့်ထိ မစောင့်ချင်ဘူး။ တတ်နိုင်ရင် ဒီနှစ်နှစ်ဆန်းတစ်ရက်နေ့ကစပြီး ဝါကျွတ်သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့အထိ အဖြဟ္မစရိယပုဒ်ကို အချို စောင့်ထိန်းခွင့်ပြုပါ။ ဒီသီလကို စောင့်ထိန်းခွင့်ရအောင် ကာမပိုင်ဖြစ်တဲ့ ကိုကြီးဆီမှာ အချိုက တောင်းဆိုရတော့ အချို့ဘက်က တရားမျှတမှုရှိဖို့လိုတယ်ဆိုတာ အချို နားလည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာမေသုမိစ္ဆာစာရကံဟာ ကံငါးပါးအပါအဝင် များသောအားဖြင့် စောင့်ထိန်းနိုင်တဲ့ ယောကျ်ားတွေအများအပြားရှိခဲ့ပါတယ်။ အဖြဟ္မစရိယပုဒ်ဆိုတာကတော့ ကိုယ့်သားမယားအပေါ်မှာတောင် စောင့်ထိန်းရရုံမက မမြတ်သော အကျင့်ဟူသရွေ့ အားလုံးကို ရှောင်ကြဉ်ရမှာကိုး။ ဒီတော့ အရိယာနွယ်ဝင် သူတော်စင်တွေကလွဲလို့ ဒီသီလကို

စောင့်ထိန်းဖို့မလွယ်ဘူး။ အထူးသဖြင့် မိန်းမထက် ယောကျ်ားတွေမှာ ပိုပြီးခက်တယ်။ ဒီတော့ အချို ပြောချင်တာက အချို့ကိုသာ စောင့်ထိန်းခွင့်ပြုပါ။ ကိုကြီးအနေနဲ့ စိတ်သဘောထားချင်းတူမျှတဲ့ ဘယ်မိန်းကလေးကိုမဆို ကိုကြီးဆက်ဆံနိုင်ပါတယ်လို့ အချို ဒါပဲ ပြောချင်ပါတယ်"

ကျွန်မသည် စကားလုံးဆုံးတော့လည်း သူ့ကို မော်မကြည့်ပါ။ မျက်လွှာကို ချမြဲချထား၏။ သူ့ထံက ကြားရမည့်စကားသံကို နားထောင်နေ၏။

"အချိုတောင် စောင့်ထိန်းနိုင်သေးတာ၊ ကိုကြီးက ဘာလို့ မထိန်းနိုင်ရမှာလဲ။ ကိုကြီးလဲ အချိုနဲ့အတူတူပဲ၊ ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့က စပြီး သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့အထိ စောင့်ထိန်းပါ့မယ်"

သူသည် ဒါပဲပြော၍ ဘုရားဆောင်မှထွက်သွားပါသည်။ ကျွန်မသည် မျက်စိကိုစုံမှိတ်၍ ရင်ထဲမှ သာဓုခေါ်ပါသော်လည်း မျက်လုံးများမှ မျက်ရည်များ ဖြည်းညင်းစွာ ကျလာကြ၏။ ဤမျက်ရည်များက ကျွန်မ စိတ်ရင်းကို တီးတိုးစွာ ပြောပြနေကြ၏။ "ကိလေသာ ကာမဂုဏ်ဆိုတဲ့ ဆန္ဒအာသာကို ပြတ်တောက်နိုင်တယ်ထားဦး၊ မင်း ရည်မှန်းထားသလို မင်း သူ့ကို စွန့်မပြေးနိုင်သေးဘူး" ဟူ၍ ပြောပြနေသလိုပင် ထင်ပါသည်။

ဤနေရာ၌ တကယ်တော့ ကျွန်မသည် ဇနက္ကမင်းသား တောသို့ ဝင်သောအခန်းလို မြက်ပင်ကို ဖြတ်ပြ၍ တောသို့ဝင်သွားချင်၏။ ငယ်ငယ်က ဇာတ်ကြီးဆယ်ဘွဲ့ကို ဖတ်ရ သင်ရသောအခါ ပါရမီရှင်ဖြစ်သော အလောင်းတော်ဇနက္ကမင်းသားသည် ခုနစ်ဆင့်သော နန်းဘုံပျံမှ ဆင်းသက်၍ တောသို့ထွက်၏။ သီဝလိဒေဝီသည် နောက်မှ ထက်ကြပ်လိုက်၏။ ခိုးသားသူပုန်တို့က ဇနက္ကမင်းသား နန်းကို စွန့်ထွက်သွားပြီ ကြားသောကြောင့် ခြားနားပုန်ကန်၍ မြို့တော်ကို ဝင်စီးလေဟန် ပရိယာယ်သုံးပြ၍လည်း တောထွက်

ခြင်းကို တားမြစ်ခဲ့၏။ အလောင်းတော်သည် မတုန်လှုပ်။ သူ့နောက်ကို ထက်ကြပ်လိုက်၍ ပရိဒေဝသောကမီး တောက်လောင်ကာ ကြင်ဖက်တော် မင်းကြီးနောက်သို့ အစဉ်တစိုက်လိုက်လာသော မိဖုရားသီဝလိဒေဝီအား လမ်းအစဉ်တွင် အမျိုးမျိုးတရားပြလာ၏။

နောက်ဆုံးတော့ တောသို့ဝင်ခါနီးတွင်မူ အလောင်းတော်သည် စကားကိုမဆို၊ မြေပေါ်မှပေါက်သော မြက်ပင်ကို ရွှေလက်တော်ဖြင့် ဖြတ်ကာ သီဝလိဒေဝီအား ပေး၏။ မြက်ပင်ကို ပင်ရင်းမြက်ပင်နှင့် ဆက်ခိုင်း၏။ သီဝလိဒေဝီသည် မိန်းမမြတ်တည်း။ ပညာအရာလည်း ထက်မြက်၏။ သိမြင်နှံ့စပ်သော ဉာဏ်လည်းရှိ၏။ ထို့ကြောင့်ပင် ခမည်းတော် နတ်ရွာစံပြီးနောက် ထီးနန်းရိုက်ရာကို ခံစားထိုက်သော မင်းလောင်းမင်းလျာ မပေါ်မချင်း၊ မိမိကိုယ်ကိုယ် ကောင်းစွာဆောက်တည်၍ ထီးနန်းကို ထိန်းသိမ်းနိုင်သော မိန်းမမြတ်ဖြစ်၏။

ဤမြက်ပင်အပြတ်ကို အလောင်းတော်ဆက်ခိုင်းကတည်းက ဘာကိုဆိုလိုသည်ကို သိပြီးဖြစ်သော သီဝလိဒေဝီသည် မဖြတ်နိုင်သော သံယောဇဉ်သောက မီးအရှိန်ဟပ်ကာ မြေသို့ပင် လဲ၍ကျ၏။ အလောင်းတော်သည် တစ်ယောက်သွားသာရုံလမ်းဖြင့် တောသို့ဝင်၏။

အလောင်းတော်ကား လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပါသော ပါရမီရှင်ကြီးသာတည်း။

ကျွန်မကား ယခုမှ "ပါရမီဖြည့်စ"နိဗ္ဗာန်သို့ သွားရာလမ်းသည် ဤတစ်ခုတည်းသာ စင်ကြယ်မြင့်မြတ်သည့် ဝိပဿနာတရားလမ်းကြောင်းသာတည်းဟု မြင်ရုံသာ မြင်စဖြစ်၏။

တစ်နေ့သောအခါတွင် ကျွန်မ၏အနာဂတ်ဝယ် တစ်စုံတစ်ယောက်သော ကျွန်မ၏ချစ်သူသည် ဤသို့ပင် (ဝါ) မနှိုင်းကောင်းနှိုင်းကောင်း အလောင်းတော်ဆန်ဆန် မြက်ပင်ကို ဖြတ်ခိုင်းလိမ့်မည်ဟူ၍ ကျွန်မ မတွေးမိခဲ့။

သို့သော် ကျွန်မ၏အတိတ်တို့သည်လည်း ငယ်စဉ်က ထင်မှတ်သလို ဘာမှမဖြစ်ခဲ့။ ပစ္စုပ္ပန်ကလည်း ထိတ်လန့်ဖွယ် သံဝေဂတို့ဖြင့် ပြည့်လျှက်ရှိ၏။ အနာဂတ်ကား ဘာမှမရေရာပါချေ။

မိုးဦးသို့တိုင်လေလျှင် စိမ်းစိုသော မြက်ပင်လေးတို့သည် ခြံဝင်းအတွင်းဝယ် ထွက်ပြူလာကြပေတော့မည်။ ဤမြက်ပင်ကို ကျွန်မ၏ချစ်သူကပင် ဦးစွာ ဖြတ်၍ပြပေမည်လော။

ကျွန်မကပင် ဦးစွာဖြတ်၍ ပြတ်ပြနိုင်မည်လော။

မိုးသက်ရနံ့ကို မှတ်သုံလေတို့ ယူဆောင်၍လာတိုင်း ကျွန်မသည် အားရစွာရှူရှိုက်၍ "ဤမြက်ပင် ဖြတ်ရမည့်" ဇာတ်လမ်းကို အစဉ်တွေးမိ၏။

ဤဇာတ်လမ်းကား အခုမှစသည်မဟုတ်၊ ကြာပင်ကြာလှလေပြီ။ ယခင်ကတော့ ဇာတ်လမ်း၏ကျောရိုးပင်မ (Theme)ခေါ် ရည်ရွယ်ချက်သာ ရှိခဲ့၏။ ယခုတော့ ဇာတ်လမ်းကျောရိုးကလည်း ခိုင်မာလာပြီ။ ဦးတည်ချက် (Object)ကလည်း တည့်မတ်လာပြီ။ (Constructions)ဇာတ်အိမ်ကို တည်ဆောက်ကြသည့် အခက်အလက်(သို့မဟုတ်)ထုပ်လျှောက်ဒိုင်းမြားစုံလင်စွာနှင့် တည်ဆောက်လာခဲ့ပေပြီ။ (Climax) မြက်ပင်ကိုဖြတ်ရမည့် ဇာတ်သိမ်းခန်းတွင်မှ ကျွန်မ၏ချစ်သူနှင့် ကျွန်မတို့၏ နှလုံးသားတို့သည် တုန်လှုပ်နေကြသည်။ မြက်ပင်ကို ဖြတ်ရန်အလို့ငှာ လှမ်းကိုင်ကြမည့် လက်တို့သည်လည်း လှုပ်ရှားမှုကို နှေးကွေးနေကြသည်တကား။ မြက်ပင်ရှိရာသို့ သွားရမည့် ခြေလှမ်းကလည်း လှမ်းမည်ကြံတိုင်း နှစ်ဦးစလုံး နှေးကွေးနေကြသည်။

ထို့ကြောင့်ပင် ပထမခြေလှမ်းအဖြစ် အပြဟ္ဂစရိယပုဒ်ကို ဝါတွင်းသုံးလ ဆောက်တည်ကြည့်ကြ၏။ ဤ ပထမခြေလှမ်းကား ချောမောပြေပြစ်စွာ လှမ်း၍ရခဲ့ကြ၏။ ဒုတိယ အပြဟ္ဂစရိယပုဒ်ကို နှစ်ဆန်းတစ်ရက်နေ့မှသည် ဝါကျွတ်သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့အထိ ခြောက်လတိုင်တိုင် စောင့်ထိန်းခြင်းဖြင့် ဒုတိယ

ခြေလှမ်းကို နှစ်ယောက်တူပြိုင်လှမ်း၍ ကြည့်ကြသည်။ ဒုတိယခြေလှမ်းကို လှမ်း၍ရခဲ့ပြီ။

တစ်ခုသော မုတ်သုံဦးတွင် တစ်နွေလုံး အိပ်ပျော်ရာမှ နိုးလာမည့် ဉ်မြက်နုစိမ်းကို ပြတ်အောင်ဖြတ်ရာ၌ သူ့လက်နှင့် ကျွန်မ၏လက်။

ဩော်. . မည်သူ့လက်သည် အလျင်သွက်လက်စွာ မြက်ပင်ငယ်ကို ထိတွေ့မည်ကို မပြောနိုင်ပေ။

ကျွန်မ၏ရင်ထဲတွင်မူ မြက်ပင်ငယ်အားဖြတ်ရမည့် ဇာတ်လမ်းကိုခင်းမည်ဟု ကြံစည်ခဲ့သည်မှာ ယခုမှ မဟုတ်ပါပေ။

၁၉၅၇ ခုနှစ်၊ မေလ၏နောက်ဆုံးပတ်တွင် ကျွန်မ အိန္ဒိယမှပြန်လာခဲ့၏။ ကျွန်မ၏အဆုတ်တွင် တွေ့ရသောအစက်မှာ တီဘီပိုးဝင်ခဲ့ရုံသာဖြစ်၍ ကြိုတင် ကုသကာကွယ်မှုကြောင့် ရန်ကုန်ဆေးရုံကြီးမှာ အနားယူကတည်းကပင် အနာမှာကျက်နေပြီဟူ၍ အိန္ဒိယကဆရာဝန်က ပြောပြပါသည်။

သို့သော် ကျွန်မ၏ အရပ်ငါးပေနှစ်လက်မ၊ (၅-ပေ၊၂-လက်မ)နှင့်စာလျှင် ကျွန်မ ကိုယ်အလေးချိန်မှာ ပေါင်ကိုးဆယ်(၉၀) မပြည့်၍ အိန္ဒိယတွင်လည်း သုံးလတိုင်တိုင် အိပ်ရာပေါ်တွင် အနားယူ၍ စမ်းသပ်စစ်ဆေးမှုကို ခံယူခဲ့ပါသည်။

မြန်မာပြည် ပြန်ရောက်လျှင်လည်း အလုပ်မဝင်သေးဘဲ အေးချမ်းစွာနားနေရန် ဒေါက်တာဂျက်ဇူဒင်က အကြံဉာဏ်ပေးလိုက်ပါသည်။

အစ်ကိုကြီးကလည်း စာထဲမှာရေးထား၏။

*အချို. . . .*

*ငွန်လဆန်းမှာ ကိုကြီး ကလောစစ်တက္ကသိုလ်ကို ဝင်လတက်ရမယ်။ အချို မေလနောက်ဆုံးပတ်မှာ ရန်ကုန်ရောက်အောင် ပြန်ခဲ့ပါ။ ကိုကြီး ဒီက အားလုံးစီစဉ်ထား*

*မယ်။ ဇွန်လဆန်းမှာ ကလောကို တို့များအတူတူသွား မယ်။ ကိုကြီး စစ်တက္ကသိုလ်တက်နေတုန်း အချို အေး အေးဆေးဆေး အနားယူနိုင်တာပေါ့။*

*ကလောဟာ အေးချမ်းပြီး လှပတဲ့မြို့လေးမို့ အချို နှစ်သက်လိမ့်မယ်လို့ ထင်တယ်။*

*နောင်ကိုလည်း အချို့ကို ဘယ်နေရာမှ ခွဲပြီး မထားရစ်ခဲ့ပါဘူး။ ကိုကြီးနှင့်အတူ ခေါ်သွားတော့မယ်။*

*ချစ်ဇနီးကြီး ကျန်းမာချမ်းသာပါစေ။*

*ကျော်သောင်း*

သူ့စာကိုဖတ်ရချိန်တွင် အာရောဂျ်ရှိ အိမ်လေးရှေ့ဝယ် တမာပန်းများ ပွင့်နေဆဲဖြစ်၏။

တမာပန်းရနံ့သည် အေးမြသင်းပျံ့နေ၏။ ကြွေသောပွင့် ဟောင်းတို့မှာ နွေနှောင်းလေကြောင့် မြေပေါ်တွင် ဖွေး၍နေကြ ၏။

ကျွန်မ သူ့စာကိုကိုင်ထားရင်း ရင်ထဲမှာ ခုန်နေ၏။

"သူ ငါ့ကို နားလည်လာပါလိမ့်မယ်နော်"

ခွဲခွာနေရခြင်းများသည် ကျွန်မအတွက် အဆန်းမဟုတ် ပါ။ သို့သော် ယခုတစ်ခါ ခွဲခွာနေရခြင်းမှာ ရောဂါကြောင့် တစ်ဦး တည်း လာရောက်ဆေးကုသနေရခြင်းဖြစ်၏။ အားငယ်လွန်းသည် ဆို၍ သူသည် ကျွန်မထံသို့ ကျွန်မ၏မောင်ဝမ်းကွဲ မောင်မောင် ကြည်ကို ပို့ပေးပါသည်။

အာရောဂျ်အကြောင်းကိုတော့ မွေးဝတ္ထုတွင်ရေးသားပြီး ဖြစ်၍ အကျယ်မရေးလိုတော့ပြီ။

သို့သော် ပြန်ခါနီးလျှင် လူနာတိုင်းလိုလို ဆရာဝန်ကြီးနှင့် တွေ့ဆုံသွားကြစမြဲဖြစ်၏။ မေးလိုသော မေးခွန်းများ မေးကြစမြဲ ဖြစ်၏။

ပြုံး—၈၁ပ

ကျွန်မသည် တခြားမေးခွန်းများ မမေးခင် ဆရာဝန်ကြီး ကို ပထမဆုံး မေးသောမေးခွန်းမှာ. . .

"ကလေးတွေကို တွေ့ရင် ကျွန်မ နမ်းရမလား" ထိုမေးခွန်း ပင် ဖြစ်ပါ၏။ တချို့လူနာများသည် ကိုယ်ချစ်တာ တစ်ခုတည်း ကိုသာ ကြည့်၏။ ကလေးတစ်ယောက်ကို ချစ်စဖွယ်တွေ့ရလျှင် ပက်ပက်စက်စက် နမ်းတတ်ကြသည်။ ကိုယ့်မှာ ကူးစက်တတ်သော ရောဂါရှိလျှင် ကလေးကို ကူးစက်သွားမည်ကို သူတို့ မတွေးကြ ပါပေ။

ဒေါက်တာဂျက်ဇူဒင်က ဟက်ဟက်ပက်ပက်ရယ်မောရင်း . . .

"ကလေးကိုလည်း နမ်းနိုင်တယ်၊ ဘယ်သူနဲ့မဆို စကား ပြောနိုင်တယ်၊ ရယ်နိုင်တယ်၊ မင်းယောကျ်ားနဲ့လဲ အတူစားနိုင် တယ်၊ အတူအိပ်နိုင်တယ်။ တစ်ခုပဲ. . . တီဘီရှိနေသေးတယ်ဆိုတဲ့ ကြောက်စိတ်နဲ့ တီဘီဆေးကိုတော့ ဘယ်သူ့ကျွေးကျွေး မစားပါနဲ့၊ စထရက်တိုမိုင်စင်ကိုလဲ မထိုးနဲ့နော်၊ မင်းနဲ့မတည့်ဘူး"

ဆရာဝန်ကြီး၏ ညွှန်ကြားချက်များကို မှတ်သားခဲ့ရင်း ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

ကျွန်မ ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်လာသော်လည်း မြေပြင်တွင် ကျွန်မအား ကြိုဆိုမည့်သူတို့ကို တစ်ယောက်မှ မတွေ့ပါ ပေ။ ကျွန်မသည် လေဆိပ်မှ အများသုံးတယ်လီဖုန်းကို ကောက်ကိုင် ကာ သူ့ဆီသို့ လှမ်းဆက်လိုက်ပါ၏။

"အချို့. . . စကားပြောနေတယ်"

ဟူ၍သာ ပြောပြီး ရှေ့ဆက်စကားမပြောနိုင်တော့ဘဲ မျက် ရည်တွေသာ တွေတွေကျနေ၏။

"ဟင်. . အချို့ ဘယ်က ပြောနေလဲ၊ ဘာလို့ ကြိုတင်အ ကြောင်းမကြားလဲ၊ အို. . . ငိုနေတယ်ထင်တယ်"

ကျွန်မရှိုက်သံကို တယ်လီဖုန်းထဲတွင် သူ ကြားနေရ၏။

"မဒရပ်ကနေပြီးတော့လဲ သံကြိုးပို့တယ်။ ကာလကတ္တား ဒန်ဒန်လေဆိပ်ကလဲ သံကြိုးရိုက်တယ်။ လေယာဉ်ပျံပေါ်ကနေ တောင် လေယာဉ်မှူးက ဝိုင်ယာလက်နဲ့ပို့ပေးမယ်ဆိုလို့ ရိုးမကို မကျော်ခင် သံကြိုးပို့သေးတယ်။ သံကြိုးခချည်းပဲ တစ်ရာငါးဆယ် ကျော်လောက်ကုန်တယ်"

"အို. . . တစ်စောင်မှမရဘူး။ ကိုကြီး ခုပဲလာမယ်။ လေ ဆိပ်က စောင့်နေ စောင့်နေ"

သူ့ဘက်မှ တယ်လီဖုန်းချသံကြားလိုက်ရ၏။ ကျွန်မထက် ကြိုတင်၍ ဆေးရုံမှ ဆင်းသွားသော်လည်း ဗာရာဏသီဘက်သို့ ဘုရားဖူးသွားသော လူနာဟောင်းများသည်လည်း ကာလကတ္တား တွင် တွေ့ဆုံ၍ ကျွန်မနှင့်လေယာဉ်တစ်စီးတည်း အတူပါလာကြ ၏။ တယ်လီဖုန်းဆက်နေစဉ်အတွင်း ကျွန်မအပါးတွင် သူတို့ ရောက်နေ၍ ကျွန်မငိုနေသည်ကို သူတို့ အံ့သြစွာကြည့်နေကြသည်။

"မခင်ယု ဘာဖြစ်လို့လဲဟင်"

သူတို့က ကလေးဆန်သော ကျွန်မ၏အမူအရာ ို နား မလည်၊ ကျွန်မ စိတ်မချမ်းသာစရာတွေ့၍ဟူ၍ ထင်ပုံရသည်။

"ကျွန်မ သံကြိုးသုံးစောင်ရိုက်တာ တစ်စောင်မှ သူတို့မရ ဘူးတဲ့။ ခုမှပဲ သိလို့ လာကြိုလိမ့်မယ်"

"ဒီလိုဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

သူတို့သည် လာကြိုသော ဆွေမျိုးသားမယားများနှင့် ပျော် ပျော်ရွှင်ရွှင် ပြန်သွားကြ၏။

ကျွန်မ မျက်ရည်များကိုသုတ်၊ ပစ္စည်းများရှိရာသို့ ပြန်ထိုင် လိုက်၏။ နာရီဝက်အတွင်း သူရောက်လာသည်။ ကျွန်မလက်ကိုဆွဲ ၍ သူနှုတ်ဆက်သောအခါ သူ့လက်သည် ပူနွေး၍ ကျွန်မလက်သည် အေးစက်နေ၏။ သူ့မျက်လုံးများသည် ရွှင်ပျတောက်ပ၍ သူ့ဟန်ပန် သည် ပြုံးကြွနေသည်။ ကျွန်မမျက်လုံးမှာတော့ မျက်ရည်စတွေနှင့် . . . .

"တကယ့်ကို ဘာသံကြိုးမှမရဘူး။ ဟင်. . ကလေးလေးကျ နေတာပဲ၊ မျက်ရည်တွေနဲ့. . . "

"ဝမ်းနည်းနေတာကို"

သူ့နောက်ကို ကျွန်မလိုက်သွားပါသည်။ ကားပေါ်အတက် တွင် ကားမှာ ကျွန်မတို့ကား မဟုတ်၊ စစ်ကားတစ်စီး ဖြစ်နေသည် ကို သတိပြုမိ၏။

အိမ်ရောက်လျှင် တစ်အိမ်လုံးဆူညံသွား၏။ သမီးကြီး မိ ကိုလည်း ယခုမှ အားရစွာ နမ်းရှုပ်မိပါသည်။

"ဖေဖေမောင်းက စုမေကိုသွားကြိုတာ မိကိုလဲ မခေါ်ဘူး"

မိသည် မိခင်ကို သူ့ဖခင်နှင့်အတူ ကြိုဆိုလိုဟန် ရှိ၏။ ပါလာသောပစ္စည်းများ နေရာတကျထားပြီးမှ တံခါးခေါက်သံကြား ၍ သွားဖွင့်သောအခါ သံကြိုးသုံးစောင် ရောက်လာတော့သည်။

ကလောသို့အသွားတွင်မူ ကျွန်မတို့နှစ်ယောက်သည် ခုတင်တစ်လုံးနှင့်အတူ စာအုပ်ထည့်သောထင်းရှူးသေတ္တာများနှင့် ဆေးသေတ္တာ၊ စားအိုးသောက်ခွက်လောက်သာ ယူသွား၏။ တခြား အိမ်ထောင်ပရိဘောဂများ မယူပါ။

အိမ်ကထည့်လိုက်သော ကငှလေးမအဖော် ပြန်သွားလျှင် လင်မယားနှစ်ယောက်တည်း နေဖြစ်အောင် အကျဉ်းရုံးစီမံသွားကြ ခြင်းဖြစ်၏။ အိမ်ထောင်ပရိဘောဂဆိုသည်မှာ ခမ်းနားတင့်တယ် အောင် မပြုပြင်နိုင်လျှင် အလွန်ပင်ပန်း၏။

ကျွန်မ ကြိုတင်စာရေးထား၍ ဘဘကြီးဦးထွန်းဖေ (ဂျပ်ဆင်)တို့ ဇနီးမောင်နှံမှာ ဝေဘဲလ်လမ်းတောင်ကုန်းထိပ်ဝယ် ကျွန်မတို့အတွက် အိမ်တစ်လုံးပေး၏။ အိမ်မှာ ဆောင်းတွင်း အတွက် မီးဖိုနှစ်ခုပါ၍ လင်မယားနှစ်ယောက်အနေဖြင့်ဆိုသော် အလွန်ကြီးနေပေသည်။

"ဝါးခယ်မမှာ ဘဘကြီး ငယ်ငယ်ကနေတုန်းက မင်း ဘွားဘွားကြီးက သိပ်ဂရုစိုက်တယ်။ ဒါကြောင့် အခု မင်းတို့လာချိန်

ငါက ဂရုစိုက်ရမယ်ကွဲ့."

သူတို့က ဂရုစိုက်ပါ၏။ တကယ်တော့ ချမ်းအေးသော၊ တိတ်ဆိတ်သော၊ လှပသော်လည်း ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဤကလောမြို့ငယ်၌ ကျွန်မသည် အသက်ရှစ်ဆယ်ကျော်(ကိုးဆယ်)နီးနီးရှိ ဤအဘိုးအိုဇနီးမောင်နှံနှင့် အဖော်လုပ်၍ နေသည် ဆိုလျှင် မမှားပါချေ။

ကျောင်းဖွင့်စ၊ ချမ်းအေးသော ညတစ်ညတွင် ဦးစီး တက္ကသိုလ်သို့ တက်ရောက်သင်ကြားကြသော ကျောင်းသားအရာရှိ ဇနီးများနှင့် ကျောင်းအုပ်ကြီး၊ ကျောင်းဆရာအရာရှိဇနီးများ မိတ်ဆက်ပွဲလုပ်ပါသည်။

အရာရှိကတော်များသည် မိမိတို့ရသော သီချင်းများကို သာယာကြည်နူးစွာ ဆိုပြကြ၏။

ဒုဗိုလ်မှူးကြီး ခင်မောင်ကျော်၏ဇနီးက သီချင်းမဆိုတတ်၍ ဒုဗိုလ်မှူးကြီး ခင်မောင်ကျော်သည် သူ့ဇနီးနှင့်တွဲ၍ မြိုင်ထန့်စ်ပါးသွားအကကို ကပြ၏။

ဗိုလ်မှူးကြီးတင်ဦး (ယခု ဒုကာကွယ်ရေးဦးစီးချုပ်ဗိုလ်မှူးချုပ်တင်ဦး)က. . .

*"တူပျော်ပျော်သွားစို့စမ်းရေအိုင်၊ ဘာသာဘာဝ မြူးပျော်ကြမြိုင် မယ်ညိုငှက်တွေ၊ အောင်တော်ခေါ်သံ ကျူးတယ်၊ ဇော်ပီတိ တက်ဝေလှိုင် တောသီရိကျက်သရေ မြိုင်"* ဆိုသော သီချင်းကို ဆိုပြ၏။

ကျွန်မအလှည့်တွင် ကျွန်မသည် အတိုဆုံး သီချင်းတစ်ပုဒ်ကို ဆိုပြခဲ့၏။

*"ဘဝသံသရာ၊ ရေလှိုင်းခရီးဝဲမှာရှင်၊ မယ့်ကိုလေ ညစ်နွမ်းလွမ်းစေ၊ ပျိုအပြစ်မမြင်၊ လိုက်မှာပဲမေဖြင့် တစ်ယောက်ထဲ ခွဲမနေချင်၊ တစ်သက်လုံးပင် မမုန်းတမ်း အားကိုးချင်"*

ဩော်. . . လွန်ခဲ့သော ဆယ်နှစ်ကျော် ၁၉၅၇ ခုနှစ်၊ အေးမြသော ကလော၏ ညတစ်ညတွင် တွေ့ခဲ့သော မြက်ခင်းလေး တစ်ခုသည် ယခုတော့ ဆောင်း၏အိပ်မက်သဖွယ်သာတည်း။

ဗိုလ်မှူးကြီးတင်ဦးသည်လည်း မည်သည့်သီချင်းကို သီဆို နေပါလိမ့်။

ကျွန်မ၏ရှေ့ဝယ် မြိုင်ထနှစ်ပါးသွားအကကို စုံတွဲကပြရှာ သော ဒုဗိုလ်မှူးကြီး ခင်မောင်ကျော်သည် ကွယ်လွန်ခဲ့ပြီ။ သူ့ချစ် ဇနီးသည် တစ်ကိုယ်တော်ခရီးကိုဆက်လက်၍ သားငယ်သမီးငယ် များနှင့် သွားလျက်ရှိ၏။

ကျွန်မအတွက်မူ. . . .

ဦးစီးတက္ကသိုလ်တွင် ကျောင်းသားများ အပင်တပန်းကြိုး စားနေကြရသော ခြောက်လပိုင်း အလွန်လောက်ရောက်လျှင် ကျွန်မ၏ သွေးအားနည်းသောရောဂါ စလာပြန်ပါသည်။ ကလော ဆရာဝန်က နောက်ဆုံး (X.ray) ဓာတ်မှန်ကို မဒရပ်ကို ပို့ပြီးမှ ရောဂါကို ဆက်ကုမည်။ လောလောဆယ်တော့ သူ၏ ဆေးကို သောက်၍ အိပ်ရာပေါ်တွင်နားနေရန် ညွှန်ကြားထားပါသည်။ ထို့ ကြောင့် ကျွန်မနားနေ၏။ တစ်ညတွင်တော့ ကျွန်မကိစ္စရှိ၍ သူ့အား လှမ်းခေါ်လိုက်ပါသည်။

သူသည် စာကြည့်နေရာ မီးဖိုအနီးမှ ဝုန်းဒိုင်းနှင့် ထလာ ကာ ကျွန်မအနားရောက်လာလျှင် အော်ပါတော့သည်။

"ကျောင်းစာကတစ်ဖက်၊ သူက တစ်မျိုး၊ ဒါလောက်တောင် ယောကျ်ားနဲ့အတူတူအိပ်ချင်ရင် "---------"သွားပါလား"

ကျွန်မနားထဲတွင် သူ၏ ရင့်သီးသော စကားလုံးများ အတွက် သွက်သွက်ခါသွားပါသည်။ ရင်ထဲမှာလည်း ဘယ်လိုခံစား လိုက်ရသည်ကို ဖော်မပြတတ်တော့ပါ။

ထိုညကတည်းကပင် ဘုရားသခင်ထံတွင် ဆုတောင်းလိုက် ပါသည်။

“တပည့်တော်မ၏ ခင်ပွန်းသည် သည် တပည့်တော်မအား တဏှာရာဂ၌ လွန်ကြူးသော မိန်းမစားမျိုးဟူ၍ အထင်လွဲမှားနေခဲ့ပါသည်။

တစ်နေ့သောအခါတွင် ဇနက္ကမင်းသည် သီဝလိဒေဝီအား မြက်ပင်ကိုဖြတ်၍ ပြဘိသကဲ့သို့ တပည့်တော်မက ဦးစွာပဏာမ ကာမတဏှာတည်းဟူသော မြက်ပင်ကိုဖြတ်၍ပြနိုင်ပါစေသတည်း” ဟူ၍ အဓိဋ္ဌာန်ပြုလိုက်ပါသည်။

ဩော်. . . တကယ်တော့ ကြေကွဲစရာကောင်းလိုက်မည် ဖြစ်ခြင်း။ ကလောသို့ရောက်စ ညတစ်ည အတွေးအခေါ်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ခံစားရချက်တို့သည် ကလောသို့ရောက်ပြီးနောက် ခြောက်လပိုင်းနှင့် ဘာမျှမတူတော့ပေ။

ယခု ဆယ်နှစ်ကျော်ပိုင်းတွင်မူ . . . .

*“လိုက်မှာပဲ၊ မေဖြင့်တစ်ယောက်ထဲ ခွဲမနေချင်*
*တစ်သက်လုံးပင်၊ မမုန်းတန်း အားကိုးချင်”* ဆိုသော

သီချင်းကို ရွတ်ဆိုခဲ့သည့် မိခင်ယုအား “ယခု ဘာသီချင်းကို သီဆိုပါသလဲ”ဟု မေးခဲ့ပါလျှင်. . .

*“ပါရမီဖြည့်စမို့ ကြည့်ဘုရာ့သခင်၊ အလှည့်ကျမဆင်ပြီ၊အရင်လိုမန္တဲ့၊အနီးနဲ့ အပြောကိုပယ်မယ်၊ အဝါထည်ကလေးနဲ့ တော်ရဲ့*”

*“တစ်ခွန်းနှစ်ခွန်းထက်မပိုပြီ၊ အလွမ်းကိုမချဲ့၊ ကျွန်းညိုညို ဟိုအလှည့်၊ ငိုမဲ့မဲ့တားရှာ၊ ရွှေနောက်ဆံမယ် မတင်းရအောင် ငယ်စာရင်းဖျက်လိုက်ပါဖျား”*

ဆိုသော တေးထပ်ကိုသာ ကျွန်မဆိုချင်ပါတော့သည်။

* * *

ပြုံး—စာပေ

# အခန်း(၂)

## ဆိုဆိုပေသားငယ်နဲ့

မေမေ့အား ကျွန်မ၏လက်ထပ်ရေးကိစ္စများကို ပွင့်လင်းစွာ တိုင်ပင်ခဲ့၏။

ဗိုလ်ချုပ်နေဝင်းကိုမူ ကျွန်မ မေမေလောက် ပွင့်ပွင့်လင်းလင်း ကျွန်မကိုယ်ရေးကိုယ်တာကို မပြောရဲပေ။

မေမေသည် မိခင်ဖြစ်၍ မိန်းမချင်းဖြစ်၏။ ကိုယ်ရေးကိုယ်တာအဝဝကို ဖွင့်ဟနှီးနှောနိုင်သည်။ အသေးစိတ်ကိုလည်း ပြောပြနိုင်သည်။ သူသည် သားသမီးများအား တချို့နေရာများ၌ လွတ်လပ်စွာ ဖွင့်ဟဆွေးနွေးနိုင်ခွင့်ပေးရုံမက မိတ်ဆွေသူငယ်ချင်းလို ဆက်ဆံခဲ့ပေသည်။

မေမေပေးသော အခွင့်အရေးကို ကျွန်မ လွဲမှားစွာ အသုံးပြုခဲ့သည်ဆိုလျှင် မမှားပေ။ ပြီးခဲ့သော ကျွန်မ၏ငယ်စဉ်က ကိုယ်ရေးကိုယ်တာကိစ္စများကို ဗိုလ်ချုပ်ကြီးအား ကျွန်မ ရှင်းလင်း ပြောပြနေ၍မဖြစ်ပြီ။ သူ့အနေဖြင့်မူ သူသည် လူကြီးပီသစွာ လုပ်ကိုင်ဆောင်ရွက်သင့်သည်ထင်၍ ကျွန်မတို့ ကိုယ်ရေးကိုယ်တာတွင် ဝင်ပါခြင်းဖြစ်ရာ သူ့ဘက်က တာဝန်ကျေပြီဟု ဆိုရမည်။

ကျွန်မသည် ဗိုလ်ချုပ်၏ရှေ့တွင် ငြိမ်သက်စွာထိုင်နေ၏။ ဗိုလ်ချုပ်နေဝင်းသည် သူနေသော ဝင်ဒါမီယာအိမ်၌ ကျွန်မအား အေးဆေးစွာ ခေါ်ယူတွေ့ဆုံခြင်းဖြစ်၏။

"ဖိုးကျော်သောင်းနဲ့ မခင်ယု လက်ထပ်ဖို့ ကိစ္စအတွက်

တင်တင်(သူ၏ဇနီးကိုဆိုလိုသည်)အနေနဲ့တစ်ဖက်ကလိုက်ဆောင်ရွက်တာ အဆင်မပြေခဲ့ဘူးကွဲ့။ ဒီတော့ ကိုယ်ကိုယ်တိုင်ပဲ ကိုကြီးနုကို တိုက်ရိုက်ဖွင့်ပြောပြီး ကိုယ့်လူအတွက် တောင်းပေးရမှာပဲ။ မခင်ယုသဘောက ဘယ်လိုလဲ”

ဗိုလ်ချုပ်၏မေးခွန်းကို ကျွန်မ ဖြေရပေတော့မည်။ မြန်မာ့ယဉ်ကျေးမှုအရ လက်ထပ်ရေး ကိစ္စဖြစ်၍ ရှက်သည်က တစ်ကြောင်း၊ ကျွန်မ၏ နောက်ပိုင်း ကိုယ်ရေးကိုယ်တာများကို ဖွင့်ဟပြော၍လည်း မသင့်ပါချေ။ သို့သော် လူကြီးတစ်ယောက်ကို ရိုသေလေးစားစွာဖြင့် သူ့မေးခွန်းကို ပြန်လည်ဖြေဆိုရမည် ဖြစ်၏။ ယဉ်ကျေးသိမ်မွေ့စွာ တင်ပြရမည်ဖြစ်၏။ တိုတိုတုတ်တုတ်လည်း ပြောရမည်ဖြစ်သည်။ ကျွန်မသည် ငါးမိနစ်ခန့် ငြိမ်သက်စွာ စဉ်းစားပြီးမှ အေးဆေးစွာပင် ပြောပြလိုက်ပါသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး မေမေတို့ဆီ ကျွန်မအကြောင်းကြားထားပါတယ်။ မေမေတို့လဲ ရန်ကုန်လိုက်လာပါတော့မယ်။ ဒီတော့မှ မေမေနဲ့သူနဲ့တွေ့ဆုံကြပြီး ကျွန်မအကြောင်းပြန်ပါ့မယ်။ မေမေနဲ့ မတွေ့ရသေးဘဲ ကျွန်မသဘောထားကို ဘယ်လိုမှ ဗိုလ်ချုပ်ကြီးကို အဖြေမပေးပါရစေနဲ့၊ ကျွန်မကို ခွင့်လွှတ်ပါ”

“အင်း. . . ပြန်နိုင်ပြီ”ဟု ဗိုလ်ချုပ်ကပြောကာ ကျွန်မအားကားနှင့်ပင် ပြန်ပို့လိုက်၏။

နောက်နေ့ ကျွန်မ ရုံးတက်ရာ ပြည်လမ်းရုံးသို့ မမတင်ရောက်လာပါသည်။ ထိုစဉ်က ပြည်လမ်းရုံး၌ ကိစ္စရှိလျှင် ခဏတက်၍ ကျန်အချိန်တွင် ဝင်ဒါမီယာအိမ်၌ ရုံးတက်ရပါသည်။

“ရက်စက်လိုက်တာ မခင်ယုရယ်. . ရက်စက်လိုက်တာ”

မမတင်သည် ညီအစ်မသဖွယ် ရင်းနှီးချစ်ခင်သူဖြစ်၍ ကျွန်မ စားပွဲရှေ့ကုလားထိုင်တွင် ထိုင်ရင်းပြောလိုက်၏။

“ဟင်. . . ဘာဖြစ်လို့လဲ မမတင်”

“ညက မခင်ယု ပြန်သွားရော၊ ကိုကိုရယ်၊ ဖိုးကျော်သောင်း

ကို ဆဲလိုက်တာ။ သူတို့မှာတော့ ဆဲနေကျရိုးနေပြီပေါ့၊ ကိုကို့အနေနဲ့ ထင်နေတာက မခင်ယုနဲ့သူနဲ့ နှစ်ဦးသဘောတူ ကြိုက်နေကြတယ်၊ လူကြီးတွေကို ဖွင့်ပြောရခက်နေတယ်လို့ ထင်တာလား။ ခုမှ ဖိုးကျော်သောင်းက တစ်ဖက်သတ်ဖြစ်နေတာ သိရတော့ ဆဲလိုက်တာ။ တချို့ဗိုလ်တွေလည်း ကိုကိုနဲ့ မခင်ယု ဧည့်ခန်းမှာစကားပြောနေတုန်း ထမင်းစားခန်းမှာရှိတော့ မခင်ယုလည်း ပြန်သွားရော ဝိုင်းသောကြတာပေါ့။ သူ တော်တော်ရှက်နေတယ်။ သူ့ကိုယ်သူများ သတ် သေမလားမသိ"

မမတင်သည် တကယ်ပင် စိုးရိမ်စွာဖြင့် ပြောပြနေ၏။ ကျွန်မသည် သက်ပြင်းကို ဖြည်းညင်းစွာ ရှိုက်၍ရှူလိုက်၏။

"အို. . . ယောကျ်ားကောင်းတစ်ယောက်ဟာ မိန်းမတစ်ယောက်ကိုမရလို့ သတ်မသေပါဘူး။ ဒါအတွက်မပူပါနဲ့။ ဗိုလ်ချုပ်တို့ရော၊ မမတင်တို့ရော အားလုံးတာဝန်ကျေပါတယ်။ ခက်တာက မယုဘက်က ခက်နေတယ်။ မယုရဲ့ ကိုယ်ရေးကိုယ်တာတွေကို ဗိုလ်ချုပ်ကို အားလုံးဖွင့်ပြောနေလို့ကော ဘယ်သင့်တော်မလဲ။ ကလေးကလား မရှိသေးရာ ကျမှာပေါ့"

"ဘာဖြစ်လို့"

"မယုလေ မေမေသဘောမတူဘဲ ဘယ်ယောကျ်ားကိုမှ လက်မထပ်ရဲဘူး၊ မချစ်ရဲတော့ဘူး"

"ဟဲ့. . . ဖိုးကျော်သောင်းဟာ လူတော်ကလေး တစ်ယောက်ပါ"

"မမတင်တို့ လူကို မတော်ဘူးမကောင်းဘူးလို့ မယု မဆိုလိုပါဘူး။ မေမေနဲ့သူနဲ့တွေ့ပြီး မေမေက သင့်တော်တယ်၊ သမီးယူလိုက်ဆိုရင် မယု ယူမယ် စိတ်ချ"

မမတင်အဖို့လည်း ကျွန်မရှင်းလင်းပြောပြချက်များကို သဘောပေါက်ဟန် မတူ၊ မမတင်အပြစ်လည်း မဟုတ်။ ကျွန်မ၏ ရှင်းလင်းချက်ကိုက ရှုပ်ထွေးနေပါသည်။

"လူငယ်ချင်းချစ်ရင် ပြီးတာပဲဟာ။ ဖိုးကျော်သောင်းဟာ အင်မတန် ချစ်စရာကောင်းတယ်၊ ရိုးသားတယ်ဆိုတာ မင်း တစ်နေ့ သိမှာပဲ"

"ဟုတ်ကဲ့၊ ကျွန်မသိတာထက် မေမေ့ကိုသိစေချင်တယ်။ ကျွန်မလေ ကျွန်မ မေမေ့ကို ညာခဲ့တယ်။ မေမေ့ကိုအသိပေးပြီး မေမေက မချစ်ပါနဲ့လို့ဆိုခဲ့တဲ့ လူတစ်ယောက်ကို မယု ချစ်ခဲ့မိလို့ အခု သိပ်စိတ်ဆင်းရဲတာပဲ။ ဒီတော့ အချစ်ကိစ္စ၊ အိမ်ထောင်ရေး ကိစ္စမှာ မေမေ မသိဘဲ မယု နောက်ထပ် ဘာမှမလုပ်တော့ဘူး။ မယုမှာလေ ချစ်သူရှိတယ်"

မမတင်သည် ဘယ်လိုသဘောပေါက်နားလည်သည် မသိပါပေ။ ခေတ္တမျှနားနေပြီးနောက် ဘာမှဆက်လက်စကားမဆိုတော့ဘဲ ပြန်သွားပါတော့သည်။

ရုံးဆင်း၍ အိမ်ပြန်လာခဲ့၏။ ညနေ မှောင်စပျိုးချိန်လောက်တွင် တယ်လီဖုန်းခေါင်းလောင်းသံ ကြားရတော့သည်။

ဦးလေးဦးသန်းရွှေက ထုံးစံအတိုင်းပင် "မခင်ယုရေ၊ စစ်ရဲတပ်ရင်း(၄)ကတဲ့ဟေ့"ဟုဆိုကာ ကျွန်မကို လှမ်းခေါ်လိုက်၏။

ကျွန်မသည် တယ်လီဖုန်းခွက်ကို ကိုင်လိုက်ပါသည်။ သူ့အသံ လေးလေးနှင့်မှန်မှန်ကို ကြားနေရသည်။

"အချို သိပ်ရက်စက်တာပဲနော်။ မနေ့က အချိုလည်း ပြန်သွားရော ဗိုလ်ချုပ်ရယ် ကျွန်တော့်ကိုဆဲလိုက်တာ။ ပထမတော့ လက်လျှော့လိုက်တော့မလို့ပဲ။ နောက်တော့ မအိပ်ခင် သန္နိဋ္ဌာန်ချလိုက်တယ်။ ဗိုလ်ချုပ် အဆဲခံရပြီးတဲ့နောက်မှတော့ ဒီမိန်းမကို မရရအောင် ယူပါတော့မယ်လို့"

"ဟုတ်ကဲ့၊. . . မေမေတို့လဲ လာပါတော့မယ်။ အဓိဋ္ဌာန်အတိုင်း ပြည့်စုံပါစေလို့ ဆုတောင်းပါတယ်။ ဗိုလ်ချုပ်နဲ့မမတင်ကိုသာ ရိုသေရမယ့် ဝတ္တရားရှိလို့ ရှင်းရှင်းလင်းလင်းဖွင့်မပြောရဲတာ၊ အချို့ရဲ့ ကိုယ်ရေးကိုယ်တာတွေကို စာထဲမှာအားလုံးဖွင့်ပြော

ပြီးပြီမို့လား"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ ကဲ. . ဒါပါပဲ"

နောက်နေ့ညနေတွင် ဗိုလ်မောင်လေး(အင်း၀)၊ ငါး၀ွန် အမတ်ဗိုလ်မောင်ကလေး မဟုတ်ပါ။ အိမ်ကို လာလည်ပါသည်။ သူ့ကို ဧည့်ခန်းတွင် ကျွန်မလက်ခံစကားပြောဆိုခဲ့ပါသည်။ (ယခု စာရေးနေချိန်တွင် ဗိုလ်မောင်လေးမှာ ကွယ်လွန်အနိစ္စရောက် ခဲ့ပေပြီ။ သူကွယ်လွန်ချိန်တွင် ကျွန်မတို့နှစ်ယောက် ပန်တပွတ်တွင် ရောက်နေသည်။ သူ၏ဈာပနသို့ မရောက်ခဲ့ရပါချေ။ အစ်ကိုကြီး၏ ချစ်လှစွာသော ရဲဘော်ရောင်းရင်းများတွင် ဗိုလ်မောင်လေးမှာ တစ်ယောက်အပါအ၀င်ဖြစ်ခဲ့ပါသည်။)

ဗိုလ်မောင်လေးသည် ကျွန်မနေရာပေးသောကုလားထိုင် တွင် ၀င်ထိုင်ရင်း တစ်နေ့ညကဖြစ်ခဲ့သောကိစ္စကိုသာ ပြန်၍ပြော ပြန်ပါသည်။

"ကျွန်တော့်ကောင်ကြီးများ အဲဒီညကများ လေးဖက်ပစ် ကျနေတာပဲ။ မခင်ယုတို့များ ရက်စက်လိုက်တာ ကျွန်တော်. . ကျွန်တော် ဆတ်ဆော့တာတွေ။ ဒီလူ့အနေနဲ့တော့ ပွင့်ပွင့်လင်း လင်း မပြောရဲတာနဲ့ အသည်းကျွမ်းမှာ။ ဒီတော့ ငါ၀င်ပါမှပဲဆိုပြီး ကျွန်တော်က မမတင်ကိုပြော၊ မမတင်လဲ သူ့နည်းသူ့လမ်းနဲ့ လိုက် တာပဲ၊ အဆင်မပြေတာနဲ့၊ ဗိုလ်ချုပ်ကို တိုက်ရိုက်ဖွင့်ပြောတာ။ ဗိုလ်ချုပ်ကလေ အဲဒီညက "ငါ××မှပဲ၊ ငါက ကောင်မလေးနဲ့ နှစ်ဦးသဘောတူကြိုက်နေတယ် အောက်မေ့နေတာ၊ ခုမှ မင်းတစ် ယောက်တည်း တစ်ဖက်သတ်ဖြစ်နေတာကိုးကွ။ ကောင်မလေးကို ခေါ်မမေးဘဲ ကိုကြီးနုကို တိုက်ရိုက်ပြောမိရင်ကွာ ငါ သောက်ရှက် ကွဲမှာပဲဆိုပြီး"သူ့ထုံးစံအတိုင်း ရွတ်ဖတ်သရဇ္ဈာယ်တာပေါ့ဗျာ။ ဖိုး ကျော်သောင်းကြီး အဆဲခံလိုက်ရတာ ဘယ်လိုလုပ်လိုက်တာလဲ မခင်ယုရယ်၊ သိပ်ရက်စက်တာပဲ"

ခက်ကပြီ။ ကျွန်မသည် ထုံးစံအတိုင်း အသက်၀၀ပြင်းစွာ

ရှုရှိုက်လိုက်ပါ၏။

"တစ်ယောက်ကလာ ရက်စက်လိုက်တာ၊ တစ်ယောက်ကလာ ရက်စက်လိုက်တာနဲ့၊ ဗိုလ်မောင်လေးတို့ အသိုင်းအဝိုင်းထဲမှာ ကျွန်မဟာ အသည်းနှလုံးမရှိသော၊ အင်မတန်ရက်စက်သော မိန်းမရိုင်းကြီးဖြစ်နေပြီပေါ့"

ဗိုလ်မောင်လေးသည် ငေး၍ကြည့်နေ၏။

"ဒီလိုတော့ မဆိုလိုပါဘူး၊ ကျွန်တော်တို့ရဲဘော်အချင်းချင်း ဖိုးကျော်သောင်းရဲ့ အကျင့်စာရိတ္တကို သိနေတဲ့သူတွေကတော့၊ အဲဒီညက ဝိုင်းပြောကြတာပေါ့။ မခင်ယုဟာ ဖိုးကျော်သောင်းလို လူကို ငြင်းရက်တယ်။ ဝန်ကြီးချုပ်နှမမို့လို့ သိပ်မာနကြီးတဲ့ မိန်းမ၊ သူ့လို မိန်းမ မယူစမ်းပါနဲ့ဗျာလို့ ကောက်ချက်ချတာပေါ့"

"မိခင်ယုဟာလေ အသည်းနဲ့နှလုံးနဲ့အသွေးနဲ့အသားနဲ့ပါ။ မရက်စက်တတ်လို့ ခက်နေတာ၊ ဗိုလ်မောင်လေးကို သူက ဘာမှပြန်မပြောဘူးလား။ ပါးစပ်ကသာ သူ ဗိုလ်မောင်လေးတို့လို ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောပေမယ့် သူ့စာတွေထဲမှာရေးပြတာ တစ်ပုံကြီးပါ။ ကျွန်မလည်း စာတွေထဲမှာ ပွင့်ပွင့်လင်းလင်း ရေးပြခဲ့ပြီးပြီ။ မေမေတို့ လာတဲ့အချိန်ထိတော့ သူ စောင့်ရမှာပဲ။ လက်ထပ်ပြီးတော့မှ "အစက ဒီလိုမှန်းမသိခဲ့ပါဘူး"ဆိုတဲ့ စကားသံမျိုး မယု မကြားချင်ဘူး။ ယောကျ်ားတစ်ယောက်ယူတယ်ဆိုတာ မလွယ်ဘူး။ အချို့ မိန်းကလေးတွေလို ချစ်တဲ့သူတွေ့ရင် လက်ထပ်ပြီး ချစ်သူနောက် လိုက်သွားနိုင်တဲ့ အခြေအနေမျိုး မယုမှာ မရှိဘူး။ အို. . ဒါတွေသူ့ကို စာထဲမှာ ရှင်းပြပြီးသားပါ ဗိုလ်မောင်လေး။ မယုရဲ့ ချစ်ဦးသူ မောင့်ကိုလေ သုံးနှစ်စောင့်ကြည့်ခဲ့တယ်။ သုံးနှစ်ပြည့်တော့မယ် ဆဲဆဲ. . "

"အမလေး. . . ဘယ်လိုခေါ် လိုက်တယ်"

"မောင်လေ. . ကျွန်မမှာ မောင်လို့ခေါ်တဲ့ အချစ်ဦး တစ်ယောက်ရှိခဲ့တယ်"

"အေးလေ . . အေးလေ ဖိုးကျော်သောင်းက ပြောပါတယ်။ သူပြောတော့ ကိုတင်အောင်ထွန်းဆိုလား၊ဖရက်ဒီဆိုလား။ အမလေး တင်အောင်ထွန်းကျတော့ "မောင်"တဲ့။ ကျွန်တော်တို့ ဖိုးကျော် သောင်းကြီးကို ချစ်လို့ခေါ်တဲ့ အထိမ်းအမှတ်ကလေးနဲ့မျှား မခေါ် နိုင်ဘူးလားဗျာ. . ရက်စက်လိုက်တာ"

"လာပြန်ပြီ ဒီရက်စက်တယ်ဆိုတဲ့ စကားလုံး"

ကျွန်မတို့စကားပြောနေသည့် ဧည့်ခန်းမှာ လွတ်လပ်၍ ရှင်းလင်းနေသောကြောင့် တော်ပါသေးသည်။

"အို. . . ဒီပညတ်သဘောတွေကို ထားလိုက်စမ်းပါ။ မောင်ခေါ်ခေါ်. . အသက်ဘူးခေါ်ခေါ် အသည်းနှလုံးက လှိုက် လှိုက်လှဲလှဲပါဖို့ အရေးကြီးပါတယ်။ ဒါထက် ကျွန်မယူရမှာက ဗိုလ် မောင်လေးကိုလား၊ ဖိုးကျော်သောင်းကိုလား"

သူသည် ပါးစပ်အဟောင်းသားနှင့် ခေတ္တကြောင်သွား၏။

"ဟင်. . ဘာမေးတယ်"

"တကတည်းမှပဲ. . ရည်းစားစာကျတော့ တစ်ခါတစ်ခါ ရေးရင် လျှောက်လွှာစာမျက်နှာနဲ့ ဝတ္ထုတစ်ပုဒ်စာလောက်ရှိတယ်၊ စကားကျတော့ သူ့ကိုယ်စား ဗိုလ်မောင်လေးက တယ်လီဖုန်းနဲ့ရော လူကိုယ်တိုင်ရော ပြောနေတာပဲ"

ဒီတော့မှပင် ဗိုလ်မောင်လေးသည် ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

"အမလေး. . မခင်ယုရယ်၊ ပွင့်လင်းလိုက်တာ။ ဒါကြောင့် ဖိုးကျော်သောင်းက ပြောတာ၊ အချိုဟာ တွေ့တွေ့ချင်းတော့ မာန ကြီးသလို၊ ဘုကျသလိုပဲတဲ့။ ဒါပေမယ့် အချိုနဲ့တစ်ခါစကားပြောဖူး ရင် အမြဲပဲပြောချင်နေတယ်တဲ့။ အချိုဟာ စကားကို ပွင့်ပွင့်လင်း လင်း ရဲရဲတင်းတင်း ပြောတတ်တယ်တဲ့ဗျ။ ကျွန်တော်တို့လူကတော့ ခင်ဗျားကို 'အချို'လို့ ခေါ်တယ်။ ခင်ဗျားကတော့ ဖိုးကျော်သောင်း ကို နာမည်ပဲခေါ်တယ်"

"အချိုဆိုတဲ့နာမည်ကို မက်ထရစ်အောင်ကတည်းက သခင်တင်မောင်ကြီး(သံအမတ်ကြီးဟောင်း၊ ကျူမငေး)တို့လည်း ခေါ်ပါတယ်။ တခြားမိတ်ဆွေတွေလဲ ခေါ်ပါတယ်။(ထိုစဉ်က သခင် တင်မောင်ကြီးသည် ကျွန်မ၏အထက်တွင် အတွင်းရေးမှူးအဖြစ်၊ သတင်းနှင့် ဝါဒဖြန့်ချိရေးဌာနတွင် အလုပ်လုပ်ခဲ့ပါသည်) ဗိုလ် မောင်လေးတို့လူကို ကျွန်မက ဘာလေးညာလေးခေါ်ရအောင် သူ က ကျွန်မရည်းစားမှ မဖြစ်သေးဘဲ"

"အေးပေါ့လေဗျာ၊ တကယ်တော့ ကျွန်တော်တို့က မိုက်ခဲ့ တာကိုး။ ကိုယ်ရေးဆိုတာ ဘာမှမထားခဲ့မိ။ ဂျပန်တစ်ခေတ်လုံး လည်း စစ်ရေးနဲ့တိုင်းပြည်ရေးနဲ့ပြီးခဲ့။ဂျပန်တော်လှန်ပြီးလို့ စစ်ပြေ ငြိမ်းတော့လည်း စာအေးအေးပြန်သင်မယ်ဆိုပြီးတက္ကသိုလ်ဆက် နေကြပေမယ့် သူက တယ်စာရေးဆရာဖြစ်ချင်တာကိုး။ အင်္ဂလိစနိုး ရှူးရှူးနေတာ။ ဒါပေမယ့် တိုင်းပြည်မှာ အရေးအကြောင်းကြုံလာ တော့ "ဟော့ . . သောင်းကျန်းသူတွေ ပတ်လည်ဝိုင်းလာနေပြီ. . မင်းတို့ပြန်လာခဲ့ကြဦးဆိုတော့၊ ကျွန်တော်တို့ကျောင်းသားအုပ်စုနဲ့ အတူ ဖိုးကျော်သောင်းဟာ သူ ဝါသနာပါတဲ့ ကလောင်အသာချပြီး သေနတ်ပြန်ကိုင်ရပြန်ရော။ ဒီတော့ ဘယ်လိုလုပ်ပြီး တင်အောင် ထွန်းတို့လို၊ အမေရိကတို့ ဘာတို့သွားနိုင်တဲ့ ပညာတော်သင်ကြီး ဘယ်ဖြစ်မလဲ။ ဒီမှာလေ ပလက်ဖောင်းသာ ညီတူ အောက်ခံပေး စမ်းပါ။ ကျွန်တော်တို့လူက ပညာတော်သင်မကဘူး။ တိုင်းပြည်နဲ့ အမျိုးအပေါ် ချစ်တာတွေ၊ တိုက်ရေးခိုက်ရေးစွမ်းရည်သတ္တိတွေ၊ ကိုယ်ကျိုးကို စွန့်လွှတ်ရဲတဲ့သတ္တိတွေမှာ ခင်ဗျားရဲ့"မောင်"ထက် တောင် ဆယ်ဆပိုပါလိမ့်ဦးမယ်"

"အမလေး. . . တလေတည်းကို ထွက်တာပဲ၊ ကျွန်မဆီ သူရေးတဲ့စာတွေလည်း ခု ဗိုလ်မောင်လေးရွတ်ဖတ်တဲ့ စကားလုံး တွေပါပြီးသားပါ။ ဝတ္ထုတိုတစ်ပုဒ်စာလောက်ရှိတဲ့ ရည်းစားစာကို တစ်ခါတလေ တစ်ညတည်း အပြီးမဖတ်နိုင်လို့ နှစ်ရက်ဆက်ရ

တယ်"

ကျွန်မက ပြန်ပြောလိုက်၏။

"တင်အောင်ထွန်းစာသာဆို ခင်ဗျား အပြီးဖတ်မှာ"

"ပြောချင်သလို ကျွန်မကို ပြောနိုင်ပါတယ်။ တကယ်တော့ ခုတလော အင်းစိန်ထိ ကရင်သောင်းကျန်းသူတွေ သိမ်းထားက တည်းက ည ၁၂နာရီထိုးမှ မယု ရုံးဆင်းရတယ်။ တစ်ခါတလေ ဝင်ဒါမီယာအိမ်မှာပဲ အိပ်ရတယ်။ ဒီတော့လဲ ရှင်တို့လူ ရေးတဲ့စာ ကို ဘယ်တစ်ညတည်း အပြီးဖတ်နိုင်မလဲ"

"အင်းလေဗျာ. . . ဒီတော့လဲ ကျွန်တော်တို့က တစ်တပ် တစ်အား သူ့ဘက်ကအပြောနဲ့ကူရတာပေါ့။ သူက စာသာရေး မှာ၊ စကားကျပြောမှာ မဟုတ်ဘူး။ သူ့အပြောသာ စောင့်နေရင် တော့ ဒီ တစ်သက် မခင်ယုကို သူ ရတော့မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က ဝင်ဝင်ပြောပေးရတာ။ ကဲ. . . သူက ပြောချင်တယ် ထားပါဦး၊ သူနဲ့ခင်ဗျား ဘယ်တုန်းကများ နှစ်ယောက်တည်း တွေ့ ဖူးလို့တုံး"

ဟုတ်ပါ၏။ ကျွန်မ ဝန်ကြီးချုပ်၏ အတွင်းရေးအတွင်း ဝန်ဖြစ်စက ပြည်လမ်းရုံးတွင် ရုံးတက်ပါသည်။ တစ်နေ့တွင် မင်းစေ ကိုအောင်ထွန်းက ညှော်သည်တွေ့ခွင့်တောင်းသော စာရွက်တစ်ရွက် ကို ကျွန်မအား လာပေး၏။ စာရွက်ကို ကျွန်မဖတ်နေစဉ်. .

"အဲဒီတွေ့ခွင့်တောင်းတဲ့ ညှော်သည် ကိုကျော်သောင်းက ကျွန်တော်တို့ ဘီအိုင်အေ၊ဘီတီအေကတည်းကသိခဲ့တာ။ အစ်မကြီး နဲ့ အသိလား။ အခု စစ်ရဲတပ်ရင်း(၄)မှာ ဒုတိယတပ်ရင်းမှူးလုပ် နေတယ်" သူက ပြောပြလိုက်၏။

"ဟုတ်ကဲ့. . သိပါတယ်၊ ဖဆပလမှာ ကျွန်မလုပ်တုန်းက သူက ည အယ်ဒီတာအလုပ်လုပ်တယ်။ ဝင်ခွင့်ပေးလိုက်ပါလေ"

ရဲဘော်အောင်ထွန်း ထွက်သွားသောအခါ သူသည် ဖြည်း ညင်းစွာပင် ဝင်လာ၏။ စားပွဲရှေ့ကုလားထိုင်တွင် ထိုက်လိုက်၏။

"အချို I Love you"

ဤစကားသုံးလုံးသာ အင်္ဂလိပ်လိုပြော၍ သူ ထပြန်သွားပါတော့သည်။ ကျွန်မမှာ ကြောင်တက်တက်နှင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ဖဆပလမှ ပြည်လမ်းရုံးသို့ ကျွန်မပြောင်းလာသည်အထိ သူ့နှုတ်မှ ထိုစကားမျိုးဆိုလိမ့်မည်ဟူ၍ ကျွန်မလုံးဝမတွေးမိ။ ဘယ်လိုနည်းနှင့် သူသည် သတင်းထောက်ဘဝမှ စစ်ရဲတပ်ရင်း(၄) ဒုတပ်ရင်းမှူးဖြစ်သွားသည်ကို မေးမည်ကြံစည်နေတုန်း မမျှော်လင့်သော စကားကို ရုတ်တရက်ကြားလိုက်ရသောအခါ ကျွန်မ ကြောင်၍သွားပါသည်။

ထို့ကြောင့် ကျွန်မက ယခု ဗိုလ်မောင်လေး မေးချိန်တွင် နှစ်ယောက်တည်းတွေ့သော ထို ပထမဆုံးအချိန်လေးကို သွား၍ သတိရမိ၏။

"နှစ်ယောက်ထဲလဲ မတွေ့ပါရစေနဲ့တော့လေ။ မေမေတို့ လာခါနီးပါပြီ။ ကျွန်မ အိမ်တောင်ရှာနေတယ်။ မေမေတို့ ရောက်လာလို့ ကျေနပ်ရင် ကျွန်မယူမယ်"

"မခင်ယုကလဲ. . . စကားပြောတာ အသည်းနှလုံးမပါသလိုပဲဗျာ။ အေးလေ. . သူ့မှာလည်း တစ်နေ့လုံးရှေ့တန်းအတွက်ရော၊ ရုံးအလုပ်ရော၊ တစ်ယောက်တည်းကြုံးလုပ်ရတာ။ အိပ်တော့လဲ ရုံးက စားပွဲခုံပေါ်မှာပဲ အိပ်ရတာပဲ။ ညဥ့်သန်းခေါင်ကျော်လောက်မှ ဖယောင်းတိုင်လေးထွန်းပြီး ခင်ဗျားဆီ စာရေးဖို့ အချိန်ရတာ။ ကျွန်တော်က ဝိုင်အမ်ဘီအေမှာ တစ်ယောက်တည်း မအိပ်နိုင်လို့ သူ့ဆီ လိုက်သွားရင် အဲဒီလိုပဲတွေ့ရတာပဲ။ ဒုတပ်ရင်းမှူးဆိုတာက လွယ်တဲ့တာဝန်မှ မဟုတ်ပဲ။ ခင်ဗျားဆီရေးတဲ့စာတွေကလဲ တစ်ညတည်း အပြီးရေးနိုင်တာ မဟုတ်ပါဘူး။ အားတဲ့အချိန်လေး တစ်မျက်နှာရေး နှစ်မျက်နှာရေးနဲ့၊ စာတွေက ဆက်ဆက်ရေးရတာ။ တစ်ခါတလေလဲ တိုက်ပွဲကိစ္စ၊ ရုံးကိစ္စနဲ့ မိုးသာ စင်စင်လင်းသွားရော၊ မနားရဘူး။ ခင်ဗျားဆီစာရေးချိန်ဟာ သူ့အတွက် နား

ချိန်လေးပါပဲ။ ခင်ဗျားလေ သူ့ကိုချစ်ရင် တိုင်းပြည်ကိုချစ်တာနဲ့ အတူတူပါပဲ"

ကျွန်မက ပြုံး၍နားထောင်နေပါသည်။ ဗိုလ်မောင်လေးသည် တကယ်ပင် စကားအပြောကောင်းသူတစ်ယောက် ဖြစ်ပါသည်။ မီးထွန်းချိန်လောက်မှ သူထပြန်သွားပါတော့သည်။

ကျွန်မသည် ညစာစားပြီး ဝရန်တာလသာဆောင်တွင် အပန်းဖြေနေ၏။ ရွှေတိဂုံဘုရားကြီးကို တည်ငြိမ်စွာ ဖူးမြင်ရ၏။ ဖဆပလဌာနချုပ်တွင် အလုပ်လုပ်နေစဉ်ကလည်း ကျွန်မ၏ရုံးခန်း ကုလားထိုင်မှ လှမ်းကြည့်လိုက်လျှင် ပြာသောကောင်းကင်နောက်ခံနှင့် ရွှေတိဂုံစေတီတော်မြတ်ကို နေ့စဉ်ဖူးမြင်နေရ၏။ စိတ်မောသမျှ၊ ပန်းသမျှ စေတီတော်ကြီးကို လှမ်း၍အာရုံပြုရင်း စိတ်ကို တည်ငြိမ်စေခဲ့ရပါသည်။

"အချိုရယ်၊ စစ်ဆင်ရေးဆိုလို့ မောင်ဂိုမာရီတို့၊ မောင့်ဘက်တန်တို့၊ မက်အာသာတို့လို လူ၊ လက်နက်၊ ရိက္ခာအပြည့်အစုံနဲ့ စစ်ဆင်နေရတာမဟုတ်ဘူး။ ရှေ့တန်းပြေးရ၊ လက်နက်ရှာရ၊ ငွေရှာရနဲ့ ကိုင်ရတာကလည်း စစ်ရဲ။ . . ခုလေ အနားယူခွင့်ရတဲ့ ရဲဘော်လေးတွေ ကိုကြီးရဲ့ အနားမှာ အိပ်ပျော်နေကြတယ်။ သူတို့ဟာလည်း လေ့ကျင့်ပြီးသား၊ အသားကျရဲဘော်တွေ မဟုတ်ကြဘူး။ ချက်ချင်းယူနီဖောင်းဝတ် လက်နက်တပ်ပြီး စစ်သင်တန်းချက်ချင်းပေးရတယ်။ ရှေ့တန်းကို အမြန်ဆုံးပို့ရတယ်။ ရှေ့တန်းကိစ္စ တစ်နေ့လုံးလုပ်ခဲ့ပြီးတော့ စာရင်းအင်းတွေငွေတွေကိစ္စ မသေမသပ် ဖြစ်မှာစိုးတော့ ခု ဖယောင်းတိုင်ထွန်းပြီး လုပ်နေရတယ်။ လေအေးလေးတိုက်လာပြီး ကြက်တွန်သံကြားမှ ထကြည့်လိုက်တော့ ရွှေတိဂုံဘုရားကြီးကို အရှေ့တက်မှာ တည်ငြိမ်စွာ ဖူးတွေ့ရတယ်။ ဒီအချိန်လေးပဲ စိတ်ငြိမ်သက်စွာနဲ့ အချို့ဆီ စာကောက်ရေးရတယ်။ တစ်ကြောင်းရေး နှစ်ကြောင်းရေးရင်းနဲ့ တစ်မျက်နှာ နှစ်မျက်နှာ စာမျက်နှာတွေများလာမှ စုပေါင်းပေးတဲ့ကိုကြီးရဲ့စာကို သည်းခံ

ဖတ်ပါ"

ရွှေတိဂုံဘုရားကြီးကို လှမ်းမျှော်ကြည့်ရင်း သူ့စာထဲမှ ထိုစာတစ်ပိုဒ်ကို သွား၍သတိရမိ၏။

ကျွန်မအဖို့တွင်လည်း သောင်းကျန်းသူများ ရန်ကုန်ကို ပတ်လည်ဝိုင်းထားချိန်တွင် ကိုယ်ရံတော်ဗိုလ်ကြီးတို့နှင့်အတူ ညဉ့် ၁၂ နာရီအထိ တာဝန်ယူ ရုံးတက်ပေးရ၏။ တစ်ခါတစ်ရံတွင်မှ အိမ်ကိုစောစောပြန်ရောက်ခဲ့ရသည်။ စောစောပြန်ရောက်၍ ယခုလို လသာဆောင်တွင် ကျွန်မအပန်းဖြေခိုက် သူသည်လည်း ရုံးမှာလား၊ ရှေ့တန်းတွင်လား မပြောနိုင်ပေ၊ ကျွန်မလိုပင် အနားယူချိန်ရ၍ ရွှေတိဂုံဘုရားကြီးကိုပင် အာရုံပြု၍နေလေသလား။

ကိုတင်အောင်ထွန်းကမူ အမေရိက မွန်တာနာစတိတ် ကောလိပ်တွင် အေးချမ်းစွာ စာသင်ကြားနေပေပြီ။

ကိုတင်အောင်ထွန်း မွန်တာနာစတိတ်ကောလိပ်သို့ ပညာတော် သင်သွားရကြောင်း သတင်းစာထဲတွင်ပါလာစဉ်အခါက သုံးရက်ခန့်ကြာသောအခါ ရဲဘော်လေးတစ်ယောက် သူ့ထံမှစာတစ်စောင် လာပို့ပါသည်။

*"အချို"*

*တစ်နေ့တုန်းက ကျွန်တော့်တပ်ရင်းကပဲ ရဲဘော်တစ်ယောက်က သတင်းစာကိုင်ပြီး လာပြတယ်။ အဲဒါ ဗိုလ်မှူးကြိုက်နေတဲ့ မခင်ယုရဲ့ ရည်းစားဦးပဲတဲ့။ ကိုတင်အောင်ထွန်းရဲ့ သတင်းစာထဲကပုံကိုသူကပြတယ်။ ဒီလူ မဆိုးပါဘူး။ လူချောတစ်ယောက်ပါပဲ။ အချို့အနေနဲ့ ကြိုက်သင့်ပါတယ်လေ။ အေး. . . ကံအကြောင်းဆုံကြလို့ အဲဒီအမေရိကန်ပြန်ကြီးကို စောင့်ဖို့အခွင့်သင့်ရင်လည်း စောင့်ပေါ့။ ကျွန်တော်ကလည်း အချို ကလေး ၇ယောက်မွေးပြီးသား၊အအိုကြီးပဲဖြစ်ပေစေ ရအောင်စောင့်ယူမှာပဲ။ အချို့ကို ချစ်မှာပဲ။ ချစ်တယ်ဆိုတာထက် မြတ်နိုးတယ်*

*ဆိုရင် ပိုမှန်မယ်။*

*ကိုတင်အောင်ထွန်းကိုပေးတဲ့ အချစ်အညွန့်အဖူး ကိုမပေးတောင်မှ သဗ္ဗေသတ္တာထက်ကျော်ပြီး ကျွန်တော် မောင်ကျော်သောင်းကို စေတနာနဲ့ ချစ်စေချင်တာပါပဲ။*

*အချိုတစ်ယောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါ စေ။*

*ကျော်သောင်း*

ကျွန်မသည် ရွှေတိဂုံဘုရားကြီးကို မျှော်ကြည့်ရင်း စိတ် များကမူ သူ့ထံမှရသောစာများထဲမှ တစ်ပိုဒ်ပြီးတစ်ပိုဒ် သတိရ နေမိ၏။ ကိုတင်အောင်ထွန်းဆိုသူတစ်ယောက်နှင့် လသာသော ညများ၊ ဤအကြောင်းများကလည်း တစ်လှည့်စီဝင်ရောက်လာ၏။

ဩော်. . စိတ်ဆိုသည်မှာ လက်ဖျစ်တတွစ် လျှပ်တစ်ပြက် အတွင်း ကုဋေတစ်သိန်းမျှမက စိတ်ကူးကြံစည်ဆိုသည်မှာ မှန်လှပါ ၏။ အဝေးသို့လည်း ပြေးသွားတတ်၏။ မအပ်မရာ စေတီတော်ရှိရာ သို့ ငေးမျှော်ဖူးရင်းမှ ကုသိုလ်နှင့်ပတ်သက်ရာ အာရုံက မဝင်၊ သံသရာကိုလည်ခြင်းစခဲ့ပါသော အချစ်အာရုံက ဝင်လာတတ်သေး ၏။ ထို့ကြောင့်ပင် ရှေးစာဆိုတို့သည် ဘုရားတိုင်ရတုများ ရေးခဲ့ကြ ပါလေသလော။

အတွေးအခေါ် ဆိုသည်ကလည်း ပတ်ဝန်းကျင် အတွေ့ အကြုံနှင့် အသက်အရွယ်ရင့်ကျက်လာသည်နှင့်အမျှ ပြောင်းလဲလာ ခဲ့ရသည်။

"ချစ်တဲ့သူနှင့်လက်ထပ်ရမည့်သူ တစ်ယောက်တည်း" ဖြစ် စေချင်သော ကျွန်မဆန္ဒသည် မဖြစ်ခဲ့ပါပေ။ သတ္တဝါတို့၏ ဇောစိတ် တို့က လူ့ဘဝ သို့မဟုတ် သတ္တဝါတို့၏ကံကို ဖန်တီးသည်ဟုဆိုလျှင် ငယ်စဉ်တုန်းက ထိုအဆိုကို ရယ်မော၍ ပစ်ချင်ခဲ့သည်။ ယခုအချိန် တွင် ပြန်လည်တွေးလာသောအခါ အံ့ဩရ၏။ ကျွန်မက လသာ ဆောင်တွင် ရပ်နေသောအချိန် စိတ်ကသာ သောကဗျာပါဒရှိသည်

ထားဦးတော့၊ ပြာသောကောင်းကင်နှင့် ငွေရောင်တောက်သော လ၏အလှအပများ၊ နူးညံ့ခြင်း၊သိမ်မွေ့ခြင်းများ ကျွန်မအနားတွင် ပြည့်နေ၏။

သူ့မှာတော့ ဖရိုဖရဲအခြေအနေ ပတ်လည်ဝိုင်းနေ၏။ မောပန်းနွမ်းလျသော ရဲဘော်လေးများသည် သူ့အနားတွင် စစ်မြေပြင်မှအပြန် အိပ်စက်နားနေကြပေမည်။

ကိုတင်အောင်ထွန်း၊ ကဲ. . ဟိုတစ်ယောက်မှာတွင်လည်း အမေရိကဆိုသည်မှာ ဇိမ်အကျဆုံးနေရာ၊ တစ်ချိန်တည်း၊ တစ်ညတည်း၊ တစ်ခေတ်တည်းတွင်ပင် လူသုံးဦး၏ အဖြစ်အတွေ့သည် မတူကြပါပေ။

ဂျပန်ခေတ်ကို ပြေးသွားပြန်ကြည့်ကြပါဦးစို့။ သူ စစ်ဝန်ကြီးရုံးမှာ ရုံးထိုင်ရချိန် ဖြစ်ချင်လည်း ဖြစ်မည်။ သို့မဟုတ် ပဲခူးစံပြတွင် ဗိုလ်ချုပ်ကျော်ဇော၏ အပါးတော်မြဲအဖြစ် ထမ်းရွက်နေရချိန်ဖြစ်ကောင်းဖြစ်မည်။

သိမ်ကြီးဈေးတစ်ဝိုက် ပုံးကြခံနေရချိန် ဖြစ်ချင်လည်း ဖြစ်နေပေမည်။

"ဗိုလ်မောင်လေးကြီးလဲပါတာပေါ့၊ ကိုကြီးတို့ရဲဘော်တွေလေ၊ သံယက်မတန်းကြီးတွေအောက်က ပိနေတဲ့ အသက်ရှင်ရက်လူတွေကို ဆွဲဆွဲထုတ်ရတာ တချို့လဲ အသက်ရှင်တယ်သာ ဆိုရ၊ လက်အပြတ်၊ ခြေအပြတ်နဲ့ လူတွေကြည့်မလား။ ပတ်ဝန်းကျင်မှာကလည်း ရုပ်လုံးမပေါ်တဲ့အလောင်းတွေဟာ ပြန့်ကြနေတာ ကြည့်မလား။ အမလေး မြင်မကောင်းပါဘူး"

သူသည် သူ၏စစ်အတွေ့အကြုံ ဂျပန်ခေတ်အတွင်း ပုံးကြခံရသော ရန်ကုန်မြို့၏ နေ့တစ်နေ့အကြောင်းကို ကျွန်မအား တစ်ခါက ပြောပြဖူးပါသည်။

ကျွန်မတို့ ဝါးခယ်မမြို့လေးမှာတော့. . .

*"ဗမာတိုင်းရယ်၊ ဝတ္တရားကိုလည်း ထင်ရှားသိ*

*အောင်၊ အာရှလူငယ်အစည်းအရုံးဌာနက၊ ရင်ဘောင်*
*တည်ကာ၊ ရှေ့ဆောင်ပြုမယ်၊ မြန်မာပြည်အလုံးမှာ၊ မြို့*
*ရွာနယ်ပယ် တို့ကာကွယ်မယ်၊ အကုန်မကျန် ကြွင်းရ*
*အောင်၊ ဒုက္ခအပေါင်း ကင်းစေကြောင်းနဲ့ရယ်၊ ဩော်.*
*. . ဗုံးဘေးမီးဘေး၊ ဒီဝယ်အကြားမှာ ဇမ္ဗူနယ်တစ်လွှား*
*မှာ တူဘွယ်ရှားတဲ့လူငယ်များဟာ၊ စွန့်စားခဲ့ပါသည်"*

ကဲ. . . သူတို့၏တကယ်တမ်း စွန့်စားခန်းများကို ကျွန်မတို့က သီချင်းဖွဲ့နွဲ့၍ ဆိုနေကြချိန်ဖြစ်သည်။ ဩော်. . . ဤတစ်ချိန်လေးကို ရုပ်ရှင်ပညာနှင့်သာ သရုပ်ဖော်ရလျှင် ဇာတ်နာအောင် တမင်ဖွဲ့သည်ဟု ဆိုကြလေမည်လား။ နှိုင်းယှဉ်ခြင်း၊ ခြားနားချက်၊ ဗိုလ်မောင်လေးရန်တွေ့ကောင်းပုံနှင့် ထိုတစ်ချိန်လေး၏ ဇာတ်ကွက်ကို ရုပ်ရှင်ပိတ်ကားပေါ်မှာသာ တွေ့ရလျှင်. . . .

"ကျုပ်တို့မှာတော့ တကယ်လက်တွေ့ မီးလောင်ဗုံးကြဲစစ်ဘေးကြုံနေတဲ့ လူထုကို လက်တွေ့ကယ်တင်နေရဆဲမှာ ခင်ဗျားနဲ့ တင်အောင်ထွန်းက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သီချင်းဆိုကောင်းတဲ့ အချိန်ပေါ့လေ"ဟု ရန်တွေ့ကောင်းတွေ့ပေမည်။

အကြောင်းကံပေပဲ၊ . . . ငှက်ကလေးနှစ်ကောင် ဥခွံလေးများကို မနေ့တစ်နေ့ကမှ ဖောက်ခွဲထွက်လာ၏။ ဥခွံမာမာကိုသော်မှ မိမိနှုတ်သီးများသက်သက်နှင့် ဖောက်သည်မဟုတ်။ မိခင်ငှက်မနှင့် ဖခင်ငှက်ဖိုက သူတို့နှုတ်သီးချွန်ချွန်ကြီးများနှင့် ကြိုတင်ဖောက်ခွဲလမ်းကြောင်း၍ ပေးထားသည်။

ကျဉ်းကျပ်သောဥခွံမှ ခွဲထွက်စက ဟင်းလင်းပွင့်သောလဟာပြင်ကို မြင်အတွေ့တွင် အို. . ကျယ်ဝန်းပြန့်ပျောလှ၏။ ပြာသော ကောင်းကင်ကြီးကလည်း ပိုးသားထီးပြာကြီးလိုပါတကား။ လေပြည်လေညင်းအေးမြ၍ ပန်းရနံ့မွှေးသောလေကို တအားဝအောင် ရှူလိုက်ရ၏။ အဆုတ်ထဲတွင်စိမ့်ဝင်သွားသည်။ အတောင်ပံ

သည် အားအပြည့်ဖြစ်လာ၏။ "ပျံသန်းသွားချင်လိုက်တာ၊ ပိုးသား ထီးပြာကြီးအောက်မှာ တခြားဘာတွေများရှိသေးလဲ။ အို. . . တို့ အသိုက်လေးကလည်း ပူပူနွေးနွေး လေပြည်တိုက်ခတ်လာတိုင်း ဒန်းစီးရသလိုပါပဲလား။ ကြည့်ပါဦး၊ တို့အနားမှာ သစ်ရွက်အညွန့် လေးတွေက နီနီထွေးထွေး၊ တို့အသိုက်အောက်မှာလည်း ပန်းပွင့် လေးတွေ ဖွေးလို့၊ နံနက်နေခြည်နဲ့ သူတို့ဝတ်လွှာတွေဟာ ငွေရောင် တောက်နေကြတာပဲ။

"ကဲလေ. . . အိပ်ချိန်ပါ"ဟု ငှက်ဖိုနှင့် ငှက်မမိခင်တို့က ပြောသည်ကို သတိမရ။

"လဝန်းဝါဝါကြီးဟာ ညကိုရောက်လို့တောက်ပလာတော့ ပိုးသားထီးပြာကြီးဟာ ပိုပြီးလှလာပါလား။ ညမွှေးပန်းလေးတွေကို မအိပ်ဘဲ ကြည့်နေပါရစေဦး အမေရယ်" ငှက်ငယ်လေးများသည် ပြန်ပြောမိ၏။

"အတောင်လေးတွေ နုသေးတယ်၊ လဟာပြင်လေထုထဲကို ဖောက်ခွဲပျံသန်းဖို့ အားမရှိသေးဘူး၊ အချိန်စောသေးတယ်"ဟူ၍ မိခင် ငှက်မကြီး ပြောသည်ကိုလည်း နားမထောင်ချင်။ စူးစမ်းချင် လိုက်တာ သိချင်လိုက်တာ "တို့များအဝေးကြီးကို ပျံသန်းသွားရ အောင်၊ တခြားမှာ တို့လို ငှက်အသိုက်အအုံလေးတွေ ရှိသေးလား။ အို. . . အမေ တခြားဘာတွေရှိသေးလဲ"

"တိတ်စမ်း. . . ပါးစပ်ကို ဟစမ်းပါ၊ အမေတို့ရှာလာတဲ့ အစာတွေကို ခွံ့ပေးမယ်။ မင်းနှုတ်သီးကို ဖွင့်လိုက်စမ်းပါဦး။ အစာ ခွံ့ပေးနေတာကို အေးအေးစားစမ်း၊ ဟင်. . သူတို့အာခေါင်ကဖြင့် နီနီထွေးထွေး သိပ်နုသေးပါလား။ နောက်နေ့ကျရင် လေထဲမှာပျံဝဲ ပုံကို သင်ပေးမယ်။ ပြီးမှ အဝေးကြီးကို အဖေတို့လို ပျံကြည့်သေး တာပေါ့"

ငှက်ကလေးများသည် မိခင်များပြောသည်ကို နားမထောင် ချင်။ သို့သော် အတောင်အားရှိအောင်တော့ စောင့်လိုက်ဦးမည်။

ညအိပ်ချိန်တွင် အမေတို့ အပျံသင်ပေးမည့်အချိန်ကို အိပ်မက်မက်ပြီး အိပ်ပျော်သွားကြ၏။

ဩော်. . . ငှက်ကလေးများ၏ အိပ်မက်. . . အိပ်မက်။ ဥခွံမှဖောက်ထွက်စ တစ်ပတ်မျှမပြည့်သေးသောအချိန်ကို တစ်ဘဝဟုထင်သည်။ သူတို့အသိုက်အအုံရှိရာ ခြံဝင်း၏ဟိုဘက်တွင် နေခြည်ကလည်း ပူနွေး၍ လေညင်းကလည်း အေးနေမည်။ ပန်းများမွှေး၍လကလည်း အစဉ်ဖင် ငွေရောင်အသွေးတောက်ပနေမည်ဟု ထင်ကြသည်။ လမိုက်သောညများအကြောင်းကိုပင် ထည့်၍မစဉ်းစားမိပါပေ။

ငှက်ကလေးများ၏ အိပ်မက်ခန်းတစ်နေရာတွင်တော့ ကျွန်မသည် အနာဂတ်ကို အတိတ်နိမိတ်သဖွယ် အိပ်မက် မက်ခဲ့ရ၏။

မှန်၏။ ဂျပန်ခေတ်ဆယ်တန်းစာမေးပွဲဖြေဆိုအပြီးတွင် ကျောင်းရန်ပုံငွေအတွက် ကျွန်မတို့ ကျောင်းကပွဲ လုပ်ကြသည်။ ထို ကျောင်းကပွဲတွင် အထက်တန်းကျောင်းသူ ကျောင်းသားကြီးများက တစ်ခန်းပါဝင် ကပြကြရသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိုက်မိက ကျွန်မကို လှိုင်ထိပ်ခေါင်တင် လုပ်ရန်ပြောပြ၏။

"မင်းတို့ နာဂဆဒ္ဒန်ဘောလယ်ကို သရုပ်ဖော်ရမယ်။ အဲဒီပြဇာတ်မှာ မခင်ယုက လှိုင်ထိပ်ခေါင်တင်လုပ်ရမယ်"

ကျွန်မသည် ရင်ဖိုသွား၏။ နာဂဆဒ္ဒန် ဘောလယ်မှ မဟုတ်။ လှိုင်ထိပ်ခေါင်တင်ရေးသားသော ပတ်ပျိုးယိုးဒယား၊ ဘောလယ်များကို အထူးနှစ်သက်သည်သာမက သူ့မိခင် မမြလေး၏ မိဖုရားဘဝတွင် ထက်မြက်သောသတ္တိနှင့် အနုပညာကို ပေါင်းစည်းယှဉ်တွဲ၍ အသုံးချတတ်ပုံကို အစဉ် လေးစားခဲ့၏။ မြတ်နိုးခဲ့၏။

သူတို့ ဖွဲ့နွဲ့ခဲ့သောသီချင်းများကို အကုန်အစင် မဟုတ်သော်လည်း ကျွန်မ အတော်များများရ၏။ သို့သော် စည်းနှင့်ဝါးနှင့်

စနစ်တကျ အဖြစ်ရှိအောင် ဆိုပါဆိုလျှင် မဆိုတတ်။ ရေချိုးခန်း မင်းသမီးပီပီ ရေချိုးခန်းထဲတွင် အော်တတ်သည်။ မေမေ့ကိုပင် ခွင့်တောင်းထား၏။ ပျံတာ၊ နံ့တာ၊ ကလက်တာတွေမလုပ်ပါဘူး၊ လသာတဲ့ညမှာတော့ ခြံထဲမှာ သီချင်းဆိုပါရစေ”ဟု ခွင့်တောင်းကာ ကျွန်မသည် ညဘက်တွင် သီချင်းဆိုတတ်သည်ကလွဲ၍ စည်းနှင့် ဝါးနှင့် မဆိုတတ်ပေ။

ဒီလိုပုံစံနှင့် မိန်းကလေးက လှိုင်ထိပ်ခေါင်တင်လုပ်ရမည် ဆိုတော့ ရင်ဖို၍လာ၏။

“ဆရာမကလဲ မယုသီချင်းတွေရတာက မေမေ ကလေး သိပ်ရင်း ဆိုရာက တစ်ဆင့်ကြားရတဲ့သီချင်းတွေ။ ပြီးတော့လဲ လှိုင် ထိပ်ခေါင်တင်ဆိုတော့ အဆိုအပြော နှစ်ခုစလုံးတော်မှ။ ထီးဟန် နန်းဟန်။ အို. . မယု ထီးသုံးနန်းသုံးစကားတွေလဲ မပြောတတ်ဘူး”

“ဟဲ့. . ကောလိပ်စိန်ကိုယ်တိုင်က နန်းတော်ထဲမှာ မိဖုရား တွေ ပြောလေ့ပြောထရှိတဲ့ ထီးသုံးနန်းသုံးစကားတွေ သင်ပေးမှာ”

ကောလိပ်စိန်မှာ ဝါးခယ်မနယ် ထီးမနန်းရွာဇာတိဖြစ်၏။ စစ်ဖြစ်ချိန် ဝါးခယ်မအရှေ့ပိုင်းတွင် နေပါသည်။ ကျွန်မ၏ကြီးဒေါ် ဒေါ်ဒေါ်ယုံနှင့် ညီအစ်မဝမ်းကွဲတော်ပါသည်။

“ဒီတော့ စကားပြောဟန်ကို သူ့ဆီက သင်ယူတာပေါ့။ သူကလဲသင်ပေးမယ်တဲ့။ မင်းအပြောကောင်းရင် ပြီးတာပဲ။ မိဖုရား တွေက သီချင်းကိုရေးစပ်ပြီး သူတို့ဘာသာ ဆိုကြည့်တာပဲ။ တကယ် တမ်း သူတို့ မောင်တော်တွေဆီ ဆက်သွင်းတော့ အထိန်းတော်တွေ လွှတ်တာ၊ ခုလဲ အထိန်းတော်လုပ်ဖို့ ခင်အုံတို့ ခင်ဆုံတို့ ရှိပါတယ်။ ခင်အုံအဖြစ် မမြရှင် လုပ်မှာ၊ (ယခု စန္ဒယားလှထွတ်၏ အစ်မရင်း) သူက သီချင်းအဆိုကောင်းပဲ။ ဒါအတွက် မပူနဲ့။ ခင်ဆုံက မခင်နု (ယခုဖဆပလဦးချိုဒိုး၏ဇနီး)လုပ်မှာ။ ကနောင်မင်းသားအဖြစ် ခင် မောင်စု (ယခု ပါတီယူနစ်တစ်ခုတွင် ကြီးကြီးမာစတာတစ်ယောက် ဖြစ်နေသည်ဟုဆိုပါသည်)လုပ်မှာ။အေး. . မင်းက အပြောကောင်း

တော့ လှိုင်ထိပ်ခေါင်တင်အဖြစ် ချက်ပိုင်ပိုင် ပြောရမယ်”

ထိုကျောင်းကပွဲတွင် သလွန်တော်အထက်မှ မခိုတရို့ မိဖုရားထိုင် ထိုင်ကာ ကျွန်မသည် လှိုင်ထိပ်ခေါင်တင် လုပ်ခဲ့၏။

“မယ်တော်ဘုရားက ထိပ်ထားကိုဆုံးမခဲ့ပါတယ်။ အိမ်ရှေ့မင်းနန်းလျာဟာ မင်းပျိုမင်းလွင်များထဲမှာ မျက်နှာပွင့်သူမို့ မေတ္တာတော်မမျှပါနဲ့လို့ အတန်တန်မိန့်မှာဆိုထားပါလျက်နဲ့ ထိပ်ထားဟာ မောင်တော်ကနောင် အိမ်ရှေ့မင်းသားအပေါ် မေတ္တာတော် တိမ်းညွတ်မိတယ် အထိန်းတော်ကြီးတို့ရဲ့။ ရှေးလူကြီးများစကား တယ်မှန်တယ်နော်။ နိမသောင် နောင်မှသိဆိုတဲ့အတိုင်း ယခုတော့ မောင်တော်ဘုရားဟာ ထိပ်ထားအပေါ် စိမ်းကားတော်မူလိုက်တာနော်”

ကျွန်မသည် ကျောင်းကပွဲတွင် ထိုစကားလုံးများကို ရွတ်ဖတ်ခဲ့ရပါသည်။

ယခု တကယ့်ဘဝကပွဲတွင် မေမေက အတန်တန်ချစ်တုံ့မပြန်ရန် တားမြစ်ခဲ့သော ကိုတင်အောင်ထွန်းကို ချစ်ခဲ့မိသည်။

တော်ပါသေး၏။ ဘုရားသခင် တန်ခိုးတော်ပါပင်တည်း။

ငှက်ငယ်လေးနှစ်ကောင်၏အိပ်မက်ခန်းတွင် လဝန်းကြီးရှိရာသို့အသိုက်မှခွဲခွာကာ အရဲစွန့်ပျံသန်းမိခဲ့ပါလျှင် ကျွန်မ၏ မိုးသောက်ယံသည် တွေးရဲစရာရှိမည်မဟုတ်ပါပေ။

အဘယ်ကြောင့်ဆိုသော် လဝန်းရှိရာသည် ပန်းများဖွေးသောလမ်းမှ လေပြည်လေညင်းများကို ဖြတ်သန်း၍ ပျံရသည် မဟုတ်။ လေထုလွှာအမျိုးမျိုးကို ဖောက်ခွဲ၍ ပျံသန်းသွားရာ၌ အတောင် တဖတ်တလေများကျိုး၍ မြေပြင်ကို ပြုတ်များကျလိုက်လျှင်. . .

မောင်က ကျွန်မကို ကူတွဲဖေးမ၍ဆက်လက်ပျံသန်းမည် မဟုတ်။

လှိုင်ထိပ်ခေါင်တင်လိုလည်း မြနားဋောင်း၊ မြဘယက်၊ မြလက်ဝတ်ရတနာများဝတ်ဆင်၍မြပဝါခြုံကာ မောင်တော်ကနောင်

မင်းသား၏ ရက်စက်စိမ်းကားပုံကို ဝင်ရောက်လျှောက်တင် သံတော်ဦးတင်ဖို့ မင်းတုန်းမင်းတရားကြီးနှင့် ဆင်ဖြူမရှင် မိဖုရားကြီးတို့ကလည်း ကျွန်မတကယ့်ဘဝဇာတ်လမ်းတွင် ရှိချင်မှ ရှိပေမည်။

ဪ. . . အဖွဲ့အနွဲ့ အပြောအဆို နန်းမှုနန်းရာတို့နှင့် ချစ်စဖွယ်ကောင်းသော လှိုင်ထိပ်ခေါင်တင်လို အိမ်ရှေ့မိဖုရားသော်မှ သူ၏ စောင်းကို နူးညံ့စွာကိုင်တွယ်တတ်ပါသော်လည်း မေတ္တာဘွဲ့ကို တီးခတ်ရာ၌ မေတ္တာစောင်းကြိုးသည် ခဏခဏပြတ်ခဲ့ရ၏။

မိုးသောက်ယံတွင် ငှက်ငယ်လေးတို့သည် အိပ်ရာမှနိုးကြပြီ။ လဝန်းကြီးလည်းပျောက်၍ နေရောင်အောက်တွင် မိမိတို့ ပျံရမည့် ခရီးလမ်းကို ငှက်ကလေးတို့ပြတ်သားစွာ မြင်တွေ့ရပေပြီ။

* * *

ကျွန်မသည် နေရောင်အောက် ရောက်သောအခါ ဘဝသည် အိပ်မက်ခန်းမဟုတ်သည်ကို နားလည်လာ၏။ အိပ်မက် မက်တတ်သော ငှက်ငယ်လေး မဟုတ်ပါတော့ပြီ။

"ကဲလေ. . ကိုယ့်နောက်ကို ရဲရဲလိုက်ခဲ့စမ်းပါ။ကျွန်တော်လေထုကို ဖောက်ခွဲရပါတယ်"ဆိုသော ဖိုးကျော်သောင်းဆိုသူနှင့် ဒုတိယအကြိမ် တွေ့သောအခါ ကျွန်မ ကြောက်တတ်နေပေပြီ။ မေမေ့လက်ကို မဖြုတ်ရဲတော့ပေ။ ဒါကြောင့်ပင် "မေမေ လာအောင် စောင့်ပါဦး"ဟု သူ့ကို တောင်းပန်ရခြင်းဖြစ်၏။

မေမေရောက်လာပြီးနောက် မေမေက သူ့ကိုတွေ့ရန် ချိန်းဆိုလိုက်ပါသည်။

ပထမချိန်းသောနေ့တွင်မူ မြောင်းတံငါဘက်ရှေ့တန်းကို သူ သွားနေ၍ မလာနိုင်ခဲ့ပါ။ သူနှင့်မေမေတွေ့ဖြစ်သော အချိန်တွင်လည်း ကျွန်မက ရုံးတက်နေရပါသည်။

ကျွန်မ ရုံးဆင်းလာလျှင် မေမေက သားမက်လောင်းနှင့် တွေ့ခန်းပြောပြ၏။

ပြုံး—စာပေ

"မေမေကလေ မျက်စိကလဲမှုန်တော့ ဘယ်ကရဲဘော်လေး လဲလို့၊ သူ ဂျစ်ကားကိုမောင်းလာတယ်။ ဂျစ်ကားကလဲ စုတ်လိုက်တာ။ ပြီးတော့ ခုံဖိနပ်ကလည်းဖင်ပိုင်းပြတ်နဲ့၊လုံချည်အနီရဲရဲ မန်ကျည်းစေ့အကွက် ဝတ်လို့၊ စစ်စွပ်ကျယ်အစိမ်းနဲ့ ရှပ်အင်္ကျီတောင် မဝတ်ဘူး။ 'ဟဲ. . ဟဲ ကျွန်တော်မောင်ကျော်သောင်းပါ'တဲ့။ မေမေလဲ နေရာပေးပြီး စကားပြောရတာပေါ့"

ကျွန်မသည် မေမေပြောသည်ကို နားထောင်ရင်း ရင်ထဲမှ ရယ်ချင်လာ၏။

"ပြီးတော့ အသားကလဲ ညိုလိုက်တာ၊ သူ ခေါင်းတုံးဆံတောက် ညှပ်ထားတယ်နော်"

မေမေပြောပြသော သူ့ပုံစံကို ကျွန်မမျက်လုံးထဲတွင် ပေါ်လာပါပြီ။ ယခုတစ်ခါတော့ ဖွင့်၍ရယ်မိ၏။

"ဘာကိစ္စရယ်ရတာလဲ"

"သမီးရယ်ချင်လို့ပါ။ ဒါနဲ့ မေမေ သူ့ကိုဘာပြန်ပြောလိုက်လဲ"

"ဘာပြောရမလဲသမီး။ အလ္လာပ သလ္လာပပြောပြီး မေမေတို့အိမ်ကို ဝင်ထွက်သွားလာပြီး မေမေတို့မိသားစုကို ဆက်ဆံကြည့်ပါလို့ ဒါပဲပြောရတာပေါ့"

"မေမေ. . သူ့အပေါ် ထင်မြင်ချက်ကိုမေးတာပါ"

"ဩော်. . . လူတစ်ယောက်ကို ပထမဆုံး မြင်မြင်ချင်းသူ့စာရိတ္တကို ကောက်ချက်ချလို့ ဘယ်ဖြစ်မလဲ။ မောင်တင်အောင်ထွန်းကို ကြည့်ပါလား။ သူ့ရုပ်ရည်၊ သူ့ပညာအရည်အချင်း၊ သူ့မိဘအသိုင်းအဝိုင်း၊ ငွေကြေးချမ်းသာပုံတွေနဲ့ဆိုရင် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပေါ့၊ ဘယ်သမီးရှင်မှ လက်လွှတ်မခံနိုင်တဲ့အမျိုးအစားပဲ။ မေမေ့အတွက်တော့ သမီးရဲ့ ရေရှည်ခရီးကို ကြည့်ရလို့ပါ"

မေမေက ဒါပဲ ပြောပြ၏။

နောက်နေ့ မနက်စောစောကြီးတွင် ကျွန်မထင်သည့်

အတိုင်း သူ့ထံမှ တယ်လီဖုန်းလာပါသည်။

"ကဲ. အချို၊ အချိန်မရှိလို့ ကျွန်တော် နောက်နှစ်ပတ်လောက် ဒီမှာမရှိနိုင်ဘူး။ အချို့မေမေက ဘာပြောလဲ၊ အကျဉ်းချုပ်ပြောပါ။ ဆယ်မိနစ်ပဲ အချိန်ရမယ်။ ယောက္ခမလောင်းကြီးပုံစံကတော့ စကားပြောပုံရော မျက်နှာအေးချမ်းပုံရော မဆိုးပါဘူး။ တော်စရာရှိလဲ ယောက္ခမ တော်ပစ်ပါရစေ။ အချိန်ဆွဲမနေပါနဲ့ အချိုရာ"

"အမလေး ဖြည်းဖြည်းမေးပါ မောလိုက်တာ။ မေမေက ဝတ်စားလာတဲ့ပုံစံကိုပြောပြတယ်။ ဘာဖြစ်လို့ ပုံပျက်ပန်းပျက် လုပ်လာရတာလဲ။ နည်းနည်းတော့ ရှုံးထုတ်ဦးမှပေါ့"

"အို. . . ယောက္ခမလောင်းကို ပညာစမ်းရတာ"

ကျွန်မသည် မေမေ့ပြောသမျှ သူ့ကိုပြောပြလိုက်ပါသည်။

နောက်တစ်လလောက်တွင်မူ ကျွန်မတို့နှစ်ယောက် ရုပ်ရှင်အတူကြည့်ခွင့် မေမေက ပေးပါသည်။

* * *

"ကလင်. . ကလင်" တစ်နေ့တွင် ရုံးသို့ရောက်ရောက်ချင်း တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်သောအခါ တစ်ဖက်မှ ဗိုလ်မောင်ကလေးအသံ ကြားလိုက်ရပြန်သည်။

"မခင်ယု. . . ညက စစ်ရဲတပ်ရင်း(၄)တန်းလျားကို မီးလောင်သွားတယ်လေ။ ခင်ဗျား မသိဘူးလား" သူက တုန်တုန်ယင်ယင်နှင့် ပြော၏။

"သိပါတယ်" ကျွန်မက ဖြေလိုက်၏။

"ဒါနဲ့များ နေနိုင်လိုက်တာဗျာ. . . ကိုကျော်သောင်းကြီးပျောက်နေပြီ။ သူ့ကားမောင်းတဲ့ ရဲဘော်လေး ထွန်းရှင်ကလည်းအဲဒီ ဂျစ်ကားကိုသာ ကိုယ်လွတ်ရုန်းပြီး မောင်းထွက်ပြေးရတယ်။

အခု သူလည်း သူ့ဗိုလ်မှူးကို ရှာမတွေ့လို့တဲ့။ မီးလောင်ပြင်မှာ အလောင်းတစ်လောင်းတော့ တွေ့တယ်။ သူ့အလောင်း မဖြစ်ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းနေရတယ်"

"ကျွန်မလဲ ဆုတောင်းပါတယ်"

ကျွန်မသည်လည်း ဆုတောင်းရုံကလွဲ၍ ဘာမှမတတ်နိုင်ပါ။ စောစောစီးစီး ရုံးကိစ္စရှိသမျှကို လုပ်နေရ၏။

နေ့လယ်လောက်တွင် ကျွန်မထံသို့ တယ်လီဖုန်းရောက်လာပြန်သည်။

"အချို"

"အမလေး" ရုတ်တရက်တော့ ကျွန်မ တုန်သွား၏။ တစ်ဖက်မှအသံမှာ ဗိုလ်မောင်လေးအသံ မဟုတ်၊ သူ့အသံ။

"ဒါနဲ့. . ဒါနဲ့ဗိုလ်မောင်လေးပြောတော့ ဖိုးကျော်သောင်းကြီး ရှာမတွေ့ဘူးဆို"

"အခြေအနေတွေ နောက်မှပြောပြမယ်။ အခုလောလောဆယ် ကိုယ့်မှာလေ ဘာမှမရှိဘူး။ အရေးကြီးတဲ့ ကိစ္စတွေရှိသေးတယ်"

သူ ဒါပဲပြောကာ တယ်လီဖုန်းကို ချသွား၏။ ကျွန်မရုံးမှ ညနေဘက် စောစောဆင်းရန် ခွင့်တောင်းရ၏။ ရုံးကအပြန်လမ်းတွင် ဗိုလ်ချုပ်ဈေးကို ဝင်ရသည်။ နွားရိုင်းပလေကပ် လုံချည်နှစ်ထည်ဝယ်ကာ သေသေသပ်သပ်ထုပ်၍ ဝိုင်အမ်စီအေသို့ပို့လိုက်သည်။

ပို့ပေးသူမှာ ဆရာဦးစိုးတင်(ဘကြီးစိုးမြို့မဟောင်း)ဖြစ်၏။ ဆရာ့ကို ဗိုလ်မောင်လေးရှိရာ ဝိုင်အမ်စီအေ ပို့ခိုင်းရခြင်းမှာ သူ ဘယ်နေရာရောက်နေသည်ကို ကျွန်မ တယ်လီဖုန်းထဲတွင် မမေးလိုက်ရသောကြောင့် ဖြစ်သည်။

ဆရာသည် ထိုနေ့ညတွင်ပင် ကျွန်မဆီ ပြန်ရောက်လာ၏။

"ဟဲ့. . . မခင်ယုရဲ့ငါလေ ဗိုလ်မောင်လေးဆိုတဲ့သူကိုရော အဲဒီ ဗိုလ်မှူးကျော်သောင်းကိုပါ တွေ့ခဲ့တယ်။ ငါ့တပည့် မင်းကိုငါ ဝါးခယ်မမှာ စာသင်ကတည်းကရော၊ ရန်ကုန်ရောက်တော့ရော တပည့်တစ်ယောက်အနေနဲ့ တင်မဟုတ်ဘူး။ ညီမလေးတစ်ယောက် လိုလည်းချစ်ခဲ့၊ စောင့်ရှောက်ခဲ့တယ်၊ တင်အောင်ထွန်းကလဲ ငါ့ တပည့်ပါပဲ၊ ဒါပေမယ့် ဘာပဲပြောပြော ဖိုးကျော်သောင်းကြီးကို လက်ထပ်ပါဟယ်"

"အလိုလေး. . . ဆရာကလဲ မြင်လျှင်မြင်ချင်း ဆိုတာကျ နေတာပဲ။ ဆရာက ဘယ့်နှယ်လုပ်ပြီး မယုနဲ့ ဖိုးကျော်သောင်း အကြောင်းကိုသိလဲ"

"ခင်ဗျားရဲ့ ဆရာမကြီးဒေါ်ပိုက်မိက ငါ့ကို အားလုံးပြောပြ ပြီးသား။ ငါ့လူက အသားမည်းတာတစ်ခုပဲ။ သူ့မျက်နှာမြင်တာနဲ့ သူ့စိတ်ရင်း အေးပုံဟာ သိပ်ထင်ရှားတာပဲ" ဟု ဆရာကပြောပြ၏။

"ဒီလူ တော်တော်စည်းရုံးရေးကောင်းတယ်နော်။ဝါးခယ်မ သူကို ယူချင်တာနဲ့ သူ့စစ်ရဲတပ်ထဲက ဝါးခယ်မသားရော ဆရာတို့ ကိုပါ စည်းရုံးနိုင်တာပဲ"

ကျွန်မသည် ကျွန်မ၏အချစ်ကိစ္စများ ကျောင်းကတည်း က ကျောင်းသားအရွယ်ရရှိသော ရည်းစားစာများကို ဆရာနှင့် ဆရာမတို့အား ပြကာ တိုင်ပင်ခဲ့ပါသည်။ ကိုတင်အောင်ထွန်းစာကို ပထမရစဉ်ကလည်း ဆရာ့ကိုပြခဲ့ပါသည်။

ဆရာက "မိခင်ယု၊ ဒီကိစ္စမှာ မင်းတိုင်ပင်ဖို့အသင့်ဆုံးက မင်းမေမေပဲ။ မင်းရဲ့မေမေဟာ သာမန်မိခင်တစ်ယောက်မဟုတ် ပါဘူး" ဟု အကြံဉာဏ်ပေးခဲ့ဖူးပါသည်။

"ကဲပါလေ. . ဆရာပြန်တော့မယ်"ဟု ဆရာကနှုတ်ဆက် တော့မှ ကျွန်မ ပြုံးလိုက်ပါသည်။

"ဟိုကဖြင့် သူပေးတဲ့ ပုဆိုးနှစ်ထည်ကို ပြုံးပြုံးပြုံးပြုံးနဲ့ ကြည့်ရင်း"ကျွန်တော် ခုချက်ချင်း ဝတ်လိုက်တော့မယ်တဲ့။ ကျေးဇူး

တင်ပါတယ်လို့ အချို့ကိုပြောလိုက်ပါတဲ့။ ကဲ. . . သွားမယ်”ဆရာသည် နှုတ်ဆက်ကာပြန်သွားတော့၏။

ကျွန်မ၏နှလုံးသားများသည် ရှေးဟောင်းသီချင်းလေး တစ်ပုဒ်ကို တီးတိုးစွာဆိုနေမိ၏။ ကျွန်မ ကြားပါရက်နှင့် မကြားသလိုနေမိသည်။

*“မချစ်ဘူးကွယ်၊ မကြိုက်ဘူးကွယ်၊*
*မမလေးရယ် မင့်နဖူး၊ ညှင်းဘယ်ကကူး”*

*　　*　　*

နောက်တစ်ပတ်တွင်မူ မီးလောင်ပြာကျ ကျန်ရစ်သော စစ်ရဲတန်းလျားကို သူခွဲခွဲ၍ ဗမာ့တပ်မတော်သို့ ပြောင်းရွှေ့သွားရမည့် အကြောင်းကြားစာနှင့်အတူ သူ့ဓာတ်ပုံကို ပို့လိုက်ပါသည်။

သူ ကျွန်မထံသို့ ပထမဆုံးပို့သောဓာတ်ပုံဖြစ်၏။ စစ်ဝတ်စုံကို မဝတ်၊ သာမန်အရပ်သားအဝတ်ကို ဝတ်ထားပါသည်။ သူ့ဓာတ်ပုံနောက်တွင်မူ အောက်ပါကဗျာကို လက်နှိပ်စက်စာလုံးဖြင့် ဖော်ပြထားပါသည်။

**INVICTUS**

Out of the night that covers me,
Black as the pit from pole to pole,
I thank whatever gods may be
For my unconquerable soul.
In the fell clutch of circumstance
I have not winced nor cried aloud.
Under the bludgeonings of chance
My head is bloody, but unbowed.

ဓာတ်ပုံနှင့်အတူပါလာသောစာထဲတွင်မူ ထိုကဗျာပိုဒ်ကို

မြန်မာလို ဖော်ပြထားပါသည်။

*"ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမှောင်မိုက် အတွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ် သောငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါ ကျေးဇူးဆိုပါ၏။*

*လောကဓံတရား၏ လက်ဆုပ်တွင်းသို့ ဘယ်လို ပင် ကျရောက်နေသော်လည်း ငါမူကား မတုန်လှုပ်၊ မငို ကြွေး၊ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ညွတ်ကား မညွတ်။"*

"ကိုကြီးရဲ့ ဓာတ်ပုံနောက်ကျောက ကဗျာတစ်ပိုဒ်ဟာ အင်္ဂလိပ်ကဗျာထဲကပဲ။ ကိုကြီးတို့ရဲ့ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ရွတ်လေ့ရွတ်ထ ရှိတဲ့ကဗျာ။ ဆရာဦးညိုမြ မြန်မာ ဘာသာပြန်တာကို ကိုကြီးရဲ့စာထဲမှာ ထည့်သွင်းဖော်ပြလိုက်ပါ တယ်"

ဒါပင် သူ့စာထဲမှာတွေ့ရှိရပါသည်။ ဗိုလ်သင်တန်း မတက်ခင် ကျွန်မတို့ စေ့စပ်ကြောင်းလမ်းလိုက်၏။ လက်ထပ်ရက်ကိုမူ မေမေက မသတ်မှတ်သေးပါ။

* * *

## အခန်း(၃)

**အခါတော်ပေးတာက. . . .**

**ချို . . .**

*လက်ထပ်ဖို့ ၂၃ နိုဝင်ဘာကို ရွေးသည်။*

*ကျော်သောင်း*

ကျွန်မတို့လက်ထပ်ရန် ရက်ရွေးစဉ်က သူသည် ဗိုလ်သင်တန်းမှဆင်း၍ ဗမာ့တပ်မတော်အတွင်းသို့ ပြန်ဝင်ရောက်နေချိန်ဖြစ်၏။ ဗိုလ်သင်တန်းမှဆင်းသောအခါ ဒုဗိုလ်အဖြစ်နှင့် စစ်ဝန်ထမ်း တပ်ရင်းမှူးတာဝန်ကိုယူကာ စစ်ကိုင်းသို့ သွားရောက်ရ၏။ စစ်ကိုင်း၊မုံရွာ၊ ရွှေဘိုမှ စစ်ဝန်ထမ်းတပ်သားများကို စိစစ်၍ စနစ်တကျ ဗမာ့တပ်မတော်အတွင်းသို့ သွတ်သွင်းရန်ဖြစ်၏။

အထက်ဗမာပြည် မ,သုံးလုံးနယ်မြေကို ကွန်မြူနစ်တို့လက်လွတ်ပြီးနောက် အခြေအနေအရပ်ရပ်ကို အစိုးရဘက်မှ ထိန်းသိမ်းနိုင်ခဲ့ပြီဆိုသော်လည်း လုံးဝငြိမ်းချမ်းရေးကို မရနိုင်ခဲ့သေးပါ။

ဝန်ကြီးချုပ်သည် အညာမြေ၏စိတ်ဓာတ်တက်ကြွမှုနှင့် အခြေအနေအရပ်ရပ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန်အတွက် မန္တလေးသို့ တစ်လခေတ္တပြောင်းရွှေ့ ရုံးထိုင်ပါသည်။

ကျွန်မမှာသာ ကျန်းမာရေးချွတ်ယွင်းနေ၍ အနားယူရန် ဝန်ကြီးချုပ်က ခွင့်တစ်လပေးခဲ့၏။

သောင်းကျန်းသူများအရှိန်ပြင်းထန်နေဆဲက ရုတ်တရက် သိမ်းသွင်းတည်ထောင်ခဲ့ရသော စစ်ဝန်ထမ်းတပ်ဖွဲ့များကို တဖြည်းဖြည်းငြိမ်ဝပ်ပိပြားမှုရလာသည်နှင့် စနစ်တကျ သူတို့ကို ပုံစံသွင်း

ရန်လိုအပ်ပါသည်။

ထိုအပြောင်းအလဲတွင် သူ့နယ်တွင်း၌ သောင်းကျန်းသူများ အချို့မြို့များကို ခဏခဏ ဝင်ရောက်စီးတတ်ပါသည်။ တပ်စွဲထား၍တော့ မရပါ။

"ကဲ. . . မရွှေယု၊ တင်တင့်အခြေအနေက မဟန်ဘူးနော်။ လက်ထပ်မယ့်ကိစ္စကို စောစောစီးစီး လက်ထပ်ပါလား။ နေ့ရွှေညရွှေနဲ့ စေ့စပ်ထားတာ ဒေါ်ဒေါ်ခင်အထင် တစ်နှစ်ပြည့်တော့မယ် ထင်တယ်။ ဗိုလ်သင်တန်းတက်နေတာပဲ ဧလကြာတယ်"

မေမေ၏ ညီမဝမ်းကွဲ ဒေါ်အုံးခင်သည် ဆွေစုမျိုးစု၏ လက်ထပ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စများတွင် သူက အမြဲလိုပင် တာဝန်ယူ၏။ မေမေ့နာမည်မှာ ဒေါ်သိန်းတင်ဖြစ်သော်လည်း ဆွေမျိုးများက တင်တင် ဟူ၍ခေါ်သည်။

"ဟုတ်တယ်၊ တစ်နှစ်ပြည့်ခါနီးပြီ"

"အဲဒါ ဘာကိစ္စအချိန်ဆွဲနေလဲ။ မောင်ကျော်သောင်းက သစ္စာမဖောက်ဘူးပဲထား၊ ကာလကြီးက မကောင်းလိုက်တာ၊ တော်ကြာ အပျိုတစ်ခုလပ်ဖြစ်နေမယ်"

"တစ်ခုမကလို့နှစ်ခုပဲလပ်လပ်၊ လူများဖြင့် သေတော့မယ်"

ကျွန်မမှာ ထိုအချိန်က ဝမ်းကိုက်ပိုးများ အသည်းတွင်းသို့ ရောက်နေပြီဆိုလား မသိပါ။ အင်မတန်းခေါ် ဝမ်းကိုက်ရောဂါ ပျောက်ဆေးကို အထိုးလွန်၍ လူမှာ အားယုတ်နေရုံမက အသည်းရောင်ရောဂါကြောင့် တစ်ကိုယ်လုံး ဝါထိန်နေပါသည်။

"သီလရှင်လုပ်မှာလဲ မဟုတ်ဘဲနဲ့၊ ဒီသူငယ်မလေးကို စကားပြောရတာ သိပ်ခေါင်းမာတာပဲ။ တင်တင် စိတ်ချလက်ချရှိအောင် လက်ထပ်ရမယ်"

"စေ့စပ်ပြီးမှပဲဟာ၊ ဘယ်သူက လက်မထပ်ပဲနေမလဲ။ မိန်းကလေးကများ သစ္စာဖောက်မတဲ့လား၊ ဒေါ်ဒေါ်ခင်ကလဲ၊ အဲဒီဝမ်းကိုက်ပိုးကလဲ အသည်းရော နှလုံးရောကိုက်ရင်ပြီးရော။ မြန်

မြန်သေ အေးတာပဲ” ကျွန်မစိတ်တိုတိုနှင့် ပြောမိ၏။ ဒေါ်ဒေါ်ခင်ကတော့ သူ့ယောကျ်ားဆရာဝန်ကို အိမ်ပေါ်သို့ပင့်ခေါ်ကာ ဆေးကုကြပါသည်။ တန်ဆောင်မုန်းလသို့ ဝင်လာမှပင် ရောဂါသက်သာပါသည်။

လက်ထပ်ရက်ကိုလည်း သံကြိုးနှင့်အပြန်အလှန် ရွေးကြသည်မှာ သူ့ဆီက နောက်ဆုံး နိုဝင်ဘာ၂၃ရက်၊ တန်ဆောင်မုန်းလဆန်း(၁၄) ရက်ကို လက်ခံကြောင်း သံကြိုးပြန်လာပါသည်။

ကျွန်မသည် အိပ်ရာပေါ်မှနားနားနေနေပင် တစ်ယောက်တည်း စီစဉ်ရ၏။ လိုအပ်သမျှကိုတော့ အဒေါ်များက စီစဉ်ပေးပါသည်။

အိပ်ရာခမ်းနားအတွက်ကိုမူ ကျွန်မကြိုက်သော ရေရောင်ကို ဒေါ်ဒေါ်ခင်တို့ မရှာတတ်ပါ။

“ကဲ. . . ရေရောင်ဆိုတာ ဘာအရောင်လဲ. . ” ဒေါ်ဒေါ်ခင်က မေး၏။

“ဟိုဒင်း သင်္ဘောစီးသွားတော့ နေဝင်ခါနီးရေပြာပေါ်မှာ နေခြည်ပက်နေတဲ့ အရောင်လေ”

“အဲဒါတော့ ကျုပ်တို့လဲ ပန်းချီဆရာမဟုတ်တော့ အရောင်အကြောင်း နားမလည်ဘူး”

ဒေါ်ဒေါ်ခင်သည် ရေပြာရောင်နှင့်အနီးစပ်ဆုံး တီဂျူးမားမှ ငွေပြာရောင်ဖဲစကို အိပ်ရာဖုံး၊ ခေါင်းအုံးစွပ်များချုပ်ရန်ဝယ်ပေးပါ၏။ မွေ့ရာစမှာလည်း အပြာခက်ပန်းများ ယှက်သွယ်နေသောအစ ဖြစ်သည်။

သိုးမွေးရောင်အပြာနုကိုမူ ဂျူဒါရိုစ်တံဆိပ် အင်္ဂလန်ဖြစ်ကို ကျွန်မ ရွေးချယ်လိုက်၏။

အဝတ်အစားချုပ်လုပ်ရန်အတွက် သတို့သားကိုယ်တိုင်လိုနေပေသည်။

“ကျွန်တော်တို့နှစ်ယောက် ပုဆိုးအကျႌအတူတူပဲ။ တစ်

ယောက်အင်္ကျီ တစ်ယောက်ဝတ်တာပဲ”

ကိုမြညွန့်က ဆို၏။ ဘီအိုင်အေ-ဘီဒီအေ၊ ရဲဘော်ဟောင်းများမှာ ဒီအတိုင်းပင်ဖြစ်၏။ အထူးသဖြင့် သူ၏ရဲဘော်များထဲတွင် ညီငယ်ရင်းသဖွယ် ကိုမြညွန့်ကို အချစ်ပိုပုံရသည်။ ယခင်က ခြင်ထောင်တစ်လုံးထဲတွင် နှစ်ယောက်အတူအိပ်ကြသည်ဟု ဆို၏။ ကိုမြညွန့်ကမူ ထိုအချိန်က တက္ကသိုလ်တွင် ပညာသင်ဆဲဖြစ်ပါသည်။ စစ်ရဲတပ်ရင်းတွင် သူ ဒုတပ်ရင်းမှူးလုပ်စဉ်က သူ့ထံမှ စာများ ယူလာသူထဲတွင် ကိုမြညွန့်တစ်ယောက် အပါအဝင်ဖြစ်ခဲ့ပါသည်။

“ကဲ. . . ဒီလိုဆို စကော့ဈေးတော့ ကျွန်မသွားနိုင်ပါတယ်”

ကျွန်မသည် ကိုမြညွန့် ကိုယ်အတိုင်းနှင့်ပင် သတို့သားအတွက် အဝတ်အထည်များ ချုပ်ပါသည်။ ပုဆိုးကိုလည်း ဗန်ကောက်လုံချည် အပြာနုရောင်ကို ရွေးဝယ်ပါသည်။

ခေါင်းပေါင်းဝယ်မည့်အခါတွင်မူ ကိုမြညွန့်က ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

“ဒီမှာ မယု၊ ခင်ဗျားလူရဲ့ခေါင်းပုံစံကတော့လေ သူ တစ်ယောက်တည်းပဲ ရှိတာနော်”

ကိုမြညွန့်က ဆို၏။

“ဟင်. . . ဘယ်လိုလဲ၊ ဘာပုံစံလဲ”

“နောက်စေ့က ချွန်းတယ်ဗျ၊ ခေါင်းပေါင်းက အဆင်သင့်ဝယ် ရင်ရပါတယ်။ သူရောက်လာမှ ကျွန်တော်သူ့ကိုခေါ်ပြီး အမိဝယ်ပေးပါ့မယ်။ စကော့ဈေးနောက်ဘက်တန်းက ခေတ်ပျက်ပြီးစတုန်းက ကျွန်တော်တို့ စတည်းချရာမို့ ဒီဆိုင်တွေနဲ့ ရင်းနှီးပါတယ်။ စိတ်ချ ကျွန်တော်ဝယ်ပေးပါ့မယ်”

ကျွန်မသည် လက်ထပ်ရန်ပစ္စည်းဝယ်ခြမ်းရာတွင် အမေဖြေ ခေတ္တနားစဉ်သော်လည်းကောင်း၊ အင်္ကျီများချုပ်ရန် အပ်စဉ်တွင်လည်းကောင်း၊ စကော့ဈေး ဒေါ်မမလေး(အပျိုကြီး) ဆိုင်တွင်

စတည်းချပါသည်။ သူက ကျွန်မကို ညီမလေးလိုချစ်ပါသည်။ စိတ်တိုင်းကျ စီစဉ်ပေးပါသည်။

"မယုရဲ့ သတို့သားက မဆိုးဘူးနော်၊ လူချောပဲ"

ဒေါ်မမလေးက ဆို၏။

"အစ်မကြီး ဘယ်တုန်းက မြင်ဖူးလို့လဲ"

"ဟဲ့. . မယုနဲ့အတူတူ လက်ထပ်ဖို့ပစ္စည်းတွေ ဝယ်ခြမ်းနေတဲ့ သူငယ်မဟုတ်လား"

ကျွန်မက ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ သတို့သားကဖြင့် ဘယ်ရောက်နေမှန်းမသိပါဘူး။ မယုနဲ့တွဲပြီးပစ္စည်းတွေဝယ်တဲ့လူက သူ့သူငယ်ချင်း ကိုမြညွန့်တဲ့။ ဗိုလ်မောင်လေးလိုပဲ သူသိပ်ချစ်တယ်။ သူလဲ ရဲဘော်ဟောင်းပဲ။ သတို့သားက သိပ်လှတာ။အစ်မကြီး မြင်ရပါလိမ့်မယ်"

"ဘယ်လိုလဲ. . . မယုကလဲနော်၊ အစ်မကြီး စိတ်ညစ်လိုက်တာ၊ ဖိတ်စာကမ်းတော့မယ်ဆို"

"ဟုတ်တယ်၊ ဖိတ်စာတာဝန်လဲ ကိုမြညွန့်ပဲ ယူတယ်။ သတို့သား မရှိလဲ တစ်ယောက်တည်း ပွဲထုတ်တာပေါ့"

"မယုကလဲ၊ ဘယ်လိုဟာလဲ၊ စီစဉ်တာ မရေရာလိုက်တာ။ ဒေါ်ဒေါ်ကလဲ မမာနေတယ်။ ခင်ခင်(ဒေါ်အုံးခင်)လဲ သတို့သားမရောက်သေးတာ သိတယ်မို့လား"

"သိပါတယ် အစ်မကြီးရာ၊ ဖြစ်သမျှအကြောင်းပေါ့၊ အစ်မကြီးကလဲ ပူမနေစမ်းပါနဲ့။ သတို့သမီးလုပ်ရမယ့် မယုကတောင် မပူဘဲနဲ့"

"မယုကလဲ ဘယ်လိုလဲနော်"

ကျွန်မအပေါ်တွင် စိတ်တိုင်းမကျလျှင် ယခုအချိန်ထိ အစ်မကြီးသည် ထိုစကားလုံးများကို ထပ်ခါထပ်ခါ ရွတ်ဆိုကာ ညည်းညူတတ်ပါသည်။

လက်ထပ်ရန် နှစ်ရက်မျှသာ လိုပါတော့သည်။ ကျွန်မ ဆူးလေဘုရားလမ်းတိုက်ခန်းတွင်ပင် လက်ထပ်ပွဲလုပ်မည်မို့ အိမ်ကို သပ်ရပ်အောင် ပြင်ဆင်နေကြသည်။ မေမေကတော့ သမီးလတ် အကြွယ်အိမ်တွင် ခေတ္တသွားနေပါသည်။ လက်ထပ်မည့်မနက်မှ လာမည်ဟု ဆိုပါသည်။

မိုးမချုပ်မီတွင် အိမ်သားများဝိုင်းထိုင်၍ လိုအပ်သည်များကို တိုင်ပင်နေကြဆဲ တံခါးခေါက်သံ ကြားပါသည်။ တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့အသံနှင့်အတူ သတို့သားကြီး ဘွားခနဲ တံခါးဝတွင် ပေါ်လာပါတော့သည်။

"ဟဲ. . ဟဲ. . ဘာရမလဲ ဘာရမလဲ"ဖြူဖွေးသော သူ့သွားများ အကုန်ဖော်ကာ တဟဲဟဲရယ်ရင်း ထိုစကားလုံးများကို ရွတ်ဆို၍ သူ့လက်တွင်းမှ စစ်ရောင်လက်ဆွဲအိတ် အစိမ်းလေးထောင့်လေး တစ်ခုကိုကိုင်ကာ ဧည့်ခန်းတွင် ရောထိုင်လိုက်ပါသည်။

"အမလေး ကိုယ်တော်ချော၊ ကျုပ်တို့ ခုမှ အလုံးကြီးရင်ဝ ကကျတော့တယ်"

ဒေါ်ဒေါ်ခင်သည် သူ့ထုံးစံအတိုင်း လက်ညှိုးတထောင်ထောင်နှင့် ရန်တွေ့ပါတော့သည်။

"ဒါတောင် နှစ်ရက်တည်း. . နှစ်ရက်တည်း၊ လက်ထပ်ပြီး နှစ်ရက်ပဲ နေနိုင်မယ်"သူ့လက်ညှိုးနှစ်ချောင်းကိုထောင်ကာ ရင်းရင်းနှီးနှီးပင် အော်ကြီးဟစ်ကျယ် ပြောဆိုနေ၏။

ကိုမြညွန့်နှင့်သူ ထမင်းစားရင်း လက်ထပ်ပွဲအတွက် ဆက်လက် စီစဉ်ရန် အိမ်နောက်ခန်းသို့ ထသွားကြသည်။

အစ်မကြီးမမလေးသည် ကျွန်မကို လက်ကုတ်၏။ အစ်မကြီး လက်ကုတ်သောအဓိပ္ပါယ်ကို ကျွန်မနားလည်ပါသည်။

"သူ. . သူ သတို့သားလား. . " တီးတိုးကပ်ကာ ကျွန်မကို အစ်မကြီးက မေး၏။ ကျွန်မ ခေါင်းညိတ်ပြ၏။

"အကျည်းတန်လိုက်တာ"ဟု တိုးတိုးလေးပြော၏။ သို့သော်

အစ်မကြီးရင်ထဲတွင်တော့ သတို့သားရောက်လာ၍ ပေါ့ပါးသွားပြီကို ပြုံးရွှင်လာသော အစ်မကြီးမျက်နှာက ဖော်ပြနေပါသည်။

ဧည့်သည်များ ရှင်းသွားမှ သတို့သားသည် ကျွန်မအနားရောက်လာ၏။

"အချို့ . . အချို့ . . ကိုကြီးလေ လက်ထပ်ဖို့ ဘာအဝတ်အစားမှပါမလာဘူး။ အစီအစဉ်တွေကရော ဘာလဲ"

"သိပါတယ်။ ကိုမြည္ထွန့်က မပြောပြဘူးလား။ လက်ကြယ်သီးကအစ ဝယ်ထားပါတယ်။ စိတ်မထင်ရင် ဒီလူက ကြယ်သီးပေါက်နှစ်ခုကို ကြိုးနဲ့ချည်ချင်ချည်တာတဲ့။ ကိုမြည္ထွန့် ပြောပြတယ်။ ဒါကြောင့် ဖိနပ်ကအစ အင်္ကျီဝတ်စုံ၊ ကြယ်သီးမကျန် ဝယ်ပြီးပြီ။ ခေါင်းပေါင်းတစ်ခုပဲ လိုတယ်။ လက်ထပ်ပွဲမှာလဲ ပညာရေး ဝန်ကြီးဦးသန်းအောင်တို့လင်မယားက လက်ထပ်ပေးလိမ့်မယ်။ ဦးလေးသန့်က အခမ်းအနားမှူး ဆိုပါတော့။ ဦးထွန်းဖေ (ထွန်းနေ့စဉ်)က ဆုံးမစကားပြောလိမ့်မယ်"

"ကျေးဇူးပါပဲ အချို့ရာ၊ တတ်နိုင်ဘူးလေ။ ခုနေခါ ဦးစားပေးက တိုင်းပြည်ဆိုတော့ ကိုကြီးကို ခွင့်လွှတ်ပါ"

သူက ဒါပဲပြောကာ ကိုမြည္ထွန့်နှင့်သူ ထပ်မံဖြည့်စွက်ချင်သော ဖိတ်ရမည့်မိတ်ဆွေများစာရင်းကို ဆွေးနွေးနေကြ၏။

ဩော်. . ခင်နှင်းယုအနေဖြင့် ကျွန်းကေရီဝတ္ထုတွင် ဇာတ်လိုက် မမြလေးနှင့် ဟပ်မတော်မှ ဗိုလ်တင်မောင်တို့ လက်ထပ်ပွဲကို ကျွန်မရေးပြစဉ်က သွက်လက်ရွှင်ပျသော ကျွန်မ၏စာရေးဟန်မှာ ကြည်နူးဖွယ် လက်ထပ်ပွဲလေးပင်တည်း။

တကယ့် ကျွန်မ၏လက်ထပ်ပွဲမှာမူ တယ်လီဖုန်းတစ်လုံးနှင့် ကျွန်မတစ်ယောက်တည်း စီစဉ်လိုက်၏။ ကျန်းမာရေးအတွက် ကျွန်မရရှိသော ခွင့်တစ်လကို အချိန်ယူကာ ကျွန်မလက်ထပ်ပွဲကို ဝန်ကြီးချုပ်မရှိတုန်း ပြီးအောင်စီစဉ်လိုက်ရသည်။ စိတ်ကူးယဉ်ဝတ္ထုမဆန်လိုက်လေခြင်း။ စိတ်ကူးထဲက ဝတ္ထုသာဆို အရောက်နောက်

ကျသော သတို့သားရင်အုံကို သတို့သမီးက လက်သီးနှစ်ခု စုံထုကာ နှုတ်ခမ်းထော့ထော့စူရင်း ရန်တွေ့လိုက်မည့်ဖြစ်ခြင်း။ မျက်စောင်းလေးထိုးကာ မျက်ရည်လေးလည်ကာနှင့် ဩော်. . . မိန်းမတို့၏ ချစ်စဖွယ်ကောင်းသော ပင်ကိုမူယာစုံကို ဖော်ထုတ်၍ ပိုင်ပိုင်နိုင်နိုင် ပြောပေလိမ့်မည်။

ကျွန်မဘဝက ဤသို့မလာ။ သုံးနှစ်စောင့်ကြည့်၍ အတူတွဲနေရင်း အကဲခတ်သည်ဆိုပေမင့် သမီးရည်းစားလိုလည်း မရင်းနှီး၊ မုံရွာခရိုင်မှ ချောင်းဦးသားနှင့် ဝါးခယ်မသူဖူးစာဆုံရ၍ ငယ်သူငယ်ချင်းများလိုလည်းမဟုတ်လေတော့ လက်သီးဆုပ်ကာ ချစ်သူရင်ခွင်ကိုလည်း မထုရဲ၊ နှုတ်ကလည်း ဘာကိုပြောရမှန်းမသိပေ။ ရင်ထဲမှာတော့ အပြည့်အသိပ်။

၁၃၁၂ ခု၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ ၁၉၅၀ခု၊ နိုဝင်ဘာ-၂၃ရက်နေ့တွင် ကျွန်မတို့ လက်ထပ်ပွဲပြီးခဲ့သည်။

ညဦးပိုင်းတွင် ရန်ကုန်၏တန်ဆောင်တိုင်ပွဲကို လက်ထပ်ပြီးစ ကျွန်မတို့နှစ်ဦး လှည့်လည်ကြည့်ကြသည်။ အိမ်ပြန်ရောက်လျှင် ညဥ့်နက်နေပေပြီ။ အိမ်သားများ အိပ်ရာဝင်နှင့်ကြလေပြီ။

ကျွန်မသည် အဝတ်အစားလဲပြီး သူရှိရာ ဝရန်တာသို့ ထွက်လာခဲ့၏။ သူသည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်။ ကျွန်မသည် သူ့အပါးတွင် မတ်တတ်ရပ်နေမိ၏။ ဆူးလေဘုရားလမ်းမကြီးသည် ညဦးကလောက် မဆူညံတော့။ လူသွားလူလာလည်း စဲစပြုနေပေပြီ။ ဆူးလေစေတီတော်ကိုမူ လျှပ်စစ်မီးရောင်စုံအောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာ တည်တည်ငြိမ်ငြိမ် မားမားကြီး ဖူးတွေ့နေရသည်။

ဖဆပလတွင် အလုပ်လုပ်နေစဉ်ကလည်း အလုပ်စားပွဲမှာ ထိုင်လိုက်လျှင် ပထမဆုံး မှန်ပြတင်းမှဖူးတွေ့ရသည်မှာ ရွှေတိဂုံစေတီတော် ဖြစ်၏။

ပြည်လမ်းအိမ်တွင်နေစဉ်က လသာဆောင်မှ လှမ်းမျှော်

ကြည့်လျှင် ကြည်ညိုစွာဖူးတွေ့ရသည်ကလည်း ရွှေတိဂုံစေတီတော်။

ယခုလည်း ဆူးလေစေတီတော်ကို စူးစိုက်ကြည့်မိရင်း ရင်ထဲတွင် အေးမြသွား၏။

"ချစ်သမီး၊သတ္တလောကဆိုတာ သုခ၊ဒုက္ခတို့နှင့် ပြွမ်းရာဌာနပဲ၊ မင်းဘဝကို စတင်လျှောက်ရတော့မယ်။ စိတ်သောကဗျာပါဒတို့နှင့် တွေ့ကြုံတဲ့အခါတိုင်း ငါဘုရားအား မမေ့ပါလင့်"

ဟူ၍ပြောနေသလိုပင် စိတ်ထဲမှာ ထင်မိပါသည်။ ကျွန်မသည် ဆူးလေစေတီတော်မှ မျက်စိကိုရုပ်ကာ ကျွန်မအနားမှ လက်ထပ်ပြီးစ ခင်ပွန်းသည်မျက်နှာကို ငုံ့ကြည့်မိ၏။ သူသည်လည်း ကျွန်မ မျက်နှာကို စူးစိုက်၍မော့ကြည့်နေသည်ကို မြင်ရသောအခါ ရင်ထဲတွင် တထိတ်ထိတ်နှင့်ခုန်သွားပါသည်။

ဘုရား. . . ဘုရား. . ဤစူးစိုက်ကြည့်နေသူ မျက်လုံးရှင်၏ ရင်ခွင်ထက်တွင် ကျွန်မ ယနေ့ညမှစ၍ ပါးအပ်ကာ ဘဝခရီးကို ဆက်လက်ထွက်ခွာရတော့မည်တကား။

သူနှင့်စတင်တွေ့ခဲ့သော အတိတ်၏တစ်နေရာကို စိတ်ရောက်သွားမိသည်။

* * *

"ငါ ××××မှပဲ၊ တို့ ဖဆပလတွေ လုပ်လိုက်ရင် သောက်ရမ်းကြီးပဲ"

သခင်သာခင်သည် သူ ရွတ်ဖတ်သရဇ္ဈာယ်နေကျ အဆဲစကားလုံးများကို အော်ဟစ်ပြောဆိုရင်း ကျွန်မတို့ရုံးခန်းအတွင်းသို့ ဝင်လာပါသည်။ ထိုစဉ်က ဖဆပလဌာနချုပ်သတင်းနှင့် ဝါဒဖြန့်ချိရေးမှူးမှာ ဆရာဦးလှဒင်(ယခု အမျိုးသားပုံနှိပ်တိုက်ပိုင်ရှင်) ဖြစ်ပါသည်။ ကျွန်မက ဒု တွဲဖက်မှူးဖြစ်သည်။

"ဟော့ ဖိုးသာခင်ကြီး ဘာဖြစ်လာပြန်လဲ"

ဆရာဦးလှဒင်က လှမ်းမေးလိုက်၏။

"ဘာဖြစ်ရမှာလဲဗျ၊ သခင်ချစ်မောင် (ထိုစဉ်က ဝိဓူရဟူသောဘွဲ့ကို သခင်ချစ်မောင်မရသေးပါ)တို့ လူစုရယ်၊ သခင်တင်ရဲ့ သတင်း မဟုတ်ကဟုတ်က ရေးရမလားလို့ အိုးဝေနဲ့ဟစ်တိုင် သတင်းစာတိုက်တွေကိုဝင်ပြီး စက်ရိုက်ချိုး၊ စာခုံတွေဖျက်ဆီးပစ်လိုက်တယ်ဗျာ။. . . သေပါတော့ သေပါတော့။ ဒီမိုကရေစီနိုင်ငံမှာ သတင်းစာသမားက ခြေလွှန် လက်လွှန်ဖြစ်လာရင် သတင်းစာကို အရေးယူနိုင်တဲ့ ဥပဒေတွေ တစ်ပုံကြီးပါဗျာ။ ပြီးတော့ သူတို့က ဖဆပလအလံတော်အောက်မှာ။ လုပ်ပုံက ဒီမိုကရေစီ မဆန်လိုက်တာ၊ ကျွန်တော်သေချင်တယ်"

သူသည် သူ့စိတ်ထဲရှိသမျှကို အော်ကြီးဟစ်ကျယ် ကျွန်မ စားပွဲရှေ့တွင်ပြောဆိုနေ၏။ သခင်ချစ်မောင်တို့မှာ ဆိုရှယ်နီ အဖြစ်သို့ မရောက်ကြသေး။ ဖဆပလလက်အောက်တွင်ပင် ရှိကြသေးသည်။ သခင်ချစ်မောင် ဖဆပလတွင် ရုံးထိုင်စဉ်က ကျွန်မ ရှေ့တည့်တည့် ရုံးခန်း၏ထောင့်တွင် ထိုင်မြဲဖြစ်၏။ သူ့ကိုကြည့်ရသည်မှာ ခပ်အေးအေးနှင့် ရိုးရိုးသားသား နေတတ်ပုံရပါသည်။

ကျွန်မလည်း ထိုသတင်းကို ကြားလျှင်ကြားချင်း စိတ်ထဲမှာ အတော်ထိခိုက်သွားပါသည်။ နောက်ပိုင်းတွင် အရှိန်က ကျွန်မတို့ ဝါဒဖြန့်ချိရေးဌာနကို ရိုက်ခတ်လာတော့သည်။

ဆရာဦးလှဒင်သည် နောက်နေ့တွင် ကျွန်မကိုပြောပြ၏။ "သတင်းစာတွေအားလုံးက သခင်ချစ်မောင်တို့လုပ်တဲ့ အပြုအမူကို ကန့်ကွက်ရှုတ်ချတဲ့အနေနဲ့ သူတို့သတင်းစာတိုက်တွေကို တစ်လ အထိပိတ်ပြီး ဆန္ဒပြကြမယ်။ တို့ ဝါဒဖြန့်ချိရေးဌာနက "လမ်းစဉ် သတင်းစာ"တစ်စောင်ကို စတင်ထုတ်ဝေရလိမ့်မယ်"

သူသည် လုပ်ငန်းစတင်ရန် ဦးလှ(တိုက်အုပ်)၊ ဦးလှတင် (လှသမိန်)တို့နှင့်ကျွန်မကိုပါခေါ်ကာ သတင်းစာတစ်စောင်သီးသန့်

ထုတ်ဝေရန် ပြောပြသည်။

ပထမ အထက်က သူ့အား ပေးသောတာဝန်ကိုပြောပြ၏။ နောက်မှ ကျွန်မတို့သုံးယောက် လုပ်ဆောင်ရမည့် တစ်ဦးစီ တာဝန်ကို ပြောပြသည်။ ကျွန်မသည် ကျွန်မလုပ်ဆောင်ရမည့်အလုပ်ကို လက်ကသာ စာရွက်ပေါ် ရေးမှတ်နေရသည်။ စိတ်ကမူ မပျော်တော့ပေ။ စိတ်ဝင်စားမှုကလည်း ကျွန်မတို့ထုတ်ဝေရမည့် သတင်းစာပေါ်တွင် မရှိပေ။ စာပေသမားအချင်းချင်းဆိုသောစိတ်ဓာတ်က သတင်းစာများဘက်က နာကြည်းသည်လည်းတစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံပါဟု သတ်မှတ်ထားသော တိုင်းပြည်တွင် သတင်းစာတို့ဘက်က လွန်ကျူးလာသောအခါ အရေးယူနိုင်ရန် တရားဥပဒေရှိပါလျက် ယခုလို သတင်းစာတိုက်ကို ရိုက်ချိုးသော အပြုအမူမှာ ဖဆပလလက်အောက်ခံ လူတစ်စုအနေဖြင့် ခြေလွတ်လက်လွတ်နိုင်လွန်းသည်ဟု ထင်သည်ကလည်းတစ်ကြောင်း၊ ထိုအကြောင်းကြောင်းများ စုပေါင်း၍ စိတ်လက်အတော်မအီမသာ ဖြစ်ပါသည်။

နောက်နေ့ညနေပိုင်းလောက်တွင် ကျွန်မကိစ္စတစ်ခုနှင့် အပြင်သို့ ထွက်ရာမှပြန်လာ၍ ကျွန်မတို့ရုံးခန်းထဲသို့ ဝင်လိုက်ပါသည်။

ရုံးခန်းထဲတွင် ဆရာဦးလှဒင်စားပွဲ၌ လူငယ်နှစ်ယောက်ထိုင်ကာ ဆရာနှင့်စကားပြောနေကြသည်။

"မခင်ယုရေ. . . လာဟေ့. . ၊ မိတ်ဆက်ပေးရဦးမယ်၊ သူက မောင်မောင်ကျော်တဲ့၊ ဒီဘက် သူငယ်ကတော့ မောင်ကျော်သောင်းတဲ့၊ သူတို့က တက္ကသိုလ်ကျောင်းသားတွေကွဲ့။ စာပေဝါသနာပါကြပြီး သတင်းစာပညာကို လေ့လာချင်လို့ တို့များဆီ ခေတ္တလာကူတာ"

ဆရာမိတ်ဆက်ပေးသည်နှင့် ကျွန်မဦးခေါင်းညိတ်ကာ သူတို့အား လေးစားကြောင်းပြလိုက်ပါသည်။ ကိုမောင်မောင်ကျော်မှာ အသားလတ်၍ပုသည်။ မျက်နှာဝိုင်းသည်။ ကိုကျော်သောင်းမှာ

မျက်နှာရှည်၍ ပိန်သည်။ အသားညိုသည်။

ကျွန်မစားပွဲတွင် ကျွန်မ ဝင်ထိုင်လိုက်၏။ ဆရာနှင့်သူတို့ စကားပြောကြပြီး ခေတ္တကြာပြန်သွားကြသည်။

"ဆရာ. . ဆရာ သူတို့ကဘာလာလုပ်မှာလဲဟင်။ ဘယ်သူက လွှတ်လိုက်တာလဲ"

ကျွန်မ မေးလိုက်သံကြားသည်နှင့် တစ်ပြိုင်နက် ဆရာသည် မျက်လုံးလေးပြူးသွား၏။

"ဟဲ့ မခင်ယုရဲ့ ကျားကြီးလေ၊ ကျားကြီးက လွှတ်လိုက်တာ"

ဆရာ၏ အဖြေကို ကျွန်မနားမလည်။

"ကျားကြီး. . . ဘာကျားကြီးလဲဟင်"

"ဩော်. . ငါ့တပည့်နှယ်နော်၊ အ,လိုက်တာ။ ကျားကြီးဆိုတာ ဗဆွေကြီးပေါ့ဟ"

"ဆရာကလဲ၊ ဦးဗဆွေကိုတော့ မယု သိတာပေါ့။ ဆရာက ကျားကြီးဆိုတာနဲ့ မယု လန့်သွားတာပဲ"

ကျွန်မရယ်သောအခါ ဆရာက လိုက်၍ရယ်ပါသည်။ ဦးဗဆွေမှာ မနက်ပိုင်းကပင် ကျွန်မ၏စားပွဲခုံပေါ်တွင် တင်ပါးလွှဲထိုင်ကာ ဆရာနှင့် စကားပြောနေကြသေးသည်။ သူ့အသံမှာဝဲ၍ မျက်လုံးစင်းကာ စကားပြောသောကြောင့် ကျွန်မ သူ့ကို သတိထားမိပါသည်။

များသောအားဖြင့် ကိစ္စတစ်စုံတစ်ခုရှိ၍ အထွေထွေအတွင်းရေးမှူးနှင့်တွေ့ဆုံရန် ရုံးခန်းသို့ တိုက်ရိုက်သွားရောက်ကြသူများမှာ ဌာနဆိုင်ရာ အတွင်းရေးမှူးများသာ ဖြစ်သည်။ ကျွန်မတို့ တွဲဖက်အတွင်းရေးမှူးများမှာ ကျရောက်သောတာဝန်ကို ဌာနဆိုင်ရာ အတွင်းရေးမှူးများကသာ တစ်ဆင့်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ကြပါသည်။

နောင်သောအခါ ဦးဗဆွေနေသော ပြည်လမ်းအိမ် (ယခု ရုရှားသံရုံးနှင့် မျက်နှာချင်းဆိုင်တိုက်)တစ်ဖက်ခန်းတွင် ကျွန်မသည်

ဘဘတို့၊ ဦးလေးဦးသန်းရွှေတို့နှင့်အတူ ပြောင်း၍နေပါသည်။ ကျွန်မ ဦးဗဆွေအကြောင်း တွေးနေဆဲမှာပင်. . .

"မောင်ကျော်သောင်းတို့၊ မောင်မောင်ကျော်တို့ လာတာကို ငါ့တပည့်က မကြိုက်လို့လား"

ဆရာကမေး၏။

"မကြိုက်စရာ မရှိပါဘူးလေ။ မယုက ဆရာသိတဲ့အတိုင်း ပြောတာလဲ တဲ့တိုး၊ နေတာထိုင်တာလဲ လွတ်လွတ်လပ်လပ်နေ တတ်တယ်။ ဆရာကလူကြီးဆိုတော့ မယုကို ဘာမဆို ထိန်းသိမ်းပေး တာ။ ဦးလှတို့၊ ဦးလှတင်တို့ကလဲ ကိုယ့်မိသားစုလို ဖြစ်နေတာ။ အခု ရောက်လာတဲ့ကျောင်းသားကတော့ စိမ်းတဲ့လူတွေမို့လား။ အေးလေ သူတို့ရောက်လာတော့လဲ အနေအထိုင် အပြောအဆို ဆင်ခြင်ရတာပေါ့"

"သူငယ်လေးတွေ ကြည့်ရတာ မဆိုးပါဘူး" ဆရာက ဆို၏။ ကျွန်မက ဘာမှထပ်မံ မပြောတော့ပါ။

ကျွန်မ ထိုစဉ်က ဆရာဦးလှဒင်၏စားပွဲတွင်တွေ့ရှိခဲ့သော လူငယ်နှစ်ယောက်အနက် ဖိုးကျော်သောင်းဆိုသူမှာ ယခု တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ညဉ့် ကျွန်မ၏ညာဘက်ကုလားထိုင်တွင် ထိုင်ကာ ကျွန်မမျက်နှာကိုစေ့စေ့ကြည့်နေသည့် ကျွန်မ၏ ချစ်သူဖြစ်လာမည်ကို ကျွန်မလုံးဝ မမျှော်မှန်း မတွေးခေါ်မိပါပေ။

ယခုတော့ သူနှင့်ကျွန်မ လက်ထပ်ပြီးကြပေပြီ။

"အချို့. . . ဘာကိုစဉ်းစားနေတာလဲ"

သူသည် ငြိမ်သက်စွာ ကြည့်နေရာမှ မေး၏။

"သြော်. . ကိုကြီးကို ပထမဆုံး စ,မြင်ဖူးတဲ့အချိန်ကို သတိရနေတယ်"

သူသည် ကျွန်မဖြေသည်ကို ပြုံး၍နားထောင်နေ၏။

"အချို့ကို ကိုကြီး မြင်ရင်မြင်ချင်းချစ်တယ်လို့ မဆိုလိုပါဘူး။ ဒါပေမင့် အချိုကြည့်ပုံက သိပ်ရဲတာပဲ။ အချို ကိုကြီးမျက်နှာကို

စိုက်ကြည့်ပြီး စကားပြောရင် ရင်ထဲမှာ ခုန်ခုန်သွားတယ်"

"အို. . . စိတ်ထဲမှာ ရှင်းနေတဲ့ မိန်းကလေးတစ်ယောက် အဖို့ ရဲရဲကြည့်ပြီး ရဲရဲပြောတတ်တာ မဆန်းပါဘူး။ မိန်းကလေးတစ်ယောက်ဟာ စိတ်ထဲကမသန့်မှ ယောကျ်ားလေးကို ခိုးကြည့်တာ။ ယောကျ်ားတွေလဲ ဒီလိုပါပဲ"

"အဲဒီတုန်းက အချို နည်းနည်းမှမရိပ်မိတာအံ့ဩပါတယ်။ ဆရာဦးလှဒင်ကြီးက နေ့ခင်းမှာ သတင်းထောက်တာဝန်ကိုပေးပြီး ညဘက်မှာ ညအယ်ဒီတာ လုပ်ခိုင်းတယ်၊ ကိုကြီးစိတ်ထဲမှာ အချို ရုံးဆင်းသွားမှာ သိပ်စိုးတာပဲ။ ဒါကြောင့် တမင်အပြင်မှာ သတင်းထောက်လုပ်ရင်း တယ်လီဖုန်း လှမ်းလှမ်းဆက်ရတာ "ကျွန်တော် သတင်းထူးတွေပါလာတယ်၊ အချို ရုံးမဆင်းပါနဲ့ဦး၊ ကျွန်တော် ပြန်လာတဲ့အထိ စောင့်ပါ"လို့ ပြောရတာ။ ညဘက်ရောက်တော့ အဲဒီစားပွဲမှာ အချို နေ့လယ်ကတည်းက ဖြတ်ပေးခဲ့တဲ့သတင်းတွေရော၊ ကိုကြီး စုလာတဲ့သတင်းတွေရော တစ်ယောက်တည်းလုပ်နေရတာခြောက်သွေ့လိုက်တာ။ နောက်တော့ သခင်သာခင်ကြီးလဲ ရုံးမှာ အိပ်တော့ အဖော်ရရော။ ဒီကကောင်က မိချိုကို စိတ်ထဲက ကြိုက်နေပါတယ်ဆိုကာမှ သခင်သာခင်ကြီးက "ခင်ဗျား မခင်ယုကို ကြိုက်ဖို့ကောင်းတယ်တဲ့။ သူရေးတဲ့ ပုံမနှိပ်ရသေးတဲ့ဝတ္ထုတွေ ကျွန်တော့်ကိုပေးဖတ်တယ်။ သူ တစ်နေ့ကျရင် စာပေနယ်မှာ စွံဖို့ အလားအလာရှိတယ်တဲ့။ ပြီးတော့ ပြောသေးတယ်၊ ကျွန်တော်က ချစ်လှိုင်ကို မခင်ယုနဲ့ ယူစေချင်တာဗျာ။ ချစ်လှိုင်ကလဲ စာပေသမားပဲ။ ဒါပေမယ့် ချစ်လှိုင်က ကျွန်တော့်နှမ မငယ်ကို နောက်ပိုးကြိုက်နေတော့ မခက်ပါလားဆိုပြီး ဟက်ဟက်ပက်ပက်ရယ်တာပဲ"

"ဟင်. . . သခင်သာခင်ကြီးကသာ ထင်တာပါ။စာပေအပေါ်မှာ ဝါသနာပါတာချင်းတူတာနဲ့ ကိုချစ်လှိုင်နဲ့အချို လက်ထပ်လို့ မဖြစ်ပါဘူး။ သူ့ကို မဝေဖန်ချင်ပါဘူး။ ဒါပေမယ့် သူဟာ ဆိုးတဲ့လူတစ်ယောက်ကော့ မဟုတ်ပါဘူး"

"အင်း. . . ဟုတ်ပါတယ်လေ၊ သူ မဆိုးပါဘူး။ ကိုကြီးရဲ့ တခြားသူငယ်ချင်း တော်တော်များများကတော့ အချို့ကို သဘော မကျဘူး၊(သူ့ရဲဘော်တစ်ယောက်၏နာမည်ကို ထုတ်ဖော်ပြောပြ ရင်း)သူကတော့ အချို့ကို မြင်မြင်ချင်းမုန်းတယ်တဲ့"

"ဟား. . ဟား" ကျွန်မက ဟက်ဟက်ပက်ပက် ရယ်၏။ "သူမုန်းတာ မဆန်းပါဘူး။ ကိုချစ်လှိုင်(ကိုကိုမောင်)ကလည်း အချို့ ကို ပြောဖူးတယ်။ ဦးဗဆွေကြီး ပြည်လမ်းအိမ်ကပြောင်းသွားတော့ ဦးဗဆွေအခန်းမှာ သခင်သာခင် ပြောင်းတယ်။ ကိုချစ်လှိုင်လည်း မငယ်နဲ့လက်မထပ်ရသေးပေမယ့် သခင်သာခင်နဲ့အတူလာနေ တယ်။ ဒီတုန်းက ကိုကိုမောင်ဆိုတဲ့ ကလောင်နာမည်ကို မယူသေး ဘူး။ အဲဒီတော့ သူနဲ့အချိုနဲ့ ရင်းရင်းနှီးနှီး သိလာတယ်။ သူကပြော တယ်၊ ခင်ဗျားကို ကျွန်တော်မြင်မြင်ချင်း သိပ်မာနကြီးတယ်လို့ ထင်တယ်တဲ့။ ခင်ဗျားကိုစတွေ့တာ ဖဆပလ ပထမဆုံးညီလာခံ မျဉ်းပြိုင်ကွင်းဟောင်းမှာ လုပ်နေတုန်းကပေါ့တဲ့။ အချို့ရဲ့ ရှေးဆု တောင်းပေါ့။ မြင်မြင်ချင်းမုန်းကြတယ်ဆိုတာ အစ်ကိုတွေကတောင် ညီမ လေး(၄)ယောက်ထဲမှာ အချို့ကို အကျည်းတန်လို့ ထင်ပါရဲ့၊ သိပ် အမြင်ကတ်စရာကောင်းတဲ့ ကောင်မလေးတဲ့။ အချို ခုတော့ ဝမ်းမနည်းတတ်တော့ဘူး၊ ဘဝကုသိုလ်ပေါ့လေ"

"အချိုဟာ ချစ်စရာကောင်းတဲ့မိန်းကလေးလို့သိတဲ့ ကိုကြီး ကိုတော့ မိချိုက စောစောစီးစီး အသိအမှတ်မှ မပြုဘဲ။ ဖဆပလ သတင်းစဉ်မှာ သတင်းထောက်လုပ်နေတုန်းက အချို မက်ထရစ် စာမေးပွဲအောင်တဲ့ နှစ်ကလေ၊ အောင်စာရင်းတွေ ထွက်လာတော့ ကိုကြီးက အစောကြီး တယ်လီဖုန်းကနေ သတင်းပေးခဲ့တာပဲ"

"ဩော်. . ဒီတုန်းက မိချိုမှာ လွမ်းနာကျနေချိန်၊ စာမေးပွဲ အောင်လို့ ဝမ်းသာရမယ့်အစား ငါ စာမေးပွဲအောင်ပေမယ့် တက္က သိုလ်မှာ ဆက်မနေနိုင်ဘူး။ ကိုတင်အောင်ထွန်းနဲ့ တွေးခေါ်စီစဉ် ထားကြတာတွေ ဘာမှမဖြစ်တော့ဘူးလို့ သိထားတဲ့အချိန်ဆိုတော့

အဲဒီနေ့ကများ ဝမ်းသာရမယ့်အစား ငိုချင်လိုက်တာ”

သူသည် ကျွန်မ မေးစေ့ကိုကိုင်ကာ စေ့စေ့ကြည့်ရင်း “အချို့ . . အချို့ သူ့ ကိုတင်အောင်ထွန်းကို ခုထိ မမေ့နိုင်ဘူးနော်” သူသည် ဖြည်းညင်းစွာ ပြောလိုက်၏။ ကျွန်မ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြန်ပါသည်။ ကျွန်မသည် ထိုနေ့ည ထိုအချိန်တွင် ထိုစကား ကို မဆိုသင့်ပါတကား။

“အချို့ကို ခွင့်လွှတ်ပါကိုကြီးရယ်” ကျွန်မသည် တုန်ယင် စွာ ဆိုမိ၏။

ရေလှိုင်းပြာရောင်ဖဲစကို မင်္ဂလာဦး အိပ်ရာခမ်းနား အတွက် ရွေးချယ်ခဲ့သောကျွန်မ၊ စိတ်ကူးသိပ်ယဉ်ချင်သည်။ စိတ်ကူး ယဉ်လောကထဲမှာပင် နေချင်သော ကျွန်မ။

ရေပြာလှိုင်း၏ ကမ်းစပ်သောင်ပြင်တွင် ချစ်သူနှစ်ယောက် မျဉ်းပြိုင်ဖြောင့်နှစ်ကြောင်းကို ရေးဆွဲမိသောအခါ မျဉ်း၏ အဖျား စွန်းနှစ်ခုတို့သည် မည်မျှပင် ဆက်လက်ဆွဲထားသော်လည်း မဆုံမိ ကြပေ။

*  *  *

ပြုံး—စာပေ

## အခန်း(၄)

ပျားရည်မဆမ်းပါ. . .

*ချစ်လှစွာသော ချို*

*စစ်ကိုင်းတောင်ရိပ်ဟာ အေးမြငြိမ်းချမ်းတယ် ဆိုပေမယ့် စစ်ကိုင်းမြို့ဟာ ကိုကြီးအတွက်တော့ သိပ် ခြောက်သွေ့တာပဲ။*

*အညာရဲ့နွေဟာ ပူပြင်းလွန်းတော့ သစ်ရွက်တွေ လည်းကြွေကုန်ကြပြီ။ အချိုသာ တကယ်လို့ ကိုကြီးနဲ့တူ တူ လိုက်နေနိုင်မယ်ဆိုရင်တော့၊ စိတ်ထဲမှာ ဒါလောက် ခြောက်ခြောက်သွေ့သွေ့ဖြစ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အညာသားတစ်ယောက်ဟာ အညာနွေရဲ့အပူ ကို အပြင်ဗဟိဒ္ဓအနေနဲ့ ခံနိုင်ရည်ရှိပါတယ်လေ။ ကိုယ်တို့ နှစ်ယောက် လက်ထပ်ပြီးမှပဲ ဟန်းနီးမွန်းလည်း မထွက်ခဲ့ ကြရသေးဘူး။*

*ဖြစ်နိုင်ရင် အချိုတို့မေမေ နေကောင်းတဲ့အခါ သင်္ကြန်ရုံးပိတ်ရက်မှာ အချို ကိုကြီးနဲ့အတူလာနေပါလား။*

*ချစ်ဇနီးကြီးနှင့်တကွ အိမ်သားအားလုံး ကျန်းမာ ချမ်းသာပါစေ။*

ကျော်သောင်း

ကျွန်မသည် သူ့စာကိုလက်ထဲတွင်ကိုင်ထား၍ မေမေ့ကို စာ၏ အဓိပ္ပာယ်အကျဉ်းချုံး၍ ပြောပြလိုက်ပါသည်။

"အေးလေကွယ်၊ သမီး လိုက်သွားပါဦးလေ။ သူ့ခမျာ လက်ထပ်ပြီး ဒီမှာနေသွားတာ နှစ်ရက်သုံးရက်ပဲ။ မေမေလဲ နေ

ကောင်းပါတယ်"

ကျွန်မသည် ပစ္စည်းများပြင်ဆင်ပြီး စစ်ကိုင်းကိုသာ လိုက်သွားရသည်။ စိတ်ထဲမှာ မေမေ့အတွက် စိတ်မချဖြစ်နေလေသည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာဦးသန်းအောင်က မေမေ့အား နောက်ခြောက်လလောက်ပင် အသက်ရှင်နေနိုင်မည်ဟု ခန့်မှန်းထားသောကြောင့်ပင် ဖြစ်၏။

ကျွန်မ စစ်ကိုင်းရောက်၍ သူငှားနေသော အိမ်ငယ်လေးအဝင်ဝတွင် မတ်တတ်ရပ်လိုက်သောအခါ စိတ်မကောင်းပါ။ အိမ်လေးမှာတော့ သူ့ခြံသူ့ဝန်းနှင့် အညာဆန်ဆန်ဆောက်ထားသော တစ်ထပ်အိမ်ငယ်လေးတစ်ခု ဖြစ်ပါသည်။ သူ့အမေ၏ ညီမများဖြစ်သော ဒွေးလေးသွယ်နှင့် ဒွေးလေးဇွန်က ကျွန်မအား ဆီးကြိုပါသည်။ ကျွန်မမျက်နှာမှာ ကသိကအောက် ဖြစ်ကောင်းဖြစ်နေပေမည်။

"ဒွေးလေးသွယ်တို့လဲ သူ ဒီအိမ်မှာ ငှားနေမယ်ဆိုလို့ လာပြီး ချက်ပြုတ်ကျွေးမွေးနေတာပါ။ ခုံတန်းလျားလေးတွေ ဘာတွေတောင် မြင်မကောင်းလို့ ဒွေးလေးသွယ်တို့ ရွှေ့ပြီး ညေ့သည် ထိုင်ဖို့ထားရတယ်။ သူက ဘာမှထားတာ မကြိုက်ဘူး"

ကျွန်မသည် ချက်ချင်းလိုပင် မျက်နှာကိုပြင်၍ အဒေါ်ကြီးနှစ်ယောက်အား ပြုံးပြလိုက်ပါသည်။ သူ့အဒေါ်များနှင့် ကျွန်မကို မိတ်ဆက်ပေး၏။

"အချို့. . ဒါက ဒွေးလေးသွယ်၊ ဒါက ဒွေးလေးဇွန်၊ ဒွေးလေးဇွန်က ကျောင်းဆရာမလုပ်တယ်"

ကျွန်မသည် ပစ္စည်းများကို အိပ်ခန်းထဲသွင်းကာ နေရာချထားလိုက်၏။

"ဦးကျော်သောင်းကြီးကလေ၊ အချို့ လာမယ်ဆိုတာ ပြောမထားဘူး။ အချို့ရဲ့ အမေကြီးနေမကောင်းဘူးလို့တော့ ကျုပ်တို့ကို ပြောထားတယ်။ အချို့ ဒီမှာ စိတ်အေးလက်အေးနေ၊ ကျုပ်တို့ ချက်

ကျွေးနိုင်ပါတယ်။ နာတာရှည်လူမမာကို ပြုစုရတာ လူပန်းစိတ်ပန်းပဲ”

ခွေးလေးသွယ်သည် သူ့တူကို‘ဦး’တပ်ခေါ်၍ ကျွန်မကို အချိုဟု ဘာကြောင့်ခေါ်မှန်း မသိပါပေ။ နောက်ပိုင်းတွင်တော့ မခင်ယုဟု ခေါ်ပါသည်။

ကျွန်မတို့နှစ်ယောက်တည်း အိပ်ခန်းထဲ ကျန်ရစ်မှပင် ကျွန်မသည် သူ၏တစ်ယောက်အိပ် မွေ့ရာပြင်ထားသော ကွပ်ပျစ်ပေါ်တွင် အပန်းဖြေထိုင်လိုက်၏။ သူသည် ကျွန်မမျက်နှာကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။ ကျွန်မကလည်း သူ့မျက်နှာကို ပြန်ကြည့်လိုက်ပါသည်။

“ခွေးလေးသွယ် ပြောလဲ ပြောစရာပဲ။ ကိုကြီးရဲ့အိမ်ကလဲ အိမ်ဆိုလောက်ရုံပဲတဲ့။ ဖြစ်နေလိုက်တာ၊ ဧည့်သည်ထိုင်စရာ ကုလားထိုင်စုံလေးတောင် မထားဘူး။ ကိုကြီးကွပ်ပျစ်နဲ့အိပ်ရင် အချိုလဲ လိုက်အိပ်နိုင်ပါတယ်။ အပြင်ဧည့်ခန်းကတော့ နည်းနည်းသပ်သပ်ရပ်ရပ် ကုလားထိုင်အစုံလေးဘာလေး ထားဖို့ကောင်းတာပေါ့”

သူသည် ကျွန်မဘေးတွင်ထိုင်ကာ ကျွန်မပခုံးကို ဖက်၍ ပြုံး၏။

“မချောစာ၊ ခင်ဗျားလဲ ဘာမှနားမလည်ဘူး။ အဘွားကြီးတွေလဲ ဘာမှနားမလည်ဘူး”

“ဘာကိုနားလည်ရမှာလဲဟင်”

ကျွန်မသည် တကယ်ပင် မပြည့်မစုံသောသူ့စကားလုံးများအတွက် မေးခွန်းကိုထပ်မံမေးရ၏။

“အချို့ဘာသာ ရွှေလင်ပန်းနဲ့အချင်းဆေးပြီး မွေးလာလို့ ရန်ကုန်မှာဘယ်လိုပဲနေနေ ဒီမှာ ဒီလိုပဲနေပါ။ကိုကြီးတို့စစ်ဝန်ထမ်းတွေနာမည်သိပ်ပျက်နေတယ် သိရဲ့လား။ အထူးသဖြင့် စစ်ဝန်ထမ်းတပ်ရင်းမှူးတွေဆိုပြီး၊ ခေါင်းတပ်ပြီး ပိုနာမည်ပျက်တယ်။ တချို့

တပ်ရင်းမှူးတွေရဲ့ အနေအထိုင်မတတ်တာရယ်၊ မသင့်တဲ့နည်းတွေနဲ့ ငွေရှာတာရယ်ကြောင့် နာမည်ပျက်ရတာပဲ။ တကယ်ရွှပ်ရွှပ်ချွံချွံတိုက်ပြီး ငွေမရှာတဲ့တပ်သားနဲ့ တပ်ရင်းမှူးတွေမှာ သူတို့ကြောင့် နာမည်ရောပျက်ရတယ်။ ဒါတွေထားစမ်းပါလေ။ အတူနေရက်တဲ့ သကြ္ကန်ရက်မှာ ကိုယ်တို့ပျော်ပျော်နေရအောင်။ မေမြို့ကိုတစ်ရက်တက်ပြီး သကြ္ကန်ရက်ညတွေမှာ မန္တလေး သွားနေမယ်။ ရွှေမန်းသကြ္ကန်နဲ့ မြို့မတီးဝိုင်း အညာဂီတရဲ့အရသာကို အချိုခံစားစေချင်တယ်"

ကျွန်မသည် သက်ပြင်းချကာ သူ့စကားကို နားထောင်နေ၏။

"ရွှေလင်ပန်းနဲ့လဲ အချင်းမဆေးပါဘူး။ မိချိုကို သူလိုငါလိုပဲ မေမေက နနွင်းမှုန့်စားပြီးမွေးလာတာပါ။ ကိုကြီးနေတာကြီးက ဖြစ်ကတတ်ဆန်း နိုင်လွန်းလို့"

"ဒါက တော်သေးတာပေါ့၊ ရောက်စက ဆောင်းတွင်းဆိုတော့ ဂုန်အိတ်ပုံကြီးတွေအပေါ်မှာ ဖျာချောခင်းပြီး ညည့်ခန်းမှာ မီးဖိုတစ်ခုနဲ့ တူဝရီးသုံးယောက်နေတာ။ နောက်မှ ဒွေးလေးသွယ်က ခုံတန်းလျားကြီးရွှေ့လာလို့ ထိုင်စရာရှိလာတာ။ မလုပ်နဲ့ မလုပ်နဲ့မိချို၊ တပ်ရင်းမှူးလို့ နာမည်တပ်ထားပေမယ့် တစ်လိုင်းပဲရသေးတဲ့ တပ်မတော်က ဗိုလ်တစ်ယောက်အနေနဲ့ ဒါလောက်ပဲနေနိုင်မယ်။ ဒါထက်ပိုနေရင် အပိုငွေရှာလာလိမ့်မယ်။ မနေချင်နဲ့ မနေချင်နဲ့။ ခင်ဗျားကို ကျွန်တော် ဓားပြလဲတိုက်မကျွေးနိုင်ဘူး။ ကဲ. . . ထ ထမင်းစားရအောင်၊ ခုချိန်ရေမချိုးနဲ့၊ အညာမှာကလေ နွေဆိုရင် သိပ်ပူတော့ ရေကိုမနက်စောစောချိုးရင်ချိုး၊ မနက်စောစောမချိုးရင် ညနေ နေအေးမှ ချိုးရတယ်။ နေ့ခင်းတွေဘာတွေ သွားမချိုးနဲ့၊ အပူရှပ်လို့ သေလိမ့်မယ်"

သူသည် အရုပ်ဝယ်ရစ ကလေးငယ်တစ်ယောက်ဟန်မျိုးနှင့် စကားသွက်သွက်ပြောကာ ဟန်ကလည်း ခပ်သွက်သွက်နှင့်

ကျွန်မကို မနက်စာစားရန် ဆွဲခေါ်သွားပါသည်။

မေမြို့သို့ရောက်သောနေ့မှာ သကြံန်ရက်မတိုင်ခင် တစ်ရက် ဖြစ်၏။ ရုံးကိစ္စတစ်ခုရှိ၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားခြင်းဖြစ်သည်။ သူသည် အိမ်တစ်အိမ်တွင် ကျွန်မကိုထားခဲ့ကာ ရုံးသို့ထွက်သွားပါသည်။ အိမ်ရှင်မမှာ အသက်အတန်ငယ်ကြီးပါပြီ။ ကျွန်မကို ဖော်ဖော်ရွေရွေ ဧည့်ခံပြုစုပါသည်။

ကျွန်မမျက်လုံးမှာ ဧည့်ခန်းတစ်နေရာသို့ မျက်စိရောက်၍ ရောက်၍သွားပါသည်။ ညနေနှစ်ချက်တီးကျော်လောက်မှ စစ်ယူနီဖောင်းဝတ်ထားသော အသက်ငါးဆယ်လောက်လူကြီးတစ်ယောက်နှင့်အတူ သူပြန်လာပါသည်။

"အဘ. . ဦးတင်၊ အဲဒါ မခင်ယုလေ. . ကျွန်တော့်ဇနီးပဲ"

အဘိုးကြီးသည် ကျွန်မကို ရွှင်လန်းအားရစွာ နှုတ်ဆက်၏။ အဘိုးကြီးဟုပြောရသော်လည်း သူ့ဇနီးလိုပင် ဖျတ်လတ်သွက်လက်ပါသည်။

"ကိုယ်တို့ စစ်ကိုင်းကို လာခဲ့ဦးမယ်၊ ဖိုးကျော်သောင်းကြီးကလဲ ကမန်းကတန်းကြီးကွာ"

"အချိန်မရှိဘူး အဘရ၊ ခုပဲ မန္တလေးကို ဆင်းရမယ်။ သကြံန်လွန်ရင် အဘတို့လာခဲ့ဦးနော်။ ကဲ. . ကဲ လာ အချို၊ အချိန်မရှိဘူး"

အဘဆိုသူတို့ လင်မယားကို နှုတ်ဆက်၍ ကျွန်မတို့ မန္တလေးကို ပြန်ဆင်းလာကြသည်။ လမ်းတစ်ဝက်ရောက်မှ သူ့ကို ကျွန်မ မေးကြည့်မိ၏။

"ကို. . အဲဒီအဘဦးတင်ရဲ့ ဧည့်ခန်းထောင့်မှာ စည်ပိုင်းလေးတစ်ခု ခပ်မြင့်မြင့်တင်ထားပြီး ပိုက်သွယ်ထားတာ ဘာလုပ်တာလဲဟင်"

သူသည် ဟက်ဟက်ပက်ပက် ရယ်၏။

"အရက်. . . အရက်. . အရက်စည်၊ သူက အဲဒီအရက်ကို

ပိုက်နဲ့သွယ်ပြီး ကုလားထိုင်မှာထိုင်ရင်း ဇိမ်နဲ့သောက်တယ်"

"အို . . အချိုဖြင့် ညည့်ခန်းမှာထိုင်ရင်း အဲဒါကိုပဲ မျက်စိရောက်နေတယ်" ကျွန်မသည် လမ်းတစ်လျှောက်လုံး အဘဦးတင်နှင့် အရက်စည်ကိုပဲ တွေးလာမိ၏။

မန္တလေးကိုရောက်ပြီး စစ်ကိုင်း မကူးသေးပါ။ သင်္ကြန်ရက်တွင်စိန်ပန်းရပ်၊ ဦးသာရင်တို့အိမ်မှာ ခေတ္တနားနေကြပါသည်။

မန္တလေး၏ သင်္ကြန်ညရက်များသည် စည်ကားလွန်းလှ၏။ မီးများက ရောင်စုံပြိုးပြက်၍ ဂီတသံသည် တစ်မြို့လုံးကို လွှမ်းနေပုံရသည်။ ၈၄ လမ်း လမ်းမကြီးထဲသို့ ကားဝင်မိလျှင် တခြားကားများနောက်သို့ စဉ်ဆက်လိုက်ရတော့သည်။ တစ်လမ်းသွားလိုဖြစ်ကာ ပြန်လှည့်ကွေ့၍ မရတော့ပေ။

ပထမသော် ကျွန်မရင်ထဲ၌ ပျော်သလိုရှိ၏။ မြို့မ၏ ဂီတသည် ကျွန်မနားတွင် အသစ်အဆန်းဖြစ်၍ သာယာနေသည်။ ကျွန်မတို့ရှေ့ ကားနှစ်စီးကျော်လောက်တွင် မြို့မတီးဝိုင်းကားမှာ မီးရောင်စုံထွန်းကာ တီးမှုတ်သွားကြသည်။ မဏ္ဍပ်တစ်ခုသို့ ရောက်တိုင်းရပ်၍ သီချင်းတစ်ပိုဒ် တီးမှုတ်ပြ၏။

ညည့်ခံမဏ္ဍပ်တစ်ခုစီကလည်း အကဖြင့် ပြန်၍ ဖျော်ဖြေသည်။

မြို့လယ်မဏ္ဍပ်တစ်ခုတွင် အကစင်ပေါ်၌ ဘဲလ်မီခေါ် ရတနာနတ်မယ်သည် ပေါင်တစ်ဖက်ကို တန်းကာ တန်းကာ ဇော့ဝိုက်၍ တစ်ကိုယ်တော် အနောက်တိုင်းအကကို ကပြညည့်ခံနေ၏။ ဖဆပလ အစိုးရဝန်ကြီးတစ်ယောက်သည် ပွဲလယ်ထိပ် ရှေ့တန်းလောက်တွင် ဘဲလ်မီအကကို ငေးနေသည်။ ပွဲကြည့်ပရိသတ်ကလည်း အပြည့်အညပ်ပင်တည်း။

အက ရပ်နားသောအခါ မြို့မတီးဝိုင်းကားသည် ရှေ့သို့ဆက်သွား၏။ ကျွန်မတို့ကားလည်း နောက်မှဆက်လိုက်ရသည်။

"ဘယ်တော့ အိမ်ပြန်မှာလဲဟင်"

ကျွန်မသည်သူ့ကို မေးမိ၏။

"မပြန်ဘူး၊ မပြန်ဘူး၊ မိုးလင်းအောင် နေမယ်"

သူသည် အော်၍ ပြန်ဖြေလိုက်၏။ လူထုလှိုင်း၊ ဂီတလှိုင်းတို့သည် ကျွန်မကို မိန်းမောအောင် မဆွဲဆောင်နိုင်ကြ။ ကြာသော် ငြီးငွေ့လာသည်။ ငြီးစီစီ ဖြစ်လာသည်။ သို့သော် ပြန်ချင်သည်ဟူ၍ မပြောရဲ၊ သူက အသံကျယ်ကြီးနှင့် "မိုးလင်းအောင်နေမယ်" ဟု ပြန်အော်လိုက်မှာကို ကြောက်သောကြောင့် ဖြစ်ပါသည်။

နောက်နေ့ညများတွင်မူ သူ့မိတ်ဆွေများနှင့်သာ သွားလည်ရန် ကျွန်မပြောလိုက်ပါသည်။ ကျွန်မကမူ မန္တလေးသင်္ကြန်ညကို ပျော်၍မရတော့ပေ။

ညလယ်တွင် ကျွန်မ နိုးလာ၏။ ခုတင်ပေါ်တွင်သူ့ကို မတွေ့ရ။ အိမ်အောက်ထပ်တွင် တိုးတိုး တိုးတိုးနှင့် အသံကြား၍ ကျွန်မ ဆင်းလာ၏။

အောက်ထပ်တွင် ရေနံဆီမီးခွက်တစ်ခု ထွန်းထား၏။ မီးခွက်ဘေးတွင် ဆရာဦးသာရင်ရော၊ သူပါ တွတ်တွတ် တွတ်တွတ်နှင့် ပါးစပ်ကလည်းပြောကာ လက်ကလည်း ရေးခြစ်နေကြပါသည်။ ဦးသာရင်လက်ထဲမှာတော့ ကျောက်သင်ပုန်းနှင့်ကျောက်တံ တွေ့ရ၏။ သူ့လက်ထဲမှာမူ ဖောင်တိန်နှင့်စာရွက် ဖြစ်သည်။

"ဟော. . မခင်ယု၊ အိပ်မပျော်ဘူးလား"

ဦးသာရင်က လှမ်းမေး၏။

"အပြင်ထွက်ချင်လို့ပါ" ကျွန်မကဖြေလိုက်သည်။ သူသည် စာရွက်တစ်ခုနှင့် ရေးမှတ်နေရာမှ ကျွန်မကို မော့ကြည့်ကာ သူဟာသူ ဆက်လက်ရေးခြစ်နေပြန်သည်။

ကျွန်မအိမ်ပေါ်ပြန်တက်၍အိပ်နေ၏။ မိုးလင်းခါနီးမှ သူ ရောက်လာကာ ကျွန်မဘေးတွင် လှဲလိုက်သည်။

"ကိုကြီး ဘာတွေရေးနေတာလဲဟင်၊ မိုးလင်းတော့မယ်"

"ဗေဒင်. . . ဗေဒင်တွက်နေတာ"

"အမလေး. . . ရန်ကုန်မှာ အဲဒီလိုသာ ပေဒင်ဟောရရင် ပေဒင်ဆရာ ထမင်းစားရတော့မှာ မဟုတ်ဘူး"

"ကိုကြီးတွက်တာက ဟောစားဖို့ မဟုတ်ဘူး။ တကယ် ပေဒင်တွက်ရင် ဂဏန်းတစ်လုံးရဖို့ လွယ်တာမှ မဟုတ်ဘဲ"

သူသည် ဒါလောက်ပင်ပြန်၍ဖြေလိုက်ပါသည်။ သကြၤန် ရက် ပြီးသွား၍ စစ်ကိုင်းသို့ပြန်ကူးလာကြသည်။ နောက်နေ့တွင် သူသည် မနက်ပိုင်းရုံးသို့ထွက်သွားပြီး နံနက်စာပြန်စား၏။

"အချိုရေ. . . မေမြို့က အဘဦးတင်ဆီက ဒီနေ့ညစာ ဒီမှာ လာစားမယ်တဲ့ တယ်လီဖုန်းရတယ်။ အချို ကြည့်လုပ်ထား လိုက်၊ ပန်းကန်ပြား ဘယ်လို၊ စားပွဲခုံက ဘာဖြစ်တယ်၊ ခုံခင်းကလဲ မဖြူဘူးနဲ့ အချို စိတ်သောက များမနေနဲ့ဦး။ ကိုကြီး ဒီမှာနေတာ ကျောင်းသင်္ခမ်းလို တစ်ယောက်တည်းဖြစ်သလိုနေတယ်ဆိုတာ သူ သိပြီးသား။ ကိုယ်တို့ရဲဘော်ဟောင်းအချင်းချင်းတွေမှာ အဆောင် အယောင် မလိုဘူး"

သူသည် ကျွန်မအကြောင်းကို ကြိုတင်သိသလိုပင် ပြော ကာ ရုံးသို့ ပြန်ထွက်သွားပြန်သည်။

"သူ ဒီလိုပဲနေတတ်ထိုင်တတ်လားဟင်" ဒွေးလေးသွယ်တို့ နှင့် ညစာအတွက်ကူလုပ်ရင်း ကျွန်မက မေးမိ၏။ ဒွေးလေးသွယ်တို့ စိတ်ထဲတွင် ကျွန်မသည် ခင်ပွန်းသည်၏အကြောင်းကို ဘာမှမသိ သော မိန်းမတစ်ယောက်ဟု ထင်ကောင်းထင်ပေမည်။ တကယ် တော့ ကျွန်မသည်လည်း ဘာမှမသိသေးပါ။

ညနေရုံးဆင်းချိန်တွင်ကျွန်မထွက်၍ကြိုမည် လုပ်နေစဉ် သူအိမ်ရှေ့မှဝင်လာ၏။ သူသည် အသံကျယ်ကျယ်နှင့် တစ်စုံတစ်ရာ ကို မကျေနပ်၍ ဆူပူလာပုံရ၏။ သူ့နောက်ကလည်း လူနှစ်ယောက် ပါလာ၏။ ကျွန်မသည် ကိုယ်ရှိန်သတ်ကာ မီးဖိုထဲမှပင် သူတို့အခြေ အနေကို မသိမသာ ကြည့်နေသည်။

"ပြောလိုက်. . ပြောလိုက်။ ခင်ဗျားတို့ ဘိုးအေ ပါလီမန်

အတွင်းဝန်ကို သွားပြောလိုက်။ ကျော်သောင်းဆိုတဲ့အကောင်ဟာ အရင်စစ်ဝန်ထမ်း တပ်ရင်းမှူးတွေလို မဟုတ်ဘူး။ ကျုပ်ကို ကြိုးကိုင်လို့မရဘူးလို့ ပြောလိုက်။ ဒီသုံးခရိုင်က စစ်ဝန်ထမ်းတပ်တွေကို စနစ်တကျ တပ်မတော်ထဲ ပြန်သွင်းဖို့လုပ်ပြီးရင် ကျုပ်လဲပြန်မယ်။ ခင်ဗျားတို့နဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး"

ဧည့်သည်နှစ်ယောက်သည် စကားကို အချီအချ တိုးတိုးပင် ပြောကာ အတန်ကြာလျှင် ပြန်သွားကြသည်။ သူအိပ်ခန်းတွင်းသို့ ဝင်သွားမှ သူ၏နောက်က ကျွန်မလိုက်သွားမိ၏။ သူဝတ်ထားသော စစ်ယူနီဖောင်းကို သူ့ဘာသာချွတ်နေစဉ် စွပ်ကျယ်အသစ်တစ်ထည်ကို ကျွန်မကိုင်ကာ သူ့ဘေးတွင် ရပ်နေမိသည်။

"ကျည်ဆန်ဘဲ မရမက တောင်း၊ ကျည်ဆန်ရလို့သောင်းကျန်းသူ တိုက်မလား အောက်မေ့တယ်၊ ကိုယ့်ဟာကိုယ် ဓားပြတိုက်စား၊ ဂိတ်ကြေးတောင်းစားနေကြတယ်။ ပြီးတော့ အထက်ကိုပြေးတိုင်လိုက်သေးတယ်။ အထက်ကလဲ သူ့လူတွေလဲ ကိုယ်မနိုင်။ မအေပေးတွေ၊ ငါနဲ့တော့တွေ့မယ်ကွာ။ သူတို့ကြောင့်မို့ တကယ်တိုက်ရတဲ့ စစ်ဝန်ထမ်းလူကောင်းတွေ နာမည်ပျက်ရဦးမယ်"

"ဂလောက် . . ဒိုင်း"စကားအဆုံးတွင် ကျွန်မချွတ်ပေးသည်ကိုမှ မစောင့်။ သူ့စစ်ဖိနပ်ကြီးကို ဆောင့်၍ချွတ်ကာ ကန်ထုတ်လိုက်သည်မှာ ဖိနပ်တစ်ဖက် နံရံသို့သွားမှန်တော့သည်။

သူချွတ်လိုက်သော စွပ်ကျယ်ဟောင်းတွင် ချွေးများရွှဲနေ၏။ မျက်နှာသုတ်ပဝါအသေးတစ်ခုနှင့် ကျောမှချွေးများကို ကျွန်မသုတ်ပေးကာ ကျွန်မလက်ထဲမှ စွပ်ကျယ်အသစ်ကို သူ့အားလှမ်းပေးလိုက်ပါသည်။

စွပ်ကျယ်ဝတ်ရင်း လွှာဖိနပ်ကိုစီးကာ အခန်းပြင်ထွက်သွားတော့သည်။

မကြာခင် အဘဦးတင်တို့ ရောက်လာကြသည်။ ညစာအတွက် ထမင်းစားပွဲ ပြင်ဆင်ပေးပြီး အိပ်ခန်းထဲကို ပြန်ဝင်ကာ

တစ်ယောက်တည်း ငြိမ်ငြိမ်သက်သက် ထိုင်နေမိ၏။

"မခင်ယု. . . တစ်ခါတည်းဝင်စားလေ" ဒွေးလေးသွယ်က ကျွန်မကို လာခေါ်သည်။

"ဟင့်အင်း ကျွန်မ နောက်မှစားမယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ. . ကျွန်မ အရက်ကိုကြောက်တယ်။ အနံ့လဲ မခံနိုင်ဘူး။ သူ ဒီလိုပဲ အမြဲသောက်နေလား"

"ဧည့်သည်လာတဲ့အခါပါ။ ဒွေးလေးသွယ်တို့နဲ့နေတဲ့အခါတော့ သောက်ခဲပါတယ်။ တစ်ခါတစ်ခါ ညနေကလို စိတ်ဆိုးစရာတွေနဲ့တွေ့ခဲ့ရင် သောက်ရော"

"ဒီလိုသာ ကြာကြာနေရင် ပျက်စီးတော့မှာပဲ" ကျွန်မသည် တစ်ယောက်တည်း ညည်းသလို ညည်းတွားမိ၏။

ညဘက်တွင် အဘဦးတင်တို့ ဘယ်အချိန်ပြန်သွားသည် မသိ။ ကျွန်မသည် ဧည့်သည်များကို ဟန်ဆောင်၍မှ နှုတ်မဆက်မိ။ ညစာကိုလည်း မစားမိပေ။

ညဘက်တွင်တော့ သူသည် နဂါးတံဆိပ်အဝါပတ် စပယ်ရှယ်ကို ရှိုက်၍ ရှိုက်၍သောက်ကာ ကွပ်ပျစ်ပေါ်တွင်ထိုင်နေသည်။ ကျွန်မကလည်း ငြိမ်ငြိမ်လေးအိပ်ကာ သူ့ကိုကြည့်နေ၏။ ဆေးလိပ်တိုကို အားရပါးရ ရှိုက်လိုက်၊ အဟွတ်အဟွတ်နှင့် ချောင်းဆိုးလိုက်နှင့် တော်တော်နှင့်မအိပ်ပါ။ ချောင်းဆိုးလိုက်တိုင်းထွက်လာသော တံတွေးများကို ခုတင်အောက် ထွေးခံထဲသို့ ထွေးချလိုက်၏။

ဘယ်အချိန် ကျွန်မ အိပ်ပျော်လိုက်မှန်းမသိ။ နံနက်လင်း၍ကြည့်လိုက်သောအခါ သူသည် ကျွန်မဘေးတွင် နှစ်ခြိုက်စွာအိပ်ပျော်နေပေပြီ။ ခုတင်ဘေး သံမံတလင်းပေါ်တွင်မူ ဆေးလိပ်တိုများ၊ ဆေးလိပ်ပြာများ ပြန့်ကျဲနေကြသည်။ ထွေးခံထဲတွင်မူ တံတွေးများ၊ သလိပ်များကို ထွေးခံတစ်ဝက်ကျော်ကျော်တွေ့ရ၏။

နောက်နေ့တွင် ကျွန်မ ရန်ကုန်သို့ပြန်ရန်ပြင်ဆင်ရတော့

သည်။ သင်္ကြန်ရက်နှင့်ရော၍ ခွင့်နှစ်ပတ်ယူခဲ့ခြင်းဖြစ်သည်။ကျွန်မ ရုံးပြန်တက်ရဦးမည်ဖြစ်သည်။ လေယာဉ်ပျံလက်မှတ်များ နောက်တစ်နေ့မှရမည်ဖြစ်၍ စစ်ကိုင်းတောင်ရိုးသို့တက်ရန် တစ်ရက်အချိန်ရ၍ သွားပါသည်။

လွမ်းစေတီရင်ပြင်တွင် ဒွေးလေးသွယ်တို့ ညီအစ်မနှစ်ယောက် ဘုရားဖူးနေကြသည်။ ကျွန်မသည် အရင်ဆုံးပြီး၍ ဘုရားပရဝုဏ်ကို ကာရံထားသော အုတ်တံတိုင်းမှာရပ်ကာ စစ်ကိုင်းမြို့ဘက်သို့ ငေးမျှော်ကြည့်နေသည်။

"အချို့ . ဒီအပေါ်က လှမ်းကြည့်တော့နော်၊ စစ်ကိုင်းဟာ သစ်ပင်ရိပ်တွေမိုးလို့အေးမြချမ်းငြိမ်းတယ်လို့ထင်စရာပဲ ဟုတ်လား"

သူသည် နောက်ပါးမှလာရပ်ကာ စစ်ကိုင်းမြို့ကို မျှော်ကြည့်ရင်း ပြောပြ၏။

"အထဲမှာ တကယ်နေကြည့်တော့ လောဘဇောတွေ၊ အပူရှိန်တွေနဲ့ ပူပြင်းလိုက်တာ"

"ကိုကြီး အခုလိုစကားပြောတော့လဲ အေးအေးချမ်းချမ်းပဲ။ စာထဲမှာလဲ စကားလုံးသုံးပုံ မဆိုးပါဘူး။ ဒါပေမယ့် တစ်နေ့က အဘဦးတင်တို့လာမယ့် နေ့လယ်ကဆို အချိုလေ ကိုကြီးကိုမြင်ရတာ စိတ်ညစ်လိုက်တာ။ ပါးစပ်ကလဲလေ ဘာတွေရွတ်နေလဲမသိဘူး။ တကတည်း ကြမ်းတမ်းလိုက်တာ"

သူသည် ငြိမ်းချမ်းစွာပြုံး၍ ကျွန်မအပါးတွင် ယှဉ်ကာရပ်လိုက်၏။

"ရွတ်ရဖတ်ရ လူကြမ်းကြီး လုပ်ရတာပဲအချိုရေ။ ကိုကြီးလေ လူကြမ်းကြီးမဟုတ်ပါဘူး။ ဒွေးလေးသွယ်တို့က ကိုကြီးရဲ့အမေနဲ့ အဖေတူ အမေကွဲညီအစ်မတွေ။ အမေက ပျော့ပျော့သေးသေးရယ်။ ဒွေးလေးသွယ်တို့လို ရှည်ရှည်မာမာကြီး မဟုတ်ဘူး။ စိတ်ကတော့ အင်မတန်ကြီးတယ်။ အမေငယ်ငယ်က မန္တလေးကင်းဝန်တိုက်မှာ သူစာသင်ခွင့်ရတော့ စာပေလေ့ဝါသနာပါတယ်။ သူ ကိုး

ကွယ်တဲ့ ဆရာဘုန်းကြီးတွေကိုပင့်ဖိတ်ပြီး သာသနာရေးနဲ့ ပတ်သက်တဲ့စာပေတွေသာ ဆွေးနွေးနေတာ များတာပဲ"

"ဒီလိုဆို ကိုကြီးမေမေက ချောင်းဦးမြို့ဇာတိ မဟုတ်ဘူးပေါ့"

ကျွန်မသည် မမြင်ဖူးလိုက်သော ယောက္ခမကြီးအကြောင်းကို ခုမှ မေးကြည့်ရ၏။

"မဟုတ်ဘူး။ အဖေနဲ့လက်ထပ်ပြီးမှ ချောင်းဦးမှာ အခြေချတယ်။ အဖေက ချောင်းဦးနားကခင်မွန်ဇာတိပဲ။ အဖေက စီးပွားရေးသမားပါလေ။ ကိုကြီးငယ်ငယ်က ကိုကြီးတို့သားအဖသုံးယောက်ချောင်းဦးမှာနေခဲ့ရတဲ့အချိန်လေးများ ပြန်တွေးမိရင် ပျော်စရာလေး၊ သက်သောင့်သက်သာ အေးအေးချမ်းချမ်းရှိလိုက်တာ။ ကိုကြီးက တစ်ယောက်တည်းသားကိုး။ ဩော် . . ခုနေများ အမေရှိရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

သူသည် လေသံအေးအေးနှင့် ပြောပြနေ၏။

"ဘာဖြစ်လို့"

ကျွန်မသည် သူ့စကားကို ဝင်ထောက်လိုက်၏။

"ကိုကြီး လူမှန်းသိကတည်းက သူဖြစ်စေချင်တဲ့ သူ့သားအပေါ် ရည်မှန်းချက်ကို ခဏခဏပြောပြနေတာပဲ။ ငါ့သားတဲ့၊ မဂ္ဂိုဘုန်းတော်ကြီး ကျောင်းမှာဖြစ်ဖြစ်၊ ချောင်းဦးက အမေကိုးကွယ်တဲ့ ဆရာတော်ဆီမှာဖြစ်ဖြစ် သက်န်းဝတ်ပါတဲ့။သက်န်းဝတ်နဲ့ပဲ စာပေကို ဆည်းပူးပြီးနေပါ။ သူ သီးသန့်ကျောင်း ဆောက်ပေးမယ်တဲ့။ အမေ့ကို အိပ်မက်မက်တဲ့ အခါတိုင်းလိုလိုပဲ၊ အမေလက်ညှိုးထိုးပြတဲ့နေရာကို ကြည့်လိုက်ရင် သံဃာတော်တွေကို ဆွမ်းကျွေးနေတာကိုပဲ တွေ့တာပဲ"

"ကိုကြီးမေမေ ပြောတဲ့အတိုင်းလုပ်ရင် ကိုကြီးဘဝ အေးချမ်းမှာပဲ"

"အို. . . အမေဆုံးသွားပြီး ကိုကြီးတို့သားအဖ ကစဉ့်ကရဲ

ဖြစ်လိုက်တာ မပြောနဲ့တော့။ ကိုကြီး ချောင်းဦးကခွာပြီး တံတားဦး မှာ ကျောင်းဆရာ လုပ်သေးတယ်။ ဂျပန်တက်လာတော့ တိုင်းပြည် ချစ်တဲ့စိတ်ကြောင့် တပ်မတော်ထဲကို ဝင်ခဲ့လေတော့ နိုင်ငံရေး သံသရာလည်မိရော။ နောက်ပိုင်းတော့ မိချိုကို ချစ်တဲ့စိတ်ကြောင့် တဏှာသံသရာမှာ လည်မိရော. . . ကဲ"

"ဒီလိုဆိုရင် ကိုကြီးအမေသာရှိရင် အမေက အချို့ကိုချစ် မှာ မဟုတ်ဘူး။ သူ့သားကို သံသရာမှာလည်အောင်လုပ်တဲ့မိန်းမဗို့ သူ မုန်းမှာနော်"

"မမုန်းပါဘူး၊ချစ်မှာပါ။ သိပ်ချစ်မှာ။ ကိုကြီးလေ အချို့ကို မြင်စက အမေနဲ့တစ်ဝက်လောက်ကို တူလို့ချစ်တာ။ စကားပြော သွက်တာ၊ ပြတ်သားတာ၊ သွက်လက်တာတွေရော၊ လက်ဖွာတာရော တော်တော်တူတယ်။ လုပ်ချင်ရင်အမေဟာ သူထင်တာ သူ့စွတ်လုပ် တာပဲ။ အဖေကဖြင့် အမေ့ကိုလက်ပိုက်ကြည့်နေရတယ်။ ချောင်းဦး ကို အားလပ်ခွင့်ရတဲ့ အချိန်တစ်ခေါက်သွားပါ။ ကိုကြီးအိမ်နဲ့ မျက်နှာချင်းဆိုင်မှာ ဒေါ်ငြိမ်းဆိုတဲ့အဒေါ်ကြီးတစ်ယောက်ရှိတယ်။ ကိုကြီးက သူ့ကို ချစ်လို့ (ဒေါ်ကြီး)လို့ခေါ်တယ်။ သူကလဲ ကိုကြီးကို သိပ်ချစ်တာပဲ။ သူ့မှာ သားတစ်ယောက် သမီးတစ်ယောက် နှစ် ယောက်ပဲ ရှိတယ်။ သူ့သားဟာ စစ်ထဲကိုဝင်သွားပြီး ပြန်မလာတာ ခုထိပဲ။ အဲ. . အဲ သူ့ကိုတွေ့ခဲ့ရင် အမေ့အကြောင်းနဲ့ကိုကြီးတို့ သားအဖသုံးယောက် ချောင်းဦးမှာ နေထိုင်ခဲ့ပုံတွေကို မေးကြည့်၊ ပြောပြပါလိမ့်မယ်"

သူ့အသံမှာ တိမ်ဝင်သွားကာ သူ့အမူအရာက အတိတ်၏ ချမ်းငြိမ်းအေးမြပုံနှင့် သူ့အမေ၏ရင်ခွင်ကို ပြန်လည်လွမ်းဆွတ် နေပုံရ၏။

"မိချိုကိုချစ်မိလို့ ဘဝတစ်ဖန်ဖြစ်တဲ့ သံသရာမှာလည်ရ တယ်ဆိုတဲ့အဖြစ်တော့ မရောက်စေရပါဘူး ကိုကြီးရယ်၊ မရောက် အောင်လဲ အချို ကြိုးစားပေးမှာပါ"

ကျွန်မ ထိုကတည်းကပင် သူ့အား သူ့မိခင်ရည်မှန်းချက်ကို ရောက်အောင်ပို့ရန် ကြိုးစားပေးမည်ဟူသော အဓိဋ္ဌာန်ကို စိတ်ထဲမှ ပြုမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မသည် လက်မထပ်ခင်ကတည်းက ဘဝတစ်ဖန် ပြန်မဖြစ်သောတရား၊ သံသရာကို ပြတ်ရာပြတ်ကြောင်းဖြစ်သည့် ဝိပဿနာတရားအစကို ဉာဏ်စဉ်နှင့်ရသည်အထိ အားထုတ်ခဲ့ဖူးသောကြောင့်ဖြစ်ပါသည်။

ကျွန်မနှင့်သူသည် လွမ်းစေတီမှ တစ်ယောက်လက်တစ်ယောက် မြဲမြဲကိုင်ကာ ဆင်းလာကြ၏။ ဒွေးလေးသွယ်တို့ကိုပင် ပြန်မကြည့်မိ။

ဩော်. . . အနာဂတ်ကို စိုးမိုးသော အရှင်မကြီးသဖွယ် မိမိကိုယ်ကို အထင်ကြီးသော မိခင်ယုပါပေတည်း။

နောက်တွင် ကျန်ရစ်သော လွမ်းစေတီ၏ခေါင်းလောင်းသံများက “မင်းအနာဂတ်ကို မင်း မစိုးပိုင်ပါ”ဟု ညင်သာစွာ ပြောပြသည်ကိုပင် ကျွန်မ မကြားမိပါပေ။

*    *    *

## အခန်း(၅)

### ကျားစာကျွေးခံရခြင်း

သူနှင့်တွေ့ဆုံရန် နောက်ထပ်တစ်ခါ ထပ်မံ၍ ကျွန်မ စစ်ကိုင်းသို့ မသွားရတော့ပါ။ အဘယ်ကြောင့်ဆိုသော် မိုးအကျ လောက်တွင် သူ ရန်ကုန်စစ်ရုံးကြီး စစ်ဝန်ထမ်းဌာနချုပ်သို့ ပြောင်း ရွှေ့လာရသောကြောင့် ဖြစ်သည်။

ကျွန်မ၏မေမေသည်လည်း သူပြောင်းရွှေ့လာရပြီး တစ် လလောက်တွင် ကွယ်လွန်သွားတော့သည်။

တစ်ညနေတွင် ကျွန်မ မသိသော ညှော့သည်တစ်ယောက် ရောက်လာ၏။ အိမ်သားများပြောပြသည်မှာ တစ်ရက်ခြား နှစ်ရက် ခြားဆိုသလို ဤလူမှာ အစ်ကိုကြီးအား လာ၍ ရှာသည်ဟုဆိုပါ သည်။ တစ်ခါမှ အစ်ကိုကြီးနှင့် ထိုသူ မဆုံမိကြဟု ပြောပါသည်။ ကျွန်မသည် ဧည့်သည်အား ထိုင်ဖို့နေရာ ပေးလိုက်၏။ "ကိစ္စက ကျွန်မကို ပြောလို့ပြီးမယ်ဆိုရင်လဲ ပြောခဲ့ပါ။ ဒီက နောင်ကြီးနဲ့သူနဲ့ မဆုံမိသလိုဘဲ။ ကျွန်မနဲ့သူနဲ့ကလဲ မဆုံမိဘူး။ ကိစ္စအရေးကြီး တယ်ဆိုရင် ကျွန်မ ဆုံမိအောင် ကြိုးစားပေးပါ့မယ်။ ကျွန်မ ရုံးဆင်း ချိန်က အစောဆုံး ၅ နာရီ။ သူက ၃ နာရီခွဲရုံးဆင်းတော့ တင်းနစ် ရိုက်ဖို့ ဘောက်ထော်ကို ထွက်သွားရော။ ဒီတော့ ည၈ နာရီလောက်မှ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြတယ်"

ဧည့်သည်သည် ခဏမျှ စဉ်းစားပြီးမှ "သူရှိတဲ့နေရာကို တယ်လီဖုန်းဆက်လို့ရလား" ဟု မေး၏။

"ရပါတယ်"

"ကျွန်တော့်နာမည်ပြောပြလို့လဲ သူမသိပါဘူး။ အဲဒီတော့ ကျွန်တော်သူ့ကိုတွေ့ချင်တယ်လို့၊ မနက်ဖြန်ညနေ ဘယ်အချိန်လာရမယ်ဆိုတာသာ မေးပေးပါ"

"ဟုတ်ကဲ့. . ကောင်းပါပြီ"

ကျွန်မသည် တစ်ဖက်ခန်း ဦးလေးချစ်တို့အိမ်သို့ ကူးသွားကာ တယ်လီဖုန်းဆက်၍ သူ့ဆီမှ အချိန်တောင်းလိုက်၏။ နောက်နေ့ ညနေသုံးနာရီခွဲ အိမ်ကပင်စောင့်ရန်၊ သူ ရုံးဆင်းလာသော အချိန်တွင် တွေ့မည်ဖြစ်ကြောင်း၊ သူတယ်လီဖုန်းထဲမှ ပြောသည့်အတိုင်း ကျွန်မသည် ဉေ့သည်အား ပြောလိုက်ပါသည်။

ဉေ့သည်သည် အေးအေးဆေးဆေးမှပင် ထပြန်သွား၏။

ည ၈ နာရီလောက်မှပင် သူ တင်းနစ်ရိုက်ရာမှပြန်လာတော့သည်။

"အချို နောက်တစ်ခါ အစ်ကိုကြီး သွားလေရာ တယ်လီဖုန်းမဆက်ပါနဲ့."

သူသည် ကစားစဉ်ဝတ်သော အဝတ်များကိုချွတ်ကာ ချွေးသုတ်ရင်း ခပ်မာမာစကားသံဖြင့် ကျွန်မကိုပြော၏။

"ဘာဖြစ်လို့လဲ ကို၊ အချို့ရဲ့ ကိုယ်ရေးကိုယ်တာမှ မဟုတ်ပဲ။ အိမ်သားတွေကပြောတော့ အဲဒီဉေ့သည်ဟာ ညနေတိုင်းလိုလိုလာတယ်တဲ့။ ကိုကြီးနဲ့ မဆုံမိလို့သာကိုး"

"အင်းပေါ့။ ဒါပေမယ့် တင်းနစ်ကစားနေတဲ့ အုပ်စုက ကျော်သောင်းကြီး မိန်းမကြောက်လိုက်ရတာ၊ ကစားတဲ့နေရာ တောင် မိန်းမက တယ်လီဖုန်းလိုက်ဆက်လို့ ဖြောင့်အောင် မကစားရဘူးလို့ ဝိုင်းသောတယ်၊ သိလား"

ကျွန်မက ပါးစပ်အဟောင်းသားနှင့် သူ့ကို ငေးနေမိ၏။ သူ ရေချိုးခန်းဝင်သွား၍ ဘာမှမပြောတော့ပါ။

နောက်နေ့ရုံးတက်ချိန်တွင် ဝန်ကြီးချုပ်နှင့်အတူ ကျွန်မခရီးထွက်ရန် ပြင်ဆင်နေရ၏။ ဝန်ကြီးချုပ်မှာ လားရှိုးသို့ လေယာဉ်

ပျံနှင့်သွား၍ လားရှိုးမှတစ်ဆင့် ရှမ်းပြည်မြောက်ပိုင်းအနှံ့ကို မော်တော်ကားနှင့်သွားမည်ဖြစ်သည်။

ခရီးစဉ်အရ ရှမ်းပြည်မြောက်ပိုင်းသို့ ကားနှင့်သွားပြီး အပြန်တွင် နမ္မတူ၌ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီနှင့် ဆုံမည်ဖြစ်သည်။ ထိုမှတောင်ကြီးသို့ လေယာဉ်ပျံနှင့်သွားကာ ရှမ်းပြည်တောင်ပိုင်း ခရီးလှည့်ကြဦးမည် ဖြစ်သည်။

ပထမ ခရီးတွင် မိန်းကလေးဆို၍ ကျွန်မတစ်ယောက်တည်းသာ ပါမည်ဖြစ်၏။ ကျွန်မသည် ခရီးထွက်ဖို့ပြင်ဆင်ရ ရုံးကိစ္စများလည်း ရှင်းလင်းရနှင့် မအားလပ်၍ သူနှင့်ခေတ္တတွေ့ချိန်တွင် ဟို တစ်ညနေက သူ့အား တွေ့လိုသော ဧည့်သည်အကြောင်းကိုမှ မမေးမိတော့ပါ။

ရှမ်းပြည်မြောက်ပိုင်းသို့ကားနှင့်ခရီးထွက်ရသောအခါ တစ်ခါတစ်ရံ ကိုယ်ရံတော်ဗိုလ်ကြီး ဗိုလ်ဦးဘာသည်လည်း ကျွန်မတို့ကားနှင့် လိုက်ပါလာတတ်၏။ အမြဲလိုလိုတော့ ကျွန်မနှင့် အိမ်တော်ဝန် ဦးကြူစိန်တို့သာ ကားတစ်စီးထဲတွင် အတူသွားကြသည်။ ယခုတစ်ကြိမ်တော့ ကျွန်မတို့ကားထဲတွင် ဗိုလ်ကြီးဦးဘာ ပါလာပြန်ပါသည်။

*"ပျိုပျို. . မေ အလည်အပတ်ထွက်တယ်၊ မော်တော်ကားနဲ့ကွယ်၊ ဟိုယခင် ကျောင်းပိတ်ရက်ကကွယ် ရှမ်းပြည်ကိုတောင်ပိုင်းရော မြောက်ပိုင်းရောကွယ် နှံ့ခဲ့တယ်။*

*"ပြောပြချင်တယ်ကိုကိုရယ်။ နေ့ရောပဲ ညရောပဲ တသဲသဲမောင်းနှင်တယ်။ နေရောင်ခြည်လင်းလုလုကြားမယ်"*

"ညီမလေး မိခင်ယု၊ ဖိုးကျော်သောင်းကြီးကို လွမ်းတယ်ထင်တယ်"

ဗိုလ်ကြီး ဗိုလ်ဦးဘာသည် ကျွန်မကိုစရင်း ကျွန်မဆိုသော

မေရှင်ကြီး၏ ကျောင်းပိတ်ရက်သီချင်းကိုလိုက်၍ ဆိုတော့သည်။ သီချင်းဆုံးလျှင်မူ. . .

"ဒါနဲ့. . ဟုတ်ပါရဲ့၊ ဖိုးကျော်သောင်းပြောင်းလေရာ မခင်ယု လိုက်သွားတယ်လို့ တစ်ခါမှ ကိုယ်မတွေ့မိပါဘူး။ ဟုတ်တယ်မို့လား ဦးကြူစိန်"

ဗိုလ်ကြီးဦးဘာမေးခွန်းကို ဦးကြူစိန်က မဖြေ။ ကျွန်မကိုသာ ကြည့်၍ပြုံးနေ၏။ ကားထဲမှမြင်ရသော တောင်တန်းညိုညိုကြီးများကို မျက်ရည်ဝိုင်းသောမျက်လုံးများနှင့် ကျွန်မကြည့်ကာ လိုက်လာခဲ့ပါသည်။

မိုင်းငေါ်ကို ဖြတ်သန်း၍ လာခဲ့ကြပါသည်။ နမ့်တူသို့ မရောက်ခင် ချောင်းငယ်တစ်ခုကို ကူးကြရ၏။ ကူးတို့ဖောင်ပေါ်တွင်ကားများတင်၍တစ်ဖက်ကမ်းသို့ ပို့နေဆဲတွင် လူများမှာ ဒီဘက်ကမ်းတွင် ကျန်ရစ်ပေသည်။

ချောင်းသည် ငယ်သော်လည်း ရေစီးသန်လှ၏။ ကူးတို့ဖောင်ကို ကြိုးကြီးများနှင့်ဆွဲ၍ကူးပါသည်။ ကျွန်မသည် လူကြီးများအနားတွင်မနေဘဲ ကမ်းပါးမှ ခပ်လှမ်းလှမ်းနေရာကိုလျှောက်၍ သွားမိ၏။ ကူးတို့ အလုပ်သမားတစ်ယောက်၏ တဲဖြစ်ဟန်တူပါသည်။ ကျွန်မ တဲထဲသို့ဝင်ထိုင်ရန် မိန်းမငယ်တစ်ယောက်က နေရာပေး၏။ သူသည် နို့စို့ကလေးကိုနို့တိုက်ရာမှ ကျွန်မကိုဧည့်ခံနေခြင်းဖြစ်သည်။

နို့ညာဖြစ်ဟန်တူသော ကလေးတစ်ယောက်သည် ငို၍ တဲထဲဝင်လာ၏။ "အမေ. . . မုန့်စားမယ်"ဟု တောင်းပါသည်။ မအေသည် ကျွန်မရှေ့ရှိ မီးဖိုပေါ်တွင်ရှိသော ကျပ်ခိုးစင်ပေါ်မှ ခြင်းတစ်ခုကိုဆွဲချလိုက်၏။ ခြင်းထဲမှ အထုပ်ကလေးတစ်ခုကိုယူ၍ ကလေးငယ်ကို ပေးလိုက်ပါသည်။

ကလေးသည် အထုပ်ကိုဖြေကာ အားရပါးရ စားနေ၏။ ကျွန်မစိတ်ထဲ အံ့အားသင့်သွား၏။

ပြုံး-နွားပေ

"အစ်မကြီး. . . အဲဒါ မုန့်မှ မဟုတ်ဘဲ"

ကျွန်မသည် ကလေးအမေကို ရုတ်တရက် ပြောလိုက်မိ၏။

"အို. . . ဒီလိုခေါင်တဲ့နေရာမှာ ဘယ်ကမုန့်ရမလဲ။ ဒီမယ်က ပဲကျားခေါ်မှာပေါ့။ ဒါတောင် အလုပ်အားတဲ့အခါ ဒီအနားမှာ မြောင်းချပြီး သူတို့အဖေရယ်၊ ကျွန်မရယ် စိုက်ထားတာလေ၊ အဲဒါကိုပြုတ်ပြီး ကျွန်မတို့ဆီမှာ စားတော်ပဲ ပြုတ်စားသလို သွားရေစာ လုပ်ပြီး ကလေးတွေကို ကျွေးရတာကိုး"

ကျွန်မသည် အံ့အားသင့်သွားပြန်၏။

"ဘယ့်နဲ့ ဘယ့်နဲ့။ စပ်စုတယ်မထင်ပါနဲ့၊ ကျွန်မတို့ဆီမှာ စားသလိုဆိုတော့ အစ်မကြီးက ဒီနယ်က မဟုတ်ဘူးလား"

မိန်းမငယ်သည်ပြုံးလိုက်၏။ ရင်ခွင်ထဲမှကလေးသည် ညိုမှောင် ပြည့်ဖြိုးသော နို့အုံကို ပါးစပ်မှဖြုတ်ကာ ကျွန်မကိုလှမ်းကြည့်၏။

"မဟုတ်ဘူးရှင့် . . . ကျွန်မက ဝါးခယ်မသူ"

"ဘုရားရေ"

ကျွန်မက ပါးစပ်မှာ လွှတ်ခနဲထွက်သွား၏။

"ကျွန်မလဲ ဝါးခယ်မသူပဲ"

"ဟုတ်လား. . . သူတို့အဖေကတော့ သီပေါကပါ။ ဟဲ. . ဟဲ ကျွန်မ သူတို့အဖေကိုကြိုက်တာနဲ့ လိုက်လာတာ။ ဒီမှာပဲ အခြေချမလို့။ တစ်လတစ်ခါလောက်ပဲ မိုင်းငေါ်တက်ပြီး ဈေးဝယ်ကြတယ်။ အသီးအနှံကတော့ ဟိုဘက်နားမှာ အခင်းလေးတွေလုပ်ပြီး စိုက်စားတယ်။ ကျွန်မတို့ မိသားစုအတွက်တော့ လုံလောက်ပါတယ်။ ပြီးတော့လဲ သူတို့အဖေက ကူးတို့အလုပ်သမား၊ လခက တစ်ဖက်က ရသေးတယ်လေ။ မြို့လိုသုံးရင်တော့ မလောက်ဘူးပေါ့။ ဒီမှာက ငွေကုန်စရာမရှိတော့ ရှိတာနဲ့စားလိုက်တာပဲ"

"ဒါကြောင့်. . . ဒါကြောင့်ကိုး။ ကျွန်မရောက်ရောက်ချင်း အကဲခတ်နေတယ်။ လမ်းမှာတွေ့တဲ့ရှမ်းအမျိုးသမီးတွေကို နှုတ်

ဆက်ရင် တချို့အသံဝဲလွန်းလို့ နားတောင်မလည်ဘူး။ အစ်မကြီး ကတော့ မြန်မာလို ပီလိုက်တာအောက်မေ့တယ်။ လက်စသတ်တော့ ဝါးခယ်မသူကိုး"

"ဟုတ်ကဲ့"

သူသည် နို့စို့ကလေးကိုဝါးကြမ်းပေါ် ချလိုက်၏။ မီးဖိုပေါ်မှ မြေကရားကိုဆွဲယူကာ လက်ဖက်ခြောက်ဆီတက်နေသော ပန်းကန် တစ်လုံးနှင့်အတူ ကျွန်မရှေ့ချလိုက်ပါသည်။

"အစ်မကြီးလဲ ပဲပြုတ်နဲ့ရေနွေးကြမ်းနဲ့သောက်ပါဦး။ ခါ တိုင်းတော့ အာလူးပြုတ် ဆီဆမ်းဆားဖြူးပြီး သွားရေစာလုပ်ကျွေး တယ်။ ကန်စွန်းလဲ အချို့ စိုက်ထားပါတယ်။ ကန်စွန်းဥက ပိုပြီးပေါ တယ်"

"ဒီနားက ကလေးတွေကြီးလာရင် စာသင်ဖို့ အခက်အခဲ ရှိမယ်နော်"

ကျွန်မမေးခွန်းအတွက်မူ သူ့ခေါင်းထဲတွင် စဉ်းစားထား ဟန်မရှိသေးပေ။ သူသည် ခပ်ကြောင်ကြောင်လေး ကျွန်မကို ငေး ကြည့်နေရာမှ ကလေးငယ်ကိုကျွေးသော မျိုးပဲပြုတ်တစ်ထုပ် ကျွန်မ ကို လှမ်းပေးပါသည်။

"ကလေးတွေအတွက် မလောက်ဘဲနေမယ်။ သားရေစာ က ရှားကရှားနဲ့"

"အို. . . အများကြီး၊ ဒီမနက်စာ သူ့အဖေ ဒီပဲပြုတ်နဲ့ ထမင်းစားပြီး အလုပ်ဆင်းသွားရော။ ဒါ တစ်နေ့လုံးကလေးတွေ အတွက် သားရေစာပဲ။ စားပါအစ်မကြီးရယ်၊ ကျွန်မလဲ ဝမ်းသာ လိုက်တာ"

သူသည် လှိုက်လှိုက်လှဲလှဲပြုံးရင်း ကျွန်မကို ရှိတာလေးနှင့် ဧည့်ခံနေ၏။ သူကျေနပ်အောင် ပဲပြုတ်ထုပ်ကိုဖြေ၍ ကျွန်မစား ကြည့်၏။ သူပြောသော ပဲကျားလို ခါးသက်သက်မနေဘဲ အရောင် မှာညိုသော်လည်း အရသာမှာ ပဲကတ္တီပါလို ချိုဆိမ့်ဆိမ့်ဖြစ်နေပါ

သည်။

"ကလေး ဘယ်နှယောက်ရပြီလဲ"

"ဟိုကောင်ထက် အကြီးရှိသေးတယ်လေ။ ယောကျ်ားလေးချည်းပဲ သုံးယောက်"

ပဲကျားပြုတ်များ အားရပါးရစားနေသော ကလေးငယ်ကို လက်ညှိုးထိုးကာ ဖြေလိုက်၏။ ကျွန်မရင်ထဲတွင် ဝါးခယ်မမှ ဤ မိုင်းငေါ်ဒေသသို့ ပုဆိုးပိုက်ကာ စောင်ပိုက်ကာလိုက်ပါခန်းကို မေးလိုသောဆန္ဒ ဖြစ်လာပါသည်။

"ဟေး . . ညီမလေးရေ၊ တို့များအလှည့်ရောက်လာပြီ"

ဦးကြူစိန်သည် အပြေးအလွှားလာခေါ်၏။ ကျွန်မ မိန်းမငယ်ကို ကျေးဇူးတင်စကားပြော၍နှုတ်ဆက်သောအခါ သူ့မျက်နှာ ညှိုး၍သွားပါသည်။ ဩော် . . . ချစ်သူနောက် လိုက်လာရသော်လည်း ကျွန်မကိုတွေ့သောအခါ သူ၏မွေးရပ်ဌာနေကို လွမ်းဆွတ်သွားဟန်တူပါသည်။

ကျွန်မနှင့်ဦးကြူစိန် ထွက်သွားသည်ကို သူသည် ကလေးငယ်ကို ချီကာ တဝမှလှမ်းကြည့်နေ၏။

"အဲဒီမိန်းမ ဘယ်ကလဲသိလား. . . အစ်ကိုကြီး၊ ဝါးခယ်မကတဲ့"

ကျွန်မက မေးမေးဖြေဖြေ လုပ်လိုက်၏။

"ဟေ. . ငါ့ညီမက တွေ့လဲတွေ့တတ်တယ်"

ကျွန်မတို့နှစ်ယောက်သည် ဖောင်ပေါ်ခုန်တက်ရင်းစကားပြောလာ၏။

"အဲဒါ သိလား အချစ် . . အချစ်"ဟု ဦးကြူစိန်ကပြောပါသည်။

"ဒါကို ဖွဲ့နွဲ့ပြီး သူ ရန်ကုန်ရောက်ရင် ဝတ္ထုတစ်ပုဒ်ရေးဦးမယ်"

အစ်ကိုကြီးဦးကြူစိန် ရင်ထဲတွင် ပုဏ္ဏားလေးရှိဟန်တူပါ

သည်။ ရန်ကုန်ရောက်သောအခါ အဆင်ပြေချိန်တွင် မိုင်းငေါ် ဒေသကို အခြေခံ၍ ကျွန်မ 'စိမ်းသင့်မှုစိမ်း'ဝတ္ထုကိုရေးပါသည်။ ဝတ္ထုအနေနှင့်လည်း အောင်မြင်၏။ ရုပ်ရှင်အနေနှင့်လည်း ဝင်ငွေကောင်းသောကြောင့် ထုတ်လုပ်သူများက ကျွန်မကို ငွေတစ်ထောင် ထပ်မံ၍ပေးပါသည်။

ကျွန်မသည် မိုင်းငေါ်နယ်တွင် တွေ့ခဲ့ရသော ကျေးဇူးရှင် အမျိုးသမီးကိုယ်စား ရန်ကုန်အဆုတ်နာဆေးရုံကြီးသို့ ထိုငွေတစ်ထောင်ကို လှူဒါန်းလိုက်ပါသည်။

ဒါရိုက်တာဦးရွှေဘော်ကိုလည်း ဆရာဦးသုခက ကွန် ဂရက်ကျူလေးရှင်းလုပ်၍ ချီးကျူးသည်ဟု ကြားလိုက်ရပါသည်။

စာရေးသူ ကျွန်မအနေနှင့်တော့ ဒါရိုက်တာ ဦးရွှေဘော်ကို ချီးကျူးပါ၏။ သို့သော် မိုင်းငေါ်ဒေသ၏ သဘာဝနှင့် ကျွန်မ၏ ဦးတည်ချက်၊မဖွံ့ဖြိုးသေးသောဒေသများ၏ ပညာရေးအခြေအနေ၊ စိုက်ပျိုးရေးတို့ ပြည့်စုံစွာ မပါလာသောအခါ စိတ်မကောင်းဖြစ်မိပါသည်။

"စိမ်းသင့်မှုစိမ်းကို ရိုက်နေဆဲ ရွှေလင်းယုံ(ဦးချစ်မောင်) ရေးတဲ့ "သူ"ဝတ္ထုကလည်းရိုက်နေဆဲဆိုတော့ ဇာတ်လိုက်မောင်သင်က ကျွန်တော်တို့ကို အချိန်မပေးနိုင်လို့ မခင်ယု ဆန္ဒရှိသလောက် ရုပ်ရှင်မှာပုံမဖော်နိုင်တာခွင့်လွှတ်ပါ"ဟု ဦးရွှေဘော်က တောင်းပန်ပါ၏။ ကျွန်မကလည်း စိတ်ဖြေကာ ခွင့်လွှတ်လိုက်ရပါသည်။

ကျွန်မတို့လူစုသည် နမ္မတူဘော်တွင်းတွင်ရှမ်းပြည်မြောက်ပိုင်း ခရီးစဉ်ကို ခေတ္တရပ်နားလိုက်ပါသည်။ တည်းခိုသည့် နေရာမှာ ကျွန်မ ဦးကြူစိန်နှင့် တခြားအလုပ်သမားတို့က တစ်အိမ်တည်းခို၍ ဝန်ကြီးချုပ်နှင့်ဒေါ်မြရီတို့မှာ မစ္စတာလိချ်တို့အိမ်တွင် စော်ဘွားများနှင့်အတူ တည်းခိုပါသည်။

သို့သော် ညစာစားချိန်တွင် မစ္စတာလိချ်တို့အိမ်၌ အတူစားကြ၏။

ပြုံး—စာပေ

ညစာစားအပြီးတွင် သူ့အိပ်ခန်းသို့လိုက်ခဲ့ရန် ဒေါ်မြရီက ခေါ်၍ ကျွန်မလိုက်သွားပါသည်။ သူသည် ကျွန်မနားနားကပ်၍ ခပ်တိုးတိုး ပြောပြ၏။

"မောင်ကျော်သောင်းကိုလေ စသုံးလုံးက တရားစွဲတယ်လို့ ငါ သတင်းစာထဲဖတ်ခဲ့ရတယ်။ သူ့ကိုတော့ ဖမ်းတော့မထားဘူး။ မောင်ဖေညွန့်ကိုတော့ ဖမ်းထားတယ်"

ကျွန်မသည်ခေတ္တငိုင်သွား၏။ ကျွန်မဘာမှ ထိုအကြောင်းကို ကြိုတင်မသိရ၍ ဖြစ်ပါသည်။

"ဘာအကြောင်းလို့လဲ ရီရီ မသိခဲ့ဘူးပေါ့"

"တို့ တောင်ကြီးရောက်ရင် ဗိုလ်အောင်ကြီးနဲ့တွေ့မှာပဲ။ ဒီတော့ သူ့ကိုမေးပေါ့။ သူ အပြည့်အစုံသိမယ်"

ကျွန်မသည် ဘာမှဆက်၍မပြောတော့ပါ။ ရှမ်းပြည်တောင်ပိုင်းကို ခရီးဆက်ထွက်သောအခါ ဗိုလ်ချုပ်အောင်ကြီးနှင့် တောင်ကြီးမှာ ဆုံကြသည်။ ကျွန်မက ဒေါ်မြရီပြောသောသတင်းကို ဗိုလ်ချုပ်အောင်ကြီးအား မေးကြည့်၏။

"အို. . . ဖိုးကျော်သောင်းအတွက် မပူပါနဲ့။ သူ့မှာ အပြ ဲ မရှိပါဘူး။ တို့များသိပါတယ်။ စသုံးလုံးကတော့ သူ့ကိုတရားစွဲတယ်။ ဒီသတင်းကတော့ သတင်းစာထဲပါလာတာပဲ။ ယူပြီးဖတ်ကြည့်ပါလား။ သတင်းစာတွေ တို့များနဲ့ပါလာတယ်"

ဗိုလ်ချုပ်အောင်ကြီးပေးသော သတင်းစာကို ကျွန်မယူဖတ်ကြည့်၏။

"အစိုးရဘဏ္ဍာတော်ငွေကို ယူနီဖောင်းဝတ်၍ အလွဲသုံးစားပြုသူနှစ်ဦး" ဟူသော ၆ လိုင်းစာလုံးခေါင်းစီးများနှင့်အိုးဝေ သတင်းစာတွင်တွေ့ရ၏။ အိမ်ကျမှပင် အကြောင်းအရာ အပြည့်အစုံကို သူ့အား မေးကြည့်ရပေတော့မည်။ သတင်းစာများအဆိုအရ သူတို့အလွဲသုံးစားလုပ်သော ခရီးစရိတ်များမှာ သုံးသိန်းကျော်သည်။

ကျွန်မ ရှမ်းပြည်တောင်ပိုင်း မြောက်ပိုင်းများမှ ခရီးလှည့်အပြန်တွင် သူနှင့်ဆုံမိကြ၏။ ထိုအချိန်ကျမှပင် ရှမ်းပြည်သို့ ခရီးမထွက်ခင်က တစ်ညနေတွင် သူ့အားလာတွေ့သော ဧည့်သည်မှာ စသုံးလုံးအရာရှိမှန်း သိရတော့သည်။

"အချို့ . . . ပူမနေနဲ့ဦး။ တစ်နေ့ လိပ်ပတ်လည်ရင် ကိုကြီးအကြောင်း အချို့သိလာမှာပါ။ ဒီကိစ္စကဖြစ်တုန်းက ကိုကြီးနဲ့အချိုနဲ့တောင် လက်မထပ်ရသေးဘူး။ စစ်ရဲတပ်ရင်း(၄)မှာ ဒုတပ်ရင်းမှူးလုပ်တုန်းက ဖြစ်တဲ့ကိစ္စ"

ကျွန်မ ဘာမှဆက်၍မမေးတော့ပါ။

သို့သော် နောက်တစ်ပတ်တွင် စသုံးလုံးမှ ဘုတ်အဖွဲ့ဝင်အရာရှိကြီးများက ကျွန်မအား တွေ့ဆုံလိုကြောင်း အကြောင်းကြား၍ ကျွန်မကိုယ်တိုင် ရန်ကုန်ကမ်းနားလမ်းရှိ စသုံးလုံးရုံးကြီးသို့ သွားရောက်တွေ့ဆုံရပါသည်။ ဗိုလ်ကြီး ဗိုလ်ဦးဘာကိုယ်တိုင် လိုက်၍ပို့ပါသည်။

ကျယ်ဝန်းသော ခန်းမကြီးထဲတွင် ပုဂ္ဂိုလ်ကြီးငါးဦးခြောက်ဦးခန့် စားပွဲဝိုင်းကြီးတွင် ထိုင်နေကြသည်။ သူတို့သည် သူတို့မေးလိုရာများကို တစ်ယောက်တစ်ခွန်းစီ အေးအေးဆေးဆေး မေးကြရာမှ အကြီးဆုံးပုဂ္ဂိုလ်ကြီးက မေးခွန်းတစ်ခု မေး၏။

"ဗိုလ်ကြီးကျော်သောင်းက ဒီအမှုမှာ အစိုးရသက်သေမလုပ်နိုင်ဘူးလား"

ကျွန်မသည် ထိုမေးခွန်းမေးသော ပုဂ္ဂိုလ်ကြီးမျက်နှာကို စေ့စေ့ကြည့်နေမိ၏။

"အန်ကယ် ကျွန်မဒီမေးခွန်းကို ကာယကံရှင်မဟုတ်တော့ မဖြေနိုင်ပါဘူး"

"မင်းက သူ့ရဲ့ဇနီးပဲ၊ သူ့စိတ်ကို မသိဘူးလား"

အမှန်တော့ သူတို့ ဆိုလိုချင်သည်မှာ ဗိုလ်ကျော်သောင်းအား အစိုးရသက်သေလုပ်ရန် တိုက်တွန်းပေးဖို့ ဆိုလိုပါသည်။

"တပ်မတော်သားတစ်ယောက်ကို သူ့ဇနီးက မပိုင်ဘူး ဆိုတာ အန်ကယ်တို့ သိပါလိမ့်မယ်။ ပုဂ္ဂိုလ်အနေနဲ့ပိုင်တယ်ဆိုတာတောင် ဗိုလ်ကြီးကျော်သောင်းဆိုတဲ့လူက ဇနီးသွေးဆောင်ရာကို လိုက်ပါတတ်တဲ့ လူစားတစ်ယောက်မဟုတ်ပါဘူး" ကျွန်မက အေးအေးဆေးဆေးပင် ဖြေဆိုလိုက်၏။

"ဒီမှာ မိန်းကလေးရဲ့၊ ဥပဒေမျက်စိနဲ့ကြည့်ရင် သူ့မှာ အပြစ်ရှိနေတယ်နော်"

တစ်ယောက်သောပုဂ္ဂိုလ်က ဆိုပြန်ပါသည်။ စကားလုံးများ ပျော့ပျောင်းသော်လည်း 'ခြောက်'သောအဓိပ္ပာယ်ပါ၍နေပါသည်။

"ဟုတ်ကဲ့၊ အန်ကယ်တို့ကြိုက်သလို အရေးယူနိုင်ပါတယ်။ ကျွန်မကတော့ ကျွန်မခင်ပွန်းသည်မှာ အပြစ်ကင်းတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ သူ့နောက်က မားမားရပ်နေမှာပဲ"

ကျွန်မအား တခြားသူတို့သိလိုသော မေးခွန်းများကို အေးအေးဆေးဆေး ဆက်လက်မေး၍ ပြန်ခွင့်ပြုလိုက်ပါသည်။

*   *   *

# အခန်း(၆)

"မခင်ယု၊ ဝန်ကြီးချုပ်ခေါ်နေတယ်"

အိမ်တော်ဝန် ဦးကြူစိန်က ကျွန်မအား လာ၍ခေါ်သည်။ ကျွန်မသည် ဝန်ကြီးချုပ်ရှိရာ ကဲဘိနက်ရုံးခန်းသို့တက်သွားကာ ဝန်ကြီးချုပ်ရှေ့တွင် မတ်မတ်ရပ်နေ၏။ သူသည် ထုံးစံအတိုင်း စကားတစ်ခုကို အေးအေးဆေးဆေး ပြောလိုလျှင် လက်ကိုနောက်ပစ်ကာ ကြမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စကားပြောတတ်၏။ ယခုလည်း သူ့ထုံးစံအတိုင်း ကျွန်မကို ပြောပြ၏။

"မိခင်ယု ကိုကိုကြီးပြောပြတာကို အေးအေးဆေးဆေး နားထောင်ပါ။ မောင်ကျော်သောင်းကို စသုံးလုံးက အရေးယူရတဲ့ အကြောင်းက ကိုကိုကြီးသိရသလောက်တော့ အခြေအနေက ဒီလို ဖြစ်နေတယ်။ အများမျက်စိနဲ့တော့ စစ်ရဲတပ်ရင်း(၄)ခရီးစရိတ်တွေကို တပ်ခွဲမှူးတချို့ဟာ ကိုယ်ရေးကိုယ်တာ အလွဲသုံးစားပြုနေတာမျက်မြင်ပဲ။ အထူးသဖြင့် တပ်ခွဲမှူး မောင်ဖေညွှန့်ဟာ ဒီငွေတွေနဲ့ မော်တော်ကားဝယ်တယ်။ မယားငယ်ယူတယ်။ ထင်သလို ဖြုန်းနေတာကို သိကြတယ်။ ဖေညွှန့်ကိုတော့ အခု အချုပ်ထဲမှာ ဖမ်းထားတယ်။ ဥပမာပြောရရင် ဖေညွှန့်က ဓားပြတိုက်လာတဲ့သူ ဖြစ်တယ်။ ဓားပြတိုက်ခံရတဲ့တရားလိုက ဖေညွှန့်ဟာ ကျွန်တော့်ထံက မြလက်စွပ်ကို ဓားပြတိုက်သွားပါတယ်လို့ သက်ဆိုင်ရာကို အကြောင်းကြားရင် သက်ဆိုင်ရာက ဖေညွှန့်ကို ဖမ်းဆီးရတယ်။ သေသေချာချာ ရှာဖွေစစ်ဆေးတော့ ဓားပြတိုက်သွားတဲ့လူဟာ ဖေညွှန့်ဖြစ်သော်လည်း တိုက်ရာပါပစ္စည်းမြလက်စွပ်က ဖေညွှန့်အိတ်ထဲမှာရှာမတွေ့ဘူး။ မောင်ကျော်သောင်းအိတ်ထဲမှာ ဒီ မြ

လက်စွပ်ကိုတွေ့ရင် သက်ဆိုင်ရာက မောင်ကျော်သောင်းကိုလဲ သူခိုးလက်ခံအနေနဲ့ အရေးယူရမှာပဲ။ ဒါကြောင့်မို့လို့ အခုကိစ္စမှာလဲ စစ်ရဲတပ်ရင်း(၄)ဒုတိယတပ်ရင်းမှူးအနေနဲ့ မောင်ကျော်သောင်းကို သက်ဆိုင်ရာစသုံးလုံးက အရေးယူခြင်းပဲ။ ဒါကို မောင်ကျော်သောင်းကို ရှင်းပြပါ"

ကျွန်မသည် မတ်တတ်ရပ်ရင်း ခေတ္တငြိမ်သက်စွာစဉ်းစားနေ၏။ ဝန်ကြီးချုပ်ပေးသောဥပမာသည် တကယ်ဖြစ်နေသော ကျွန်မ၏ချစ်သူ ခင်ပွန်းသည်အဖြစ်နှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို စဉ်းစားနေမိ၏။ မိနစ်အနည်းငယ်ကြာ ငြိမ်သက်စွာ စဉ်းစားပြီးသည့်နောက်မှ ကျွန်မသည် မေးခွန်းတစ်ခုကို ဝန်ကြီးချုပ်အား ပြန်လည်မေးမိသည်။

"ကျွန်မမျက်စိနဲ့ကြည့်တဲ့အခါမှာ ဖိုးကျော်သောင်းရဲ့အိတ်ထဲမှာ အဲဒီမြလက်စွပ်ကို မတွေ့ဘူးဆိုရင်ကော"

"ဥပဒေမျက်စိနဲ့ကြည့်တော့ သူ့အိတ်ထဲမှာ မြလက်စွပ်ကို မြင်နေပြီ"

ဝန်ကြီးချုပ်သည် မျက်လုံးပြူးကာ ကျွန်မကို မေးလိုက်ပြန်သည်။

"ခက်တာက အခုကိစ္စမှာ ငါ့မယုံ ငါ့မယားမေးကြည့် ဆိုတာလိုဖြစ်နေတယ်။ ဖိုးကျော်သောင်းဟာ လူကောင်းတစ်ယောက်ပါ။ တိုင်းပြည်ရဲ့ဘဏ္ဍာကို သူ့ရဲ့ကိုယ်ကျိုးအတွက် ဘယ်တော့မှ အလွဲသုံးစားပြုခဲ့တဲ့ လူတစ်ယောက်မဟုတ်ပါဘူးလို့ ကျွန်မကဖြေရင် အများကရယ်မှာပေါ့။ သူ့ယောကျ်ားအကြောင်းကို သူ့မိန်းမက အကောင်းပဲပြောမှာပဲလို့ ယူဆကြ၊ ရယ်မောကြမှာပဲ။ အဲဒီတော့ ကျွန်မ ကိုကိုကြီးကို ဖိုးကျော်သောင်းအကြောင်း ရှင်းလင်းပြီးတော့ အရှည်ကြီး ပြောမပြပါရစေနဲ့တော့။ သူ့ နောက်ကြောင်းကို တပ်မတော်မှာ သူနဲ့အတူတွဲဖက် အမှုထမ်းလာခဲ့တဲ့ အရာရှိအကြီးဆုံးကနေပြီး ရဲဘော်လေးတွေအထိ မေးမြန်းစုံစမ်းကြည့်ရင် ပိုပြီး

ကောင်းပါတယ်။ ကျွန်မအနေနဲ့ကတော့ ဒီမြေလက်စွပ်ကို ဖိုးကျော်သောင်းအိတ်ထဲမှာ မမြင်လို့ မမြင်ဘူးလို့ ပြောရတာပါပဲ"

ကျွန်မသည် ဝန်ကြီးချုပ်အား ဤမျှသာ ပြန်လည်၍ ပြောပြလိုက်ပါသည်။

"အေးလေ ကိုကိုကြီးပြောတာကိုသာ မောင်ကျော်သောင်းကို ရှင်းပြလိုက်ပေတော့။ ကဲ. . မင်းသွားနိုင်ပြီ"

ကျွန်မသည် ကဲဘိနက်အခန်းမှထွက်ကာ လှေကားထစ်ကို တစ်ထစ်ချင်းဆင်း၍ စဉ်းစားလာခဲ့၏။ လက်ထပ်သည့်အချိန်မှာ သူ့အတွက် ဝတ်စုံများဝယ်ခြမ်း၍စောင့်နေရပုံကိုလည်းသတိရ၏။ မင်္ဂလာဦး အိပ်ရာအခမ်းအနားအတွက် ခုတင်၊ အိမ်ထောင်ပရိဘောဂ၊ ဗီရိုစားပွဲ၊ ကုလားထိုင်တို့မှာ သူအလုပ်လုပ်ခဲ့ဖူးသောတပ်ရင်းများက စုပေါင်းလက်ဖွဲ့လိုက်သည်ကို သိရသော ကျွန်မအဖို့ ဖိုးကျော်သောင်းအိတ်ထဲတွင် မြေလက်စွပ်ကို မမြင်သည်မှာ အဆန်းမဟုတ်ပါပေ။ ဥပဒေမျက်စိနှင့် မြင်သည်ဆိုတော့ ကျွန်မဘာများတတ်နိုင်ပါဦးမည်နည်း။ ကျွန်မရုံးခန်းထဲသို့ ပြန်ရောက်သောအခါ ရုံးဆင်းချိန်ရောက်ပြီဖြစ်၍ ရုံးခန်းမှာ တိတ်ဆိတ်နေသည်။ ကိုယ်ရံတော်ဗိုလ်ကြီး ဗိုလ်ဦးဘာတစ်ယောက်သာ တွေ့ရ၏။

"ညီမလေးရေ ရွှေယောက်ဖကြီး ဖိုးကျော်သောင်း ဂိတ်မှာ ညီမလေးကိုစောင့်နေတာ ကြာပြီ။ ပြန်ပေတော့။ ဦးကြူစိန်လဲ ဟိုဘက်ဝင်းထဲကို ခဏသွားတယ်"

ကျွန်မသည် စားပွဲပေါ်မှာ ပစ္စည်းများကိုသိမ်းဆည်းကာ ဂိတ်ဝသို့လျှောက်လာခဲ့ပါသည်။ ခါတိုင်းဆိုလျှင် ရုံးဆင်း၍သူလာကြိုသောအခါတိုင်း မော်တော်ကားကို ကျွန်မရှိရာ ရုံးခန်းဆီသို့ သူမောင်း၍ လာစမြဲ ဖြစ်ပါသည်။ ယခုတစ်ချိန်တွင် ဘာကြောင့်ဂိတ်ဝမှာစောင့်နေသည်ကို ကျွန်မ မသိပါပေ။ ဂိတ်ဝရှိ ချင်းရဲဘော်များ စောင့်နေသောကင်းတဲကို ကျွန်မဖြတ်လိုက်သောအခါ ဂျစ်ကားပေါ်တွင် ငုတ်တုတ်ကြီးထိုင်နေသော သူ့ကို တွေ့ရ၏။ ကျွန်မ

သူ့ဘေးတွင် ဝင်ထိုင်လိုက်လျှင် သူသည် မော်တော်ကားကို စက်နှိုးရင်းမှ ကုန်း၍အော်လိုက်၏။

"ဘာလုပ်နေလို့ ဒီလောက်ကြာတာလဲ။ ဒီမှာစောင့်နေတာ ဘယ်လောက်ကြာပြီထင်လဲ။ ကိုစိန်ဝင်းက ကားခဏယူသုံးချင်လို့ တောင်းထားတာ ပို့ပေးရမယ်။ အခု နောက်ကျနေပြီ သိရဲ့လား"

သူသည် ပြောပြောဆိုဆို မော်တော်ကားကို အရှိန်နှင့်ကွေ့၍ ဦးဝိစာရလမ်းအတိုင်း မောင်းချလာပါသည်။ ကျွန်မကတော့ ဘာတစ်လုံးမှ ပြန်မပြောတော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ ကားမောင်းသူ ရဲဘော်လေးမှာ ကျွန်မတို့နှစ်ယောက်ကို နောက်ဘက်ကူရှင်မှာထိုင်နေရင်း ကြည့်နေ၏။

"အခုလမ်းမှာ ဗိုလ်ချုပ်အောင်ကြီးအိမ်ကိုလဲ ခဏဝင်ရဦးမယ်"

ကျွန်မသည် ဘာမှမပြောဘဲ ငိုမြဲသာငိုရင်း ကားပေါ်တွင် လိုက်ပါလာသည်။ လမ်းတွင် ဗိုလ်ချုပ်အောင်ကြီးအိမ်ကို ခေတ္တဝင်ရောက်၍ စကားပြောကာ ဆူးလေဘုရားလမ်းကျွန်မတို့အိမ်ရှိရာသို့ ပြန်လာခဲ့ကြပါသည်။ ကျွန်မသည် အိမ်ရှေ့တွင် ကားရပ်လျှင်ရပ်ချင်း ရှေ့မှအရင်ဆင်း၍ လှေကားပေါ်သို့တက်လာသည်။ ကားကိုမူ သူ့ရဲဘော်ကိုပေး၍ ကိုစိန်ဝင်းရှိရာသို့ လွှတ်လိုက်ပါသည်။ ကျွန်မနောက်မှ ဒေါနှင့်မောနှင့် လှေကားကိုနင်း၍ သူလိုက်လာသည်။

ညစာကို အိမ်သားများနှင့်အတူ သူ စားသောက်၍ပြီးသည်အထိ ကျွန်မအဖို့မှာ ထမင်းမစားနိုင်သေးပေ။ အိမ်ခန်းထဲတွင်သာ တအိအိ ငိုနေမိသည်။ ကျွန်မကလည်း ငိုကြောရှည်သောမိန်းကလေးပါပင်တည်း။ ည ၈ နာရီလောက်မှ သူသည် အနားရောက်လာကာ ကျွန်မကို မေး၏။

"ဘာဖြစ်လို့ ဒါလောက်ငိုနေရတာလဲ"

ကျွန်မသည် မျက်ရည်သုတ်၍ ခေါင်းအုံးပေါ်တွင်အိပ်ရင်း သူ့ကိုခပ်ဖြည်းဖြည်းပင် ပြန်ပြော၏။

"ငိုရတာပေါ့။ အချို ကြားထဲက ဘယ်လောက် စိတ်ညစ်တယ် အောက်မေ့သလဲ။ ဂိတ်ဝမှာ ကိုကြီးစောင့်နေတာကိုလဲ မသိဘူး။ ကိုကြီး ရောက်လာချိန်မှာ ဝန်ကြီးချုပ်ခေါ်လို့ ဝန်ကြီးချုပ်ရုံးခန်းထဲမှာ အချို ရောက်နေတယ်။ ဝန်ကြီးချုပ်ခေါ်ပြောရတဲ့ အကြောင်းကလဲ တခြားအကြောင်း မဟုတ်ဘူး။ ကိုကြီးနဲ့ စသုံးလုံးနဲ့ အမှုဖြစ်တဲ့ကိစ္စ။ ဒီတော့လဲ အချိုက အစအဆုံး ဝန်ကြီးချုပ်ပြောသမျှ သေသေချာချာနားထောင် နေရတာပေါ့"

"ဟောဗျာ. ; ဘာအကြောင်းတွေများ ရှင်းပြနေလဲ"

သူသည် အေးဆေးသောအမူအရာပြောင်းလဲသွားကာ ပျော့ပျော့ပျောင်းပျောင်းမေး၏။ ကျွန်မသည် ဝန်ကြီးချုပ်ပြောသမျှအားလုံးကို သူ့အား ပြောပြလိုက်ပါသည်။

"ဒါတွေ ဘာတွေ ကိုကြီးမှ မသိဘဲ"

"မသိရင်လဲ မိန်းမဖြစ်တဲ့လူကို အေးအေးဆေးဆေး မေးဦးမှပေါ့။ ရဲဘော်တွေရှေ့လဲ မရှောင်၊ ဘာမှန်းညာမှန်းလဲမသိ၊ ကုန်းပြီး အော်လိုက်တော့ အချိုကလဲ ငိုမိတာပေါ့။ ကိုစိန်ဝင်း ဆိုတဲ့လူက ကိုယ့်မိတ်ဆွေပဲ။ ဒီလိုဒီလိုအကြောင်းကြောင့် ကားပို့ပေးရတာနောက်ကျတယ်လို့ ရှင်းပြရင်လဲ ပြီးတဲ့ကိစ္စပါ"

သူသည် ဒေါထွက်ပြီးပြီးချင်း တဟဲဟဲနှင့် ရယ်နိုင်ပြုံးနိုင်သောသူ ဖြစ်၏။ ထို့ကြောင့် ခုတင်ဘေးတွင် အေးဆေးစွာထိုင်ရင်း ပြုံးပြုံးရယ်ရယ်နှင့် စကားကို ဆက်လက်ပြောနေပါသည်။

"အဲဒီတော့ အချိုက ဝန်ကြီးချုပ်ကို ဘာပြန်ပြီးတော့ ဖြေခဲ့သလဲ"

"ဘာဖြေခဲ့ရမလဲ။ သူ့ဥပမာနဲ့ပဲ သူ့ကိုဖြေခဲ့ရတာပေါ့။ မြလက်စွပ်ကို ဘယ်တုန်းကမှ ကိုကြီးအိတ်ထဲမှာ အချို မမြင်ဖူးဘူးလို့ ဖြေခဲ့တာပေါ့"

"အေးလေ. . . ဥပဒေဆိုတာ လူကရေးဆွဲခဲ့တာ။ ဥပဒေကျွမ်းကျင်သူတွေဟာ သူတို့အရည်အချင်းရှိသလောက် လိုသလို

ဥပဒေကို ဆွဲယူအသုံးချကြတာပဲ။ တကယ်စင်စစ်တော့ ဒီဥပဒေ ရေးဆွဲတဲ့သူတွေရော လိုက်နာရမယ့်သူတွေမှာရော ပင်ကို ကိုယ်ကျင့်တရားရှိဖို့ လိုတာပဲ။ သူတို့ဥပဒေမျက်စိနဲ့ ကိုကြီးမှာ အပြစ်ရှိတယ်ဆိုရင်လဲ ခံရမှာပဲ။ ကိုကြီးကလဲ တစ်နေ့နေ့မှာ ဒီ ပြစ်မှုကို မကျူးလွန်တဲ့ အကြောင်းရှင်းလင်းပြီး အထုပ်ဖြေပြရမှာပဲ။ အချိန်မတိုင်မီတော့ သည်းခံစောင့်ရမှာပဲ။ ဒုတိယတပ်ရင်းမှူးဆိုတာ တာဝန်များသား။ တာဝန်များသလိုပဲ ဘယ်သူပဲ လုပ်ခဲ့လုပ်ခဲ့ ခေါင်းထိုးခံရတဲ့သတ္တိကလဲ ရှိရတယ်။ ကဲ. . အချိုလဲ တစ်ခုခုစားပြီး စိတ်ချမ်းချမ်းသာသာ အိပ်ပေတော့"

သူက ဒါပဲပြော၏။

* * *

နောက် တစ်လခန့်ကြာသောအချိန်ဖြစ်၏။ ရုံးမှတစ်ခါတလေ စောစောဆင်းရ၍ ကျွန်မသည် ဝရန်တာတွင် အပန်းဖြေနေပါသည်။ ဝန်ကြီးချုပ်သည်လည်း သူ့ရောဂါတစ်ခုအတွက် ဝင်ဒါမီယာအိမ်တွင်ပင် သမားတော်ကြီးများနှင့် ဆေးကုနေသည်ဖြစ်သောကြောင့် ယခုတလော ရုံးချိန်မှန်မှန် ဆင်းခွင့်ရခြင်းဖြစ်ပေသည်။ ခါတိုင်းဆိုလျှင် အစ်ကိုကြီးသည် စစ်ရုံးထုံးစံအတိုင်း ၃နာရီခွဲ ရုံးဆင်းကာ အိမ်ကိုရောက်နေ၍ ကျွန်မက ၅ နာရီ၊ ၆နာရီ တပ်ခါ တစ်ရံ ညဘက်လောက်မှ ရုံးကအိမ်ကို ပြန်ရောက်ရပေသည်။ နှစ်ယောက်အေးအေးဆေးဆေး တွေ့ဆုံရသော ညနေပိုင်းအချိန်သည် နည်းပါးလှပါသည်။ ယခု ညနေချိန်တွင်လည်း သူ့ရုံးကပြန်လာပြီဟု သိရသော်လည်း လူချင်းမတွေ့ရသေးပါ။ ယူနီဖောင်းလဲပြီးလျှင် နောက်တစ်ခေါက် အပြင်သို့ထွက်သွားသည်ဟု သိရသည်။ ဘယ်ကို သွားသည်ကိုတော့ မသိရပါ။

ကျွန်မသည် အိမ်သားများနှင့်အတူ ညစာစားပြီးဝရန်တာတွင် သူ့ကိုဆက်လက်စောင့်နေ၏။ ၇ နာရီလောက်တွင် သူပြန်

ရောက်လာပါသည်။ သူသည် အေးအေးဆေးဆေးပင် ကျွန်မအနီး ကုလားထိုင်တစ်ခုတွင် ထိုင်လိုက်၏။

"ကိုကြီးတော့ အပြင်မှာ ထမင်းစားလာခဲ့ပြီးပြီ။ အချို့ကို တစ်ခုခိုင်းရမယ်။ အဝတ်အစားလဲပြီး ဝင်ဒါမီယာကိုသွားပါ"

"ဝင်ဒါမီယာကို ဘာသွားလုပ်ရမှာလဲ" ကျွန်မသည် ရုတ်တရက် အံ့အားသင့်စွာနှင့် မေးလိုက်၏။

"ဝန်ကြီးချုပ်ကို သွားပြောပါ၊ ဗိုလ်ကြီးကျော်သောင်းက မနက်ဖြန်ကာကျရင် ဝန်ကြီးချုပ်နဲ့သမ္မတကြီးကို တရားစွဲပါတော့မယ်ဆိုတဲ့အကြောင်း သွားပြောပါ။ သူ့ကို ကြိုတင်အကြောင်းကြားပြီးမှ ကိုကြီးလုပ်ချင်တယ်"

"ဟော. . ဘယ်လိုဖြစ်ရပြန်တာတုံး၊ သွားပြောဖို့ဆိုတာကိုတော့ အချိုသဘောတူပါတယ်။ အခြေအနေကို နည်းနည်းရှင်းပြပါလား။ အချို သိခွင့်မရှိဘူးလား"

"ရှိပါတယ်၊ ရှိပါတယ်။ ကိုကြီး ပြောပြမယ်။ ကျော်သောင်းဆိုတဲ့အကောင်မှာ ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး လျှို့ဝှက်ထားတာ ဘာမှမရှိဘူး။ ရှင်းပြီး ပြောပြမယ်။ ဟိုတစ်ပတ်က ဗိုလ်ချုပ် (ဗိုလ်ချုပ်ကြီးနေဝင်းကို ဆိုလိုသည်)က ကိုကြီးကို ခေါ်တွေ့တယ်။ ပြီးတော့ သူက ကိုကြီးကိုမေးတယ်။ မင်း စစ်ရဲတပ်ရင်းတုန်းက ခရီးစရိတ်တွေ ဘုန်းထားတယ်ဆို၊ အဲဒီငွေတော့ ဘယ်မှာလဲတဲ့။ မေးတယ်။ ကိုကြီးက ဖြေလိုက်တယ်။ ဘုန်းလဲမဘုန်းဘူး။ အဲဒီငွေတွေလဲ ကျွန်တော့်လက်ထဲမှာ မရှိဘူး။ အခုလောလောဆယ် စသုံးလုံးက တရားစွဲခံရတဲ့ ခရီးစရိတ်တွေလဲ ဘယ်သူမှ မထုတ်ရသေးဘူးလို့ ပြောလိုက်တယ်။ ဒီလိုဆိုရင် မင်းဟာက ဘယ်လိုဖြစ်တာလဲလို့ ဗိုလ်ချုပ်က မေးတယ်။ အဲဒီတော့ ကိုကြီးက ပြန်ပြောရတာပေါ့။ ရုံးထုံးစံအတိုင်း တပ်ရင်းမှူးကလက်မှတ်ထိုး၊ ဒုတပ်ရင်းမှူးက အဲဒီစာရင်းတွေကို မှန်ကန်ကြောင်း လက်မှတ်ထိုးရတာကို ဗိုလ်ချုပ်အသိပဲ။ ကျွန်တော် ဒီလို လက်မှတ်ထိုးလိုက်ရပေမယ့် ဒီ ခရီးစရိတ်

တွေကို သက်သမကင်းဖြစ်နေတာ ကြာပြီ။ အခု ဒီကိစ္စမှာလဲ စိတ်ထဲက သံသယရှိနေတာနဲ့ ဒီခရီးစရိတ်စာရင်းကြီးကို ငွေစာရင်းမင်းကြီးရုံးကို တင်သာတင်ပို့လိုက်ရတယ်။ စိတ်ထဲက မကျေနပ်ဘူး။ ဒါကြောင့် ငွေစာရင်းမင်းကြီးဦးဘခင်ကို တယ်လီဖုန်းနဲ့ဆက်ပြီးတော့ ပြောခဲ့တယ်။ "ကျွန်တော် တစ်စုံတစ်ရာ နောက်ထပ်အကြောင်း မကြားမချင်း ဒီခရီးစရိတ်ကို ဘယ်သူတွေ တောင်းခံလို့မှ ထုတ်မပေးပါနဲ့"လို့ ပြောခဲ့တယ်။ ရုံးသဘောက ပါးစပ်နဲ့ပြောတယ်ဆိုတာ တရားမှမဝင်ဘဲ။ ဦးဘခင်ဆိုတာလဲ စေ့စပ်သေချာတဲ့လူဖြစ်တယ်။ အဲဒီတော့ ကျွန်တော်က စာနဲ့ပေနဲ့လဲ ဒီခရီးစရိတ်တွေကို ထုတ်မပေးသေးဖို့ အကြောင်းကြားစာ သီးသန့်ပို့ထားပါတယ်။ ဒီစာဟာ ဒီငွေစာရင်းမင်းကြီးရုံးမှာ ရှိမှာပဲ။ ကျွန်တော်တို့ စစ်ရဲတပ်ရင်း(၄)က မီးလောင်သွားတော့ ဒီစာမူရင်းပါ မီးထဲပဲ ဝါးသွားသလား။ ရသမျှယူပြေးရတဲ့ စာရွက်စာတမ်း ဖိုင်တွဲတွေထဲမှာ ကျန်သလားဆိုတာ အဲဒီတုန်းက တပ်ရင်း(၄)ရုံးအုပ်ဟောင်းနဲ့ ရှာဖွေနေဆဲပဲ။ အချိန်ကလဲ ကြာလာခဲ့ပြီဆိုတော့ လွယ်လွယ်ကူကူ ရှာမတွေ့နိုင်ဘူး။ စစ်ရဲတပ်ရင်း(၄)ကိုပဲ အမည်ပြောင်းပြီး အခု စစ်ရဲတပ်ရင်း (၂၂)အဖြစ် ဖွဲ့စည်းထားတော့ စာရင်းအသစ် အဟောင်းတွေနဲ့ ရုတ်တရက် ဒီစာကိုရှာရတာ ကြန့်ကြာနေပါတယ်။ ကျွန်တော်ကလဲ စစ်ရဲကထွက်ပြီး တပ်မတော်ရောက်နေရတော့ ဒီစစ်ရဲတပ်ရင်းနဲ့လဲ အဆက်အသွယ်ပြတ်နေတာကြာပြီ။ကျွန်တော့်ရဲဘော်ဟောင်းတွေက စစ်ရဲတပ်ရင်း(၄)မှာ ကျွန်တော် ထားခဲ့တဲ့ စာရွက်စာတမ်းအဟောင်းတွေ၊ ဖိုင်တွဲတွေထဲမှာ ဒီစာကိုရအောင် ဝိုင်းကူပြီး ရှာပေးနေပါတယ်။ ကျွန်တော့်ဘက်က ဒီလို အခိုင်အမာ ကျွန်တော်ပြနိုင်မှ ဒီစာကိုယူပြီး ငွေစာရင်းမင်းကြီးရုံးမှာ ပြောပြ ရှင်းလင်းရမယ်။ ဒါမှလဲ သူတို့ဆီကို ကျွန်တော်ပေးထားတဲ့ စာမူရင်းကို ရှာရလွယ်မယ်။ ဒီစာကိုရရင် ဗိုလ်ချုပ်ကိုလဲ ကျွန်တော်ပြမယ်။ ဒါမှလဲ ကျွန်တော့်အပေါ် သံသယရှင်းမယ်။ ဗိုလ်ချုပ်က

အပြစ်ရှိတယ်ထင်ရင် ဗိုလ်ချုပ်ကိုင်တဲ့ သေနတ်နဲ့ပစ်သတ်လိုက်ပါ။ ကျွန်တော်ခံဖို့ အဆင်သင့်ပဲ။ ကျွန်တော့်ကိုတော့ ဒီ ရဲဆိုတဲ့ လူတွေလက်ထဲ မထည့်လိုက်ပါနဲ့။ တကယ်တော့ ဒီအမှု ဖြစ်ရတဲ့ အကြောင်းရင်းမှာ နိုင်ငံရေးပယောဂ မကင်းဘူး။ ဘယ်သူတွေ ဘယ်လောက် စုတ်ပဲ့ယုတ်မာတယ်ဆိုတာ ဗိုလ်ချုပ် အသိဆုံးပါ။ ကျွန်တော်ဟာ ရဲဘော်အချင်းချင်းအပေါ်မှာ သစ္စာမဖောက်သလို ကျွန်တော့်ကိုယ်ကျင့်တရားအပေါ်မှာလဲ သစ္စာမဖောက်ဘူးလို့ ဗိုလ်ချုပ်ကို ရှင်းပြောခဲ့တယ်”

သူသည် သူနှင့်ဗိုလ်ချုပ်တို့ တွေ့ခဲ့သည့်အကြောင်းကို ရှည်လျားစွာ ကျွန်မအား ရှင်းလင်းပြောပြပါ၏။ ခေတ္တ ပြောလက်စ စကားကို နားပြီးမှ ဆက်လက်ပြောပြန်ပါသည်။

“ကံအားလျော်စွာပဲ တစ်နေ့က ကိုယ့်ရဲဘော်ရဲဘက်တွေ ကောင်းမှုနဲ့ ဒီစာရွက်ကိုပြန်တွေ့တယ်။ အေဂျီကိုလဲ အကြောင်းကြားပြီးပြီ။ ဗိုလ်ချုပ်နဲ့လဲ တွေ့ပြီးပြီ။ အဲဒီတော့ ဗိုလ်ချုပ်က ဝတ်လုံတော်ရဦးကျော်မြင့်နဲ့ မင်းအမှုကို တိုင်ပင်ပါလို့ ဆိုတယ်။ ဦးကျော်မြင့်နဲ့လဲ ကိုကြီးတွေ့ပြီးပြီ။ အဲဒီတော့ အခု ကိုကြီးက တရားလွှတ်တော်ချုပ်ကို ဦးတိုက်လျှောက်ထားပြီး သမ္မတနဲ့ဝန်ကြီးချုပ်ကို တရားစွဲရတော့မယ်။ ကိုကြီးဘက်ကလဲ ဒီပြစ်မှုကို ကာယကံမြောက်ရော၊ မနောကံမြောက်ရော ဘယ်လိုမှ မကျူးလွန်ဘူးဆိုတာ ပြရမှာပဲ။ ဥပဒေအရ ဥပဒေကျွမ်းကျင်သူတွေက ကျော်သောင်းကို ဘယ်လိုပဲ မြင်မြင် မြင်ကြပေါ့။ ကျော်သောင်းကလဲ ပြည်သူလူထု တစ်ယောက်အနေနဲ့ သူ့ကိုယ်သူ ကာကွယ်ဖို့ပေးအပ်ထားတဲ့ ဥပဒေကို ကိုင်ပြီး ကာကွယ်ရမှာပဲ။ ဟား. . . ဟား. . တကယ်ဆိုတော့ ရယ်စရာကြီးကွယ်. . ” ဟုဆိုကာ လက်ခုပ်လက်ဝါး တီးကာ ရယ်မောနေ၏။ ကျွန်မသည် သူ့မျက်နှာကို စေ့စေ့ကြည့်နေမိ၏။

“ဩော်. . . သူ့မှာတော့ ရယ်စရာကြီး၊ ငါ့မှာတော့မောလိုက်တာ” ကျွန်မက စိတ်ထဲမှ ရေရွတ်မိ၏။

"မိချိုရေ. . . တကယ်တော့ ဘယ်သူမှမမှားကြပါဘူးလေ"

သူ အရယ်ရပ်ကာ ခေါင်းလေးတညိတ်ညိတ်နှင့် ဆက်ပြော၏။

"ကိုကြီးကလဲ သူတော်ကောင်းကြီး မဟုတ်ပါဘူး။ သူတော်ကောင်းကြီး လုပ်ပြချင်လွန်းလို့ မဟုတ်ပါဘူး။ တစ်ကိုယ်တော် သူရဲကောင်းလဲဖြစ်မယ့် ပုံစံမဟုတ်ပါဘူး။ အချိုက ဝန်ကြီးချုပ်နားနေတဲ့သူပဲ။ ဖရိုဖရဲအခြေအနေကို ရုတ်တရက် ထိန်းရတော့ ကိုယ့်ရဲဘော်တွေ ရင်ဆိုင်ရတဲ့ ပြဿနာအခက်အခဲကို ကိုကြီးမသိဘဲနေပါ့မလား။ ဒီတော့လဲ တပ်ခွဲမှူးတချို့ကို ကိုကြီးက ပြောတယ်။ ကိုယ့်လူတို့ စားသာအောင် စားကွက်တော့ ကျွန်တော်ချန်ပေးပါ့မယ်။ သို့သော် ပိပိရိရိ စာရင်းကိုက်၊ အင်းကိုက် ယုတ္တိယုတ္တာလေးရှိအောင်တော့ လုပ်ကြလို့ ခဏခဏ သတိပေးပါတယ်။ ဒါပေမယ့် အချိုရေ ပရိသတ်ကလဲ မလည်ရှုပ်ဆိုတော့ တပ်စိတ်တစ်ခုမှာ အသုံးစာရင်းပြထားတာလေ၊ ရဲဘော်တစ်ယောက် ကျဆုံးသွားလို့ ဘုန်းကြီးဆွမ်းကျွေးတာ နနွင်းမှုန့် ၅ပိဿာတဲ့"

ကျွန်မလဲ ဣန္ဒြေမဆောင်နိုင်တော့ပေ။ သူနှင့်ရော၍ ရယ်ရပါတော့သည်။ သူသည်လဲ ခွက်ထိုးခွက်လန်ရယ်တော့သည်။

"မင်းတို့ဟာ နေကြပါဦး၊ ဟင်းချက်တဲ့အထဲ ထည့်တဲ့နနွင်းမှုန့်လား၊ ဘုန်းကြီးတွေ ကိုယ်လက်ကိုက်လို့ လူးရတဲ့ နနွင်းမှုန့် ၅ ပိဿာလားလို့ ပြောတော့မှ သူတို့လဲ ရယ်တော့တယ်။အချိုသဘောပေါက်အောင် ဒီတစ်ကွက်လေး ဆွဲပြတာပါလေ။ ကျော်သောင်းအပြစ်ရှိတယ်ဆိုလဲ ဥပဒေအရဆိုရင် ခံရမှာပဲ။ ကဲ. . . ကဲ မိချိုဝင်ဒါမီယာကို ပြေးလိုက်ဦး"

ကျွန်မ မိခင်ယုမှာတော့ ဝင်ဒါမီယာကို ပြေးရဦးမည်။ နောင်တော်ဘုရားကို လျှောက်ထားရဦးမည်။ လင်တော်မောင်ဖြစ်သူ ဗိုလ်ကြီးကျော်သောင်းက နောင်တော်ဘုရားအား တရားစွဲဆိုတော့မည့်အကြောင်း။ ကျွန်မ ရယ်ရမည်လား၊ ငိုရမည်လားမသိ။

သို့သော် ဘယ်လိုပင်ဖြစ်စေ၊ အဝတ်အစားလဲကာ ဝင်ဒါမီယာသို့ ထွက်လာခဲ့ပါသည်။ ဝန်ကြီးချုပ်မှာ ဆရာဝန်ပြန်သွားစ အိပ်ရာပေါ်တွင် နားနေချိန်ဖြစ်ပါသည်။ သူ့အိပ်ခန်းထဲသို့ ကျွန်မဝင်လာသည်ကို မြင်လျှင်. . .

"ဟေး မိခင်ယု၊ မိုးကြီးချုပ်မှ တစ်ခေါက်ဘာလာလုပ်တာလဲ" ဟု မေး၏။

"နိုင်ငံ့တော်သမ္မတကြီးနဲ့ ဝန်ကြီးချုပ်ကို ဗိုလ်ကြီးကျော်သောင်းက တရားစွဲလိမ့်မယ်။ ဒါကို ကျွန်မ လာပြောတာပါ"

ကျွန်မသည် နိဒါန်းမချီတော့ဘဲ တိုတိုပင် ဝန်ကြီးချုပ်အား အခြေအနေအရပ်ရပ်ကို ကျွန်မသိသမျှ ရှင်းလင်းပြောပြလိုက်ပါသည်။

"အေးလေ၊ တို့တိုင်းပြည်ဟာ ဒီမိုကရေစီတိုင်းပြည်ပါ။ တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ သူ့ကိုယ်သူ ခုခံကာကွယ်ပိုင်ခွင့် ရှိပါတယ်။ ဥပဒေဘောင်အတွင်းက သူ့ကိုယ်သူ ကာကွယ်တာ ကာကွယ်ပါစေ"

ဝန်ကြီးချုပ်ကလည်း ဤသို့ပင် အေးအေးဆေးဆေး ပြန်လည်၍ ပြောပြသည်။ ဤသို့လျှင် ကာယကံရှင်နှစ်ယောက်သည် တစ်ယောက်ရယ်မော၍ စကားအဆုံးသတ်နိုင်သလို တစ်ယောက်ကလည်း စကားကို အေးဆေးစွာအဆုံးသတ်နိုင်ပါလျက်နှင့် ကျွန်မက ကြားထဲက ပူပန်နေ၍ကော ဘာအကြောင်းထူးပါမည်နည်း။ ဝန်ကြီးချုပ်အား ကျွန်မခွင့်တောင်းပြီး အိမ်ပြန်လာခဲ့ပါသည်။ ဝင်ဒါမီယာသည် တိတ်ဆိတ်စွာ ကျွန်မနောက်တွင် ကျန်ခဲ့ပါသည်။

* * *

ထိုကိစ္စနှင့်ပတ်သက်၍ ညဉ့်အိပ်ရာဝင်ခါနီးတွင် ကျွန်မ စဉ်းစားနေမိ၏။ သုံးဦးသုံးဖက်စလုံးနေရာ၌ ကျွန်မကိုယ်ကို ထားကာ လေ့လာနေမိသည်။

ဝန်ကြီးချုပ်သည် စီးပွားရေးသောင်းကျန်းသူများ၊ အထူးသဖြင့် လိုင်စင်ရောင်းစားသူ ကုန်သည်များ၊ အရာရှိများထဲတွင်လည်း အထူးသဖြင့် ပြည်သူ့ပစ္စည်းများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသူများ၊ လာဘ်စားသူများ၊ မျိုးစုံအောင် မကောင်းမှုများကျူးလွန်နေသူတို့ကို နှိမ်နင်းရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းကာ အရေးယူနေရချိန်ဖြစ်၏။ ထိုသို့ အရေးယူနေရဆဲကာလတွင် တရားရေးမဏ္ဍိုင် တည့်မတ်နေရမည်ကို သူဦးစားပေးရမည်ဖြစ်၏။

စသုံးလုံးအဖွဲ့ဝင်များ တင်ပြသောအချက်အလက်များအရ ဥပဒေသဘောနှင့် ဗိုလ်ကြီးကျော်သောင်း၌ အပြစ်ရှိသည်ဆိုလျှင် အရေးယူရမည်သာဖြစ်၏။

ဗိုလ်ကြီးကျော်သောင်းဆိုသူမှာ သူ့နှမကိုလက်ထပ်ထားသူဖြစ်နေသည်။ ဆန်ရင်းနာနာဖွပ်တတ်သော အကျင့်မှာ ဝန်ကြီးချုပ်ဦးနု၏ ပင်ကိုပါစာရိတ္တဖြစ်သည်။ ယခုကိစ္စကို ကျိုးကြောင်းပြ မသေချာဘဲ လွှတ်ပစ်လိုက်လျှင်၊သို့မဟုတ် အလျှော့ပေးလိုက်လျှင် ယောက်ဖဖြစ်၍ အမျိုးတော်စပ်နေသောကြောင့် အမှုထင်ရှား ဖြစ်နေပါလျက် လျစ်လျူရှုနေသည်ဟု အများက သူ့အားပြစ်တင်ဝေဖန်မည်ကို သူ ခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဝန်ကြီးချုပ်ဘက်ကလည်း သူ၏တွေးခေါ်ချက်အရေးယူချက်မှာ မှန်ကန်သည်ဟု ကျွန်မ ထင်သည်။

ဒုတိယဗိုလ်ချုပ်ကြီးနေဝင်းအနေဖြင့် သူ၏ တပ်မတော်သားတစ်ယောက်သည် တိုင်းပြည်ဘဏ္ဍာကို အလွဲသုံးစားပြုသည်ကို သိပါလျက်နှင့် လက်ပိုက်ကြည့်နေ၍မရ။ စစ်ဘက်ဆိုင်ရာဥပဒေများနှင့် အရေးယူရမည်သာဖြစ်၏။ အကယ်၍ တပ်မတော်သား (ဝါ) ရဲဘော်တစ်ယောက်၌ သေချာစွာ စစ်ဆေးလေ့လာသောအခါ အထင်အရှား အများစွပ်စွဲသကဲ့သို့ ပြစ်မှုကျူးလွန်ခြင်းမရှိပါလျှင်လည်း သူ၏ရဲဘော်ဘက်၌ သူသည် မတ်မတ်ရပ်ရမည်မှာ သူ၏

တာဝန်ဖြစ်၏။ ထိုသို့မှ မလုပ်ပါလျှင် တပ်မတော်သည် ပြည်သူ့တံထွေးခွက်၌ ပက်လက်မျောရပေမည်။ ထိုစဉ်က သတင်းစာများထဲတွင် ခြောက်လိုင်းစာလုံးကြီးများနှင့် ယူနီဖောင်းဝတ်၍ တိုင်းပြည်ဘဏ္ဍာကို အလွဲသုံးစားလုပ်သူဟု ဗိုလ်ကြီးကျော်သောင်းအားထည့်သွင်းဖော်ပြထား၏။

သူသည် ဗိုလ်ကြီးကျော်သောင်းအားခေါ်ယူတွေ့ဆုံသောအခါ၌ အမှုရင်းအမှန်နှင့် တကယ်ကျူးလွန်သူ မည်သူဖြစ်သည်ကို သိလာသောအခါတွင် ဗိုလ်ကြီးကျော်သောင်းဘက်၌ ရပ်တည်၍ တိုင်းပြည်၌ရှိသော ဒီမိုကရေစီအခွင့်အရေးကို အသုံးချခြင်းဖြင့် အကာအကွယ်ပေးသည်မှာ မှန်ကန်ပေသည်။ ထိုစဉ်က ပြည်သူတစ်ယောက်သည် တရားလွှတ်တော်ချုပ်ကို ဦးတိုက်လျှောက်ထားကာ မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့် ရှေ့တော်သွင်း၊ အမိန့်တော်စာချွန်တင်သွင်းခွင့် ရှိခဲ့ပေသည်။

"ဗိုလ်ကြီးကျော်သောင်းဘက်ကလဲ သူ၏ကိုယ်ရေးရာဇဝင်တစ်လျှောက်တွင် သူ၏ ကိုယ်ရေးကိုယ်ရာအတွက် တိုင်းပြည်ငွေကို တစ်ခါမှ အလွဲသုံးစားမပြုခဲ့သည်ကို သူ့ကိုယ်သူလဲ သိသည်။ သူ့ရဲဘော်ရဲဘက်များလဲ သိသည်။ ယခုလို သိန်းချီ၍ အလွဲသုံးစားပြုသူဟုစွပ်စွဲခံရချိန်တွင် သူ့အား အစိုးရက အစိုးရ၌ရှိသော ဥပဒေကိုထောက်ပြ၍တရားစွဲအရေးယူပါလျှင် သူကလည်း သူ့အား ပေးအပ်ထားသော ပြည်သူတို့ မိမိကိုယ်ကိုယ်မိမိ ကာကွယ်ပိုင်ခွင့်ဥပဒေဖြင့် ကာကွယ်ရမည်မှာ သူ့တာဝန်ဖြစ်သည်။ မိမိကိုယ်ကိုယ်ကောင်းစွာဆောက်တည်လိုသည့် သူတစ်ယောက်အဖို့ သူ၏ကိုယ်ရေးရာဇဝင်တွင် အမဲစက်တစ်ကွက် အတင်မခံလိုပေ။ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပုံပေးလိုက်ရခြင်းသည် အများက ချီးကျူးကျူး၊ မကျူးကျူး၊ ဘယ်သူက ဂုဏ်ပြုပြု၊ မပြုပြု ပြုသင့်ပြုထိုက်၏။

ယခုလို သူခိုးဆန်ဆန် အဖြစ်အပျက်အတွက် လက်တစ်ဆုပ်စာသော လူတစ်စုကို သစ္စာမဖောက်လိုခြင်းကြောင့် ဤအမှု

တွင် ခေါင်းငုံ့ခံ၊ အများစွပ်စွဲသမျှ ငြိမ်ခံနေဖို့ကိုတော့ ဗိုလ်ကြီးကျော်သောင်းအနေဖြင့် မဖြစ်နိုင်ပေ။ စွန့်စားခန်းတစ်ရပ် မလုပ်နိုင်သည်မှာ အဆန်းမဟုတ်ပါပေ။ သူသည် အချိန်ယူကာ သူ့ဘက်က ထိုပြစ်မှုကို သူမကျူးလွန်သေးကြောင်း အချက်အလက်များကို ရှာဖွေ၍ ရရှိသည့်တစ်ပြိုင်နက် သူ၏ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် တရားလွှတ်တော်ချုပ်ကို ဦးတိုက်လျှောက်ထားကာ သမ္မတကြီးနှင့် ဝန်ကြီးချုပ်ကိုတရားစွဲခြင်းမှာ သူ့ဘက်က မှန်ကန်ပေသည်။

ကဲ. . . ဤသို့ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ကြီးကျော်သောင်း သုံးဦးသုံးဖက် မိမိတို့ယုံကြည်ချက်နှင့် မိမိတို့ တရားမျှတသည်၊ ထင်သည်ကို လုပ်ဆောင်ရာ၌ ကျွန်မ ဘယ်နေရာက နေရပါမည်နည်း။

ဇာတ်ထုပ်ကမူ ဇာတ်ထုပ်အကောင်းကို ကပြကြသည်သာဖြစ်၏။ "ချစ်ချင်းငယ်ပြိုင်"ဇာတ်လမ်းကို ကပြကြသည်ဖြစ်သည်။ တရားမျှတမှုကို ချစ်မြတ်နိုးကြကြောင်း အပြိုင်ကပြကြ၏။ ပင်မဇာတ်ဆောင်များက ဣန္ဒြေမပျက်ကြသော်လည်း ဇာတ်ရံတစ်ယောက်ဖြစ်သော ဗိုလ်ကြီးကျော်သောင်းအား ကျားစာထိုး၍ ကျွေးသောအခန်းသို့ရောက်သောအခါ သူ့ချစ်သူသည် မျက်ရည်ကျတော့သည်။ တကယ်များ ကျားကြီးက စားသွားမှဖြင့်ဟူသော စိုးရိမ်စိတ်ကြောင့် ရင်တုန်လာ၏။ ဇာတ်ကိုတမင်နာအောင်လုပ်ပြတာလား၊ တမင်ဟန်နှင့် မှင်မောင်းနှင့် ပရိသတ်ရင်နာအောင်ပြတာလား။ သို့လော သို့လော သံသယများနှင့် ဇာတ်လမ်းနောက်ခံကျောရိုးကို ရှင်းရှင်းလင်းလင်း မသိသော ကျွန်မအတွက် . . .

"မောင့်ဘက်ကို ဖင်းပြန်တော့
လင်ရင်းနာလိမ့်မယ်။
လင့်ဘက်ကို ဖင်းပြန်တော့
မောင်ရင်း မျက်လိမ့်မယ်"

ဟု တေးအိုကို ညည်းကာ ငိုချင်းချလိုက်မိပါသည်။

နောက်နှစ်ရက်ကြာပြီးသောအခါ သမ္မတကြီးနှင့် ဝန်ကြီးချုပ်အား ဗိုလ်ကြီးကျော်သောင်းက တရားလွှတ်တော်ချုပ်တွင် ဦးတိုက်လျှောက်ထားပြီး တရားစွဲဆိုကြောင်း သတင်းစာအသီးသီးတွင် ပါလာပါသည်။ နောက်ထပ်တွင် ထိုအမှုအကြောင်းကို ကျွန်မတို့ ဘာမျှ သတင်းမကြားရတော့ပါချေ။

သို့သော် ကျွန်မအတွက် အမြင်တစ်ခု ရလိုက်ပါသည်။ သမ္မတနှင့်ဝန်ကြီးချုပ်အား တရားစွဲဆိုပြီးသော ညနေက သူသည် ကျွန်မကို ပြောပြ၏။

"အချို့. . . ကိုကြီးလေ ဘုရားမှာသစ္စာဆိုလိုက်တယ်။ အခုစသုံးလုံးနဲ့ဖြစ်တဲ့ကိစ္စမှာ ကိုကြီးဟာ တရားသဖြင့် အနိုင်ရပါစေ။ ကိုကြီးတစ်သက်မှာ ဒီနေ့ကစပြီး အရက်ကိုဘယ်တော့မှ မသောက်တော့ပါဘူးလို့ ဘုရားကို သစ္စာပြုလိုက်တယ်"

ကျွန်မ အလွန်ရွံရှာ မုန်းတီးသောအရက်ကို ကျွန်မပါးစပ်က တရားတစ်လုံးမှ မဟောရဘဲ သူ့အလိုအလျောက် စိတ်ပိုင်းဖြတ်၍ အရက်ပြတ်သွားသည်မှာ ကျွန်မအတွက် ကြီးစွာသော အမြတ်ပါပေတည်း။

ပြည်သူလူထုအတွက်လည်း အမြတ် ကျန်ရစ်ခဲ့ပါသည်။ ပြည်သူ့ဒီမိုကရေစီဆိုသည်မှာ ဖက်ဆစ်အာဏာရှင် စနစ်တို့ကဲ့သို့ မဟုတ်၊ တရားလွှတ်တော်ချုပ်၌ ပြည်သူတစ်ယောက်အနေဖြင့် ချေပပြောဆိုနိုင်သော မိမိကိုယ်ကိုယ်မိမိတို့ ကာကွယ်ပိုင်ခွင့် ပြည်သူလူထု၌ အပြည့်အစုံရှိသည်ကို ထိုအမှုက ဖော်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

* * *

အခန်း(၇)

## မြေညီညီ သည်တစ်ကွေ့

တစ်စက်စက်ယိုကျနေသော မိုးရေများမှာ ကားအမိုးအပေါက်မှ ကျွန်မတို့သားအမိမျက်နှာပေါ်သို့ စီးကျလာ၏။

"သမီး ချမ်းသလား"

ကျွန်မဘေးတွင် ထိုင်နေသော သမီးကြီးမိကို ကျွန်မ မေးလိုက်၏။

"မချမ်းပါဘူး မေမေ၊ ဘေးကရေပက်တယ်"

ကျွန်မတို့ဂျစ်ကားလေးမှာ အကာမရှိ၍ ပြင်ပမှ မိုးသည်းလျှင် အထဲသို့ မိုးစက်များဝင်လာတတ်၏။ ထို့ကြောင့် ကျွန်မသည် ကားထဲတွင်ပါလာသော ဖဲထီးကိုဖွင့်ကာ သမီးကို ကာပေးလိုက်၏။ ကားမှာ ရန်ကုန်မြို့အရှေ့ပိုင်း ရေကျော်ရပ် ပုံနှိပ်စက်တစ်ခု ရှေ့တွင် ရပ်ထား၏။

"ဖေဖေမောင်းက အဲဒီမှာ ဘာလာလုပ်တာလဲဟင်"

"အဲဒီ ပုံနှိပ်စက်မှာ မြဝတီက စာဖောင်တွေ လာစီရတာ။ ပြီးရင် ဒီဂျစ်ကားနဲ့ သယ်သွားရမယ်"

သမီးကြီးမိသည် မြဝတီကို ကောင်းကောင်းသိ၏။ ထိုစဉ်က မြဝတီမဂ္ဂဇင်းမှာ ၃၂လမ်းတွင်ရှိ၍ ဆူးလဘုရားလမ်းပေါ်တွင် အယ်ဒီတာအဖွဲ့ရုံးခန်းရှိသည်။ ညဘက် စာဖောင်များ မပြတ်၍ဖြစ်စေ၊ မဂ္ဂဇင်းအတွက် ကိစ္စရှိလျှင်ဖြစ်စေ၊ သူသမီးကြီးကို လက်ဆွဲကာ မြဝတီစက်ခန်းကိုရော အယ်ဒီတာအဖွဲ့ရုံးခန်းကိုရော သွားတတ်သည်။ ယခုလို စက်ကြီးများမရောက်သေး၍ စာဖောင်များခွဲကာ တခြားပုံနှိပ်စက်များတွင် အပ်ရသည့်အခါလည်းရှိ၏။

သမီးကြီး မိကို မုန့်တစ်ခုခုပေးကာ စားပွဲခုံရှည်ပေါ်တွင် ထိုင်ခိုင်းထား၍ သူက စက်ခန်းတွင် အလုပ်ရှုပ်နေတတ်ပါသည်။

ယနေ့ညမှာ ညနေစောင်းကတည်းက မိုးသည်းသည်မှာ ညဉ့်ဦးသို့ပင် ရောက်လာပါသည်။

"ချိုရေ. . . သမီးခေါ်ပြီး လိုက်ခဲ့ပါဦး၊ ခုည အောင်မိတ်ဆက်မှာ စာဖောင်သွားကောက်ရမယ်။ ကားစောင့်မယ့်သူ မရှိလို့"

သူ အောင်မိတ်ဆက် ပုံနှိပ်တိုက်ထဲ ဝင်နေဆဲ ကျွန်မတို့သားအမိနှစ်ယောက် ဂျစ်ကားပေါ်တွင် စောင့်နေပါသည်။ ကျွန်မတို့ဂျစ်ကားလေး အမိုးမှာ ပေါက်နေပေသည်။

အတော်လေး ညဉ့်နက်မှ သူထွက်လာ၏။

"ပြန်စို့အချို့. . . ဒီညမပြီးနိုင်ဘူးတဲ့။ ခွေးမိကြီး ချမ်းနေပြီထင်တယ်"

မိုးမှာ တဖြည်းဖြည်းသည်းလာ၏။ ကျွန်မတို့သားအမိကို ဆူးလေဘုရားလမ်းတိုက်အိမ်တွင် ထားခဲ့ကာ ၃၂ လမ်းရှိ ကားဂိုဒေါင်တွင် သူ ကားကို သွားထား၏။ ဆူးလေဘုရားလမ်းတိုက်မှာ ကားထားစရာနေရာမရှိ၍ ၃၂ လမ်းထဲတွင် ဂိုဒေါင်ငှားကာ ကားထားရ၏။ ကားဂိုဒေါင်မှာ မြဝတီစက်ခန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

သူ ပြန်လာမှ ကျွန်မအိပ်ရာထဲဝင်တော့၏။ အိပ်၍တော့ မပျော်သေးပါ။

"ကိုကြီး ညဉ့်ဘက်အလုပ်ဆင်းရင် မိုးသည်းတဲ့အခါ မိကို ခေါ်မသွားနဲ့လေ။ ကလေး အအေးမိမှာစိုးလို့ပါ"

"ခွေးမိကြီးက ကျန်းမာပါတယ်ကွာ။ အင်း. . . ပုံနှိပ်စက်ကိစ္စကလဲ တကယ်လုပ်တော့ မလွယ်ပါလား။ အချိုရာ. . . မအိပ်ပါနဲ့၊ စကားတစ်ခုပြောစရာရှိလို့"

သူသည် ညဝတ်အင်္ကျီဝတ်ရင်း ကျွန်မဘေးတွင်ထိုင်ကာ စကားဆက်ပြော၏။

"ဒီနေ့ဆရာဘသောင်း(မောင်သုတ)နဲ့တွေ့တယ်။ သူက အချို့ ဒီလ ရှုဝမှာ ရေးတဲ့ 'နွေနှောင်းရွက်ကျန်'မဂ္ဂဇင်းဝတ္ထုရှည်ကို ဖတ်ပြီးပြီတဲ့"

"ဖတ်ပြီးတော့ ဘာဖြစ်လဲ"

"ဩော်. . . ခင်နှင်းယု မဂ္ဂဇင်းဝတ္ထုရှည် ရေးနေပြီပဲတဲ့။ ကျွန်တော်တို့ မြဝတီမှာ ဝတ္ထုရှည်ပါအောင် ခင်ဗျား မတောင်းနိုင်တာ ခင်ဗျား အတော်ရှော်တဲ့လူတဲ့"

ကျွန်မသည် သူ့စကားကို နားထောင်ရင်း ရယ်မောမိ၏။

"ကိုကြီးက ဆရာ့ကို ဘယ်လိုဖြေလိုက်လဲ"

ကျွန်မက ဆက်၍မေးလိုက်၏။ သူသည် ဘာမှ ကျွန်မ စကားကို မဖြေသေးဘဲ သူ၏နဂါးဆေးလိပ်အဝါပတ်ကိုသာ ရှိုက်ဖွာနေ၏။

"ဘယ်လိုဖြေရမလဲ အချိုရာ၊ အချိုရေးတဲ့ ဝတ္ထုတွေကို သူတို့ မြဝတီအနေနဲ့ကြိုက်မယ်၊ မကြိုက်ဘူးဆိုတာ ကိုကြီးမှ မသိဘဲ။ ကိုကြီးက အုပ်ချုပ်ရေးမှူးသာ လုပ်နေတာကိုး။ စာပေရွေးချယ်တာက အယ်ဒီတာအဖွဲ့တစ်ခုလုံးသဘောပေါ့။ ဒီတော့ ကိုကြီးက မယုတ်မလွန် ဖြေလိုက်တယ်"

"စာတွေ ရေးတော့ရေးနေတာပဲ၊ အဲဒီဝတ္ထုကို သူ့ဆရာသမား ကိုသန်းဆွေ ရှုမဝမှာထည့်ပေးတာလို့။ ခုနေခါ စာရေးဆရာကကြီးတန်းတို့၊ခကွေးတန်းတို့ ဇယားရှုပ်နေတာဆရာရဲ့။ ကျွန်တော့်မိန်းမစာရေးနေပေမယ့် ဆရာသမားများ သတ်မှတ်ထားတဲ့ စာရေးဆရာအတန်းအစားထဲမှာ ကကြီးအဆင့်မှာပါလား၊ ခကွေးအဆင့်မှာပါလား ကျွန်တော်ကလဲ မသိတော့ သူ့စာမူကို မတောင်းဘူးလို့ ပြောလိုက်တယ်"

ကျွန်မက ခပ်တိုးတိုးရယ်လိုက်၏။

"ဘာလို့ရယ်ရတာလဲ၊ ကိုကြီး ပြောတာမဟုတ်လို့လား။ အချိုတို့ စာရေးဆရာတွေကလဲ ဇယားရှုပ်တယ်ဟဲ့။ နေပါဦး အချို

က ဘယ်အဆင့်လဲ၊ ကကြီးလား၊ ခကွေးလား"

သူက မေးပြန်၏။

"ဩော်. . . ကိုကြီးကလဲ၊ ဘယ်အဆင့်လဲမေးရအောင် အချိုက စာရေးချင်လို့သာရေးနေတာ၊ စာရေးဆရာအသင်းတောင် မဝင်ရသေးဘူး"

"ဟော. . . ဟုတ်လား။ အေးလေ. . . သူတို့ကျေနပ်အောင် အချို မြဝတီမှာ မဂ္ဂဇင်းဝတ္ထုရှည် ရေးပေးလိုက်ပါ။ ဘယ်ဟာမဆို ကျွမ်းကျင်ရာလိမ္မာဆိုတာ သိပ်မှန်တာပဲနော်။ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးဘူးဆိုပေမယ့် ကိုကြီးလဲ အတော်အထင်ကြီးတာပဲ"

သူသည် စကားက ရယ်စရာမဟုတ်ဘဲ တဟားဟား ရယ်နေ၏။

"ဘာကိုရယ်တာလဲ"

"တစ်နေ့ကပေါ့၊ စာစီတဲ့ကိစ္စတွေ ဘာတွေ ဝင်လုပ်ကြည့်ရင်း ငါဟာ တပ်ပျက်ရော၊ တပ်ကောင်းရော အစုတ်အပဲ့ မျိုးစုံအောင် ကိုင်ခဲ့တဲ့အကောင်ပဲ။ အယ်ဒီတာအလုပ်ကိုလဲ လက်တည့်စမ်းဦးမယ်ဆိုပြီး ဘလောက်တိုက်သွား၊ မဂ္ဂဇင်းအဖုံးအတွက် လက်တည့်စမ်းလိုက်တာ. . ဘာပြောကောင်းမလဲ"

သူသည် ပထမရယ်သံထက်ပင် အသံမြှင့်ရယ်လိုက်၏။

"မျက်နှာဖုံးပုံမှာ ကရင်မလေးမျက်ခုံးမွေးက တစ်ဖက်က လုံးဝမရှိသလောက် အရောင်မညီတော့ ကရင်မလေး မျက်ခုံးမွေး တစ်ဖက်မပါသလို ဖြစ်နေတာပေါ့။ ဆရာဘသောင်းက ပြောတယ်လေ။ အင်း. . . ဖိုးကျော်သောင်းကို အလုပ်သဘောနဲ့ စာပေနယ်က ပညာစမ်းလိုက်တာတဲ့"

သူသည် ခေါင်းတညိတ်ညိတ်နှင့် နှစ်သိမ့်စွာ ရယ်နေ၏။

"အဲဒါနဲ့ပဲ ဘလောက်ဘက်ဆိုင်ရာ ဆရာသမားတို့ကို ဆရာစားမချန်ပါနဲ့လို့ တောင်းပန်ပြီး ဆရာတင်ရသေးတယ်"

"အင်းပေါ့လေ၊ စာရေးတဲ့ပညာရပ်ကတစ်မျိုးပေါ့။ စာတစ်

အုပ်ဖြစ်အောင် လုပ်ရတဲ့လုပ်ငန်းပိုင်းကလဲ တစ်မျိုးပဲ။ ထုတ်ဝေတဲ့အဖြစ် ရောင်းလို့ဝွဲ့တဲ့အဖြစ်ရောက်အောင် လုပ်ရတဲ့စီးပွားရေးပိုင်းကျတော့လဲ တစ်မျိုးပေါ့ ကိုကြီးရယ်"

"ကိုကြီးသာ တက္ကသိုလ်မှာ ဆက်နေဖြစ်သွားရင် အင်္ဂလိပ်စာကို တောက်လျှောက် တစ်သမတ်တည်း လိုက်ခွင့်ကြုံမှာ။ စိတ်ထဲကတော့ ဝင်သာလုပ်ကြည့်တာ စာရေးကြီးအလုပ်ဆန်တဲ့ စီးပွားရေးပိုင်းတို့၊ လုပ်ငန်းပိုင်းတို့ဆိုတာတွေက ကိုယ်ဦးစီးအုပ်ချုပ်ရမှာမို့ ကျွမ်းကျင်အောင်လေ့လာတာပါ။ တကယ် ကိုကြီးစိတ်က အဂ္ဂါစနိုးပဲ ဖြစ်ချင်တယ်။ ကမ္ဘာလှည့် သတင်းထောက်လုပ်၊ သူ့လိုပဲ လွတ်လွတ်လပ်လပ်သွား၊ သူ့လိုပဲ ရေးချင်တယ်။ အဲဒီဆန္ဒ ဘယ်တော့ဖြစ်မယ် မသိ။ မိချိုကို ဖဆပလမှာတွေ့တုန်းက အဲဒီရည်ရွယ်ချက်နဲ့ ရအောင်ယူမယ်လို့ စိတ်ပိုင်းဖြတ်လိုက်တာ၊ တကယ်သာ အောင်မြင်ခဲ့ရင်တော့ ပျော်စရာကြီးနော် အချို"

သူ့ဆေးလိပ်မှ ရှိုက်ဖွာထွက်သွားသော မီးခိုးတန်းများကို ကြည့်ရင်း ကြည်ကြည်နူးနူး ညင်ညင်သာသာ ပြောပြနေ၏။

"ပိုက်ဆံဆိုတာ အရေးမကြီးပါဘူးနော်။ အခုအချိန်ထိတော့ အဂ္ဂါစနိုးမဖြစ်ပဲ အဂ္ဂါစနိုးစနှောင့်ကြီး ဖြစ်နေတယ်။ ဟဲမင်းဝေးကြီးဆိုလဲ တစ်ဖက်က သေနတ်ကိုင်ထားပေမယ့် တစ်ဖက်က သူ့ကလောင်နဲ့စာရေးသွားလိုက်တာ မြူးပျံ့နေတာပဲ။ အချို ကြိုးစားနော်။ ကိုကြီးလဲ သေနတ်ကို တစ်ဖက်က ကိုင်ထားရပေမယ့် ဒီသတင်းစာပညာတို့၊ သတင်းထောက်ပညာတို့ကို စိတ်ကိုမကုန်ဘူး။ တကယ်တော့လဲ အဲဒီပညာရပ်တွေဟာ မလွယ်ဘူး"

"ဘယ်လွယ်ပါ့မလဲ။ အချို ဖဆပလသတင်းစဉ် ကိုင်စကဆို၊ သတင်းစာပညာကို အရိုင်းသက်သက် ဘာမှမသိဘူး။ တွဲဖက်လုပ်ရတဲ့ ဆင်ကြီးတွေခြေလှမ်းကို အချိုလို ကြွက်ကလေးတစ်ကောင်အနေနဲ့ မီအောင် အပြေးအလွှားလိုက်တာ ဘယ်လောက်မောမလဲ ကိုကြီး စဉ်းစားကြည့်"

သူသည်ပြုံးနေရာမှ. . .

"မစဉ်းစားနိုင်ပါဘူးဗျာ၊ အဲဒီ ဖဆပလလမ်းစဉ် သတင်းစာ သတင်းထောက်လုပ်တုန်းက ငါကသာ သူ့ကိုကြိုက်နေတာ၊ သူက ငါ့ကို ပြန်ကြိုက်ပါ့မလားလို့။ ဒါပဲ တစ်နေ့တစ်နေ့ စဉ်းစားမိတယ်"

"စကားအကောင်းပြောနေရာက ဖောက်လာပြီ"

"ဪ. . . . ဒါကလူသားသဘာဝအစစ်အမှန်ကို ပုံဖော်ရတာလေ။ အဖြစ်များနှယ်နော်၊ အဲဒီတုန်းကလဲ အချို ရုံးတက်ချိန် ရုံးတက်နေတုန်းဆို ကိုကြီးက သတင်းထောက်ဆိုတော့ သတင်းတွေရဖို့ အပြင်ထွက်ရရော။ ညနေရုံးပြန်ရောက်တော့ အချိုက ရုံးဆင်းသွားရော၊ အမလေးဟဲ့. . နေနဲ့လကျနေတာပဲ။ ကောင်းကင်မှာသာ အတူသွားနေရတာ။ နေဝန်းထွက်လာရင် လကကွယ်သွားပြန်ရော။ လသာပြန်တော့ နေဝန်းကြီးက ကွယ်သွားရရော"

"ပြန်ရွတ်ပါဦး၊ ပြန်ရွတ်ပါဦး"

ကျွန်မက ရုတ်တရက် ပြောလိုက်၍ သူ့စကားစပြတ်သွား၏။

"တစ်ချိန်ချိန်တော့ အချို့ရဲ့ဝတ္ထုတစ်နေရာမှာ အဲဒီစကားလုံးလေးတွေ ထည့်သုံးရမယ်"

ကျွန်မဆက်ပြောမှ သူ အဓိပ္ပာယ်ပေါက်သွား၏။

"အချိုနဲ့တော့ ဘယ်သူပဲတွေ့တွေ့၊ ဘာစကားပြောပြော သူတို့ဟန်ပန်စကားလုံးတွေ လှုပ်ရှားပုံတွေကို အမြဲမှတ်ထားတာ။ ပြီးတော့ ဝတ္ထုထဲက ဇာတ်ကောင်တွေမှာထည့်သုံးမှာချည်းပဲ။ ဆွေစုမျိုးစုရော၊ အချို့ကိုယ်ပွားရော အားလုံးအချို့ရဲ့ဝတ္ထုထဲမှာ သင့်ရာသင့်ရာ အသုံးတည့်သလို ဖော်ပြမှာပဲ။ အဲဒီတော့မှ 'အမယ်. . ငါ့စကားလုံးတွေကွာ သူ့လက်ထဲကျတော့ အသုံးကျလိုက်တာလို့' မနာလိုမရှိနဲ့ဆရာရေ့"

"မရှိပါဘူးဗျာ၊. . . ဒါလောက်အသုံးတည့်မယ့် ယောကျ်ား

ကိုများ ယူခါနီး သူမှာ စဉ်းစားလိုက်တာ။ ဗိုလ်မောင်လေးကြီးက တောင် အဲဒီတုန်းက ပြောသေးတယ်။ မခင်ယုက ရွေးဆန်လိုက် တာဗျာတဲ့။ ယောကျ်ားတစ်ယောက်ကို သုံးနှစ်စောင့်ကြည့်တဲ့ တွက် ကိန်းနဲ့သာဆိုရင်ဗျာ သူ လင်ရတော့မှာ မဟုတ်ဘူးတဲ့"

ကျွန်မပြုံးနေမိပါသည်။ သူက ဆက်ပြော၏။

"စဉ်းစားတာတော့ စဉ်းစားတာပေါ့။ အေးသာရေဆို ကောက်ရိုးပုံ ဆိုတဲ့ အိမ်ထောင်ရေးစနစ်မျိုးကိုတော့ ကိုကြီး မကြိုက် ပါဘူး။ ဒါပေမင့် အချို့ ဖဆပလမှာ လက်ထောက်အယ်ဒီတာလုပ် နေတုန်းက ကိုကြီး ကြိုက်များနေမလားလို့ ရိပ်မိဖို့ကောင်းတယ်"

ကျွန်မအဖြစ်ကို သူမသိပါပေ။

တကယ်ပါပင်တည်း။ ထိုစဉ်တုန်းက ကျွန်မ၏အဖြစ်မှာ ဖိုးကျော်သောင်းဆိုတဲ့လူက ငါ့ကိုများကြိုက်နေလေမလားဟု တွေး တောဖို့၊ ရိပ်မိဖို့ အချိန်မရခဲ့ပါ။

ဦးလှတင်(လှသမိန်)ဆိုသူကလည်း တက္ကသိုလ်တွင် ဒီဂရီ သာ မယူခဲ့ပေမယ့် စာပေအစုအဆောင်း ကျမ်းပြုပညာနှင့် ရိုက်တာ သတင်းများကို ဘာသာပြန်ရာ၌ အလွန်တော်၏။

ဦးလှဒင်ကလည်း ကျောင်းဆရာကြီးတစ်ယောက် ဖြစ်ရုံမ က ယခုတိုင် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အတ္ထုပ္ပတ္တိကို ဘာသာပြန်၍ နေသူဖြစ်၏။ သတင်းစာ၊ စာအုပ်လုပ်ငန်းများတွင် ကျွမ်းကျင်သူ ဖြစ်၏။ နိုင်ငံရေးသမိုင်းနောက်ခံနှင့်လူဖြစ်၏။ မိတ္ထီလာဗိုလ်အေး မောင်ကလည်း (ဘာသာပြန်)ဆိုသော နာမည်တစ်လုံးနှင့်လူ။ ပြီး တော့ တပ်မတော်ရဲဘော်ဟောင်းတစ်ယောက်။

ဦးထွန်းအုံမှာ တပ်မတော် ရဲဘော်ဟောင်းတစ်ယောက် ဖြစ်ရုံမက ခေတ်ဟောင်းတက္ကသိုလ် သပိတ်မှောက်ကျောင်းသား ခေါင်းဆောင်တစ်ယောက်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တစ်ခေတ် တည်း နိုင်ငံရေးခြေစုံပစ်ဝင်လာခဲ့သော လူတော်တစ်ယောက် ဖြစ် ၏။

ဦးသန့်နှင့်သံအမတ်ဟောင်း သခင်တင်မောင်ကြီး (ကျုံ မငေး) အကြောင်းတို့ကိုတော့ ကျွန်မ ပြောဖွယ်ရာမရှိတော့။ ထိုမျှ သော ပုဂ္ဂိုလ်ကြီးများ ခြေလှမ်းကိုအမီလိုက်ရာ၌ ကျွန်မလို မက် ထရစ်ကိုမျှ မအောင်သေးသူအဖို့ တစ်ခါတစ်ရံ ဇောချွေးပြန်မိ ပါသည်။

တာဝါလိန်းအိမ်မှ မနက်၇ နာရီ ကျောင်းအရောက်တက် ပြီး ၁၀ နာရီ ဖဆပလရုံးကို အရောက်လာရပါသည်။ ခုံဖိနပ်ကြီး တခွပ်ခွပ်နှင့် ရုံးရောက်မှပင် သပ်သပ်ရပ်ရပ် အယ်ဒီတာလေးဘာ လေး ပုံစံပေါ်အောင် ပြင်ဆင်ရပါသည်။

ဆရာသမားဖြစ်သူ ဦးထွန်းအုံရှိနေ၍ တော်ပါသေး၏။ သူကလည်း ရုံးတက်ရာတွင် ဘောင်းဘီရှည်ကြီးကို လိပ်တင်ကာ ခုံဖိနပ်ကြီးနှင့်ပင် ဖြစ်၏။ ရုံးရောက်တော့မှ အံဆွဲထဲမှ ဖိနပ်အ ကောင်းကို ယူထုတ်စီးတော့သည်။ သူ့အိမ်နှင့် ဖဆပလရုံးမှာ ခြေ လျင် သွားရသော ခရီးဖြစ်၏။

"မခင်ယု. . . မင်းကြိုးစားပြလိုက်စမ်းပါ"

ဦးထွန်းအုံက ခဏခဏ ပြောတတ်၏။ သူ ထိုကဲ့သို့ပြောဆို လျှင် ကျွန်မ နေစရာမရှိတော့ပေ။ ထိုကြားထဲတွင်. . . .

"အလကားပါကွာ၊ ဥက္ကဋ္ဌကြီးနှမမို့လို့ ကုလားထိုင်ပေးထား တာက တက်လာတာ၊ ဘာမှမတတ်ပါဘူး"ဟူသော တီးတိုးသံများ ကျွန်မကြားရ၏။ ထိုအခါတွင် ကျွန်မ၏ပင်ကိုဉာဉ်ကလေးအတိုင်း 'တစ်နေ့တော့ တွေ့ကြရသေးတာပေါ့'ဟူ၍ တေးထားမိ၏။

ကွန်မြူနစ်များ တောမခိုခင် ကွန်မြူနစ်ပါတီသည် ပြည်သူ့ အာဏာဂျာနယ်မှနေ၍ ဖဆပလကို လိပ်ကျောက်မြီးအခန်းမှ ရှိုးရှိုး နှင့်ချပါတော့သည်။ ကျွန်မသည် ဖဆပလသတင်းစဉ်မှနေ၍ 'ငါ တိုင်းပြည်ကိုတော့ ကွန်မြူနစ်အဖြစ်မခံနိုင်' ဟူသော ခံယူချက်ဖြင့် 'မိဖြူ'ကလောင်အမည်ယူကာ ပြန်၍ရေးရသည်မှာ ကျွန်မကျော တွင် လိပ်ကျောက်မြီးအရှိုးများ ထင်လျှက်ရှိပါသည်။

တာဝါလိန်းမှာ အိမ်ငှား၍မရခင်က ကျွန်မသူငယ်ချင်း မခင်နုနှင့်အတူ ဖဆပလဌာနချုပ်အောက်ထပ်တွင် ကိုကိုကြီး(ဦးနု) နှင့် အတူနေပါသည်။

တတ်သလောက် မှတ်သလောက်နှင့် လိပ်ကျောက်မြီး ကျောပေါ် တဖြုန်းဖြုန်းအရိုက်ခံကာ စစ်ပြိုင်တွယ်နေရသည့်အထဲမှာမှ အစိုးရိမ်ကြီးလှပါသော နောင်တော်ဦးနုက ကျွန်မအား ခဏခဏ သတိပေးပါသည်။

"ငါ့ညီမဆီ လာလာလည်တဲ့ သူငယ်လေးတွေထဲမှာလေ ကွန်မြူနစ်လေးတွေ ပါတယ်နော်၊ သတိထား"ဟူ၍ ကွန်မြူနစ်လူငယ်တစ်ယောက်ယောက်နှင့်ချစ်သွားမှာကို စိုးရိမ်စွာဖြင့် သတိပေးတတ်ပါသည်။

ကျွန်မကလည်း သူ သတိပေးတိုင်း ငိုချင်ပါသည်။ "ကိုကိုကြီးရေ . ကွန်မြူနစ်ကို ချစ်မိရင်တော်သေးတယ်။ ခု ကိုတင်အောင်ထွန်းကို ချစ်မိလို့ မေမေအဆူခံနေရတယ်"ဟု ပြောပြ၍သာ ငိုချင်ပါသည်။

မေမေ့စာများထဲတွင်လည်း သတိခဏခဏပေး၏။

"ထောင်ပေါင်းများစွာ မျက်လုံးတွေဟာ သမီးကိုကြည့်နေကြတယ်။ မေမေ့ကွယ်ရာမှာ ငါထင်သလို နေလိုက်မယ်လို့စိတ်မကူးလိုက်ပါနဲ့ သမီးရယ်။ အစစ ဆင်ဆင်ခြင်ခြင်နေပါ။ သမီးသူငယ်နဲ့ရန်ကုန်မှာ နှစ်ယောက်တည်း မတွေ့ပါနဲ့နော်"

ဝေးသေး၏။ ကျောင်းနေစဉ် မေတ္တာမျှခဲ့ရပါသော ကိုတင်အောင်ထွန်းကိုသော်မှ ညဥ့်အခါ အိပ်ခါနီးကျမှပင် အသည်းနှလုံးကြားတွင် ဖွက်ထားသော သူ့ဓာတ်ပုံကို ထုတ်ယူကြည့်ရ၏။

"မောင်တို့တက္ကသိုလ်မှာလေ၊ အင်းလျားကန် အလယ်ကျွန်းကို လှေကလေးနဲ့သွားကြတယ်။ အချစ်အားတဲ့တစ်နေ့ မောင်နဲ့အတူသွားရအောင်"

တိုင်းပြည်ကြီးကသာ ဇာတ်ထုပ်အမျိုးမျိုးပြောင်းနေသည်။

တက္ကသိုလ်ကတော့ အင်းလျားကန်အတွင်း လှေကလေးကို လှော်မည့် ဇာတ်ထုပ်များမှာ ဘယ်တော့မှ မပြောင်း။ သို့သော် ကျွန်မသည် လှေကလေးကိုလှော်မည့် ဇာတ်ထုပ်ခင်းဖို့အချိန် မောင့်ကိုလည်း မပေးနိုင်ပါပေ။ တကယ်တော့ အင်းလျားကန်နှင့် တက္ကသိုလ်သည် လူဆန်သည်ဆိုလျှင် မမှားပေ။ လူသည် တစ်ချိန်တွင်တော့ မိုက်သည်။ လှိုက်လှိုက်လှဲလှဲချစ်ရမည်။ ကျွန်မသည် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲဟူသော ဝေဒနာလေးတစ်ခုကို တစ်ခါမှ ပွင့်ပွင့်လင်းလင်း မသွန်ချခဲ့မိပါပေ။

ညဥ့်အိပ်ချိန်နီး၍ လူခြေတိတ်ချိန်တွင်မူ သူငယ်ချင်း မခင်နုမှာ မီးပူတိုက်အဝတ်ချုပ်နှင့် အလုပ်များနေတတ်၏။ သူသည် အလွန်မိန်းမပီသသူ ဖြစ်၏။ ကျွန်မသည် သူ့ကိုထားရစ်ကာ ကိုကိုကြီးဦးနုတို့ဘယ်ဘက်ရှိ ဝရန်တာလေးဘေးတွင် သီချင်းဆိုနေ၏။ ထိုအခါတွင် ရင်ထဲမှာပေါ့၏။

*"ဆတံပိုးတိုးကာလေ၊ အမျိုးမျိုး ချစ်မဝ၊ သူတကာ ချစ်တာထက် ရှစ်ဆလောက်ပိုပါသလေ. . .*

*အသဲထောင့်မှာ အချစ်ညှောင့်လေးတွေ စူးနေဘဝင်မှာ တဖျပ်ဖျပ်နဲ့၊ အသက်မက၊ မောင့်ကိုရှူးမတတ် ချစ်မိပေ. . ချစ်လှချည်ရဲ့လို့ ဆိုတဲ့အသံတွေ . . . .*

"ဟေး. . . မိခင်ယု"

ဦးနု အသံပေါ်လာ၏။

"ကိုကိုကြီး. . . မယုရှိပါတယ်"

သူသည် မှန်တံခါးကိုဖွင့်လိုက်၏။ သူ့ကိုယ်လုံးသည် တံခါးဝတွင် မားမားကြီးပေါ်လာ၏။

"ဘာဖြစ်တယ်။ ခုန သီချင်းဆိုသံကြားပါတယ်။ အသည်းထောင့်မှာ ဘာစူးနေတယ်"

ကျွန်မသည် လက်ပိုက်၍ မတ်မတ်ရပ်ကာ တပည့်တစ်ယောက်လို သူ့မေးခွန်းကို ဖြေလိုက်၏။

တက္ကသိုလ်ကတော့ အင်းလျားကန်အတွင်း လှေကလေးကို လှော်မည့် ဇာတ်ထုပ်များမှာ ဘယ်တော့မှ မပြောင်း။ သို့သော် ကျွန်မသည် လှေကလေးကိုလှော်မည့် ဇာတ်ထုပ်ခင်းဖို့အချိန် မောင့်ကိုလည်း မပေးနိုင်ပါပေ။ တကယ်တော့ အင်းလျားကန်နှင့် တက္ကသိုလ်သည် လူဆန်သည်ဆိုလျှင် မမှားပေ။ လူသည် တစ်ချိန်တွင်တော့ မိုက်သည်။ လှိုက်လှိုက်လှဲလှဲချစ်ရမည်။ ကျွန်မသည် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲဟူသော ဝေဒနာလေးတစ်ခုကို တစ်ခါမှ ပွင့်ပွင့်လင်းလင်း မသွန်ချခဲ့မိပါပေ။

ညဥ့်အိပ်ချိန်နီး၍ လူခြေတိတ်ချိန်တွင်မူ သူငယ်ချင်း မခင်နုမှာ မီးပူတိုက်အဝတ်ချုပ်နှင့် အလုပ်များနေတတ်၏။ သူသည် အလွန်မိန်းမပီသသူ ဖြစ်၏။ ကျွန်မသည် သူ့ကိုထားရစ်ကာ ကိုကိုကြီးဦးနုတို့ဘယ်ဘက်ရှိ ဝရန်တာလေးဘေးတွင် သီချင်းဆိုနေ၏။ ထိုအခါတွင် ရင်ထဲမှာပေါ့၏။

*"ဆတံပိုးတိုးကာလေ၊ အမျိုးမျိုး ချစ်မဝ၊ သူတကာ ချစ်တာထက် ရှစ်ဆလောက်ပိုပါသလေ. . .*
*အသဲထောင့်မှာ အချစ်ညှောင့်လေးတွေ စူးနေဘဝင်မှာ တဖျပ်ဖျပ်နဲ့၊ အသက်မက၊ မောင့်ကိုရှူးမတတ် ချစ်မိပေ. . ချစ်လှချည်ရဲ့လို့ ဆိုတဲ့အသံတွေ . . . .*

"ဟေး. . . မိခင်ယု"

ဦးနု အသံပေါ်လာ၏။

"ကိုကိုကြီး. . . မယုရှိပါတယ်"

သူသည် မှန်တံခါးကိုဖွင့်လိုက်၏။ သူ့ကိုယ်လုံးသည် တံခါးဝတွင် မားမားကြီးပေါ်လာ၏။

"ဘာဖြစ်တယ်။ ခုန သီချင်းဆိုသံကြားပါတယ်။ အသည်းထောင့်မှာ ဘာစူးနေတယ်"

ကျွန်မသည် လက်ပိုက်၍ မတ်မတ်ရပ်ကာ တပည့်တစ်ယောက်လို သူ့မေးခွန်းကို ဖြေလိုက်၏။

"အချစ်ညှောင့်လေးတွေ"

သူသည် ပြုံး၏။

"သီချင်းဆိုရင် စိတ်ထဲမှာ စိတ်ညစ်တာတွေပျောက်သွားလား"

"ဟုတ်ကဲ့"

"အေး. . အေး . . ကဲ. . ကဲ. . ဆိုစမ်း၊ ဗုဒ္ဓေါ. . ဗုဒ္ဓေါ ဗုဒ္ဓေါ"

ကျွန်မသည် ရင်ထဲနာနာနှင့်"ဗုဒ္ဓေါ. . ဗုဒ္ဓေါ ဗုဒ္ဓေါ. . "နှင့် ခပ်ကျယ်ကျယ်ပင် အော်လိုက်ပါသည်။

နောက်ညများတွင်မူ ကျွန်မသည် အိပ်ခါနီးတိုင်းဓမ္မစကြာကို အစအဆုံး ရွတ်ပါတော့သည်။ ကျွန်မနှင့်အခန်းကပ်လျက် လူငယ်အစည်းအရုံးဝင်များမှာ နားငြီးမည်ဖြစ်ပါသည်။

တွဲဖက်လုပ်ကိုင်ရသော ဆင်ကြီးများ၏ခြေကို အမိလိုက်ရသည်ကတစ်ဖက်။ ကိုယ့်ရင်ထဲမှ ကိုယ့်အဆွေး၊ ကိုယ့်ပြဿနာများနှင့် အစဉ်လိုရောထွေးရှုပ်ပွနေ၍ အရိပ်များမိုးနေသော ကျွန်မ၏ နှလုံးသားကြေးမုံတွင် ထိုစဉ်က ဖိုးကျော်သောင်းဆိုသူ ရုပ်ပုံမထင်လာသည်မှာ အခြေအနေမပေးသောကြောင့် ဖြစ်ဟန်တူပါသည်။

"ပြီးခဲ့တဲ့အချိန်တွေကိုပြန်တွေးမနေပါနဲ့တော့၊ အင်္ဂါစနိုးပဲ ဖြစ်ချင်ဖြစ်ချင်၊ ဟဲမင်းဝေးကြီးပဲ ဖြစ်ချင်ဖြစ်ချင်၊ အချိန်ရှိပါသေးတယ်။ အခုဆိုရင် နီးစပ်လာပြီပဲ။ မြဝတီမှာ မဂ္ဂဇင်းကို ကိုင်ရင်း စာတွေစရေးပေါ့"

ကျွန်မသည် စကားစကိုပြန်ဆက်ကာ သူကျေနပ်အောင် ပြောပြ၏။ သူသည် ပြန်တည်ငြိမ်သွား၏။

"မဖြစ်လဲ ကျေနပ်ပါတယ်လေ။ ကိုကြီးရဲ့ ကိုယ်ပွား မိချို နှလုံးသားကို ရပြီပဲ။ ကိုကြီးပြောချင်သမျှ ရေးချင်သမျှ မိချို နှလုံးသားထဲကတစ်ဆင့် ပြောခိုင်းရေးခိုင်းလိုက်မှာပေါ့။ ကိုကြီး ဇာတာ

က စာရေးဆရာဖြစ်ဖို့ မပါလာဘူး ထင်ပါရဲ့။ ကိုယ်လုပ်ခဲ့တာတွေ ကိုယ်ပြန်ကြည့်ရင် အစဖော်ပေးရမယ့်နေရာတွေ၊ ဖရိုဖရဲ ပုံမကျ ပန်းမကျ ဖြစ်နေတဲ့နေရာတွေဆို ဖိုးကျော်သောင်းကြီး လာခဲ့ဦးပဲ။ ကသောင်းကနင်း ဖြစ်နေတဲ့အချိန်ဆိုရင်လဲ ဖိုးကျော်သောင်းကြီး လာခဲ့ဦးပဲ။ အစုတ်အထုပ်၊ အရှုပ်အထုပ်၊ အပုပ်ထုပ်တွေကို ရှင်းလင်းပြီး နေသားတကျဖြစ်သွားလို့ ပုံပေါ်ရင် ဖိုးကျော်သောင်း တစ်နေရာပြောင်းဦး လုပ်ကြဦးမှာပါ။ မော်ကွန်းတွေ၊ ကမ္ပည်းတွေ အထိုးခံပြီး ဘွဲ့တွေတော့ မယူချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်ကိုတော်လှန်လဲ ကိုယ့်ရဲဘော်တွေနဲ့ အတူပါပဲ။ သေနတ်တစ်ချက်လဲ ပိုမဖောက်ခဲ့ပါဘူး။ ဒါပေမယ့် တေဒဂ် တစ်ခုတော့ ကျော်သောင်းကို ပေးဖို့ကောင်းတယ်”

ထိုစကားလုံးရောက်သောအခါ သူလေသံပြောင်း၍ ခပ်ရွှင်ရွှင်နှင့် ရယ်ပါတော့သည်။

“ဘာဖြစ်လို့ ရယ်ရပြန်လဲ၊ အရေးထဲ တေဒဂ်ကလဲ လိုချင်သေးတယ်”

“လိုချင်တယ်မိချိုရေ၊ ဘာတေဒဂ်လဲဆိုတော့ မပေါက်သောဗုံး၊ မမြည်သောကျည်ဆန်တွေကို သုံးတဲ့နေရာမှာ ဗိုလ်ပေါ့”

“ဘာ. . . မပေါက်သောဗုံး၊ မမြည်သောကျည်ဆန်”

ကျွန်မက မရှင်းလင်းသော သူ့စကားကိုထပ်၍ ရေရွတ်ပါသည်။

“ဟုတ်တယ်. . ဟုတ်တယ်၊ ခုအချိန်ပြန်တွေးမိတော့ ရယ်ချင်တယ်။ မိချိုက အတွေးချော်ပြီး တယ်ကောင်းတဲ့လက်နက်အသစ်အဆန်းတွေလို့ မထင်နဲ့၊ သောင်းကျန်းသူတွေ ဒီရေအမြင့်ဆုံးအချိန်၊ ရန်ကုန်အစိုးရလို့ သမုတ်ခံရချိန်မှာ ကိုကြီးတို့ရဲဘော်တစ်စုသုံးရတဲ့ လက်နက်တွေအကြောင်း ပြောရတာပါ။ ရရာ လက်နက်ဆွဲတိုက်တော့ ကျည်ဆန်ကလဲ တချို့ကျည်ဆန်မှာ အသံတောင်မထွက်ဘူး။ ဗုံးဆိုတာကလဲ လေယာဉ်ပျံနဲ့သာ ကြဲချရတာ၊ ပေါက်

လဲမပေါက်ဘူး။ အဲဒီလိုလက်နက်တွေနဲ့ ရန်ကုန်ကို ကယ်ရတာ။ အဲဒီတစ်ချိန် ကိုကြီးတို့တိုက်ခဲ့ရတဲ့ ရဲဘော်တစ်စုကို ဧတဒဂ် ပေးဖို့မသင့်ဘူးလား။ နောက်ပိုင်း ရခိုင်ကပြောင်းလာတဲ့ တပ်ရင်း(၅) တို့နဲ့ တခြားတပ်တွေစစ်ကူနဲ့ အသက်ရှူပေါက်ရလာတာ"

ကျွန်မသည် ခုမှ သဘောပေါက်သွား၏။

"အမှန်တော့ ကိုယ့်ကိုယ်ကိုယ် တချို့က သိဒ္ဓိတင်နေလိုက်ကြတာ။ အစင်းသိ အတွင်းသိသိချင်းတော့ ရယ်ချင်တယ် မိချိုရယ်။ ကိုကြီးတို့ သိပ်တော်လွန်းလို့ သောင်းကျန်းမှုတွေ အနိုင်ရခဲ့တာ မဟုတ်လှပါဘူး။ ဒီရောင်စုံတွေနဲ့ ကွန်မြူနစ်တွေကိုက ရှော်လွန်းလို့. . . အဲ. . အဲ နယ်မြေတစ်ခု ခြေကုပ်ရအောင် ယူထားနိုင်မယ်။ အဲဒီနယ်မြေက လူထုရဲ့အားပေးထောက်ခံမှုသာ ရမယ်ဆိုရင် ကွန်မြူနစ်တွေဖွဲ့ကြောင့် အစိုးရဘက်ကတပ်တွေ အနိုင်ရမှာ မဟုတ်ဘူး။ ဒါကြောင့် စစ်ဆင်ရာမှာ နယ်မြေလူထုရဲ့ထောက်ခံမှု (အချစ်) ဆိုတာကို တပ်မတော်က အသက်ဘူးလို အစဉ်မွေးထားဖို့ကောင်းတယ်။ ကိုကြီးပြောတာ ထပ်ရှင်းရဦးမလား။ လက်နက်ကောင်းဆိုတာ လိုအပ်တဲ့ ကိရိယာတစ်ခုမှန်ပေမယ့် နယ်မြေလူထု ချစ်ခင်မှု၊ ထောက်ခံမှုဆိုတာ ရေရှည်မှာ စားသာတယ်လို့ပြောတာ"

"ရှင်းပါတယ်လေ. . ရှင်းပါတယ်။ဦးဟဲမင်းဝေးကြီးရဲ့"

"အခုတော့ အချိုရဲ့ဟဲမင်းဝေးကြီးမှာ ဧတဒဂ်လဲ မရပါဘူး။ စာတစ်ပုဒ်မှလဲ မရေးဖြစ်ဘူး။ မြဝတီမဂ္ဂဇင်း၊ စနစ်တကျထုတ်လုပ်ဖို့ စက်ကြီးတွေရောက်ရင် သပ်သပ်ရပ်ရပ်နဲ့ ပုံပေါ်လာပြီဆိုရင် ဖိုးကျော်သောင်း တစ်နေရာပြောင်းဦးလို့ ဖြစ်လာမှာပါ"

"အေးလေ. . အဲဒီတော့လဲ စိတ်ပြေပေါ့။ နောင်အခါ မြဝတီပုံနှိပ်စက်နားဖြတ်သွားလို့ ပုံနှိပ်စက်ကြီးတဂျုံးဂျုံးနဲ့ အရှိန်ရရ လည်ပတ်သံကြားရရင် ဩော်. . ဒီစက်ကြီး အရှိန်ရရ လည်ပတ်အောင် တည်ထောင်တဲ့လူစုထဲမှာ ငါလဲပါပါလားလို့ ကိုယ့်ကုသိုလ်ကို ကိုယ်ပီတိပွားပေါ့"

သူသည် ကျွန်မကို ပြုံးကြည့်၏။

"အင်းပေါ့. . အချို့ကို ကိုကြီးတောင်းပန်ချင်တာက ကိုကြီးအပေါ်မှာ သံယောဇဉ်တွယ်သလို မြဝတီမဂ္ဂဇင်းအပေါ်မှာလဲ သံယောဇဉ်ထားပါ။ စာရေးဆရာဆိုတာ ကိုယ်ရေးချင်တဲ့ မဂ္ဂဇင်းတိုက်မှာမှ ရေးချင်ကြတာ၊ ကိုကြီးက မချုပ်ချယ်လိုပါဘူး။ ဒါပေမယ့် မြဝတီကိုလဲ ရေးပေးလိုက်ပါ။ တကယ်တော့ မြဝတီမဂ္ဂဇင်းရဲ့ကျေးဇူးတရားတွေ စာရေးဆရာတွေအပေါ်မှာ အများကြီးရှိပါတယ်။ ဒီမဂ္ဂဇင်းထွက်လာမှ ဝတ္ထုစာမူခတွေ ပိုမိုရလာကြတယ်"

သူပြောသည်မှာ မှန်ပါ၏။ မြဝတီမဂ္ဂဇင်းထွက်လာသောအခါ စာရေးဆရာများ စာမူခ ပိုမိုရလာကြ၏။ မြဝတီ၏ကျေးဇူးသည်လည်း စာရေးဆရာများအပေါ်တွင် ကြီးမားလှပါသည်။ ရှုမဝမဂ္ဂဇင်းကပါ စာရေးဆရာများအား မြဝတီမဂ္ဂဇင်းနှုန်းခ အတိုင်း စာမူခ ပိုပေးလာပါသည်။

ကျွန်မအတွက်မူ ရှုမဝသည် စာမူခလျှော့ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ရှုမဝမှာ ရေးရမည်ပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်မလို 'ကလောင်ရိုင်း'အား စင်တင်ပေးသော ကျေးဇူးတရားကို ကျွန်မ အစဉ်ထောက်ထားရမည်ဖြစ်၍ ရှုမဝကိုဦးစားပေးရာမှာ ထားရခြင်းဖြစ်ပါသည်။

ထိုညဦးက သူ တောင်းပန်ချက်အရ သူ့ဆန္ဒအတိုင်း ၁၉၅၆ ခု၊ ဇန်နဝါရီလ လွတ်လပ်ရေးအထူးထုတ် စာစောင်တွင် မြဝတီမဂ္ဂဇင်း၌ 'ကျွန်းဧကရီ'ဝတ္ထုကို ကျွန်မ စတင်ရေးသားပေးလိုက်ပါသည်။

နောက်နေ့နံနက်တွင် မမအိပ်ရာသို့ ကျွန်မသွားရ၏။ ညက အိပ်ပျော် မပျော် သူ့ရောဂါအခြေအနေကို ကျွန်မမေးပါသည်။ မမသည် ရောဂါအခြေအနေကို မဖြေ၊ ကော်ဖီသောက်ရင်းပြုံး၍ ကျွန်မကို အသံလေးတိုးတိုးနှင့်ပြော၏။

"မမလေ လင်ယူဖို့ အတော်ခက်သေးတယ်"

အရင်းမရှိ အဖျားမရှိ မမစကားကြောင့် ကျွန်မ အံ့အား သင့်သွား၏။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက မမရယ်စရာအနေနဲ့ပြောတယ်လေ။ ယောကျ်ားယူရတာ လွယ်ပါတယ်ဟာ၊ ရှပ်အင်္ကျီ မီးပူတိုက်ရတာ ခက်တယ်ဟဲ့လို့ ပြောခဲ့တယ်မို့လား"

"ဟုတ်ကဲ့"

တစ်ခါတစ်ခါ မမသည် ရိုးရိုးနှင့်ရယ်စရာပြောတတ်၏။

"အေး . . ခုလဲ ညက ကိုကျော်သောင်း မယုကို စကားပြောသလို မမကိုများ မမယောကျ်ားကပြောရင် မမအိပ်ငိုက်မှာနဲ့ လင်ထောင်းခံရမှာ"ဟုပြောပါသည်။

ကျွန်မသည် မမနှင့်အတူ ရောရယ်မိ၏။ ထိုညနေ သူရုံးကအပြန် မမ မနက်က ပြောပြသောစကားကို သူ့ကိုပြန်လည်ပြောပြသောအခါ သူသည် ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

"ကိုကြီးပြောချင်တာတွေ မိချိုတစ်ယောက်သာ သည်းခံနားထောင်မှာပေါ့။ တခြားလူသွားပြောလို့ ကျော်သောင်းရှူးနေတယ်လို့ ထင်မှာပေါ့" သူပြောလိုက်ပါသည်။

"အေးကွယ် . . သူတို့အပျိုကြီးတွေ အိမ်ထောင်ရေးအပေါ် ခံယူချက်ကလဲ တစ်မျိုးပဲနော် . . "

ကျွန်မ ဘာမှပြန်မဖြေဘဲ ညစာအတွက်ပြင်ဆင်နေပါသည်။

"အချို ကိုကြီးဧည့်သည်တစ်ယောက် ချိန်းထားတယ်။ ခုပဲလာလိမ့်မယ်။ ထမင်းပွဲ တစ်ယောက်စာ ပိုပြင်လိုက်"

ကျွန်မ မမအကြောင်းဆက်ပြောမည်ကို ရပ်ထားလိုက်ပါသည်။

"ဟုတ်ကဲ့ . . အချိုတို့ အခုစားမယ့်ဟင်းနဲ့ ရလား၊ အထူး

လုပ်ရဦးမှာလား၊ တစ်ယောက်တည်းနေ၁် အပိုလုပ်ဖို့ လိုသေးလား"

"မလိုပါဘူး"

ထိုမေးခွန်းကို ကျွန်မ မေးရသည်မှာ တစ်ခါက မြဝတီမှ ဧည့်သည်နှစ်ယောက်လာမည်ဟု ပြောပါသည်။ သူ ရုံးဆင်းလာသောအခါ ဧည့်သည်ရှစ်ယောက် ပါလာပါသည်။ တော်ပါသေး၏။ ထမင်းသုတ်မှာ ရှစ်ယောက်စာ လောက်ပေပါသည်။ ဗူးသီးနှင့်ကြာဆံ ဟင်းခါးသာမလောက်၍ အချိုမှုန့်နှင့်ရေနွေး ရောလိုက်ရပါသည်။

ဧည့်သည် ရောက်လာပါသည်။ ကျွန်မ သူနှင့်အတူ ဧည့်သည်ကို ဆီးကြိုပါသည်။

"သူက ကျွန်တော့်ဇနီး မခင်ယု"

ဧည့်သည်မှာ ကုလားကပြားဖြစ်၍ အရပ်ထောင်ထောင် မောင်းမောင်းဖြစ်၏။ အသက်မှာမူ ကိုကြီးထက် ကြီးပုံရ၏။

"အချို့ . ဆရာချက်ပ်မင်းဆိုတာသူပဲ။ ဗိုလ်မောင်ကလေး ကဆက်သွယ်ပေးတယ်။ ညနေရုံးဆင်းချိန်ကျရင် ဆရာနဲ့တစ်နာရီ လောက် အင်္ဂလိပ်စာ အိမ်မှာသင်ရမယ်"

ကျွန်မက ဆရာ့အား ပြုံး၍နှုတ်ဆက်သောအခါ ဆရာ သည် ကျွန်မကို လက်ဆွဲနှုတ်ဆက်လိုက်၏။

ကျွန်မတို့ ဆရာနှင့်အတူ ထမင်းစားပြီးကြလျှင် ဆရာပြန် သွားပါသည်။ ဆရာပြန်သွားမှပင် မမ၏ ရောဂါအခြေအနေကို ဆက်လက်ပြောပြရသည်။ မမမှာ မေမေ့မှတစ်ဆင့် ကူးစက်ကျန် ရစ်သော တီဘီရောဂါကြောင့် အတော်အားနည်းလာပါသည်။ သို့ သော် ဆေးရုံမတက်။ ဂျာနယ်ကျော်မမလေးနှင့်ကုလိုသည်ဟု ပြော ပါသည်။

ဂျာနယ်ကျော်မမလေးဆေးများတွင် အရေးအကြီးဆုံးက 'မော်တော်ကား'ဖြစ်ပါသည်။ မမသည် နံပါတ်၁(နေ)သမားဖြစ်၍ မော်တော်ကားစီးမှ အသက်ချမ်းသာရာရမည်ဖြစ်သည်။ ကိုကြီး၏ အိမ်တော်ပါ(ခ-၉၀၉၉)ဂျစ်ကားလေးမှာ ဟောင်းနွမ်းလှပြီဖြစ်၍

လုပ်ရဦးမှာလား၊ တစ်ယောက်တည်းနော် အပိုလုပ်ဖို့ လိုသေးလား"

"မလိုပါဘူး"

ထိုမေးခွန်းကို ကျွန်မ မေးရသည်မှာ တစ်ခါက မြဝတီမှ ညွှဲ့သည်နှစ်ယောက်လာမည်ဟု ပြောပါသည်။ သူ ရုံးဆင်းလာသောအခါ ညွှဲ့သည်ရှစ်ယောက် ပါလာပါသည်။ တော်ပါသေး၏။ ထမင်းသုတ်မှာ ရှစ်ယောက်စာ လောက်ပေပါသည်။ ဗူးသီးနှင့်ကြာဆံ ဟင်းခါးသာမလောက်၍ အချိုမှုန့်နှင့်ရေနွေး ရောလိုက်ရပါသည်။

ညွှဲ့သည် ရောက်လာပါသည်။ ကျွန်မ သူနှင့်အတူ ညွှဲ့သည်ကို ဆီးကြိုပါသည်။

"သူက ကျွန်တော့်ဇနီး မခင်ယု"

ညွှဲ့သည်မှာ ကုလားကပြားဖြစ်၍ အရပ်ထောင်ထောင် မောင်းမောင်းဖြစ်၏။ အသက်မှာမူ ကိုကြီးထက် ကြီးပုံရ၏။

"အချို့ . ဆရာချက်ပ်မင်းဆိုတာသူပဲ။ ဗိုလ်မောင်ကလေး ကဆက်သွယ်ပေးတယ်။ ညနေရုံးဆင်းချိန်ကျရင် ဆရာနဲ့တစ်နာရီ လောက် အင်္ဂလိပ်စာ အိမ်မှာသင်ရမယ်"

ကျွန်မက ဆရာ့အား ပြုံး၍နှုတ်ဆက်သောအခါ ဆရာသည် ကျွန်မကို လက်ဆွဲနှုတ်ဆက်လိုက်၏။

ကျွန်မတို့ ဆရာနှင့်အတူ ထမင်းစားပြီးကြလျှင် ဆရာပြန်သွားပါသည်။ ဆရာပြန်သွားမှပင် မမ၏ ရောဂါအခြေအနေကို ဆက်လက်ပြောပြရသည်။ မမမှာ မေမေ့မှတစ်ဆင့် ကူးစက်ကျန်ရစ်သော တီဘီရောဂါကြောင့် အတော်အားနည်းလာပါသည်။ သို့သော် ဆေးရုံမတက်။ ဂျာနယ်ကျော်မမလေးနှင့်ကုလိုသည်ဟု ပြောပါသည်။

ဂျာနယ်ကျော်မမလေးဆေးများတွင် အရေးအကြီးဆုံးက 'မော်တော်ကား'ဖြစ်ပါသည်။ မမသည် နံပါတ်၁(နေ)သမားဖြစ်၍ မော်တော်ကားစီးမှ အသက်ချမ်းသာရာရမည်ဖြစ်သည်။ ကိုကြီး၏ အိမ်တော်ပါ(ခ-၉၀၉၉)ဂျစ်ကားလေးမှာ ဟောင်းနွမ်းလှပြီဖြစ်၍

ရောင်းချပစ်ရန်အခြေအနေ ဖြစ်နေသည်။

"သူများကားကို နေ့တိုင်းယူလို့မကောင်းဘူးပေါ့။ ဒီတော့ အချိုတို့ဂျစ်ကားကိုရောင်းပြီး ကားတစ်စီးဝယ်ရအောင်။ မမကို ကားနဲ့ မနက်တစ်ခါ၊ ညနေတစ်ခါ အင်းလျားဘက်တို့၊ ရန်ကုန်မြစ် ကမ်းဘက်တို့ မောင်းပေးရမယ်တဲ့"

"အချို့မှာ ငွေရှိလား။ အတော်ပဲ။ အိမ်လဲ စဆောက်ရ မယ်ဆိုတော့ ကားရှိမှ အဆင်ပြေမယ်"

ကျွန်မတို့ အော်စတင်ကားတစ်စီးဝယ်လိုက်၏။ (အသစ် စက်စက်မဟုတ်ပါ)ထိုစဉ်က ၈၅၀၀ိ/ဆိုလျှင် သပ်သပ်ရပ်ရပ် ကား တစ်စီး ကောင်းကောင်းရပါသည်။

"ကဲ . . မိချိုရေ သက်ကြီးတက္ကသိုလ်မှလဲ လျှောက်လွှာ တင်ထား။ ကိုကြီးရဲ့စစ်ရဲတပ်ရင်း(၄) ရဲဘော်ဟောင်းကြီး တစ် ယောက် ကိုစံငွေဆိုတာ ကားမောင်းချင်တယ်တဲ့။ သူ့ကိုငှားလိုက် မယ်။ (တက္ကသိုလ်ရဲ့ဟန်)ဆိုတာကလဲ ရှိသေးတယ်။ သက်ကြီးတက္က သိုလ်မှာတက်ရင် မိချိုတက္ကသိုလ်ဟန်ကိုသိသွားမယ်။ လျှောက်လွှာ တင်ရင်း အချိန်စာရင်းကို တစ်ခါတည်း ကူးလာခဲ့"

သူက ဒေါက် . . ဒေါက်နှင့်ပြောသွားသည့်အတိုင်း ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။

စောစောထ၊ သက်ကြီးတက္ကသိုလ်သို့ ပြေးတက်၊ ၉ နာရီ လောက်အိမ်ပြန်၊ နံနက်စာ ထမင်းစား။ ထမင်းစားပြီး ဝင်ဒါမီယာ သို့ရုံးသွားတက်၊ ရုံးမှအပြန် သက်ကြီးတက္ကသိုလ်သို့ သွားရပါသည်။ ကျောင်းမှအပြန်တွင် မမလေရှုရန် ဦးစံငွေနှင့်အတူ ကားနှင့် ထွက် သွားကြသည်။ ဆရာချက်ပ်မင်းနှင့်သူသည် စာကြည့်စားပွဲတွင်ထိုင် ကာ ကျွန်မအားစောင့်နေပါသည်။ စောင့်ရင်းအင်္ဂလိပ်စာကို သူ အရင်သင်နှင့်၏။ သူ၏အင်္ဂလိပ်စာကို နိုင်ငံခြားသတင်းစာ သတင်း ထောက်ကြီးများရေးသလို ရေးနိုင်အောင် ထပ်မံမွမ်းမံခြင်း ဖြစ်၏။ ကျွန်မကတော့ ထွေထွေထူးထူး ရည်ရွယ်ချက်မရှိပါ။ ထိုစဉ်က

ဥပစာတန်းတွင် အင်္ဂလိပ်စာ(၉)အုပ်သင်ရပါသည်။ သက်ကြီး တက္ကသိုလ်နှင့်အချိန်လွဲ၍ ညနေပိုင်းတွင် ဆရာကစောင့်ကာ သင်ကြားပေးပါသည်။ ကျွန်မစိတ်ထင် ဆရာချက်ပ်မင်း၏ အင်္ဂလိပ်စာမှာ အတော်အဆင့်အတန်းမြင့်သည်ဟု ထင်ပါသည်။ ကျွန်မ စိတ်ဝင်စားသော အင်္ဂလိပ်ကဗျာနေ့တွင်မူ ကျွန်မ စာသင်ရသည်ကို ပျော်ပါသည်။ တခြားအချိန်များတွင်မူ စိတ်ဝင်စားခြင်း မရှိလှပါပေ။

သို့သော် ကိုကြီးမှ စိတ်ကျေနပ်ပါစေသဘောနှင့် သူ့ဆန္ဒပြည့်အောင် ကျွန်မ ကြိုးစားပေးနေခြင်းဖြစ်ပါသည်။

မမရောဂါကိုလည်း ဂျာနယ်ကျော်မမလေးက လက်လွှတ်၍ ခြောက်လတိုင်တိုင် ဆေးရုံတက်ကုသရာတွင် မပျောက်တော့ပေ။ မမသည် တီဘီရောဂါကို ခြောက်နှစ်ခန့် ခံစားရကာ ကျွန်မကို ခွဲခွာ၍သွားပြန်ပါသည်။

ကျွန်မမှာတော့ ကျောင်းတက်ရခြင်း၊ နာတာရှည်လူမမာကိုပြုစုရင်း တစ်ဖက်က ယခုနေသော ဝတ္တလစ်အိမ်ကို အမြန်ဆောက်ရသည်မှာ ဦးနုက ဝန်ကြီးချုပ်အဖြစ်မှ ထွက်ပေးတော့မည်ဖြစ်ပါသည်။ အလုပ်တွေကို တစ်ပြိုင်နက် လုပ်မိသောဒဏ်ကြောင့် မမဆုံးပြီးနှစ်ပတ်အကြာ ပုံလျက်လဲကာ ဆေးရုံတက်ရတော့သည်။

စိတ်ဘယ်လိုပင် ညစ်ညစ် ကျွန်မ စိတ်ဝင်စားသော 'ခင်နှင်းယု' ဘဝတွင် ဘဝင်ကျအောင် စိတ်ကိုမြှပ်နှံကာ အချိန်ရသရွေ့တော့ ဆေးရုံပေါ်တွင်ပင် စာများကို ဆက်ရေးနေပါတော့သည်။

*         *         *

## အခန်း(၈)

### ရှင်းချင်လွန်း၍ ရှုပ်ရသည်။

ထိုအချိန်တွင် ဦးနုမှာ ဖဆပလစည်းရုံးရေးကိုပြန်လည်၍ အသက်သွင်းရန် ဦးဗဆွေအား ဝန်ကြီးချုပ်ရာထူးလွှဲပြောင်းပေးခဲ့ပါသည်။

ကျွန်မသည် ဝန်ကြီးချုပ်၏ အတွင်းရေး အတွင်းဝန်အဖြစ်မှ ဖဆပလဥက္ကဋ္ဌကြီး၏ အပါးတော်မြဲအဖြစ် ဖဆပလရုံးကြီးကို ပြန်လည်၍ ခြေချရပြန်၏။

စာရေးသူတစ်ယောက်၏ မွေးပါဥ ၁ဥ်အတိုင်း ဖဆပလသို့ ပြန်လည်ခြေချမိသည် တစ်ပြိုင်နက် နံရံ၌ ဆေးများကွက်နေပုံ၊ အမိုး မျက်နှာကြက်တွင် ပင့်ကူအိမ်များ ရှုပ်နေပုံ၊ အစချီကာ ကြမ်းပြင်အခင်း၏ ညစ်ပတ်ပေရေနေပုံမကျန် စတင်၍ ရေးမိပါတော့သည်။ ကြမ်းပြင်များကို အချိန်ယူပြန်လည်ပွတ်တိုက်လျှင် ပြောင်လက်လာနိုင်မည့် အခြေအနေ မျှော်လင့်ဖွယ်ရှိပါသေး၏။

ဦးနုကလည်း လောလောဆယ်အားဖြင့် မကောင်းသည့် ကြမ်းခင်းများကိုမူ ပန်းကွက်ပန်းပြောက်များ ရေးထားသော ဖယောင်းပုဆိုးအထူနှင့် အသာအုပ်ခိုင်း၏။

နံရံဆေးသုတ်ခြင်းနှင့် မျက်နှာကြက်ပင့်ကူအိမ်ကို ပထမဆုံး ရှင်းခိုင်းပါသည်။

ကျွန်မ ကျန်းမာရေးကို သူစိုးရိမ်၍ ဆေးရုံတက်ခွင့် ကျွန်မကို ပြု၏။ ကျွန်မကလည်း ရှင်းချင်လွန်း၍ ရှုပ်ရသောဇာတ်လမ်းကို ရှုမဝတွင် အခန်းဆက်အဖြစ် ရေးတော့သည်။ ညနေစောင်းလျှင်တော့ နားနားနေနေ အပန်းဖြေပါသည်။

ညနေသည် အေးမြ၍ လေထန်သော တစ်ညနေဖြစ်လေသည်။ မိုးသက်မပါသော်လည်း ဆောင်းလေသည် နှင်းမြူများ ပြည့်နေဆဲဖြစ်၍ အေး၏။ တပို့တွဲလလွန်လျှင် နွေဦးဟန်သို့ ပြောင်းလဲတော့မည့် ရာသီ၏ ရှေ့တော်ပြေးအဖြစ် ခပ်သွက်သွက်တိုက်ခတ်လာသော လေရူးနှင့် ပေါင်းစပ်လိုက်သောကြောင့် ဆောင်းလေသည် ထိုညနေတွင် ပိုမိုအေးမြ၍ ပြင်းထန်နေခြင်းဖြစ်သည်။

ဆေးရုံဝင်းထဲတွင်လည်း အေးစိမ့်၍နေ၏။ ဆေးရုံဝင်းအနောက်တွင် သစ်ရွက်ခြောက်တို့ကိုစု၍ မီးရှို့ထားသောကြောင့် လမ်းမတော်ဘက်ဆီကို မမြင်ရ။ တောင်သူ၏ယာတောလို မီးခိုးငွေ့တလူလူ ဖြစ်နေတော့သည်။

အနောက်တွင် နေဝင်စပြုနေသည်။ ဆေးရုံဝင်းခြံကို ကာရံထားသော တိုင်ဖျားတွင် မရမ်းစေ့ရောင် စွယ်တော်ပွင့်လေးတစ်ပွင့်သည် ဝါနုသော နေခြည်ကိုမေးတင်၍ ငေးနေပေသည်။

စွယ်တော်ပွင့်လေးသည် နေရောင်ခြည်ကို သံတိုင်ပေါ် မေးတင်၍ ငေးနေသလိုပင် သူ့အလှကို ကျွန်မကလည်း ငေးမောနေမိသည်။ ခပ်စောစောကပင် အဖော်ဖြစ်သော စွယ်တော်ပွင့်တို့ ကြွေနှင့်ကြလေပြီ။ ညနေပိုင်းအချိန်ရောက်၍ ကျွန်မလှမ်းကြည့်တိုင်း မရမ်းရောင်ဝတ်လွှာကို ဆင်ယင်ကာ နေခြည်ကို ငေးမောနေရှာသော တစ်ကိုယ်တော်စွယ်တော်ပွင့်ကို ကျွန်မကလည်း ပြန်လည်ငေးရသည်။

နိုဝင်ဘာ နောက်ဆုံးပတ်က ဆေးရုံတက်ရောက်လာခဲ့သည်မှာ ဇန်နဝါရီ နောက်ဆုံးပတ်သို့ ရောက်လာခဲ့သော်လည်း ဆေးရုံဆင်းရက်ကိုမူ ကျွန်မ မသိရသေးပေ။

ရောဂါကြောင့်သာ တက်ရသည်။ ဒီဆေးရုံကိုရောက်လျှင် အဟောင်းတို့သည် အသစ်ဖြစ်ရလွန်းသည်တကား။

အမှတ် ၁ အခန်းသည် မေမေနေခဲ့သောအခန်း၊ ထိုအခန်းတွင် ညဘက်မေမေ့ကို စောင့်ရင်း ကျွန်မသည် ပထမဆုံး မဂ္ဂဇင်း

ဝတ္ထုရှည် 'နွေနှောင်းရွက်ကျန်' ကို ရေးသည့်နေရာ။ မေမေသည် ချစ်ဖွယ်သော စကားကို ဆိုတတ်၏။ မကြာခင် ခွဲခွာကြရမည်ကို ကြိုတင်သိရှိပြီးသူမို့ တည်ငြိမ်လှသည်။ သူကပင် သတ္တဝါသခၤါရ တို့၏ မမြဲသော သဘောကို ခုတင်ပေါ်မှာပင် တရားဟောပြသပေးသည်။

အခန်း ၄။ ဤအခန်းမှာ မမ နောက်ဆုံးတက်ရောက်ကုသသွားသောအခန်း။ သူလူ့ဘဝက ထွက်ခွာသွားရမည့် ဆယ့်ငါး မိနစ်အလိုအချိန်ကလေးမှာပင်. . .

"မိခင်ယုရယ် ပရိတ်တောင် ဖြောင့်အောင် မရွတ်နိုင်ပါလား' ဟု အေးအေးဆေးဆေးပင် ပြောခဲ့၏။

သေရမည့်သူက သေခြင်းတရားကို အေးငြိမ်းစွာရင်ဆိုင်နိုင်သည် ဆိုဦးတော့။ ကျန်ရစ်မည့် ကျွန်မမှာ စိတ်ကိုမထိန်းနိုင်၊ တည်ငြိမ်ခြင်း ကင်းလှပါဘိ၏။ ထိုနေ့က အလွတ်ရွတ်၍မရသောကြောင့် စာအုပ်ကိုကိုင်ကာ ပရိတ်ရွတ်ရပါသည်။

ဝိပဿနာကို ပေါက်ရောက်စွာ အားထုတ်သူတိုင်းသည် သေလွန်ချိန်တွင်ညင်သာ၏။ ဝေဒနာပြင်းစွာ မခံစားရဟု ရှင်မဟာသီလဝံသစာတွင် ဖတ်ဖူး၏။

မမတို့၊ မေမေတို့သည် နောက်ဆုံးအချိန်အထိ ညင်ညင်သာသာနှင့် ဇီဝိန်ချုပ်ကြရသည်။ ကျွန်မလို သတ္တိနည်းသူမှာ သူတို့လိုမှ သေခြင်းတရားကို ရင်ဆိုင်တွေ့ချိန်တွင် တည်ငြိမ်နိုင်ပါမည်လော။

အဖော်တို့ ကြွေနှင့်ပြီဖြစ်၍ အထီးကျန်သော စွယ်တော်အပွင့်ကို ငေးရင်း အတိတ်အကြောင်းတို့ကို တရေးရေးတွေးနေမိသည်။

'အချို'

ကျွန်မ၏ချစ်သူသည် နောက်မှရောက်လာလေပြီ။

"ကဲ. . . လာ အခန်းထဲမှာနေလေ၊ ဒီညနေ သိပ်အေးတာ။

ဘယ့်နှယ် ဝရန်တာ ထွက်ထိုင်နေလဲ. . လာ လာ"

သူသည် ကျွန်မအား လူနာနေရာအခန်းသို့ ပြန်ခေါ်လာခဲ့လေသည်။ ထုံးစံအတိုင်းပင် ယခုတစ်ပတ် ကိုယ်အလေးချိန်တိုးမတိုး၊ ညက အိပ်ပျော် မပျော်၊ အစာစား၍ရ မရ၊ တသီကြီးမေးတော့သည်။

အဆုတ်နာရောဂါကြောင့် ဝဋ်ကြီးသည်မှာ ရှိမည်မထင်ပေ။ အစာမစားချင်ချင်၊ စားချင်ချင် ဝင်အောင်စားနေရသည်။ စိတ်ဆင်းရဲလှသည်။ အပတ်တိုင်း ကိုယ်အလေးချိန်ကလည်း မှန်မှန်တက်ဖို့လိုပေသည်။

"ဒါတွေ မေးမနေပါနဲ့တော့လေ၊ ဆေးရုံက ဘယ်တော့ဆင်းရမလဲဆိုတာ ဆရာဝန်က မပြောသေးဘူးလား"

သူ့မျက်နှာကို ကြည့်၍မေးလိုက်၏။ သူ့မျက်နှာသည် တစ်စုံတစ်ရာ ထူးခြားပုံရလေသည်။ ပါးစပ်က ဇနီးဖြစ်သူ၏ရောဂါအကြောင်းကို မေး၍သာနေရသည်။ တကယ်စင်စစ် သူ့စိတ်ထဲမှ ပြောလိုသော အကြောင်းအရာမှာ တခြားအကြောင်းတစ်ခုဖြစ်သည်ကို သူ့မျက်နှာက ဖော်ပြ၍နေလေသည်။

"ပြောပါပြီလေ၊ ဆရာဝန်နဲ့လဲ တွေ့ခဲ့တယ်"

သူသည် ခုတင်ဘေးက ကုလားထိုင်တွင် ထိုင်ရင်းဖြေ၏။

"နေမကောင်းတဲ့အခါ စိတ်ကိုသက်သောင့်သက်သာ ထားပါ၊ ဘာကိုမှ ပြင်းပြင်းထန်ထန် မစဉ်းစားနဲ့"

သူသည် တစ်ခါတစ်ခါ စကားကို မြားပစ်သကဲ့သို့ နားထောင်ရသူ ပက်လက်လန်ကျသွားမတတ် တိုက်ရိုက် တရှိန်ထိုး ပြောတတ်သော်လည်း တစ်ခါတစ်ရံ ဧရာဝတီမြစ်အကြောင်း ပြောချင်သည်ကို မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ အနောတ္တတ်အိုင်မှစတင်၍ ဂင်္ဂါ၊ယမုံနာတို့နှင့် နိဒါန်းသွယ်တတ်သူတည်း။

"စာတွေဘာတွေလဲ ဆေးရုံပေါ်ကနေ ရေးမလို့ဆို၊ နေမကောင်းလို့နားရင် ဦးနှောက်ပါနားရတယ်။ဘာလုပ်စာရေးမလဲ"

ကျွန်မသည် စာရေးချင်၍ စာရွက်ကို အိမ်သို့မှာထား၏။

"နားရတာတော့ ဟုတ်တာပေါ့။ မထနိုင်တဲ့ဘဝ၊အကြီး အကျယ်ဖျားနေလဲ ဟုတ်သေး။ တစ်နေ့လာလဲ ခေါင်းအုံးနဲ့အဖော် လုပ်နေရတာ ပျင်းစရာကြီး။ အချို ဘယ်တော့ဆင်းရမှာလဲ"

သူသည်ပြုံးနေရာမှ "ဖေဖော်ဝါရီလ နောက်ဆုံးပတ် လောက်ပေါ့။ ပြီးတော့ မတ်လ ၂ရက်နေ့မှာ အိန္ဒိယသွားရမယ်" ဟုဆို၏။

"ဟင်. . . အိန္ဒိယကို ဘာလုပ်သွားရမှာလဲ။ အချိုရဲ့ ရောဂါဟာ အိန္ဒိယသွားရလောက်အောင် ကြီးကျယ်လို့လား"

"ကြီးကျယ်တယ်လို့တော့ မဟုတ်ဘူး။ ရောဂါနဲ့ ပတ်သက် လာရင် ကြိုကြိုတင်တင် လုပ်သင့်တာမလုပ်လို့ မတင်ဦး(မမ)ဒုက္ခ ရောက်ခဲ့ရပြီမို့လား။ သူ့တုန်းက မဒရပ် မပြောနဲ့၊ ဒီဆေးရုံကြီး တက်ဖို့တောင် တစ်ဆွေလုံး တစ်မျိုးလုံး ဝိုင်းတိုက်တွန်းလိုက်ရတာ၊ ဆေးရုံရောက်တော့ နောက်တောင်ကျနေပြီလို့ ဒေါက်တာသန်း အောင်ပြောတာ မှတ်မိသေးလား"

ကျွန်မသည် သူ့စကားကိုနားထောင်ရင်း ငိုင်သွားမိ၏။ အိန္ဒိယကို ကျွန်မ မသွားချင်။ ဒေသန္တရစိတ် များသည်ဆိုဆို ကိုယ့်တိုင်းပြည်က ဆရာဝန်ကိုသာ ပို၍လေးစားသည်၊ အားကိုး မိသည်။

"ပြီးတော့လဲ စာရေးတာကို ရပ်ထားပါအုံး"

ကျွန်မသည် သူ့မျက်လုံးကို ဖျတ်ခနဲ မော့ကြည့်လိုက်၏။

"ဘာဖြစ်လို့ စာရေးတာကို ရပ်ထားပါအုံး၊ ရပ်ထားပါအုံးနဲ့ ကိုကြီး ခဏခဏ ပြောနေတာလဲဟင်"

"မရေးစေချင်လို့ပေါ့။ အထူးသဖြင့် ရှုမဝမှာ လစဉ်အခန်း ဆက်ကိုရေးနေတဲ့ 'ဩော်. . . ဖဆပလ' ဆောင်းပါးကို ဆက် မရေးပါနဲ့"

သူပြောချင်သည်မှာ ဒါပဲဖြစ်မည်။ ကျွန်မသည် ပင့်သက်

ရှုလိုက်၏။ ထုံးစံအတိုင်း မျက်ရည်ဝဲလာသည်။ ကျွန်မရည်ရွယ်ချက်က လစဉ်ရေးရင်းမှ. . . 'ဩော်. . . ဖဆပလ'အတွက် စာတစ်အုပ် ဖြစ်သွားနိုင်ပေသည်။

"ဘာဖြစ်လို့ မရေးရတာလဲဟင်။. . .၊ဖဆပလကို မုန်းလို့ တစ်ဖက်သက် မကောင်းတာတွေ ထိုင်ရေးနေတာမှ မဟုတ်ဘဲ။ ကောင်းတဲ့အခန်းတွေလဲ ပါလာမှာပဲ။ တကယ်စေတနာရှိရင် အဖွဲ့ကြီးရဲ့ ယိုယွင်းလာတဲ့အဖြစ်ကို စောစောစီးစီး ကြိုတင်ပြင်နိုင်အောင် ရေးသားပြောပြရမှာပဲ၊ ဒါမှလဲ သူတို့ပြုပြင်နိုင်တာ။ ခက်တာက အုပ်ချုပ်သူ လူတန်းစားဆိုတာ ဘယ်လိုပဲ ပြောနေနေ၊ ငါ စေတနာနဲ့ လုပ်တာပဲဆိုပြီး ကိုယ့်အမှားကိုယ်မြင်ချင်မှ မြင်တတ်တာ။ တကယ့်အခြေအနေကိုသိတာက လူထုနဲ့ လက်ရည်တစ်ပြင်တည်းနေတဲ့သူတွေမှ သိတာ"

ထိုစဉ်က ဦးနုသည် ဦးဗဆွေအား ဝန်ကြီးချုပ် ရာထူးလွှဲအပ်ပေးခဲ့ကာ ဖဆပလကို ပြန်လည်ပြုပြင်ရန် အချိန်ပြည့်ဖဆပလ စည်းရုံးရေးကို လုပ်နေသော ၁၉၅၆ ခုနှစ် ဖြစ်ပေသည်။

"အချိုပြောတာတွေ မှန်ပါတယ်။ အနယ်နယ် ရောက်လာတဲ့စစ်သားတစ်ယောက်အနေနဲ့ အစ်ကိုကြီးဟာ ဘယ်သူတွေ ဘာလုပ်နေပြီး တိုင်းပြည် ဘာဖြစ်နေတယ်ဆိုတာ ပိုသိပါတယ်။ ဒါပေမယ့် ခုမရေးပါနဲ့လို့ တားနေတဲ့စကားဟာ ကျော်သောင်းအနေနဲ့ ပြောနေတာ မဟုတ်ဘူးဆိုတာ အချိုနားလည်စေချင်တယ်"

"ဘာ"

ကျွန်မ နှုတ်ခမ်းများကား ဆတ်ဆတ်တုန်၍ လက်များ အေးစက်လာလေပြီ။

"ကိုကြီးပြောတာ သဘောပေါက်လား"

"ပေါက်တယ်၊ သဘောပေါက်လို့ အချို သာပြီး စိတ်ဆိုးတယ်။ ကိုကြီးအနေနဲ့ မရေးနဲ့ဆိုရင် တော်သေးတယ်။ ခုလို တစ်စုံတစ်ယောက်ရဲ့ပယောဂကြောင့် မရေးဖို့ ကိုကြီးက တားရတယ်ဆို

တာတော့ အချို လက်မခံချင်ဘူး။ ဒီမှာ ပါတီအဖွဲ့အစည်းတစ်ခု ဖြစ်ဖြစ်၊ လူတစ်ယောက်ဖြစ်ဖြစ် သူ့မှာ အာဏာမရှိချိန်၊ နိမ့်ကျသွားချိန်မှာ သူ့ရဲ့ ချွတ်ယွင်းချက်တွေ၊ မှားခဲ့တာတွေကို မှိုချိုးမျှစ်ချိုး မရေးထိုက်ဘူး။ ဒါဟာ သတ္တိရှိတဲ့ လူတွေရဲ့ အလုပ်လဲ မဟုတ်ဘူး။ ဒါကို အချိုလက်ခံတယ်။ လူလူချင်း စောင့်ထိန်းအပ်တဲ့ ဝတ္တရားရှိတယ်။ ဒါပေမယ့် ဖဆပလမှာ လက်ရှိအာဏာနဲ့ရှိနေချိန်မှာတော့ ဖဆပလကို တကယ်ဆက်လက်ပြီး တည်တံ့စေလိုတဲ့ဆန္ဒနဲ့ တိုင်းပြည်ရဲ့ အခြေအနေမှန်ကို တင်မပြရဘူးလား။ ဒီလိုမှ မရေးရရင်ကော ဒီကလောင်ဟာ ဘာအသုံးကျမှာလဲ. . . ”

ကျွန်မ၏ ဒေါသမှ ပေါက်ကွဲလာသော မျက်ရည်များမှာ ပါးပေါ်တွင် ဒလဟော စီးဆင်းလာကြသည်။ သူသည် ကျွန်မကို ညင်သာစွာ ခုတင်ပေါ်တွင် အိပ်စေ၏။

“အချိုဟာ ငယ်ပါသေးတယ်. . အချို. . . ”

ကျွန်မသည် ရှိုက်၍ပင် ဆက်၍ငို၏။

“တကယ်တော့ စာရေးဆရာ ဖြစ်ချင်တာက ကိုကြီးပါ။ တကယ်စာရေးဆရာ ဖြစ်သွားတာက အချို။ စာပေလွတ်လပ်ခွင့်၊ ကလောင်လွတ်လပ်ခွင့်ကို ကိုကြီးဘယ်လောက် မြတ်နိုးတယ်ဆိုတာ အချိုအသိဆုံး။ ဒါပေမယ့် ဒီဆောင်းပါး ဆက်မရေးပါနဲ့လို့ ပြောရတာ အကြောင်းရှိလို့ဆိုတာ အချိုနားလည်စေချင်ပါတယ်. . . ”

“ဘယ်သူက မရေးစေချင်တာလဲဆိုတာ ဖွင့်မပြောနိုင်ဘူးလား”

“တစ်စုံတစ်ယောက်ဆိုရင် အချို နားလည်ပါတော့ကွယ်။ သူက အချို့မှာ အန္တရာယ်ရှိလို့ စေတနာနဲ့ပြောတာပါလို့ဆိုရင် သူ့စေတနာကို လေးစားတဲ့အနေနဲ့ဖြစ်ဖြစ် အချို ဆက်မရေးပါနဲ့တော့. . . ”

“ခက်တာပဲ. . . ခက်တာပဲ”

ကျွန်မ အသက်ရှုရကျပ်လာလေပြီ။

**ပြုံး—ဗ၈ပ**

"ပြီးတော့လဲ သတ္တိဆိုတာ ရှိသင့်တဲ့အခါ၊ ရှိသင့်တဲ့နေရာမှာ ရှိရတယ်။ အခါအခွင့်ကို ကြည့်ရတယ်ဆိုတာ ကိုကြီး အထူးမပြောပါရစေနဲ့။ ခေါင်းမမာသင့်တဲ့ နေရာမှာ ခေါင်းမမာစမ်းပါနဲ့ အချို"

သူသည် လူကြီးတစ်ယောက်လို အေးအေးဆေးဆေး ပြောပြနေ၏။

"ဒါကြောင့် လက်ရှိအခြေအနေတွေနဲ့အဆက်ပြတ်အောင် အိန္ဒိယကို ဇွတ်လွှတ်နေတာလား. . ."

"အမလေး. . အဲဒီလို အယူအဆလွဲကြီးကိုတော့ လက်မခံလိုက်ပါနဲ့ အချို။ အချို တကယ်ကျန်းမာစေချင်လို့၊ ကျန်းမာရေးပြည့်စုံ၊ တကယ်ဦးနှောက်အေးတဲ့အခါကျတော့ စာတွေရေးပါ။ မရေးပါနဲ့လို့ တားတဲ့ပုဂ္ဂိုလ်ကြီးကရော ဘယ်လောက်ခံမှာလဲလို့။ သူလဲ သဗ္ဗေသခ်ါရ အနိစ္စပါပဲကွယ်။ လူတွေဆိုတာက ခက်သားလား၊ ဝိဘက်ကြမ္မာငင်လာပြီဆိုတော့ ကိုယ့်အနားကပ် ကိုယ့်အဆီအသားမျိုပြီး အခွင့်အရေးယူမယ့်လူတွေကို မြှောက်စားတတ်ကြတယ်။ တကယ့် သက်စွန့်ကြိုးပမ်းသစ္စာရှိတဲ့သူ၊ အမှားကို မြင်လို့ပြင်ဖို့ပြောတဲ့သူတွေကို အနားအကပ်မခံချင်ကြဘူး။ ဒါဟာ အင်မတန်ရိုးတဲ့ သဘောတရားလေးပါ။ အခြေအနေချင်းကတော့ မတူပါဘူး။ ဒါပေမယ့် အလျဉ်းသင့်လို့ နှိုင်းယှဉ်ပြောပြရအုံးမယ်။ စသုံးလုံးနဲ့ ကိုကြီးအမှုဖြစ်တော့ ကိုကြီးစဉ်းစားတယ်။ ဒီအဖွဲ့ဝင်တွေထဲမှာ တချို့လူတွေဟာ အင်မတန် သိက္ခာသမာဓိရှိပြီး ကိုယ်ကျင့်တရားကောင်းတယ်။ တချို့လူတွေကကော မိန်းမတစ်ယောက်နဲ့ အရက်တစ်ခွက်အပေါ်မှာတောင် သစ္စာမရှိကြဘူး။ ပြီးတော့ ငါ သူတို့ကို ရင်ဆိုင်ရရင် ငါ့မှာ သူတို့ထက် အရည်အချင်း သာနေရမယ်လို့ဆုံးဖြတ်လိုက်တယ်။ မိန်းမနဲ့ပတ်သက်လို့တော့ ကိုယ့်သမာဓိ ကိုယ်ယုံပြီ။ အဲ. . . အရက်ကတော့ ငါ့မှာ မကင်းသေးဘူးဆိုပြီး တစ်ခါတည်း အဓိဋ္ဌာန်နဲ့ အရက်ကိုဖြတ်လိုက်တယ်။ ဒါဟာ ကိုယ့်

တပ်ကိုယ်လုံအောင် ပထမလုပ်ခြင်း ခြေလှမ်းပဲ။

"ခုလဲ. . . မိချို နေကောင်းလို့ အားတွေပြည့်ရင်စာတွေ အများကြီးရေးနိုင်မယ်။ ရေးနိုင်အောင် ကျန်းမာရေးကို တကယ် ဂရုစိုက်လိုက်စမ်းပါ။ ကိုကြီးပြောတာတွေဟာ အချို့အတွက် ဘယ် တုန်းက မှားခဲ့ဖူးသေးလို့လဲ"

သူက ဆရာကြီးတစ်ယောက်လို ဆုံးမနေ၏။

"ကိုယ့်မှာ ကိုယ်ခံအား ကျန်းမာရေးတောင့်လာတော့ ရေး စမ်းပါ၊ မိချို ရေးချင်သလောက်ရေး. . . "

ကျွန်မသည် ငိုကြီးချက်မနှင့် ငိုရပြန်ပြီ။ တကယ်တော့ ကလောင်၏ လွတ်လပ်ခွင့်ဆိုသည်မှာ ဘယ်ခေတ်ဘယ်အခါမှ ရှိ မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'လွတ်လပ်ခွင့်'ကို အဘယ် ကိရိယာနှင့် အကျယ်အပြော တိုင်းတာပါမည်နည်း။ 'အမှန်တရား' ဆိုသည်ကိုရော ဘယ်ရှုထောင့်မှနေ၍ အဝိဇ္ဇာ မဖုံးလွှမ်းဘဲ ပြော ကြပါမည်နည်း။ အုပ်ချုပ်သူကလည်းဆိုမည်၊ သူသည် အမှန်ကို ဖြစ်စေလိုသူ ဖြစ်ပါသည်။ စာပေသမားကလည်း ဆိုမည်၊ သူသည် အမှန်ကို တင်ပြလိုသူပါဟု ဆိုမည်။ ထို'အမှန်'ဆိုသော သဘော တရားကို ဘယ်ပေတံနှင့် တိုင်းတာ၍ ပြပါမည်နည်း။

သို့သော်. . . စာပေသမားဆိုသည်ကတော့ ထုထယ် အင် အားကြီးမားသော လူများစုတစ်ခုလုံးက မှားနေသည်ထင်ပါလျှင် လည်း အားနွဲ့သူ တစ်ယောက်တည်းသမားဘက်က ရှေ့နေလိုက် သင့်လိုက်ရပေမည်။ ထိုသို့ ရှေ့နေလိုက်ရင်း တိုက်ခိုက်ရင်းမှ အုပ် ချုပ်သူနှင့် သဘောချင်းတိုက်ဆိုင်က သက်သာခွင့်ရကာ မတိုက်ဆိုင် က ဒုက္ခရောက်ရပေမည်။ စာပေသမားတို့ သွားရာလမ်းကား ထို အတိုင်းသာ ဖြစ်ပေမည်။ ထိုလမ်းကိုလျှောက်လျှင် ထိုအဖြစ်တွေကို ဖြစ်မည်ဟု သိပါလျက်နှင့် ကိုယ့်ဆန္ဒနှင့် ကိုယ်လျှောက်ခဲ့ပြီး ယခု လွတ်လပ်စွာ မရေးရကောင်းလားဟု ငိုကြွေးနေ၍ကော ထူးမည် မဟုတ်ပါပေ။

"အချို ဒါလောက်ထိ ရေးသားလာခဲ့ပြီးဟာ ဝတ္ထုရားကျေပါတယ်။ အဆင်းမှာ လိုမ့်ချင်လိုမ့်ပေစေလို့ ဖဆပလအပေါ် လျစ်လျူရှုနေတာမှ မဟုတ်ဘဲ။ အိန္ဒိယသွားဖို့ပဲ ပြင်ပေတော့။ တစ်ခုက အချို သွားမယ့်အချိန်မှာ အစ်ကိုကြီးနဲ့ တွေ့ရမှာ မဟုတ်ဘူး။ အစ်ကိုကြီး မုတ်ကျွန်းကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့ သွားရမယ်။ အချိုက အိန္ဒိယကို မတ်လ ၂ ရက်နေ့ သွားရမယ်"

ကျွန်မသည် သူ့အမိန့်ကိုနာခံသည့်အနေဖြင့် ခေါင်းညိတ်ရသော်လည်း ငိုချင်သည့်စိတ်ကို ထိန်းမရ၊ ဆက်၍ ငိုဆဲပင်ဖြစ်၏။

"အေးကွ. . ကိုယ်တို့နှစ်ယောက် အိမ်ထောင်ရေးကိုက ဝတ္ထုဆန်ပါတယ်။ ကိုကြီးကစစ်သား၊ အချိုက စာသမားကိုး။ စစ်သားဆိုတာ အစုနဲ့အဖွဲ့နဲ့ စည်းကမ်းနဲ့နေရတာ၊ အမိန့်ဆိုအမိန့်ပဲ၊ စာသမားဆိုတာက တစ်ယောက်တည်း၊ သူ့မှာအဖော်က ကလောင်ပဲ၊ သူ့မှာကတော့ မိုးပျံအောင် လွတ်လပ်ရပေစေ၊ လွတ်လပ်ခွင့်ကို မြတ်နိုးကြတယ်။ အမိန့်တို့၊ အာဏာတို့၊ စည်းကမ်းတို့ဆိုတာ သိပ်ကြိုက်တာမဟုတ်ဘူး။ အေး. . မတူတဲ့ ဘဝနှစ်ခုပေါင်းစပ်ရင်းက အချိုတစ်ယောက် အောင်မြင်မှုရလာတာပဲ။ ကံတရားကို ကျေးဇူးတင်သင့်သေးတယ်။ ကဲ. . ညှော်သည်နှင်တဲ့ ခေါင်းလောင်းထိုးနေပြီ။ ကိုကြီး သွားမယ်. . ."

သူသည် ထိုင်ရာမှ ထသွားသော်လည်း ကျွန်မ ခေါင်းမော်၍ နှုတ်မဆက်မိ။ ခေါင်းအုံးမှာ ခေါင်းဝှက်၍သာ ဆက်လက် ငိုမိတော့သည်။ ဘာဖြစ်လို့ မရေးရတာလဲ၊ ဘာဖြစ်လို့ မရေးရတာလဲ၊ မရေးရဘူးလို့ ပြောတာကရော ဘယ်သူလဲ။ ကျွန်မသည် ကိုယ့်စိတ်ကို ကိုယ်မေး၊ အဖြေထွက်မလာတိုင်း ဒေါသဖြစ်၊ ဒေါသဖြစ်ရင်းမှ ငိုမိ၏။

"ဟော. . . မခင်ယု၊ မခင်ယု"

ဒီအသံကို ကျွန်မသိပါ၏။ ကိုသန်းဆွေ၏ အသံပါတည်း။

"မခင်ယု၊ ဒီမှာ ခင်ဗျား စားချင်တယ်ဆိုလို့ ရှုမဝဦးကျော်

ဆီက ထမနဲလေ၊ ဟင်. . . ဘယ်နှယ့်ငိုနေသလား”

ကျွန်မသည် မျက်လုံးဖွင့်၍ ကြည့်လိုက်၏။ သူသည် မြေးငယ် စားလိုသော သားရေစာကို ဝယ်ယူလာသောအဘိုးလို ထမနဲထုပ်ကလး မကာ မကာနှင့် ကျွန်မ၏ခေါင်းရင်းနားတွင် ကုန်းကွကွဖြစ်နေလေသည်။ ကျွန်မစိတ်ထဲတွင် စကားပြောချင်သော်လည်း စကားလုံးများက မထွက်၊ ရှိုက်လွန်း၍ ဘယ်လိုဖြစ်နေမှန်း မသိပေ။

“ဘာလို့ ငိုတာလဲဗျာ၊ ထ. . ထ လေ၊ စားမယ်မို့လား၊ ဗိုလ်ကြီး မလာလို့လား၊ ကျွန်တော်ဗိုလ်ကြီးကို ဘာသွားပြောရမလဲ”

“လာပါတယ်”

ကျွန်မသည် ဒါပဲဖြေ၏။ သူသည် ခုတင်ခေါင်းရင်း ဗီရိုပေါ်သို့ ထမနဲထုပ်ကလေးကို တင်လိုက်၏။

“ဘာဖြစ်လို့ ငိုရတာလဲဗျာ”

သူသည်ထိုမေးခွန်းကိုသာကပ်ကာမေး၏။ကျွန်မကမဖြေ။

“မခင်ယု ဒီလိုငိုနေရင် ကျွန်တော်လဲငိုချင်တယ်ဗျာ။ စိတ်ညစ်စရာကြီး။ ကျွန်တော် ဘာလုပ်ပေးရမှာလဲ”

အပြင်မှာ လေများကလည်း ပို၍ ထန်လာ၏။ အအေးမှာလည်း ပို၍အေးလာသည်။ မှောင်မည်းလာ၍ ဆေးရုံတွင် ဧည့်သည်များ ပြန်ကုန်ကြပြီ။ အထူးခန်းဖြစ်၍သာ ကိုသန်းဆွေ လာခွင့်ရခြင်း ဖြစ်၏။

“ဗိုလ်ကြီးက ဘာပြောသွားလို့လဲ၊ ဒါမှမဟုတ် ကျွန်တော့်ကို ဘာသွားပြောပေးရမှာလဲ”

“ဘာမှမလိုပါဘူး”

ကျွန်မသည် ငိုသည်ကိုရပ်၍ မရသေးပေ။

“ဒရဝမ်က အချိန်လွန်နေလို့ ဧည့်သည်တက်ခွင့် မပေးတော့ဘူးတဲ့။ ခင်ဗျား ထမနဲ စားစေချင်လွန်းလို့ တောင်းပန်ပြီးလာခဲ့တာ။ ခင်ဗျား ငိုနေတာတွေ့တော့ စိတ်မကောင်းလိုက်တာ။ တိတ်ပါဗျာ၊ အခု စားမလား။ မိုးချုပ်လွန်းရင်လဲ မနက်မှစား”

သူသည် ကျွန်မ ငိုရခြင်းဝေဒနာကို မသိပါပေ။ သူ့စေတနာနှင့်သာ ကျေးမွေးနေ၏။

"ကဲ. . . ကျွန်တော်ပြန်မယ်၊ ဘာမှာအုံးမလဲ"

ကျွန်မသည် ခေါင်းမော်ကြည့်လိုက်၏။

"ဦးကျော်ကိုသာ ပြောလိုက်ပါ။ ဖဆပလ ဆောင်းပါးကို ကျွန်မ ဆက်မရေးတော့ဘူးလို့"

"ဟင်. . . ဘာဖြစ်လို့၊ အေးလေ၊ မခင်ယု မှာလိုက်တာကိုတော့ ကျွန်တော်ပြောပြလိုက်ပါ့မယ်"

"ပြီးတော့ ကျွန်မလေ မတ်လ ၂ရက်နေ့ကျရင် အိန္ဒိယကို သွားရမယ်"

သူသည် ခေါင်းလေးတညိတ်ညိတ်ကာ ကျွန်မကို စူးစိုက်ကြည့်နေ၏။ ထိုစဉ်က သူသည်လည်း သန်လျင်ဘက်တွင်ဝိပဿနာတရားကို ရှာဖွေလေ့လာနေသည်ဟု ထင်သည်။

"အေးလေဗျာ. . သက်သောင့်သက်သာ စိတ်ကိုထားပေါ့။ ကျွန်တော်ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

သူ ထလိုက်လျှင် ထမနဲထုပ်ဘေးတွင် ကျွန်မ တင်ထားသော စာအုပ်တစ်အုပ်ကို သူစိုက်၍ ကြည့်လိုက်၏။

"ဩော်. . . (Immortal Wife) စာအုပ်ပါလား။ ခင်ဗျားတို့လက်ထပ်ပြီးစက ကျွန်တော်ပေးတာနော်"

"ဟုတ်ကဲ့"

သူသည် ယခုတခါ ထိုင်ရာမှ ထဖြစ်လေပြီ။ ကျန်ရစ်သောကျွန်မ၏ မျက်စိထဲတွင်မူ ကျွန်မ၏ချစ်သူ အစ်ကိုကြီး၊ ဖဆပလ၊ ကိုသန်းဆွေ၊ (Immortal Wife)ဝတ္ထုအကြောင်းအရာများမှာ လုံးထွေးယှက်တင်ကာ အိပ်မပျော်သော ညဥ့်၏ဇာတ်ထုပ်ကို ခင်း၍နေမိတော့သည်။

* * *

# အခန်း (၉)

## သီရိလင်္ကာမှ ချစ်သူရဲကောင်း

၁၉၅၇ ခု၊ မတ်လ ၂ရက်နေ့တွင် ကျွန်မ အိန္ဒိယသို့ ထွက်ခွာလာခဲ့ပါသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သူက မုတ်ကျွန်းသို့ အရင်ထွက်ခွာသွားနှင့်ပေပြီ။ မုတ်ကျွန်းတွင် လျှပ်စစ်ဓာတ်မီးများ ရရှိရန်အတွက် ဗိုလ်မှူးတင်ထွန်းနှင့်အတူ သူဆောင်ရွက်ရန် ယာယီတာဝန်ပေးအပ်ထား၍ဖြစ်ပါသည်။ မြဝတီစက်သံမှာ ၃၂ လမ်းတွင် တည်ညဲ့နှင့် ကျန်ရစ်ခဲ့ပြန်သည် ထင်ပါသည်။

မဒရပ်မြို့ ပင်လယ်ကမ်းခြေတွင် ကျွန်မတစ်ယောက် တည်းထိုင်ကာ စိမ်းပြာသော ပင်လယ်ရေပြင်တွင် ငေးမျှော်၍နေမိ၏။ မုတ်ကျွန်းသည်လည်း ပင်လယ်ကမ်းခြေ ဖြစ်၏။ ကျွန်မက အိန္ဒိယပြည်၏ ပင်လယ်ကမ်းခြေ ဤမှာဘက် သဲသောင်စပ်တွင် ထိုင်၍ သူ့အားသတိရဆဲတွင် ဟိုမှာဘက် မြန်မာပြည်၏ ပင်လယ်ကမ်းခြေတွင် သူသည်လည်း ရဲဘော်တစ်စုနှင့် လျှပ်စစ်မီးတိုင်များကို ထူ၍ပဲနေလေသလား။ အားလပ်ချိန်မို့ သဲသောင်ပြင်တွင် ထိုင်ကာ ကျွန်မလိုပဲ တွေးနေလေသလား။

"ဩော်. . တစ်ခါက မယ်ဟေမာ ဆိုသော မိန်းမငယ်တစ်ယောက်သည် သီဟိုဠ်ကျွန်း အနုရာဓမြို့တွင် ချစ်သူနှင့် ကွေကွင်းကာ နေရစ်ခဲ့ရ၏။ သူ့ချစ်သူမှာ မဟာတိတ္ထ မြို့သို့ မသွားမဖြစ်သောကိစ္စကြောင့် ထွက်ခွာသွားခဲ့သည်။ သူတို့နှစ်ယောက်သည် သမုဒ္ဒရာ ခြားနေကြ၏။ မယ်ဟေမာသည် ချစ်သည့်စိတ်ကို တားဆီး၍မရ၊ ချစ်သူရှိရာကို ရောက်ချင်ဇောနှင့် သမုဒ္ဒရာကိုဖြတ်သန်း

၍ ကူးခဲ့သည်။

မယ်ဟေမာ ကူးခဲ့သော သမုဒ္ဒရာသည်၊ အိန္ဒိယသမုဒ္ဒရာ ပင်လော။ အားနွဲ့ပါသည်ဆိုသော မိန်းမသားအန္ဒယ်ဝင် မိန်းကလေး မယ်ဟေမာ ချစ်သည့်စိတ်နှင့်တွေ့လာသောအခါ ကြောက်တတ်ခြင်း၊ အားငယ်ခြင်းတို့သည် ဘယ်သို့ ရောက်သွားကြပါလိမ့်။ ကမ်းမမြင်သော ဤသမုဒ္ဒရာပင်လယ်ပြင်ကို ဖြတ်သန်းကူးရဲသည်မှာ အာဂသတ္တိပါပင်တည်း။

အိန္ဒိယတွင် အချစ်၏ အထိမ်းအမှတ်အဖြစ် တပ်ချ်မဟာကိုဆောက်လုပ်ခဲ့၏။ တပ်ချ်မဟာသည် ချစ်ဗိမာန်ပင်တည်း။ အချစ်ကိုဦးစားပေးသူသာ သီဟိုဠ်ကျွန်း(သို့မဟုတ်)လင်္ကာကျွန်းတွင် စိုးမိုးခဲ့ပါလျှင် အနုရောမြို့သူ မယ်ဟေမာ ဖြတ်ကူးခဲ့သော သမုဒ္ဒရာကမ်းခြေ၌ အချစ်၏အထိမ်းအမှတ် ဗိမာန်တစ်ခု ဆောက်လုပ်ကောင်း ဆောက်လုပ်ပေလိမ့်မည်။

"ဟေ. . မိခင်ယု ဘာကိုများတွေးနေလဲ။ နက်ဖြန် ခရီးဆက်ရမယ်။ လာပြန်စို့။ ဟိုတယ်မှာလဲ သိန်းဖေတို့ လင်မယားတို့ကို မျှော်နေမယ်"

ဆရာ (ဦးစိုးတင် မြို့မဟောင်း ယခု ကွယ်လွန်ပြီ) သည် မြန်မာပြည်တွင် လန်ခြားမစီးရတာ ကြာပြီဆို၍ သဲပေါ်တွင် လန်ခြားကို ခေါက်တုံ့ခေါက်ပြန် စီးနေ၏။ သူ့ကိုယ်သူ ပျော်အောင်နေတတ်သူဖြစ်၏။ ကျွန်မကို အော်ခေါ်မှ ကျွန်မသည် အတွေးကို လက်စသတ်ကာ ပင်လယ်ကမ်းစပ်မှ ခွာခဲ့၏။ ဆရာပြောသည်မှာ မှန်သည်။ ကျွန်မတို့ နောက်နေ့တွင် မဒရပ်နှင့် အတန်ငယ်ဝေးကွာသော မဒနာပလီမြို့ကို သွားရမည်။ ထိုမြို့လေးအနီးမှာမှ ကျွန်မဆေးကုသရမည့် အာရောဂျ အဆုတ်နာကု ဆေးရုံက ရှိပေသည်။

တကယ်တော့ မိခင်ယုသည် မယ်ဟေမာ ဆန်၍မဖြစ်။ ချစ်သူကို တွေ့ချင်ဇောနှင့် သမုဒ္ဒရာထဲသို့ ခုန်ချ၍လည်း မရပေ။ လင်္ကာဒီပကျွန်းငယ်လေးသည် သီရိမာဗိုလို နိုင်ငံရေးသူရဲကောင်း

အမျိုးသမီး ဝန်ကြီးချုပ်ကို မွေးထုတ်ရုံမက ချစ်သူရဲကောင်း မယ်ဟောမာကိုလည်း မွေးထုတ်ခဲ့၏။ ပုလဲမှုန်သဲပွင့်များပေါ်တွင် တစ်ကိုယ်တည်းထိုင်နေသော ကျွန်မမှာတော့ ဘာသတ္တိမှ မရှိပါ။ "တစ်နေ့ ကျန်းမာလာလျှင် သူနှင့်ပြန်တွေ့ရအုံးမည်" ဟူသော ယုံကြည်ချက်သာရှိ၏။ ထိုယုံကြည်ချက်ကြောင့် ကျွန်မခြေလှမ်းများသည် မဒနာပလီသို့ သွားရာလမ်းတွင် သွက်လက်နေသည်။ ရှင်လန်းအားတက်၍နေပေသည်။

သို့သော် အာရောဂျံကို ရောက်သောအခါတွင်မူ လမ်းခရီး၌ ရှင်လာသမျှ ပျောက်သွားတော့သည်။ ဆရာနှင့်တကွ ဝါးခယ်မသခင်သိန်းဖေတို့ ဇနီးမောင်နှံသည် နေ့ချင်းပင် ပြန်ကြရသည်။ အိန္ဒိယပြည်တောင်ပိုင်း ကိုချင်နယ်သို့ ခရီးဆက်ကြရအုံးမည်။

ကျွန်မ သူတို့ကို ထိုင်၍ကန်တော့ခြင်းကို သူတို့သည် တည်ငြိမ်စွာခံယူခြင်းငှာ မတတ်နိုင်ကြတော့ပေ။ ရှိုက်ကြီးတငင် ငိုကြသည်။ ကျွန်မကတော့ ထိုနေ့က စာဖွဲ့၍ မပြချင်တော့ပါ။ လူနာခုတင်ပေါ်တွင်ပုံလျက်လဲကာ ငိုလိုက်သည်မှာတစ်နေ့လုံးပင်ဖြစ်၏။

သူ့ဆီကို စာရေးရာတွင်. . .

"အဲဒီနေ့တွင် အချို့ရဲ့အဖြေကတော့ မပြောချင်ဘူး။ အချိုရဲ့ မျက်ရည်တွေဟာလေ မဒနာပလီကနေ မဒရပ်ကမ်းခြေအရောက် စီးဆင်းပြီး ကိုကြီးရှိတဲ့ မုတ်ကျွန်းကမ်းစပ်ကိုများ ရောက်မလား အောက်မေ့ရတယ်။ သိပ်အားငယ်တာပဲ ကိုကြီးရယ်။ မိချိုတစ်ယောက်တည်း ခုတင်ပေါ်မှာ နေ့တိုင်းငိုနေတယ်။ ဘယ်တော့ပြန်ရမယ်ဆိုတာလဲ မသိသေးဘူး"

ဆရာဝန်များက မထိုင်ရဘူးဆိုသည့်ကြားက ကျွန်မ တိတ်တခိုး ထိုင်ကာ အထက်ပါအတိုင်း သူ့ဆီသို့ စာရေးပါသည်။

**"ချစ်ဇနီးကြီး. . . မိချို"**

သူ့ဆီက ဤလိုခေါင်းစဉ်နှင့် စာပြန်လာတော့လည်း တုန်တုန်ယင်ယင်နှင့် သူ့စာကို ဖောက်၍ဖတ်ရင်း ဝမ်းသာ၍ ဤ

မျက်ရည်က လည်ရပြန်သည်။ အင်္ဂလိပ်လို ရေးသောအခါတွင်မူ (Dear Cho) ဟူ၍တစ်လုံးတည်း သူ ခေါ်ပါသည်။

*“ကိုကြီးလေ၊ ဇနီးသည် လူနာတစ်ယောက်ကို တစ်ယောက်တည်း နိုင်ငံခြားတိုင်းပြည် တစ်ခုကို လွှတ်လိုက်မိတာ သိပ်မှားတာပဲ။ လင်သားတစ်ယောက်အနေနဲ့ တာဝန်မကျေရာ ရောက်နေတယ်။ ကိုကြီးကိုယ်တိုင် လိုက်ပို့ဖို့လဲ သင့်တယ်၊ အချို့ရဲ့အနားမှာ ကိုကြီးရှိ နေဖို့ကောင်းတာပေါ့။ ကိုကြီး ရှိနေရင် အချိုအားငယ်မှာ မဟုတ်ဘူး။*

*လာနိုင်အောင်တော့ ကြိုးစားနေတာပဲချိုရယ်။ ဒီ လျှပ်စစ်မီးတွေ အမြန်လင်းဖို့ကိစ္စကို စည်းကမ်းတကျ ဖြစ်အောင် ပုံဖော်ပြီးရင် ကိုကြီး အထက်လူကြီးတွေ ပြောပြပြီး ခွင့်ယူမယ်။ အချိုရှိရာကို ကိုကြီးလာခဲ့မယ်။*

*ဘယ်နည်းနဲ့မဆို အချိုပြန်ချိန်မှာ ကိုကြီး လာခေါ်နိုင်ပါလိမ့်မယ်။ ခုလောလောဆယ်တော့ အချိုရဲ့ မောင်လေး မောင်မောင်ကြည်ကို အနားမှာ အဖော်ရအောင် ကိုကြီးလွှတ်လိုက်မယ်။*

*တိုင်းပြည်ကလဲ ခက်လိုက်တာ၊ ရိုးရိုးသားသား ဆေးကုဖို့ လူနာတစ်ယောက်အတွက် အဖော်အဖြစ် လူလွှတ်ဖို့ကိစ္စရော၊ ငွေလဲလှယ်ဖို့ကိစ္စရော၊ နိုင်ငံကူးလက်မှတ်ရဖို့ကိစ္စရော လုပ်ရတာ ကြာလိုက်တာ။*

*ဘုရားဖူးဖို့အကြောင်းပြပြီး သူခိုးတွေ ငွေခိုးထုတ်တော့ နိုင်ငံကူးလက်မှတ်ရဖို့ သိပ်လွယ်တာပဲ။ ဒါတွေ မရေးတော့ပါဘူးလေ*

*ကိုကြီးကို ခွင့်လွှတ်ပါ ချိုရယ်”*

ကျွန်မသည် စာကိုအလွတ်ရမတတ် အခေါက်ခေါက် ဖတ်ရ၏။ တစ်နေ့တစ်နေ့ နံနက်စာ ထမင်းစားပြီး ၃ နာရီအိပ်ရ၏။ အိပ်ရာကနိုးချိန်တွင် ခုတင်ဘေးရှိ စားပွဲခုံပေါ်တွင် မြန်မာပြည်မှ စာများရောက်နေပါစေ ဟု ဆုတောင်းရ၏။ စာတစ်စောင်စောင်

များ စားပွဲခုံပေါ်တွင် မျက်စိဖွင့်လျှင်ဖွင့်ချင်း တွေ့ရလျှင် အလွန်ပျော်၏။

တစ်စောင်မှ မတွေ့ရလျှင်မူ ရင်ထဲမှာ ဟာလိုက်သည့်ဖြစ်ခြင်း။

မတ်လ ၂၅ရက်နေ့တွင်တော့ ဦးနုထံမှ စာတစ်စောင် ရောက်လာပါသည်။

*၂၀-၃-၅၇*

*ရန်ကုန်(ဗမာပြည်)*

*အချိုခေါ် ခင်နှင်းယုခေါ် ညီမလေးခင်ယု*

*မဒရပ်မှ ပေးပို့လိုက်သော စာကို မနေ့က (၂၀-၃-၅၇)နေ့ကပင် ကောင်းစွာ ရရှိသည်။ မဒရပ်တွင် ညီမလေးတစ်ယောက်တည်း စိတ်ငယ်နေမည်ဆိုတာကို ရန်ကုန်မှ မထွက်ခင်ကတည်းက ကိုကိုကြီးတွေးကြည့်မိသည်။*

*စိတ်အားငယ်သည့်အခါများတွင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ပို၍ အထူးသတိရအောင် ကြိုးစားပါ။ 'ခဇင်သုတ်'တွင် မြတ်စွာဘုရားက ဤအတိုင်း ဟောကြားတော်မူထားသည်ကို မိခင်ယု သတိထားမိလိမ့်မည်ဟု ယုံကြည်သည်။*

*ကိုကိုကြီး မေတ္တာပို့တိုင်း ညီမလေးမိခင်ယုအား အထူးသတိထား၍ မေတ္တာပို့လျက်ရှိသည်။*

*မနက်ဖြန် (၂၂-၃-၅၇)မှာ 'ကူမင်း'သို့ ခရီးထွက်မည်။ ကူမင်းမှအပြန်တွင် တရုတ် ဗမာ လမ်းမကြီးအတိုင်း မော်တော်ကားနှင့် ပြန်လာမည်။ ရန်ကုန်သို့ ဧပြီလ ၄ရက်လောက် ပြန်ရောက်မည်။*

**ပြုံး—စာပေ**

*ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။*

*မောင်နု*

*၂၁-၃-၅၇*

ကိုကိုကြီးဦးနုထံမှ အထက်ပါစာကိုရသောအခါတွင်လည်း စိတ်ဖြေသာ၍ အားတက်ကာ ပရိတ်တရားများကို သူညွှန်ကြားသည့်အတိုင်း အိပ်လျှက်မှ ရွတ်ဖတ်သရဇ္ဈာယ်ရ၏။

သခင် သာခင်ထံမှ စာကမူ. . .

*"မခင်ယုရေ၊ ဉက္ကဋ္ဌကြီး အခန်းနားက ခင်ဗျား တစ်ယောက် ဘယ်ပျောက်သွားလဲလို့။ ခင်ဗျား အိန္ဒိယကိုထွက်သွားတာ ကျွန်တော် မသိလိုက်ဘူး။ အဲဒီ အာရောဂျံကို ကိုကျော်ငြိမ်း ဆေးကုတုန်းက ကျွန်တော်ရောက်ခဲ့ဖူးတယ်။ အင်မတန်သွေ့ခြောက်တဲ့နေရာပဲ။*

*ကျွန်တော် ခင်ဗျားကို သတိရပါတယ်။ မခင်ရွှေနဲ့ ကျွန်တော့်အကြောင်းကိုတော့ မသိချင်ပါနဲ့တော့။ ကျွန်တော်တော့ လူမိုက်ကြီးသာခင်ဖြစ်နေပြီ။ အရက်လဲ သောက်တတ်နေတယ်။ ကျန်းမာရေးဟာ အရေးကြီးတော့ ခင်ဗျားကျန်းမာရေးကို အထူးဂရုစိုက်ပါ။ ဦးနှောက်တို့၊ အသည်းနှလုံးတို့ ဆိုတာတွေဟာ လိုအပ်တာထက်ပိုအသုံးချရင် ပျက်စီးတတ်တာပဲ။*

*ကျွန်တော်တို့ တိုင်းပြည်မှာတော့ အသည်းခွဲတမ်း၊ ကစားနေကြတယ် မခင်ယုရေ။ စင်စစ်တော့ အသည်းခွဲတယ်ဆိုတာ မလွယ်လှပါဘူး။ သူများအသည်းကို ကွဲအောင် ခွဲရတဲ့လူတစ်ယောက်ရဲ့ အသည်းနှလုံးကရော၊ ဘာနဲ့လုပ်ထားတာမို့လို့လဲ. . .။*

*ဒါပါပဲဗျာ၊ ကျန်းမာပါစေ။*

*သာခင်*

သူတို့၏ စာများက လူနာသတင်းမေးသည့် ဧည့်သည်များ

ဆေးရုံလာရောက်သလို တတွတ်တွတ် စကားပြောနေကြ၍ ကျွန်မ နေသာပါသည်။ ကျွန်မဆောင်းပါးများတွင် ခဏခဏရေးသလို သခင်သာခင်သည်လည်း စကားလုံးအလှအပများကို သုံးတတ်သူ ပါတည်း။ ဩော်. . တိုင်းပြည်ပါချီပြီး အသည်းကွဲကြရပြီဆိုတော့ 'ကစားပွဲတစ်ခု'မဟုတ်ပါတော့ပြီ။ ဘုရား. . . ဘုရား။

ဧပြီလ၏ နောက်ဆုံးပတ်တွင်တော့ ကျွန်မ၏ချစ်သူထံမှ စာတစ်စောင်။ သို့မဟုတ် ဝတ္ထုတိုတစ်ပုဒ်ရောက်လာပါသည်။

ရန်ကုန်

*၁၉၅၇ခုနှစ်၊ ဧပြီ ၂၆ ရက်*

*ချစ်ဇနီး. . . ချို*

*အချို အိန္ဒိယသွားနေတဲ့ အတောအတွင်းမှာ ဇာတ်အိမ်ဇာတ်ကွက်အပြောင်းအလဲကလေးတွေရှိတယ်။ တစ်ကွက်ထက်တစ်ကွက် ကောင်းဖို့ အချိတ်အဆက်ကလေးတွေပဲလို့ သိရတယ်။ ကောင်းဖို့ဆိုတာကတော့ ကိုယ်လဲကောင်း၊ သူလဲကောင်းဆိုတာမျိုးကလေးတွေပဲ။ အဲဒါဟာ စိတ်ကူးမဟုတ်ဘူး။ ပြောပြလို့ သိရတာတွေပဲ။ (E.S.B)ပြောင်းစဉ်ကလဲ လခ ၉၄၀ိနဲ့၊ ကားနဲ့၊ ဒါရိုင်ဘာနဲ့၊ ခာတ်ဆီနဲ့ဆိုတော့ တော်တော်စားသာတဲ့အကွက်ပဲ။ အခု ကလောကို(Staff College) စစ်ဦးစီးတက္ကသိုလ်ကို ကျောင်းတက်ဖို့လွှတ်တာဟာလဲ ကိုယ်ခံကောင်းပါစေ ဆိုတဲ့ စေတနာနဲ့ ပို့တယ်လို့ သိရတယ်။ ဒါလဲ နာမည်အားဖြင့်တော့ စားသာတဲ့အတွက်ပဲ။ ဝင်ငွေကတော့ နေမြဲပေါ့။ ကိုကြီးတို့နှစ်ယောက်အဖို့ ငွေမလိုပါဘူး။ သင်တန်းတက်ရတာ ပညာလဲရတာပေါ့။ သင်တန်းရဲ့ အချိန်ကတော့ ၉လပဲ။ ဇွန်လ ၁၇ရက်မှာ ကျောင်းဖွင့်မယ်။ ကျောင်းသားက ၂၀ယောက်ပဲ။ ဒု-ဗိုလ်မှူးကြီး ၅ယောက်၊ ဗိုလ်မှူး ၇ယောက်၊ ဗိုလ်ကြီး ၈ယောက်ပါတယ်။ ကောင်း*

ဖို့ပဲဆိုတဲ့ စေတနာကတော့ အမှန်ပဲ။ အဖြေထွက်တော့သာ ဘာနဲ့ပဲ ထွက်ထွက် အခုစေတနာဟာ မှန်ကြောင်းကို ယုံကြည်တယ်။ အလွန် သံသယဖြစ်တတ်တဲ့ လူတစ်ယောက်ရဲ့ ယုံကြည်ချက်ဆိုတော့ မှားနိုင်မယ် မထင်ဘူးလေ။ ခါတိုင်းဆိုရင် အကိုကြီးကိုယ်တိုင်က မယုံတတ်ဘူး။ အချိုသိပြီးသားပဲ။ အခုဟာကိုတော့ အစ်ကိုကြီး ကိုယ်တိုင်က တော်တော်ယုံတယ်။

ရောဂါနဲ့ပတ်သက်ပြီး အချိုရဲ့စိတ်ဓာတ်ကို ဘာမှ မထိခိုက်စေချင်ဘူး။ အနာရွတ်က ခြောက်နေပြီ။ အနာအနေနဲ့ ခြောက်နေပြီဆိုတာကို စာရလို့ သိပ်ဝမ်းသာတယ်။ (သလိပ်နဲ့သွေးမှာပိုးရှိမရှိအဖြေ)ကိုစောင့်ပြီး ကျန်းမာရေးကိုသာ အဓိကထားပါ၊ စိတ်မပူပါနဲ့။ စိတ်မပူပါနဲ့ဆိုတာဟာ ကလေးလို ဖျောင်းဖျတာမျိုး မဟုတ်ဘူး။ တကယ်ကို စိတ်မပူပါနဲ့။ ဘာလို့လဲဆိုတော့ ၁။ အစ်ကိုကြီးရဲ့ *(Back Pay)* ရလိမ့်အုံးမယ်။ ၂။ တိုက်ငှားတဲ့ကိစ္စကလည်း အဆင်ပြေဖို့ များပါတယ်။ ၃။ မော်တော်ကားကလဲ ရက်ပိုင်းပဲ စောင့်ရမယ်။ ၄။ နုနုကိုလဲ အချိုရဲ့နေရာမှာ ၆လလောက် အစားထိုးဖို့ အချိုပြန်လာတဲ့အခါ ပြောပြရင် ဖြစ်နိုင်စရာ ရှိပါလိမ့်မယ်။ အခု ဇွန်လအထိတော့ စာကြည့်နေပါသေးတယ်။ ၅။ အစစအရာရာ ၉၀ ရာခိုင်နှုန်းလောက်ကတော့ ချောလို့မောလို့ပဲ။ အဲ ၁၀ ရာခိုင်နှုန်းလောက်တော့ တစ်တစ်နေသေးတယ်။ ဒါလဲပဲ ငါးလွှတ်မယ်ဆိုရင် ကုသိုလ်က နိုင်မှာပါပဲ။ ၆။ အချိုလဲ အိန္ဒိယက ပြန်သင့်တဲ့အချိန် ပြန်ပြီး ကလော (သို့မဟုတ်) တောင်ကြီးမှာ လိုက်နေပြီး အနားယူပေါ့။ အစ်ကိုကြီး မသွားခင်ရောက်ရင်လဲ အတူသွားမယ်။ နောက်ကျမှ ရောက်ရင်လဲ လိုက်ခဲ့ပေါ့။ အစ်ကိုကြီးကတော့ ဇွန် ၁၄-

၁၅ ရက်လောက် သွားမှာပဲ။ ၁၇ ရက်ဆိုရင် ကျောင်းဖွင့်တဲ့နေ့ပဲ။ အိမ်မှာခုထိတော့ မညို(ဝါးခယ်မ) ရှိတယ်။ မရှိရင်လဲ နုနု၊ မအေးသင်၊ မကြင်လှိုင်ဆိုရင် လုံလောက်ပါတယ်။ နုနုလဲ ၂၅နှစ်ရှိပြီပဲ။ အချိုမရှိတဲ့အခါ အိမ်ထောင်ကို ဦးစီးဖို့ လွှတ်ပေးလို့ နုနုလဲရပါတယ်။ သူလဲပဲ အခြေခံက သိပ်ဆိုးလှတာ မဟုတ်ပါဘူး။ သုံးလို့ရပါတယ်။ အဲဒီအကြောင်းတွေဟာ အချိုရဲ့စိတ်ကို မချောက်ချားစေမည့်အချက်တွေပဲ။ တစ်နေ့တော့ အကောင်အထည်ပေါ်မည့်အချက်တွေပဲ။ မပေါ်သေးတဲ့ အတောတွင်းမှာတော့ နေ့စဉ် ပုံမှန်အတိုင်း စက်လည်နေရင် ပြီးတာပဲမဟုတ်လား။ အခုထိတော့ စက်လည်နေတာပဲ။ အနိဋ္ဌာရုံသဘောကိုလဲ ဘာတစ်ခုမှ မတွေ့ရဘူး။ အချိုသာ စိတ်ဂယောက်ဂယက် မဖြစ်စေဘဲနဲ့ တည်ငြိမ်စွာနဲ့ပဲ ကျန်းမာရေးကို အဓိကထားပါ။

စိတ်လေလွင့်ရမယ့် နွေဦးဟာလည်း ကုန်ဆုံးလုနီးပြီ။ မိုးသံကိုပဲ စောင့်ပြီး အလုပ်စခန်း ဝင်ရတော့မယ်။ အစ်ကိုကြီး စိတ်လေတတ်တဲ့ ရာသီကတော့ ပြောင်းသွားခါနီးပြီ။ လူလဲပဲ လန်းလန်းဆန်းဆန်းနဲ့ အတော်နေလို့ကောင်းနေတယ်။ ကျောင်းသား လုပ်ရဦးမယ်ဆိုတော့ စာအုပ်တွေ ပြင်ရအုံးမှာပေ့ါ။ စိတ်ဓာတ်တွေလဲ အရင်လို ဝုန်းဝုန်းဒိုင်းဒိုင်း မဟုတ်ပါဘူး။ အတော်လေး ထိန်းလို့ရနေတယ်။ ကိုယ်တို့ အိမ်တွင်းရေး အခြေအနေဟာလဲ ခလုတ်မထိစူးမငြိပါပဲ။ ကြိတ်ပြီးခံပြင်းနေရတာတွေ ဘာတွေလဲ ဘာတစ်ခုမှမရှိဘူး။ စိတ်နဲ့ကိုယ်ဟာလဲ တော်တော်လေး ကောင်းလာတယ်။ ဘာတွေဖြစ်လာပြီး ဘာတွေကောင်းသလဲ မသိပါဘူး။ တော်တော်ဟုတ်နေတယ်။ တစ်ခုပါပဲ။ *(Seven Years Itch)* လိုလို ဘာလိုလိုပါပဲ။

အဲဒါလဲ ရှင်ဆေးတစ်လက်အနေနဲ့ ဖော်ပြတာပဲ။ သေရေးရှင်ရေး ပြဿနာတစ်ရပ် မဟုတ်ပါဘူး။ လူ့လောကမှာ အကောင်းချည်းဖော်ပြနေတာထက် သဘာဝကျကျ ဖော်ပြတာမျိုး ပြတာပါ။ အကြောင်းထူးသလားဆိုတော့ မထူးပါဘူး။ အဓိကအချက်က အထက်ကရေးခဲ့တဲ့ စီးပွားရေးသော့ချက် ငါးချက်ပါပဲ။ ပန်းလေးတစ်ပွင့်ဟာ အပင်ထက်မှာ အမြဲတမ်းပွင့်နေတာကို ကြည့်နေရတာက ပိုပြီးအရသာရှိတယ်။ တကယ်ခူးပန်မိရင် ကြွေကျမှာစိုးရ။ ညှိုးမှာစိုးရ။

စိုးရိမ်မှုပါသော အရသာဆိုတော့ အမြဲတမ်းပွင့်နေတာကို ကြည့်နေရတာလောက် အရသာမပြည့်ချင်ဘူးလို့ ထင်တယ်။ အဲဒါက မချွေစာကြီး အပူအပင်ကြီးနေမှာမြင်လို့ ရေးရတာ။ ကိုယ်စားမှုကိုယ်ဝတာ၊ ဘယ်သူ့မှ အားနာနေစရာ မလိုပါဘူး။ ထမင်းပဲ စားဖူးသားပဲလို့ လုပ်မနေနဲ့။

ကိုသန်းဆွေအကြောင်း၊ သူ့အဖေအိမ်တွင်မကဘူး၊ သူ့အိမ်ပါ မီးထဲပါသွားတယ်။ ဘုန်းကြီးဘဆွေလေးတိုက်တော့ ကျန်နေရစ်တယ်။ ကိုသန်းဆွေတို့ တဲအသစ်ထိုးနေကြတယ်။ ငွေ ၃၀ လာတောင်းလို့ ပေးလိုက်ပါတယ်။ ရှိတဲ့စာအုပ်စာတမ်း အိမ်ထောင်ပစ္စည်းတချို့တစ်ဝက်လဲကုန်ရော၊ ဆရာက သူ့အိမ်လောင်မယ်မထင်လို့ ရှမဝတိုက်မှာ ထိုင်နေတယ်။ မသန်းစိန်ကတော့ သူ့သားလေးလက်ကိုဆွဲပြီး ပြေးရော အိမ်လဲပြာကျတာပဲ။ သူ့သားက ကြောက်တတ်လို့ မေမေရဲ့ လက်မလွှတ်ပါနဲ့၊ ပြေးကြစို့လို့ပြောတာနဲ့ သားအမိ ၂ယောက် သုတ်ခြေတင်ကြတာပဲတဲ့။ အစ်ကိုကြီးတို့ ရောက်သွားပြီး သူ့သားကို မေးကြည့်တယ်။ သားသားက ကြောက်သလားလို့ မေး

တော့ မေမေ့လက်နဲ့ ကိုင်ထားရင်တော့ မကြောက်ပါဘူး တဲ့။ လက်မကိုင်ရင် ကြောက်သတဲ့။ တကယ့်အာဇာနည် ကြီးပဲ။ ကိုသန်းဆွေကတော့ သူ့သားအဲဒီလိုပြောတာကို ပဲ သဘောကျနေတယ်။ သူ့ဝါဒက ကုန်လဲအေးတာပဲတဲ့။ အသစ်ရမှာပေါ့တဲ့။ ခပ်အေးအေးပဲ။ အခုတော့ မီးဘေး ဒုက္ခသည် လုပ်စားနေကြလေရဲ့။ အစ်ကိုကြီးကလဲ အကုန် အကျများလို့ပါ။ မဟုတ်ရင် ငွေ၁၀ဝိလောက် ပေးချင် ပါရဲ့။ မတတ်နိုင်ဘူး။ သူ့အဖေအိမ်၊ သူ့အိမ်၊ အဒေါ်အိမ် ၃အိမ်ပါသွားတယ်။

အာရောဂျံက ဆေးရုံအုပ်ကြီးထံ စာရေးမေး ထားတယ်။ တံတွေးမှာ (ပိုးတွေ့မတွေ့) ပြောပါလိမ့်မယ်။ သေချာအောင်လို့ သုံးလဆိုင်းရတာပါ။ ရန်ကုန်က ဆရာ ဝန်တွေ ဟောချက်ကတော့ သူတို့ဆေးပညာအရဆိုရင် (တံတွေး)မှာလဲ ဘာမှတွေ့မှာမဟုတ်ဘူးတဲ့။ X-ray ဓာတ်မှန်မှာတောင် အနာရွတ်က ခြောက်ပြီးမိုန်နေရင် မတွေ့ဖို့ သေချာတယ်တဲ့။ အားဆေးစားပေးရမယ့် သဘောပဲတဲ့။ အောင်ခိုင်နဲ့ မိနီတို့ကို သွားခေါ်တယ်။ အောင်ခိုင်ကတော့ စုစုမေကို သိပါတယ်တဲ့။ ရွှေနီကတော့ မမှတ်မိဘူးတဲ့။ ရွှေမိက မမှတ်မိရမလားဆိုပြီး ငေါက် တော့ မမှတ်မိတာဟာ မမှတ်မိတာပေါ့တဲ့။ ရွှေမိကလဲ ကလောကိုလိုက်လာပြီး ကျောင်းတစ်နှစ်တက်မယ်တဲ့။ ၄တန်းရောက်မှ ရန်ကုန်မှာပဲ ပြန်နေမယ်တဲ့။ လူတွေ့ တိုင်း သူ ကလော ကျောင်းပြောင်းမယ့်အကြောင်း ပြော နေတယ်။ ကျောက်မြောင်းနေဖို့တော့ လုံးလုံးစိတ်မရှိဘူး တဲ့။ သွားချင်စိတ်လဲ မရှိဘူးတဲ့။ သူ့စိတ်ကိုဆုံးဖြတ်လိုက် ပါပြီတဲ့။

ကဲ တော်တော်ရှည်သွားပြီ။ မောင်မောင်ကြည်

*ကိုလဲ စာရေးပါအုံးလို့ ပြောပါ။ စိတ်ရွှင်လန်းကြပါစေ၊ ကျန်းမာပါစေ။*

*စိတ်ရွှင်လန်းကြသဖြင့် လွတ်မသွားအောင် မနည်းထိန်းနေကြရ၏။ ကျန်းမာကြ၏။ နွေဦးတေးသံ သီချင်း သည်နေ့ ရေဒီယိုက လွှင့်တယ်။*

*ကျော်သောင်း၊ ဗိုလ်ကြီး*

*စစ်ဆင်ရေးဌာန*

*E.S.B မဟုတ်တော့*

*ကဲ ဇာတ်ကွက်အပြောင်းမမြန်လား။*

သူ့စာသည် ဝတ္ထုတိုတစ်ပုဒ်စာလောက် ရှည်လျားစွာရေး၍ ပြလိုက်ပါသည်။

"အောင်ခိုင်တို့ မိနီတို့နှင့် သမီးကြီး ခွေးမိ" အကြောင်းလည်း ပါဝင်သည်။ အောင်ခိုင်နှင့် မိနီမှာ ကျွန်မညီမလေး အကြွယ်က မွေးသော ကလေးများ ဖြစ်ပါသည်။

"သူ ကလေးတွေကို ချစ်တတ်လိုက်တာ သူ့စာထဲမှာ ပန်းတစ်ပွင့်ကို သစ်ပင်ပေါ်မှာ ပွင့်နေတာကို ကြည့်နေချင်တယ်တဲ့။ တကယ်ခူးလို့ ညှိုးကျသွားမှာကို စိုးတယ်တဲ့"

ငါ. . သူလိုချင်တဲ့ ကလေးတွေကို မွေးပေးနိုင်မှာ မဟုတ်တော့ဘူး ထင်ပါရဲ့။ စာရွက်ကို ကိုင်ရင်း မျက်ရည်က တွေတွေကျလာပြန်သည်။

ကျွန်မချစ်သလို ကိုသန်းဆွေကို သူချစ်သောကြောင့် ကိုသန်းဆွေ၏အိမ် မီးလောင်ခန်းကလည်း သူ့စာထဲတွင် ပါလိုက်သေးသည်။

မိသားစု၏ စီးပွားရေးအခြေအနေကိုလည်း ဖော်ပြ၏။ သူ လူပျိုဘဝပေးသော စာများထဲတွင်လည်း. . .

"ကျွန်တော်ဟာ တိုင်းပြည်ကြီးချစ်လို့ ထမင်းမစား လန်ကွတ်တီ အလုပ်လုပ်ပါတယ်လို့တော့ အချို့ကိုရော တိုင်းပြည်ကို

ရော မညာချင်ဘူး။ ခုလောလောဆယ် စစ်ရဲတပ်ရင်း (၄)ဒုတပ်ရင်းမှူးအနေနဲ့ကတော့ ကျွန်တော့်လခကို ရဲဘော်တွေက သိမ်းပိုက်ထားတယ်။ လခထုတ်ရင် ကျွန်တော် ထမင်းစားဖို့ ချန်ရစ်ပြီး သူတို့ဝေငှစားတာဘဲ။ အဲ. . မိန်းမ ရရင်တော့ မပြောတတ်ဘူးလေ။ စီးပွားရေးသိပ်ဆန်တဲ့ မိန်းမစားမျိုးတော့ ကျွန်တော် မကြိုက်ဘူး။ ကျွန်တော့်လို ဝေငှစားတတ်ရင် အချို ထမင်းဝအောင်တော့ ကျွန်တော် ကျွေးနိုင်ပါတယ်" ဟု ပါလာတတ်ပါသည်။

ယခု ကျွန်မ အာရောဂျံက အပြန် အလုပ်မလုပ်ဘဲ သူနှင့်အတူ လိုက်ပါ၍ အနားယူနေစဉ်တွင် ကျွန်မတို့အိမ်၏ စီးပွားရေးအတွက် ပူနေမှာစိုး၍ ဖော်ပြနေခြင်း ဖြစ်ဟန်တူပါသည်။

ဘယ်လိုပင်ဖြစ်စေ၊ ရှည်လျားလှသော အာရောဂျံ၏ နေ့ရက်များတွင် သူ၏စာများသည် ရွက်စိပ် ညိုညိုစိမ်းစိမ်းများလို တစ်ရွက်စီဖြာကျလာကြ၍ အာရောဂျံ၏ နေပူရှိန်ကိုခံသာသလို ဖြစ်လာရတော့၏။

*     *     *

## အခန်း ၁၀

**ကလော၏ညများ**

"ကဲ. . . ဇာတ်ကွက်အပြောင်းမမြန်ဘူးလား" ဟု အာရော ဂျံတွင် ကျွန်မနေစဉ်က သူစာနိဂုံး၌ ရေးသားဖော်ပြသလို ကျွန်မ သည် ပူပြင်းလှသော အာရောဂျံ၏ နွေရက်များမှ ဖွန်လဆန်း လောက်တွင် ကလော၏ အေးမြသော မိုးညများကို ရုတ်တရက် ခုန်ကူးလိုက်သလို တွေ့ရ၏။

ဖန်ခွက်ပါးပါးလေးများတွင်တော့ ရေနွေးပူပူထည့်ပြီး ရုတ်တရက် ရေခဲထည့်လျှင် ဖျတ်ခနဲကွဲတတ်သည်။

ကျွန်မအသည်းနှလုံးများကရော၊ ပါးလေသလား။ ထူလေ သလား။ အို. . . လူ့အသည်းနှလုံးပါလေ။ ဇာတ်ကွက်အပြောင်း မြန်တိုင်းသာ ဖျတ်ခနဲ ဖျတ်ခနဲကွဲရရင်တော့ သတ္တလောကမှာ လူသားတွေ မရှိတော့ပါဘူး။

သူ့လက်ကို မြဲမြဲကိုင်ထားမည်။ အကွေ့အကောက် အနိမ့် အမြင့်များသော ကလော၏ မြို့ပတ်လမ်းကို လျှောက်မည်။

ဈေးနေ့ကျလျှင် တောင်ပေါ်မှ ပလောင်တောင်သူများ ဆင်းလာသောအခါ သူတို့နှင့် တွေ့မည်။ မိုးဦးကျတွင် သူတို့ဆီမှ မှိုကိုရ၍ ဆောင်းဦးရောက်လျှင် သူတို့ဆီမှ လိမ္မော်သီးများရမည်။

ကိုကြီး ကျောင်းတက်သွားနေသော နေ့ရက်များတွင် ပလောင်သူများ၏ရယ်မောသံ၊ တောင်ကုန်းများပေါ်မှ ထင်းရှူးပင် များခုတ်သံ၊ နွားခလောက်သံလေးများသည် ကျွန်မ၏စာရွက်များ အပေါ်တွင် မြူးပျံလာကြမည်။ လှုပ်ရှားလာကြမည်။

"အို. . . ဘာပဲဖြစ်ဖြစ် နေသာထိုင်သာမှာပါပဲလေ"

ကိုယ့်စိတ်ကိုယ် အားပေးလိုက်ပါသည်။ တနင်္ဂနွေညဦးပိုင်း

တွင် ကျောင်းသင်ခန်းစာများကို မီးဖိုဘေးတွင် သူတစ်ယောက်တည်း ဖတ်ရင်းမှတ်ရင်း အလုပ်လုပ်တတ်၏။

ကျွန်မက သူ့အပေါ်တွင်ထိုင်ကာ တနင်္လာနေ့ သူကျောင်းတက်သောအခါ စီးရန်စစ်ဖိနပ်ကို တိုက်၏။ သူ ပြထားသည့်အတိုင်း ဂွမ်းသားလေးနှင့်ရေဆွတ်ကာ ဖိနပ်ဦးကိုထိလိုက်၊ ဆေးသားတင်လိုက်နှင့် တဖိတ်ဖိတ် အရောင်တောက်ပလာသည်အထိ အရောင်တင်နေမိ၏။

ဗိုလ်မှူးတင်ထွန်းနှင့် အထွေးတို့လာပေးထားသော ရေနံဆီသံပုံးလွတ်မှာ အလွန်အသုံးကျပါသည်။ ထိုပုံးနှင့် တစ်နေ့လုံး ရေနွေးကြိုထားကာ အဝတ်ဖွတ်သည်မှအစ ပန်းကန်ဆေးသည်အထိ ကျွန်မ ရေနွေးကိုသာ သုံးရတော့သည်။ ရေအေးကို များများကိုင်လျှင် ညာဘက်လက်ချောင်းလေးများ ထုံလာတတ်သည်ကလွဲ၍ အိမ်အလုပ်များကို သွက်သွက်လက်လက် လုပ်နိုင်လာသောအခါ အားတက်လာမိ၏။ ဖိနပ်တိုက်ပြီး အင်္ကျီထည့်သော ဗီရိုကိုဖွင့်ရင်း စွပ်ကျယ်အင်္ကျီ၊ စစ်ယူနီဖောင်း၊(စစ်ဝတ်စုံ)ကိုရွေးရပြန်သည်။ ရိုးရိုးရွေးရသည်မဟုတ်။ နမ်း၍နမ်း၍ကြည့်ရ၏။ ကျွန်မသဘောနှင့် ကျွန်မနမ်း၍လည်း မပြီးသေး။ မီးဖိုနားသို့ယူသွားကာ သူ့အခြေအနေကို ကြည့်ရ၏။ သူမျက်လုံးလှန်၍ မော့ကြည့်ချိန်နှင့် ဆုံလျှင်. . .

"ကို. . ရေ၊ ယူနီဖောင်းကို နမ်းကြည့်ဦးလေ၊ တော်ကြာ ရေစော်နံတယ် ဖြစ်ဦးမယ်လေ" ဟု ပြောပြရ၏။

သူသည် ကျွန်မရွေးချယ်ထားသော ယူနီဖောင်းကို နမ်းကြည့်ရင်း စိတ်ကြိုက်ရွေးယူလိုက်၏။ ကျွန်မစိတ်ထဲမှာ စစ်ဝတ်စုံကို နမ်းရာမှ ကျွန်မပါးကိုလည်း တယုတယ နမ်းစေချင်သည်။ နမ်းလျှင်လည်း ကောင်းမှာပဲဟု စိတ်ထဲကတောင့်တ၏။ မျက်လုံးနှင့်လည်းပြောပြမိသည်ဟု ထင်ပါသည်။ သို့သော် သူက ကျွန်မမျက်လုံးကို ကြည့်သည် မဟုတ်ပေ။ ထင်းများနှင့် ပူနွေးသော မီးဖိုနားသို့ပြန်

သွားကာ စာအုပ်များ၊ ဖိုင်တွဲများအနားတွင် သွားထိုင်လိုက်ပါတော့သည်။

ကျွန်မမောသွား၏။ ပါးစပ်ကလည်း ဘာမှမပြောရဲ။ စစ်ဝတ်စုံကိုနမ်းတဲ့ အနမ်းမျိုးလောက်နဲ့ ငါ့ကိုနမ်းတာလည်း ငါမခံချင်ပါဘူးလေဟု စပျစ်သီးချဉ်သည်ဟု မြေခွေးကြီး ပြောနည်းမျိုး ကိုယ့်ဟာကိုယ်ပြောကာ ကိုယ့်ဆန္ဒကိုယ် သတ်လိုက်ရ၏။ တော်ကြာ ဒီအနမ်းအတွက်နှင့် "မိန်းမကိုက သူကလည်းတစ်မျိုး၊ ကျောင်းစာတွေများရတဲ့အထဲ၊ဒါလောက်အနမ်းခံချင်ရင် ဟို. . အတန်းထဲသွားပါလား"ဟု အော်လိုက်မှဖြင့် ဘုရား. . . ဘုရား။

ကျွန်မသည် သူ မကြိုက်၍ပယ်ထားသော စစ်ဝတ်စုံများကို ပြန်သယ်သွားကာ ဗီရိုထဲ သွင်းလိုက်၏။

"သူ မနမ်းတော့ရော ကိုယ့်ယောကျ်ားပဲ။ သူ့လည်ပင်းကို ဖက်ပြီး ကိုယ်ကနမ်းလိုက်ရင် သူ ဘာတတ်နိုင်မှာလဲ။ အို. . . ငါကိုကလည်း ရှော်ပါတယ်။ ငါ့ကိုယ်ကလည်း ဘာကြောင့်များ ကျောက်တိုင်ကြီးလို၊ ရဲဘော်တစ်ယောက်လို သူ့ရှေ့မှာ သတိဆိုတဲ့ အနေအထားနဲ့ စုံရပ်နေမိမှန်း မသိပါဘူး။ ငါတစ်ယောက်တည်း ငြိမ်ငြိမ်သက်သက်နေတာပဲ ကောင်းပါတယ်လေ။

"ဩော်. . . ဒါကြောင့်လဲ အင်မတန်ငယ်သေးတဲ့၊ လောကမှာ အရှုးအမူးဖြစ်တတ်တဲ့ အရွယ်မှာတောင်မှ ငါ့ချစ်ဦးသူ ကိုတင်အောင်ထွန်းနဲ့ ငါ လရောင်အောက်မှာ ဖရိုဖရဲ မဖြစ်ကြတာပဲ။ ဒီတော့လည်း သူဟာ မိန်းမတွေပေါ်တဲ့ တက္ကသိုလ်ရောက်တော့ ချစ်ကိစ္စတွေမှာ လက်မြန်တဲ့၊ အချစ်ပညာစုံတဲ့ မိန်းကလေးတွေနဲ့ တွေ့တဲ့အခါ သူပါသွားတာ မဆန်းပါဘူးလေ. . . "

ကျွန်မ မေ့ပစ်လိုက်၏။ အားလုံးကို မေ့ပစ်လိုက်၏။ (စည်းကမ်းအတိုင်း)ဟု စိတ်ကို ရဲဘော်စိတ် သွင်းလိုက်၏။ ရန်ကုန်မှာလည်း တနင်္ဂနွေနေ့ညနေဆို ယူနီဖောင်းကိစ္စ အပြီးလုပ်ရစမြဲ ဖြစ်၏။ တစ်ခါတစ်ရံ မအားမလပ်မှ တနင်္လာနေ့မနက်အစောကြီး

ထကာ စစ်ဝတ်စုံကိုရွေးချယ်ရသည်။ ကျွန်မ၏ရုံးကလည်း တနင်္လာနေ့တွင် ဝန်ကြီးအစည်းအဝေး(ကဲဘိနက်)ရှိပါသောကြောင့် စောစောသွားရသည်။

သူ့ကို ရုံးတက်သွားဖို့ စစ်ဝတ်စုံရွေးပေးရာ၌ ရေစော်နံသည်ဟု ချေးထူသည်မှာ တခြားအနံ့မဟုတ်ပါ။ မိုးဆက်တိုက်ရွာသောနေ့များ၌ ရန်ကုန်မြို့လယ်ခေါင် မဒရပ်ပင်းမင်းဆိုင်များမှာပင် အဝတ်များကို နေရောင်နှင့်မခြောက်နိုင်ပေ။ မီးပူပေး၍ခြောက်စေသောအခါ အနံ့တစ်မျိုးထွက်တတ်ခြင်းကို ရေစော်နံသည်ဟု သူ ပြောပြောနေခြင်း ဖြစ်ပါသည်။

ကလောတွင်တော့ နဂိုက ခပ်အေးအေးကြီးနေရသည့်အထဲ မိုးတွင်းရက်များရောက်လျှင် မိုးကမစဲအောင် ရွာတတ်သည်။ ထိုအခါတွင် ပင်းမင်းဆိုင်များကလည်း နေရောင်နှင့်မခြောက်စေနိုင်သောကြောင့် စစ်ဝတ်စုံအထူများမှာ ကော်နံ့ရေနံ့ရောကာ အနံ့တစ်မျိုး ထွက်တတ်ခြင်းဖြစ်ပါသည်။

"ရဲဘော်နဲ့ကျရင်လေ ကိုကြီးက ချေးမထူဘူး။ သူ့ရဲဘော်တိုက်ပေးတဲ့ ဖိနပ်ကဖြင့် ဆေးသားမတင်တော့ သားရေတွေ အက်ကွဲလို့ မိချိုနဲ့ကျရင် ချေးထူရော"တစ်ခါတစ်ခါ ကျွန်မစိတ်မရှည်၍ ပြောတတ်ပါသည်။

"တယ်တတ်၊ စစ်မြေပြင် စစ်တိုက်သွားရင်း ချေးထူနေရင် ဖြစ်ပါ့မလား။ (ဂိုရာဘလက်ရှီ့စ်)ပေါင်ဒါလေးကိုယ်မှာလူးပြီး စစ်ဝတ်စုံ သွေ့သွေ့ခြောက်ခြောက်လေး ဝတ်ရမယ်စောင့်နေ၊ ရဲဘော်ကိုရော ကိုယ့်မိန်းမအပေါ် နွဲ့သလိုနွဲ့လို့ရမလား။. . မိချို ရင်ခွင်က ကိုကြီး အပန်းဖြေဖို့ သက်သက်ဖန်ဆင်းထားတာ"ဟု ကျွန်မရင်ဘတ်ကို သူပုတ်ကာ ပြန်လည်ချေပ၏။

သို့ကြောင့်ပင် တစ်ခါတစ်ရံ ဗိုလ်ကြီးစိန်မြင့်တို့၊ ဦးရာမတို့ သူ၏ရဲဘော်ဟောင်းကြီးများက "ဖိုးကျော်သောင်းတစ်ယောက်လေ အင်မတန်ဖြစ်သလိုနေတတ်တာ" ဟု ပြောသောအခါတိုင်း ကျွန်မ

လက်ပေါ်ရောက်လာသော သူတို့၏ ဖိုးကျော်သောင်းကို ကျွန်မ ခေါ်ပြချင်ပါသည်။

တစ်ကိုယ်တည်းနေရချိန်များသော ကလော၏ မိုးဦးည များတွင်မူ မိုးပေါက်မိုးစက်များ၊ ထင်းရှူးတောကို လေတိုးသံများ၊ ထိုအသံများသည် ကြာသော် ကဗျာမဆန်ကြတော့ပေ။ တစ်ခါ တစ်ရံ ကျောထဲတွင်စိမ့်လာ၏။ ကြောက်ကြောက်လန့်လန့်နှင့် ထ ကာ အခန်းကျယ်ကြီးလေးခန်းရှိ မီးများကို ဖွင့်လိုက်၏။ စိတ်ထဲမှာ သက်သာသွားသလို ဖြစ်သွားတော့သည်။

ပြီးတော့မှ အိပ်ခန်းထဲပြန်လာကာ ဂွမ်းကပ်ကြီးကို ခေါင်း ကို ရောက်လုမတတ် ခြုံလိုက်ရ၏။ ခုတင်ဘေး၊ မီးလင်းဖို၏ အပူ ငွေ့မှာ ကျွန်မခန္ဓာကိုယ်ကိုသာ နွေးနွေးထွေးထွေး ဖြစ်စေပါသည်။ ကျွန်မနှလုံးသားကိုတော့ နွေးအောင်မလုပ်နိုင်ပါ။

ကားသံ ဝူးခနဲကြားမှ ကမန်းကတန်းထကာ အိမ်ရှေ့ ဆင်ဝင်တံခါးကိုဖွင့်၍ သူ့ကိုကြိုရ၏။

ချက်ပြီးဟင်းများကို ပူပူနွေးနွေးဖြစ်အောင် နွေးကာ နှစ် ယောက်သား ညစာကို မြန်မြန်စားကြရ၏။

"ကိုကြီးတို့ ညဦးပိုင်း ဒီလို သင်ခန်းစာမပြီးတဲ့အခါ အချို့ တစ်ယောက်တည်း ကြောက်မှာပဲ။ နောက်ဆိုရင်လေ တောင်တက် လေ့ကျင့်ခန်းတွေလုပ်တဲ့အခါ ညမပြန်ရတော့ဘူး။ ပြီးတော့ ရှေ့ဆို ရင် ကလောက ပိုပြီးအေးလာတော့မယ်။ နိုဝင်ဘာလကုန်ရင် အချို ရန်ကုန်ပြန်တော့နော်"

သူ ပြောသမျှ ခေါင်းညိတ်ပြကာ ကျွန်မ နားထောင်နေ လိုက်၏။ ကျွန်မသည် ညနေမိုးမချုပ်ခင်ကတည်းက အိမ်ထဲသွင်း ထားသောထင်းများကို အိမ်ခန်းထဲရှိ မီးလင်းဖိုတွင် ထပ်၍ဖြည့် လိုက်ပါသည်။ သူသည် မီးဖိုဘေးတွင် ဆက်လက်ထိုင်ကာ သူ့ ကျောင်းသင်ခန်းစာများကို လုပ်နေ၏။

ကျွန်မကတော့ မလှမ်းမကမ်းရှိ ခုတင်ပေါ်တွင်ပစ်လှဲ

လိုက်ရင်း သူဖတ်ခိုင်းသော စာအုပ်ကြီးများကို မကိုင်ချင့်ကိုင်ချင်ကိုင်ကာ ဖတ်နေမိ၏။

ချာချီ၊ ဗိုလ်အေးမောင်. . .

ဗြိတိန်နန်းရင်းဝန်ချာချီရော၊ ချာချီ၏စာအုပ်ကို ဘာသာပြန်သော မိတ္ထီလာဗိုလ်အေးမောင်ရော မိုးပျံအောင် တော်ချင်တော်နေပေမည်။ ကလော၏အေးစက်သောညများကိုမူ ထွေးထွေးနွေးနွေး ဖြစ်လာအောင် သူတို့မတတ်နိုင်ပါ။

ချာချီ၏ဒုတိယကမ္ဘာစစ်ကြီး စာအုပ်မူရင်းနှင့် ထိုစာအုပ်ကို ဗိုလ်အေးမောင်ဘာသာပြန်ထားသော ဘာသာပြန်စာအုပ်ထူကြီးတွေမှာ ကျွန်မလက်ထဲမှ ဖုတ်ခနဲလွတ်ကျသွားလိုက်ရင်း ကျွန်မငိုက်ရာမှ လန့်နိုးလိုက်ရင်းနှင့် ဖြစ်နေတော့သည်။

ကျောင်းမှ သင်ခန်းစာများ လေ့ကျင့်ခန်းများလုပ်၍ပြီးမှ ကျွန်မဘေးတွင် သူလာ၍ ယှဉ်ကာလှဲလိုက်၏။

"ဟဲ. . . ဟဲ မိပျင်းကြီး၊ ကိုကြီး ခုနစာရေးရင်းက လှမ်းကြည့်လိုက်တော့ မိချို စာအုပ်ကြီးကိုပိုက် ငိုက်နေလိုက်တာဟဲ့"

"ငိုက်တာပေါ့"

ဒါပဲပြောရဲသည်။ ကျွန်မဒါပဲ ပြောရဲရမည်ဖြစ်သည်။ ရှေ့ဆက်မပြောရဲပါ။

"ချာချီကြီးသာမြင်ရင်လေ ပြောမှာ။ ငါ့ကို ဗမာပြည်က စာရေးဆရာမကြီးတဲ့။ ခုမှငါ့စာအုပ်ကိုကိုင်ပြီး ငိုက်နေတုန်းလို့"

သူ့ပြက်လုံးကို ကျွန်မရယ်၍မရပါ။

"ဟော. . . ဒီစာအုပ်က ဘာစာအုပ်လဲ"

သူ့လက်သည် ကျွန်မခေါင်းအုံးအောက်ရောက်သွားကာ စာတစ်အုပ်ကို ဆွဲထုတ်ယူ၍မေးလိုက်၏။

"Egipian- အီဂျစ်ပြည်သား"

ကျွန်မက ဖြေလိုက်၏။

"ဝတ္ထုလား"

"ဝတ္ထုပေါ့"

"ဒီစာအုပ်ကျတော့ ကြိုက်တယ်လား"

"ကြိုက်တာပေါ့. . ကြိုက်တာပေါ့။ တစ်ခါတလေတော့လဲ ကြိုက်တဲ့စာအုပ်တွေဖတ်ပြီး ကြိုက်သလို ပျော်သလိုပဲ နေချင်တယ်"

"ချာချီတို့ ရှိမယ်တို့ဖတ်ပြီး တတိယကမ္ဘာစစ်ကို မိချိုက ဝင်တိုက်ရမှာလား" ကျွန်မက ငေါ့တော့တော့ပြောလိုက်မှ သူသည် ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"နေ့လယ်မှာ အဲဒီဝတ္ထုဖတ်ပြီး တခြားဘာလုပ်နေသေး လဲ"

"ဝတ္ထုရေးတယ်"

"ဘာဝတ္ထုလဲဟင်"

"ပန်းများကို ပွင့်စေသူ"

"နာမည်လေးက ကောင်းလိုက်တာ"

"ကောင်းမှာပေါ့၊ ကဗျာဆရာမ ငွေတာရီရေးတဲ့ ကဗျာ တစ်ပုဒ်ရဲ့အမည်။ အချိုက ကြိုက်လို့ အဲဒီနာမည် ကျွန်မယူသုံး ပါရစေလို့ ရန်ကုန်စာလှမ်းရေးပြီး ခွင့်တောင်းထားတယ်။ သူ့ဆီက စာပြန်မှာနဲ့အချိုဝတ္ထုရေးပြီးမှာနဲ့ အတော်ပဲ။ ခုနပြောတာတကယ် လား။ အချို နိုဝင်ဘာလကုန်ရင် ရန်ကုန်ပြန်ရမယ်လား"

"အချို့ကို မပြန်စေချင်ဘူး။ ဒါပေမယ့် ပြန်ရင်ကောင်း မယ် အချိုရယ်။ နောင်ဆိုရင် ကလောမှာ ရေတွေတောင် ခဲအောင် အေးတယ်။ အချိုရဲ့ရောဂါနဲ့ဖြစ်ပါ့မလား။ ပြီးတော့လဲ အချို တစ် ယောက်တည်းရယ်၊ တောင်တက်လေ့ကျင့်ခန်းတွေလုပ်ရင် တောင် ပေါ်မှာ ကိုကြီး ညအိပ်ရမယ်"

"အင်းလေ ပြန်တာကောင်းပါတယ်။ ရန်ကုန်ရောက်မှ အချို ဒီဝတ္ထုအတွက် လိုအပ်တဲ့အချက်အလက်တွေ ရှာရဦးမယ်"

"ဘာတွေလိုနေလဲ"

"Moon Flower" လပကြာခေါ်မလား၊ ကုမုဒြာကြာ ခေါ်မ

လားမသိ၊ လရောင်နဲ့မှသူက ပွင့်တယ်လို့ အင်္ဂလိပ်စာတစ်အုပ် ထဲမှာ အချို အာရောဂျ်နေတုန်းက ဖတ်ဖူးတယ်။ ဒါပေမယ့် အဲဒီ ကြာဟာ အချိုကသာ ကုမုဒြာကြာလို့ ဘာသာပြန်လိုက်တာ။ မြန်မာ ရှေးစာအုပ်တွေမှာပါတဲ့ ကုမုဒြာကြာနဲ့ တူချင်မှတူမယ်။ အချိုဖတ် ခဲ့တဲ့စာအုပ်ထဲမှာက ဒီပန်း တစ်ခါပွင့်ဖို့က သူ လိုအပ်တဲ့ အပူချိန် ဒီဂရီကို အတိအကျရမှ ပွင့်တာ"

"ဘာလဲ. . အချိုရေးတဲ့စာအုပ်က စုံထောက်ဝတ္ထုလား" ကျွန်မလက်ပေါ် သူ မေးတင်ကာ မေးနေ၏။

"ကြဲကြဲဖန်ဖန်၊ အချို စုံထောက်ဝတ္ထု မရေးတတ်ပါဘူး။ အချက်အလက်က ပြည့်စုံအောင်သာ ရှာထားရတာ။ ဝတ္ထုထဲပါမှာ က နည်းနည်းလေးရယ်။ ဒီလိုပဲ ခုခေတ်တိုင်းပြည်က စာဖတ်ပရိ သတ်ကို အထင်သေးလို့မရဘူး။ စာတစ်လုံးအတွက် သူတို့ကအငြင်း ပွားလာရင် ကိုယ့်ဘက်အခိုင်အမာ တင်ပြနိုင်မှ။ ဝတ္ထုရယ်လို့ ခပ် ပေါ့ပေါ့ရေးသွားလို့လဲ မရပါဘူး။ အောက်တိုဘာကျောင်းပိတ်ရက် ကိုကြီးနဲ့အတူ ရန်ကုန်ပြန်တုန်းက ဒီပန်းအကြောင်း စာပေဗိမာန် သွားပြီး(ဗြိတိန်)စွယ်စုံကျမ်း (ဗြိတိန်နီးယားအင်ဆိုက်ကလို ပီးဒီး ယား)တွေမှာ ရှာခဲ့သေးတယ်။ ဒါနဲ့ ကိုကြီးဦးစီးတက္ကသိုလ်မှာ စာ တမ်းပြုစုရမှာက အင်္ဂလိပ်မြန်မာ ပထမနဲ့ ဒုတိယစစ်ပွဲ အကြောင်း လား။ အဲဒီအတွက်ရော၊ အောက်တိုဘာလကျောင်းပိတ်ရက် ရန်ကုန်ပြန်တုန်းက အချက်အလက် အတော်အပြည့်အစုံ ရှာလို့ရခဲ့ ပြီလား"

သူ့ဆီမှ စကားပြန်မရ၍ ကျွန်မကြည့်လိုက်သောအခါ ကျွန်မ လက်မောင်းကို မျက်နှာအပ်၍ သူ အိပ်ပျော်နေတော့သည်။

သြော်. . ကိုကြီး၊ ခိုက်ခိုက်တုန်အေးမြသော နိုဝင်ဘာလ၏ ဆောင်းတစ်ညတွင် သူ ကျွန်မကိုပေးသည်ကတော့ ချာချီ၏ ကပ်ထူ ဖုံး စာအုပ်ကြီး။

ကျွန်မ သူ့ခေါင်းကိုအသာမကာ နေသားကျအောင် ခေါင်း

အုံးပေါ်တွင် ညင်သာစွာတင်လိုက်ရပါသည်။ သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားပေပြီ။

"သားလေး အိပ်ပျော်သွားပြီ"

ရင်ထဲမှ တီးတိုးပြောမိ၏။ သားငယ်ကို နမ်းသော မိခင်အနမ်းဖြင့် သူ့နဖူးကို ညင်သာစွာနမ်းလိုပါသော်လည်း သူ အိပ်ရေးပျက်သွားမှာကို စိုးသည်။

သူချစ်ပါသော အညာမြေမှ သီချင်းရေးဆရာမြို့မငြိမ်း သီချင်းကို ကျွန်မသတိရမိ၏။

*"နှလုံးသွေးအစစ်နဲ့ ချစ်တာတွေကို မောင်ရယ်၊ မောင်နဲ့နှစ်ယောက်ထဲကျမှ ပြောပြချင်ပါတယ်"*

ကျွန်မကလည်း ပြောပြချင်ပါသည်။ နမ်းကြာညို အခန်းများ အသီးသီးရှိကြသည့်အနက် နှလုံးသွေးအစစ်နှင့် နမ်းသော အနမ်းဆိုသည်မှာလည်း သီးသန့်ရှိပါသေးသည်ကို ကျွန်မတင်ပြချင်ပါသည်။

အခါခပ်သိမ်းလည်း နှလုံးသွေးအစစ်နှင့်မနမ်းနိုင်ပါ။ သို့သော် တစ်ခါတစ်ရံ သူ အာရောဂျံကိုရေးလိုက်သော စာတစ်ပိုဒ်ကို ခဏခဏ သတိရနေမိ၏။

*"ပန်းကလေးတစ်ပွင့်ဟာ သစ်ပင်ပေါ်မှာ ပွင့်နေတာကို ကြည့်နေရတာ အရသာတစ်မျိုးပဲ။ ကိုယ်ခူးလိုက်ပြီး ပန်လိုက်မှ ညှိုးများညှိုးသွားမလားလို့ တထိတ်ထိတ်ဖြစ်နေရရင် ဒီပန်းလေးကို နမ်းနေရတဲ့ အချိန်မှာလဲ ဘယ်အရသာရှိတော့မလဲ"တဲ့။*

ကိုကြီး. . . ကိုကြီး တကယ်သာဆို ဤပန်းကလေး၏ဆန္ဒကိုလည်း မေးဖို့သင့်ပါသေးသည်။ တစ်ခါတစ်ရံပန်းကလေးတို့သည် သစ်ပင်ပေါ်မှာပဲ ပွင့်ချင်နေကြသည်။ တစ်ခါတစ်ရံလည်း မိမိကို ခူးမည့်သူကိုပဲ စောင့်မျှော်နေမိသည်။ နောင်အခါမှ ကိုယ့်ချစ်သူ ရင်ငွေ့အရှိန်ကြောင့် အပူမိပြီးသေသေ၊ ဝတ်လွှာတို့ပင် နွမ်းနွမ်း၊

ပန်းလေးတို့မှာ အရိုင်းဆန္ဒရှိသေးသည်ကို ကိုကြီးသိသင့်ပါသည်။ အရိုင်းဆန္ဒဖြင့်လည်း ချစ်သူ့ရင်ခွင်ပေါ်ကို ခုန်ချလိုစိတ်လည်း ရှိတတ်ပါသေးသည်။

ပန်းလေးတို့မှာ သစ်ပင်ပေါ်မှာပဲနေနေ၊ ချစ်သူရင်ခွင်မှာပဲနေနေ တစ်နေ့တော့ ဝတ်လွှာများ လျော့ပါးနွမ်းအိကာ ဩကာသလောကကို စွန့်ခွာသွားရမည်ဖြစ်၏။ အနိစ္စ၊ဒုက္ခ၊အနတ္တတွေ ခဏမေ့ထားကာ ဤမိခင်အကိုင်းအခက်ကို ခွာ၍ စွန့်စားခန်းကလေးများကို ရှာလိုစိတ် ပန်းလေးများတွင် ရှိတတ်ပါသည်။ သတ္တလောကဆိုသည်မှာ သက်ရှိသတ္တဝါများအားလုံးရှိရာကို သတ္တလောကဟု ပိုင်းခြားထား၏။

ပန်းပွင့်ငယ်များပွင့်လာရသော ဩကာသလောက ဆိုသည်မှာလည်း သစ်ပင်ပန်းမန်တောတောင် ရေမြေတို့ပင်ပါတည်း။ တလှိုက်လှိုက်နှင့် အသက်ကို စက္ကန့်မပြတ်ရှူရှိုက်နေရသော သတ္တဝါအားလုံး သူတို့သတ္တလောကတွင် အစဉ်မပျော်ကြပါ။ ပန်းလျှနွမ်းမောသောအခါ ဩကာသလောကတွင် ဖြေလျော့ကာ မိမိတို့နွမ်းနယ်သမျှ အပန်းဖြေကြရစမြဲပင်။

ပန်းဝတ်လွှာများသည် မြေတွင်ခင်း၍ အပန်းဖြေလိုသူများအတွက် နူးညံ့သောအတွေ့ကို ပေးရုံသာဟူ၍ အဖြစ်လောက်နှင့်လည်း ဤဩကာသလောကကို အလည်အပတ်ရောက်လာခြင်း မဟုတ်ပါချေ။

သူ၏ဝတ်မှုန်လေး နွမ်းကြေခြင်းခံကာ ပန်းပွင့်မျိုးဆက်များထားရစ်ဖို့ သူ ဩကာသလောကကို ရောက်လာကြောင်း ပန်းပွင့်လေးများသည် တီးတိုးပြောပြကြပါသည်။

သဘာဝနတ်သမီးသည် ပန်းပွင့်လေးများကိုလည်း အလှသက်သက်သာ မဖန်ဆင်းပါ။ တာဝန်ဝတ္တရားနှင့်ပေးအပ်လိုက်ပါသည်။

သြော်. . ပန်းလေးများသည် သူတို့၏အကြောင်း သူတို့နှင့်

ဆိုင်ရာပုံပြင်များအကြောင်းကို ပြောတော့ပြောပြပါသည်။ သို့သော် ပန်းများ၏အသံကလည်း တိုးလွန်း၍နေလေသလား။

ပန်းလေးများကို ချစ်ပါသည် ဆိုသူတို့ကပင် မကြားကြလေရော့သလား။

* * *

# အခန်း(၁၁)

## နေမင်းသူရိန်

ဥတ္တရယဉ်စွန်းပေါ်သို့ နေအတိအကျရောက်သော အချိန်မှာ ဇွန်လ ၂၁ရက်ဖြစ်ပါသည်။ စက်တင်ဘာလ၂၃ရက်တွင်တော့ အီကွေတာပေါ်တွင် တည့်မတ်စွာ ကျရောက်လာသည်။

သူ ဦးစီးတက္ကသိုလ်မှ ဆင်းလာပြီးနောက် ခြေမြန်တပ်ရင်း (၁၀၁)တွင် ဆက်လက်အမှုထမ်းရပါသည်။ တပ်ရင်းမှာ အင်းတကော်တွင် ရှိသော်လည်း သူ့တပ်ခွဲမှာ အင်းမ၊ ပန်းတနော်နယ်မြေတွင်ရှိသည်။

အိမ်ထောင်သည်များသည် အင်းတကော်တပ်ရင်းတွင် နေရစ်ရသည့်အတူတူ မထူးတော့ပြီဖြစ်၍ကျွန်မအင်းတကော်ကို မပြောင်းတော့ဘဲ ဆူးလေဘုရားလမ်းတိုက်တွင်ပင် နေရစ်ပါသည်။ ဝန်ကြီးချုပ်၏အတွင်းရေး၊ အတွင်းဝန်အဖြစ် ကျွန်မဆက်လက်အမှုထမ်းနေခဲ့ပါသည်။

စက်တင်ဘာလအတွင်း ကျွန်မသူ့ထံသို့ တောင်းပန်သော စာတစ်စောင်ကို ရေးပေးလိုက်ရပါသည်။ စာမှာ ကျွန်မအစ်ကိုကြီးဦးနုအား ဇွတ္တလစ်မှာဆောက်ထားသော ကျွန်မတို့တိုက်ငယ်ကိုပေးလိုက်ကြောင်း၊ ကြိုတင်တိုင်ပင်ချိန်မရ၍ ကျွန်မအား ခွင့်လွှတ်ရန် ရေးရသော စာပင်ဖြစ်ပါသည်။

ဦးနုသည် ပထမအကြိမ် ဗိုလ်ချုပ်ကြီးနေဝင်းအား ပါလီမန်တွင် အာဏာလွှဲပြောင်းပေးမည်ဖြစ်ကြောင်း တိုင်းပြည်အား စက်တင်ဘာ၂၆ရက်နေ့တွင် ကြေညာလိုက်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း သန့်ရှင်းသော ရွေးကောက်ပွဲ ပြုလုပ်ပေးမည့်

အကြောင်း တိုင်းပြည်အား ကတိပေးပါသည်။

ဗိုလ်ချုပ်ကြီးက ၁၆ ဝင်ဒါမီယာတွင်ပင် ဝန်ကြီးချုပ် ဆက်လက်နေရန် ပြောပါသော်လည်း ဦးနုက မနေလိုကြောင်း ငြင်းဆန်လိုက်ပါသည်။

ဦးနုရှိစဉ်က ၁၆-ဝင်ဒါမီယာတွင် အမှုထမ်းသော ရုံးအမှုထမ်းများကို အားလုံးနေမြဲအတိုင်း နေရစ်ရန် ဦးနုက ပြောကြားပါသည်။

"ဖိုးကြူတို့လင်မယားလဲ ဒီအိမ်ကို ဆက်လက်တာဝန်ယူပြီး အမှုထမ်းခွင့်ပြုဖို့ ဦးဝင်းဖေ ဆောင်ရွက်ပေးလိုက်ပါလို့ ငါမှာခဲ့တယ်ဟေ့။. . . ဗိုလ်ချုပ်နေဝင်းကလဲ သဘောတူပါတယ်"

ဖိုးကြူတို့လင်မယားဆိုသည်မှာ အိမ်တော်ဝန် ဦးကြူစိန်နှင့်ဇနီးဖြစ်သူ ဒေါ်နီနီ ဧည့်ခံရေးအရာရှိကို ဆိုလိုပါသည်။ ကျွန်မကိုမူ သူသည် ကျွန်မခေါင်းကိုပုတ်၍ပြုံးရယ်ရင်း "ဟေ့ . . မိခင်ယုမင်းတစ်ယောက်ကိုတော့ ဖိုးကျော်သောင်း ထမင်းကျွေးနိုင်ပါတယ်နော်၊ ကဲ. . ဖိုးကျော်သောင်း နောက်လိုက်သွားပေတော့၊ ကလောင်ကိုတော့ မြဲမြဲကိုင်ထားဟေ့"ဟု ဆိုပါသည်။

ထိုစဉ်က ဦးနုအား ကြည်ညိုသူ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ ဘာကျေးဇူးခံကျေးဇူးစားမှ မရှိသော ငယ်သူငယ်ချင်းတိုင်းရင်းသားသူဌေးများ၊ နိုင်ငံခြားသားများသာမက လိုင်စင်ခေတ်သူဌေးများကပါ သူတို့ပိုင်တိုက်အိမ်များတွင် ပြောင်းရွှေ့နေရန်လာ၍ပေးကြပါသည်။ တချို့ကလည်း အကျိုးကို မျှော်ကိုး၍ဖြစ်ပါသည်။ တချို့ကလည်း ဖြူစင်သော စေတနာသက်သက်ဖြင့် ဖြစ်ပါသည်။

"အေးကွယ်. . မိခင်ယုရယ်၊သူတို့ကျေနပ်အောင် ပြေပြေပြစ်ပြစ် စာပြန်ရေးပါကွယ်။ သူတို့ကို ကျေးဇူးတင်ပါတယ်လို့ ကိုကိုကြီးအနေနဲ့ သူတို့ပေးတဲ့တိုက်အိမ်တွေမှာ မနေနိုင်လို့ ဝမ်းနည်းပါတယ်လို့ပြောနော်. . . ။ မမြရီကိုလည်း တစ်ခါတည်းပြောဟေ့၊ ပြည်

ထောင်စုသတင်းစာ ခြံဝင်းထဲမှာ တဲထိုးဖို့ အဆင်သင့်ဖြစ်ပြီလား လို့၊ အားလုံးတစ်လပဲ အချိန်ရမယ်"

"ဟုတ်ကဲ့"

ကျွန်မသည် သူပြောသမျှရေးမှတ်ခဲ့ပြီး ဒေါ်မြရီအိပ်ခန်းသို့ ပြေးတက်သွားပါသည်။ ဒေါ်မြရီအပါးတွင်ဆွေမျိုးများကို တွေ့ရ၏။ သူတို့သည် သိမ်းဆည်းသင့်သော ပစ္စည်းများကို ကြိုတင်သိမ်းဆည်းနေကြ၏။

တစ်လဟူ၍ဝန်ကြီးချုပ်ပြောသည်မှာ စက်တင်ဘာ ၂၆ ရက်မှအောက်တိုဘာ ၂၆ရက်အတွင်း ပါလီမန်ဆင့်ခေါ်ဖို့ပြင်ဆင်ပြီး ပါလီမန်တွင် ဦးနုသည် ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာလွှဲပြောင်းပေးမည် ဖြစ်ပါသည်။ သို့သော် သူသည် ပါလီမန်ကျင်းပချိန်အထိ မစောင့်လိုပဲ အိမ်ကို အမြန်ပြောင်းရွှေ့လိုသောကြောင့် တစ်လနှင့်အိမ်၊ သို့မဟုတ် တဲထိုးရန် ဒေါ်မြရီကို တာဝန်ပေးခြင်းဖြစ်ပါသည်။

ဦးနုကြီး၏ ဒီမိုကရေစီကလည်း စီလိုက်သည့်ဖြစ်ခြင်း။ ပြန်ကြားရေးမှ ဓာတ်ပုံဆရာများသာမက သတင်းစာတိုက်များမှ ဓာတ်ပုံဆရာသတင်းထောက်များပါ ကျွန်မတို့ဆွေမျိုးမိတ်သင်္ဂဟများ ခြင်ထောင်သိမ်းနေပုံကို ဓာတ်ပုံရိုက်ယူနေသည်ကို ကျွန်မ ဒေါ်မြရီ အခန်းထဲ ဝင်ဝင်ချင်းတွေ့ရပါသည်။

"ကဲ. . ဟော့ ဘဝရှင်မင်းတရားကြီးရဲ့ နှုမတော်ကြွလာနေပြီ။ ဆိုစမ်း၊ နောင်တော်ဘုရားက ဘာများအမိန့်တော်ချမှတ်လိုက်ပြန်လဲ"

ဒေါ်မြရီက သူ့အသံဩဩကြီးနှင့်ရယ်၍ ကျွန်မကို လှမ်းမေးလိုက်၏။

ဝန်ကြီးချုပ်ပြောသမျှ ဒေါ်မြရီအားကျွန်မပြောပြလိုက်၏။

"အေး. . ရီရီက အားလုံးအဆင်သင့်ဖြစ်ပါပြီ။ ဒါပေမယ့် ညည်းတို့မဟာသာကီတွေကပဲ ဟောဒီမှာ ပြောနေကြတယ်။ ပြည်

ထောင်စုသတင်းစာတိုက်ထဲက မြေကြီးကို သဘောမကျဘူးတဲ့တော် ရေ့" ပြည်ထောင်စု သတင်းစာတိုက်နေရာမှာ ယခုအသံလွှင့်ရုံ အသစ်ဝင်းအနားတွင်ရှိ၍ နောက်ဘက်တွင် ကြံတောသချိုင်းမြေ ရှိပါသည်။

သူသည် ကျွန်မအဒေါ်များအပါအဝင် ပန်းတနော်အုပ်စု ကို လက်ညှိုးထိုး၍ပြောလိုက်ပါသည်။ ကျွန်မမိခင်ဘက်က ဆွေမျိုး များမှာ ပန်းတနော်ချက်မြုပ်များ ဖြစ်ပါသည်။ သူတို့အယူအဆ များကို ကျွန်မတို့ပစ်ပယ်၍ မဖြစ်ပါချေ။ ကျွန်မ ခေတ္တစဉ်းစားနေ မိ၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ခု လောလောဆယ် မယုတို့အိမ်မှာ ဘယ်သူမှမနေသေးဘူး။ အဲဒီအိမ် ရီရီတို့နေ၊ ဟို ဘက်ခြံက ရီရီတို့မြေကိုရှင်းပြီးတော့ အိမ်ဆောက်ပြီးတဲ့အခါ ရီရီတို့ ပြောင်းပေါ့" ကျွန်မက ကျွန်မစိတ်ထဲရှိသမျှ ပြောလိုက်၏။

"ကဲ. . ကြားကြလားဟေ့၊ သဘောတူကြလား မိသိန်းရီ တို့"သူ့စတိုင်အတိုင်း မျက်စလေးပစ်ကာ ပြောလိုက်၏။

ဒေါ်သိန်းရီရော ဒေါ်ခွေခင်ကပါ ခေါင်းညိတ်လိုက်၏။

"မယုရဲ့ နောင်တော်ဘုရားကို ညည်းပဲ သံတော်ဦးတင် ချည်"

ထွန်းနေ့စဉ် ဦးထွန်းဖေက ဝန်ကြီးချုပ်ဦးနုအား ဘဝရှင် မင်းတရားကြီးဟု ဘွဲ့ပေးကတည်းက ဒေါ်မြရီသည် ကျွန်မကို နောက်ပြောင်လိုတိုင်း"ဘဝရှင်မင်းတရားကြီးရဲ့ နှမတော်"ဟု ပြောင်၍ခေါ်တတ်ပါသည်။

ဦးထွန်းဖေသည်၊ ဝန်ကြီးချုပ်ဦးနုအား ဘဝရှင်မင်းတရား ကြီးဟု ဘွဲ့ပေးစဉ်က ဦးထွန်းဖေ၏ထွန်းနေ့စဉ်သတင်းစာသည် အသက်ရှင်လျက်ရှိပေသေးသည်။

ကျွန်မသည် ဝန်ကြီးချုပ်ရှိရာရုံးခန်းသို့ ပြန်လာ၍ဆွေစု မျိုးစု၏ အစီအစဉ်ကိုပြောပြပါသည်။

ဟဲ့. . မိခင်ယုရဲ့၊ တချို့မသန့်ရှင်းတဲ့ နိုင်ငံရေးသမားခေါင်းဆောင်တွေတိုက်ဆောက်တော့ ကိုကိုကြီးမေးခဲ့ဖူးတယ်။ မင်းတို့ ဘယ်ကငွေနဲ့ဆောက်လဲလို့။ ဒီတော့သူတို့က ပြန်ပြောတယ်။ ကျွန်တော်တို့ယောက္ခမ ချမ်းသာပါတယ်တဲ့။ ခုလဲ မမြရီက တိုက်ဆောက်ရင် သူတို့က ပြန်မေးမှာပေါ့။ ငါ့အဖြေက ယောက္ခမကြီးငွေနဲ့ဆောက်တာလို့ မဖြေပါရစေနဲ့ မိခင်ယုရယ်”သူသည် တဟားဟားရယ်မော၍ပြန်ပြော၏။

“နိုး. . နိုး. . . နိုး. . . ကိုကိုကြီး တဲနဲ့ပဲနေပါရစေ”

“ဩော်. . . ကိုကိုကြီးကလဲ၊ ရီရီဆောက်မှာက တိုက်လဲမဟုတ်ပါဘူး”

“ဟေ”

“ရီရီ့မှာ တစ်သိန်းတန် နှစ်သိန်းတန် တိုက်ဆောက်လောက်အောင် ငွေသားမရှိပါဘူး။ ခုဆောက်မှာက အားလုံးမှ နှစ်သောင်းခွဲလောက်ပဲကျမယ်။ မယုတောင် သုံးသောင်းငါးထောင်တန် တိုက်ဆောက်နိုင်သေးရင် ရီရီက နှစ်သောင်းခွဲလောက်တော့ အေးအေး ဆောက်နိုင်ပါတယ်”

အစိုးရက ကျွန်မအိမ်ကို တန်ဖိုးဖြတ်စဉ်က သုံးသောင်းငါးထောင်ဖြတ်ခဲ့၏။ ကျွန်မအိမ်မှာ ပြည်သူ့အိုးအိမ်က ငွေချေးဆောက်သော အိမ်ဖြစ်ပါသည်။ အရင်က ပစ္စည်းတန်ဖိုးများနှင့် တွက်ချက်ခြင်းဖြစ်ပေသည်။

“အေး. . ဒီလိုဆိုရင် မိခင်ယု၊ မင်းတို့အိမ်ကို ကိုကိုကြီးလာကြည့်ဦးမယ်။ ဒါနဲ့ ဘုရား. . ဘုရားတွေအတွက် အခန်းကျယ်ကြီး ရှိရဲ့လား”

“ရီရီနဲ့ ကြည့်စီစဉ်ပါ့မယ်”

ကိုကိုကြီး၏ ဘုရားများမှာ များလှပါ၏။ တစ်မနက်တစ်မနက် ဘုရားဆွမ်းတော်တင်ရန် လူတစ်ယောက် သီးသန့်ငှားထားရ၏။ ဆွမ်းတော်ကပ်သောဆန်မှာ တစ်လမှာ သုံးတင်းကုန်ပါ

ထောင်စုသတင်းစာတိုက်ထဲက မြေကြီးကို သဘောမကျဘူးတဲ့တော် ရေ့" ပြည်ထောင်စု သတင်းစာတိုက်နေရာမှာ ယခုအသံလွှင့်ရုံ အသစ်ဝင်းအနားတွင်ရှိ၍ နောက်ဘက်တွင် ကြံတောသချိုင်းမြေ ရှိပါသည်။

သူသည် ကျွန်မအဒေါ်များအပါအဝင် ပန်းတနော်အုပ်စု ကို လက်ညှိုးထိုး၍ပြောလိုက်ပါသည်။ ကျွန်မမိခင်ဘက်က ဆွေမျိုး များမှာ ပန်းတနော်ချက်မြုပ်များ ဖြစ်ပါသည်။ သူတို့အယူအဆ များကို ကျွန်မတို့ပစ်ပယ်၍ မဖြစ်ပါချေ။ ကျွန်မ ခေတ္တစဉ်းစားနေ မိ၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ခု လောလောဆယ် မယုတို့အိမ်မှာ ဘယ်သူမှမနေသေးဘူး။ အဲဒီအိမ် ရီရီတို့နေ၊ ဟို ဘက်ခြံက ရီရီတို့မြေကိုရှင်းပြီးတော့ အိမ်ဆောက်ပြီးတဲ့အခါ ရီရီတို့ ပြောင်းပေါ့" ကျွန်မက ကျွန်မစိတ်ထဲရှိသမျှ ပြောလိုက်၏။

"ကဲ . . ကြားကြလားဟေ့၊ သဘောတူကြလား မိသိန်းရီ တို့"သူစတိုင်အတိုင်း မျက်စလေးပစ်ကာ ပြောလိုက်၏။

ဒေါ်သိန်းရီရော ဒေါ်ရွှေခင်ကပါ ခေါင်းညိတ်လိုက်၏။

"မယုရဲ့ နောင်တော်ဘုရားကို ညည်းပဲ သံတော်ဦးတင် ချည်"

ထွန်းနေ့စဉ် ဦးထွန်းဖေက ဝန်ကြီးချုပ်ဦးနုအား ဘဝရှင် မင်းတရားကြီးဟု ဘွဲ့ပေးကတည်းက ဒေါ်မြရီသည် ကျွန်မကို နောက်ပြောင်လိုတိုင်း"ဘဝရှင်မင်းတရားကြီးရဲ့ နှမတော်"ဟု ပြောင်၍ခေါ်တတ်ပါသည်။

ဦးထွန်းဖေသည်၊ ဝန်ကြီးချုပ်ဦးနုအား ဘဝရှင်မင်းတရား ကြီးဟု ဘွဲ့ပေးစဉ်က ဦးထွန်းဖေ၏ထွန်းနေ့စဉ်သတင်းစာသည် အသက်ရှင်လျက်ရှိပေသေးသည်။

ကျွန်မသည် ဝန်ကြီးချုပ်ရှိရာရုံးခန်းသို့ ပြန်လာ၍ဆွေစု မျိုးစု၏ အစီအစဉ်ကိုပြောပြပါသည်။

ပြုံး—စာပေ

သည်။

၁၉၅၇ ခုနှစ်ကတစ်ကြိမ်၊ ဦးဗဆွေအား ဝန်ကြီးချုပ်အဖြစ် လွှဲပြောင်းပေးကာ ဦးနုသည် ဖဆပလဥက္ကဋ္ဌအနေဖြင့် ဖဆပလ သန့်ရှင်းရေးကို အချိန်ပြည့်ဆောင်ရွက်ရန် ဝန်ကြီးချုပ်အဖြစ်မှ နှုတ်ထွက်ခဲ့ပါသည်။ ထိုစဉ်က ဦးဗဆွေနှင့် အိမ်ချင်းလဲလှယ် နေကြသည်။ ဦးနုဘုရားများ များလွန်းသောကြောင့် ဦးဗဆွေ၏ အိမ်ခေါင်းရင်းဘက် အိပ်ခန်းတစ်ခန်းကို သီးသန့်ဘုရားခန်းအဖြစ် လုပ်ယူရပါသည်။

ယခုလည်း အားလုံးကိစ္စများ ဒေါ်မြရီနှင့် တိုင်ပင်ပြီး နောက် ပြေလည်သွား၏။ ဘုရားများထားရန် အခန်းကျယ်တစ်ခုလို သောကြောင့် ကျွန်မ၏ ဂွတ္တလစ်နေအိမ်၏ အရှေ့တောင်တွင် ယာယီဘုရားဆောင် တစ်ဆောင် ဆောက်လုပ်ဖို့ သဘောတူကြသည်။

ဘုရားဆောင်ကို ပန်းတနော်ဒေါ်သိန်းရီ(ဝိသကြံ့)က တာဝန်ယူဆောက်ခဲ့ပါသည်။

ထိုဘုရားဆောင်လေးကို ဦးနုပြောင်းရွှေ့သွားသောအခါ ကျွန်မတို့ မဖျက်တော့ပေ။

ယခု လာနေစဉ်တွင် ကျွန်မ၏ဘုရားကို ထိုကျောင်းဆောင်တွင်ပင် သီးသန့်ထား၏။ ကျွန်မနှင့် ကျွန်မချစ်သူတို့ တရားထိုင်ရာ အဆောင်လေးတစ်ဆောင်ဖြစ်လာ၏။

ရပ်ဝေးမှ ကိုကြီး၏ တပ်မတော်ရဲဘော်ဟောင်းများ တည်းခိုရာလည်း ဖြစ်၏။

အလုပ်မရှိသော ရဲဘော်လေးများ၊ အလုပ်ရှာရင်း လနှင့်ချီ၍နေသောအဆောင်လည်း ဖြစ်လာ၏။

အရေးပေါ်စီမံရသည့်အတွက် ကျွန်မသည် သူ့ထံ ကြိုတင် တိုင်ပင်မနေတော့ဘဲ ကျွန်မစိတ်နှင့်ကျွန်မဆုံးဖြတ်ကာ ဂွတ္တလစ် နေအိမ်ကို ဦးနုနေရန် ပေးလိုက်ပြီးမှ သူ့ထံတောင်းပန်စာ ရေးရခြင်း

ဖြစ်ပါသည်။

သူ့ဆီကတော့ ထွေထွေထူးထူး စာပြန်မလာပါ။ "တို့မျှား အိမ်လေးရဲ့ သံဆွဲတံခါးအဝမှာ ဦးနုက မတ်တတ်ရပ်လို့ သတင်း ထောက်တွေကဝိုင်းပြီး ဓာတ်ပုံရိုက်နေတဲ့ပုံကို ကိုကြီးသတင်းစာ ထဲမှာတွေ့လိုက်တယ်။ ဓာတ်ပုံထဲမှာ တို့မျှားအိမ်လေးက မဆိုးဘူး အလှသားပဲ"ဟု သူ စာပြန်ရေးလိုက်ပါသည်။

ဒေါ်မြရီ အိမ်ဆောက်ပြီးနောက် သူတို့ပြောင်းရွှေ့သွား သောအခါ နီးနီးကပ်ကပ် ဦးနုတွင် အဖော်ရရန် ဗိုလ်စိုးမြင့် (ယခင် ဝန်ကြီးချုပ်၏ကိုယ်ရံတော်ဟောင်း)သည် ကျွန်မအိမ်ကို ငှား၍ ဆက်လက်နေထိုင်ပါသည်။

*           *           *

## အခန်း(၁၂)

၁၃၂၁-ခု၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့

*ချစ်ဇနီး ချို*

*ဒီနေ့ကတော့နှစ်ဆန်းတစ်ရက်နေ့ဖြစ်တယ်။ အချို့အတွက် ကိုကြီး ချမှတ်ထားတဲ့ အမိန့်ကတော့ အချိုတက္ကသိုလ်ပြန်တက်ပြီး ဒီဂရီရအောင်ယူလိုက်ပါ။*

*ဗိုလ်စိုးမြင့်ကို တိုက်ဌားတာကောင်းပါ၏။ တစ်ခု ပြောထားဦး၊ အရေးအကြောင်းဆိုရင် ကျန်တဲ့ ခြံမြေအ လွတ်မှာ တဲထိုး လာနေမယ်လို့။ ဘာဖြစ်လို့လဲဆိုတော့ မုန်တိုင်းဆိုတာ အချိန်မရွေး တိုက်ခတ်တတ်တယ်။*

*ကိုကြီးဟာ ကိုယ့်ရဲဘော်တွေနဲ့အတူ အဝေးမှာ သာ အနေများရလေတော့ မုန်တိုင်း ကျရောက်ခဲ့သော် ကိုယ့်မိန်းမတစ်ယောက်တည်းကို ကာကွယ်ဖို့ ရှေ့တန်းစစ် မြေပြင်က ပြေးမလာနိုင်ဘူး။*

*ဒီတော့အရေးကြုံသက်လုံကောင်းရမယ်။ ကိုကြီး တို့တပ်မတော်မှာ ဘယ်သူမရှိလို့ အလုပ်လုပ်မဖြစ်ပါဘူးလို့ မရှိဘူး။(Mobile)ဆိုတဲ့စကားလုံး ကိုကြီး အမြဲရွတ်လေ့ ရွတ်ထ ရှိတယ်။ အဲဒီအတိုင်းပဲ၊ ကိုကြီးမရှိလည်းပဲ အချို တစ်ယောက်တည်း ရွေ့လျားတတ်ရမယ်။*

**ပြုံး—ဓာငပ**

*စာရေးပုံကြီးက ပစ္စလက်ခတ်နိုင်လိုက်တာ။အချို့နေရတာကြီးက အိမ်ထောင်ရှင်မ မပီသဘူးတို့၊ ဘာတို့ ခေါင်တွေးမနေနဲ့၊ ကျောင်းတက်ဖြစ်အောင်တက်ပါ။ ဒါဟာ(Morale and Prosperous)ဖြစ်ဖို့ပဲ။ ကိုကြီး အမြင်က မှန်ပြီးအကောင်းဖြစ်ဖို့ ဤအကြံဥာဏ်ကို လက်ခံပြီး ကျောင်းတက်စေချင်တယ်။ စာပြန်ရေးပါ။ ပန်းတနော်စာတိုက်ကနေထည့်ရင် ရောက်မည်။*

*"မွေး"လုံးချင်းဝတ္ထုထွက်ရင် . . . .*

*"ဒု-ဗိုလ်မှူးကြီးရဲခေါင်၊ တပ်ရင်းမှူး၊ အမှတ်(၇) ခြေလျင်တပ်ရင်း"သို့ မေတ္တာလက်ဆောင်တစ်အုပ် ပို့ပေးပါ။ သူကပြောတယ်။ မွေးဝတ္ထုရဲ့ နိဂုံးချုပ်ဟာ သူပြောလို့ဖြစ်တာတဲ့။*

*ကိုကြီးတော့ မိချိုတို့ရဲ့ မြစ်ဝကျွန်းပေါ်တစ်နေရာမှာ ရေကူးနေရဆဲပဲ။*

*ကျော်သောင်း*
*ခေတ္တ(အင်းမ)*

"ကျောင်းပြန်တက်ပါတဲ့"

"မှန်တိုင်းဆိုတာ အချိန်မရွေးတိုက်ခတ်တတ်တယ်တဲ့"

"ကိုကြီးကတော့ ရေကူးနေရဆဲတဲ့"

ကျွန်မ သူ့စာကိုရင်မှာပိုက်၍ သက်ပြင်းရှိုက်လိုက်ရပြန်သည်။

"မွေး"ဝတ္ထုအဖြစ်ကမူ သူ ကျွန်မအား တစ်ခါက ပြောခဲ့သလိုပင် မြဝတီအပေါ် သံယောဇဉ်ထား၍ တခြားဝတ္ထုများနှင့်အတူ မဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်"မွေး"ကို ရေးပေးခဲ့၏။ အပြီးအဆုံးသို့ရောက်ချိန်တွင် မြဝတီက လုံးချင်းထုတ်၍မပေးနိုင်ခဲ့ပါ။

ရှုမဝဦးကျော်က ထုတ်ဝေပေးလိုကြောင်း ကျွန်မကို ပြောလာ၏။ သူ့ထံစာရေး၍ ခွင့်တောင်းလိုက်သောအခါ မွေးဝတ္ထု-

လုံးချင်းကိုရိုက်ရန် သူ့စာတွင် ပါလာခြင်းဖြစ်ပါသည်။

မြဝတီမဂ္ဂဇင်းတွင် ကိုချစ်လှိုင်(ကိုကိုမောင်)နှင့်တက္ကသိုလ် ဘုန်းနိုင်တို့ အခန်းဆက်ဝတ္ထုရှည်များရေးနေကြ၏။ 'ညီမလေးရယ် စိုးရိမ်မိတယ်'ဝတ္ထုရှည်ကိုလည်း မြဝတီက လုံးချင်းအဖြစ် ထုတ်ဝေပေးခဲ့၏။ ရန်ကုန်ဘဆွေ၏ 'ကိုကြီးကောင်း'ဝတ္ထုရှည်မှာလည်း မြဝတီမဂ္ဂဇင်းတွင် (၁၉၅၈ ခု၊ နိုဝင်ဘာလ၊ ၁၉၅၉ ခု ဧပြီလအထိ) ပါဝင်လာခဲ့သည်။

ကျွန်မ သူ့စာပိုက်ကာ ဘီအေသင်တန်းကို တက်ရန် တက္ကသိုလ်နယ်မြေကို နင်းခဲ့ရပြန်သည်။ အိုင်အေကိုတော့ အလုပ်လုပ်ရင်း အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

ထိုစဉ်က တက္ကသိုလ်စာသင်တန်းများဖွင့်စမှာ ဇွန်၊ဇူလိုင် မိုးဦးကျစဖြစ်၏။ မိုးသက်လေတိုက်ခတ်စပြုသော်လည်း မြေပြင်လေ တစ်နာရီတွင် အလွန်ဆုံးမှ မိုင်၃၀လောက် တိုက်ခတ်တတ်၍ မဆိုးလှပါ။ သို့သော် မိုးသည်းထန်သောနေ့များတွင်မူ ကျွန်မ၏ ချစ်သူ အညာမြေမှ ချောင်းဦးသားမှာ ကျွန်မတို့ မြစ်ဝကျွန်းပေါ် မြစ်ချောင်းများထဲတွင် ရေနစ်သေမှဖြင့် ဘုရား. . . ဘုရား ရေတိမ်နစ်မှာကို ပို၍ စိုးခဲ့ပါသည်။

သန့်ရှင်းနှင့်တည်မြတို့၏ ခွေးကောက်ပွဲနီးကပ်လာ၏။

မမျှော်လင့်သောနေ့တစ်နေ့တွင် သူ ပြန်လည်ရောက်လာ ၏။

"ချိုရေ. . . ကိုကြီးလေ ခြေလျင်တပ်ရင်း(၁၂) ပခုက္ကူကို ပြောင်းရမယ်"ဟု ပြောပြ၏။

သူ ပခုက္ကူသို့သွားရမည့်နေ့တွင် လေယာဉ်ပျံကွင်းကို သူစီး သွားရမည့်ဂျစ်ကားနှင့် ကျွန်မကိုခေါ်ကာ တက္ကသိုလ်မြန်မာစာဌာနရှေ့တွင် ချထားရစ်ခဲ့၏။ ကျွန်မကတော့ နှုတ်ဆက်ရန် လေယာဉ်ပျံကွင်းအထိ လိုက်ပို့ချင်ပါသည်။

သို့သော် ရေတမာပင်အောက်တွင် ရပ်ရင်း သူ မောင်းနှင်

သွားသော ဂျစ်ကားနောက်ပိုင်းကို မျှော်ကြည့်ကျန်ရစ်ခဲ့ရ၏။ ကျောင်းတက်ဖို့လှေကားကို တစ်လှမ်းချင်းဖြည်းညင်းစွာ တက်သွားမိသည်။ လှေကားထိပ်တွင်မူ ဒါရိုက်တာဦးချစ်ခင်တို့လူစုသည် 'မွှေး'ဝတ္ထုထဲမှာ မွှေးနှင့်ကိုကိုနိုင်တို့ တက္ကသိုလ်နယ်မြေတွင် ပထမဆုံးတွေ့ခန်းကို ရိုက်ရန်ပြင်ဆင်နေကြသည်ကို တွေ့ရ၏။

မွှေးဝတ္ထုကို ရှုဝမဦးကျော် လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေပေးပြီးနောက် ရုပ်ရှင်ရိုက်ရန် ကျွန်မရောင်းချလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်မသည် စာသင်ခန်းထဲသို့ ဝင်သွား၏။ ကျောင်းသူတချို့မှာ နေရာယူထား၏။ သင်တန်းမစသေးပါ။ အစဉ်လိုပင် ကျွန်မသည် ရှေ့ဆုံးတန်းညာဘက်အစွန်တွင် ထိုင်လေ့ရှိ၏။ ကျွန်မအတွက်နေရာကို သူတို့အမြဲလိုပင် ကြိုတင်ယူထားပေးကြသည်။ ကျွန်မလို လက်ထပ်ပြီး ကျောင်းသူ ရွယ်တူများ လေးငါးယောက်ရှိသည်ကလွဲ၍ ကျန်ကျောင်းသူများမှာ ငယ်ရွယ်နုပျိုကြသေးသည်။

"မမယုကြီး လာပြီဟေ့. . ဒီနေ့ ကိုကိုနိုင်နဲ့မွှေးနဲ့တွေ့တဲ့အခန်း ဘွဲ့နှင်းသဘင်ခန်းမနောက်မှာ ရိုက်မယ်တဲ့"

ကျောင်းသူလေးတစ်ယောက်က ခပ်ကျယ်ကျယ်လေး အော်ပြော၏။ ကျွန်မက ပြုံး၍သူ့ကိုခေါင်းညိတ်ပြလိုက်ပါသည်။

"သူကလဲဟဲ့. . အရောက်နောက်ကျလိုက်တာ၊ ဒီမှာဖြင့် မေးစရာတွေရှိလို့ စောင့်နေလိုက်ရတာ"

မရင်ကြည်သည် အိမ်ထောင်သည်ဖြစ်၍ အပျိုကျောင်းသူများနှင့်တွဲခဲ၏။ ကျွန်မကိုသာသူတွဲ၏။ ပြီးတော့ ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်ရုံမက သူ့ပတ်ဝန်းကျင်သည် ကပြားများသောကြောင့် မြန်မာစာကို သူယူသာယူသော်လည်း ကောင်းစွာမလိုက်နိုင်၍ မြန်မာစာ အခက်အခဲရှိသမျှ ကျွန်မကို သူကမေး၏။ ကျွန်မကလည်း အင်္ဂလိပ်ကဗျာများကို ကြိုက်နှစ်သက်၏။ ဝါသနာပါ၏။ အင်္ဂလိပ်စာကိုမူ မြန်မြန်မရေးနိုင်၊ အင်္ဂလိပ်စကားကို လှလှပပ

မပြောတတ်။ အရှေ့တိုင်း၊ အနောက်တိုင်းရာဇဝင်များကို ပို့ချသင်ကြားသော ဆရာမကြီးများမှာ အင်္ဂလိပ်လို စကားပြောသွက်လက်လွန်းသောကြောင့် ကျွန်မလက်ချာလိုက်ရာ၌ တစ်ခါတစ်ရံ မမီပါ။ ကျွန်မ၏ အင်္ဂလိပ်လို ရာဇဝင်မှတ်စုများမှာ အပေါက်ရာ (ကွက်လပ်များ) များလှ၏။ ထိုအပေါက်များကို ဖြည့်ရန် မရင်ကြည်ကို ကျွန်မက အားကိုးရပါသည်။ ကျွန်မတို့သည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီခြင်း သဘောတရားဖြင့် တွဲမိကြ၏။

ကျွန်မရင်ထဲ ဘယ်လိုဖြစ်နေသည်ကို သူတို့ကလည်း မတွေးမိ၊ တွေးလည်းတွေးစရာ မလိုပါပေ။

"မရင်ကြည် ဘာမေးမလို့လဲ"

သူက လက်ဝဲသုန္ဒရ ကဗျာစာအုပ်ကို ထောက်ပြ၏။

"ပန်းကတော့ ဟုတ်ပါပြီ။ နေနန်းသိန်နဲ့ ကန်မှာသောင်ဆိုတာ ဘာလဲ။ ဗေဒင်စကားမို့ နားမလည်ဘူး"

ကျွန်မ မဖြေခင် အနားမှ အသံတစ်သံပေါ်လာ၏။

"ဗေဒင်မဟုတ်ပါဘူး မမကြည်ရဲ့၊ အရပ်စကားပြောရရင် သိန်ရာသီက ဝါခေါင်လ၊ ကန်ရာသီက တော်သလင်း၊ နေမင်းကြီးက ကန်ရာသီမှာလိုလို သိန်ရာသီမှာလိုလိုပဲတဲ့။ ပန်းတွေကလဲ ကိုယ့်ရာသီနဲ့ ကိုယ်ပွင့်ရမှာ။ ခုတော့ ခတ္တာပန်းပွင့်ချိန်မှ မကုန်သေးဘူး။ ယင်းမာပန်းက ဝင်ပွင့်တော့ ပန်းတွေကလဲ နေရာလုသလို ရှုပ်ထွေးဖောက်ပြန်၊ နေမင်းကြီးကလဲ မပြတ်သား၊ အို. . . အားလုံးဖောက်ပြန်နေတာကိုပြောတာ"

ကျောင်းသူ ပုတက်လေးခင်မြအေးက ဝင်နှောက်လိုက်၏။

"အေး. . အေး နင်ပြော နင်ပြော၊ နင်ပြောတော့မှ ဒေါ်ရင်ကြည်ကြီး နားရှုပ်သွားပြီ"

ကျန်ကျောင်းသူများက ဝိုင်းရယ်၏။ သူတို့ဘဝပဲ ကောင်းသေး၏။ ဩော်. . ငယ်သေးတော့လည်း ဘဝက ပျော်စရာပေပဲပေါ့။ ဒေါ်ရင်ကြည်သည်လည်း ကျွန်မကို မမေးနိုင်တော့ဘဲ

ကျောင်းသူလေးတွေ ပြောသည်ကို သဘောကျစွာ ရယ်နေတော့သည်။

ကျွန်မပင်လျှင် သူတို့ကိုကြည့်ရင်း စိတ်ရွှင်လာ၏။

"မမယုကော. . . စာမေးပွဲကြီးရောက်ရင် ရာဇဝင်ကို အင်္ဂလိပ်လိုဖြေမလား၊ မြန်မာလို ဖြေမလား၊ဆရာဦးတင်အုန်းက ကြိုက်သလို ဖြေနိုင်တယ်တဲ့"

"ဒုတိယပိုင်း ၃ နာရီမေးခွန်းကိုတော့ အနည်းဆုံး စာတစ်အုပ်ကုန်အောင် ဖြေရမယ်တဲ့။ ကျူတာဦးဝေဇင်ကပြောတယ်။ နို့မို့ရင် စာစစ်သူက အထင်သေးမယ်တဲ့"

သူတို့သည်လည်း မတ်လတွင် ရင်ဆိုင်ရမည့် စာမေးပွဲအတွက် ယခုကတည်းက ဗျာပါဒတွေနှင့်ပင်တည်း။ ကျွန်မကမူ ရာဇဝင်ကို အတန်းထဲမှာ ကျူတိုရီရယ်ရေးသောအချိန်၌ အင်္ဂလိပ်လိုရေး၍စာမေးပွဲကြီးတွင်မူ မြန်မာလို ဖြေပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံ ရာဇဝင်ဘာသာရပ် စကားလုံးများထဲတွင် အတိအကျ မိမိဆိုလိုသော စကားတစ်လုံးကို တွေးမရသည်နှင့် ချွေးပြန်ကာ စာမေးပွဲကျမှာ စိုးသောကြောင့် ဖြစ်ပါသည်။ ရာဇဝင်ဘာသာ၌ရေးသော အင်္ဂလိပ်စာမှာ အဖွဲ့အနွဲ့မလို၊ အချက်အလက်ပြည့်စုံလျှင် တော်ပြီဆိုသော်လည်း ထိုအချက်အလက်အတွက် ကျွန်မလို အင်္ဂလိပ်စာစကားလုံး ကြွယ်ကြွယ်ဝဝမရှိသူအဖို့ စကားတစ်လုံးကြောင့် သုံးနာရီအချိန်တွင် ထစ်အဲ ထစ်အဲဖြစ်နေလျှင် ဒုက္ခပင်တည်း။

"အချို. . မင်းအကျင့်ရအောင်လို့ မမက ပြောရတာ။ ကျူတိုရီရယ်မှာ အင်္ဂလိပ်လိုသာရေး၊ စာမေးပွဲကြီးရောက်တော့ မြန်မာလို ဖြေနိုင်ပါတယ်"ဟု အရှေ့တိုင်းရာဇဝင် ကထိက ဆရာမကြီးဒေါ်ခင်ခင်ကြီးက ကျွန်မကို အားပေးပါသည်။

"ပြီးတော့လဲ မင်းတို့တွေအားလုံး ရာဇဝင်မှာ သုံးနာရီဘာသာဟာ တစ်ပုဒ်တည်း သုံးနာရီပြည့်အောင် ရေးရမယ်ဆိုပြီး

မဆိုင်တဲ့အချက်အလက်တွေဆွဲမထည့်နဲ့။ တကယ်တော့ မင်းတို့ဟာ စာများများဖတ်၊သင်တန်းမှန်မှန်တက်ရင် ရေးစရာအချက်အလက်တွေဟာ များလွန်းလွန်းလို့ သုံးနာရီတောင် ရေးမကုန်ပါဘူး" ဟု ဒေါ်ခင်ခင်ကြီးသည် စာမေးပွဲဖြေဆိုခါနီးတိုင်း သူ့တပည့်များကို သတိပေးလေ့ရှိပါသည်။ ယခုလည်း အရှေ့ဖျားရာဇဝင် အချိန် မစခင် ကျောင်းသူများ ကိုယ်ထင်ရာကိုယ်ပြောနေကြခြင်းဖြစ်၏။

"ကိုယ်တော့ ချွေတံဆိပ်ကြီးရဦးမယ်"ဟု တင်တင်မြက ဆိုပြန်ပါသည်။ ကျောင်းသူတွေက သူ့ကိုဝိုင်းအာရုံစိုက်ကြပြန်သည်။ တင်တင်မြသည် လုံချည်ပန်းသွေး မရမ်းစေ့ရင့်ရင့်ကို ဝတ်လျှင် အင်္ကျီကိုလည်း နိုင်လွန်မရမ်းသွေးဖျော့ဖျော့နှင့် အရောင်လိုက်အောင် ဝတ်တတ်၏။ စကားပြောသွက်၍ ချစ်စရာရယ်မောချ၍ ပြောတတ်ပါသည်။

"ဘာဖြစ်လို့လဲဆိုတော့လေ ဟိုတစ်ပတ် အရှေ့တိုင်းရာဇဝင်မှာ ကျူတိုရီရယ်ရေးတုန်းက ကမ္ဘာ့အရှေ့ပိုင်းကို ဥရောပနိုင်ငံကြီးများ နယ်ချဲ့လာခြင်းကို ဝေဖန်ပါတဲ့ဆိုတော့ ကိုယ်ကရေးလိုက်တာပေါ့။ ဥရောပက သိပ္ပံပညာရှင်တွေ တည်ထောင်တဲ့စက်ရုံတွေကို ရိုက်ချိုးလိုက်ပါ။ စက်ရုံတွေမရှိရင် ကုန်ကြမ်းလဲ ရှာစရာမလိုဘူး။ ကုန်ကြမ်းမရှိရင် ကုန်ချောလဲ မထွက်တော့ဘူး။ ဒီတော့ ဥရောပနိုင်ငံကြီးတွေဟာ ကုန်ကြမ်းအတွက်လဲ ကိုလိုနီတွေ မရှာရ၊ ကုန်ချောတွေသိပ်ထွက်လို့ရောင်းစရာ ဈေးကွက်အတွက်လဲ နယ်ချဲ့စရာမလိုလို့ ရေးထည့်လိုက်ပါတယ်"

ကျောင်းသူတွေသည် ဝါးကနဲရယ်လိုက်ကြ၏။ တင်တင်မြကတော့ ဆက်ပြော၏။

"ငါရေးတာကိုလေ ကျူတာဦးမောင်မောင်စောက သိပ်သဘောကျသွားတယ်ထင်တယ်၊ စာအုပ်တွေပြန်ဝေတော့ ငါ့တပည့် တင်တင်မြ သိပ်တော်တယ်။ ချွေတံဆိပ်ကြီးပေးဦးမယ်တဲ့။ စာမေးပွဲများ အဲဒီလိုရေးရင်တော့ အကျပဲတဲ့၊ ပြောသွားတယ်ဆရာ"

ကျူတိုရီရယ်မှာတော့ ကိုယ်ထင်တာ ကိုယ်ရေးကြ၏။ စာအုပ်များပြန်ဝေသောနေ့တွင်မှ နည်းပြ(ကျူတာ)ဆရာများက တပည့်များကို တစ်ဦးချင်းတွေ့ဆုံကာ ယူဆချက်၊တွေးခေါ်ချက်များကို စာမေးပွဲကြီးရောက်လျှင် ဘယ်လိုဖြေသင့်သည်ကို ညှိနှိုင်းဆွေးနွေး၍ပြောပြကြပါသည်။

"ကိုယ်တော့ အနောက်တိုင်းရာဇဝင်ကျူတိုရီရယ်မှာ ကျောက်စာနဲ့ အင်္ဂလန်ပါလီမန် အရေးတော်ပုံကို တွဲပြီးကိုရေးလိုက်တယ်၊ မှတ်ရော" ခင်မြအေး မပုတက်ကလေးသည် တစ်စခန်းထလာပြန်သည်။

"အောင်မယ်၊ တယ်ဟုတ်ပါလား ပညာရှိကြီးရဲ့၊ ဆိုစမ်းပါဦး"

ကျောင်းသူတစ်ယောက်က ဝင်ထောက်၏။ ခင်မြအေးသည် အနောက်တိုင်းရော အရှေ့တိုင်းရော ရာဇဝင်နှစ်ခုယူထားသူကျောင်းသူတစ်ဦးဖြစ်၏။

"ဘုရင့်လက်ထဲကအာဏာကို တိုင်းသူပြည်သားတွေလက်ထဲ ပါလီမန်နည်းနဲ့ရအောင် တိုက်တဲ့နေရာမှာ၊အမျိုးသမီးတွေမဲဆန္ဒပေးပိုင်ခွင့် ရအောင်အထိတိုက်ရတာ။ ၁၉၂၉-နှစ်မှပဲ အဆုံးသတ်တယ်လို့။ မြန်မာအမျိုးသမီးတွေကတော့ ပုဂံခေတ် ကျောက်စာတစ်ခုမှာ အမျိုးသမီးတစ်ယောက်ကို ပေးထားတဲ့ရာထူးက "မောင်းမနှုတ်ဆက်အမွန်ရ"လို့တွေ့ရတယ်။ "အမွန်"ဆိုတာ ရှေးဦး၊ နှုတ်ဆက်ဆိုတာကြိုဆိုရတယ်။ဧည့်ခံရတယ်။ ခုခေတ်စကားဆိုရင် ဘုရင့်ရှေ့တော်မှောက် ဧည့်သည်တော်ကြီးများ မဝင်ရောက်ခင် ကြိုတင်ဧည့်ခံရတဲ့ ဧည့်ခံရေးအရာရှိပေါ့။ နည်းတဲ့ရာထူးလား။ မြန်မာအမျိုးသမီးတွေရဲ့ မွေးရာပါအခွင့်အရေးဖြစ်လို့ ခုလဲ မြန်မာအမျိုးသမီးတွေဟာ ၁၈ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးပိုင်ခွင့်ရနေတယ်လို့၊ဟဲ. . ဟဲ. . အဲဒီတော့ ကိုယ်လဲ အနောက်တိုင်းရာဇဝင်မှာ ဈွေတံဆိပ်ရဖို့သေချာနေပြီ။ မင်းရွှေတံဆိပ်နဲ့ ငါ့ရွှေတံဆိပ် ပြိုင်

ရလိမ့်မယ်။ ကိုယ်က ပိုပြီးသေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက နပိုလီယံ အင်္ဂလိပ်ကုန်သင်္ဘောတွေ ဥရောပကမ်းခြေ မကပ်ရဘူးလို့ သူပဲအမိန့်ပေးတယ်။ သူ့စစ်သားတွေကဖြင့် အင်္ဂလန် ကထွက်တဲ့ဖိနပ်စီးပြီး စစ်တိုက်နေတဲ့အချိန်။ အခုလဲ တင်တင်မြရာ မင်းလိုဖက်ရှင်ကျကျ ဝတ်ချင်တဲ့ မိန်းမတွေကြောင့် စက်ရုံတွေဟာ အပိုသုံး ဇိမ်ခံကုန်ချောလှလှတွေ ထုတ်နေရတာ၊ မင်းရေးသလို စက်ရုံမရှိရင် မင်းပဲ ထဘီမရှိမှာ"

ဟား. . ဟား. . ဟား. . ကျန်ကျောင်းသူများက ခင်မြ အား စကားလုံးကို ပို၍ပွဲကျသွား၏။

"ငါက မမယုစကားလုံးတွေကို ရွတ်မှာပေါ့"တင်တင်မြ အတွန့်တက်လာသောစကားကြောင့် ကျွန်မက ပါးစပ်ဟသွား၏။

"မမဘုရားတို့ ရှင်တို့ဘာသာဖြေချင်ရာဖြေပါ။ ရေးချင်ရာ ရေးပါ။ ရှင်တို့အထဲ မယုကို ဆွဲမထည့်ပါနဲ့"

"အို. . . မမယုရယ်၊ ကျောက်ခေတ်ပြန်သွားပြီး ဂူထဲမှာ လေ မမယုဝတ္ထုထဲက ဇာတ်လိုက်လို ကြာပန်းပွင့်ရဲ့ပွင့်ဖတ်တွေကို ကိုယ်ပေါ်မှာဆင်၊ ကြာရွက်တွေကို ခါးမှာပတ်အေးရော။ တင်တင် မြဖက်ရှင်ဆိုရင် ကမ္ဘာက အမျိုးသမီးတွေတောင် ကြိုက်လို့လိုက် ဝတ်မှာ"တင်တင်မြသည် လည်တိုင်လေးမော့ကာ ကြော့ကြော့လေး ဖြေလိုက်၏။

များသောအားဖြင့် အရှေ့ဖျားရာဇဝင်သင်တန်းအချိန်မှာ မနက်၇ နာရီမှ စတတ်ပါသည်။ အနောက်တိုင်းရာဇဝင်မှာမူ နေ့လယ်ပိုင်းဖြစ်ပါသည်။

ကျွန်မအား တက္ကသိုလ်ကျွန်းညိုရိပ်တွင် သူ ထားရစ်ခဲ့ သည်မှာ ခုလိုကျောင်းသူလေးများနှင့် တဖြည်းဖြည်း ရောပါသွား ရင်း ကျွန်မ စိတ်သက်သောင့်သက်သာရစေချင်၍ ဖြစ်ဟန်တူပါ သည်။ ယခင်ကတော့ သူအဝေးရှိတပ်ရင်းများသို့ ပြောင်းရွှေ့သွားရ သည်ပဲ ဖြစ်ဖြစ်၊ ရှေ့တန်းတစ်နေရာရာသို့ တိုက်ပွဲဆင်ရသည်ပဲ

ဖြစ်စေ၊ ကျွန်မအလုပ်လုပ်နေရ၍ စိတ်မှာ ပျံ့လွင့်မှုမရှိပါ။ ကျွန်မ ယခု အလုပ်မှထွက်နေချိန်ဖြစ်သောကြောင့် ပညာလည်းရစေ၊ စိတ်လည်းတည်ငြိမ်စေသဘောပဲဟု ကျွန်မ စိတ်ဖြေလိုက်ပါသည်။

ကျူတိုရီရယ်ရေးထားပြီးသောစာအုပ်များကို ကျူတာများ စစ်ဆေးပြီး၍ ဝေချိန်ရောက်တိုင်း ကျွန်မတို့တွေ ပို၍ပျော်ပါသည်။ ကျောက်ရုပ်လိုဆရာကိုမူ အေးစက်စက်ပြောဟန်ဆိုဟန်မပါ၍ နား ထောင်ရင်းမှ တပည့်များအတင်းပြောမိကြ၏။မြန်မာစာအချိန်တွင်မူ ဆရာဦးတင်မောင်ဌေးအချိန်ကို ကျောင်းသူကျောင်းသားများ သဘောကျကြသည်။

"ဘယ်နှယ့်လဲဗျာ၊ ဘီအေတွေတဲ့၊ အတော်အတွေးအခေါ် အဆင့်အတန်းမြင့်တာပဲ"

သူသည် ကျောင်းသူကျောင်းသားများ ရေးထားသော မြန်မာစာစီစာကုံးစာအုပ်ကို တစ်အုပ်ချင်း ကောက်ကိုင်ကာ စကား စလာ၏။ ဘယ်သူ၏ရေးဟန်ကို ဝေဖန်မည်လဲဟု ကျောင်းသူ ကျောင်းသားတွေသည် စိတ်စောလာကြ၏။

"ခေါင်းစဉ်က 'နောင်နှစ်ပေါင်း ၂၅၀၀ကြာသောအခါ ရန်ကုန်တက္ကသိုလ်'လို့ တပ်ထားတယ်။ ဒါကို စာစီစာကုံးရေးရမယ်။ ကျွန်တော်ကတော့ ကျွန်တော့်ကျောင်းသားကြီးတွေ အတွေးအခေါ် မြင့်မြင့်မားမားနဲ့ ရေးကြလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဟော . . . ကျောင်းသားတစ်ယောက်က ရေးထားပါတယ်။ နှစ်ပေါင်း ၂၅၀၀ ကြာတဲ့အခါ ရန်ကုန်တက္ကသိုလ်မှာတဲ့ ဆရာဦးတင်မောင် ဌေးဟာ ဖော့လုံးခေါင်းပေါင်းအဖြူကြီး ပေါင်းလို့တဲ့"

သူသည် လက်ကပါ ခေါင်းကိုစွပ်ပြလိုက်၏။ ပြီးတော့ မျက်လုံးကို ခပ်ကျယ်ကျယ်ပြူး၍ ဆက်ပြော၏။

"ပြီးတော့ သိုရင်း အင်္ကျီအရှည်ကြီးကို ဝတ်လို့တဲ့. . " ကျောင်းသားထဲမှ ရယ်သံများထွက်လာတော့သည်။

"ပုဆိုးတောင်ရှည်လဲဝတ်လို့ ဆိုပဲ"

ကျွန်မတို့ ကျောင်းသူများပါ မနေနိုင်တော့ဘဲ ရယ်ကြပါသည်။ ဆရာဦးတင်မောင်ဌေးကတော့ မရယ်ပါ။ ခပ်တည်တည်ဟန်ပါပေတည်း။ သို့သော် သူ့ဟန်ကိုက 'ဟာသ'ဟန်ပါနေပေသည်။

"ကဲဗျာ အတော်မြင့်မားတဲ့ တွေးခေါ်မြော်မြင်ပုဂ္ဂိုလ်ရှင်ကြီးပါပဲ။ ဘာကြောင့် နောင်နှစ်ပေါင်း ၂၅၀၀မှာ ကျွန်တော်ဆရာတင်မောင်ဌေးဟာ တက္ကသိုလ် ဒိသာပါမောက္ခဆရာကြီးလို သိုရင်းအင်္ကျီနဲ့ ပုဆိုးတောင်ရှည်နဲ့၊ ဖော့ဖြူခေါင်းပေါင်းစွပ်နဲ့ နေရမှာတဲ့လား။ ဒီတက္ကသိုလ်နဲ့ကျွန်တော်က နှစ်ပေါင်း၂၅၀၀ထိ တွဲနေမတဲ့လား"

ကျောင်းသူများက တခိခိရယ်ကြ၍ ကျောင်းသားများကမူ တဝါးဝါးပွဲကျကြပါသည်။ တစ်ခါတစ်ရံမှာမူ မြန်မာရှေးဟောင်းကဗျာများကို စကားပြေရေးခိုင်း၍ ခေါင်းစဉ်တပ်ခိုင်းပါသည်။

ခေါင်းစဉ်တပ်ခြင်းကို သေးဖွဲသည်ဟု ကျောင်းသားများအထင်သက်ရောက်နေပုံရ၏။ တကယ်တော့ ကျွန်မတို့ ဝတ္ထုစာပေနယ် ရောက်လာသောအခါမှ ဝတ္ထုတစ်ပုဒ်ရေးရေး၊ ကဗျာတစ်ပုဒ်ပင်ရေးရေး၊ နာမည်(ခေါင်းစဉ်တပ်ခြင်း)မှာ မည်မျှအရေးကြီးသည်ကို သိလာကြပါသည်။

ကျွန်မသည် ရှုမဝတွင် ဝတ္ထုတိုများစ၍ရေးစဉ်က ဆရာငွေဥဒေါင်း(ဦးကြီးမောင်)က ဝတ္ထုနာမည် တပ်တတ်ဖို့အရေးကြီးကြောင်း ပြောပြခဲ့ဖူးပါသည်။ တက္ကသိုလ်ရောက်သောအခါ ဆရာငွေဥဒေါင်းပြောသည်မှာ မှန်ကြောင်းပို၍သိလာရပါသည်။

မြန်မာစာအပြီးတွင် အချိန်အားနေကြ၏။ ကျောင်းသူအများစုက ဦးချစ်ခင်တို့ ရုပ်ရှင်ရိုက်နေရာ ဘွဲ့နှင်းသဘင်ခန်းမနောက်သို့ သွားရန်တာစူနေကြသည်။

ကျွန်မနှင့်မရင်ကြည်မှာ တင်တင်မြတို့အုပ်စုနှင့်အတူ မလိုက်နိုင်သေးပါ။ မရင်ကြည်၏အဖော်တစ်ယောက်ကို စောင့်နေရ၏။ သူ့အဖော်မှာ အင်္ဂလိပ်စာနှင့် မြန်မာစာစုံတွဲယူထားသူဖြစ်၏။

သူ့နာမည်မှာ 'မာ'ဖြစ်၏။ မာသည် ဖရုံစေ့လှော်အထုပ်သုံးထုပ်ကိုဝယ်လာရင်း ကျွန်မတို့အခန်းထဲသို့ဝင်လာ၏။ မာသည် ပေါင်တံရှည်၍ ခုံမြင့်ဖိနပ်စီးသောအခါ သူ လမ်းလျှောက်ပုံမှာ လှပပါသည်။ ကျွန်မတို့လက်ထဲသို့ ဖရုံစေ့ထုပ်များ တစ်ထုပ်စီဝေလိုက်၏။

ပန်းနုသွေးခြယ်ထားသောနှုတ်ခမ်းကို ဖွင့်ကာပြုံးလျှင် သွားများသည် ပုလဲရောင်တောက်လာပါသည်။

"အဲဒီအဒေါ်ကြီးနှစ်ယောက်ဟာ အမြဲပဲနောက်ကျတယ်။ ရုပ်ရှင်ရိုက်တာ ပြီးများပြီးသွားပလားမသိဘူး"ပြောပြောဆိုဆို သူက ရှေ့ကထွက်သွား၏။

"အမယ်. . . မာရယ်၊ တို့များ မင်းကိုစောင့်နေတာ။ သူက နောက်ကျနေပြီး"ကျွန်မတို့လမ်းလျှောက်ရင်းစကားပြောလာကြသည်။

"ဆောရီး. . ဆောရီး" သူသည် ခပ်ဟတ်ဟတ် အော်၍ ချစ်စရာရယ်လိုက်၏။

"မာက မမယုကြီးကို ဝေဖန်မလို့၊ မွေးဟာ ဘာဖြစ်လို့ ဖရက်ဒီကို လက်လွှတ်ရလဲဆိုတော့ မာတို့လို ယောကျ်ားကျမ်းမကြေလို့"

"ဘုရားရေ. . . "ကျွန်မနှင့်မရင်ကြည်က ပြိုင်တူဘုရားတလိုက်၏။

"ဘာလဲ. . မမယုတို့လဲ လက်ထပ်ပြီးသားတွေဆိုတယ်၊ မာတို့လို ယောကျ်ားကျမ်းမကြေဘူး။ မာတို့တော့ တက္ကသိုလ်မှာနေ၊ စာကိုလည်းသင်တယ်၊ အင်းလျားကန်မှာလဲ ကျက်စားတယ်။ အင်းလျားကန်စောင်းက ငါးမျှားတဲ့ကုလားမကြီးနည်းလည်း ယူတယ်"

သူ့စကားမှာ မဆိုးလှ။ စိတ်ဝင်စားဖွယ်ကောင်းလာပါသည်။

"အင်းလျားကန်ငါးကြင်းဟာ တကယ်စားတော့ သိပ်စားလို့ကောင်းတာပဲ။ ကုလားမကြီးလို တစ်ကောင်ပြီးတစ်ကောင် မျှား

တယ်။ ရရင်ဘေးက ခြင်းထဲထည့်ထားတယ်။ လက်တော့မြန်ရမယ်။ အနည်းဆုံး နှစ်ကောင်ရအောင် မျှားတယ်။ တစ်ကောင်ကို လတ်လတ်ဆတ်ဆတ် ခုတ်ထစ်ချက်စား။ ပိုတာကို ငါးချဉ်သိပ်ထား။ စာချင်းတဲ့အချိန် ထုတ်ပြီးကြော်စား သိပ်အရသာရှိပေါ့. . . ဟေ . . ဟေ့. . ဟေ့"

မာသည် ဘွဲ့နှင်းသဘင်လမ်းမပေါ်တွင် ကျွန်မတို့သုံးယောက်တည်းရှိသလို လွတ်လွတ်လပ်လပ်ကြီး ရယ်ရယ်မောမော ပြောလာ၏။

"အေးပေါ့ မာရယ်။ တို့များက လက်သာထပ်ပြီးတယ်။ ယောက်ျားငါးချဉ်သိပ်နည်း မတတ်လို့ ပညာပေးပါဦး။ ဒါမှ မယုလဲ စာရေးတဲ့အခါ ထည့်ရေးရအောင်" ကျွန်မက ပြောလိုက်၏။

"မမယုကြီးလား၊ အလကားပဲ။ သူ့ဝတ္ထုထဲက အတွက်လို စိတ်ကူးယဉ်နေတာနဲ့ပြီးမှာ"

သူက စကားအဆုံးတွင် ပြေးတော့မတတ် ရုပ်ရှင်ရိုက်ရာနေရာဆီသို့ ရှေ့သွက်သွက်ကြီးလှမ်းသွားသောကြောင့် ကျွန်မတို့နှစ်ယောက်လည်း ရယ်မောရင်း ကမန်းကတန်း လိုက်ရပါသည်။ ကျွန်မတို့ ကျောင်းသားများကြားထဲ တိုးလိုက်သောအခါ. . .

"မာ. . . တဲ့၊ သူမရဲ့နာမည်ဟာ တစ်လုံးတည်း မမုန်းလည်း မမုန်းရက်စရာ"

မာသီချင်းကို ကျောင်းသားတစ်ယောက်က မကြားတကြား ဆိုလိုက်ပါသည်။

"အသည်းနှလုံးများက ကျောက်တုံးကျောက်ခဲများပမာ၊ မာလို့များနေလေသလား၊ အဓိပ္ပာယ် စိတ်ဝယ်ဖွေရှာ"

နောက်ကျောင်းသားတစ်ယောက်က သီချင်းကို အဆုံးသတ်၏။ မာသည် ကျွန်မတို့ရှေ့ကျောင်းသားများကြားတွင် ကွယ်ပျောက်သွား၏။

"ကြားလား မယု၊ သူတို့ခေတ်မှာလဲ မာလိုကျောင်းသူမျိုး

နဲ့၊ ဒီလိုကျောင်းသားတွေပဲ လိုက်တယ်" မရင်ကြည်သည် ကျွန်မ အပါးကပ်ကာ တိုးတိုးပြောပြသည်။

ကျွန်မတို့သည် ရုပ်ရှင်ရိုက်ကွင်းကို အပြီးသတ်ကလေးပင် မြင်လိုက်ရတော့သည်။ ထွန်းဝေက မြင့်မြင့်ခင်ကို စကားပြောပြီး ၍ပင်နေသည်။ မြင့်မြင့်ခင်သည် ရှက်ရှက်နှင့် ထီးလေးဆောင်းကာ သွက်သွက်လျှောက်သွားပုံကိုသာ ရိုက်နေသည်ကို ကျွန်မနှင့် မရင်ကြည် မီလိုက်တော့သည်။

ရုပ်ရှင်ရိုက်သည်ကိုကြည့်ပြီး မာလာဆောင်ဘက်သွားကာ လက်ဖက်သုတ် သွားဝယ်စားကြ၏။ ပြီးမှ အေးအေးဆေးဆေး အနောက်တိုင်းရာဇဝင် ပို့ချရာ ကျောင်းခန်းမဆီသို့ ကျွန်မတို့ လျှောက်လာကြသည်။ စာသင်ခန်းမထဲသို့ ဝင်သွားသောအခါ ခေါင်းလောင်းထိုးနေပြီဖြစ်၍ ကျောင်းသားများ၏ကြွက်စီကြွက်စီသံ များ ငြိမ်သွားတော့သည်။

ဆရာ မရောက်ခင် အနောက်တိုင်းရာဇဝင်ချိန်မှာမူ နိုင်ငံ ရေးသိပ္ပံနှင့် အနောက်တိုင်းရာဇဝင်တွဲ ယူထားသူကျောင်းသူများ သည် လာမည့်ဧပြီလတွင် ကျင်းပမည့် မြန်မာပြည်ရွေးကောက်ပွဲကို ကိုယ့်အုပ်စုနှင့်ကိုယ် ဝေဖန်နေကြပြန်၏။

"မယု. . . ရှင်ဘာဖြစ်နေလဲ၊ ရှင်သိပ်ငိုင်တာပဲ၊ ဘာဖြစ် နေလို့လဲ. . " မရင်ကြည်သည် ကျောင်းသူတွေဝေဖန်နေသည့်အထဲ ကျွန်မ ခါတိုင်းလိုဝင်မရောသည့်အတွက် သူကပါ စိတ်မကောင်း ဖြစ်နေပုံရ၏။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ။ကိုယ့်အဆက် ဒီ နေ့ အညာကတပ်ရင်းကို ပြောင်းသွားရတဲ့နေ့။ သူ့ကိုသတိရနေလို့ ပါ"

"ဒါနဲ့နေဦး၊ ရှင်ဘယ်မှာမဲပေးမှာလဲ။ တပ်ထဲမှာလား၊ အရပ် ထဲမှာလား"သူက ပူပူပင်ပင်နှင့် မေး၏။

"မဲဆန္ဒရှင်စာရင်းထဲမှာကို ဘယ်မှာမှ ကိုယ့်နာမည်မပါလို့

ရှာရဦးမယ်"

တကယ်ပင် ကျွန်မသည် လက်ရှိနေသော ဆူးလေဘုရားလမ်းမဲဆန္ဒနယ်တွင် ကျွန်မနာမည်ရှာမရ၍ မဲစာရင်းပါအောင်လုပ်ရဦးမည်။

* * *

# အခန်း(၁၃)

"မခင်ယု. . . မင်းရဲ့လက်မှတ်ကို အဲဒီနေရာမှာ ထိုးရမယ်"

ကျွန်မနာမည်ကို ရင်းရင်းနှီးနှီးခေါ်လိုက်သော အရာရှိ၏ အသံကြောင့် ကျွန်မကြောင်သွား၏။ ထိုအရာရှိကြီး၏မျက်နှာကို မော့်ကြည့်ရင်း ကျွန်မ လက်မှတ်ထိုးစရာရှိသည်ကို မထိုးဘဲ ငေးနေမိသည်။

"ဦးလေးက ကျွန်မကို သိတယ်လား"

ကျွန်မသည် အတန်ငယ်အိုမင်းနေပြီဖြစ်သော ထိုပုဂ္ဂိုလ်ကြီး၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးမိ၏။ သူသည် ပြုံးပြုံးရွှင်ရွှင်နှင့် အေးအေးသက်သာပင် စကားပြောနေ၏။ ကျွန်မအပေါ်တွင်မူ ဝန်ကြီးချုပ်၏ အိမ်တော်ဝန် ဦးကြူစိန်မှာ ရပ်နေသည်။ ဦးကြူစိန်သည် အိမ်စောင့်အစိုးရလက်ထက်တွင် (၁၆)ဝင်ဒါမီယာ ဝန်ကြီးချုပ်အိမ်ကို ဆက်လက်တာဝန်ယူထမ်းဆောင်နေရဆဲဖြစ်၏။ ကျွန်မကသာ တက္ကသိုလ်ကျောင်းသို့ တက်နေခြင်းဖြစ်သည်။ ရုံးများသို့ သွားစရာကိစ္စရှိလျှင် ယခင် ကျွန်မရာထူးလက်ရှိတုန်းကလိုပင် သူ အဖော်အဖြစ် လိုက်ပါဆောင်ရွက်ပေးမြဲဖြစ်၏။

ကျွန်မနှင့်အရာရှိကြီး အပြန်အလှန် စကားပြောနေသည်ကို သူဘေးမှ အကဲခတ်ကြည့်နေ၏။

"မသိဘဲနေပါ့မလား မခင်ယုရယ်၊ ဦးလေးဟာ သန်းသန်းနွယ် အဖေပဲ"

"အလို. . . ခွင့်လွှတ်ပါ ဦးလေးရယ်"

"ခွင့်လွှတ်ပါတယ်. . . ခွင့်လွှတ်ပါတယ်။ မင်းနဲ့ဖိုးကျော်

သောင်းနဲ့စေ့စပ်တော့ သူ့ဘက်ကလူကြီးတွေအနေနဲ့ ဦးလေးတို့ လင်မယားလိုက်ခဲ့ရတယ်။ မင်းတို့စေ့စပ်ကြောင်းလမ်းတဲ့အချိန်မှာ မင်း အိမ်မှာမရှိဘူးလေ"

မှန်ပါ၏။ ကျွန်မနှင့်သူစေ့စပ်ကြောင်းလမ်းသည့်နေ့က အိမ်ကိုမပြန်ခဲ့။ ဝင်ဒါမီယာတွင် ကျွန်မ၏အဘွားလေးနား၌ ညအိပ်ကာ တစ်ညလုံး ငိုနေမိသည်။ နံနက်တွင်မူ ရုံးချိန်၌ ဝန်ကြီးချုပ်က ကျွန်မကိုတွေ့သောအခါ အံ့အားသင့်နေသည်။

"ဟဲ့. . မိခင်ယု၊ မနေ့ကတင်တင်(မေမေ)ကိုကိုကြီးကို လာပြောတယ်လေ။ မင်း ဒီနေ့ စေ့စပ်မယ်ဆို၊ သတို့သမီးဟာ စေ့စပ်ပွဲမှာ ရှိနေရမယ်လေ"

"ကျွန်မ မပြန်ချင်ဘူး"

ကျွန်မသည် ဒါပဲပြောကာ ဝန်ကြီးချုပ်၏စားပွဲပေါ်မှ ယူစရာရှိသော စာရွက်စာတမ်းများကိုယူကာ ခပ်မြန်မြန်ပင် ထွက်လာခဲ့ပါသည်။ ထို့ကြောင့် အိမ်တွင်ပြုလုပ်သော ကျွန်မတို့ စေ့စပ်ကြောင်းလမ်းပွဲသို့ မည်သူတွေပါဝင်ခဲ့သည်ကို ကျွန်မ မသိခဲ့ခြင်းဖြစ်ပါသည်။

ယခုမှပင် စေ့စပ်ကြောင်းလမ်းချိန်က သူ့ဘက်က လူကြီးမိဘအနေနှင့် ပါဝင်ခဲ့သော ထိုအရာရှိကြီးကို တွေ့မြင်ရခြင်းဖြစ်၏။

"အေး. . . အဲဒီနေ့က မင်းကလဲမရှိတော့ ဦးလေးကို ဘယ်သိမလဲ။ မောင်ကျော်သောင်းက ဘယ်မှာလဲ"

"ပေါက်မှာပါ။ သူ့တပ်ရင်းက ပခုက္ကူမှာတဲ့"

"ဦးလေးကို မှတ်ထားနော်၊သူနဲ့ပြန်တွေ့ရင်လေ သန်းသန်းနွယ်တို့ဖေဖေ၊ ဦးဘဝင်းကို ကော်လိပ်တော်ရုံးမှာ တွေ့ခဲ့တယ်လို့ ပြောပြနော်"

"ဟုတ်ကဲ့ ပြောပါ့မယ်ဦးလေးရယ်။ မသန်းသန်းနွယ်နဲ့တော့ ကျွန်မတို့ခင်ပါတယ်"

"မင်းကဘယ်လိုဖြစ်လို့ ဝန်ကြီးချုပ်အနားနေလာသူ ဖြစ်

ရက်နဲ့ မင်းရဲ့နာမည်က မဲစာရင်းမှာ ပျောက်နေရတာလဲ”

“ဒီလိုပါ။ အရင်နေခဲ့တာက ပြည်လမ်းမှာဆိုတော့ အရင် ရွေးကောက်ပွဲတွေမှာ ကျွန်မနာမည်ဟာ ပြည်လမ်း မဲဆန္ဒစာရင်း မှာ ရှိတယ်။ ခု ပြန်ရှာတော့ အဲဒီစာရင်းမှာလဲ ကျွန်မနာမည်မရှိ ဘူး။ သူ ပြောင်းလေရာ ကျွန်မ မလိုက်နိုင်တော့ တပ်ရင်းမဲစာရင်း မှာလဲ ကျွန်မနာမည် မရှိဘူး။ ခု ဆူးလေဘုရားလမ်းမှာ နေတယ်။ အဲဒီမဲဆန္ဒနယ်မြေမှာလဲ ကျွန်မနာမည် မရှိဘူး။ ရွေးကောက်ပွဲမှာ ကိုယ်ပိုင်တဲ့မဲတစ်ပြားကို အလကားအဖြစ်မခံနိုင်လို့ ဦးလေးတို့ဆီ ရောက်လာတာပါ”

ထိုစဉ်က ၁၈နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးပိုင်ခွင့် ရှိ၏။ မဲဆန္ဒရှင်စာရင်းများတွင် မိမိနာမည်ပျောက်နေပါက ကောလိပ် တော်ရုံးတွင် ကျမ်းသစ္စာကျိန်ဆိုပြီး မိမိနာမည်ကို လက်ရှိနေထိုင် သော မဲဆန္ဒနယ်မြေစာရင်းတွင် ထည့်သွင်းနိုင်ပါသည်။ ထို့ကြောင့် ယခု ကော်လိပ်တော်ရုံးတွင် ဦးဘဝင်းနှင့် လာတွေ့ရခြင်း ဖြစ်ပေ သည်။

သန်းသန်းနွယ်တို့ဖခင်ဦးဘဝင်းမှာ ကျွန်မအတွက်ဆောင် ရွက်စရာ ရှိသမျှကို အားလုံး လုပ်ကိုင်ပေးပါသည်။ ကျွန်မသည် ကျေးဇူးတင်စကားဖြင့် သူ့အား နှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်။

ဖေဖော်ဝါရီလတွင် ဆောင်းရာသီ နှောင်းလာပြီဖြစ်၍ ဆောင်းဦးပေါက်လိုမဟုတ်၊ ဖောက်ပြန်တတ်သော ဆောင်းလေက တော့ ခပ်မှန်မှန်ပင်တိုက်နေ၏။ သို့သော် နွေဦးပေါက်လေသည် မတ်လ(တပေါင်းလဆန်း)လောက်တွင် တိုက်ခတ်မြဲဖြစ်၏။နွေဦး လေသည် အစိုးမရ။ တစ်ခါတစ်ရံ နွေ၏ရှေ့ပြေးအဖြစ် ဖေဖော်ဝါရီ လကုန်လောက်တွင် မြူမစဲခင် ဝင်ရောက်လာတတ်၏။

နွေ၏တမန်ဖြစ်၍ မြူးကြွလန်းဆန်းစွာ ဝင်လာတတ်၏။ တအားကြဲး၍လည်း ခပ်ရမ်းရမ်းလည်း တိုက်ခတ်၏။ သူ ရှိသော ပေါက်တစ်နေရာတွင် အညာမြေဝယ်အညာလေသည် မည်သို့တိုက်

ခတ်နေမည်မသိ။

ကျွန်မ ကျောင်းတက်နေသော တက္ကသိုလ်နယ်မြေတွင် ဆောင်းနှောင်းလေသည် ဣန္ဒြေရရပင် တိုက်ခတ်နေ၏။

ကျောင်းဆင်းသော တစ်ညနေတွင်မှ သူ၏ တပ်မတော် ရဲဘော်ဟောင်းကြီး ကိုဖုန်းဆွေကို အိမ်တွင် ကျွန်မတွေ့ရ၏။ သူ သည် ရဲဘော်ဖြူတစ်ယောက်အဖြစ် တောခိုသွားပြီး ယခုတောတွင်း မှ ထွက်လာသူဖြစ်၏။

"ဖိုးကျော်သောင်းကြီးဆီက စာမလာဘူးလား"

"လာပါတယ်"

"ဘာတွေပါလဲ"

"ဪ. . . ဘီအေဖြေပြီးရင်တော့ ပခုက္ကူတပ်ရင်းကို လိုက်လာခဲ့ပါလားတဲ့။ တပ်ရင်းမှူးအနေနဲ့တော့ ပြဿနာမရှိပါ ဘူးတဲ့။ တပ်မဟာမှူးကတော့ ကျွန်မတပ်ရင်းကို လိုက်နေစေချင်တဲ့ ဆန္ဒရှိပုံရတယ်တဲ့"

"ဒါပဲလား"

"ဒါပဲပေါ့၊ ဘာပါရဦးမှာလဲ"

"အင်း. . . အင်း ကျွန်တော်တို့ကလဲ တပ်ထဲပြန်မဝင်၊ တောခိုသွားလို့သာ လူချင်းအဆက်ပြတ်သွားတာ။ တကယ်လို့သာ တပ်မတော်ထဲပြန်ဝင်ခဲ့ရင်တော့ ဖိုးကျော်သောင်းရဲ့တပ်မဟာမှူး နဲ့ဆို တစ်ဆင့်တည်းတွေ့ပဲ။ ဖိုးကျော်သောင်းလဲ သူထင်တာ သူစွတ် လုပ်နေလို့သာ။ နို့မို့ရင် ခုလောက်ဆို တပ်ရင်းမှူးလောက်တော့ အေးအေးဖြစ်နေပြီ။ ကျွန်တော် သတင်းတစ်ခုကြားလို့"

"ဘာသတင်းလဲ"

"တစ်ညမှာတဲ့၊ ဖိုးကျော်သောင်းက သူ့တပ်ခွဲကနေ တပ် ရင်းကို ခဏအပြန် တပ်မဟာမှူးနဲ့တွေ့တယ်တဲ့။ ထုံးစံအတိုင်း ပေါ့ဗျာ၊ ခင်ဗျားလူက ဟဲ. . ဟဲ. . ဟဲ. . ဟဲနဲ့ လိမ္မော်ရည်ဖန်ခွက် ကို ကိုင်လို့တဲ့။ တပ်မဟာမှူးကတော့ မူးနေတယ်ဆိုတယ်။ ဖိုးကျော်

သောင်း မခင်ယုကို တပ်ရင်းခေါ်မထားသေးဘူးလားတဲ့။ ဒီမိန်းမ သိပ်မာနကြီးတာပဲ။ မင်း သူ့ကိုသာကွာလိုက်ရင် တပ်မတော်မှာ မင်းတက်လမ်း အများကြီးရှိတယ်တဲ့။ အဲသလို ပြောတယ်တဲ့"

"ဟား. . ဟား. . ဟားဟား" ကျွန်မက ပွင့်ပွင့်လင်းလင်း တအားရယ်လိုက်သောအခါ ရဲဘော်ဟောင်းကြီးပင် ကျွန်မကို ကြည့်ရာမှ ကြောင်တက်တက် ဖြစ်သွား၏။

"သေးဖွဲသိမ်ငယ်လိုက်တာကွာ"ဟု ကျွန်မက ရယ်ရာမှရပ် ကာပြောလိုက်တော့မှ ရဲဘော်ဟောင်းကြီးသည် သူ့စကားသူ ဆက်၏။

"အေးလေ. . ဗျာ၊ ကျွန်တော်ကလဲ ဒီလူစကားပြောပုံက တို့တပ်မတော်ကြီး သိက္ခာကျလိုက်တာလို့ ထင်ပါတယ်။ ဖိုးကျော် သောင်းကတော့ တဟဲဟဲနဲ့ပဲ ဣန္ဒြေမပျက် တပ်မဟာမှူးစကားကို နားထောင်နေတယ်တဲ့"

"ဒါလောက်အသေးစိတ်တော့ မပါပါဘူး။ အင်း. . . ရွေးကောက်ပွဲပြီးရင်တောင်မှ ဦးနု အနိုင်ရတယ်ထားဦး။ ကျွန်မ သူ့နောက်မလိုက်နိုင်သေးပါဘူး။ အလုပ်ဝင်လုပ်မလို့ မဟုတ်ပါဘူး။ ဘီအေ အောင်အောင် ဖြေရမှာ။ ဘီအေအောင်မှ ကိစ္စက ပြတ်မှာ။ ဒါကလဲ ရှင်တို့ရဲဘော်ကြီး ဖိုးကျော်သောင်းက ကျွန်မအတွက် ချ မှတ်ထားတဲ့ အစီအစဉ်ထားတဲ့ လမ်းစဉ်အတိုင်း လိုက်နာရတာလေ။ ဒုတိယနှစ် စာဆက်သင်ဖို့ လိုသေးတယ်"

"အေးလေဗျာ. . . အရက်ဆိုတာ သောက်နေရင်းမူးလာ ရင် ပြောသင့်တဲ့စကားလား၊ မပြောသင့်တဲ့စကားလား သိချင်မှသိ မယ်လေ။ တပ်မဟာမှူးကြီးလို လူကြီးတစ်ယောက်အနေနဲ့တော့ မပြောသင့်ဘူးပေါ့"

ကျွန်မနှင့် ရဲဘော်ဟောင်းကြီး စကားပြောနေစဉ်တွင် တပ်ရင်း(၁၀၁)မှ ရဲဘော်တပ်ကြပ်ကြီးတစ်ယောက် ရောက်လာပြန် သည်။ သူသည် ကိုကြီး(၁၀၁)တွင် အမှုထမ်းစဉ်က အလွန်ရင်းနှီး

သော တပ်ကြပ်ကြီးဖြစ်ပါသည်။ သူက ပထမလာသော ရဲဘော်ဟောင်းကိုဖုန်းဆွေကို မသက်သာသလို ကြည့်နေ၏။

"ထိုင်ပါဦး၊ ဘာပြောစရာရှိလဲ၊ သူက ရှင်တို့ ဗိုလ်ကြီးကျော်သောင်းရဲ့ တပ်မတော်ရဲဘော်ဟောင်းကြီးပါ"

ကျွန်မက နောက်ရောက်လာသော တပ်ကြပ်ကြီးအား နေရာပေးရင်းပြောလိုက်၏။ ကျွန်မစိတ်တွင် လူတွေမှာ တစ်ယောက်နှင့် တစ်ယောက် မသက်သာစိတ်နှင့်ကြည့်ကြည့်နေရသော အဖြစ်ကို ဘယ်ခေတ်တွင်မှ မကြည့်လိုပါပေ။ ဤအခြင်းအရာသည် ကောင်းသော နိမိတ်မဟုတ်ပါပေ။ ရဲဘော်အချင်းချင်းတောင်မှ စိတ်မချရ။ ဘယ်အချိန် ငါ့နောက်ကျောကို ဓားနဲ့အထိုးခံရမလဲဟု ရင်တမမနှင့် ထိတ်နေရသောခေတ်မှာ နာဇီအာဏာရှင်တို့ လက်အောက်တွင်သာ ဖြစ်ရမြဲဖြစ်သည်ဟု ကျွန်မ ယုံကြည်ထားသောကြောင့် ဖြစ်၏။ သူသည် ကုလားထိုင်တွင် ထိုင်ရင်း စကားကို တိုတိုတုတ်တုတ်ပင် ပြော၏။

"သူတို့ ဗိုလ်ကြီးကျော်သောင်းကို အမှုလုပ်မလို့"

ကျွန်မရင်ထဲမတော့ "လာပြန်ပြီ၊ သူတို့ဆိုသောစကာလုံး" ဟု ရေရွတ်မိ၏။

"ကဲ. . . ကဲဆိုစမ်း၊ ဘယ်သူတို့က ဘာမှုလုပ်ကြမလို့တုံး"

တပ်ကြပ်ကြီးသည် ခဏငြိမ်သွားပြီးမှ"အမှုစစ်တဲ့အခါ ကျွန်တော်တို့ကို ခေါ်ယူစစ်ဆေးရင်တဲ့ ဗိုလ်ကြီးကျော်သောင်းဟာ ပခုက္ကူကိုမပြောင်းခင် ရွေးကောက်ပွဲလုပ်တဲ့ အချိန်ရောက်ရင် သန့်ရှင်းထဲ မဲထည့်ရမယ်လို့ ရဲဘော်တွေကို မဲဆွယ်ပါတယ်လို့ ထွက်ဆိုရမယ်တဲ့. . "တပ်ကြပ်ကြီးသည် ရှင်းရှင်းနှင့်တိုတိုတုတ်တုတ်ပင် ပြောလိုက်၏။

"ဟော. . . အဲဒါကလဲ တစ်မျိုးပါလား ကိုဖုန်းဆွေရေ၊ ကြားလား ပြောမပြောချင်ပါဘူး။ ကျွန်မသာ (၁၀၁)ခြေမြန်တပ်ရင်း လိုက်နေရင်ဖြစ်ဖြစ်၊ တပ်ရင်း(၁၂) လိုက်နေရင်ဖြစ်ဖြစ် ဘယ်

လောက်များ စာရင်းရှုပ်လိုက်မလဲ။ ခုတောင် ဇယားရှုပ်လိုက်တာ၊ ရွှေးကောက်ပွဲလဲ မြန်မြန်ပြီးပါတော့"

တပ်ကြပ်ကြီးသည် ကျွန်မမျက်နှာကို စိုက်ကြည့်မြဲ ကြည့်နေ၏။

"ကဲ. . အဲဒီတော့ ကျွန်မဘာလုပ်ရမှာလဲ"

"မမက ဘာမှမလုပ်ရပါဘူး။ ကျွန်တော်တို့ဘာလုပ်ရမလဲ လို့မေးတာ။ ပြီးတော့ ဒီအကြောင်းလဲ မမသိစေချင်တယ်လေ"

ကိုဖုန်းဆွေက ကျွန်မ ဘာပြန်ပြောမလဲ၊ ဘယ်လိုဆုံးဖြတ်မလဲဆိုတာကိုသိချင်ဟန်နှင့် တပ်ကြပ်ကြီးကြည့်သလိုကျွန်မမျက်နှာကို သူကပါ စိုက်ကြည့်နေ၏။ ထိုစဉ်တုန်းက တပ်ကြပ်ကြီးများကို (ဆရာ)ဟူ၍ ခေါ်ရမည်ကို ကျွန်မ မသိသေးပါ။

"ဟုတ်ကဲ့. . ကျွန်မ သိစေချင်လို့ လာပြောတာကိုတော့ ကျေးဇူးတင်ပါတယ်။ တပ်ကြပ်ကြီးအနေနဲ့လဲ ဘာလုပ်ပါလို့ ကျွန်မ ပြောစရာမလိုပါဘူး။ တပ်မတော်မှာ ရှင်တို့ပြောပိုင်ဆိုပိုင်ခွင့် ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်မသိပါတယ်။ ပြီးတော့ ဗောင်းတော် ညိတ်စိတ်တော်သိရမယ့်လူတွေဆိုတော့ ကိုယ့်ထမင်းအိုးမကွဲအောင် ကြည့်နေကြပေါ့။ တစ်ခုတော့ကျွန်မသိချင်တယ်။ ကျွန်မက တပ်ထဲ လိုက်မနေတော့ မသိရဘူး။ ဗိုလ်ကြီးကျော်သောင်းကရော ပခုက္ကူကို မသွားခင် ရှင်တို့ကို ဘာပြောသွားသေးသလဲ။ အဲဒါတော့ အမှန်အတိုင်း ပြောခဲ့စမ်းပါ"

တပ်ကြပ်ကြီးသည် သက်ပြင်းချလိုက်၏။

"တစ်ယောက်နဲ့တစ်ယောက် တွေ့တောင် မတွေ့လိုက်ရဘူး"

ကိုဖုန်းဆွေသည် ပါးစပ်ကလေး ဟသွား၏။ ကျွန်မက အဓိပ္ပာယ်ပါစွာ ပြုံးလိုက်ပါသည်။

"ကဲ. . . ပြန်နိုင်ပါပြီ"

တပ်ကြပ်ကြီးသည် ဖြည်းညင်းစွာထ၍ပြန်သွား၏။

ပြုံး—စာပေ

"ကိုဖုန်းဆွေရေ. . . ဇာတ်လမ်းရှုပ်သမျှကို ရွှေကညစ်နဲ့ ရေးကာ စာကိုစီ ဆိုတဲ့ စိန်ပါတီသီချင်းထက်တောင် ရှုပ်သေးတယ်"

ကိုဖုန်းဆွေသည် သက်ပြင်းချရင်း. . .

"စိတ်ကုန်တယ်ဗျာ. . . 'ဟု ဆို၏။

"စိတ်ကုန်မနေနဲ့၊ ကျွန်မကတော့ ငုံ့ခံမနေဘူး။ ဒီလူတွေ လုပ်ရင်ဒီလိုချည်းပဲ။ ဘယ်တော့မှ ပိပိရိရိမရှိဘူး။ ပြီးတော့ တပ်မတော်မှာ ရဲဘော်တွေက ခေးစာခံဖြစ်ရဦးမယ်"

"မခင်ယု ဘာလုပ်ဦးမလို့လဲ"

"ဘာလုပ်ရမလဲ၊ မနက်ဖြန်ကို ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ဖြစ်ဖြစ်၊ ဗိုလ်ချုပ်အောင်ကြီးနဲ့ဖြစ်ဖြစ် တွေ့ရအောင် စစ်ရုံးချုပ်ကြီးကို သွားမယ်။ ဗိုလ်ကြီးကျော်ခိုင်ဟာ ဗိုလ်ချုပ်အောင်ကြီးရဲ့ ပီအေ (အပါးတော်မြဲ)မို့လား"

"အို. . . မခင်ယု ဖြည်းဖြည်းစဉ်းစားပါဦး၊ ကျွန်တော် ဗိုလ်အောင်ကြီးကို ပြေလည်အောင် ဒီကိစ္စတင်ပြပါမယ်။ တော်ကြာ လူကြီးတွေမသိခင် ဖိုးကျော်သောင်း နာနေဦးမယ်"

"အင်းလေ. . ဒါကြောင့်လဲ လူကြီးတွေသိအောင် အဲဒီစစ်ရုံးချုပ်ကြီးကို သွားမယ်။ အရင် ပမညတက လူကြီးတွေ ငါးလောင်းပြိုင်အသတ်ခံရတုန်းက လာတိုင်တဲ့ ပမညတ ကိုယ်စားလှယ်ကို ဗိုလ်မှူးကြီးလွင်ဆီ ရောက်အောင် ပို့ပေးရမယ်လို့ ဝန်ကြီးချုပ် ခိုင်းဖူးတယ်။ တရားခံအစစ်ကိုဖော်ထုတ်ပေးဖို့ အဲဒီတုန်းက အဲဒီ စစ်ရုံးချုပ်ကြီးကို ကျွန်မ ရောက်ဖူးတယ်။ "တရားဥပဒေစိုးမိုးရေးသည် မူလပထမ"ဆို၊ တရားဥပဒေအတွင်းက မိခင်ယုရင်ဆိုင်တာပဲဟာ ဖိုးကျော်သောင်းက ဘာကိစ္စနာရမှာလဲ"

"ခင်ဗျားတို့နှစ်ယောက်ကြား ကျွန်တော်တော့ စိတ်မောလိုက်တာဗျာ"

"မမောနဲ့. . မမောနဲ့၊ နက်ဖြန် ကိုကျော်ခိုင်နဲ့တွေ့ပြီးရင် ကိုဖုန်းဆွေတို့ရုံးကို လှည့်ဝင်ခဲ့မယ်။ စသုံးလုံးနဲ့ ဖြစ်တုန်းကလဲ

ကျွန်မတို့နှစ်ယောက် တရားဥပဒေကို အားကိုးပြီး နောက်ဆုံး တရားလွှတ်တော်ချုပ်ကို ဦးတိုက်လျှောက်ခဲ့ရတဲ့အဖြစ်ပဲ။ ဘဝဟာ မထူးတော့ပါဘူး. . . ”

ကိုဖုန်းဆွေသည် ဒုတိယမွိ သက်ပြင်းချပြန်၏။

“ဖိုးကျော်သောင်းကြီးကို လူကြီးတွေက ချစ်လည်းချစ်ပါတယ်။ သည်းညည်းလဲ ခံပါတယ်။ ဖိုးကျော်သောင်းက စစ်ယူနီဖောင်းဝတ်နေချိန်ဆို စည်းကမ်းလဲကျပါတယ်။ အမိန့်ကိုလဲ နာခံပါတယ်။ ခိုင်းတာလဲလုပ်ပါတယ်။ အဲ. . စစ်ဝတ်ခဏချွတ်ချိန် အပြင်မှာဆိုရင်တော့ သူမခံချင်တာရှိရင် ပက်ပက်စက်စက် ပြောတတ်တော့ ဒီကောင် တယ်လူတတ်လုပ်ချင်တယ်ဆိုပြီး လူကြီးတွေ မသိခင် ဖိုးကျော်သောင်းကို တွယ်ပစ်ချင်ကြတယ်ထင်ပါ့ဗျာ”

“အို. . . လောကပါလနတ်တွေနဲ့တရားကိုစောင့်တဲ့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ ရှိပါသေးတယ်လေ”

ကိုဖုန်းဆွေသည် အတန်ကြာ တခြားစကားများပြောကာ ပြန်သွားပါတော့သည်။ နောက်တစ်နေ့တွင် ဗိုလ်ကြီးကျော်ခိုင်အား တွေ့ခွင့်တောင်းပြီး ကျွန်မသွားတွေ့ပါသည်။ စစ်ရုံးချုပ်ကြီးဝင်းထဲသို့ ကျွန်မကားကို မောင်းဝင်ခဲ့ပါသည်။ ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ဗိုလ်ကြီးကျော်ခိုင်သည် အရာရှိရိပ်သာအဝင်ဝမှ ကျွန်မအား စောင့်နေပါသည်။ အရာရှိရိပ်သာထဲသို့ ကျွန်မဝင်သွားလျှင် သူသည် ကျွန်မကို ဧည့်ခန်းထဲ၌နေရာပေးပါသည်။ သူ ညွှန်ပြသောနေရာတွင် ကျွန်မဝင်ထိုင်လိုက်၏။

“ဒေါ်ခင်ယု ဘာပြောစရာရှိပါသလဲ။ ကျွန်တော့်ကို အရင်ပြောပြရင်ဖြစ်မလား။ ပြီးတော့ ဒေါ်ခင်ယုပြောသမျှကို ကျွန်တော် ဗိုလ်ချုပ်ကို ပြောပြပါမယ်”

ထိုစဉ်က ဗိုလ်ကြီးကျော်ခိုင်သည် ဗိုလ်ချုပ်အောင်ကြီး၏ အပါးတော်မြဲဖြစ်ပါသည်။ ကျွန်မသည် ဝန်ကြီးချုပ်၏ အပါးတော်မြဲ(ဝ) အတွင်းရေးအတွင်းဝန်လုပ်လာခဲ့သည်မို့ အပါးတော်မြဲ၏

လုပ်ငန်းကို နားလည်ပြီးဖြစ်ပါသည်။ ကျွန်မအား ဗိုလ်ချုပ်ကြီး နေဝင်းနှင့်ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ကြီးနှင့်ဖြစ်စေ၊ တိုက်ရိုက်တွေ့ ခွင့်မပေးသည့်အတွက် မကျေမနပ် မဖြစ်မိပါ။

"ကျွန်မ လာတာ ဗိုလ်ကြီးကျော်သောင်းကိစ္စအတွက် လာပြောပြတာပါ"

"ဩော်. . . ဗိုလ်ကြီးကျော်သောင်းက ဒေါ်ခင်ယုကို ကွာဖို့ ဆိုတဲ့ကိစ္စလား"

သူတို့သည် ထိုသတင်းကိုကြားနေပြီး ဖြစ်ဟန်တူပါသည်။ သို့သော် ကျွန်မလာရင်းကိစ္စမှာ ထိုကိစ္စမဟုတ်သည်ကို သူ မသိပါ။

"ဗိုလ်ကြီးကျော်ခိုင် ထင်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ လာတာမဟုတ်ပါဘူး။ ဒီ ကွာဖို့ဆိုတာက သူ့အထက်အရာရှိက အမိန့်နဲ့ ခိုင်းတယ်ဆိုရင် ကျွန်မက လက်မှတ်ထိုးဖို့ အဆင်သင့်ပဲ။ တစ်ခုမှတ်ထားပါ။ ဒီ ကွာဖို့ရှင်းဖို့ကိစ္စတွေ၊ ဗိုလ်ကြီးကျော်သောင်း ပြောင်းဖို့ကိစ္စတွေ၊ ရာထူးတိုးပေးဖို့ကိစ္စတွေနဲ့ ပတ်သက်လို့တော့ ဒီစစ်ရုံးရဲ့မြေကို ဘယ်တော့မှ ကျွန်မ မလာပါဘူး။ အခုလာတဲ့ကိစ္စ က. . ."

ကျွန်မသည် စကားစကို ခေတ္တရပ်ထားရ၏။ အဘယ် ကြောင့်ဆိုသော် ကျွန်မသည် စကားပြောရင်း စိတ်ထိခိုက်ကာ မျက် ရည်စီး၍ တုန်တုန်ယင်ယင် ပြောလာသောကြောင့် ဖြစ်၏။ ထိုစဉ် ကတည်းက စိတ်ထိခိုက်လျှင် မျက်ရည်ကျလွယ်သောရောဂါမှာ ကျွန်မ၌ စွဲကပ်ပြီးဖြစ်ပါသည်။

"အခု လာတဲ့ကိစ္စက လူမဆန်တာရယ်၊ ယောကျ်ားမပီသ တာတွေရယ်၊ အဲဒီအပြုအမူတွေကို သိရအောင်လို့ လာပြီးပြောပြ တာ။ ဗိုလ်ချုပ်တို့သိခွင့်ရှိရင် တင်ပြလိုက်ပေါ့။ ဒါ ဗိုလ်ကြီးကျော်ခိုင် အပေါ်မှာ မူတည်ပါတယ်။ ဘယ်လိုအဖြစ်လဲဆိုတော့ အခု ဗိုလ်ကြီး ကျော်သောင်းဟာ တပ်ရင်း(၁၂)မှာ တပ်ခွဲမှူးအဖြစ် အမှုထမ်းဖို့ ပြောင်းသွားရပြီ။ သူ့တပ်ခွဲက မျှားပိုင်းမှာလို့ သိရတယ်။ သူ အမှု

ထမ်းခဲ့တဲ့ တပ်ရင်းအဟောင်းက အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အင်းတကော်မှာရှိတယ်။ တစ်နေ့တုန်းက အဲဒီတပ်ရင်း အဟောင်းက တပ်ကြပ်တစ်ယောက် ကျွန်မကိုလာပြောတယ်။

"(---------)က ကျွန်တော်တို့ကို လာပြောတယ်တဲ့။ တို့ ဗိုလ်ကြီးကျော်သောင်းကို အမှုလုပ်မလို့။ အဲဒီတော့ စွဲချက်တင်တဲ့အခါကျရင် မင်းတို့ကိုစစ်ဆေးတဲ့အခါ မင်းတို့က ပြောရမယ်။ ဗိုလ်ကြီးကျော်သောင်းဟာ တပ်ရင်း(၁၂)ကို မပြောင်းခင် တပ်ရင်း(၁၀၁)မှာ တပ်ကြပ်တွေ၊ ရဲဘော်တွေကို သန့်ရှင်းမဲပုံးထဲ မဲထည့်ဖို့ မဲဆွယ်ခဲ့ပါတယ်လို့ ထွက်ဆိုရမယ်လို့ပြောတယ်။ အဲဒီကိစ္စ အစ်မကြီးသိပြီးပြီလားလို့ ကျွန်မကိုမေးတယ်။ တကယ်လို့ အမှုလုပ်ရင်ကော ကျွန်တော်တို့ ဘယ်လိုဖြေရမလဲတဲ့။ ကျွန်မက အဲဒီတော့ တပ်ကြပ်ကြီးကို ပြန်ပြောလိုက်တယ်။ ဒီကိစ္စကို ကျွန်မဘာမှမသိဘူး။ ရှင်တို့ကို ဗိုလ်ကြီးကျော်သောင်းက ဘာမှာခဲ့သလဲ၊ သူမှာခဲ့တဲ့အတိုင်း အမှုစစ်တဲ့အခါ ပြောပြလိုက်ပေါ့လို့ ကျွန်မ တပ်ကြပ်ကြီးကို အဲဒီလိုပြောလိုက်တယ်။ တပ်ကြပ်ကြီးက ဘာပြန်ပြောသလဲဆိုတော့ ဗိုလ်ကြီးကျော်သောင်းက ဘာမှလဲ မမှာဘူး။ တပ်ရင်း(၁၂)ကို ပြောင်းသွားတုန်းကလဲ ကမန်းကတန်းမို့ လူချင်းတောင် မတွေ့လိုက်ရဘူးလို့ တပ်ကြပ်ကြီးကဖြေတယ်။ ဗိုလ်ကြီးကျော်ခိုင်၊ ကျွန်မ ပြောချင်တာကတော့ ဗိုလ်ကြီးကျော်သောင်းကို အမှုလုပ်လုပ်၊ မလုပ်လုပ် ကျွန်မ ဝင်ပါစရာမလိုပါ။ ဒါပေမယ့် ဘာကိုပဲလုပ်လုပ် သက်ဆိုင်ရာအရာရှိတွေဟာ ယောကျ်ားပီပီ၊သတ္တိရှိရှိ၊ ပီပီရိရိ လုပ်တတ်ဖို့လိုပါတယ်။ ခုတော့ ကာယကံရှင်ဖြစ်တဲ့ ဗိုလ်ကြီးကျော်သောင်း တခြားတစ်နေရာပြောင်းသွားတော့မှ နောက်ပိုင်းက အမှုရှာတာတွေဟာ ယောကျ်ားပီသတဲ့ အပြုအမူ မဟုတ်ပါဘူး။ ဒီမှာ ကျွန်မတစ်ခုပြောပြမယ်။ ဦးနုဆိုတဲ့လူဟာလဲ ဗိုလ်ကြီးကျော်သောင်းက တပ်တွင်းမှာ မဲဆွယ်ပေးမှ မဲနိုင်ရမယ့် လူမဟုတ်ပါဘူး။ ဗိုလ်ကြီးကျော်သောင်းဆိုတဲ့လူကလဲ နိုင်ငံရေးပါတီတစ်ခုခု ကောင်းစားဖို့ လူတစ်ယောက်

အာဏာရှင်ဖြစ်ဖို့အတွက် တပ်မတော်ကို ခြေချနင်းပြီး အလွဲသုံးစား လုပ်မယ့်လူတစ်ယောက် မဟုတ်ပါဘူး။ ကျွန်မ ဒါပဲ ပြောချင်တယ်"

ကျွန်မ စကားပြောရင်းကျလာသော မျက်ရည်ကို သုတ်လိုက်၏။

"ကျွန်တော် ဒီကိစ္စတွေကို ဗိုလ်ချုပ်ကိုပြောပြပါမယ်။ ဒီရွေးကောက်ပွဲမှာ တပ်မတော်ဟာ သမာသမတ်ရှိစွာနေဖို့ ဗိုလ်ချုပ်ကြီးနေဝင်းပြောကြားတဲ့မိန့်ခွန်းကို အသံလွှင့်ကြိုးခွေနဲ့ဖမ်းယူပြီး တပ်ရင်းတိုင်းမှာ ဖွင့်ပြပါတယ်။ အခုကိစ္စကလဲ တကယ်ဖြစ်ပျက်ရိုးမှန်ရင် ဝမ်းနည်းစရာကောင်းပါတယ်။ တပ်ရင်း(၁၀၁)က တပ်ကြပ်ကြီးရဲ့နာမည်ကို ကျွန်တော့်ကို မပြောနိုင်ဘူးလား"

"သူ့နာမည်ကို ကျွန်မဖွင့်ပြောလို့ ဘယ်ဖြစ်မလဲ။ သူ့ခမျာ သက်ဆိုင်ရာက အထုခံရမှာပေါ့။ သက်ဆိုင်ရာဆိုတာ ဘယ်သူတွေဆိုတာတော့ ကျွန်မဖွင့်ပြောဖို့ မလိုပါဘူး။ လုပ်ပုံတွေက နည်းနည်းသိက္ခာကျလွန်းတယ်။ လူရယ်စရာလဲ ကောင်းတယ်။တည်မြဲအတွက် အရာရှိတွေကိုယ်တိုင် ပြောင်ကျကျ မဲဆွယ်တာကိုတော့ လက်ပိုက်ကြည့်ပြီး မသိချင်ဟန်ဆောင်နေကြတယ်။ အခု ဗိုလ်ကြီးကျော်သောင်းက သန့်ရှင်းအတွက် မဲလဲတစ်မဲမှ မဆွယ်ဘဲနဲ့ အမှုတင်ပြီးတော့ တမင်အမှုရှာတာကတော့ လူမဆန်ဘူး။ ကျွန်မ ဒါပဲ ပြောပါရစေ"

ကျွန်မသည်စကားကို ဤတွင်ရပ်၍ ဗိုလ်ကြီးကျော်ခိုင်ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်လာခဲ့ပါသည်။ ကျွန်မဆက်လက်၍ ပြောပါလျှင်လည်း ဒေါသကြောင့် ပေါက်ကွဲလာသောစကားလုံးများမှာ ပိုမို၍ ကြမ်းတမ်းလာမည်။ ရိုင်းပျလာမည်။ တပ်မတော်အား မပြောသင့်ဘဲ စော်ကားရာကျသော စကားလုံးများကို သုံးမိမည်စိုးသောကြောင့် ဤနေရာတွင် စကားစဖြတ်ကာ ကျွန်မပြန်မြန်ပြန်လာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မသည် စိတ်တို စိတ်မြန်တတ်သော သာမန်အမျိုးသမီးတစ်ဦးပင်ဖြစ်၏။

နိုင်ငံခေါင်းဆောင်တွေ ကွဲကြပြကြသည်နှင့် ဖြစ်ပွားလာသောအချိန်ကြောင့် ကျွန်မတို့ ဒေါမနဿတွေ ဖြစ်ကြရ၏။ ကျွန်မဒေါမနဿကြောင့် ကျွန်မပြောသောစကားများသည် အပြစ်မဲ့သောတပ်မတော်သားများကို မထိခိုက်စေလိုပေ။ ထို့ကြောင့် စိတ်ကိုထိန်းလိုက်ရခြင်းဖြစ်၏။

* * *

ရွေးကောက်ပွဲပြီးပါပြီ။

ဦးနုအား ပါလီမန်တွင် အစိုးရအဖွဲ့ဖွဲ့စည်းရန် တိုင်းပြည်က အာဏာအပ်နှင်းလိုက်ပြန်ပါသည်။

ကျွန်မသည် ဝင်ဒါမီယာကို ခြေပြန်မချတော့ပေ။ တက္ကသိုလ်နယ်မြေတွင်သာ ဘီအေအထက်တန်း ဖြေဆိုရန် ဆက်လက်ခြေလှမ်းရ၏။

ရာသီဥတုမှာ သက်သောင့်သက်သာ သာသာယာယာ ရှိပေသား။

သို့သော် ကျွန်မ မပျော်ပါ။ သိုးဆော့င်းစကားပုံတွင် မုန်တိုင်းမထန်ခင် ရာသီဥတုသည် ငြိမ်သက်ကြည်လင်နေတတ်သည်ဟု ဆိုခဲ့ကြ၏။

ကောင်းသောငြိမ်သက်ခြင်း မဟုတ်သည်ကို သိသောကျွန်မသည် လွယ်အိတ်ကိုလွယ်ကာ တက္ကသိုလ်နယ်မြေကို နင်းနေရသော်လည်း ခြေလှမ်းများက ဘယ်မှာသွက်လက်ပေါ့ပါးခြင်းရှိပါမည်နည်း။

ဝိဇ္ဇာအထက်တန်းစာမေးပွဲမှာ ကျွန်မအတွက် မခက်ခဲလှပေ။ 'အင်ရုံစာတမ်း'စာတစ်အုပ်ကိုသာ ကျကျနန မဖတ်မိသောကြောင့် ပယ်ပယ်နယ်နယ် မဖြေခဲ့ရသည်ကလွဲ၍ ကျန်ဘာသာများကို ကျွန်မကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပါသောကြောင့် ၁၉၆၀ ခုနှစ်တွင် ဝိဇ္ဇာ(ဘီအေ)ကိုအောင်မြင်ခဲ့ပါသည်။

ဗိုလ်စိုးမြင့်လည်း အိမ်ရသွား၍ ကျွန်မ ဝိဇ္ဇာတန်းဖြေဆိုခါ

နိုးတွင် ဝွတ္တလစ်အိမ်သို့ ကျွန်မတို့မိသားစု ပြောင်းလာခဲ့ကြပါသည်။

သူ ပေါက်မြို့မှ ပြန်အလာ ကျွန်မလက်ကိုဆွဲ၍ ဘီအေ အောင်သည့်အတွက် ကွန်ဂရက်ကျူလေးရှင်း လုပ်ပါသည်။

ကျွန်မကလည်း သူ့လက်ကို မြဲမြဲကိုင်လိုက်၏။ "ကဲ. . . မောင်တော်ဘုရားရဲ့၊ ဘာအဓိဋ္ဌာန်တွေ ချမှတ်ဦးမှာလဲ။ဘယ်ကို ရော ဆက်လက်ကြွချီရဦးမှာလဲ။ နှမတော်ကတော့ ကညာမေ၊ ဗျာ ဝိုက်ကယ်က ကြိုက်လှတယ် လိုက်ပါ့မယ်တော့်။ ကန္တာလမ်းကြမ်း တယ်ဘုရား၊ ဝသုန်မြေက မာတယ်မာတယ်၊ အသားပုံလေးနာလှနာ လှ၊ တယ်ငယ်ငယ် တယ်ငယ်ငယ်၊ မြေတလင်းမှာခြေဆင်းထိုင်လိုက် မယ်"ဟုဆိုကာ တကယ်ပင်ကြမ်းပေါ် သို့ ခြေဆင်းထိုင်လိုက်ပါတော့ သည်။

"ကိုယ့်မိန်းမက မဆိုးဘူးဟေ့၊ ပန်တျာမခင်စိန်ကျနေတာ ပဲ"ဟု ရယ်ရယ်မောမော ပြောပါသည်။ သူသည် ယိုးဒယားအမာစိန် က လှပ၍မီးစားသည်မှာမှန်သော်လည်း အကပညာတွင်မူ ပန်တျာ နည်းပြဆရာမ မခင်စိန်က တော်ကြောင်း ခဏခဏဆိုသလို ပြော ပြတတ်ပါသည်။

"ကိုကြီးကြိုက်တဲ့ မခင်စိန်ဟန်အတိုင်း လုပ်ပြရတာက တော်ကြာ မောင်တော်ဘုရားက ဘီအေတော့အောင်ပြီ။ ဒီနှစ် ကိုကြီးရဲ့ နှစ်ဆန်းတစ်ရက်နေ့ အဓိဋ္ဌာန်ဆိုပြီး 'ပန်တျာ'ကျောင်း တစ်နှစ် သွားနေရမယ်လို့ သတ်မှတ်တော်မူချင်ဦးမှာကိုး။ မောင် တော်ဘုရားက နှမတော်စုစုဘုရားရဲ့ အခြေအနေကိုလဲ ကြည့်တော် မူပါဦး မောင်မောင်။ တစ်နှစ်အတွင်း ဘာဖြစ်ရမည်၊ နောင်နှစ် ဘာဖြစ်ရမယ်နဲ့ မောင်တော်ဘုရားရဲ့ လောကနိဗ္ဗာန်ကြီးအဝလဲ ရောက်ရော နှမတော်ဘုရားလဲ အရုပ်ကြိုးပြတ်ပြီး သေတော့မယ်" ကျွန်မက သစ်ကိုင်းခြောက်ကလေးများနှင့် တူလာသော ကျွန်မ၏ လက်များကို ပြရင်းပြော၏။

"ဒီတစ်ခါ မသွားရပါဘူး။ ဒီစစ်ရုံးချုပ်ကြီးမှာ နေရမှာပါ"

"သွားရင်လဲသွားရပါစေကိုကြီးရယ်။ ဒါပေမယ့် အချို့ကို ခေါ်ပါနော်။ အချိုလေ ကိုကြီးကြိုက်သလို စစ်တပ်ထဲမှာစစ်တပ် ပုံစံအတိုင်း တခြားရဲဘော်ဇနီးတွေလို နေပါ့မယ်။ တစ်ခါတလေ တော့လဲ အဲဒီလိုပေါ့။ ပျော်တယ်လို့ပျက် ကလက်တယ်လို့ မအောက် မေ့ပါနဲ့။ ရယ်လိုက်မောလိုက် သီချင်းလေးဆိုလိုက်နဲ့ နေချင်တာ ပေါ့။ ကိုကြီးတစ်ခါတစ်ခါပြောတဲ့ လူသားဆန်ဆန်ဆိုတာလေ။ အချို ပျင်းတာမှမဟုတ်ဘဲ။ ကိုကြီးခိုင်းတာတွေလဲ လုပ်မှာပဲ။ ကိုကြီး ဖတ်ခိုင်းတဲ့ စာအုပ်တွေလဲ ဖတ်မှာပေါ့"

သူသည် ပြုံးရင်း "မသွားရပါဘူး ဆိုပါမှ၊ မိချိုက ချွဲနေရ သေးတယ်။ တစ်နှစ်နား၊ နားပြီးရင် အမ်အေဆက်တက်ပေါ့"ဟု ပြောလိုက်ပါသည်။

"ဒါနဲ့ ကိုကြီး ပေါက်မှာနေတုန်း အချိုရယ် ဗိုလ်ကြီးကျော် ခိုင်နဲ့ သွားတွေ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကိုကြီးမှာ ဘာဂယက်ရိုက် သေးလဲ။ ဒီတုန်းက ကိုဖုန်းဆွေက အချို့ကို တားပါတယ်။ မသွားပါ နဲ့တဲ့"

သူသည် ခေါင်းတညိတ်ညိတ်နှင့် ရယ်၏။

"ဟဲ. . . ဟဲ ဒီကအကောင်ကလဲ ဘာရမလဲ 'ဗိုလ်ချုပ် ကြီးနေဝင်း ညွှန်ကြားချက်အတိုင်း ကျွန်တော် သန့်ရှင်းရော၊ တည်မြဲ ရော ဘယ်ဘက်မှ မပါဘူး။ တပ်မတော်သည် သမာသမတ်ရှိရမယ်။ ကျွန်တော်ပိုင်တဲ့ လက်တစ်ကမ်းနယ်မြေမှာ တကယ်သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်အောင် ရဲဘော်တွေလဲနေရမယ်ဆိုပြီး ကိုကြီး လွှတ်ပေးလိုက်တာလေ။ မပြောနဲ့တော့ဟော့. . . ကိုကြီးရဲ့နယ်မြေ မြိုင်မဲဆန္ဒနယ်မှာ ဘယ်သူရတယ်ထင်လဲ"

သူသည် စကားမဆက်သေးပဲ တဟဲဟဲ ဆက်လက်၍ ရယ် ပြီးမှ "ပမညတ ဦးအုံးညွှန့်ကြီးဟေ့"

သူကသာ ရယ်ရယ်မောမောနှင့် စကားစသတ်သွားသည်။ ကျွန်မက လိုက်မရယ်ပါ။

"ကိုကြီးကတော့ ရယ်နိုင်တာပေါ့။ အချို့မှာတော့ အဲဒီတုန်းကဖြစ်လိုက်ရတဲ့ဒေါသ၊ဗိုလ်ကြီးကျော်ခိုင်ဟာ အချို့ကိုဘယ်လိုမိန်းမစားလို့ ထင်မလဲမသိဘူးနော်"

ကျွန်မသည် ဦးဘဝင်းနှင့် ကောလိပ်တော်ရုံးတွင် တွေ့ခဲ့ပုံရော၊ ဗိုလ်ကြီးကျော်ခိုင်နှင့် တွေ့ကြပုံရော အားလုံးပြောပြလိုက်၏။

"မထင်ပါဘူးကွယ်၊ ကိုကြီးရဲ့ ရဲဘော်အချို့ဟာ အချို့ရဲ့စိတ်ရင်းကို သိပါတယ်။ တတ်နိုင်ဘူးလေ၊ ကိုယ့်လူတွေက တစ်ခါတစ်ခါ သိပ်လူလည်လုပ်တယ်။ ဗောင်းတော်ညိုတ် စိတ်တော်သိအချိုးနဲ့ ကြည့်လုပ်ဆက်လုပ်ဆိုတယ်။ ဒီကကောင်တွေက အားသွန်ပြီး ချရော၊ ပြီးတော့ အမှုပေါင်းစုံအဖွင့်ခံရတော့ ရဲဘော်တွေနဲ့ကိုကြီးတို့အဆင့် အရာရှိတွေ များတယ်။ ခု သန့်ရှင်းနိုင်နိုင်၊ တည်မြဲနိုင်နိုင် ကျော်သောင်းကလဲ ချည်ပြီးတုပ်ပြီး တစ်ဖက်က ဗိုလ်ချုပ်မိန့်ခွန်းကိုင်ထားတယ်လေ။ ဒါကြောင့်မို့လို့ ကိုကြီးကို အဲဒီလူတစ်စုကလဲ ချည်ပြီးတုပ်ပြီးကိုင်ထားလို့ မရတယ်ရယ်လို့ အသည်းယားတာ"

သူ့စကားက မဆုံးသေးပါ။ ဆက်လက်၍ပြောမြဲပြောသွား၏။ ကျွန်မရင်ထဲတွင်တော့ မေးခွန်းခဏခဏ ပြန်မေးမိ၏။ "ကိုယ့်လူတွေ. . အဲဒီလူတစ်စုတွေဆိုတာ ဘယ်သူတွေလဲဟင်။ ကိုကြီး စကားတွေက ပဟေဠိဆန်လိုက်တာနော်"ဟူ၍ စိတ်ထဲက မေးမိ၏။ သူကတော့ ထုံးစံအတိုင်း ဆက်ပြောမြဲပင်။

"အချို့ကို ဖတ်စေချင်တဲ့စာအုပ်တွေ ကိုကြီးဝယ်ပေးပေမယ့် ကုန်စင်အောင် မဖတ်နိုင်ဘူးဆိုတာ ကိုကြီးသိတယ်။ အချိုကလဲ မိပျင်းပဲ။ ဒါကြောင့် ကိုကြီးက အချို ကျောင်းကိုပြန်တက်ဖို့ အဝေးကနေ လှမ်းပြောရတာ။ ဒါမှ မိချို ကိုကြီးပြောတာတွေကို မိချို သဘောပေါက်မယ်၊ နားလည်မယ်။ ဒီဗမာပြည်ကွက်ကွက်ဇီးရွက်လောက်ကလေးမပြောပါနဲ့၊ ကမ္ဘာနဲ့ချီပြီး နိုင်ငံရေးလှုပ်ရှားမှုတွေဟာ ကြက်ဥအရောင်ပဲ။ ခု မဟာမိတ်လုပ်လိုက်၊ ခု ထချလိုက်

ပဲ။ အချို ကျောင်းမှာ ရာဇဝင်နှစ်ခု ယူခဲ့တယ်မို့လား။(Blance of Power) ဆိုတာကလဲ လူလည်လုပ်ရတဲ့ နိုင်ငံရေးပရိယာယ် တစ်ခုပဲ။ ဗမာပြည်မှာလဲ ဘယ်စနစ်ပဲ ကြီးစိုးကြီးစိုး၊ နိုင်ငံရေး ပရိယာယ်ဟာ အမျိုးမျိုး အသွင်ပြောင်းသွားမှာပဲ။ အေး. . . တို့ ရဲဘော်တွေကိုတော့ လင်များတဲ့မိန်းမ အဖြစ်မခံနိုင်သလိုပဲ။ ကိုယ့် လူတွေရဲ့ မယားငယ်ဖြစ်လဲ မခံနိုင်ဘူး။ကိုယ့်လူတွေကလဲ များသော အားဖြင့် မယားငယ်ယူတတ်လေတော့ တပ်မတော်ကို ကိုင်ရာမှာလဲ မယားငယ်ထားနည်းအတိုင်း ကျင့်သုံးနေတာတွေကို ကျော်သောင်း သိပ်အသည်းယားတာပဲ။ မိချို ကိုကြီးတို့ ဘီအိုင်အေ၊ ဘီဒီအေ အဟောင်းတွေမှာ တာဝန်ရှိတယ်။ ကိုယ်တို့တပ်မတော်ကို ပခုံးပြန် ထမ်းပြီး မူလနေရာကို ရောက်အောင်ပြန်ပို့ရမယ်”

သူသည် သူ၏လေးထောင့်ကျသော ပခုံးကိုပုတ်၍ ရင် ကိုချီကာ ပြောပြ၏။

“မူလနေရာဆိုတာ စိတ်ဓာတ်ကိုရော၊ အရည်အသွေးကို ရောပြောတာ။ ဂျပန်ကို မတော်လှန်ခင်ကဖြစ်ဖြစ်၊ ဂျပန်တော်လှန် ရေးအတွင်းမှာဖြစ်ဖြစ် တပ်မတော်သားတစ်ယောက်ဟာ ဘယ် ကျေးရွာ ဘယ်လမ်းကြားကိုပဲ ရောက်ရောက်၊ ငှက်ပျောသီးတစ်လုံး၊ ရေတစ်မှုတ်၊ ထန်းလျက်တစ်ခဲကတော့ မတောင်းရဘဲ ရှေ့ရောက် လာတယ်။ အဲ့ဒါသိလား။ တကယ်ပြည်သူ့တပ်မတော်စစ်စစ်၊ နေရာ အမှန်နဲ့ တကယ်နေတော့ ပြည်သူကလဲ အသည်းနှလုံးထဲက သူတို့ ဆန္ဒအလျောက် အလိုလိုကြွေကျလာတဲ့ ငှက်ပျောသီးတစ်လုံးပေါ့။ ဒါမျိုးကျတော့ ကျော်သောင်းတို့က‘ဘယာ’ကြောင့်သာ ကျွေးလိုက် ရတယ်။ စိတ်ထဲက ဆို့ဟဲ့အပင်းဆိုတဲ့ ‘ဝက်ကောင်လုံး’ကြော်ထက် တန်ဖိုးထားတယ် အောက်မေ့လိုက်ပါ”

သူသည် နိုင်ငံရေးသမားတစ်ယောက် တရားဟောသော ဟန်ပန်မျိုးနှင့် အသံကိုမြှင့်၍ ပြောလိုက်ပါသည်။ ကျွန်မကတော့ ကျွန်မနှင့် နှစ်ယောက်တည်းကျလျှင် ပွင့်ပွင့်လင်းလင်း ပြောတတ်

သော သူ့စကားများကို နားထောင်နေကျဖြစ်၍ စိတ်ဝင်စားစွာပင် နားထောင်နေပါသည်။ တဖန် သူသည် အေးအေးဆေးဆေး သူ့မျက်နှာအသွင်ကိုပြောင်း၍ လေသံကိုလည်း နှိမ့်လိုက်၏။

"ကိုကြီး ပေါက်မှာနေတုန်း ရွေးကောက်ပွဲအချိန်မှာ အချို့ ပြောပြလို့ ကိုကြီးသိရတယ်။ အေး. . . အချို့ ကော်လိပ်တော်ရုံးမှာ တွေ့ခဲ့ရတဲ့ ဦးဘဝင်းဆိုတာ သန်းသန်းနွယ်တို့အဖေပဲ။ ဦးဘဝင်း မိန်းမက ဒေါ်ခက်တဲ့။ အဘွားကြီးဟာ ကိုကြီးရဲ့ကျေးဇူးရှင်။ ကိုကြီးကိုသိပ်ချစ်တယ်။ ကိုကြီးနဲ့ဗိုလ်မောင်လေး၊ နှစ်ယောက်သူတို့ခြံထဲမှာနေရသေးတယ်။ သူတို့ရဲ့သားအရင်းလိုပဲ ကိုကြီးတို့ကိုပြုစုတယ်။ ကျွေးမွေးတယ်။ ကိုကြီးတို့ပြောင်းလာတော့ ဒေါ်ဒေါ် ငိုလိုက်တာ။ ကိုကြီးငယ်ငယ်က ချောင်းဦးက ဒေါ်ကြီးဒေါ်ငြိမ်းကို ချစ်သလို ဒေါ်ဒေါ့်ကို ချစ်ပါတယ်။

ဗိုလ်မောင်လေးကတောင် ဒေါ်ဒေါ့်ကို မသနားဘူးလားတဲ့။ ကိုကြီး သနားပါတယ်။ ဒါပေမယ့် ဘာလို့ ဒါလောက် အပြတ်ထွက်လာခဲ့သလဲဆိုတော့ သန်းသန်းနွယ်တို့ခြံကလဲ နိုင်ငံရေးအရိပ်မကင်းဘူး။ နိုင်ငံရေးသမားတွေ တင်းကုပ်က ထွက်လာတဲ့ အမွေးခံနဖားကြိုးတပ်ပြီးသား နွားနှစ်ကောင်လို့ ကျွန်တော်တို့နှစ်ယောက်ကို သူများအပြောခံရမှာ မခံနိုင်ဘူး ဗိုလ်မောင်လေးရေလို့ သူ့ကို ရှင်းပြတယ်။

ကိုကြီးလေ နိုင်ငံရဲ့ လက်ရှိခေါင်းဆောင်တွေကိုရော၊ နိုင်ငံရေးသမား လက်ဟောင်းကြီးတွေကိုရော လေးစားပါတယ်။ ဒါပေမယ့် ပင်ကိုက စာပေစိတ်အရင်းခံရှိ နေလေတော့ ပါတီရိပ် တစ်ခုခုအောက်မှာ လှုပ်ရှားနေရတာမျိုးကို အသက်ရှုကျပ်တယ်။ ကျေးဇူးတရားတွေကို မသိလို့တော့ မဟုတ်ပါဘူး။ ဒါကြောင့် ကိုကြီးအသက် ၅၀(ငါးဆယ်)ပြည့်ရင် ဒေါ်ဒေါ်ခက်တို့၊ ဒေါ်ကြီးတို့လိုကျေးဇူးရှင် အဘွားကြီးတွေကို အမေ့ကိုယ်စား လိုက်ကန်တော့မယ်။ မိချို ကိုယ်တိုင် လိုက်ခဲ့နော်"

ပြုံး—စာပေ

ကျွန်မ ခေါင်းညိတ်ပြလိုက်၏။

"အေး. . . ကိုကြီး စစ်ရဲကနေ တပ်မတော်ရောက်လာတော့လဲ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ပြောပါတယ်။ ဖိုးကျော်သောင်းကြီးရေ တစ်ယောက်တည်းနေလို့ မရဘူးတဲ့။ ကိုကြီး သိသားပေါ့။ မိချိုရယ်. . တစ်ယောက်တည်းနေလို့မရဘူးဆိုတာ ကိုကြီးဟာ အသိုင်းအဝိုင်းနဲ့ ပျော်ပျော်ပါးပါး နေလာတဲ့အကောင်ပါ။ ဒါပေမယ့် မျက်လှည့်ပညာဆိုတာ လိမ်မှန်းတော့ လူတိုင်းသိတာပဲ။ ပိပိရိရိ လိမ်တတ်တော့ ပရိသတ်က လက်ခုပ်တီးတယ်။ ယုတ္တိရှိအောင် မလုပ်တတ်တော့ ပရိသတ်က ကြည့်သာနေရတယ် ခဲနဲ့ထုချင်ရော။ ဟိုဒင်း ကိုကြီးတို့အညာမှာဆိုရင်လေ ယာသမားလယ်သမားတွေက ဇာတ်ပွဲကို မိုးလင်းကြည့်ရတာ အဓိပ္ပာယ်ရှိတယ်။ ညဝက်မိုးမလင်းခင် ထပြန်ရင် လမ်းမှာဓားပြတိုက်ခံရ၊ အသတ်ခံရတတ်လို့ သိလား။ ခုလဲ လိမ်နေတဲ့ ပွဲကြီးကို မိုးလင်းထိကြည့်နေရတာ ပရိသတ်က ကြိုက်လွန်းလှလို့ မဟုတ်ဘူး။ အပြန်လမ်း လူသတ်ခံရမှာစိုးလို့။

ဒီတော့ ကိုကြီးသဘောက ကိုယ့်လူတွေကို နည်းနည်းလူရိုသေ ရှင်ရိုသေသိက္ခာလေးထိန်းပြီး မျက်လှည့်ပွဲပြရင် ကောင်းတာပေါ့။ ဇာတ်သိမ်းခန်းကောင်းမှာပဲ။

ခုတော့ ကိုယ့်လူတွေအကြောင်း ကိုယ်ကလဲ အစင်းသိ၊ အတွင်းသိဆိုတော့ မပုံရဲဘူးလေ။ ကိုကြီးက သူတို့ရဲ့အသွင်အမျိုးမျိုးပြောင်းတဲ့ ခြေလှမ်းမျိုးကို မကြိုက်နိုင်တော့ နဖားကြိုးကို အတပ်မခံချင်လို့ ရှောင်ရင်းတိမ်းရင်းက တစ်ကိုယ်တော် ကျော်သောင်းဖြစ်ရတာပဲ။ မိချိုရယ်. . . မိချိုတစ်ယောက်တော့ ကိုကြီးနောက်မှာ မြဲမြဲ ရှိကောင်းပါရဲ့နော်"

သူသည် လေချိုသွေးကာ စကားကို အဆုံးသတ်၏။ ကျွန်မကပြုံးရင်း. . .

'မောင်. . ရှေ့ကိုတည့်တည့်လျှောက်လေ. . .
မေလည်း တည့်တည့်လိုက်ကာ လျှောက်မယ် မောင်ရေ့"
မမေရှင်ကြီး၏သီချင်းကို ခပ်အေးအေးပင်ဆိုပြလိုက်ပါ
သည်။

*　　*　　*

ပြီး—စာပေ

## အခန်း(၁၄)

**ဦးပုံစံ**

*ကိုကြီး*

*အချို ရှိသေစွာစာရေးလိုက်ပါတယ်။ ဒီစာရေးနေချိန်မှာ ကိုင်ရိုမြို့ကြီးကတော့ နှင်းမှုန်တွေအောက်မှာ အိပ်မောကျနေတုန်း ရှိသေးတယ်။*

*အချို့ကိုလေ ဖေဖော်ဝါရီလ ၁၉ရက်နေ့မှာ လေယာဉ်ပျံကွင်းကိုလာကြိုပါ။ ပီအေအေနဲ့ ပြန်လာခဲ့မယ်။ အချို ဆရာဇဝနတို့နဲ့ လန်ဒန်လိုက်ဖို့အစီအစဉ်ကို ဖျက်လိုက်တယ်။ တရုတ်နီအုပ်စုနဲ့ လိုက်ရင်လည်း ဘီအိုအေစီလေယာဉ်က ရန်ကုန်ကိုမဝင်ဘူး။ ဟောင်ကောင်ကို တိုက်ရိုက်သွားမှာမို့ မလိုက်တော့ဘူး။*

*အချို ကိုင်ရိုကနေ ဘီရွတ်သွားပြီး ဘီရွတ်ကနေပြီးမှ ပီအေအေနဲ့ပြန်ခဲ့မယ်။ အမြန်ဆုံးရန်ကုန်ရောက်ချင်လို့ပဲ။*

*လန်ဒန် သွားဖို့ အစီအစဉ် ဖျက်လိုက်တာကို မကျေနပ်ရင် သေနတ်နဲ့သာလေယာဉ်ပျံကွင်းက စောင့်နေပေတော့။*

*ချမ်းမြေ့ရွှင်လန်းပါစေ*

***ချစ်ဇနီး မိချို***

P.S *အချိန်အတိအကျကိုတော့လေယာဉ်ပေါ်တက်ခါနီးမှ သံကြိုးပို့မယ်။*

ကျွန်မထံမှ ထိုစာကိုဖတ်ရလျှင် သူ ဒေါပဲ ပွနေမည်လား၊ မသိပါပေ။ ကျွန်မကတော့ ဦးပုံစံကြီးကို ပုန်ကန်လိုက်ပါသည်။

ဆရာဇဝနတို့ ဇနီးမောင်နှံကို ကျွန်မကန်တော့သောအခါ ဆရာတို့လည်း အံ့အားသင့်နေပါသည်။

"မယု ဘာဖြစ်လို့ လန်ဒန်ကို မလိုက်တာလဲ"

ဆရာက မေး၏။

"ရန်ကုန်ကို အမြန်ဆုံးပြန်ချင်လို့"

"လေယာဉ်ပျံ အစီအစဉ်ကောလုပ်ပြီးပလား"

"ဟုတ်ကဲ့ . . ကွန်ဖရင့်နောက်ဆုံးနေ့မှာအပဒူလ်နဲ့ ကျွန်မ လေယာဉ်ရုံးသွားပြီးစီစဉ်ပြီးပြီ။ ဆရာစိတ်မပူပါနဲ့။ လေယာဉ်ပျံကွင်းကိုတော့ သံရုံးက ဦးဘသန်းနဲ့ အန်တီမေတို့ လိုက်ပို့လိမ့်မယ်"

ဆရာဇဝနတို့နှင့် အက်တလတ်ခ်ဟိုတယ်မှ ခွဲခွာလာခဲ့ပါသည်။ သမ္မတကြီးနာဆာနှင့်စာရေးဆရာများ နန်းရင်ပြင်မှာ တွေ့ဆုံရန် ဆရာတို့သွားကြသည်ကိုပင် ကျွန်မ မလိုက်တော့ပေ။

နေ့လယ်ဘက်တွင် ကျွန်မသွားလိုလှသော ကိုင်ရို(မြူစီယံ) ပြတိုက်နှင့် ပိရမစ်များရှိရာသို့သာ တစ်နေ့တည်း အပြီးလည်၏။ အန်တီမေ မအား၍ သူ့သားလေးနှင့်အတူ ကျွန်မသွားသည်။ ညဘက် (Light and Sound) ပိရမစ်၏ ဇာတ်လမ်းပမာကို သွားကြည့်ရာတွင်မူ အန်တီမေကိုယ်တိုင် လိုက်ပို့ပါသည်။

ပြတိုက်ဟူ၍ နာမည်တပ်ထားသော်လည်း အီဂျစ်ရှေးဘုရင်တို့၏ဂူသချိုင်းဖြစ်သော ပိရမစ်များမှ တူးဖော်ရရှိသမျှ ရှေးဟောင်းပစ္စည်းများကို ဖော်ပြထား၏။ ကျွန်မသည် အဖော်ဖြစ်သော အန်တီမေ၏သားလေး ကလစ်ဖို့ကို မေ့နေ၏။

တစ်ယောက်တည်း ပြတိုက်အတွင်း တဝဲလည်လည်နှင့်ပင် ရှေးဘုရင်ဟောင်းကြီးတွေနှင့် စကားဆိုနေမိ၏။ ပိရမစ်ကြီးတွေမြင်ရစဉ်က အီဂျစ်ရှေးဘုရင်တို့ မိမိတို့အာဏာစက်အင်အားကို ပြနေ

သလို မြင်ရ၏။ ကိုင်ရိုမြို့နှင့်အတန်ငယ်ဝေးကွာသောဒေသမှ ဤမျှ ကြီးမားသော ကျောက်တုံးကြီးများကို သယ်ရပိုးရရွှေ့ပြောင်းရသော လူထုအရေအတွက်၊ သုံးရသော လူထု၏အင်အား။

"အမလေး မောလိုက်တာ ဘုရင်ကြီးတွေရယ်၊ ရှင်ဘုရင်ကြီးတွေ တစ်ခါနတ်ရွာစံတိုင်း ငါ့အင်အား ဘယ်လောက်ကြီး၊ ဟောဒီလောက်ကြီးဆိုတာ ပြနေသလိုပဲနော်။ ပိရမစ်တစ်ခုတစ်ခုမှာ လူထုအသက်တွေ ဘယ်လောက်စတေးရလဲ မသိဘူး။ ကျောက်တုံးတစ်တုံးကို ကုဗပေ ၅ ပေပဲထားဦး၊ စက်အင်အားမပါဘဲ လူအားသက်သက်နဲ့ ဒီကျောက်တုံးရာထောင်ကို ကိုင်ရိုဆင်ခြေဖုံးရောက်အောင် သယ်ရတဲ့ဒုက္ခ၊ ဖြုန်းရတဲ့အချိန် မနည်းပါလား ကိုကြီးရယ်။ အချိုသာ အခုနေ အီဂျစ်ပြည်သူဖြစ်ခဲ့ရင် 'ရှေးအီဂျစ်ပြည်သား'ကို ခေတ်အမြင်နဲ့ကြည့်ပြီး ဝတ္ထုတစ်ပုဒ်ရေးပြီးပြီ"

ဟင်. . . တကယ်တော့ အရူးမ မိချိုကျွန်မသည် တစ်ယောက်တည်း စကားပြောနေမိ၏။ အနားတွင် ကျွန်မ၏ချစ်သူက ပါမလာပါပေ။

ကျွန်မသည် ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။ တော်ပါသေး၏။ ခပ်လှမ်းလှမ်းတွင်သာ ကမ္ဘာလှည့်ခရီးသည်တချို့နှင့်လေ့လာသူကျောင်းသားအုပ်စုကို တွေ့ရ၏။ ကျွန်မအပါးမှာသာ ပြတိုက်လေ့လာသူများရှိလျှင် တစ်ယောက်တည်းစကားပြောနေသော စိတ်မနှံ့သူ အမျိုးသမီးဟု ထင်ပေလိမ့်မည်။ ညာဘက်သို့ ကွေ့လိုက်၏။ ဟောလီးဝုဒ်မှ အမေရိကန်ရုပ်ရှင်ပိတ်ကားများပေါ်မှာ တွေ့မြင်ဖူးသော အီဂျစ်ပြည်သား စစ်သူရဲကောင်းကြီးပုံတစ်ခုကို ကျောက်ဆစ်နှင့် ထုထား၏။ ပြီးတော့ ကျောက်ရုပ်များ၊ ကြေးသွန်းရုပ်များ ကျွန်မအပါးတွင် ချာချာလည်နေကြသည်။ ကျွန်မသည် မှန်ဗီရိုတစ်ခုဘေးတွင် ဗီရိုကိုမှီ၍ ခဏနားနေမိသည်။ ဗီရိုထဲတွင်တော့ မိဖုရားများဆင်သော လက်ဝတ်ရတနာများကို သူ့ခေတ်နှင့်သူ ကမွည်းထိုး၍ ဖော်ပြထား၏။ သို့သော် အဖိုးတန်ကျောက်မျက်

ရတနာများတော့ မဟုတ်တော့ချေ။ လက်ရာများကတော့ ရှေးဟောင်းလက်ရာများဖြစ်၍ အီဂျစ်ပြည်၏ ယဉ်ကျေးမှုအတိမ်အနက် ဖော်ပြထား၏။ ထိုလက်ဝတ်ရတနာများဆင်မြန်းထားသည့် ရှေးမိဖုရားလက်များသည်လည်း အီဂျစ်ပြည်၏ ရှေးဟောင်းနန်းတွင်းရေးတွင် ရှုပ်ထွေးလိုက်ကြမည့်ဖြစ်ခြင်း။

အို. . . ဘယ်ခေတ်ဖြစ်ဖြစ် မိဖုရားတွေလက်ကတော့ ပါတာချည်းပါပဲလေ။

ကျွန်မစိတ်ထဲမှ ရေရွတ်မိ၏။

"မမယု၊ ကျွန်တော်လိုက်ရှာရတာ၊လမ်းပြလဲပါမသွားဘူး"

ကလစ်ဖို့ ခေါ်လိုက်မှ ကျွန်မသည် အားနာသွား၏။

"မမယုလဲ ကြည့်ရင်း စိတ်ဝင်စားသွားတာနဲ့ လျှောက်လျှောက်လာလိုက်တာ ကလစ်ဖို့နဲ့ လူချင်းကွဲသွားရော၊ မမယု မပျောက်နိုင်ပါဘူး"

သူသည် ပြုံးရယ်လိုက်၏။

"လာ. . မမယု၊ မံမီတွေ အပေါ်ဖုံးပြထားတဲ့ နေရာသွားမယ်။ သူတို့က ဘုရင်တွေ မိဖုရားတွေရုပ်ကို မံမီလုပ်တဲ့အခါမှာ ဆေးစိမ်ပြီးသားအလောင်းကို အဝတ်စနဲ့ အလုံပတ်ထားတော့ အောက်က လူသားရုပ်ပုံကို မမြင်ရတော့ဘူး။ပြီးတော့ သေတဲ့လူပုံနဲ့ ချွတ်စွပ်တူတဲ့ပုံကို ခုခေတ်ပလတ်စတစ် ပုံသွင်းတွေလိုပေါ့။ ပုံသွင်းထားပြီး အပေါ်ကအုပ်ထားတာ"

ကလစ်ဖို့သည် လမ်းလျှောက်ရင်း စကားပြောလာ၏။ သူလက်ညှိုးထိုးပြရာ မှန်ဗီရိုကြီးများထဲတွင် မံမီရုပ်အပေါ်ပုံလွှာများကို တွေ့ရသည်။ တချို့ရုပ်များက ပါးပါးလျားလျားလှပသည်။ တချို့မျက်နှာများတော့ ထူပျစ်ပျစ်ကြီးတွေဖြစ်သည်။

"တို့များ မနက်ကတွေ့ခဲ့တဲ့ ပိရမစ်ကြီးတွေဟာ ကြီးကျယ်ပြီး ထိပ်ရောက်အောင် တက်ရတာသေလုရော။အလောင်းထားတဲ့နေရာကျတော့လဲ အခန်းလေးက ၁၂ပေ၊ ၁၆ပေလောက်ပဲရှိမယ်

နော်။ ရှင်ဘုရင်ကြီးအလောင်း တစ်နေရာစာနဲ့ သူ့ခြေရင်းက မိဖုရား တစ်နေရာစာလောက်ပဲ ကျယ်တယ်။ ဒီအလောင်းလေးနှစ်နေရာအတွက် တည်လိုက်ရတဲ့ ပိရမစ်ကြီးက ရပ်ကွက်တစ်ခုစာ နီးနီးပဲ”

“သူတို့ရဲ့ အဖိုးတန်ရတနာတွေကို လူတွေ မတူးဖော်နိုင်အောင် လုံလုံခြုံခြုံ မြှုပ်ချင်လို့ ထင်ပါရဲ့” ကလစ်ဖို့က ပြော၏။

“အီဂျစ်ရှေးဘုရင်တွေဟာ အနီးအပါးနိုင်ငံတွေကိုစစ်ပြု၊ စစ်ရှုံးနိုင်ငံတွေက ဘုရင့်သမီးတော်တွေ၊ ဘဏ္ဍာပစ္စည်းတွေ သိမ်းလာ၊ အဲဒါတွေ ပိရမစ်ထဲဝှက်သိမ်းထားပေမယ့် တစ်ခါ အီဂျစ်ကို စစ်နိုင်သူတွေက ဒီရတနာတွေ ပြန်ယူသွားရော၊ မထူးပါဘူးလေ၊ ကဲ. . . ပြန်စို့ ကလစ်ဖို့ရယ်”

ကျွန်မသည် ဝင်လာသော ပြတိုက်အဝင်ဝဘက်ဆီသို့ ခြေဦးတည်လိုက်ပါသည်။

ညဘက်တွင် အန်တီမေနှင့် နှစ်ယောက် ယှဉ်တွဲထိုင်ကာ ပိရမစ်ဇာတ်လမ်းပမာကို ကြည့်ကြ၏။ သဲကန္တာရကို ဖြတ်ကျော်လာသော ညလေညင်းသည် အေး၍အေး၍ စိမ့်သွားသည်။ အမှန်တော့ ဤလိုပွဲမျိုးများမှာ ချစ်သူနှစ်ယောက် ပူးပူးကပ်ကပ်ထိုင်ကာ တစ်ယောက်ကိုယ်ငွေ့ တစ်ယောက်ပေး၍ ဝိုင်ချိုမြမြကို နှုတ်ခမ်းနှင့်တေ့ရင်း ကြည့်ဖို့ကောင်းပါသည်။

ပိရမစ်ကြီးအဝင်လမ်းဝရှိ လူမျက်နှာနှင့် ခြင်္သေ့ကိုယ်သည် မှေးမှိန်သော အလင်းရောင်ပြာလဲ့လဲ့လေးကြားတွင် ပေါ်လာ၏။ နေ့လယ်ခင်းက မြင်ခဲ့ရသော စဖင့်ရုပ်ကြီးပင် ဖြစ်၏။ နေ့လယ်မြင်ရစဉ်က ထုံးခြောက်တွေ ခြယ်ထားသော ကျောက်ရုပ်ကြီးလို ဘာမှအသက်မရှိပေ။ ညရောက်သောအခါ မီးပြာရောင်အောက်တွင် အသက်ဝင်လာ၏။ လှုပ်ရှားလာ၏။ နောက်ခံတီးလုံးက ကြည်နူးလွမ်းဆွတ်ဖွယ်ရာ ပေါ်လာသည်။

“ကျွန်ုပ်ကတော့ ဒီပိရမစ်ကြီး စောင့်ရှောက်ရတဲ့သူပေါ့၊

ဟို. . . တစ်ခါတုန်းက"

စဖင့်ကြီး၏အသံသည် လေးနက်တည်ကြည်စွာ ပေါ်လာပြီး ပုံပြင်ပြောသလို ပြောသော်လည်း နောက်ခံတီးလုံးကကောင်း၊ မီးအရောင်အလင်း အရွေ့အလျားကောင်းခြင်းကြောင့် နေ့လယ်နေရောင်အောက်မှ ကျောက်တုံးအတိပြီး၍ ဘာမှ အထူးအဆန်း မဟုတ်ပါဟု ထင်ခဲ့ရသော ပိရမစ်၏ ကျောက်တုံးကျောက်ချပ်များသည် တစ်ချပ်စီပြဇာတ်ကနေသလား ထင်ရပါသည်။

ကလေးငိုသံ၊ ဘုရင်ကြီးမွေးဖွားလာပုံ၊ မြားပစ်သံများ၊ မြင်းခွာသံများ၊ ဘုရင်ကြီး၏စစ်ပွဲများ၊ ထုထည်အင်အားကြီးမားပုံကို ဂီတသံနှင့်ပင် ပွဲကြည့်ပရိသတ်စိတ်ကို သယ်ယူသွားသည်။

ကြည့်ကွဲပွဲ၊ ဂီတသည် အသည်းစိမ့်သွား၏။ ဘုရင်ကြီးနတ်ရွာစံလေပြီ။

"ဩော်. . ကိုကြီးသာ ခုနေငါ့ဘေးမှာထိုင်လျက်ဆိုရင် တို့နှစ်ယောက် ဒီပြကွက်ကို ဝေဖန်လိုက်မယ့်ဖြစ်ခြင်း"

ကျွန်မသည် သက်ပြင်းချလိုက်၏။

"ကျွန်ုပ်၏ ဘုရင်ကြီးနှင့်မိဖုရား နတ်ရွာစံကတည်းက ကျွန်ုပ်ဟာ ဒီပိရမစ်ကြီးကို စောင့်ရှောက်လာခဲ့တာ ခုချိန်ထိပါပဲ"

စဖင့်ကြီးအသံသည် တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားသော မီးရောင်နှင့်အတူ ဝေး၍ဝေး၍သွားတော့သည်။

သက်ရှိသတ္တဝါဟူ၍တစ်ယောက်မှမပါ။ ကျောက်တုံးပေါ် မီးရောင်ထိုး၍ ပိုက်ဆံယူခြင်းဟု ပက်ပက်စက်စက် ပြောလျှင်တော့ ပြောလို့ရပါသည်။

သို့သော်. . . အနုပညာနား၊ အနုပညာအရသာခံ ကြည့်သောအခါ ကျောက်တုံးပေါ်မီးရောင်ထိုးရင်းက နှစ်နာရီအချိန်ကာလအတွင်း သက်ရှိလူသတ္တဝါနှလုံးသားကို ဘဝင်စိမ့်အောင် သယ်ယူသွားနိုင်ခြင်းမှာ အနုပညာမြောက်ပါပေသည်။

ကျွန်မသည် ထိုပွဲကိုကြည့်ပြီး ညဉ့်က အိပ်မပျော်ပါပေ။

ပြုံး—စာပေ

ပုဂံနေပြည်တော်ဟောင်းကို အိပ်မက်မက်နေသည်။ ပုဂံမှာဟိုတယ် ဆောက်၊ လေဟာပြင်ဇာတ်ရုံတစ်ခုလည်း ပါရမည်။

ပြရမည့်ဇာတ်က ရာဇကုမာရ်၊ ချစ်စရာကောင်းသော မင်းသားလေးပုံပြင်။ဘုရင့်သားရင်းဖြစ်ရုံမက ထီးမွေဆက်ခံထိုက်သော သားကြီးဩရသဖြစ်သော်လည်း ထီးမွေနန်းမွေ မရ။ သို့သော် ခမည်းတော် နတ်ရွာစံဆဲအုံ့အုံ့တွင် ပုထုဇဉ်လူသားအနေဖြင့် လိုလားတပ်မက်ဖွယ်ကောင်းသော မင်းစည်းစိမ် ရရာရကြောင်းကို စိတ်ညွတ်တိမ်းအကြံမထုတ်၊ ကွယ်လွန်ဆဲအုံ့အုံ့ ဖခင်စိတ်ထားတည်ငြိမ်ရေး၊ ရတနာသုံးပါးသို့ အာရုံညွတ်ရေး၊ ဘဝကူးကောင်းရေးကိုသာ ကြိုးပမ်းပေးတဲ့ မင်းသားလေးတစ်ပါး။ ဤပုဂံ ရှေးဦးခေတ်မှာ မွေးဖွားခဲ့တယ်ဆိုတဲ့ဇာတ်လမ်း။ အို. . . ဘယ်လောက်များ ကောင်းလိုက်မလဲ။ ကမ္ဘာလှည့်ခရီးသည်တွေအတွက် အင်္ဂလိပ်စကားပြော အသံသွင်းရမယ်။ မြန်မာတိုင်းရင်းသားတွေအတွက် မြန်မာဘာသာ အသံထွက်ပေါ့။ ဗုဒ္ဓဘာသာတိုင်းပြည်ဆိုတော့ အာနန္ဒာနဲ့ သဗ္ဗညုဘုရားကို မီးမောင်းထိုးပြဖို့တော့လေးစားရာမကျ၊ မကောင်းဘူး။ ရုပ်ရှင်ပိတ်ကားပေါ်မှာ ရိုက်ယူပြပြီး အာနန္ဒာ သဗ္ဗညုဘုရားတည်ပုံနဲ့ ဆက်စပ်ပြလိုက်ရရင် ဘုရားတည်တဲ့ ရာဇဝင်လည်းရှင်းရော။ မြန်မာဆိုတဲ့ ပင်ကိုအမျိုးသားဓာတ်ခံစိတ်ဟာဖြင့် ရာဇကုမာရ်လိုပါပဲ။ ကျေးဇူးသိတတ်ခြင်း၊ သဘောထားကြီးခြင်း၊ စွန့်လွှတ်ရဲခြင်းဆိုတာတွေကို နိုင်ငံခြားခရီးသည်တွေကို ပြသပြီးသလိုဖြစ်ရော၊ ကိုယ့်တိုင်းသူပြည်သားတွေကိုလည်း ကြည့်ရင်းတရားရရော"

အမလေး. . . အိပ်လို့ကလည်းမရမောလိုက်တာ။ စိတ်ကူးတွေ. . စိတ်ကူးတွေ။ ငါပြန်သွားချိန် ငါ့တိုင်းပြည်ကရော၊ ရှေ့ဆက်မတွေးရဲ၊ ကျွန်မလေယာဉ်ပေါ်ကအဆင်း ရန်ကုန်မြေအနင်းတွင် ပထမဆုံးတွေ့ရမည့် ကျွန်မ၏ချစ်သူနှင့် ဘယ်လိုတွေ့ဆုံရမည်ကို မတွေးရင်း အိပ်မပျော်ပါသောကြောင့် ဗီလီယံ(၂)ကို ထ၍သောက်

လိုက်ရပါတော့သည်။

ကျွန်မသွားရသည်က အာရှ အာဖရိက၊ စာရေးဆရာများ ကွန်ဖရင့်၊ ကျွန်မစိတ်ဝင်စားနေသည်က ပြတိုက်နှင့်ပိရမစ်။

ရန်ကုန်လေဆိပ်ရောက်သောအခါ သူ့မျက်နှာကို ပြုံးရွှင်စွာတွေ့ရ၍ ကျွန်မရင်ထဲပေါ့သွားပါသည်။ သူ့ရဲဘော်လေးများအား သတိတရလက်ဆောင်အဖြစ် ဆိုရှုံးလောက်ပင် ကုလားအုပ်သားရေနှင့်လုပ်သော ပိုက်ဆံအိတ်အငယ်လေးများ ဝေငှပေးလိုက်ပါသည်။

ပစ္စည်းများသိမ်းဆည်းရန် အိပ်ခန်းထဲဝင်ဖို့ ကျွန်မကြောက်နေပါသည်။ အိပ်ခန်းထဲရောက်၍ နှစ်ယောက်တည်းတွေ့လျှင် ကျွန်မကို ကျိန်းသေဆူလေမလား။ ကျွန်မသည် သေတ္တာများကို ဗီရိုရှေ့ချ၍ ဘာမှမသိမ်းသေးဘဲ ခေတ္တခုတင်ပေါ်လှဲကာ အပန်းဖြေလိုက်၏။

"အချို"သူ့အသံကြားလျှင် ကျွန်မတုန်သွား၏။

"ဘာဖြစ်နေလဲ၊ မျက်နှာကလဲမရွှင်ဘူး။ တုန်တုန်ယင်ယင်ဖြစ်နေလိုက်တာ၊ နေမကောင်းလို့လား"

ကျွန်မအပါးတွင် သူဝင်လှဲရင်းမေး၏။

"နေကောင်းပါတယ်။ လန်ဒန်ကိုဆက်မသွားတော့ ကိုကြီးအချို့ကို ဆူမှာစိုးလို့။ ဒါလောက် ပြည့်ပြည့်စုံစုံ လုပ်ပေးလျက်သားနဲ့ မသွားချင်ရမလား၊သတ္တိကလဲ နည်းလိုက်တာလို့ ကိုကြီးကဆူမှာ"

"အကျိုးအကြောင်းမခိုင်လုံပဲ ကိုကြီး မဆူပါဘူး။ အချိုက လဲလေ စာထဲရေးထားလိုက်တာ၊ ကိုကြီးက လူကြမ်းကြီးကျနေတာပဲ။ မကျေနပ်ရင် သေနတ်ကြီးနဲ့လေယာဉ်ပျံကွင်းက စောင့်နေဆိုတာလဲပါသေး"

သူသည် ကျွန်မလက်ဖျားလေးများကို ညင်သာစွာဆုပ်နယ်ရင်း ပေါ့ပေါ့ပါးပါး မျက်နှာထားမတင်းပဲ မေးမှ ကျွန်မ စကားပြော သွက်လာပါတော့သည်။

"အချို ကွန်ဖရင့်မှာစိတ်ထင့်နေမှာစိုးလို့ နုနုရဲ့လက်ထပ်ပွဲ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှာ အေးအေးဆေးဆေး ပြီးတဲ့အကြောင်း သံကြိုးပို့လိုက်တယ်၊ ရလား"

"ရပါတယ်"

"ငွေရောလောက်ရဲ့လား။ လန်ဒန်သွားဖို့အထိ မလောက်ဘူး ထင်လို့လား"

"မဟုတ်ပါဘူး ကိုကြီးရယ်"

ကျွန်မသည် ကွန်ဖရင့်အတွေ့အကြုံများကို ပထမသူ့အား ပြောပြ၏။ ပြီးမှ သူထင်နေသော အဝတ်အစား၊ ငွေများမှာ ကျွန်မ အတွက် အခက်အခဲမဟုတ်ပါ။ အဝတ်အစားမှာလည်း အပြည့်အစုံ ပင်ရှိ၏။ ပီကင်း၏ ဒီဇင်ဘာအအေးကိုခံနိုင်သော ဝတ်စုံ ကျွန်မ တွင်ရှိ၏။ တရုတ်ပြည်၏ ဧကရီစူစီ အပန်းဖြေသောနွေရာသီစံနန်းတော် ပတ်ဝန်းကျင်၌ရေများခဲနေချိန်တွင် ကျွန်မ ပီကင်းကိုရောက်ခဲ့ခြင်းဖြစ်သည်။

အရှေ့ပီကင်း၏ ရေခဲဒဏ်ကို ခံနိုင်သောဝတ်စုံ ကျွန်မတွင် ရှိပြီးဖြစ်၍ အနောက်ကိုင်ရိုနှင့်လန်ဒန်မြို့တော်၏ ဖေဖော်ဝါရီ အအေးကို ခံနိုင်ရည်ရှိဖို့ အနွေးထည်ပြဿနာလည်း ကျွန်မတွင် မရှိပါ။ လိုအပ်သောငွေအတွက်လည်း ကျွန်မစုထားသော ရွှေဒင်္ဂါး (၁၀)ပြားကို ရောင်းလိုက်၏။ မွေးဝတ္ထုကို ဝယ်ယူသော ပြည်တော်အေးရုပ်ရှင်မှငွေတစ်ထောင်၊ ရှုမဝမှငွေတစ်ထောင်၊ မြဝတီမှ ငွေ ခြောက်ရာယူသွားခဲ့၍ ငွေကြေးလုံလောက်ပါသည်။

"ကဲ. . . ဘာဖြစ်လို့ လန်ဒန်ကိုမသွားတာလဲ"သူ ထပ်ဆင့်၍မေးပြန်၏။

"စိတ်မပါလို့" ကျွန်မက တိုတိုတုတ်တုတ်ပင် ဖြေ၏။

"ဟင်. . . သူတို့မိန်းမစိတ်တွေကလဲ အသိရ ခက်လိုက်တာ။ စိတ်မပါလို့တဲ့"

"ဟုတ်တယ်၊ စိတ်မပါပဲသွားရရင် နတ်ပြည်ခရီးပဲဖြစ်ဖြစ်

မသွားချင်ဘူး"

"ဟယ်. . တချို့မိန်းမတွေများ နိုင်ငံခြားသွားရရင် မြူးနေတာပဲ၊ နိုင်ငံခြား မလိုက်ရတယ်လို့ သူတို့ယောကျ်ားတွေ ကျောကို ခဏခဏ ထုတယ်တဲ့။ သူ့မှာဖြင့် စိတ်မပါတာလေးတစ်ခုနဲ့ မသွားချင်ဘူးတဲ့"

"သူတို့က သူတို့ပဲ၊ အချိုက သူတို့လို ကျောမထုချင်ပါဘူး။ ရင်ဘတ်. . ရင်ဘတ်ကို ကိုကြီးရဲ့ရင်ဘတ်ထုချင်နေတာလေ။ဟို. . လက်ထပ်ဖို့ ကိုကြီးစစ်ကိုင်းက ပြန်လာတဲ့ညနေကတည်းက"

"အမလေး မိချိုရယ်. . အဲဒီကတည်းက အားရပါးရ ထုလိုက်ပါလား။ နေပါဦး၊ လွန်ခဲ့တဲ့ ၁၉၅၀ ခုနှစ်က လက်သီးဆုပ်ပြီး ကိုယ့်ချစ်သူ ရင်ဘတ်ထုချင်တဲ့ဆန္ဒကိုများ အခု ၁၉၆၂ ခုနှစ်အထိ အောင့်အည်း မျိုသိပ်ထားတယ်လို့"သူသည် ကျွန်မ၏ လက်သီးဆုပ်ကလေးကို ဖျစ်ညစ်ကိုင်ရင်း ဟက်ဟက်ပက်ပက် ဆက်ရယ်ပါတော့သည်။

"ကဲ. . ကဲ ထုလေ. . ထုလဲထု ဖြေလဲဖြေ"

"ထုလဲ မထုရက်ပါဘူး။ အရှည်ကြီးလဲ မဖြေချင်ပါဘူး။ နောင်လဲ ဒီနိုင်ငံခြားတွေကို ကိုကြီးမပါပဲ အချို့ကို တစ်ယောက်တည်းမလွှတ်နဲ့၊ သိပ်ခြောက်သွေ့တာပဲ။ အချို ကိုင်ရိုမြူစီယံထဲမှာ တစ်ယောက်တည်းတောင် စကားပြောမိတယ်"

"သိပါပြီ၊ မိချိုဆိုလိုတာကို။ ဒါနဲ့ ကိုကြီးတစ်ခုပြောရဦးမယ်။ ကိုကြီးကိုလေ မတ်လတစ်ရက်နေ့စပြီး ခွင့်ပေးတယ်။ တစ်လရမယ်"

"ဟုတ်လား။ အချိုသာ ကိုင်ရိုမသွားလိုက်ရင် ငွေနည်းနည်းထပ်ဖြည့်ပြီး ကိုကြီးနဲ့အတူ ခုနေ နှစ်ယောက်သား ကမ္ဘာတစ်ပတ်တော့ ခရီးသွားနိုင်ပြီ"

"အို. . . နောက်တစ်ခါ ငွေစုပြီးသွားတာပေါ့၊ အချို ခုခွင့်ရက်ရှည်ကို ဘယ်လိုသုံးချင်လဲ။ မောင်းမကန်က လုံခြုံမှုမရှိဘူး။

ပေလီမှာ ခုချိန်လူရှုပ်တော့ ကိုကြီး မသွားချင်ဘူး”

ကျွန်မ ခေတ္တငြိမ်သက်နေလိုက်ပြီးမှ သူ့ကို အေးအေးဆေးဆေး ပြောပြပါသည်။

“အချို ပြောတာကိုစဉ်းစားလေ၊. . ကိုကြီး လုပ်ချင်မှလုပ်ပေါ့၊ မောင်းမကန်တို့ ပေလီတို့ဆိုတာက အခု မသွားလဲ နောင်သွားချင်ရင်သွားလို့ရတယ်။ ခုလို ရတဲ့ခွင့်တစ်လဟာ ကိုကြီးတို့ စစ်သားတွေအတွက် ကြုံတောင့်ကြုံခဲ ဒုလ္လဘပဲ။ ဒီတော့ အချို တောင်းပန်ချင်တာက သာသနာ့ရိပ်သာမှာ အချိုအားထုတ်ခဲ့တဲ့ ဝိပဿနာတရားကို ကိုကြီးအားထုတ်စေချင်တယ်။ တစ်လဆိုတော့လဲ စိတ်အေးလက်အေးရှိတာပေါ့”

သူသည် ခေတ္တစဉ်းစားပြီးမှ . . . .

“အဲ. . ဟုတ်ပါရဲ့၊ ခွင့်တစ်လကလဲ ဒုလ္လဘပဲ၊ ရဟန်းဘဝကလဲ ဒုလ္လဘပဲ။ ခုတလောလေ အိပ်မက်ထဲမှာ အမေရယ် ရဟန်းခံဖို့ကိုပဲ တိုက်တွန်းတယ်။ ဒီတော့လေ တရားအားထုတ်ရတဲ့ အတူတူ လူဝတ်နဲ့မထုတ်ဘူး။ ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်မယ်။ ချို သဘောတူလား”

ကျွန်မ ခေါင်းညိတ်ပြလိုက်၏။

“ကိုကြီးရဲ့ မေမေဆန္ဒလဲ ပြည့်ရော။ ခုတလော အချို့ရင်ထဲမှာလဲ လေးတေးတေးနဲ့ ကုသိုလ်ဆက်ရာလည်း ကျတာပေါ့။ အချို့ရဲ့ပြန်ပါလာတဲ့ ပေါင်(နိုင်ငံခြားငွေ)တွေ လဲပြီးရင် ကြွေးတွေဆပ်လိုက်မယ်။ ငွေတွေ ပိုပါတယ်။ ရဟန်းခံဖို့ပစ္စည်းတွေ ဝယ်ရအောင်နော်”

ကျွန်မသည် အစီအစဉ်ကိုပြောပြပြီး သူ့ရင်ခွင်ထဲမှာ နှစ်ခြိုက်စွာ အိပ်လိုက်ပါသည်။

ကိုင်ရှိကွန်ဖရင့်အကြောင်းကို “နိုင်းမြစ်ပေါ်မှ ဆည်းဆာချိန်”ဟု ခေါင်းစဉ်တပ်ကာ မြဝတီသို့ဆောင်းပါးရေးပေးရန် ကျွန်မ စီစဉ်ထားပါသည်။ ဆောင်းပါးရေးမပြီးခင် ကျွန်မ သူ့ကိုတောင်းပန်

ဏ်။

"အချိုရေးမယ့် ဆောင်းပါးကိုတော့ ဒီတစ်ခါ မဖြတ်ပါနဲ့ ကိုကြီးရယ်"

"အချိုကလဲကွယ်၊ အဓိပ္ပာယ်ကို မပေါက်နိုင်ဘူး။ ဒီလိုစာတွေရေးနိုင်အောင်လို့ နိုင်ငံခြားကိုခရီးထွက်ပေးဖို့ ကိုကြီးစီစဉ်ပေးတာပါ။ မြန်မာစာရေးဆရာတွေအဖို့ ကိုသန်းဆွေ ပြောသလိုပဲ၊ နိုင်ငံခြားကို ကိုယ့်ငွေနဲ့ကိုယ်သွားဖို့ဆိုတာ ဝေးရော။ ခနောင်တိုသွားဖို့ လမ်းစရိတ်တောင် မရှိဘူးဆိုတာ မှန်တယ်။ အချို့မှာ အင်မတန် အလျင်းသင့်လို့ ကိုယ့်စရိတ်နဲ့ကိုယ် သွားနိုင်တာ။ အချို့ရဲ့စာကို ကိုကြီးဖြတ်ရတောက်ရတာက စာမရေးစေချင်လို့ မဟုတ်ဘူး။ နှစ်ဖက်အစွန်းမလွတ်မှာ စိုးလို့။ အချိုတို့ စာရေးဆရာတချို့ဟာ နိုင်ငံခြားသွားပြီး ပြန်လာရင် ရေးကြတာတွေက ကိုယ့်တိုင်းပြည်အကျိုးရှိဖို့ထက် လက်ျာနယ်ချဲ့သမားတွေနဲ့ လက်ဝဲဝါဒချဲ့သမားတွေ မြန်မာပြည်ထဲမှာ ခြေကုပ်ရထားဖို့ သူတို့ကလောင်ကို တံတားခင်းပေးသလိုပဲ"

"အချိုက သာပြီး အသည်းယားသေးတယ်။ ဒီလို တစ်ဖက်ဘက် အမွေးခံဖြစ်သွားမှာစိုးလို့ စာရေးဆရာအသင်းတောင် မဝင်ဖြစ်ဘူး"

"ဟင်. . . ခုထိ မဝင်ဖြစ်သေးဘူး"

"ဟုတ်တယ်၊ တစ်ခါတစ်ခါ စာရေးဆရာအသင်းကိုလဲ အရောင်တစ်ခုခုဟာ လွှမ်းလွှမ်းသွားတတ်တယ်။ ခု နိုင်းမြစ်ပေါ်မှ ဆည်းဆာချိန်ကို ကိုကြီး မဖြတ်တောက်ပါနဲ့လို့ အချိုတောင်းပန်ရတာက စာရေးဆရာ၊ သတင်းစာဆရာတွေအဖို့ အရသာခံတာတစ်ခုရှိတယ်လေ။ ဒါဟာ ဘာလဲဆိုတော့ ကိုယ်ကြိုတင် နိမိတ်ဖတ်ချက်မှန်ရင် သိပ်ကျေနပ်မိတယ်။ ခုလဲ အချိုထင်တယ်။ နိုင်းမြစ်ရဲ့ အနာဂတ်ဟာလဲ ဆည်းဆာချိန်လိုပဲ။ ဘယ်ဆည်းဆာလဲ ဆိုတာတော့ စာဖတ်ပရိသတ် တွေးဖို့ အချို ချန်ခဲ့မယ်။ ဗီယက်နမ်လဲ

သက်သာလိမ့်မယ်မဟုတ်ဘူး။ အိပ်မက်ဆိုးကြီးတွေ မက်ကြလိမ့်ဦးမယ်”

“အင်းလေ. . . ရေးပါ၊ အေးကွယ် စာရေးဆရာအသင်းကို ဝင်ဝင်၊ မဝင်ဝင် ဟိုက အတွေ့အကြုံကိုတော့ အစီရင်ခံစာအနေမျိုးရေးပြီး စာရေးဆရာအသင်းကိုလဲ အချိုရေးပေးလိုက်ပေါ့”

ကျွန်မ နိုင်းမြစ်ပေါ်မှဆည်းဆာချိန်ကိုသာ ရေးမိ၏။ အစီရင်ခံစာကိုတော့ မရေးမိပါ။ ဆောင်းပါးရေးပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ဒုလ္လဘရဟန်းခံဖို့အတွက် ကျွန်မတို့ အလုပ်ရှုပ်နေပါသည်။

*   *   *

# အခန်း(၁၅)

## ရှင်ဂဝံပတိ

“ကျည်ဆန်တွေ ဒီဘက်ကျလာတယ် သတိထားဟေ့” ကျွန်မတို့အိမ် ညာဘက်ခြံဝင်းထဲမှ မည်သူအော်လိုက်မှန်းမသိသော အသံနှင့်အတူ သေနတ်ပစ်သံအတော်များများ ကြားလိုက်ရ၏။

“ကို. . . သေနတ်သံတွေကြားလား”

ကျွန်မက ပြောပြောဆိုဆို အိပ်ရာမှလူးလဲထလိုက်၏။

“အချို့. . မတ်တတ်မရပ်နဲ့၊ ဖြည်းဖြည်းထ” ဟု သူကဆိုပါသည်။ သမီးကြီးမိကိုလည်း အသံအုပ်အုပ်နှင့်လှမ်း၍ပြော၏။

“သမီး နိုးနေလား၊ ခုတင်ပေါ်က ကိုယ်ကိုလှိမ့်ချပြီး ကြမ်းပေါ်မှာဝပ်နေ၊ မတ်တတ်မရပ်နဲ့၊ မအေးသင်လဲ ဝပ်နေပေစေ”

ကျွန်မတို့အိပ်ခန်းနှင့်ကပ်လျက် ခြေရင်းခန်းတွင် သမီးကြီးမိနှင့် အိမ်ဖော်ကလေးမလေး အတူအိပ်၏။ ကျွန်မသည် ကြမ်းပေါ်သို့လှိမ့်ချလိုက်ကာ သမီးတို့အိပ်ခန်းဘက်ကူးသွား၏။ ညာဘက်ခြံဝင်းထဲတွင် ဝန်ကြီးချုပ်၏ကိုယ်ရံတော် အစောင့်ရဲဘော်များ နေရန် တန်းလျားများ ထိုးပေးထား၏။

သမီးတို့အိပ်ခန်းထဲတွင် သမီးနှင့်မအေးသင်သည် မှန်ပြတင်းမှ အပြင်ကိုကြည့်နေကြ၏။ သဲကွဲစွာမမြင်ရ၍ ကျွန်မသည် မအေးသင်ကိုခေါ်ကာ လမ်းကိုမြင်ရသော တောင်ဘက်စန္ဒရားထားသော အခန်းကိုကူး၍ ပြတင်းတံခါးကို ဖြည်းညင်းစွာ ဖွင့်၍ကြည့်၏။ လမ်းပေါ်တွင် အလင်းရောင်ရှိသော်လည်း မှုန်မွှားမွှား အရောင်ဖြင့် သေနတ်ထမ်း၍ နှစ်ယောက်စီလိုလို တွဲ၍တွဲ၍ လျှောက်သွားသော ရဲဘော်များသဏ္ဌာန်ကို မသဲမကွဲ တွေ့ရ၏။ သေနတ်သံများ နောက်ထပ်မကြားရ။ သို့သော် အသံတစ်ခု ထူးခြား

စွာကြားရ၏။

"ဘာသံလဲ မမယု"

မအေးသင်က ကျွန်မကိုလက်ကုတ်ရင်း တိုးတိုးကလေး ပြော၏။

"ချိမ်းကြိုးသံ၊ အို. . . သံချပ်ကာကားအသံပဲ။ ဘယ်နှစ်နာရီရှိပြီလဲ" ကျွန်မက ကိုယ်ကို နောက်သို့ဆုတ်၍ တိုင်ကပ်နာရီကို ကြည့်ရန်အထလိုက်တွင်. . . .

"နှစ်ချက်တီး"ဟုပြောလိုက်သောကိုကြီး၏ အသံကို ကျွန်မကြားလိုက်မှ နောက်ပါးတွင် ကိုကြီးနှင့်သမီးတို့ ရပ်နေမှန်းကျွန်မ သိပါသည်။ ကျွန်မသည် သူ့လက်ကို တင်းတင်းဆုပ်၍

"သူတို့အာဏာသိမ်းတယ် ထင်တယ်"ဟု တိုးတိုးပင် ပြောလိုက်၏။

"ဘယ်သူက အာဏာသိမ်းတယ်"

"အချို့ ဟိုဘက်ခြံကို ကူးသွားချင်တယ်"ဝန်ကြီးချုပ်ရှိရာ ခြေရင်းဘက်ခြံကို ဆိုလိုပါသည်။

"အို. . . ဘာမှန်းမသိ အခြေအနေတွေ ရှုပ်ထွေးနေတုန်း အပြင်ကိုမထွက်နဲ့" သူကပြောပြောဆိုဆို ကျွန်မကိုလက်ဆွဲ၍ အိပ်ခန်းထဲခေါ်လာသည်။ "မိတို့လဲ အိပ်ခန်းထဲမှာနေ၊ ဘာသံကြားကြား မတ်တတ်မရပ်နဲ့နော်"

သူသည် သမီးကိုပါ လှမ်းပြောလိုက်၏။ ခုတင်ပေါ်တွင် တုန်တုန်ယင်ယင် ထိုင်ချလိုက်သော ကျွန်မ၏ပခုံးကိုသူမြဲမြဲကိုင်ထား၏။

"ညနေကတော့ ကိုကြီးရဲ့ ရဲဘော်တစ်ယောက်ကပြောတယ်။ ဂွတ္တလစ်ကွက်သစ်ထဲမှာ အရက်ပုန်းရယ်၊ ဖဲဝိုင်းရယ်၊ ကြက်သမားတွေနဲ့ လက်နက်ပုန်းတွေ ရှာမယ်တဲ့။ ဘယ်နေ့ရှာမယ်လို့တော့ သူမပြောဘူး"

ကျွန်မ စိတ်ဖြေသာအောင်လို့သာ သူပြောနေသည်ဟု

ကျွန်မထင်ပါသည်။ ဝန်ကြီးချုပ် ပြည်ထောင်စုလမ်းကို ပြောင်းလာမှ ဝ္ဝတ္တလစ်ကွက်သစ်တွင် မသန့်သော စီးပွားရှာသူများနှင့် အရက်ပုန်း၊ ဘိန်းပုန်းအခန်းများ၊ ကြက်ဝိုင်းများကို ရဲဘက်မှ ခဏခဏ ရှင်းလင်းနေ၍ ကွက်သစ်ထဲတွင် အတော်သန့်ရှင်းနေပြီကို ကျွန်မ သိပါသည်။

"လက်နက်ပုန်းရှာလို့ သေနတ်သံကြားတာကတော့ ထားပါတော့၊ ဘရင်းကယ်ရီယာအသံက ဘာကြောင့်ကြားနေရတာလဲ" ကျွန်မက မေး၏။

သူ့ဖြေသံကိုမကြားရတော့။ကျွန်မတို့အိမ်သည် မှန်ပြတင်းတံခါးများ အလုံပိတ်ထားလျှင် တော်ရုံတန်ရုံအပြင်မှအသံများကို မကြားနိုင်ပေ။ အိမ်သည် ပြန်၍တိတ်ဆိတ်သွား၏။ သူသည် ကျွန်မ အနားတွင် ငုတ်တုတ်ကြီးထိုင်နေသည်။ ကျွန်မစိတ်ထဲမှာတော့ အိမ်အပြင်ကိုသာ ထွက်ချင်လှပြီ။ဤကဲ့သို့ ဘာမှန်းမသိသောအခြေတွင် ငြိမ်ငြိမ်သက်သက် ငုတ်တုတ်ကြီးထိုင်နေရခြင်းမှာ ကျွန်မအတွက် ကြီးစွာသော ဝေဒနာကြီးခံနေရသလို ဖြစ်ရုံမက လူငြိမ်သလောက် နှလုံးက ခုန်လှသည်။

အလင်းရောင်ပျပျကို ပြတင်းအပြင်တွင် မြင်ရသည့် တစ်ပြိုင်နက် သူ့အပါးမှလျင်မြန်စွာ ကျွန်မထကာ မီးဖိုချောင်သို့ ပြေးသွားပါသည်။ ဟင်းလင်းပွင့်သော မီးဖိုတံခါးအဝတွင် အပြင်မှ ပြေးဝင်လာသော မအေးသင်နှင့် ကျွန်မတိုက်၏။

"မမယု. . . ဘကြီးနုနဲ့ကြီးကြီးရီရီကို ဖမ်းသွားပြီတဲ့။ ကင်းတဲက ရဲဘော်တွေက ပြောတယ်"

ကျွန်မသည် ဘယ်သူ့ကိုမှ လှည့်မကြည့်၊ အိမ်နောက်ဘက်လမ်းကိုဖြတ်ကျော်၍ ဝန်ကြီးချုပ်တစ်ယောက်တည်းနေသော တစ်ထပ်တိုက်အိမ်လေးရှိရာသို့ ပြေးသွား၏။ စောင့်နေကျရဲဘော် သုံးလေးယောက်မှတစ်ပါး ဘယ်သူ့ကိုမှ မတွေ့ရ။ ဟင်းလင်းပွင့်နေသော ထိုအိမ်ကလေးကိုဖြတ်၍ အုတ်နံရံမှ မလွယ်တံခါးလေးကို

ကျွန်မ တစ်ဖန်ဖြတ်ကာ ပြေးဆင်းသွားပြန်၏။ ဒေါ်မြရီနေသော ပျဉ်ထောင်အိမ်ကြီးပေါ်ကို ပြေးတက်သွားပါသည်။

ထမင်းစားခန်းထဲတွင် စားပွဲထိပ်၌ တည်ငြိမ်စွာ ထိုင်နေသော ဒေါ်မြရီကို ဆွယ်တာအစိမ်းကွက်ကြီးဝတ်လျက် ကျွန်မတွေ့ရ၏။

ထိုစဉ်က သူကသာ ကျွန်မကို တွေ့တွေ့ချင်းငိုလျှင် ကျွန်မ ကြောင်၍နေမိမည်ဖြစ်သည်။ ယခုတော့ သူ့သားသမီးများ ကော်ဖီခွက်ကိုယ်စီနှင့်ဝိုင်းထိုင်နေသော စားပွဲထိပ်တွင် သူ့ကို ငြိမ်သက်စွာ ထိုင်နေသည်ကို မြင်တွေ့ရသောအခါ ကျွန်မ သူ့လက်ကို မြဲမြဲဆုပ်၍. . . ,

"ရီရီ. . . ပါမသွားဘူးနော်"

"ဟင်. . . ရီရီ ပါမသွားဘူး"

ကျွန်မ ဒါပဲပြောကာ ငိုချလိုက်ပါသည်။

"မိခင်ယု" ကျွန်မနာမည်ကိုခေါ်ကာ သူသည် ကျွန်မလက်ကို မြဲမြဲပြန်ဆုပ်ထား၏။ ကျွန်မတို့သမီးယောင်းမ တစ်ယောက်နှင့်တစ်ယောက်ကြည့်ကာတစ်မုဟုတ်ချင်း မျက်လုံးချင်းစကားပြောကြပါသည်။

"မအေးသင်က ကြီးကြီးရီရီပါ ပါသွားတယ်ဆိုလို့ ကျွန်မ ကလေးတွေအတွက် စိတ်ပူပြီး ပြေးလာတာ"

"မင်း ကိုကိုကြီးတစ်ယောက်တည်းပါ" ကျွန်မတို့ လက်ဖက်ရည်ဝိုင်းတွင် စကားနည်းနည်းပြော၍ ကျွန်မလာလမ်းအတိုင်း ပြန်လာခဲ့၏။ အပြန်လမ်းတွင် ကျွန်မခြေလှမ်းမှန်မှန်နှင့် တည်တည်ငြိမ်ငြိမ် လျှောက်၍ရ၏။

နိုင်ငံရေးသမား၊ သို့မဟုတ် သခင်တို့၏ နှမအဖြစ် အရွယ်ရောက်စမှစ၍ သံသရာကျင်လည်ခဲ့ပါသော ကျွန်မအဖို့ အစ်ကိုများနှင့် ရှင်ကွဲကွဲရခြင်းမှာ အထူးအဆန်း မဟုတ်တော့ပြီ။

ဒေါ်မြရီအတွက်လည်း ဦးနုဟူသော ဤလူထူးလူဆန်း

နောက်သို့ ပုဆိုးစဆွဲကာ လိုက်ပါလာသော သူ့အဖို့ ထိုအဖြစ်အပျက် အရပ်ရပ်များသည် တုန်လှုပ်ဖွယ်ရာများ မဟုတ်ပါတော့ချေ။

ဗြိတိသျှနယ်ချဲ့သမားများ၏ ထောင်တံခါးဖွင့်သံ၊ ပိတ်သံများ၊ သံလက်ထိပ်ခတ်သံများ၊သံကြိုးကွင်းဆက်များ၏ ထိခတ်သံများကြောင့် ခဏခဏကွဲပြတ်သော အနာရွတ်များနှင့် မာကျောနေသော ကျွန်မတို့အသည်းနှလုံးများကို နိုင်ငံရေးမုန်တိုင်းများသည် နောက်ထပ် ထပ်မံ၍ ရိုက်ခွဲရန် မစွမ်းနိုင်ကြပါတော့ချေ။

သို့သော် အသွားတုန်းက ဘာကြောင့် ကမန်းကတန်း ကွန္ဒြေမရပြေးလွှား၍ ကျွန်မ သွားပါသနည်း။

ကျွန်မစိတ်ထဲတွင် ဒေါ်မြရီပါသွားလျှင် အရွယ်ရောက်စ အထိန်းရခက်သော တူ၊တူမငယ်လေးများ အရေးကို တွေးပူမိသောကြောင့် ဖြစ်၏။

ဦးနု ရှေ့ပိုင်းတွင်တိုင်းပြည်အတွက် ဘာလုပ်လုပ်၊ ဘယ်လိုပင် စွန့်စားစွန့်စား၊ သူတို့မိသားစု ကသောင်းကနင်းမဖြစ်အောင် တကယ်တမ်း ထိန်းနိုင်သူမှာ ဒေါ်မြရီသာ ဖြစ်၏။ မိသားစုတိုင်း လိုလိုတွင် ဖခင်သည် အရိပ်လိုမိုးနေသော်လည်း သားသမီးများ၏ ဒဏ်ကို တကယ်ခံနိုင်သည်မှာ သူတို့၏မိခင်များသာ ဖြစ်၏။

သမ္မတကြီး ဒီဂေါလ်၏မိန်းမက "ရှင် ပြင်သစ်ပြည်ကို အုပ်ချုပ်နိုင်တော့ ပြင်သစ်ပြည်ရဲ့ သမ္မတပေါ့။ ဒီအိမ်မိသားစုမှာတော့ ကျွန်မက သမ္မတပဲ"ဟု ပြောသည်မှာ မှန်သည်။

ကျွန်မယောင်းမကြီးသည် ရုပ်ချောသလောက်၊ ကျက်သရေရှိသေလောက် အပြောကြမ်းသည်၊ နှုတ်ခမ်းစူသည်၊ မျက်နှာထားတင်းမာသည်ဟု အပြင်မှဝေဖန်သူများကို ကျွန်မကြားဖူးပါသည်။ ကျွန်မအပေါ်၌လည်း သူ ဆိုးခဲ့သည်များ ရှိ၏။ သို့သော် ကျွန်မသည် သူ့အပေါ် 'တစ်ခုတည်း'နှင့်ပင် အပြစ်ဟူသမျှအားလုံး ခွင့်လွှတ်ပါ၏။

ဤတစ်ခုတည်းကား ကျွန်မ၏အစ်ကိုကြီး လူထူးလူဆန်း

ဦးနု၏ ပါရမီကို ဖြည့်နိုင်သောကြောင့် ဖြစ်သည်။

ဦးနုသည် အငယ်ဆုံးသမီး ပူတူးမ(သန်းသန်းနု)ကိုမွေးပြီး ကတည်းက အဖြူဟွစရိယာသီလကို တိုင်းပြည်ငြိမ်းချမ်းရေးရသည် အထိ ထိန်းသိမ်းပါမည်ဟု ဘုရားမှာ သစ္စာဆိုခဲ့သည်။ ထိုပါရမီကို ဒေါ်မြရီသာ မဖြည့်စွမ်းပါလျှင် ဦးနု ဘယ်သို့မှ မတတ်နိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တွေ့ ကြုံပြီဖြစ်သော ကြောင့်တည်း။ ကျွန်မ ယခု'ပါရမီဖြည့်စမို့ ကြည့်ဖူးရားသခင်' ဟူ သော သီချင်းကိုဆိုရသောအခါ ဒေါ်မြရီ၏နှလုံးသားကို ကျွန်မ စာနာတတ်လာပါသည်။

"မိခင်ယု. . နင့်ကိုကိုကြီးကလေ ငါ့ကို ကုမ္ပဏီတွေမှာ တိတ်တိတ်ရှယ်ယာထည့်ပြီး စီးပွားရှာနေတယ်တဲ့။ခုံဖွဲ့ပြီးစစ်မယ်တဲ့။ စစ်ပါစေ၊ စစ်ပါစေ၊ ငါကလဲ မိမြရီတဲ့ဟေ့။ ငါ့အကျင့်စာရိတ္တကို ဘာခုံဖွဲ့ဖွဲ့ ဖွဲ့ပြီးစစ်ပေစေ၊ အစစ်အဆေး ခံနိုင်တယ်"

သူခမျာ အိပ်ရာပေါ်မှ ငို၍ ခဏခဏ ကျွန်မကို တိုင်၏။

"ကြည့်စမ်းပါဦး၊ လူတောထဲမှာ ငါ့ကို အော်ထုတ်လိုက် တယ်"

မှန်၏။ စိတ်မထင်လျှင် ဦးနုသည် နေရာမထား၊ သူ့ဇနီးကို အော်ထုတ်တတ်၏။

"ကြည့်စမ်းပါဦး၊ သူ့ဝင်ငွေက တစ်ထောင်တည်းရယ်။ သူပေးခိုင်းတဲ့စာရင်းက ဒီမှာ" ဦးနုက ရဲဘော်ဟောင်းများကို ကူညီ မစရန် စာရင်းလုပ်၍ဒေါ်မြရီအခန်းသို့ ပို့ခိုင်းတတ်၏။ ရရှိသော ရဲဘော်များမှာ ဆင့်ပါးစပ်နှမ်းပက်သလို တစ်ယောက်မှ နှစ်ဆယ် တစ်ရာ၊ နှစ်ရာသုံးလေးရာ အများဆုံးပါဝင်တည်း။ ဒေါ်မြရီမှာ တော့ အိမ်သုံးစာရင်း (ဘတ်ဂျက်)ကိုထိသည်မှာ လစဉ်လိုလိုပင် တည်း။ နိုင်ငံရေးသမားစစ်စစ်ဇနီးတိုင်း ထိုအဖြစ်ကိုသိ၍၊ ခံစားဖူး ၍ ကျွန်မ မရေးလိုတော့ပြီ။

"ငါ့ကို မိမြရီ မာနကြီးတယ်တဲ့။ ငါ သူ့ကို ကျောင်းဆရာ

သခင်နုဘဝက ယူလာတာပါ”

မှန်၏။ ဒေါ်မြရီမိဘများက သဘောတူကျေနပ်သော သူကိုလည်း သူမယူ၊ သူ့ဘွားအေပိုင် အမွေအနှစ်ရထားသော စိန် ရွှေလက်ဝတ်လက်စားများကိုအားလုံး မိဘများထံပြန်အပ်၍ သူ ချစ်သူ သခင်နုနောက်ကို ပုဆိုးပိုက်၍စောင်ကိုပိုက်ကာ လိုက်ပါလာ ခဲ့သူ ဖြစ်၏။ ဦးနု ဝန်ကြီးချုပ်အဖြစ်မှ ထွက်နေချိန်များ၌ ရာထူး လက်ရှိအခါထက် အထူးဂရုစိုက်ကာ သူ့ခင်ပွန်းသည်အကြိုက် ဂရု တစိုက် ချက်ပြုတ်ကျွေး၍ ပြုစုတတ်သည်။

ထိုအကြောင်းကြောင်းများသည် နောက်ပိုင်း၌ ဒေါ်မြရီ ကျွန်မအပေါ် ဆိုးခဲ့သော အကြောင်းများကို လွှမ်းမိုးသွားကာ သူ့ကို ကျွန်မချစ်သနား၍ လာခဲ့ရပါသည်။

ဒုတိယအကြိမ် ဝန်ကြီးချုပ်ဖြစ်ကာ ရွေးကောက်ပွဲတွင် အတိုက်အခံဖွဲ့ ဖို့ပင် အမတ်ဦးရေမပြည့်အောင် အနိုင်ရသော အချိန်က ဦးနုအပါးတွင် ဦးနုအတ္ထုပ္ပတ္တိကို ရေးလိုသူတွေ လက်ချင်း ရှုပ်နေ၏။ မြန်မာလိုရေးမည့်သူတွေ၊ အင်္ဂလိပ်လို ရေးမည့်သူတွေ ပေါလိုက်သည့်ဖြစ်ခြင်း။ ကာယကံရှင်အတ္ထုပ္ပတ္တိအရေးခံရမည့် ဦးနု ပင်လျှင် သူတို့ကွယ်ရာရောက်သောအခါ “လူတွေဟာသိပ်ရယ်စရာ ကောင်းတာပဲ မိခင်ယုရယ်”ဟု ထိုအဖြစ်ကို ကျွန်မအားပြောပြ ၍ ရယ်မောရသည့် အဖြစ်ပါပင်တည်း။

တစ်နေ့တွင်တော့ မိတ်ဆွေ အတွင်းဝန်တစ်ယောက် “သူများတွေ ဝန်ကြီးချုပ်ဦးနုအကြောင်း ရေးဖို့ ဒါလောက်လုပ်ရှား စိုင်းပြင်းနေချိန်မှာ သူ့နှမ စာရေးဆရာမခင်နှင်းယုက ငြိမ်ချက် သားကောင်းလှချည်လား၊ ဘာလုပ်နေလဲ”ဟု မေး၏။

“ကျွန်မ ဦးနုအကြောင်းရေးဖို့မလိုဘူး။ ကျွန်မရေးရမှာက ဒေါ်မြရီအကြောင်း”

ကျွန်မ ဒါပဲပြောခဲ့ပါသည်။ အတွင်းဝန်သည် ပါးစပ် အဟောင်းသားနှင့် ကျန်ရစ်ခဲ့ပါသည်။ ထိုကြောင့်ပင်လျှင် ကျွန်မ

အစ်ကိုကို ကျွန်မ ချစ်သည်မှာ မှန်ပါ၏။ သို့သော် ယခုလို နိုင်ငံရေး အရှုပ်အထွေးကြောင့် ထိန်းသိမ်းခံရချိန်တွင် ဒေါ်မြရီ မပါသွား သည့်အတွက် ကျွန်မသည် ခြေလှမ်းတည်တည်ငြိမ်ငြိမ်နှင့် အိမ် အပြန်လမ်းကို လျှောက်လာနိုင်ခဲ့ခြင်းဖြစ်၏။

ကျွန်မ၏ ချစ်လင်သည် ခြံဝမှ ကျွန်မကို ဆီးကြို၏။

"ဦးသိန်းဖေမြင့်တို့ ခြံထဲမှာစောင့်နေတယ်" ဟု သူ ပြောပြ ၏။ အိမ်ရှေ့ခြံထဲရှိ အလံတိုင်အောက်တွင် ကျောင်းသားဆိုသူ လေးငါးယောက်နှင့် ဦးသိန်းဖေမြင့်ကို ကျွန်မတွေ့ရ၏။ ကျွန်မနှင့် စကား အနည်းငယ်ပြောပြီး သူတို့ပြန်သွားကြသည်။

ကျွန်မသည် အိမ်ထဲဝင်ကာ အိမ်ခန်းတွင်းမှ ဗီရိုကိုဖွင့်၍ အပေါ်ဆုံးထပ်ရှိ သက်န်းတစ်စုံကို ဆွဲယူလိုက်၏။ ကျွန်မနောက်ပါး တွင်ကပ်လျက်ပါလာသော ကျွန်မ၏ချစ်သူသည် သင်္ကန်းကိုင်ထား သော ကျွန်မလက်ကို မြဲမြဲဆုပ်၍ ကျွန်မမျက်လုံးကို စေ့စေ့ကြည့် နေပါသည်။

"ကျွန်တဲ့ ပရိက္ခရာပစ္စည်းကတော့လေ (သပိတ်နှင့်ကျန် သံဃာအသုံးအဆောင်များကို ဆိုလိုပါသည်) ဘုရားဆောင်က ဗီရို ထဲမှာ"ကျွန်မက ပဉ္စင်းခံမည့်အတွက် လိုအပ်သောပစ္စည်းများ အကြောင်းသာ ပြောပြလိုက်၏။

"အချို့. . . ကိုကြီး ဒီနေ့ပဉ္စင်းတက်လို့ ဖြစ်ပါ့မလား"

ကျွန်မသည် သင်္ကန်းအစုံကို ခုတင်ခေါင်းရင်း ခေါင်းအုံး ပေါ်တင်လိုက်၏။ သူနှင့်အတူတွဲကာ ခုတင်ပေါ်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ. . . ကို၊ မနေ့ကတည်းက ပဉ္စင်းတက်ဖို့ပဲ ဟာ၊ တစ်ရက်တောင်နောက်ကျနေပြီ"

သူ တစ်ယောက်တည်းမဟုတ်။သူ့ရဲဘော်ကိုမြအောင်နှင့် မာလီအဘိုးကြီး၏မြေးကိုပါ ကျွန်မ ပဉ္စင်းတက်ပေး၍ ရဟန်းအစ်မ ခံယူလိုသောကြောင့် ပစ္စည်းရှာရင်း တစ်ရက်နောက်ကျသွားပါ သည်။ ပထမအစီအစဉ်မှာ မတ်လ တစ်ရက်နေ့ သင်္ကန်းစည်းရန်

ဖြစ်ပါသည်။

"အချို့ရဲ့ ကိုကိုကြီးကို ထိန်းသိမ်းသွားတော့ ဒီအနားမှာ အစောင့်ရဲဘော်တွေကိုလဲ တော်ကြာရင် သူတို့တပ်က ပြန်ခေါ်သွားမှာ။ ဟိုဘက်ခြံကလဲ ဘယ်သူမှမရှိ(ရဲဘော်များ တန်းလျားထိုးထားသော ညာဘက်ခြံကို ဆိုလိုပါသည်။ ထိုစဉ်က တိုက်အိမ် မရှိသေးပါ) ဦးနုအိမ်မှာလဲ လူမရှိ၊ (ကျွန်မအိမ် နောက်တည့်တည့် အိမ်ကို ဆိုလိုပါသည်) ပြီးတော့ အချို့ရဲ့အနားမှာ နုနုလဲ မရှိတော့ဘူး"

ကျွန်မ ညီမအထွေး နုနုမှာ ဖေဖော်ဝါရီလ ၁၅ရက်နေ့က လက်ထပ်ပြီး မောင်ကြည်ဆွေ၏နောက်သို့ ပြောင်းရွှေ့လိုက်ပါသွားပါသည်။ မတ်လ ၂ရက်နေ့တွင် ဦးနုထိန်းသိမ်းခံရပါသည်။ ဆယ့်ငါးရက်သာကွာ၏။

"အချို့ . . . တစ်ယောက်တည်းအားငယ်နေမှာလား"

သူသည် ကျွန်မလက်ကို မြဲမြဲကိုင်ထားရာမှ မလွှတ်။

ကျွန်မသည် ပင့်သက်ရှူလိုက်၏။

"တစ်ယောက်တည်း. . တစ်ယောက်တည်းတော့ တစ်ယောက်တည်းပေါ့။ နိဗ္ဗာန်သို့ သွားရာလမ်းဆိုကတည်းက နှစ်ယောက် ယှဉ်ပြီး လျှောက်လို့ မရဘူးဆိုတာကိုသိပြီးသားပဲမို့လား။ နိဗ္ဗာန်ကိုခေါ်မယ် အဆုံးကွဲ့ကြင်မယ်ဆိုတဲ့ သီချင်းတွေက ပွဲထဲမှာ ဖွဲ့နွဲ့ရေးတဲ့သီချင်းတွေပါ။ ကိုကြီး ခုလေ ဒုလ္လဘခံမှာက သာမန်ရဟန်းအဖြစ် ခံယူမှာမှ မဟုတ်ဘဲ၊ ဘဝတစ်ဖန် ပြန်မဖြစ်တဲ့တရား၊ သံသရာမှာ တစ်ဖန်ပြန်ပြီးမလည်တော့တဲ့ တရားဖြစ်တဲ့ ဝိပဿနာကို အားထုတ်ရမယ့် ရဟန်းအဖြစ်ပါ။ ဒုလ္လဘထဲမှာကို အထူးဒုလ္လဘလို့ ဆိုရမယ့် ရဟန်းအဖြစ်မို့ သာမန်ဒုလ္လဘ မဟုတ်ဘူးလို့ အချို့ပြောတာ"

သူသည်သက်ပြင်းရှိုက်လိုက်၏။

"အေးလေ. . . ဒီတစ်နေ့တော့ အချို့တို့မိသားစုအတွက် လုံခြုံမှုလေးဘာလေးလုပ်ခဲ့ဦးမယ်။ ခုညနေ အဆင်သင့် ခေါင်းတုံး

ရိတ်ပြီး မနက်ဖြန်မနက် မဟာစည်ဆရာတော်ဘုရားဆီ စောစော သွားတာပေါ့။ တစ်ရက်နောက်ကျရတဲ့အကြောင်းကို ဆရာတော်ဆီ အကျိုးအကြောင်းသွားလျှောက်ထားရအောင်။ ကျန်အစီအစဉ်တွေ က တို့များအားလုံး လုပ်ထားပြီးပြီပဲ"

"အထီးကျန်တဲ့အဖြစ်ဆိုတာ အချို့ဘဝမှာ မဆန်းတော့ ပါဘူး ကိုကြီးရယ်"

ကျွန်မ ဒါပဲပြောကာ အိပ်ခန်းပြင်သို့ ထွက်လာပါသည်။ သူ့ရဲဘော် ကိုမြအောင်မှာ ဧည့်ခန်းတွင် ထိုင်စောင့်နေပါသည်။ သူသည် ရဲဘော်နှင့်စကားပြောနေရစ်၏။

ကျွန်မသည် အိမ်ရှေ့သံဆွဲတံခါးမှထွက်ကာ ဘုရားဆောင် လေးရှိရာသို့ လျှောက်လာခဲ့၏။ သပိတ်များ၊ ပရိက္ခရာများကို ယူရန် ဖြစ်သည်။ ဘုရားဆောင်၏လှေကားတွင်ရပ်နေမိ၏။

ဤဘုရားဆောင်လေး။ ဦးနုသည် ပထမအကြိမ် ဗိုလ်ချုပ် ကြီး၏အိမ်စောင့်အစိုးရကို အာဏာလွှဲပြောင်းပေးခဲ့စဉ်က ဆောက် ခဲ့သော ဘုရားဆောင်။ ဤအဆောင်လေး၏ လှေကားကိုတက်ရင်း ဘုရားဆောင်လေးဆောက်ရပုံအတိတ်ကိုလည်း သတိရမိ၏။

ဤတိုက်အိမ်ငယ်၏အဖြစ်ဆန်းကိုလည်း ပြန်လည်သတိရ မိသည်။ ဤတိုက်ကိုစဆောက်စဉ်က ၁၉၅၆ ခု၊ ဇန်နဝါရီ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် အုတ်မြစ်ချခဲ့သည်။ လမ်းအမည်က ပြည် ထောင်စုလမ်း။ကျွန်မ၏ တိုက်အိမ်ငယ်ပေါ်သို့ ဦးနုပြောင်းလာစဉ် ကလည်း "ကိုကြီးနု နေရတာသက်သောင့်သက်သာရှိရဲ့လား"ဟု မေးရင်း ဗိုလ်ချုပ်ကြီးနေဝင်းသည် လာရောက်ကြည့်ရှုခဲ့သည်။

ကျွန်မသည် ဘုရားဆောင်လှေကားထိပ်တွင် ခေတ္တထိုင် နေမိ၏။ ဂွတ္တလစ်ကွက်သစ်ထဲမှ အသံချဲ့စက် တေးသံကလည်း ကျွန်မတို့တိုက်အိမ်ရှိရာ တောင်ကုန်းလေးပေါ်သို့ပျံ့လွင့်လာသည်။

*"ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် တိုင်တိုင်ပင်*
*ပင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပို့ချစ်ကြတယ်"*

ကျွန်မသည် ဖြည်းညင်းစွာ သက်ပြင်းရှိုက်ရင်း ထိုင်ရာမှ ထ၍ ဘုရားဆောင်သို့ ဝင်မည်ကြံသော်လည်း မျက်စိက ဘုရားဆောင်လှေကားထစ်များကို ခွာမရပေ။

ဪ. . . . သမီးယောက်ဖနှစ်ယောက် ယခုအချိန်အထိ မျက်နှာချင်းတွေ့တွေ့ဆိုင်၍ စကားပြောရန် မကြုံကြိုက်ကြသေးပါ။

သို့သော် ဤလှေကားထစ်ကို တက်ရာ၌မူ ခြေလှမ်းချင်း တူညီခဲ့ကြပါသည်တကား။

၁၉၆၂ ခု မတ်လ ၃ ရက်နေ့ နံနက်တွင် ကျွန်မ၏ချစ်သူ ဒုလ္လဘရဟန်းခံပွဲမှာ သာသနာ့ရိပ်သာ သိမ်၌ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်း အေးငြိမ်းစွာ ပြီးမြောက်သွားပါသည်။

"ရှင်ဂဝံပတိ"

မဟာစည်ဆရာတော်ဘုရားသည် တည်ငြိမ်အေးမြသော အသံနှင့် သူ၏ရဟန်းဘွဲ့ကို ပေးလိုက်ပါသည်။

ကျွန်မ ဂွတ္တလစ်အိမ်သို့ပြန်လာခဲ့သည်။ ခြံဝန်းအဝတွင် ခေတ္တရပ်နေမိ၏။ အနောက်အိမ်သည် နောင်ရင်းဖြစ်သူ ဝန်ကြီးချုပ် မရှိတော့၍ ဟင်းလင်းပွင့်ကာ တိတ်ဆိတ်နေသည်။ ကျွန်မသည် ထိုငြိမ်သက်နေသော တိုက်အိမ်ငယ်ထဲသို့ ဝင်သွားကာ ကိုကိုကြီးအိပ်ခန်းကို ကြည့်မိ၏။

ဒါနပါရမီအစချီသော ပါရမီဆယ်ပါးကို ခေါင်းရင်းနံရံတွင် သပ်ရပ်စွာ ရေးထိုးထား၏။

ဦးနု၏တိုက်ငယ်မှထွက်ကာ ကျွန်မအိမ်ဝင်းထဲသို့ ပြန်လာခဲ့သည်။ ကျွန်မ၏အိမ်လေးသည်လည်း ကျောင်းသင်္ခမ်းတို့၏ တိတ်ဆိတ်ငြိမ်သက်ခြင်းမျိုးနှင့် အေးချမ်းငြိမ်သက်နေပါသည်။

"တပ်နဲ့နေရတဲ့အခါ ဘယ်လိုပဲရှေ့တန်းမှာ ပင်ပန်းပေမယ်လို့ ပင်ပန်းတယ် မထင်ဘူး။ ရုံးမှာက လူကတော့ အေးပါတယ်လေ၊ ဒါပေမယ့် ကိုကြီးလေ ရုံးကအိမ်အပြန် ရေကူးကန်နားရောက်လို့ ဘယ်ဘက်မျှားချိုးလိုက်ရင် ငါ့အိမ်လေးပြန်ရောက်လာပြီဆိုတဲ့

အသိက ဝင်လာရင်ဘဲ၊ ရင်ထဲကို အေးသွားတာပဲ”

သူ့စကားသံများကို ကျွန်မကြားယောင်လာ၏။ နေ့စဉ်လိုပင် သူ၏ဖယ်ရီကားအပြန်တွင် ခြံဝင်းဝမှ ကျွန်မဆီးကြို၏။ သူ့ မျက်နှာညှိုး၍ ကားပေါ်မှဆင်းလာတိုင်း စိတ်မကောင်း။ ရာထူးကြီး၍သူ့ကားနှင့်သူ ပြန်လာတိုင်းလည်း ကျွန်မနေမကောင်းလျှင် ဝင်းတံခါးကို ကိုယ်တိုင်ဖွင့်၊ ကားတံခါးကိုလည်း ဖွင့်ပေးပါသည်။ သူ့လက်ဆွဲအိတ်နှင့်ဖိုင်တွဲများကို ကျွန်မကိုယ်တိုင်သယ်ယူ၍ သူ့အိပ်ခန်းထဲရှိ စားပွဲခုံပေါ်သို့ တင်ပေးပါသည်။ သူ့မျက်နှာသည် များသောအားဖြင့် ပြုံးပြုံးရွှင်ရွှင် မရှိလှပါပေ။

“ရုံးအဆင်းတွင် ကိုကြီးမျက်နှာ ပြုံးပြုံးရွှင်ရွှင်ကို မြင်ရလိုပါ၏”ဟူ၍ပင် ဘုရားမှာ ဆုတောင်းမိ၏။

“ကိုကြီးရေ. . . ရဲဘော်ကို လက်မှတ်ဝယ်ခိုင်းပါလား”

ကျွန်မသည် သူကြိုက်တတ်သောမြန်မာရုပ်ရှင်ကားတချို့ ပြတိုင်းဖြစ်ဖြစ်၊ အင်္ဂလိပ်ကားများလဲလျှင်ဖြစ်ဖြစ် သူ့ကိုသွားကြည့်ခိုင်း၏။ သူသည် မြန်မာရုပ်ရှင်ကားများတွင် စာရေးဆရာများ ဇာတ်လမ်းကို ဝယ်ယူရိုက်သော ရုပ်ရှင်ကားများကို အထူးကြည့်၏။

“မိချိုရဲ့ ကိုယ့်တိုင်းပြည်က စာရေးဆရာတွေကို ကိုယ်အားမပေးရင် ဘယ်သူအားပေးမှာလဲ”

ရှမဝဦးကျော် ဒါရိုက်တာလုပ်သော ဇာတ်လမ်းများကို ပိုမိုကြည့်၍ ဒါရိုက်တာဦးချစ်ခင်ရိုက်ကူးသော ဇာတ်ကားများကို ဒုတိယအကြည့်များပါသည်။

သို့သော် ရုံးဆင်းချိန်တွင် သူ့မျက်နှာနွမ်းနေသည်ကိုမူ များသောအားဖြင့် တွေ့ရသည်။

“ကိုကြီး မိတ်ဆွေဟောင်းတွေအိမ်ကိုလဲ ဘယ်ကိုမှသွားမလည်ဘူး၊ သွားလေ”

သူသည် ခေါင်းခါပြ၏။ အားလပ်သောညနေစောင်းများတွင် ကြိမ်ကုလားထိုင်များ အိမ်ရှေ့မြက်ခင်းပေါ်တွင် ချခိုင်းကာ

သာ အပန်းဖြေလေ့ရှိ၏။

"အချို ဒီမှာ ထိုင်စမ်း" ဟု ဆိုကာ သူစားချင်သည်များကို သာ တစ်ခုစီ မီးဖိုဆောင်သို့ မှာ၍စားရင်း စကားအေးအေးပြော နေ၏။ သူပြောချင်သည်များကိုပြော၍ တဖြည်းဖြည်းတင်းမာနေ သော သူ့မျက်နှာကြောကြီးများ လျော့ပါးလာတော့မှ ကျွန်မရင်ထဲ အေးသွားပါသည်။

ယခုသာသနာ့ရိပ်သာတွင် ဒုလ္လဘခံကာ ဝိပဿနာကို အားထုတ်ပြီးရင်ဖြင့် သူ့စိတ်ကိုထားတတ်ကောင်းပါရဲ့။ ထိုအချိန် တွင် သူ၏ရုံးဆင်းချိန်မျက်နှာသည်လည်း ရွှင်ပျကောင်းပါရဲ့။

ကျွန်မသည် အိမ်ထဲဝင်ကာ ကျွန်မ၏ အိပ်ခန်းရှိရာသို့ လျှောက်လာ၏။ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲလိုက်ပါသည်။ ညာဘက်ရှိ ဟင်းလင်းဖြစ်နေသော အိပ်ရာခင်းဖြူဖြူ၏ လစ်လပ် ခြင်းကို မြင်ရသော်လည်း ယခင်လို နှလုံးသွေးက ဆာလောင်သော ဆန္ဒဖြင့်မခုန်တော့ပေ။ မှန်မှန်နှင့်အေးအေးပင်တည်း။

ခုနေသာ သူ၏မေမေ ချောင်းဦးမှာ အသက်ထင်ရှားရှိနေ သေးပါလျှင် ချောင်းဦးသို့ ကျွန်မ သွားဖြစ်အောင်သွားပါမည်။

"အမေရယ် . . အမေ့သားကိုလေ အမေ့ဆန္ဒအတိုင်း မိချို သာသနာ့ဘောင်ကို သွတ်သွင်းပြီးပါပြီ။ မိချိုကို ချစ်လို့ သံသရာမှာ တစ်ဖန်ကျင်လည်ရပါတယ်ဆိုတဲ့ တဏှာကျွန်အဖြစ် အမေ့သား မရောက်အောင်လဲပဲ ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် မိချို ဆောင်ရွက်ခဲ့ပြီးပါပြီ။ သူ့တိုင်းပြည်နဲ့ သူ့တပ်မတော်အပေါ်မှာ ထားတဲ့ သူ့သံယောဇဉ်နဲ့ ပတ်သက်လို့တော့ မိချို ဘာမှမတတ်နိုင် ဘူး အမေ။ ဒီအတွက်ကိုဖြင့် မိချိုကို ခွင့်လွှတ်ပါအမေရယ်"ဟု ကျွန်မ သွားရောက်ပြောကြားမည်ဖြစ်ပါသည်။

မတ်လ ၂၇ ရက်နေ့တွင် သူ အဓိဋ္ဌာန်ရပါသည်။ အဓိဋ္ဌာန် ရပြီးမှ ဥ ာဏ်စဉ်နာရပါသည်။ ကျွန်မသည် ထိုတရားသဘောကို လည်းကောင်း၊ တရားထိုင်စဉ် ဖြစ်ပျက်တတ်သော အဖြစ်များကို

သော်လည်းကောင်း သူ့ကိုလုံးဝ မပြောပြ။ ကျွန်မ အပြောချတ်ယွင်း၍ အပြောမတတ်သော် အားထုတ်ရမည့်သူသည် တရားတော်အပေါ်၌ သံသယစိတ်ဝင်ကာ ဓမ္မအန္တရာယ် ဖြစ်တတ်ပါသည်။ တချို့ကလည်း အားထုတ်ဖူးသူတို့ထံမှ လိုက်လံမေးမြန်း၍ မိမိအားထုတ်စဉ်တွင် တကယ်ဖြစ်တွေ့ ခံစားရခြင်းမရှိဘဲ၊ ယောဂီဟောင်းများအတွေ့ကို ရော်ရမ်း၍ ပြောတတ်ကြသောကြောင့် တရားစစ်ဆေးနည်းလမ်းပြသော ဆရာတော်များနှင့် လူယောဂီ တရားစစ်ဆရာတို့အတွက် စိတ်ညစ်ရပါသည်။

စင်စစ် ထိုမြတ်စွာဘုရား၏ တရားတော်ကိုယ်၌ကပင်လျှင် 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဖြင့် မြင်ကောင်း၊တွေ့ထိကောင်းသောအရာမဟုတ်ပေ။ ဉာဏ်ပညာ၏အာရုံသာ ဖြစ်တော်မူ၏" ဟု ဥပါတသန္တိကျမ်း၌ဆိုထား၏။ နဖူးတွေ့ဒူးတွေ့ အကောင်အထည်အလိုက် သိလိုသူတို့အတွက် အခက်အခဲရှိရုံမက တရားနှင့်ယှဉ်သော သံဝေဂခန်းကိုရောက်လျှင် ငြီးငွေ့သောစိတ်ကို နိုင်အောင် မရှုမှတ်နိုင်ဘဲ တရားကိုလက်မြှောက်ကာ ရိပ်သာမှပြေးတတ်ကြပါသည်။

ရိုးရိုးပြေးလျှင် တော်ပါသေး၏။ မိမိ၌တရားတော်ကို ရင်ဆိုင်နိုင်ရန် ဝီရိယ၊ ဆန္ဒ၊သဒ္ဓါစိတ် နုံည့်နေသည်၊ ပျော့ညံ့နေသည်ကိုတော့မဖော်ပြ(ဝါ)မသိရှိဘဲ 'အလကားတရားတော်ပါကွာ၊ ဘာမှန်းလဲ မသိဘူး'ဟု တရားတော်ကိုလည်းကောင်း၊ ရိပ်သာကိုလည်းကောင်း၊ ပုတ်ခတ်ပြစ်တင်တတ်ကြပါသည်။

တချို့ကလည်း "အလကားပါကွာ၊ အဖေရောဂါရမှာပေါ့၊ တရားထိုင်လွန်းတာကိုး" ဟု ကျွန်မ မိတ်ဆွေ အရာရှိကြီးကြီးတစ်ယောက်က သူ့ဖခင်နေမကောင်းသည်နှင့်ပတ်သက်၍ တရားတော်ကို အပြစ်ဖို့ပြောသံကြားသောအခါ ကျွန်မ တုန်လှုပ်သွားပါ၏။ ဤတရားသည် ကျင့်ကြံအားထုတ်ဆဲအခါ၌ ဣရိယာပုဒ် မမျှလျှင်ဘယ်တော့မှ ဉာဏ်စဉ်မတက်ပါပေ။ အံ့သြဖွယ်မကောင်းပေဘူး

လား။

သဒ္ဓါစိတ်၊ ဆန္ဒကဦးစီး၍ ဝီရိယက ထက်ကြပ်မပြတ် ကပ်လျက် ယှဉ်လျက်လိုက်ကာ ဣရိယာပုဒ်မျှမှ တရားတော်သည် အပြီးအဆုံးသို့ရောက်နိုင်ပါသည်။

“ထိုင်”ဟူသောစကားတစ်လုံးကြောင့် မိမိကိုယ်တိုင်လည်း မထုတ်ဖူးဘဲ၊ တရားထိုင်လျှင် အညောင်းမိ၊ ဆီးချုပ်၊ဝမ်းချုပ်လိုက် ရောဂါရပါသည်ဆိုလျှင် ဤလိုတရားမျိုးအတွက်တော့ မြတ်စွာဘုရားသခင်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီလည်း ဖြည့်ရန်မလိုပါ။ သတ္တဝါတို့၏ သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလမ်းကိုလည်း ပြုတော်မူမည် မဟုတ်ပါချေ။ ဓမ္မစကြာတရားတော်ကိုလည်း ဟောတော်မူမည်မဟုတ်ချေ ဆိုသည်ကိုတော့ လေ့လာလိုသူတိုင်း သတိချပ်သင့်၏။ မတ် ၃၀ရက်နေ့တွင် ဒုလ္လဘမှ ထွက်ကာ အိမ်သို့ သူ ပြန်ရောက်လာ၏။

အိုလေ. . ဘယ်လိုပင်ဖြစ်စေ စသုံးလုံးနှင့်ကျွန်မ၏ချစ်သူ အမှုဖြစ်စဉ်က ကျွန်မအတွက်အမြတ်ရသည်ဟု ကျွန်မဆိုခဲ့ပါသည်။ သူ လုံးဝအရက်ပြတ်သွား၏။

တိုင်းပြည်အတွက်အမြတ်ရသည်မှာ ပြည်သူ့ဒီမိုကရေစီ အခွင့်အရေးကို ပြည်သူတို့ဘယ်လောက်ပိုင်ဆိုင်၍ ဘယ်လောက် ကာကွယ်ပိုင်ခွင့်ရှိသည်ကို အထင်အရှား ပြလိုက်ခြင်းဖြစ်သည်ဟု ကျွန်မ ဆိုခဲ့၏။

ယခုလည်း တရားတော်၏အကျိုးဖြင့် ဒုလ္လဘရဟန်းခံပြီးနောက် ရုံးဆင်းချိန်တွင် သူ၏ပြုံးသောမျက်နှာကို ကျွန်မ မြင်ရပြီ။ သူ့အိပ်ခန်းသို့ နံနက်တိုင်း ရှင်းလင်းရန် ကျွန်မဝင်သွားသောအခါ အိပ်ရာဘေးတွင် ခွဲသလိပ်တို့ပြည့်နေသော ထွေးခံကိုလည်း မတွေ့ရတော့။ ပြာနှင့်နဂါးဆေးလိပ် အဝါပတ်အတိုတို့ကိုလည်း မတွေ့ရတော့ချေ။ အဘယ်ကြောင့်ဆိုသော် သူ ဆေးလိပ် လုံးဝပြတ်သွားသောကြောင့်ဖြစ်၏။

"သိပ်အံ့ဩဖို့ကောင်းတာပဲနော်။ ပထမတော့ ငါ့ရဲဘော်တွေပြောသလို မိချျိဟာ ငါ့ကို သိမ်းသွင်းတာများလားလို့ စိတ်ထဲမှာ သံသယဖြစ်မိသေးတယ်"

"ဟင်. . . သံသယ၊ ကိုကြီး. . ကိုကြီးနောက်မှာ ထက်ကြပ်လိုက်တဲ့ရဲဘော်တွေလို မိချျိလဲ ကိုကြီးရဲ့နောက်မှာအမြဲရှိပါတယ်လို့ ဆိုထားတာတောင် သံသယစိတ်ကို လင်မယားနှစ်ယောက်ကြားကိုကြီးထားတယ်နော်"

ကျွန်မသူ့လက်ကို ဆုပ်ကိုင်ကာ ပြောမိ၏။

"သည်းခံပါ အချျိ၊ ကိုကြီးပြောဦးမယ်။ ကိုကြီးထင်တာကတို့ရဲဘော်တွေဟာ လုံ့လ၊ ဝီရိယမှာ ဘာမှပြောစရာမရှိဘူး။ အချိန်မှန် စည်းကမ်းကျပြီးသားပဲ။ ဒီတရားလဲ သူများ စကြံတစ်နာရီလျှောက်ရင် ငါ မိုးလင်းလျှောက်မယ်ကွာ ဆိုပြီး ကိုမြအောင်န္နီးပြီး ညနှစ်ချက်တီးထပြီး စကြံသွားတာ မိုးလင်းရော။ တရားကလဲ မတက်၊ ဒီကြားထဲ ဝမ်းပျက်သေး။ ဒီတော့ ရောဂါကိုလဲ ဒေါသအဖြစ်နဲ့ အမှတ်ကြပြီး ကသောင်းကနင်း ဖြစ်နေလိုက်တာ။ နောက်မှ ဆရာတော် ဦးပဏ္ဍိတကြွလာပြီး စကြံသွားတာကအစ အမှတ်တရားနဲ့သွားဖို့၊ မိုးလင်းအောင် စကြံသွားလဲ တရားတက်ချင်မှတက်တာဆိုတာပြောပြပြီး စကြံသွားနည်းလဲ ပြောပြတယ်။ ရောဂါကို ဒေါသဖြစ်နေလဲ မစိုးမပိုင်တဲ့ ဒီခန္ဓာကိုယ်မှာ ဓါတ်ကြီးလေးပါးဖောက်ပြန်နေတာနဲ့အမျှ ရောဂါဆိုတာလဲ ဖြစ်တတ်တာပဲဟဲ့ ဆိုပြီးဝေဒနာကို ရှုမှတ်ပုံလည်း ပြောပြတယ်။ ဒီတော့မှ ကိုကြီးလဲ အနတ္တ၊ အနတ္တလို့ မိရိုးဖလာရွတ်နေကျမို့ ငါတို့ရွတ်နေကြတာ အနတ္တ ကိုယ်မဟုတ်၊ မစိုးမပိုင်ခြင်းသဘောဆိုတာ ငါခုမှ ဆင်ခြင်မိပါလားလို့ သဘောပေါက်တော့တယ်. . . အချျိရေ"

"ဒါဖြင့် . . အချျိ အိပ်မက် မက်တာ မှန်တာပေါ့"

"ဘာ. . အိပ်မက် မက်တယ်"

"အချျိ. . ပြောပြမယ်။ ကိုကြီးကလေ အိပ်မက်ထဲမှာ

မျက်နှာကြီးက ကျလို့၊ ဒေါသတွေလဲ ဖြစ်လို့တဲ့။ သက်န်းကတော့ ဝတ်လျက်ပဲ။ ဒါနဲ့ စိတ်ထဲမှာ အချိုလဲ သံသယရှိတာနဲ့ များသော အားဖြင့် သူတို့စစ်သားဆိုတာ ဒေါသလွန်ကဲတတ်တယ်ဆိုပြီး ရိပ်သာက ဒေါ်ခင်ရီဆီ စာရေးလိုက်ရတယ်။ မမရီက မပူနဲ့တဲ့၊ အချို ထင်တဲ့အတိုင်းပဲတဲ့။ ဝေဒနာကို နိုင်အောင်မရှုမှတ်နိုင်ဘဲ ဒေါသတွေဖြစ်နေလို့တဲ့။ ဆရာတော်ဦးပဏ္ဍိတ အသေအချာ နည်းလမ်းပြနေလို့ ဦးပဥ္စင်းကြီး တရားပြန်တက်လာပြီတဲ့”

သူသည် အံ့ဩသောမျက်နှာထားသို့ ပြောင်းလဲသွား၏။ ကျွန်မမျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်သလိုကြည့်၏။

“အချို့ကို ဆရာစံမင်းပြောတာနဲ့ ဒုဗိုလ်မှူးကြီး ခင်မောင်ကျော်ပြောတာ မှန်နေတာပေါ့”

“သူတို့က အချို့ကို ဘာပြောလို့လဲ”

“ဆရာစံမင်းက အချိုဟာ အိပ်မက်အထူးအဆန်းတွေကို မက်တတ်တယ်တဲ့။ ကိုကြီးကတောင် ပြောလိုက်သေးတယ်။ ခင်ဗျား သူ့လက္ခဏာကြည့်တာနဲ့ အိပ်မက်အဆန်းမက်တတ်တယ်လို့ ပြောတာတခြားစီပါဗျာလို့ ပြောခဲ့သေးတယ်။ ဒု ဗိုလ်မှူးကြီးခင်မောင်ကျော်ကလဲ တွေ့တိုင်းဒီလိုပဲ မခင်ယုမှာဗျာ၊ အကြားအမြင်ရှိလားလို့ ပြောတယ်။ ခဏခဏလဲ မေးတယ်။ ကိုကြီးက ဒါနဲ့ ‘ဗိုလ်မှူး သူတို့မောင်နှမတွေက အဆန်းတွေ။ အပြင်ကကြည့်ရင်တစ်မျိုး၊ အနားကပ်ပေါင်းကြည့်မှ သူတို့ဟာဘာဂိုဏ်းမှလဲ မကိုးကွယ်ဘူး။ အကြားအမြင်တွေလဲ မရှိဘူး။ ဗေဒင်ကို မေးသာမေးတယ်။ ဗေဒင်ဆရာက ဟောတာကတခြား၊ သူတို့ထင်တာ သူတို့လုပ်တာလို့ ပြောပြရတယ်။ အဲ. . . လောကုတ္တရာစစ်စစ် ဝိပဿနာတရားကို အချိန်ရတိုင်း သူပြန်ပြန်အားထုတ်နေတာပဲ။ သူတို့ ကိုးကွယ်တာလဲ ရတနာသုံးပါးပဲ’လို့ ကိုကြီးရှင်းပြရတယ်”

သူ ကျွန်မကိုလက်ထပ်ပြီးစ စစ်ကိုင်းကိုခေါ်၍ခေတ္တလိုက်သွားပါသည်။ ဝတ္ထုအစတွင် ဖော်ပြသလို မန္တလေး၌ ဆရာကိုသာ

ရင်တို့အိမ်တွင် အိပ်သော ညတစ်ညမှာ သူ မိုးလင်းခါနီးထိ ဗေဒင်တွက်သည်ကို ကျွန်မ ဖော်ပြခဲ့ပါ၏။ နောက်ပိုင်းတွင် "အချိုတို့ရန်ကုန်က ဗေဒင်ဆရာတွေဟာ လူလိမ်တွေ များတယ်။ ဒီတော့ အချို အလိမ်မခံရအောင် အခြေခံလောက်တော့ သဘောပေါက်အောင် ကိုကြီးသင်ပြမယ်'ဟု ပြောကာ ကျွန်မအား ဗေဒင်ပညာကို အချိန်ရသည့်အခါတိုင်း အနည်းအကျဉ်း သင်ပေးပါသည်။ ဂြိုဟ်တို့၏သဘော အစီးအမြင် ဗေဒင်ဆရာတို့ တစ်ဦးတစ်ဦး အယူအဆမတူကြပုံကို ရှင်းလင်းပြောပြ၏။ ကျွန်မဇာတာတွင် ပါပဂြိုဟ်များ အစီးအနင်းမြင်လာတိုင်း မကြောက်မလန့်ဖို့ ပြောပြ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မဇာတာသည် ပါပဂြိုဟ်အားကောင်းသော ဇာတာဖြစ်သောကြောင့် သူစစ်လေ့သံနှင့်ပြောရလျှင် "ရန်သူက ကိုယ့်ကို ဝင်ရောက်ထိုးဖောက်မယ်ကြံတိုင်း၊ အချို့ရဲ့ဇာတာခွင်မှာ (Stand Fast Position) အခြေခံခြေကုတ်ကောင်းနေတော့ သူတို့ဖရိုဖရဲဖြစ်အောင် အချို့ရဲ့ကံကို မလုပ်နိုင်ဘူး"ဟု ပြောပြတတ်ပါသည်။ ဒါဖြင့်ရင် ပါပဂြိုဟ်တွေ အားကောင်းလွန်းရင် ထက်လွန်းရင်လူဆိုးဗိုလ်၊ သူပုန်ဗိုလ်၊ စစ်ဗိုလ်ကြီးတွေ ဖြစ်ပါလား ဆိုမယ်။ တစ်အချက်က အချိုဟာ မိန်းမဖြစ်နေတယ်။ နှစ်အချက်က စန်းက သူတော်ကောင်းစန်း။ သုံးအချက် ဇာတာခွင်လိုင်းမှာ အရေးအကြီးဆုံး ကြာသပတေးဂြိုဟ်ကြီးဟာ အချို့ရဲ့ဇာတာမှာ အရပ်အတည်ကောင်းတဲ့အပြင် အားအပြည့်နဲ့ အုတ်ရထားတယ်။ ဒါကြောင့် ပါပဂြိုဟ်အားကောင်းပေမယ့် တစ်ဖက်က ဘာသာရေးစိတ်ဓာတ်က ထိန်းထားတာပေါ့။ ဇာတာမကောင်းတဲ့ တချို့လူတွေအဖို့ စနေတို့ အင်္ဂါတို့ ပါပဂြိုဟ်တွေစီးရင် သွေးထွက်သံယိုဖြစ်ကြ၊ သေကြ ဖရိုဖရဲ မရှုမလှဖြစ်သွားတတ်တယ်။ အချိုကတော့ ဓားရှရုံလောက် စိတ်ညစ်ရတာလောက်ပဲ။ ဒါကြောင့် ဘာမှမကြောက်နဲ့လို့ ပြောတာ. . . အေးလေ လောကဓံကတော့ လူတိုင်းတွေ့မှာပဲ။ တစ်သက်မှာတော့ တစ်ခါသေရမှာပဲ"ဟု ကျွန်မကို ပြောခဲ့ဖူးပါသည်။

ယခုလည်း သူက ဗိုလ်မှူးခင်မောင်ကျော်အကြောင်း ပြော သောအခါ ကျွန်မပြုံးနေမိပါသည်။

"အခုတော့ ကိုကြီးလဲ ဝိပဿနာတရား အားထုတ်ပြီး ပြီ။ ဘယ့်နှယ် သံသယတွေရှင်းပြီလား. . " ကျွန်မ မေးခွန်းကြောင့်

သူသဲသည် တစိမ့်စိမ့်ပြုံးရာမှ ရယ်၏။ "အံ့သြစရာကောင်း လိုက်တာ" ဟုလည်းဆို၏။

"တမင်များ သံကြိုးကွင်းဆက်တွေ လုပ်ထားသလားလို့ ထင်မှားစရာကောင်းတယ် အချို"ဟုလည်း သူပြော၏။

"မဟုတ်ဘူးလားအချို၊ ကိုကြီးဟာ ဒီနေ့စစ်ဘက်မှာ တာဝန်ထမ်းချိန်အထိ အနှစ်၂၀နီးပြီဆိုပါတော့။ ခွင့်ရက်ရှည် မယူခဲ့ဖူးတာ ဟောဒီ မတ်လမှာ ခွင့်တစ်လ အထက်ကပေးတယ်။ ဒီမတ်လမှာ အချိုရဲ့ကိုကိုကြီးဦးနုက အထိန်းသိမ်းခံရတယ်။ ဒီ မတ်လ ၂၇ရက်နေ့ တပ်မတော်နေ့၊ တော်လှန်ရေးနေ့မှာ လော ကုတ္တရာတရား ဘဝ တစ်ဖန်ပြန်မဖြစ်တဲ့ ဝိပဿနာတရားကို ကိုကြီးအပြည့်အစုံရတယ် လို့ဆိုရမှာပေါ့။ သောကကို ငြိမ်းအောင် စိတ်ကိုလဲ ထားတတ်ပြီး ကိုယ့်တပ်မတော်ကြီးအပေါ်မှာ လောကီ အဖြစ်တွေမှာရော ငါဖြစ်ချင်တာတွေ ဘာလို့မဖြစ်ရသေးတာလဲ ဆိုတဲ့စိတ်ကို ထိန်းတတ်လာပြီ။ ဒီတရားကြောင်းကိုပြခဲ့တဲ့ ချစ်ဇနီး ကြီး မိချိုကိုလဲ ကိုကြီး ကျေးဇူးတင်ပါတယ်။ အရင်က မိချိုအပေါ် ထားခဲ့တဲ့ သံသယစိတ်တွေအတွက်လဲ မိချို သည်းခံခွင့်လွှတ်ပါ။ ကိုကြီးပြုတဲ့ ကုသိုလ်အစုစုကို အမျှပေးပါတယ် အမျှ. . . အမျှ. . အမျှ"

"သာဓု. . သာဓု. . သာဓု"

ကျွန်မ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း သူ့လက်ပေါ် မျက်ရည်တွေ ပေါက်ပေါက်ကျလာတော့သည်။ ဝမ်းမြောက်ခြင်း ပီတိကြောင့် ကျရသောမျက်ရည်ဖြစ်ပါသည်။

အမှန်အတိုင်း ဖွင့်ဟဝန်ခံရပါလျှင် ပြက္ခဒိန်များပေါ်မှ

မတ်လ၏နေ့ရက်များပါသော စာရွက်ကို ကျွန်မဆုတ်ဖြဲပစ်ချင်ပါသည်။

ပြန်၍လှေလာကြည့်တိုင်း မတ်လ ၂ ရက်၊ ၁၉၅၇ ခုနှစ်တုန်းက သူ့ကိုခွဲ၍ အာရောဂျသို့ တစ်ယောက်တည်းထွက်ခွာလာခဲ့ရသောရက်။ မတ် ၂ရက်၊၁၉၆၂ ခု ကိုကိုကြီး(ဦးနု)အား ထိန်းသိမ်းခံရသောရက်။

မတ်လ ၃ရက်၊ ၁၉၆၂ ခု တရားသဘောနှင့်သာ ကောင်းသော ခွဲခွာခြင်းဖြစ်သော်လည်း လောကီသဘော တဏှာအတွေ့နှင့်ပြောကြစတမ်းဆိုလျှင် ချစ်သူကို သံသရာပြတ် အဆုံးတိုင် စာရင်းရှင်းရသောနေ့။

လောကီသဘောဖြင့် စိတ်နာကြည်းစွာ အပြတ်ရှင်းရလျှင် ဤမတ်လကို ပြက္ခဒိန်မှ ကျွန်မ ဆုတ်ပစ်ရမည်။ မျက်ရည်နှင့်လိမ်းကျံရသောလသာတည်း။

သို့သော် ကျွန်မလက် ပြက္ခဒိန်ပေါ်သို့ရောက်သောအခါ ပျော့ညံ့သော ကျွန်မလက်ချောင်းလေးများပေါ်သို့ ညိုမောင်းသန်မာသော ကျွန်မ၏ ချစ်သူလက်သည် ဖြည်းညင်းစွာ ကျရောက်လာပါသည်။

"အချို ၁၉၄၅ ခု၊ မတ်လ ၂၇ရက်နေ့ဟာ ဖက်ဆစ်ဂျပန်ကို မြန်မာတစ်မျိုးသားလုံး တော်လှန်ခဲ့တဲ့နေ့"

"၁၉၆၂ ခု၊ မတ် ၂၇ရက်နေ့ဟာ ကိုကြီးဝိပဿနာတရားကို ကျင့်ကြံရာမှာ အဓိဋ္ဌာန်ရတဲ့နေ့"

"မတ်လ ၂၇ရက်နေ့ဟာ တို့များချစ်တဲ့ တပ်မတော်ကြီးရဲ့ တပ်မတော်နေ့။ ကိုကြီးချစ်တဲ့ တပ်မတော်ကြီးကို အချို ချစ်တယ်ဆိုရင် မတ်လကိုလဲ ချစ်ပါ။ မတ်လကိုလဲ ခွင့်လွှတ်ပါ"

ကျွန်မသည် အာယာတတို့ပြေသောအနမ်းဖြင့် ညိုမောင်းသောသူ့လက်ဖမိုးကို တပ်မတော်ကြီး၏ကိုယ်စား ကျွန်မနမ်းရှုပ်ရင်း ကျွန်မလက်ချောင်းများကိုလည်း ပြက္ခဒိန်စာရွက်ပေါ်မှ အသာပင်

လျှော့ချလိုက်ရပါသည်။

မပြတ်သားသူတို့ ခံရစတမ်းသာတည်း။

* * *

အခန်း(၁၅)

မြမြက်ခုံ

စာနယ်မြေ
တိုက် ၄၊ အခန်း ၉
ဖ-ဆ-ပ-လ ရပ်ကွက်
ကန်တော်ကလေးစာတိုက်
ရန်ကုန်
ဖုန်း-၁၈၆၀၄

သို့

*ဒေါ်ခင်နှင်းယု*
*လေးစားချစ်ခင်စွာ*

*ကျွန်တော်ဗိုလ်ကြီးကျော်သောင်းနှင့် ခင်မင်ရင်းနှီးသူဖြစ်ပါသည်။*

*ဒေါ်ခင်နှင်းယုကို စာရေးဆရာမတစ်ယောက်အနေဖြင့် ကျွန်တော်လေးစားကြည်ညိုပါသည်။*

*ကိုယ်ရေးကိုယ်တာ ကိစ္စနှင့်သော်လည်းကောင်း၊ အပေါင်းအသင်း ပတ်ဝန်းကျင်ကိစ္စတို့နှင့် ပတ်သက်၍ သော်လည်းကောင်းဒေါ်ခင်နှင်းယုအဖို့ ကျွန်တော့်အပေါ်မှာ စိတ်ထိခိုက်နာကျင်မှု ရှိကောင်းရှိပါလိမ့်မည်။ ဒါပေမယ့် ကျွန်တော်အမှတ်မထားပါ။ ခွင့်လွှတ်ပြီးသားပါ။*

*ကျွန်တော်နှင့် သာခင်နှင့် အင်မတန်ချစ်ခဲ့သောရဲဘော် ရဲဘက်တွေ ဖြစ်သောကြောင့် ဒေါ်ခင်နှင်းယုအကြောင်းကို ကျွန်တော်ကြားရဖူးပြီး ဒီအမျိုးသမီး ငါ့နှမကလေးပဲဖြစ်ပါတော့ဟုကျွန်တော် အကြိမ်ကြိမ်တောင့်*

တဖူးပါသည်။ ကိုချစ်လှိုင်နှင့် အကြောင်းအမျိုးမျိုးစပ်ပြီး စကားပြောကြတိုင်းလည်း ဤအကြောင်း ကျွန်တော့် စိတ်ထဲမှာ ပေါ်ပေါက်ဖူးပါသည်။

အထူးသဖြင့် ကျွန်တော် ကိုကြီးကောင်းပြဇာတ် ရေးသည်နှင့်ပတ်သက်၍ ဒေါ်ခင်နှင်းယု အတော်စိတ်ထိခိုက်မည်ထင်ပါသည်။ ထိခိုက်ဖွယ်လည်း ကောင်းပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ကျွန်တော် ဒေါ်ခင်နှင်းယုကို ရှင်းလည်း မရှင်းလိုပါ။ တောင်းလည်း မတောင်းပန်လိုပါ။

သို့သော် ကျွန်တော်ရေးသည့်အချိန်သည်အစ်ကိုကြီး ဘုန်းကြီးသောအချိန်၌ ကျွန်တော် ရေးနေခြင်းကိုတော့ ဒေါ်ခင်နှင်းယု သတိထားမိလိမ့်မည် ထင်ပါသည်။ နောက်တစ်ခုက ကျွန်တော် အစ်ကိုကြီးကို ကြည်ညိုချစ်ခင်သူတွေထဲမှာ ပါဝင်သူတစ်ယောက် ဖြစ်ကြောင်းကိုလည်း ဒေါ်ခင်နှင်းယု အရင်က သတိမထားမိပေမယ့် အခု သတိထားစေချင်ပါသည်။

ကျွန်တော် အစ်ကိုကြီးကို စာရေးဆရာ တစ်ယောက်ပဲ ဖြစ်စေချင်သည်။နိုင်ငံရေးသမား မဖြစ်စေချင်။

ဒီအတိုင်းပဲ သခင်ကြီးကိုလည်း စာရေးဆရာပဲ ဖြစ်စေချင်သည်။ ကိုဘဆွေကြီးကိုလည်း စာရေးဆရာပဲ ဖြစ်စေချင်သည်။ ဒါပေမယ့် သူတို့က နိုင်ငံရေးသမားတွေ ဖြစ်နေကြသည်။

ဒီအထဲ အစ်ကိုကြီးက သူယုံကြည်တာတွေ နိုင်ငံရေးထဲ ပုံလောင်းသွင်းလာတော့ သူလို အနုပညာသမားတစ်ယောက်ရဲ့ ပုံလောင်းသွင်းမှုဟာ လူတွေကို အရမ်းစွဲလမ်းစေသည်။ ဒါကို ကျွန်တော် လက်ခံလို့မရ။

အဲဒါနဲ့ ကျွန်တော်က မိုက်မိုက်ရိုင်းရိုင်းတွေ ရေးမိပါသည်။ ပြီးတော့ နောင်တရသည်။ ဒါတွေကို ဒေါ်ခင်နှင်းယုအထံသို့ အခုလို ရှင်းလင်းပြနေခြင်းမှာ ဒေါ်ခင်နှင်းယုကို ကျွန်တော် လေးစားမိသောကြောင့်သာ ရှင်းပြနေပါသည်။ သို့မဟုတ်က ဘယ်သူဘာထင်ထင်ကျွန်တော်တို့တစ်တွေက ခံကြရစမြဲပဲ မဟုတ်ပါလား။

ထားပါတော့။ အခု ဒေါ်ခင်နှင်းယုဆီ စာရေးသည်အထိ ခင်မင်ရင်းနှီးစိတ် ပွားများလာရတာကတော့ ဒေါ်ခင်နှင်းယုကို အနုပညာစိတ် အပြည့်အဝရှိသူဟု ယုံကြည်မိသောကြောင့် ဖြစ်ပါသည်။

ဤသို့ဖြစ်ရသည်မှာ ယခုလထုတ် ရှုမဝ၌ ပါသော (ဇီဝဂိုး) မိုးစွေငှက် ဆောင်းပါးကို ဖတ်ရ၍ ဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်မျိုး၊ အယူအဆမျိုးကို အနုပညာ၌ ရိုးသားစွာ ယုံကြည်သူတို့မှ ယူဆနိုင်ပါသည်။ကျွန်တော်လည်း ကျွန်တော်ယုံကြည်တာကို ကျွန်တော်ရေးခြင်းသာ ဖြစ်ပါသည်။ ဟိုလူသည်လူ တိုက်တွန်း၍မဟုတ်ပါ။

ထားပါတော့လေ. . .

ဆိုလိုတာကတော့ ကျွန်တော် ဒေါ်ခင်နှင်းယု ဆောင်းပါးကိုဖတ်ပြီး ကျွန်တော့်သဘောနှင့်တိုက်ဆိုင်၍ ဒေါ်ခင်နှင်းယုကို ကြည်ညိုလေးစားလာသည်။ ပြီးတော့ ဒေါ်ခင်နှင်းယုနှင့်ကျွန်တော်တစ်ယောက်နှင့်တစ်ယောက် နားလည်ခင်မင်ချင်လာသည်။ ဒါပါပဲခင်ဗျား။

ဘဆွေ

၇. ၇. ၆၄

ကျန်းမာပျော်ရွှင်ပါစေ။

အထက်ပါစာကို ကိုကျော်သာ(မြဝတီ)ကယူလာကာ ကျွန့်မသို့ ပေးပါသည်။ မြဝတီမဂ္ဂဇင်းတိုက်ပေါ်မှာပင် ကျွန်မ ထိုစာ

နေရာမှာ ရပ်တည်ရမယ်ဆိုတာကတော့ ကိုယ့်ဘာသာ ကိုယ်ပိုင် ဉာဏ်နဲ့ ဆုံးဖြတ်ရလိမ့်မယ်”

ဦးနု နှလုံးသားမှ ထိုစကားလုံးများ ထွက်ကျလာခြင်းမှာ ကျွန်မအတွက် ကြီးစွာသောအမြတ်ပါပင်တည်း။ ကိုဘဆွေလေး၏ ‘ကိုကြီးကောင်း’ဝတ္ထုကြောင့် ထိုစကားလုံးကို ကျွန်မရရှိခြင်းဖြစ်၍ ကိုဘဆွေလေးကိုပင် ကျွန်မ ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ကိုကျော်သာက ကျွန်မကို ကိုဘဆွေလေးထံမှ စာကိုပေး ပြီး. .

“ကျွန်တော် ဒေါ်ခင်နှင်းယုကို တစ်ခုတောင်းပန်ချင်လို့” ဟု ပြော၏။ ကျွန်မတို့စကားပြောနေသည်မှာ မြဝတီအယ်ဒီတာများ ရုံးခန်းတွင်ဖြစ်ပါသည်။ ကျွန်မစာမူအတွက် ငွေလာယူစဉ် ကိုကျော် သာနှင့် တွေ့ခြင်းဖြစ်ပါသည်။ “ကျွန်တော်တို့ စာရေးဆရာတွေဟာ စာရေးဆရာတွေပါပဲ။ ဟို. . တစ်ဖက်ခန်းမှာ ဦးဘဆွေလေးရှိ တယ်။ သူ ဒေါ်ခင်ယုကို စောင့်နေပါတယ်။ ဒေါ်ခင်ယု သူ့အပေါ် အာဃာတမရှိဘူးဆိုရင် ကျွန်တော်နဲ့ အတူလိုက်ပြီး နှုတ်ဆက်ပါ”

ကျွန်မသည် ကိုကျော်သာ နောက်သို့ လိုက်သွားပါသည်။ ဦးဘဆွေလေးထိုင်နေသော အခန်းမှာ ငွေတာရီရုံးခန်းဖြစ်ပါ၏။ ကျွန်မကိုမြင်လျှင် ဦးဘဆွေလေးသည် ထိုင်နေရာမှထ၍ လက် ကမ်းပေးပါသည်။

ကျွန်မ သူ့လက်ကိုဆွဲ၍ နှုတ်ဆက်ခဲ့ပါသည်။ ပြီးတော့ ကျွန်မ အိမ်ကို ပြန်လာခဲ့ပါသည်။ အိမ်အပြန်လမ်း ကားပေါ်တွင် ဦးဘဆွေလေး ရုပ်ကိုတွေးမိ၏။ တစ်ခါက စစ်ရဲတပ်ရင်း(၄)၊ နောင် တွင်စစ်ရဲတပ်ရင်း(၂၂)ဟု နာမည်ပြောင်းလိုက်ပါသည်။ ထိုတပ်ကို စတင်ဖွဲ့စည်းခဲ့သော ရဲဘော်ဟောင်းတစ်စု စုပေါင်းဓာတ်ပုံရိုက် ထားသောပုံကို ကိုကြီးက ကျွန်မကိုပြခဲ့ပါသည်။ တပ်ရင်းမှူး ဗိုလ်မှူး ထွန်းတင်နှင့် ဒုတပ်ရင်းမှူးဗိုလ်ကျော်သောင်းတို့ အလယ်မှာထိုင်၍ ကျန်သည့်ရဲဘော်များက သူတို့ဘေးတွင် ယှဉ်လျက် ထိုင်သူတချို့၊

မတ်တတ်ရပ်သူတချို့ တွေ့ရပါသည်။

"သူတို့နှစ်ယောက် နာမည်ချင်းတူနေတော့ အချို သဲသဲကွဲကွဲ ဖြစ်အောင် ပြောပြဦးမယ်။ သူ့ကိုတော့ ဘုန်းကြီးဘဆွေလေးလို့ ခေါ်တယ်။ သူက သာသနာရေးအရာရှိလေ၊ အချို သိပြီးသားပါ။ ဒီဘက်ကလူကတော့ ရန်ကုန်ဘဆွေလို့ ကလောင်အမည်ယူပြီး စာရေးဆရာလုပ်နေတယ်။ ပထမတော့ စံထူးဆိုပြီး ရုပ်ရှင်တစ်ကား ရိုက်သေးတယ်လေ။ သူ့မိန်းမ မမြသွေးတောင် အဲဒီကားမှာ ဇာတ်လိုက်လုပ်သေးတယ်။ လူတွေကတော့ မဆိုးကြပါဘူးလေ"

သူဒါပဲပြောကာ ကျန်ရဲဘော်များထဲမှ ကျွန်မ မသိသူများ အကြောင်းကို ပြောပြပါသည်။ ကျွန်မဓာတ်ပုံထဲတွင်တွေ့ရသော ကိုဘဆွေလေးနှင့် ယခု ကိုဘဆွေလေးတို့ မတူကြတော့ပြီ။ ယခုတွေ့ရသော ရန်ကုန်ဘဆွေလေးမှာ ခေါင်းများဖွေးဖွေးဖြူနေ၏။ အချိန်ကာလတို့သည် ပြောင်းလဲသည်နှင့်အမျှ ရုပ်ရည်၊အတွေးအခေါ် ခံယူချက်ဆိုသည်ကလည်း ပြောင်းလဲမှာပင် ဖြစ်၏။ စစ်ရဲတပ်ရင်း(၄)ထူထောင်စမှာမှ ဖိုးကျော်သောင်းက ကျွန်မကို အိုင်လပ်ဖ်ယူ (I love you) ဟူသောစကားသုံးလုံး ဆိုစရှိသေးသည်။ ယခု ဦးဘဆွေလေးစာမှာ ၁၉၆၄ ခုနှစ်တွင် ပေးစာဖြစ်၏။ ၁၉၆၅ ခု၊ နိုဝင်ဘာ ၂၃ဆိုလျှင် ကျွန်မနှင့် ကျွန်မချစ်သူတို့ အိမ်ထောင်သက်လည်း ဆယ့်ငါးနှစ်ပြည့်ပေတော့မည်။ ကိုကြီးနှင့် ကိုဘဆွေလေးတို့သည် နောက်ပိုင်းဆုံမိလေသလား။ မဆုံမိလေသလား ကျွန်မ မသိပါပေ။

ကျွန်မအိမ်ရောက်၍ အဝတ်အစားလဲနေစဉ် သူ အခန်းထဲသို့ ရောက်လာသည်။

"အချို . . အပြန်နောက်ကျတယ်၊ ထမင်းဆာပြီကွယ်"

"ဟုတ်ကဲ့ . . ကို၊ ထမင်းပြင်ခိုင်းလိုက်ပါမယ်။ နောက်ကျတာက မြဝတီ ဝင်နေလို့၊ ဆရာကြီးဦးအေးမောင်ဆီ စာမူခဝင်တောင်းနေတာ။ ဒါနဲ့ ဒီလ ကိုကြီး အချို့စာမူခထဲက ငွေငါးဆယ်

ယူတယ်ဆို”

သူသည် ပြုံးလိုက်၏။

“တတ်နိုင်ဘူး။ ဘဏ်မှာ ငွေဘယ်လောက်ကျန်တယ်ဆိုတာမသိလို့ ငွေကလဲ အရေးတကြီးလိုတယ်။ ဆရာကြီးဆီ တယ်လီဖုန်းကောက်ဆက်လိုက်တော့ မခင်ယုကို ဒီလ ရှင်းပေးစရာရှိတယ်ဆိုတာနဲ့ ကိုကြီးလဲ အဲဒီငွေထဲက ငါးဆယ်ပေးလိုက်ပါလို့ စာရေးပေးလိုက်ရတာ။ ရွှေသင်္ဖြးလေ၊ ရဲဘော်ရွှေသင်းကို ပေးလိုက်ရတာ၊ သူ့မိန်းမ ဆေးခန်းမှာဖျက်နှာမြင်နေလို့”ကျွန်မတို့ ထမင်းစားခန်းသို့သွားပြီး ထမင်းစားကြ၏။ သူသည် ထမင်းစားပြီး ထုံးစံအတိုင်း “ကြိမ်ကုလားထိုင်တွေ့ အိမ်ရှေ့မြက်ခင်းမှာ ချထားလိုက်ဟေ့. . အချိုရေ၊ ရေနွေးကြမ်းနဲ့ လက်ဖက်ခွက်ယူလာခဲ့” ပြောကာ သူထွက်သွားပါတော့သည်။

အိမ်ဖော်မိန်းကလေးမှာ သူရှိရာသို့ ရေနွေးကြမ်းနှင့် လက်ဖက်ခွက် ယူသွားနှင့်ပါသည်။ ကိုဘဆွေလေးစာကိုယူကာ အိမ်ရှေ့မြက်ခင်းဆီသို့ လျှောက်လာခဲ့၏။

သူ လက်ဖက်ကို မြုံ့၍ဝါးနေသည်။

“အချိုလေ. . . မြဝတီမှာ ငွေယူရုံတင် မဟုတ်ဘူး။ ကိုဘဆွေလေးနဲ့လဲ တွေ့နေလို့”သူ့ရှေ့ရှိ ကြိမ်ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်ထိုင်ရင်းပြောလိုက်၏။

“ဘယ်ဘဆွေလဲ”

“ရန်ကုန်ဘဆွေ. . . ကိုကြီးကောင်း ဘဆွေဆိုပါတော့”

“ဪ. . ”

“လူချင်းမတွေ့ခင် ကိုကျော်သာကို သူဒီစာပေးထားတယ်ထင်ပါရဲ့၊ ရော့ ဖတ်ကြည့်ပါဦး”

ကျွန်မပေးသောစာကို သူယူ၍ဖတ်နေ၏။ စာဆုံးလျှင် သူ ကျွန်မမျက်နှာကိုမော့ကြည့်၏။

“အချို. . သူ့ကိုဘာပြန်ပြောလိုက်သေးလဲ”

"တစ်ခုခုပြန်ပြောရမယ်လား"

ကျွန်မက ထပ်မံ၍ သူ့ကိုမေးခွန်းမေးလိုက်၏။

"ဩော်. . သူရေးတဲ့ စာအပေါ်မှာရော၊ ကိုကြီးကောင်း ဝတ္ထုအပေါ်မှာရော အချို ဘယ်လိုသဘောထားလဲဆိုတာ ပြောပြလိုက်သေးလားလို့ပါ"

"မပြောပါဘူး၊ သူက လက်ကမ်းပေးလို့ အချိုလက်ဆွဲနှုတ်ဆက်လိုက်ပါတယ်" ကျွန်မသည် မြဝတီမင်္ဂဇင်းတိုက်ပေါ်တွင် ရန်ကုန်ဘဆွေနှင့်ကျွန်မတွေ့ဆုံခန်းကိုသာမက ကိုကြီးကောင်းဝတ္ထုရေးစဉ် ရေးဆဲကာလက ဦးနုနှင့်ကျွန်မတို့ သဘောထားကိုပါ သူ့အား ပြောလိုက်ပါသည်။

"ပါးစပ်ကတော့ ဘာမှပြန်မပြောပေမယ့် အချို့ရဲ့ စိတ်ထဲကလေ ကဗျာတစ်ပုဒ်ရွတ်နေမိတယ်"

"ဘာကဗျာလဲ" သူကမေး၍ ကျွန်မသည် ကဗျာကို ရွတ်ဆိုပြလိုက်ပါသည်။

"မဲဇလီပင်ပျိုအောက် ပေါက်လာတဲ့ ရွှေတမာ
ခါးချက်ကနာ။
ရေစီးရယ်တစ်ခါ
ရေသာရယ်တစ်လှည့်
သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့."

"ဩော်. . . ကိုယ့်ရဲဘော်တွေနဲ့ ကိုယ့်ရဲ့မိန်းမ မိချို ကြုံလဲ ကြုံတတ်ပါပေတယ်။ ငါဆိုတဲ့ အကောင်ကလဲ အဲဒီ မိချိုကိုမှ ချစ်မိတယ်ကွာ။ "သူ့ကိုမှချစ်မိလေခြင်းကွယ်"ဆိုတဲ့ ဝတ္ထုရေးချင်လိုက်တာကွာ"

"ဟား. . ဟား . သူ့မှာဖြင့် ရေးချင်လိုက်တာရှိသေးတယ်။ လူများဖြင့် ရေးတောင်ပြီးပြီ"ကျွန်မက အားရပါးရ ပြောလိုက်၏။

"ဟေ. . . ဘယ်တုန်းကလဲ" သူက အံ့ဩသလို မျက်လုံး

ပြုံးကာ ပြန်မေးသည်။

"ကိုကြီး သက်န်းဝတ်နေတုန်း တစ်နေ့မြဝတီဦးအေးမောင်က ရေကူးကန်ထိပ်က လမ်းမမှာဆုံကြတော့ အာဃာတမထားရေး ဦးနုကြီးရဲ့နှမရယ် မြဝတီမှာ ခွေးကောက်ပွဲအချိန်တုန်းက ကိုကြီး ကောင်းဝတ္ထုပါတာနဲ့ မြဝတီမဂ္ဂဇင်းကို စာမူမပေးတော့ဘူးလား တဲ့။ အချိုက နေမကောင်းတာရယ်၊ မအားတာရယ်ကြောင့်ပါ ဆရာကြီးရယ်၊ ရေးပေးပါ့မယ်လို့ဆိုပြီး ရေးပေးလိုက်တယ်။ ဝတ္ထုနာမည် က 'သူ့ကိုမှချစ်မိလေခြင်းကွယ်'တဲ့"။

"အဲဒီတော့. . "

ကျွန်မက လှောင်ရယ်ကလေး ရယ်လိုက်ပါသည်။

မြဝတီကလည်း ပယ်ပါသည်။ ငွေတာရီကလည်း ပယ်ပါသည်။ ထို့ကြောင့် အပယ်ခံဝတ္ထုလေးကို ကောင်းမွန်စွာ သိမ်းထားပါ၏ဟု ကျွန်မခပ်သောသောပင် ဖြေလိုက်၏။

"ဘယ်သို့သော အကြောင်းကြောင့် ဖြစ်ပါသနည်း ငါ့ရှင်" သူက ခပ်သောသောပင် ပြန်မေးပြန်၏။

"ဘယ်သိမလဲလေ။ ဒါကတော့ ကိုကြီးက မြဝတီကိုသွားမေးရမယ့် မေးခွန်းပါ။ အချိုလေ ဝတ္ထုထဲမှာတော့ 'ရှိပါစေလို့သာကွယ် ဆုတောင်းခဲ့ပြီ တကယ်××× သူ့ကိုမှ ချစ်မိလေခြင်းကွယ် ဘဝဘဝ ကုသိုလ်အကျိုးပေးနည်းခဲ့တယ်' ဆိုတဲ့ သီချင်းတောင် ထည့်ပေးလိုက်သေးတယ်"

သူသည် တစိမ့်စိမ့်ပြုံးရင်း "နားလည်ပြီ. . . နားလည်ပြီ" ဟုဆို၏။ "ဦးနုနှမကိုမှ ချစ်မိလေခြင်းကွယ်"ဆိုပြီး ကိုကြီးလဲ ရေးဦးမယ်"ဆိုကာ တဟဲဟဲ ဆက်၍ရယ်ပါတော့သည်။

"သူ့မှာဖြင့် ရေးဦးမယ်ပဲ ရှိသေးတယ်၊ တို့များကတော့ အတွေးနဲ့အရေးတစ်ပြိုင်နက်တည်းအောက်မေ့ခြေမြန်လက်မြန်ပဲ"

သူသည် ပင့်သက်ကို ရှိုက်လိုက်၏။ ကျွန်မတို့စကားပြောနေရာ မြမြက်ခုံလေးပေါ်တွင် ဝင်လုဆဲနေသည် လျှော၍ကျလာပါ

သည်။ ပတ်ဝန်းကျင်ရှိ စိမ်းသောမြသစ်ရွက်များပေါ်တွင် နေရောင် အဝါသည် ရွှေလိုတောက်ပနေသည်။ တစ်ခါတစ်ရံ အိမ်ရှေ့တည့်တည့်ကောင်းကင်ပြာတွင် လဝန်းဝါဝါကြီး ထိန်ထိန်သာလာသည့် အချိန်တောင်မှ ကျွန်မတို့နှစ်ယောက် စကားစမပြတ်တတ်သေးပါ။

"မလွယ်ဘူးမိချိုရေ. . . မလွယ်ဘူး။ အတွေးနဲ့အရေး တစ်ပြိုင်နက်ကျဖို့ "ခင်နှင်းယု"ဆိုတဲ့ ကလောင်တစ်ချောင်းဖြစ်ပေါ် ဖို့အတွက် ကျွန်တော်မောင်ကျော်သောင်း မွေးဖွားလာရခြင်းပါ"

"ကျေးဇူးကြီးလှပါပေတယ်မောင်မောင်"ဟု ကျွန်မက ခပ် နောက်နောက် စကားလုံးသုံးလိုက်ပါ၏။

"အေးလေ. . . ဘာပဲပြောပြော ခွင့်လွှတ်တယ်ဆိုဆို၊ အာ ဃာတမထားပါဘူးပဲပြောပြော ရွှေတမာကဗျာကို စိတ်ထဲက ရွတ်မိ ကတည်းက အချို့ရင်ထဲမှာ ခုတော့ နေမှာပဲ။ ကိုဘဆွေတို့ကို မပြောချင်နေ၊ အချို့စိတ်ထဲ ဘယ်လိုရှိတယ်ဆိုတာ ကိုကြီးကိုတော့ ပွင့်ပွင့်လင်းလင်းပြောသင့်တယ်. . . "

ကျွန်မသည် ပြုံး၏။ ပြီးတော့ သူ့ကို စိုက်၍ကြည့်လိုက်၏။ လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်းကို ထောင်ပြလိုက်ပါ၏။

"ဒါ ဘာလဲ၊ ချာချီရဲ့ အောင်မြင်ခြင်း ဗွီ အက္ခရာလား"

"တစ်ခါလာလဲ သူ့ချာချီစတိုင်ပဲ ထင်နေတာပဲ။ ချာချီမှ အဲဒီလက်ညှိုးနှစ်ချောင်းထောင်ရမတဲ့. . . လား"

"ပြောတတ်ဘူးလေ၊ တို့များကတော့ စကားပြောလဲ ရဲဘော်ဟန်အတိုင်း ခပ်ပြတ်ပြတ်ပဲ။ သူတို့မိန်းမတွေပဲရှုပ်ပါတယ်။ ဟဲ့. . . ဟို အမရာတို့ခေတ်ကတည်းကပဲ၊ အမရာကလက်ဝါးဖြန့်ပြ ရတာနဲ့၊ ဟို မဟော်သဓာကလဲ လက်သီးဆုပ်ပြရတာနဲ့ ဘာနဲ့၊ ဆိုပါဦး လက်ညှိုးနှစ်ချောင်းက. . . "

ကျွန်မက ပြုံးလိုက်၏။

"နှစ်ဘဝနေရတဲ့ သဘောပါ ကိုကြီးရယ်။ မခင်ယုဆိုတဲ့ ဦးနု နှမဘဝက တစ်ဘဝပေါ့၊ ခင်နှင်းယုဆိုတဲ့ စာရေးဆရာမဘဝ

က တစ်ဘဝပေါ့။ ကိုကြီးတို့အနေနဲ့လဲ မိချိုကို ဒီလိုပဲ မြင်စေချင်တယ်။ မိချိုမှာ မွေးကတည်းက (၂)ဂဏန်းနဲ့ စလာတဲ့ တနင်္လာသမီး။ ယူထားတဲ့ ဖိုးကျော်သောင်းကလည်း တနင်္လာသားပဲ။ ဒီတော့ မခင်ယုဆိုတဲ့ ဦးနု နှမဘဝက ကိုကြီးကောင်းဆိုတဲ့ ဝတ္ထုအပေါ် ဘယ်လိုသဘောထားသလဲဆိုရင် သူလိုငါလိုထက်တော့ မပိုလှပါဘူး။ တစ်ခုက နိုင်ငံရေးအယူအဆ လုပ်ကိုင်ဆောင်ရွက်တာတွေနဲ့ပတ်သက်ပြီး ဦးနု ပျော့ညံ့တဲ့အပိုင်းတွေ ရှိချင်ရှိမယ်။ ဒါတွေကို အချင်းချင်း နိုင်ငံရေးနယ်ပယ်မှာ ဝေဖန်ကြ၊ ပြောကြ၊ ဆိုကြတာ တွေဟာ မထူးဆန်းလှပါဘူး။ ဖြစ်နေကျတွေပါ။ အဲဒါကို နိုင်ငံရေးမူဝါဒနဲ့ တိုက်ကြပါလား။ ဦးနုအကြောင်းကို အချို အကုန် အစင် သိတယ်လို့ မဆိုလိုပါဘူး။ မသိတာတွေ အများကြီးရှိမယ်။ ဒါပေမယ့် သူဟာ နိုင်ငံရေးနယ်ပယ် စဝင်ကတည်းက အရက်သမားမဟုတ်ဘူး။ သူများမိန်းမကို ကြာမခိုဘူး။ တိုင်းပြည်အပေါ်မှာလဲ သူ သစ္စာမဖောက်ခဲ့ဘူး။ ကိုယ်ကျိုးမရှာခဲ့ဘူး။ ပြည်သူ့ ခုံရုံးတင် မဟုတ်ဘူး။ ကမ္ဘာ့ခုံရုံးတင်စစ်ပါ။ ဦးနုရဲ့စာရိတ္တကို မှတ်ကျောက်တင် ခံနိုင်ပါတယ်။ ဒီတော့ ဦးနုကိုထိုးနှက်တော့မယ်ဆိုရင် ထိုးနှက်မယ့်သူတွေဟာ ဦးနုထက် ကိုယ်က ဘယ်လောက်နိုင်ငံရေးသီလ စောင့်ထိန်းတာမှာ သာနိုင်မလဲဆိုတာ အရင်တွက်ချက်ကြည့်သင့်တာပေါ့။ ကိုကြီးပဲ စသုံးလုံးနဲ့ အမှုဖြစ်တုန်းက ပြောဖူးတယ်။ စသုံးလုံးက ပုဂ္ဂိုလ်ကြီးတွေကို ရင်ဆိုင်တော့မယ်ဆိုတော့ ကိုကြီးမှာ သူတို့ထက်သာတဲ့ သီလတစ်ခုရှိနေရမယ်ဆိုပြီး အရက်ဖြတ်တယ်ဆို။ ခုလဲ ဒီလိုပေါ့။ ဦးတည်ချက် ဦးနုကိုတိုက်တော့မယ်ဆိုကတည်းက သိက္ခာသမာဓိ ကိုယ့်မှာရှိနေရမယ်။ ကိုကြီးတို့ ဦးစီးတက္ကသိုလ် စကားလုံး သုံးရရင် (Strategey) စစ်သေနင်္ဗျူဟာမှာ ကိုဘဆွေလေးဟာ မှားကိုမှားနေတယ်။ ပြီးတော့ ရန်သူ့အင်အား ရော ရန်သူ့နယ်မြေကိုရော လေ့လာသုံးသပ်တဲ့နေရာမှာလဲမှားတော့ ရန်သူ့နယ်မြေကို အင်အားပျော့နေတဲ့နေရာက ဝင်

မတိုက်ဘဲ အခိုင်အမာ တပ်စွဲထားတဲ့နေရာက ဝင်တိုက်တော့ သွားတာပေါ့။ ရန်သူ့ရဲ့အင်အားကိုလဲ လျှော့တွက်ထားကြတယ်။ ကိုယ့်တပ်အင်အားကိုလဲ ကိုယ် ပြန်လေ့လာတဲ့နေရာမှာ အဝိဇ္ဇာမပါဘဲ မလေ့လာမိကြဘူး။ လူထုဆန္ဒဟာ တို့ဘက်မှာ လုံးဝရှိတယ်လို့ ဒီတုန်းက ထင်ထားကြတယ်"

"ဟဲ. . ဟဲ ငါ့မိန်းမက ငါ့စကားလုံးတွေနဲ့ ငါ့ကို ပြန်တွယ်နေပြီဟေ့"

"ဒီလိုလဲမထင်ပါနဲ့လေ။ ကိုကြီးက ပွင့်ပွင့်လင်းလင်း 'မခင်ယု'ဆိုတဲ့ ဦးနုနှမအနေနဲ့ ကိုကြီးကောင်းဝတ္ထုအပေါ် သဘောထားကို ပြောပြပါဆိုလို့ ပြောပြတာ။ စကားလုံးကတော့ ဘာလို့ လင်တော်မောင်းဘုရားက ဦးစီးတက္ကသိုလ်တက်လဲ။ မိန်းမကိုပါ စစ်ကျောင်း တက်ခိုင်းမလား အောက်မေ့ရတယ်။ လက်ချာပေးရတာ အမောကို။ မခင်ယုအနေနဲ့ သူ့ပတ်ဝန်းကျင်မှာ တွေ့ထိရမိသမျှ စကားလုံးတွေ အားလုံးစုထားမှာပဲ။ ပြီးတော့မှ ခင်နှင်းယုအနေနဲ့သူ့စာယေမှာ သင့်သလို ထည့်သုံးသွားမှာပဲ။ ဆရာမင်းသုဝဏ်က (စု-တု-ပြု)တဲ့၊(စု-တု-ပြု-ပွား)လို့တောင် တစ်လုံးတိုးသင့်သေးတယ်။ တစ်ဆင့် တစ်ဆင့် အဆက်ဆက်ကို စာပေဟာ ပွားပေးရဦးမယ်'"

"ကဲ. . – ကဲ ဆက်ပါဦး"

"ဆက်စရာ မလိုပါဘူး။ အဲဒီတုန်းက လူထုကိုချဉ်းကပ်ပုံ ချဉ်းကပ်နည်းကလဲ မဟုတ်တော့ သွားတာပဲ။ ကိုကြီးကောင်းဝတ္ထုသာမရေးဘဲ ဟိုယာတွေကလဲ ဟိုဒင်းမပြုခဲ့ရင် တည်မြဲတွေဟာ သင့်တော်တဲ့ အတိုက်အခံအင်အားစုကို ဖွဲ့စည်းနိုင်လောက်အောင် ရွေးကောက်ပွဲမှာ အမတ်ဦးရေအရွေးခံရမှာ။ ခုတော့ ရန်သူ့သတ်ကွင်း (Killing Grround)ထဲ ကိုယ့်တပ်ကိုယ်ပြန်ပို့မိသလို ဖြစ်သွားတယ်။ စိတ်နာကြည်းဖွယ်ရာ စိတ်ထိခိုက်စရာတွေဟာလဲ တစ်နွယ်ငင် တစ်စင်ပါ ဖြစ်ကြရတာပေါ့။ အချို မလိမ်ချင်ပါဘူး။ ဦးနုနဲ့

မောင်နှမတစ်ဝမ်းကွဲပေမယ့် တစ်အိမ်ထဲမှာမွေး၊ တစ်စီးပွားထဲနေလာကြတယ်။ အချို့တို့မှာ ဖခင်အရင်းက ကျန်းမာရေး မပြည့်စုံတဲ့သူဖြစ်နေတယ်။ ဒီတော့ တချို့နေရာတွေမှာ ဦးနုဟာ အချို့ရဲ့ဖေဖေဆိုလဲဟုတ်တာပဲ။ မိုးခေါင်ချိန်အလှည့်မသင့်လို့ သဖန်းပင်ကြီးအခက်အလက်တွေ ခြောက်သွေ့ချိန်မှာ တခြားတခြား အပင်တွေကို အသိုက်ပြောင်းသွားကြသော်လဲ ကျေးငှက်ကလေးတွေကတော့ သစ်ပင်ကြီးရဲ့ကျေးဇူးတရားကို သတိရပြီး ရရာသစ်ခေါက်သစ်ရွက်ခြောက်ကို ကောက်စားပြီး သဖန်းပင်ကြီးက မခွာဘဲနေတယ်။ အပတိတ်တိရစ္ဆာန်သော်မှ သူတစ်ထူးရဲ့ ပြုဖူးတဲ့ကျေးဇူးကိုသိတတ်သေးတယ်။ ကျေးဇူးတရားကို သိခြင်းဟာလဲ မင်္ဂလာတရားတော်နဲ့အညီပါပဲ။ ဒီတော့လဲ ဒီကျေးငှက်ကလေးကို သဖန်းပင်ကြီးမစွန့်ကောင်းလားလို့ ဝိုင်းထုချင်လဲ ငှက်ကလေးက လည်စင်းပေးရမှာပဲ။ ငှက်ကလေးက သဖန်းပင်ကြီးနဲ့ ဆွေမျိုးမှ မဟုတ်ဘဲ။ သစ္စာရှိတာပဲ။ ဒါဟာ သဖန်းပင်ဇာတ်ထုပ်တော့ မဟုတ်ပါဘူး။ မခင်ယုမှာလဲ ဦးနုနဲ့ဆွေမျိုးမောင်နှမ ဟုတ်ဟုတ် မဟုတ် ဟုတ် သူ့ရင်ထဲဘယ်နှယ့်ရှိမယ်ဆိုတာ ရွှေဥဒေါင်းရှင်တို့ ဆက်လက် တွေးယူကြပါကုန်. . . ”

သူသည် ပြုံး၍ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ. . .

“ကဲ. . ကဲ ရေနွေးကြမ်းလေးမော့လိုက်ပါဦး၊ ရွှေဥဒေါင်းရှင်ကြီးတွေထဲ ကိုကြီးပါသေးလား. . . ” ဟု မေး၏။

“ဒါကတော့ ကိုကြီးသဘောပါ”ကျွန်မသည် သူပေးသောရေနွေးကြမ်းပန်းကန်ကို လှမ်းယူကာသောက်ရင်းဖြေလိုက်၏။

စကားကောင်းလိုက်ကြသည်မှာ ပတ်ဝန်းကျင်ကိုပင် မေ့နေ၏။ ပျပျလေး လင်းနေသောဆည်းဆာ၏အရောင်သာ ပတ်ဝန်းကျင်တွင် ရှိတော့၏။ တိုက်၏ဧည့်ခန်းမှ မီးရောင်နှင့် ဘုရားဆောင်မှ မီးရောင်မှာ မြက်ခင်းပေါ်ကို လင်းလာသည်။

ပြုံး—၈၄ပ

"ဆက်ပြောလေ. . . လက်တစ်ချောင်းအကြောင်းပဲ ရှင်းသေးတာ၊ ခင်နှင်းယုအနေနဲ့ ကျွန်တဲ့လက်တစ်ချောင်းရဲ့ သဘောထားကိုလဲ ပြောပြဦးလေ. ."

"အို. . . ပြီးပြီပဲ၊ စာပေအပေါ်မှာရော တိုင်းပြည်အပေါ်မှာရော ခင်နှင်းယုခံယူချက်ဟာ ဦးဘဆွေလေး စာထဲပါသွားပဲ။ (ဇီဝဖိုး)ကိုပြန်ဖတ်ကြည့်၊ ရှင်းပြီပဲ. . ."

သူသည် ဇီဝဖိုး၊ ဇီဝဖိုးဟူ၍ သူ့ပါးစပ်မှ ရွတ်ဆိုနေ၏။

"အင်း. . . ဇီဝဖိုးကို ပြန်ဖတ်ကြည့်ရဦးမယ်၊ ကဲ. . ဒါကတော့ ကိုကြီးကောင်းဝတ္ထုအပေါ် သဘောထားပေါ့လေ။ ခု အချိုကို ရန်ကုန်ဘဆွေပေးတဲ့စာအပေါ်မှာရော အချို ဘယ်လိုသဘောထားလဲဆိုတာ ကိုကြီးကိုပြောပြပါ"

"ပြောပါ့မယ်။ လူများပြောတဲ့ အလှည့်ကျရင်သာ အေးအေးဆေးဆေး နားထောင်။ ရှည်တယ်၊ အကျဉ်းရုံး၊ အမြန်ဆုံးပြောဆိုတာတွေနဲ့ အာဏာသံကြီးနဲ့ မငေါက်နဲ့ သိလား။ ကိုကြီးအော်ရင် အချိုလန့်လန့်သွားပြီး စကားလုံးတွေ ပျောက်ပျောက်သွားတယ်။ ကိုကြီးစကားလုံးအရှည်ကြီးတွေ ရွတ်ဖတ်သရဇ္ဈာယ်နေတော့ လူများက ငြိမ်ငြိမ်နားထောင်ရတယ်"

"ကိုကြီး အော်တာများ မိချိုက အဆန်းလုပ်နေပြန်ပြီ။ အဲ. . . အဲဒီမိုကရေစီဆိုတာ သည်းခံရတယ်လေ။ ကဲ. . ကဲပြောပါ။ ဒီနေရာဟာ တို့လင်မယားနှစ်ယောက်အတွက် လွတ်လပ်စွာ ဆွေးနွေးပိုင်ခွင့် ရှိပါတယ်"

"ပြောပြတော့မယ်၊ နားထောင်လေ" ဆို၍ ကျွန်မက ဆက်ပြောလိုက်ပါတော့သည်။

"ကိုဘဆွေလေးစာထဲမှာ ခင်နှင်းယုကို ကြည်ညိုတယ်။ လေးစားတယ်ဆိုထားတော့ အဘယ်မိန်းမသည် ခံနိုင်ပါမတုံး၊ ငါ့ရှင်၊ သည်းခြေကြိုက်စာပေါ့"ဟု ကျွန်မက ပြုံးပြုံးနှင့် စကားလုံးကိုလည်း တစ်မျိုးလွဲ၍ သုံးသောအခါ သူသည် လက်ခုပ်လက်ဝါး တီးကာ

ဟက်ဟက်ပက်ပက် ရယ်၏။

"ဒီတစ်ခါလဲ ငါ့မိန်းမကကွာ၊ ကျော်သောင်းစကားလုံးကို ယူသုံးပြန်ပြီ"ဟု ဆို၏။

"ကိုကြီးလဲ သင်္ဂါယနာတင်တုန်းက ဘုန်းတော်ကြီးတွေ ရွတ်တဲ့စကားလုံးကို ယူသုံးတာပါ။ ဒုတိယကတော့ ငါ့ရှင်ကို မေးခွန်းတစ်ခု မေးပါရစေဦး"

'မေးလေ"

"ဦးဘဆွေလေးစာထဲမှာ အစ်ကိုကြီးကို ကျွန်တော် စာရေးဆရာတစ်ယောက်ပဲဖြစ်စေချင်တယ်။ နိုင်ငံရေးသမား မဖြစ်စေချင်ဘူး။ ဒီအတိုင်းပဲ။ သာခင်ကြီးကိုလဲ စာရေးဆရာပဲ ဖြစ်စေချင်တယ်။ ကိုဗဆွေကြီးကိုလဲ စာရေးဆရာပဲ ဖြစ်စေချင်တယ်။ ဒါပေမယ့် သူတို့က နိုင်ငံရေးသမားတွေပဲ ဖြစ်နေကြတယ်"လို့ဆိုတယ်။ ကိုကြီးသူ့စာထဲမှာ သတိထားမိလား။ အဲဒီတော့ ငါ့အရှင် အခွင့်ကြုံကြိုက်ခဲ့ပါလျှင် သင်၏ရဲဘော်ရဲဘက်ဟောင်းများကို မေးပါလေ။ ဘယ်သူ့ကို နိုင်ငံရေးသမားဖြစ်၊ ဘယ်သူ့ကိုအုပ်ချုပ်ရေးသမားဖြစ်၊ဘယ်သူကတော့ စစ်ဗိုလ်ချုပ်ကြီးဖြစ်၊ ဘယ်သူက စာရေးဆရာ ဖြစ်စေလိုပါသနည်း။ ဘယ်သူဘာဖြစ်ပါဆို၍ ဖန်ဆင်းနိုင်သော တန်ခိုးတော်အရှင်ကဲ့သို့ သတ္တဝါတို့၏ကံကို ပြောင်းလဲနိုင်သော တန်ခိုးတော်သည်လဲ သခင်တို့လက်တွင် ရှိပါလေသလားဟု အခွင့်သာလျှင် မေးပေးပါလား. . ငါ့ရှင်"

ကျွန်မစကားဆုံးလျှင် သူရော ကျွန်မရော ရယ်မောသော လေသံမှာလှိုင်းခတ်၍ ပန်းချုံမြက်ခက်လေးများပင် ဂယက်ရိုက်ကာ ရယ်မောကြသည်ဟု ထင်ပါသည်။

အလို. . . ဘုရား. . ဘုရား မြမြက်ခုံအေးမြချမ်းငြိမ်း၍ လေပြည်လေညင်းလေးများ ဖြည်းညှင်းစွာ တိုက်ခတ်နေသော မြမြက်ခုံတွင် ဘုရား. . . ဘုရား အဝေးမှတိုက်လာသော လေပြင်းမုန်တိုင်းသံ၊ သစ်ရွက်များကြွေသံ၊ သစ်ကိုင်းများအပိုင်းပိုင်းကျိုး

ကျသံ၊ အို. . . မြေလျှောင်သံလား၊ တော်လဲသံလားမိုးသီးမိုးပေါက်တွေ ကျွန်မကိုယ်မှာ အေးစက်လာ၏။ လှုပ်ရှား၍မရ။ ကျွန်မခြေအောက်မှ မြေပြင်သည်ကွဲအက်သွားသည်ဟု ထင်ပါသည်။ အသိုက်တွေပြိုကျ၍ ငှက်ငယ်များအော်သံ၊ အို. . . ပိန်းပိတ်၍ တစ်မိုးလုံးမှောင်ကျ၍ သဲကွဲစွာ မမြင်ရ။ တီးတိုးသော လေသံတစ်ခုသာ ကျွန်မနားတွင် ကြားလာရသည်။ ဘုရား. . . ဘုရား. . ။

ဒေါ်ခင်ယု. . . ဒေါ်ခင်ယု. . . သူလေ သူ မရှိတော့ဘူး။ (he passes away) အင်္ဂလိပ်လိုပြောလိုက်သော ဆရာဝန်မကြီး ဗိုလ်မှူးဒေါ်ခင်သန်းမြင့်၏အသံကို ကျွန်မနားတွင် တီးတိုးစွာ ကြားလာရ၏။ ပြီးတော့ အော်ဟစ်လိုက်သလို အကျယ်ကြီးကြားရ၏။ နာရီပိုင်းလေး၊ မိနစ်ပိုင်းလေး၊ မနက်ဖြန်ကို အိမ်အစောကြီးပြန်ကာ ကိုကြီးရောဂါကို အင်္ဂလန်ပို့၍ကုရန် စီစဉ်မည်။ ခြံနှင့်တိုက်ကို ရောင်းမည်ဟုစိတ်ကူးဆဲ ကျွန်မ၏ ညီမအထွေးနုနုသည် ဘာဆေးတွေတိုက်၍ ကျွန်မကိုသူတို့ ငြိမ်သက်အောင် လုပ်လိုက်သည်မသိ။ ကိုကြီး၏ နောက်ဆုံးမိနစ်ပိုင်းကို ကျွန်မကိုကြီးအနားတွင် ကပ်နေပါလျက်နှင့် မသိရ။

ကျွန်မနှလုံးခုန်သံသည် ၅. ၉. ၇၀ ညနှစ်ချက်တီးတွင် ခေတ္တရပ်သွားပါသည်။

(၇. ၉. ၇၀) ၁၉၇၀ ပြည့်၊ စက်တင်ဘာလ ၇ရက်နေ့၊ တနင်္လာနေ့ ကျွန်မ၏ မွေးလ၊မွေးရက်၊ မွေးနေ့ နေ့လယ်နှစ်နာရီတွင် ကျွန်မ၏ချစ်သူ ဗိုလ်မှူးကြီးကျော်သောင်းအား ဂူသွင်းမြှုပ်နှံသဂြိုဟ်ခြင်း ခံလိုက်ရပါသတည်း။

ခင်နှင်းယု

## နိဂုံးဟူ၍ မဆိုသာ

တစ်ယောက်တည်းနေချင်တယ်ဆိုတဲ့ ဆန္ဒဖြစ်ပေါ်ရခြင်းဟာ တကယ်ဆိုတော့ လောကီမှာ မအောင်မြင်သူတွေရဲ့ ဆန္ဒလို့ခေါ်ရမှာပဲ။ လောကုတ္တရာအတွေးနဲ့ တွေးမယ်ဆိုတော့လည်း လောကီ ကာမဂုဏ်စည်းစိမ်တွေကို အောင်မြင်စွာ စွန့်လွှတ်ပြီး ဆုတ်ခွာနိုင်တဲ့သူမှသာ တစ်ယောက်တည်းနေချင်တယ်ဆိုတဲ့ဆန္ဒဖြစ်ပေါ်စမြဲကိုး။

နိဗ္ဗိန္ဒစာတမ်းတွေ ရှာဖတ်လိုက်ရင် တောကိုမင်သူတွေကို ဖွဲ့တဲ့အခါ "တစ်ယောက်သွားသာရုံ လမ်းအားဖြင့်တောသို့ဝင်လေသတည်း"စာဖွဲ့ကြစမြဲ တွေ့ရလေတော့ လောကုတ္တရာလမ်းဟာ တကယ်တော့ တစ်ယောက်တည်းသွားရမှာပါလား။

အစ်ကိုရယ်၊ အစက ဒီလိုသာ သဘောပေါက်ရင်ဖြင့် မသန္တာလို တောသူအရိုင်းတစ်ကိုယ်တော်ကို အစ်ကိုနဲ့အတူ နှစ်ယောက်တည်းနေဖို့ သွေးမဆောင်သင့်ပါဘူး။ အစ်ကိုနဲ့ကျောချင်းခိုင်းပြီး မသန္တာ နေရပ်အဟောင်းကို ထွက်ခွာလာတဲ့အခါမှာ ခြေလှမ်းတိုင်း မသန္တာတို့ ခွဲခွာလာရခြင်းကို တွေးခေါ်မိတယ်။ တောရပ်ကို တစ်ယောက်ချင်း မှီခိုကြတာချင်းတူပေမယ့် အစ်ကို့မှာတော့ အပူငြိမ်းမှာပဲ။ မသန္တာမှာတော့ ခြေသွားလမ်းဘေးက မြက်ခင်းလေးတွေဟာ မသန္တာမျက်ရည်နဲ့စိုစွတ်လို့နေကြတယ်။ မြက်တွေက အခါ မဟုတ်လဲ ရွာတဲ့မိုးလို့ အယူရှိကြပုံရတယ်။ စိမ်းရှင်လတ်ဆတ်ပြီး ခေါင်းမော်လို့ ကြည့်နေကြပါလား။

"သြော်. . . ကိုယ့်မှာတော့ မျက်ရည်၊ သူတို့မှာတော့ မိုး"

ဘယ်လိုပဲထင်ထင် ကိုယ့်မျက်ရည်နဲ့ သူတစ်ပါးရှင်လန်း

ရတယ်ဆိုတာကိုပဲ မသန္တာဟာ တစ်နည်းတစ်လမ်းနဲ့ နှစ်သိမ့်နေမိတယ်။ အဲဒါကိုက အစ်ကိုနဲ့မတူတာပဲ။ အစ်ကိုကတော့ မြက်ခြောက်ကိုမြင်ရင် မြင်မြင်သမျှ ခပ်သိမ်းသော သင်္ခါရတို့သည် မမြဲဘူးလို့ ယူဆတယ်။ ယူဆမိသမျှကို တရားနဲ့ဆင်ခြင်တဲ့အခါမှာ သင်္ခါရလောကကို ငြီးငွေ့လာတယ်။ အဲဒီ ငြီးငွေ့ခြင်းကိုက နိဗ္ဗာန်သို့သွားရာ စင်ကြယ်သောလမ်းစဉ်ပဲလို့ အစ်ကိုက မသန္တာကို ကျောခိုင်းခါနီး ပြောခဲ့တယ်။

မသန္တာအဖို့မှာတော့ ခြောက်သွေ့နေတဲ့ မြက်ခင်းလေးတွေ စိုစွတ်လာရင်ပဲ တရားကိုမမြင် ကြည်နူးတဲ့စိတ်က ဖြစ်လာသေးတယ်။

ဒီလမ်းခရီးမှာဖြင့် အစ်ကိုနဲ့အတူ သွားခဲ့ရပါသေးသလားလို့ တမ်းတလွမ်းဆွတ်တဲ့စိတ်က ပေါ်ရသေးတယ်။ ဒီစိတ်တွေဟာ မသန္တာကို သံသရာမှာလည်စေတော့မှာပါပဲ။ တစ်နေ့တစ်နေ့လည်း မသန္တာရင်ထဲမှာ အစ်ကိုနဲ့မတွေ့ခင် အဖေနဲ့အတူနေခဲ့ရတဲ့ မသန္တာဘဝကိုလည်း တွေးမိပါရဲ့။ အစ်ကိုနဲ့အတူနေခဲ့တဲ့ လူယဉ်ကျေးတို့ ဌာနေကိုလည်း ပြန်ပြောင်းတွေးမိတယ်။

အဖေကလူယဉ်ကျေးတို့ဌာနေဆိုတာ သာသောင့်သာယာ သက်သောင့်သက်သာတော့ ရှိပါသတဲ့။ ဒါပေမယ့် လူဖြစ်လာပြီး ကိုယ့်ကိုယ်ကိုယ်အားကိုး၊ ကိုယ့်အသက်မွေးဝမ်းကျောင်းကိုလည်း ကိုယ့် ခြေထောက်ပေါ်မှာ ရပ်တည်ပြီးနေနိုင်အောင် ကြိုးစားရမတဲ့။ အဖေပြောခဲ့တဲ့စကားတွေကို မသန္တာ သတိရနေသေးတယ်။

"အဖေကတော့ အဖေ့သေနတ်နဲ့ ပစ်ချလို့ရတဲ့ ယုန်တစ်ကောင်ကို မီးကင်ပြီးစားချင်ပါတယ်ကွယ်။ သူတစ်ပါးမှီခိုပြီးမှ စားရတဲ့ ကြက်စွတ်နဲ့ဝက်ကောင်လုံးကြော်ကို အဖေ မစားချင်ပါဘူးတဲ့"

သြော်. . . အဖေ ဒါကြောင့်လည်း သူ့သမီးမသန္တာကို သူ့နောက်က တကောက်ကောက်ပါအောင် အရခေါ်ခဲ့တယ်။ အဖေငါးမျှားတော့မယ်ဆိုရင် မသန္တာဟာ ဝမ်းသာအားရ ပိုက်ကွန်ထမ်း

ပြီး နောက်ကလိုက်ခဲ့တယ်။ နေစောင်းလို့ အိမ်ပြန်ရောက်ရင်လည်း မီးပုံမှာ ငါးမီးဖုတ်နဲ့ထမင်းပူပူစားရတာ မြိန်လိုက်ပါဘိခြင်း။

အမဲလိုက်လို့ ညနေစောင်းသွားရင် မှုန်ဝါးဝါးတောလမ်းမှာ သားအဖနှစ်ယောက် အမဲကောင်ကို ရှေ့နောက်ထမ်းပြီးလာခဲ့ရတာ ပျော်စရာပဲ။ မသန္တာနောက်မှာ အဖော်ရယ်လို့ အမဲလိုက်ဖက်မိုးလုံးတစ်ကောင်ပဲပါလာတယ်။ မောရမယ်လို့လည်းမသိခဲ့ပါလား။ တောတန်းက ကျော်လာတုန်းများဆို ပန်းရနံ့လေးတွေကမွှေးလို့၊ ညဥ့်ဦးလေကလည်း အေးမြလိုက်တာ။ တစ်နေ့လုံး အမဲလိုက်လို့ ပင်ပန်းခဲ့ရတာတွေကို မေ့ပျောက်သွားတာပဲ။

နှင်းမှုန်တွေက လေထဲမှာ ပြည့်သိပ်လာပြီဆိုရင် မသန္တာ တံဇဉ်ကိုင်ရပြီ။ ညနေစောင်းရင်ပဲ အဖေရိတ်ပြီးတဲ့ စပါးနှံကို တလင်းဆီကိုသယ်သွားတဲ့အခါ နေဝန်းနီနီကြီးက မသန္တာကို လယ်ကွင်းစပ်မှာ မေးတင်ကြည့်နေတယ်။

ညဥ့်ဦးရောက်လို့ အဖေရှိနေတဲ့ လှေ့စင်ပေါ်ကို စပါးနှံတွေတင်ပေးတဲ့ အခါကျတော့လည်း ဝင်းပပ လဝန်းဟာ မသန္တာကို တောင်တန်းပေါ်က စောင်းငဲ့လို့ ကြည့်နေတော့တယ်။

ဩော်. . မသန္တာကိုကူကြတဲ့ နေနဲ့လပါလား။ သူတို့ကို မြင်ရတော့ အားရှိပါဘိခြင်း။ မသန္တာ ဘာမှကြောက်စရာ မလိုဘူး။ ပျိုးစိုက်ပြီး စပါးပင်တွေကို ပစ်ထားရတဲ့အချိန် ညဥ့်ဘက်အလုပ်မရှိချိန်ဖြစ်တဲ့ တစ်မိုးတွင်းလုံးမှာ လဝန်းကိုမိုးသားတွေဖုံးနေတဲ့ ရက်ကများနေတာပဲ။ ခုလို လရောင်နဲ့မှအလုပ်လုပ်လို့ဖြစ်တဲ့အခါ ဆောင်းနဲ့နွေကျတော့လည်း ကောင်းကင်မှာ မိုးသားတွေ မရှိကြတော့ဘူး။ မသန္တာတို့အတွက် လမင်းအရောင်ဟာ သဘာဝကပေးထားတဲ့ အကူအညီတစ်ခုပါပဲ။

မသန္တာမှာသာ အလုပ်လုပ်နိုင်တဲ့ လက်နှစ်ဖက်ရှိပါစေ။ သဘာဝဟာဖြင့် မသန္တာကို ကူညီဖို့အဆင်သင့်ရှိနေတာပဲ။ မသန္တာ ဒီတုန်းက ဘာကိုမှမကြောက်ပါလားနော်။

ပြုံး—စာပေ

တစ်ခါတလေ လမိုက်တဲ့ည ညစာစားပြီးလို့ အားလပ်နေရင် တဲရှေ့မှာမီးဖိုပြီး မောင်းထောင်းနေမိတယ်။ တောဘက်ဆီက ကျားဟိန်းသံ တစ်ချီတစ်ချီ မသန္တာတို့တဲဘက်ဆီကို လွင့်လာပေမယ့် မသန္တာမကြောက်ပါဘူး။

အဖေက လူယဉ်ကျေးတွေက စကားလိမ်လိမ်မာမာ ပြောတတ်သတဲ့။ သမီးဟာ သူတို့စကားအသွားအလာကို ဆင်ခြင်နိုင်ဖို့ သမီးမှာ ဦးနှောက်အတွေးအခေါ်လည်း ရှိရမယ်ဆိုတယ်။ အဖေပို့တဲ့ ဆရာဘုန်းတော်ကြီးကျောင်းကလည်း ရွာစပ်နားမှာပေမယ့် မသန္တာတို့တဲနဲ့က တစ်မိုင်လောက် ခရီးဝေးတာပဲ။

အဖေဟာ ဒီကတည်းကိုက တစ်နေ့နေ့ သူ့သမီးဟာဖြင့် မျက်စိလည်လမ်းမှားလာတဲ့ မြို့က ကိုလူချောနဲ့ တွေ့ကောင်းတွေ့လိမ့်မယ်လို့ ကြိုတင်တွေးပြီးသားထင်ပါရဲ့။

မသန္တာလက်ကို သေနတ်ကိုင်ရဲအောင်၊ ပိုက်ဆွဲရဲအောင် ကျင့်ပေးခဲ့သလို မသန္တာဦးနှောက်ကိုလည်း လူယဉ်ကျေးတွေနဲ့ ဆက်ဆံတတ်အောင် ပညာပေးခဲ့ပါကလား။

အဖေကြိုတင်တွေးခေါ်ခဲ့သလို မသန္တာဟာ မြို့က ကိုလူချောနဲ့တွေ့ခဲ့တာပါပဲ။ ဒါပေမယ့် အဖေသာရှိရင် မသန္တာဟာ လူ့လောကမှာ 'နောင်တ'တစ်ဖန် ပြန်ဖြစ်စရာအကြောင်း ရှိချင်မှရှိမယ်။

အစ်ကိုနဲ့စတင်တွေ့ခဲ့တဲ့ညကို မသန္တာ ဘယ်တော့မှ မမေ့ဘူး။ အရင်ကတော့ သားအဖနှစ်ယောက် အမဲကောင်ထမ်းပြီးပြန်လာခဲ့ကြပေမယ့် အဖေမရှိတော့ မသန္တာမှာက တစ်ယောက်တည်း။ ဒါပေမယ့် အဖေပေးခဲ့တဲ့ သတ္တိတွေ မသန္တာမှာ ရှိခဲ့လေတော့ ကြောက်စိတ်ဆိုတာ မသန္တာ နားမလည်ခဲ့ဘူး။

အစ်ကိုနဲ့တွေ့ခဲ့တဲ့ အဲဒီညဦးက အမဲပစ်ပြီးအပြန် တောစပ်ရေအိုင်မှာ အပန်းဖြေနေတုန်းပေါ့။ မိုးကောင်းကင်က လဝန်းဟာ မသန္တာကို ချစ်ရှာလွန်းလို့ သူ့ကိုယ်ပွားကို ရေကန်ထဲမှာ ချပေး

လိုက်တယ်။ ညဥ့်ဦးလေသွေးရင်ပဲ ရေပြင်ဂယက်ထတာနဲ့အမျှ လဝန်းသဏ္ဌာန်ဟာလည်း အမျိုးမျိုးပြောင်းပြီး မသန္တာကို ချော့မြူ ကစားရှာတယ်။ ရွှေငါးဝိုင်းကြီးများ ရေထဲကူးနေသလား အောက် မေ့ရတယ်။ လဝန်းရောင်နဲ့တူတော့လဲ အိုင်ထဲက ကြာပန်းတွေဟာ အထီးကျန်မိဘမဲ့သူ မသန္တာရှိရာကို ဦးညွတ်ပြီးပွင့်ကြတယ်။

မသန္တာ ကဗျာစပ်ချင်လိုက်တာ။ ဒါပေမယ့်လည်း ကဗျာ အသည်းနှလုံး မသန္တာမှာမရှိလေတော့ အဲဒီညရဲ့အလှကို ကဗျာမဖွဲ့ လိုက်မိပေဘူး။ ကဗျာသာ ဖွဲ့တတ်ရင်တော့ 'ချစ်ဦးသူနဲ့တွေ့သော ည'လို့ ကဗျာစပ်လိုက်ပါရဲ့။

အစ်ကိုက မသန္တာ လက်ဖဝါးလေးတွေကို ညင်ညင်သာ သာပွတ်သပ်ရင်းက "မိန်းကလေး လက်ဖဝါးတွေကလဲ ကြမ်းလှပါ လား"တဲ့။

"မိန်းကလေးခြေသလုံးတွေကလဲ ကြီးလှပါလား"တဲ့။

"ကိုယ့်သေနတ်ကိုဆွဲလို့ ကိုယ့်အစာကိုယ်ရှာစားရတဲ့ တော တွင်းသူအဖို့ လက်ဖဝါးတွေဟာ ကြမ်းမှာပေါ့"

"ကိုယ့်စပါး ကိုယ့်ခြေထောက်နဲ့ကိုယ်နယ်၊ ကိုယ့်ခြေကိုယ် အားကိုးနေရတဲ့ မိန်းမတစ်ယောက်အဖို့ ခြေသလုံးတွေဟာ ကြီးမှာ ပေါ့" လို့ မသန္တာ ပြန်ဖြေခဲ့တယ်လေ။

ဩော်. . . အဲဒီညဟာဖြင့် လောကမှာ ယောကျ်ားနှစ်မျိုး ရှိတယ်လို့ သိတဲ့ညဦးပါပဲ။ အဖေလို ချစ်မြတ်နိုးအပ်တဲ့ ယောကျ်ားရှိ သလို ချစ်သူလို တွယ်တာရမယ့် ယောကျ်ားလည်း ရှိပါလားလို့အသိ တရား ပထမဆုံးဝင်ခဲ့တဲ့ညပါပဲ။

"ဒီတစ်ညတော့ အချိန်လွန်ပြီး အဖော်တွေနဲ့လဲ ကွဲတာ မို့ မသန္တာဂူထဲမှာ တစ်ညတည်းခိုးပါရစေ"လို့အစ်ကိုက ခွင့်တောင်း ခဲ့တယ်။

မသန္တာရဲ့တဲဟာ ကျောက်ဂူကြီးကို တစ်ခြမ်းမှီပြီး ဆောက် ထားတဲ့တဲမို့ တကယ့်ဂူတဲပါပဲ။ အိပ်ခန်းလုပ်ထားတဲ့ ကျောက်ဂူမှာ

ကောက်ရိုးမွှေ့ယာနဲ့ အစ်ကို့ကို အဲဒီညက သိပ်ခဲ့တယ်လေ။ မအိပ်ခင် ညစာစားတော့ မသန္တာကင်ပေးတဲ့ ဆတ်သားကင်ကို မြေအိုးနဲ့ ချက်ထားတဲ့ ထမင်းပူပူနဲ့ မီးပုံဘေးမှာ အစ်ကိုစားခဲ့တယ်မို့လား။

"ဒီညစာဟာဖြင့် အစ်ကို့ဘဝမှာအမြိန်ဆုံးပါပဲ"လို့ အစ်ကိုက ဆိုခဲ့တယ်။

"မသန္တာအိမ်ကလဲ စာအုပ်ထဲ ဖတ်ရတဲ့ တောလိုက်မုဆိုးကြီးနေတဲ့ ဂူနဲ့တူလိုက်တာ"လို့ အစ်ကိုပြောခဲ့သေးတယ်။

တကယ်တော့လည်း မသန္တာဟာ တောလိုက်မုဆိုးကြီးသမီးပါပဲ။

အဲဒီညက လဝန်းဟာ မသန္တာတို့ ခေါင်းပေါ်ရောက်ပေမယ့်လည်း အိပ်ဖို့ကို သတိမရကြပါဘူး။

"အဖေဆုံးကတည်းက ဒီလိုပဲ တစ်ယောက်တည်းနေခဲ့သလား။ မသန္တာ ခုလိုနွေရာသီတော့ ကိစ္စမရှိပါဘူး။ မိုးတွင်းရောက်လို့ မုန်တိုင်းတွေကျ၊ လျှပ်စီးတွေကလဲ လက်ပြီး မိုးသိပ်သည်းတဲ့အခါ မသန္တာ မကြောက်ဘူးလား"လို့ အစ်ကိုမေးခဲ့သေးတယ်။

"မသန္တာအဖို့ မိုးထစ်ချုံးသံဟာ မိုးနတ်သားရဲ့တေးပါပဲ။ လျှပ်နွယ်တွေဟာ ကောင်းကင်ရဲ့ပန်းများပါ" ဖြေတော့ အစ်ကိုက "ဩော်. . ဒါလောက်ကြမ်းတမ်းတဲ့ လက်ဖဝါးရှင်ရဲ့ စကားလုံးတွေကလဲ လှလိုက်ပါဘိ။ သဘာဝမကျလိုက်လေခြင်း"လို့ အစ်ကို ပြောခဲ့သေးတယ်။ အထင်သေးလိုက်ပါဘိ အစ်ကိုရယ်။ မသန္တာမှာ လက်ဖဝါးက ကြမ်းပေမယ့်၊ ခြေသလုံးကကြီးပေမယ့် သဘာဝအလှအပကို ပူဇော်မြတ်နိုးတတ်တဲ့ အသည်းနှလုံး ရှိပါသေးတယ်။

နံနက်မိုးသောက်ရင်ပဲ အစ်ကိုနဲ့ မသန္တာ ခွဲရတော့မယ်။ အဲဒီတော့မှ လွမ်းတယ်ဆိုတာ ပထမဆုံးသိတော့တာပါပဲ။ အစ်ကို လူယဉ်ကျေးတို့ဌာနေကို မသန္တာလိုက်ခဲ့ဖို့ခေါ်တယ်။ မသန္တာကလဲ မသန္တာရဲ့ဂူထဲမှာ အတူနေဖို့တောင်းပန်တယ်။

"လူယဉ်ကျေးတွေကို အထင်မသေးပါနဲ့မသန္တာ။ နောက်

တစ်ပတ် အစ်ကိုလာခေါ်ရင်သာ အသင့်ပြင်ထားပါ။ မသန္တာပါးပြင်မှာ အစ်ကိုနမ်းခဲ့တဲ့ အနမ်းဟာ ဘဒ္ဒကမ္ဘာဦးမှာပေါ်ခဲ့တဲ့ ကြာပဒုံလို မမြင်ရပေမယ့် ကမ္ဘာတည်အောင်မြဲမှာပါ”တဲ့။ အစ်ကိုရယ် တကယ်တော့လည်း အဲဒီကြာပဒုမ္မာငါးခိုင်ဟာ စာထဲမှာသာရှိတာပါ။ လက်ဆုပ်လက်ကိုင် ဘယ်မှာမှ ရှာမတွေ့ပါလား။

ကမ္ဘာဦးက ပြဟ္မာကြီးတွေပဲ အခူးစောပြီး လက်ဦးသွားတယ် ထင်ပါရဲ့။

ဩော်. . အချစ်ဆိုတာ အင်မတန်သိမ်မွေ့တဲ့ စိတ်ကူးစိတ်သန်းတွေကို တီထွင်နိုင်ရုံမက ပူပန်သောကဗျာပါဒကိုလည်း ပေးတတ်ပါကလား။

အစ်ကိုပြန်သွားတဲ့နေ့ကဖြင့် တစ်နေ့လုံး အမဲမလိုက်နိုင်ဘူး။ အစ်ကိုအိပ်သွားတဲ့ကောက်ရိုးမွေ့ရာမှာလူးလိမ့်နေမိတယ်။ မသန္တာရဲ့အမဲလိုက်ဖော် ‘မိုးလုံး’ကြီးတောင် အချိန်တန်တော့ တဲဝကလာပြီး ပြူကြည့်သေးတယ်။ သူ့ခမျာ သူ့သခင်ရဲ့ဝေဒနာကို မသိရှာဘူး။

ဒီအချိန်ဟာဖြင့် အမဲလိုက်ချိန်တန်ပြီလို့ပဲ သတိပေးတဲ့ အနေနဲ့ တဲဝကနေ သခင်ကို အမြီးနှံ့ပြီးခေါ်ရှာတယ်။

နောက်တစ်ပတ် အစ်ကိုပြန်လာပြီးလာခေါ်တော့ မသန္တာ တဲဝကိုပြေးထွက်ပြီး ကြိုမိတယ်။ တကယ်တော့ ပြန်လာလိမ့်မယ်လို့ စိတ်ထဲမှာ မမျှော်လင့်လို့ဘဲ။ မမျှော်လင့်ဘူးအစ်ကိုရေ. . ။

“ခြေဖဝါးတော်နုနု သွေးခြေတွေဥကိုပါပြီ မောင်မောင်ဘုရားလို့”နွမ်းလျလျပြောနိုင်တဲ့ နန်းမတော်မယ်နုတွေ အပုံကြီးပေါ်တဲ့ လူယဉ်ကျေးဌာနေက အပျိုချောတွေကို ကျော်ခိုင်းပြီး မသန္တာဆီ ပြန်လာတယ်ဆိုတာ ယုံနိုင်စရာရှိပါ့မလား။

ဒါကြောင့် မသန္တာဟာ ခြေလွတ်လက်လွတ် ဝမ်းသာလွန်းလို့ အစ်ကို့ကိုပြေးလို့များကြိုမိတယ်။ အစ်ကို့ရင်ခွင်မှာ မျက်နှာအပ်လို့ အရှူးအမူး မျက်ရည်များတောင် ကျလာမိတယ်။

ပြီး—စာဆေ

"ကဲလေ. . . ပစ္စည်းတွေသိမ်း၊ အစ်ကိုတို့ မြို့ကိုပြန်ကြစို့" လို့ခေါ်တော့ မသန္တာ ဘာပစ္စည်းသိမ်းရမှန်းတောင် မသိဘူး။ သေနတ်၊ဒူးလေး၊မြားတံတွေက မြို့နဲ့မှ တန်ပါလေစ။ အစ်ကိုက ဒါတွေကိုယူခဲ့ဖို့ မလိုပါဘူးဆိုတာနဲ့ မသန္တာ တဲနံရံမှာ ထားရစ်ခဲ့ရတယ်။ ကျန်တာကတော့ ဆန်ဖွပ်တဲ့ဆုံနဲ့ မသန္တာရဲ့မြေအိုးတွေ။ ဒါတွေကိုလည်း မသန္တာသယ်ဖို့ မလိုပါဘူး။ တဲဝကထွက်မယ်ကြံတော့ စိတ်ထိခိုက်ဆုံးက မိုးလုံးကြီးပါပဲ။

"ကျွန်တော့်ကို တစ်ယောက်တည်းထားခဲ့ပြီး သခင်ဘယ်ကိုသွားမှာလဲ" လို့ မိုးလုံးဟာ မေးနေသလိုပဲ။ မသန္တာကိုမော့ကြည့်နေ တော့ မသန္တာရင်ထဲမှာ ဆို့သွားတာပဲ။

"ဪ. . . မင်းတို့ မိန်းကလေးများဟာ ချစ်တဲ့သူနဲ့ တွေ့ရင်ဖြင့် ကိုယ်နဲ့ငယ်ကပေါင်းခဲ့တဲ့ ရဲဘော်ရဲဘက်ကို မေ့တတ်ပါကလားကွယ်"လို့ သူကပြောနေသလိုပဲ။ သူ့လည်ပင်းကိုဖက်ပြီး သူ့ကျောကိုသပ်လိုက်ရင်ပဲ သူ့ကိုအတူခေါ်စေလိုကြောင်း တောင်းပန်ခယတဲ့ မျက်လုံးနဲ့ မသန္တာကို ကြည့်ရှာတယ်။

"မင်းချစ်တဲ့ တစိမ်းတစ်ရွာသားကို ငါလဲ ချစ်ပါ့မယ်ကွယ်" လို့ ခယနေသလိုပဲ။ မြေမှာဝပ်ပြီး အစ်ကို့ခြေဖမိုးကို သူနမ်းတော့ မသန္တာ မျက်ရည်ကို မနိုင်ဘူး။ ဒါပေမယ့် သူ့ကိုမြို့အတူခေါ် သွားဖို့ အစ်ကိုက ဘာမှမပြောလေတော့ မသန္တာဟာ တစ်မိုင်ခရီးကို သူနဲ့ အတူလျှောက်ပြီး ဆရာတော်ဘုရား ကျောင်းရောက်တဲ့အခါ သူ့ကို အပ်ခဲ့ရတယ်။

ကျောင်းပရိဝုဏ်အဝက မသန္တာထွက်သွားတာကို ငေးကြည့်ပြီးကျန်ရစ်တဲ့ မိုးလုံးကြီးဟာလူသားများဆိုရင်ဖြင့် သူ့အသည်းကွဲ ဇာတ်လမ်းကို စာတမ်းဖွဲ့ပေမှာပဲ။

မသန္တာ ဒီတုန်းက မိုးလုံးကြီးကိုပြန်ကြည့်ဖို့ ကိုယ့်စိတ်ကိုယ်မလုံဘူး။ အစ်ကို့ဆီကို မျက်ရည်လည်ရွှဲနဲ့ပြန်ပြေးလာမိတယ်။ ဪ. . . ချစ်လိုက်ရတာ ချစ်လိုက်ရတာ၊ခွေးကိုချစ်လို့ မျက်ရည်

ကျရ၊ လူကိုချစ်လို့ မျက်ရည်ကျရနဲ့။

အစ်ကိုက မသန္တာကို မြို့ခေါ်သွားတဲ့လမ်းပေါ်မှာ ပြောတဲ့ စကားကြားမိသေးတယ်။ "တယ်လဲတွယ်တာတတ်တဲ့ မိန်းကလေး ပါလား၊ ပင်ပန်းလှချည့်ရဲ့"ဆိုတာလေ။ စင်စစ်တော့လည်း သံသရာမှာ မုန်းလို့ကျရတဲ့ မျက်ရည်ရယ်လို့ နည်းပါတယ်။ ချစ်လို့ကျရတဲ့မျက်ရည်က မိုးထက်တောင်များပါသေးလား။

လူယဉ်ကျေးတို့ဌာနေဟာ အဖေပြောခဲ့သလိုပဲ။ သက်သောင့်သက်သာ ရှိလှပါဘိ။ မိန်းကလေးတွေကလည်း နုပျိုကြ၊ ချောမွေ့ကြ၊ လှပကြပါကလား။ အစ်ကို့ရဲ့ ခမ်းနားတဲ့ထမင်းစားပွဲကြီးတွေမှာ အစ်ကို့ဧည့်သည်မိန်းကလေးတွေဟာ လင်တော်မောင်ရှာစာကို အဆင်သင့်စားရသူတွေမို့ ထင်ပါရဲ့။ ပါးမို့လေးတွေ ပန်းနုသွေးရောင်ပေါက်ပြီး လက်ဖဝါးလေးတွေက ပန်းပွင့်ဖတ်လေးတွေလိုပဲ နူးညံ့လှပါဘိတယ်။ မသန္တာဟာ ပွဲတိုးစကဖြင့် မသန္တာလက်ဖဝါးကြမ်းကြမ်းကို ရှက်စနိုးနဲ့ ကွယ်ဝှက်လို့တောင် ထားမိတယ်။ နေလောင်ထားတဲ့ မသန္တာပါးပြင်ဟာ မြို့သူဒေါင်းမလေးတွေအလယ်မှာ တောကျီးကန်းကြီးများလို ဖြစ်နေမလားလို့ ခဏခဏ ခေါင်းကိုငုံ့ထားမိတယ်။

"ကိုယ့်အလုပ်ကို ကိုယ်လုပ်နိုင်တဲ့သူရဲ့အစွမ်းကို အစ်ကို မြတ်နိုးပါတယ်။ ဒီ လက်ဖဝါးပြင်ကြမ်းကြမ်းကို အစ်ကိုနမ်းနိုင်ပါတယ်"လို့ အစ်ကိုက တယုတယနမ်းပြတော့မှ မသန္တာ အားတက်မိတယ်။ ဩော်. . . ဒီလက်ဖဝါးကြမ်းရတာ အလုပ်လုပ်ခြင်းရဲ့ အထိမ်းအမှတ်ပါလား။ ဂုဏ်ငယ်စရာမဟုတ်ပါဘူးလို့ စိတ်ကိုအားတင်းမိတယ်။

လူယဉ်ကျေးတို့ဌာနေမှာ စကားအရာ အင်္ဂါလေးတန်ညီအောင် စကားဆိုတတ်စေချင်နိုင်တဲ့ဆန္ဒနဲ့ အစ်ကို စာသင်ကျောင်းကြီးမှာ မသန္တာကို စာသင်ကြားစေတယ်။ ဩော်. . . အဖေတစ်ခါက မျှော်မှန်းတဲ့ဆန္ဒနဲ့ အစ်ကို့ဆန္ဒတူညီခဲ့ပါကလား။

ဒါပေမယ့် အစ်ကိုတို့ မြို့သူတွေရဲ့သဘောဟာ ချော့ချော့ကြီးသိနိုင်ဖို့ မလွယ်ကူလှပါလား။ သူတို့ဟာ တကယ်လိုလားလို့ ချီးမွမ်းစကားဆိုနေတာလား။ ရင်ထဲမှာ မနာလိုစိတ်ကိုမျိုသိပ်ပြီး အပြင်က ချီးမွမ်းသယောင်နဲ့ ဟန်ဆောင်ချီးမြှောက်ကြတာလား။ ဩော် . . . ဘာရယ်လို့ တိတိကျကျ သူတို့နှလုံးသားကို ပွင့်ပွင့်လင်းလင်း မဖော်ပြကြတဲ့ အံ့ဩဖွယ်ကောင်းတဲ့ မြို့သူလေးတွေပဲ။

ပွဲလမ်းသဘင်မှာ ဆုံကြရင် "ကိုယ့်သေနတ်ကိုယ်ထမ်းပြီး ကိုယ့်အစာ ကိုယ်ရှာစားခဲ့တဲ့ မသန္တာဆိုတာ သူပဲ"လို့ မိတ်ဆက်ပေးကြတယ်။

"ပြောစမ်းပါဦး၊ ယုန်ကိုဘယ်လိုထောင်ပြီး သမင်ကို ဘယ်လိုဖမ်းမလဲဟင် . . ၊ အို . . ရှင်ကိုယ်တိုင်လုပ်ခဲ့တာ အံ့ဩစရာပဲ။ သူ့လက်တွေကို လာကြည့်ပါဦးဟေ့ . . " မိန်းမချောတွေဟာ မသန္တာကို ချီးမွမ်းနေကြတာလား။ သရော်နေကြတာလား . . မတွေးတတ်အောင်ပဲ သူတို့နှုတ်ခမ်းတွေဟာ မဲ့ရွဲ့တာ ပြုံးတာကို တစ်ပြိုင်နက်လုပ်ပြနိုင်ကြတယ်။ အံ့ဩစရာ အတတ်ပညာတစ်ပါးပါပဲ။

"ခြေသလုံးတွေ ကြီးလိုက်တာနော် . . . ဟဲ . . ဟဲ၊ ဝေဠုဝတီရဲ့ အဆက်အနွယ်ထင်ပါရဲ့လို့"တစ်ခါက ထမင်းစားပွဲတစ်ခုမှာ မသန္တာကို မင်းကြီးကတော်တစ်ပါးက ပြောလိုက်တာ မသန္တာ ခုထိကြားယောင်နေတယ်။

တစ်ခါကတော့ မသန္တာဟာ ဒီကတော်တွေရဲ့ချီးမွမ်း ခြေကြောက်ပြောတာတွေ နားမခံသာလွန်းလို့ ပြန်ပြောမိတယ်။

"ဟုတ်ကဲ့ . . . ကျွန်မဟာဖြင့် လင်အပေါ် အလှအပနဲ့ အခွင့်အရေးယူပြီး အခွင့်အရေးကိုသာတောင်းဆိုတတ်တဲ့ မိန်းမမျိုး မဟုတ်ပါ။ ကိုယ့်လုပ်စွမ်းအားကိုပြပြီး ကိုယ့်တာဝန်ကိုလဲ ကျေပွန်စွာလုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါ"လို့ ပြောလိုက်မိတယ်။

အဲဒီနေ့က အစ်ကို ဆူတယ်လေ။

"စကားမပြောဘူး၊ စကားမပြောဘူးနဲ့၊ ပြောမယ့်ပြော

တော့လဲ မိုးကြိုးပစ်သလား အောက်မေ့ရတယ်။ တဲ့တိုးကြီး။ စာတွေဒါလောက်သင်ပြီး စကားကို ပြေပြေပြစ်ပြစ် မပြောတတ်သေးဘူးလား”တဲ့။

“မင်းဟာ တောထဲမှာပဲ တဲတစ်လုံးနဲ့ နေဖို့ကောင်းသတဲ့”

မသန္တာ အဲဒီတုန်းကများ မျက်ရည်ဖြိုင်ဖြိုင်ကျမိတယ်။ ဩော်. . သူတို့တွေနဲ့အတူ ငါဘယ်တော့မှ ပြေပြစ်အောင် ရောနိုင်ပါ့မလဲလို့ အားငယ်မိပါရဲ့။

ဒါပေမယ့် အစ်ကိုတစ်ယောက်လုံးရှိနေပါသေးတယ်ဆိုတဲ့စိတ်က မသန္တာကို အားပေးနေတာပဲ။ စင်စစ်မတော့ ဆက်ဆံရေးမပြေပြစ်တဲ့အဖြစ်မှာ မသန္တာအပြစ်တွေလည်း အများကြီးပါပါတယ်လေ။

အစ်ကို တရားကျောင်းကိုသွားတဲ့နေ့က မသန္တာ မှန်ရှေ့မှာထိုင်ပြီး ကိုယ့်မျက်နှာကိုယ်ကြည့်မိတယ်။ မသန္တာပါးမှာ နေလောင်ထားတဲ့အကွက်တွေ မရှိတော့လို့ ပါးလေးတွေဟာလည်း တခြား မြို့သူတွေလို နှင်းဆီရောင်သမ်းလာပါပေါ့လား။ မသန္တာဟာ ပါးပြင်ကို လက်ချောင်းကလေးတွေနဲ့ ထိတွေ့ကြည့်တယ်။ မသန္တာလက်တွေကို မှန်ထဲမှာ တွေ့ရတယ်။ အရင်ကလို လက်ဆစ်ကြီးတွေက ဖုထစ်မနေတော့ဘူး။ အဆစ်တွေပြေပြစ်လို့ သွယ်သွယ်ပျောင်းပျောင်းဖြစ်နေကြပြီ။ ပါးပြင်မှာထိတွေ့တဲ့ မသန္တာ လက်ဖဝါးဟာလည်း တောတွင်းသူလို အသမာတွေနဲ့ လက်ဖဝါးကြမ်းကြီး မဟုတ်တော့ဘူး။ ပန်းပွင့်ပန်းဖတ်လို နူးညံ့နေတော့တယ်။ ဒီလို ပြောင်းလဲလာခြင်းဟာ မသန္တာဘဝအတွက် ကောင်းဖို့လား၊ ဆိုးဖို့လား ထိုင်ရင်း စဉ်းစားနေမိသေးတယ်။ ဝမ်းလည်းသာမိပါရဲ့။ အစ်ကို့ရဲ့ ပွဲသဘင်တွေမှာလေ နောင်အခါကျရင် မသန္တာဟာ မြို့ကြီးသူတွေလို ဟန်ပါပါနဲ့ လက်ချောင်းလေးတွေကို ဆန့်ဖြေပြီး စကားပြောရင်ဖြင့် ပဒုမ္မာပွင့်အသွေးလို နီထွေးပြေပြစ်တဲ့ လက်ဖဝါးပြင်ကို သူတို့ မြင်ရတော့မယ်။ အစ်ကို့နောက်က အရင်လို

ခေါင်းလျှိုလိုက်ဖို့ မလိုတော့ဘူး။ ရင်ချီလိုက်ရင်ပဲ ပန်းနုသွေးကြွ နေတဲ့ မသန္တာမျက်နှာဟာ အစ်ကို့နောက်ပါးမှာ ပန်းတစ်ပွင့်လို ကြွကြွရွရွ လှနေမှာပေါ့။

အစ်ကို တရားကျောင်းကပြန်လာပြီး အစ်ကို့ဖိနပ်ကိုသိမ်း၊ တရားစာအုပ်ကို နေရာတကျထားနဲ့ အစ်ကို့ကို ခရီးဦးကြိုမိတယ်။ အစ်ကို့ကို ထမင်းကျွေးပြီးမှ မသန္တာဟာ ပြောင်းလဲပြီးနူးညံ့လာတဲ့ မသန္တာလက်ဖဝါးတွေကို ဝမ်းပန်းတသာနဲ့ အစ်ကို့ကိုပြမိတယ်။

အဲဒီနေ့က အစ်ကို့မျက်နှာသွင်ပြင် အနေအထားဟာ အံ့ တစ်ပါးပါပဲ။

"ခုလို လက်ဖဝါးတွေနူးညံ့လာမှ အစ်ကိုပြောရမယ့်စကား အတွက် ရင်နာပါဘိ မသန္တာရယ်"

အစ်ကို့စကားလုံးတွေကို မသန္တာမမေ့ဘူး။ အလွတ်ကျက် မှတ်သလို ဦးနှောက်ထဲမှာ စွဲနေတယ်။ အစ်ကိုက စကားရှေ့ဆက်ဖို့ ခက်သလို တံတွေးတွေမျိုချပြီး လည်ပင်းကြီးတဆန့်ဆန့်လုပ်နေ တယ်။ ပြီးတော့မှ. . . .

"သွားရမယ့်ခရီးဟာ တစ်ယောက်သွားသာရုံလမ်းမို့ လက် ဖဝါးနူးညံ့အောင်ကြိုးစားမယ့်အစား မသန္တာတစ်ယောက်တည်း ခရီးသွားရဲအောင် ကြိုးစားစမ်းပါ. . . "တဲ့။

သြော်. . . ပြောရက်လေခြင်း အစ်ကိုရယ်။ မသန္တာတစ် ယောက်တည်း နေရဲတဲ့သူပါ။ မသန္တာအဖို့ တစ်ယောက်တည်းဆိုတဲ့ ဘဝဟာ အသစ်အဆန်းမဟုတ်တော့ပါဘူး။

အစ်ကို့ဆီက ပြန်လာတဲ့နေ့၊ တောလမ်းမရောက်ခင် လယ် ကွင်းပြင်ကို ဖြတ်လာတယ်။ ရှေ့တူရူက ကြွလာတာဟာ မသန္တာကို ငယ်စဉ်က စာသင်ပေးခဲ့တဲ့ ဆရာတော်ဘုရားပါလား။ ဆရာတော် ဘုရားမျက်နှာကတော့ အံ့သြခြင်း၊ တွေဝေခြင်းမရှိဘူး။

"ဒကာမလေး တစ်ယောက်တည်းလား"တဲ့။

"မှန်လှပါဘုရား"လို့ ပြန်ဖြေတော့ မသန္တာ အသံတွေတုန်

နေ၏။

"ဒီလမ်းကပဲ ဒကာမလေးတစ်ယောက်တည်း ပြန်လာလိမ့်မယ်လို့ထင်သားပဲ" ဆရာတော်ဟာ အနာဂတ်ကိုလည်း မှန်းဆနိုင်သူပါလား။

"မိုးလုံးကြီးကော ဘုရား"

"ဒကာမလေးသွားတာ ဆယ့်ငါးနှစ်တောင်ကြာမှပဲ။ မိုးလုံးတစ်ကောင်မရှိတော့ဘူး။ သူ့သားမြေးတွေတော့ ကျန်သပေါ့။ နေ့လယ်ကျမှ ဂူထဲကို "ဖိုးကျား"အပို့လွှတ်လိုက်မယ်"

ဆရာတော်ဘုရား ဆက်ကြွသွားတော့ မသန္တာဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က သူ့သခင်သွားရာကို လိုက်ချင်ဇောနဲ့ မျှော်ကြည့်ကျန်ရစ်ရှာတဲ့ ကျောင်းပရိဝုဏ်အဝက မိုးလုံးကြီးကို ပြန်သတိရနေမိ၏။

ဂူထဲပြန်ရောက်ရပြန်ပြီ။ တံခါးဖွင့်လိုက်ရင် ပိုးစားနေတဲ့ ဓနိလက်တွေက ပိုးမှုန်တွေ၊ ဓနိဆွေးတွေသာ တသဲသဲ မြေကြီးပေါ်ကျလာခဲ့တယ်။

အစ်ကိုအိပ်သွားတဲ့ အိပ်ရာဂူဝမှာ ပင့်ကူမြွေးတွေ ယှက်လို့ပါလား။နံရံက သေနတ်ကလည်း သံချေးတွေတက်လို့ မြားတံတွေနဲ့လေးဟာလည်း ဖုန်တွေလူးလို့၊ ဒါတွေကို ပြန်ကိုင်ရဦးမှာပါလား အစ်ကိုရယ်။

မသန္တာ လက်ဖဝါးတွေနူးညံ့လာတဲ့ ခုဘဝကျကာမှ ဒီသေနတ်ကခလုတ်ကို ဘယ်လိုဖြုတ်ရမှာလဲ။ မသန္တာ ဒီမြားနဲ့ ချွေသမင်အသည်းခိုက်အောင် ပစ်ရက်ဖို့ မသန္တာမှာ သတ္တိမရှိတော့ပါလား။

မသန္တာဟာ ရေကန်ရှိရာကို ပြေးသွားမိတယ်။ ကန်အလယ်က ကြာနွယ်တွေက အရင်လိုပဲ မသန္တာကိုဆီးကြိုလို့ မြို့ကအကြောင်းတွေ မေးတော့မယ် ထင်ပါရဲ့။

အစ်ကိုနဲ့ပထမဆုံးတွေ့ခဲ့တဲ့ ရေကန်ရေပြင်ကို မျက်နှာငုံ့

နေ၏။

"ဒီလမ်းကပဲ ဒကာမလေးတစ်ယောက်တည်း ပြန်လာလိမ့်မယ်လို့ထင်သားပဲ" ဆရာတော်ဟာ အနာဂတ်ကိုလည်း မှန်းဆနိုင်သူပါလား။

"မိုးလုံးကြီးကော ဘုရား"

"ဒကာမလေးသွားတာ ဆယ့်ငါးနှစ်တောင်ကြာမှပဲ။ မိုးလုံးတစ်ကောင်မရှိတော့ဘူး။ သူ့သားမြေးတွေတော့ ကျန်သပေါ့။ နေ့လယ်ကျမှ ဂူထဲကို "ဖိုးကျား"အပို့လွှတ်လိုက်မယ်"

ဆရာတော်ဘုရား ဆက်ကြွသွားတော့ မသန္တာဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က သူ့သခင်သွားရာကို လိုက်ချင်ဇောနဲ့ မျှော်ကြည့်ကျန်ရစ်ရှာတဲ့ ကျောင်းပရိဝုဏ်အဝက မိုးလုံးကြီးကို ပြန်သတိရနေမိ၏။

ဂူထဲပြန်ရောက်ရပြန်ပြီ။ တံခါးဖွင့်လိုက်ရင် ပိုးစားနေတဲ့ ဓနိလက်တွေက ပိုးမှုန်တွေ၊ ဓနိဆွေးတွေသာ တသဲသဲ မြေကြီးပေါ်ကျလာခဲ့တယ်။

အစ်ကိုအိပ်သွားတဲ့ အိပ်ရာဂူဝမှာ ပင့်ကူမြေးတွေ ယှက်လို့ပါလား။နံရံက သေနတ်ကလည်း သံချေးတွေတက်လို့၊ မြားတံတွေနဲ့လေးဟာလည်း ဖုန်တွေလူးလို့၊ ဒါတွေကို ပြန်ကိုင်ရဦးမှာပါလား အစ်ကိုရယ်။

မသန္တာ လက်ဖဝါးတွေနူးညံ့လာတဲ့ ခုဘဝကျကာမှ ဒီသေနတ်ကခလုတ်ကို ဘယ်လိုဖြုတ်ရမှာလဲ။ မသန္တာ ဒီမြားနဲ့ ရွှေသမင်အသည်းခိုက်အောင် ပစ်ရက်ဖို့ မသန္တာမှာ သတ္တိမရှိတော့ပါလား။

မသန္တာဟာ ရေကန်ရှိရာကို ပြေးသွားမိတယ်။ ကန်အလယ်က ကြာနွယ်တွေက အရင်လိုပဲ မသန္တာကိုဆီးကြိုလို့ မြို့ကအကြောင်းတွေ မေးတော့မယ် ထင်ပါရဲ့။

အစ်ကိုနဲ့ပထမဆုံးတွေ့ခဲ့တဲ့ ရေကန်ရေပြင်ကို မျက်နှာငုံ့

ကြည့်လိုက်တော့ . . . .

"တယ်လှတဲ့ မြို့ကြီးသူပါလား"တဲ့။ ကန်ရေပြင်ကတော့ စကားဆိုမယောင်ပါပဲ။

ကြာပွင့်ကြီးကို လိုချင်လိုက်တာ မပြောပါနဲ့၊ အစ်ကိုသာ အနားမှာရှိရင်တော့ ကြာပွင့်ကြီးကို ချိုးပေးပါလို့ ပြောမိမှာပဲ။

"အံ့ပါရဲ့မိန်းကလေးရယ်၊ အရင် တစ်ယောက်တည်း နေတုန်းက ဘယ်သူကများ မင်းကို ပန်းချိုးပေးဖူးသလဲ။ ကိုယ့်ဘာသာပဲ ရေကန်ထဲ ဆင်းခူးခဲ့တာပဲ မဟုတ်လား"

မသန္တာဝမ်းထဲကစိတ်ကိုသိလို့ ကြာပွင့်ကြီးကတောင် ပြောနေပြီ။ ဟုတ်ပေသားပါလား အစ်ကိုရယ်။ နှစ်ယောက်တည်းအတူ နေပြီးတော့မှ ရေထဲဆင်းရဲတဲ့သတ္တိ မသန္တာမှာ မရှိတော့ဘူး။

ဟော. . . ကောင်းကင်မှာ မိုးတွေမှောင်လို့ တိမ်သားတွေ အလိပ်လိပ်ကြားက လျှပ်ပန်းနွယ်တွေ တလက်လက်နဲ့ ပြေးလွှားနေကြပြီ။ မသန္တာ တဲရှိရာကို ပြေးလာမိတယ်။ မောလိုက်တာများ မပြောနဲ့တော့။ တဲကိုရောက်ရင် အစ်ကိုအိပ်ခဲ့တဲ့ကောက်ရိုးမွေ့ရာပေါ် ပစ်လှဲလိုက်မိတယ်။မိုးတွေကလည်းချုန်း၊ လျှပ်စီးတွေကလည်း တဲထဲမှာ ထိန်လင်းလို့။

မသန္တာအဖို့ မိုးထစ်ချုန်းသံဟာ မိုးနတ်သားရဲ့တေးပါပဲ။ လျှပ်နွယ်တွေဟာ ကောင်းကင်ရဲ့များပါလို့ တစ်ခါက အစ်ကို့ကို မသန္တာပြောခဲ့တယ်လေ။ ခုတော့. . . ခုတော့. . မသန္တာ ခေါင်း မဖော်ရဲတော့ဘူး။ ဒိုင်း. . . ခနဲ မိုးကြိုးပစ်လိုက်ရင် ကြောက်လန့်တကြားနဲ့ ပြေးသွားပြီး မသန္တာခေါင်းလျှိုရမယ့် အစ်ကို့ရင်ခွင်ကို သတိရလိုက်တာ။ ကောင်းကင်ရဲ့ပန်းပါလို့ ဆိုခဲ့တဲ့ လျှပ်နွယ်တွေကို မကြည့်ရဲလို့ မျက်နှာဝှက်ထားချင်လို့ အစ်ကို့ရင်ခွင်ကို တမ်းတမိရတာ အမော။

သတ္တိတွေဘယ်များရောက်ကုန်ပါလိမ့်။ "အရင်ကလဲ ငါ့ သေနတ်ငါထမ်းပြီး ကိုယ်စားဖို့ အမဲလိုက်ပစ်လာခဲ့တယ်။ ကိုယ့်စပါး

ကိုယ်စိုက်လာခဲ့တဲ့ မိန်းမပဲ။ ခုတော့ တစ်ယောက်တည်းနေရမှာ ဘာကြောက်စရာလဲ”လို့ ကိုယ့်စိတ်ကိုယ်တင်းပါရဲ့။ ဒါပေမယ့် မရပါလား အစ်ကိုရယ်။

တစ်ယောက်တည်း မသန္တာဘာသာ အစကတည်းက နေခဲ့တာ အကောင်းသား။ ခုတော့ နှစ်ယောက်နေပြီးတော့မှ ပင်ကိုရှိတဲ့ သတ္တိတွေတောင် လျော့ပါးလို့ကုန်ကြပြီ။

ဩော်. . . မိန်းမဆိုတာ တကယ်ဆိုတော့ လင်သည်နဲ့ တွေ့ရင် ခိုကိုးလိုစိတ်များပြီး ရှိရင်းစွဲအစွမ်းကိုတောင် လျော့ပစ်တတ်ကြတယ်။ အဝေးမှာ ကျားဟိန်းသံ၊ ဆင်အော်သံတွေ ဆူညံနေတော့တယ်။ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်တော့လည်း တဲအဖော်ချင်းရယ်လို့ ဝေးဝေးကတောစပ်မှာ မီးလက်လက်နဲ့ ဦးဖိုးဘတဲပဲ မြင်ရတယ်။

ရင်ဖိုတဲ့စိတ်၊ကြောက်တဲ့စိတ်တွေများလွန်းလို့ ခြေထောက်ပေါ်မှာတောင် မတ်မတ်မရပ်နိုင်ဘဲကောက်ရိုးမွေ့ရာပေါ် ခွေလှဲလို့ နေမိတယ်။

“အဖြစ်နှယ် သည်းလိုက်လေခြင်း မိသန္တာရယ်”လို့ ကိုယ့်ကိုယ်ကိုယ် ခဏခဏ ပြောမိတယ်။

အစ်ကိုနဲ့မသန္တာ တစ်ယောက်သွားသာရုံခရီးမှာ ကျောချင်းခိုင်းပြီးထွက်ခဲ့ပေမယ့်လို့ အစ်ကို့မှာတော့ ခုချိန်ခါမှာ စိုးရိမ်ပူပန်ခြင်းလည်း ရှိမှာမဟုတ်ဘူး။ ဘေးရန်လည်း ရှိမှာမဟုတ်ဘူး။ တုန်လှုပ်ခြင်းလည်း ကင်းပေလိမ့်မယ်။

မသန္တာမှာတော့ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်းတွေနဲ့ နေစရာမရှိအောင် ဖြစ်ခဲ့ပါကလား။

ဩော်. . . အစက တစ်ယောက်တည်းနေရ အကောင်းသားလို့ နောင်တတစ်ဖန် ဖြစ်ခဲ့ရပြန်တယ်။ အစ်ကို့ကို အပြစ်တင်လိုဇောနဲ့ ရန်တွေချင်ပေမယ့်လည်း အစ်ကို လူယဉ်ကျေးတို့ ဌာနေမှာ တစိမ်းသူနဲ့အတူ ပျော်နေခြင်းမဟုတ်လေတော့ အပြစ်တင်ရ

ခက်ပါဘိ။ အစ်ကိုလည်း မသန္တာနည်းတူ တစ်ယောက်တည်းပဲ လမ်းခွဲသွားခြင်းပဲလို့ သတိအမြဲရှိပါရဲ့။

ဒါပေမယ့် တစ်ယောက်တည်း နေကြတာချင်းတူတူ၊ အစ်ကိုက တည်ငြိမ်တယ်။ စိုးရိမ်ကြောက်လန့်ခြင်း ကင်းတယ်။ ဘေးရန်မရှိဘူး။ မသန္တာမှာတော့ ကြောက်လန့်ရ၊ စိုးရိမ်ရ၊ ထိတ်လန့်ရပါဘိခြင်း။

"အဲဒါဟာ ဘာဖြစ်လို့လဲ ထပ်ကာမေးခွန်းထုတ်မိတယ်။ စင်စစ်တော့ တစ်ယောက်သွားသာရုံလမ်းအားဖြင့် တောကိုဝင်ခဲ့ကြပေမယ့် စိတ်အခံချင်းမတူလေတော့ အကျိုးသက်ရောက်ပုံချင်းလည်း မတူပါလား။

မိသန္တာ အစ်ကို့လို တရားသဘောမှာ မရင့်ကျက်သေးလေတော့ တစ်ယောက်တည်းနေတဲ့ဘဝဟာ ရှုပ်နေသေးပါလား။ မငြိမ်းချမ်းပါလား။

ပထမတော့ 'တစ်'ရဲ့သဘောဟာ အထီးကျန်ခြင်းဆိုပေမယ့် ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်း၊ သတ္တိရှိခြင်းလို့ မသန္တာသဘောပေါက်ပါတယ်။

'နှစ်'ဆိုတဲ့သဘောက ခိုကိုးလိုခြင်း၊ အားပျော့ခြင်းလို့ မသန္တာယူဆမိတယ်။

စင်စစ်တော့လည်း တစ်တို့နှစ်တို့ ပညတ်သဘောတွေဟာ အလကားပါပဲလေ။ တောတွင်းမှာ တစ်ယောက်တည်းနေပေမယ့် ကြိုးရှုပ်အောင် နေတဲ့သူဟာ နေတာပဲ။ ကြိုးမရှုပ်အောင် နေတဲ့သူအဖို့တော့လည်း အေးချမ်းပါတယ်။

အရုဏ်လင်းခါနီးတော့ မုန်တိုင်းလည်းငြိမ်၊ မိုးသက်လည်းစဲ၊ အေးစိမ့်လတ်ဆတ်တဲ့ လေတွေလည်း ဂူထဲကို ညင်သာစွာ ဝင်လာကြတယ်။

နီထွေးတဲ့ လင်းရောင်ခြည်ဟာ ဂူဝမှာ သိမ်းလာရင်ပဲ ဆရာတော်ဘုရားကို တဲရှေ့ မြက်ခင်းပြင်မှာတွေ့ရတယ်။

ကိုယ်စိုက်လာခဲ့တဲ့ မိန်းမပဲ။ ခုတော့ တစ်ယောက်တည်းနေရမှာ ဘာကြောက်စရာလဲ”လို့ ကိုယ့်စိတ်ကိုယ်တင်းပါရဲ့။ ဒါပေမယ့် မရပါလား အစ်ကိုရယ်။

တစ်ယောက်တည်း မသန္တာဘာသာ အစကတည်းက နေခဲ့တာ အကောင်းသား။ ခုတော့ နှစ်ယောက်နေပြီးတော့မှ ပင်ကိုရှိတဲ့ သတ္တိတွေတောင် လျော့ပါးလို့ကုန်ကြပြီ။

ဩော်. . . မိန်းမဆိုတာ တကယ်ဆိုတော့ လင်သည်နဲ့ တွေ့ရင် ခိုကိုးလိုစိတ်များပြီး ရှိရင်းစွဲအစွမ်းကိုတောင် လျော့ပစ်တတ်ကြတယ်။ အဝေးမှာ ကျားဟိန်းသံ၊ ဆင်အော်သံတွေ ဆူညံနေတော့တယ်။ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်တော့လည်း တဲအဖော်ချင်းရယ်လို့ ဝေးဝေးကတောစပ်မှာ မီးလက်လက်နဲ့ ဦးဖိုးဘ တဲပဲ မြင်ရတယ်။

ရင်ဖိုတဲ့စိတ်၊ကြောက်တဲ့စိတ်တွေများလွန်းလို့ ခြေထောက်ပေါ်မှာတောင် မတ်မတ်မရပ်နိုင်ဘဲကောက်ရိုးမွေ့ရာပေါ် ခွေလှဲလို့ နေမိတယ်။

“အဖြစ်နှယ် သည်းလိုက်လေခြင်း မိသန္တာရယ်”လို့ ကိုယ့်ကိုယ်ကိုယ် ခဏခဏ ပြောမိတယ်။

အစ်ကိုနဲ့မသန္တာ တစ်ယောက်သွားသာရုံခရီးမှာ ကျောချင်းခိုင်းပြီးထွက်ခဲ့ပေမယ့်လို့ အစ်ကို့မှာတော့ ခုချိန်ခါမှာ စိုးရိမ်ပူပန်ခြင်းလည်း ရှိမှာမဟုတ်ဘူး။ ဘေးရန်လည်း ရှိမှာမဟုတ်ဘူး။ တုန်လှုပ်ခြင်းလည်း ကင်းပေလိမ့်မယ်။

မသန္တာမှာတော့ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်းတွေနဲ့ နေစရာမရှိအောင် ဖြစ်ခဲ့ပါကလား။

ဩော်. . . အစက တစ်ယောက်တည်းနေရ အကောင်းသားလို့ နောင်တတစ်ဖန် ဖြစ်ခဲ့ရပြန်တယ်။ အစ်ကို့ကို အပြစ်တင်လိုဇောနဲ့ ရန်တွေချင်ပေမယ့်လည်း အစ်ကို လူယဉ်ကျေးတို့ ဌာနေမှာ တစိမ်းသူနဲ့အတူ ပျော်နေခြင်းမဟုတ်လေတော့ အပြစ်တင်ရ

ခက်ပါဘိ။ အစ်ကိုလည်း မသန္တာနည်းတူ တစ်ယောက်တည်းပဲ လမ်းခွဲသွားခြင်းပဲလို့ သတိအမြဲရှိပါရဲ့။

ဒါပေမယ့် တစ်ယောက်တည်း နေကြတာချင်းတူတူ၊ အစ်ကိုက တည်ငြိမ်တယ်။ စိုးရိမ်ကြောက်လန့်ခြင်း ကင်းတယ်။ ဘေးရန်မရှိဘူး။ မသန္တာမှာတော့ ကြောက်လန့်ရ၊ စိုးရိမ်ရ၊ ထိတ်လန့်ရပါဘိခြင်း။

"အဲဒါဟာ ဘာဖြစ်လို့လဲ ထပ်ကာမေးခွန်းထုတ်မိတယ်။ စင်စစ်တော့ တစ်ယောက်သွားသာရုံလမ်းအားဖြင့် တောကိုဝင်ခဲ့ကြပေမယ့် စိတ်အခံချင်းမတူလေတော့ အကျိုးသက်ရောက်ပုံချင်းလည်း မတူပါလား။

မိသန္တာ အစ်ကို့လို တရားသဘောမှာ မရင့်ကျက်သေးလေတော့ တစ်ယောက်တည်းနေတဲ့ဘဝဟာ ရှုပ်နေသေးပါလား။ မငြိမ်းချမ်းပါလား။

ပထမတော့ 'တစ်'ရဲ့သဘောဟာ အထီးကျန်ခြင်းဆိုပေမယ့် ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်း၊ သတ္တိရှိခြင်းလို့ မသန္တာသဘောပေါက်ပါတယ်။

'နှစ်'ဆိုတဲ့သဘောက ခိုကိုးလိုခြင်း၊ အားပျော့ခြင်းလို့ မသန္တာယူဆမိတယ်။

စင်စစ်တော့လည်း တစ်တို့နှစ်တို့ ပညတ်သဘောတွေဟာ အလကားပါပဲလေ။ တောတွင်းမှာ တစ်ယောက်တည်းနေပေမယ့် ကြိုးရှုပ်အောင် နေတဲ့သူဟာ နေတာပဲ။ ကြိုးမရှုပ်အောင် နေတဲ့သူအဖို့တော့လည်း အေးချမ်းပါတယ်။

အရုဏ်လင်းခါနီးတော့ မုန်တိုင်းလည်းငြိမ်၊ မိုးသက်လည်းစဲ၊ အေးစိမ့်လတ်ဆတ်တဲ့ လေတွေလည်း ဂူထဲကို ညင်သာစွာ ဝင်လာကြတယ်။

နီထွေးတဲ့ လင်းရောင်ခြည်ဟာ ဂူဝမှာ သမ်းလာရင်ပဲ ဆရာတော်ဘုရားကို တဲရှေ့ မြက်ခင်းပြင်မှာတွေ့ရတယ်။

သူ့အပါးမှာ ချစ်ဖွယ်ကောင်းတဲ့ ခွေးကြီးဟာ မားမားရပ်လို့။

"ဒကာမလေး၊ ဒီ ဖိုးကျားဟာ မိုးလုံးရဲ့မြေးပဲ။ ဒကာမအတွက် အဖော်အဖြစ်ထားခဲ့တယ်"

ဆရာတော်ဘုရားလည်း ဖိုးကျားကိုထားခဲ့ပြီး ကျောင်းရှိရာကိုပြန်ကြွသွားတယ်။ ဖိုးကျားဟာ မိုးလုံးလိုပဲ မသန္တာရဲ့ ခြေဖမိုးကို နမ်းလို့ အမြီးတနှံ့နှံ့နဲ့ ဝမ်းသာအားရ နှုတ်ဆက်ပေတယ်။

မသန္တာဟာ ဖုန်လူးနေတဲ့ နံရံကသေနတ်ကိုယူ၊ ခွေးကြီးကို နောက်ကအပါခေါ်ပြီး တောဘက်ဆီကို ထွက်လာခဲ့ပြန်ပြီ အစ်ကို။ စိတ်တွေကို ပြန်တင်းရဦးမယ်။

လေးတွေ မြားတွေလည်း ပြင်ရဦးမှာပါလား။

နှစ်ယောက်အတူ ငြိမ်းချမ်းရာကို ရှာခဲ့ပေမယ့် အစ်ကိုက အရင်တွေ့လာတော့ ငြိမ်းချမ်းနေပြီ။

အစ်ကို့ရဲ့ဇနီးမသန္တာ မိန်းမကြမ်းကြီးမှာတော့ ဒီခရီး ဒီလမ်းမှာ ဝမ်းတစ်ထွာအတွက်နဲ့ ခရီးဆက်ရဦးမှာပါလား. . . ။

အထက်ပါဝတ္ထုတိုလေးကို 'တံလျှပ်'ဟူသောအမည်နှင့် ကျွန်မ ရှုမဝမဂ္ဂဇင်းတွင် ရေးသားခဲ့၏။ ထိုစဉ်က ကျွန်မ၏ချစ်သူ အသက်ရှင်လျက်ရှိသေးသည်။

"ဟီနော၊ ဂါမွှောရှာသူတို့ခလေ့နဲ့ပျော်မွေ့နေချင်တဲ့ မိန်းမကြီးရဲ့။ အဲဒီဝတ္ထုတွေ သံသရာမှာလည်နေဦးမှာပေါ့လေ။ မိချို့များ အသက်ထွက်ခါနီးရင် ဝတ္ထုတွေစွဲလမ်းသွားမှဖြင့် ပြီးပါရော၊ ဝတ္ထုသူရဲမကြီးဖြစ်နေမှာ"

ဟူ၍ ကျွန်မရောဂါထူပြောလာချိန်တွင် သူ တတွတ်တွတ် ပြောတတ်၏။ အားထုတ်ပြီးသော ဝိပဿနာတရားကို ထပ်ကာ ထပ်ကာ မပြတ်ရှုမှတ်ဖို့ သူ သတိပေး၏။

ကျွန်မရင်ထဲမှာလည်း အစကတော့ မိချို့ကို ချစ်လှချည့်ရဲ့စကားလုံးဖြင့် သူ၏လောကီနယ်မြေထဲသို့ ကျွန်မကို လက်ဆွဲသွင်း

ခဲ့၏။ သူ ဒုလ္လဘခံကာ ဝိပဿနာတရား အားထုတ်ပြီးသောအခါ တွင် မြက်ပင်ဖြတ်ဇာတ်လမ်းကို သူ ခင်းကျင်းရန်တာစူနေပြီပဲ သိရပေပြီ။ ထိုကြောင့်ပင် စောင်းပါးရိပ်ခြည် သူ သိပါစေသဘော နှင့် သူသာ မြက်ပင်ကိုဖြတ်၍ တောစပ်ကိုဝင်ကာ တစ်ကိုယ်ရေ ကောစာကျင့်ရင်းဖြင့် ကျွန်မလာလမ်းကိုပြန်ချိန်တွင် ခံစားရမည့် ဝေဒနာကို 'တံလျှပ်'ဝတ္ထုဖြင့် ရေးသားတင်ပြခဲ့ပါ၏။

ထိုစဉ်က တရားအသိဖြင့် နှစ်ယောက်ခွဲခွာရမည်ထင် သောကြောင့် ကျွန်မ ဤဝတ္ထုတိုလေးကို ရေးသားခဲ့ပါသော်လည်း ယခုသော် မည်သို့မျှ မိတ်ဖွဲ့မရသော မရဏာသန္မမင်းက ကျွန်မတို့ နှစ်ယောက်အား လုံးဝခွဲခွာလိုက်ပါပြီ။ ထိုဝတ္ထုတိုလေးကို ပြန်လည် တင်ပြရာ၌ စာရွက်ရေများလို၍ မဟုတ်ပါ။ နိဂုံးအား ပိုမိုလေးနက် ပြည့်စုံစေ၍ ဖြစ်ပါသည်။

သို့သော် 'နိဂုံးဟူ၍ မဆိုသာ'ဟု ကျွန်မ ခေါင်းစဉ်တပ်ရ ခြင်းမှာ ၁၉၆၄ ခုနှစ်အထိသာ ကျွန်မဝတ္ထုကြောင်းကို တင်ပြခဲ့၏။ ၁၉၆၄ နှင့် ၇၀ကြားတွင် ကျွန်မ၏ချစ်သူဝတ္ထုကို ဆက်ရေးရန်ကျန် ပါသေးသည်။ ကျွန်မ၏ကျန်းမာရေးနှင့် အခြားအခြေအနေ အရပ် ရပ်တို့သည် ဒုတိယပိုင်းဆက်ရေးရန် အခွင့်သာပါစေဟု ဆုတောင်း ရပါသည်။ မယ်ဟေမာသည် သမုဒ္ဒရာကိုဖြတ်ကူးစဉ်က သမုဒ္ဒရာ အလယ်တွင် နဂါးမင်းက သူ့အား မေးခွန်းမေး၏။

"ဤ နက်ရှိုင်းကျယ်ပြန့်သော သမုဒ္ဒရာကို ကူးစက်ရာ၌ မည်သူ့ကို အဖော်ပြု၍ကူးစက်ပါသနည်း"

"ကျွန်မ၏အဖော်မှာ ဓမ္မစကြာဖြစ်ပါသည်"ဟု မယ်ဟေ မာက ဖြေဆိုခဲ့သည်။

အထီးကျန်သော ကျွန်မသည်လည်း ဤခန္ဓာဝန်ရှိလေ သေးသမျှ ကျန်သောခရီးလမ်းကို ဆက်၍သွားရပါမည်။ သူ့နောက် ပါးကို လိုက်ပါလာစအချိန်ကမူ အရွယ်၏ပျိုမျစ်ခြင်း၊ သတ္တိ၏ပြောင် မြောက်ခြင်းတို့က ရှိချင်မှရှိပေတော့မည်။ သို့သော် ကျွန်မ အပြန်

ခဲ့၏။ သူ ဒုလ္လဘခံကာ ဝိပဿနာတရား အားထုတ်ပြီးသောအခါ တွင် မြက်ပင်ဖြတ်ဇာတ်လမ်းကို သူ ခင်းကျင်းရန်တာစူနေပြီဟု သိရပေပြီ။ ထိုကြောင့်ပင် စောင်းပါးရိပ်ခြည် သူ သိပါစေသဘော နှင့် သူသာ မြက်ပင်ကိုဖြတ်၍ တောစပ်ကိုဝင်ကာ တစ်ကိုယ်ရေ ကောစာကျင့်ရင်းဖြင့် ကျွန်မလာလမ်းကိုပြန်ချိန်တွင် ခံစားရမည့် ဝေဒနာကို 'တံလျှပ်'ဝတ္ထုဖြင့် ရေးသားတင်ပြခဲ့ပါ၏။

ထိုစဉ်က တရားအသိဖြင့် နှစ်ယောက်ခွဲခွာရမည်ထင် သောကြောင့် ကျွန်မ ဤဝတ္ထုတိုလေးကို ရေးသားခဲ့ပါသော်လည်း ယခုသော် မည်သို့မျှ မိတ်ဖွဲ့မရသော မရဏာသန္ဓမင်းက ကျွန်မတို့ နှစ်ယောက်အား လုံးဝခွဲခွာလိုက်ပါပြီ။ ထိုဝတ္ထုတိုလေးကို ပြန်လည် တင်ပြရာ၌ စာရွက်ရေများလို၍ မဟုတ်ပါ။ နိဂုံးအား ပိုမိုလေးနက် ပြည့်စုံစေ၍ ဖြစ်ပါသည်။

သို့သော် 'နိဂုံးဟူ၍ မဆိုသာ'ဟု ကျွန်မ ခေါင်းစဉ်တပ်ရ ခြင်းမှာ ၁၉၆၄ ခုနှစ်အထိသာ ကျွန်မဝတ္ထုကြောင်းကို တင်ပြခဲ့၏။ ၁၉၆၄ နှင့် ၇၀ကြားတွင် ကျွန်မ၏ချစ်သူဝတ္ထုကို ဆက်ရေးရန်ကျန် ပါသေးသည်။ ကျွန်မ၏ကျန်းမာရေးနှင့် အခြားအခြေအနေ အရပ် ရပ်တို့သည် ဒုတိယပိုင်းဆက်ရေးရန် အခွင့်သာပါစေဟု ဆုတောင်း ရပါသည်။ မယ်ဟေမာသည် သမုဒ္ဒရာကိုဖြတ်ကူးစဉ်က သမုဒ္ဒရာ အလယ်တွင် နဂါးမင်းက သူ့အား မေးခွန်းမေး၏။

"ဤ နက်ရှိုင်းကျယ်ပြန့်သော သမုဒ္ဒရာကို ကူးစက်ရာ၌ မည်သူ့ကို အဖော်ပြု၍ကူးစက်ပါသနည်း"

"ကျွန်မ၏အဖော်မှာ ဓမ္မစကြာဖြစ်ပါသည်"ဟု မယ်ဟေ မာက ဖြေဆိုခဲ့သည်။

အထီးကျန်သော ကျွန်မသည်လည်း ဤခန္ဓာဝန်ရှိလေ သေးသမျှ ကျန်သောခရီးလမ်းကို ဆက်၍သွားရပါမည်။ သူ့နောက် ပါးကို လိုက်ပါလာစအချိန်ကမူ အရွယ်၏ပျိုမျစ်ခြင်း၊ သတ္တိ၏ပြောင် မြောက်ခြင်းတို့က ရှိချင်မှရှိပေတော့မည်။ သို့သော် ကျွန်မ အပြန်

သူ့အပါးမှာ ချစ်ဖွယ်ကောင်းတဲ့ ခွေးကြီးဟာ မားမားရပ်လို့။

"ဒကာမလေး၊ ဒီ ဖိုးကျားဟာ မိုးလုံးရဲ့မြေးပဲ။ ဒကာမ အတွက် အဖော်အဖြစ်ထားခဲ့တယ်"

ဆရာတော်ဘုရားလည်း ဖိုးကျားကိုထားခဲ့ပြီး ကျောင်းရှိရာကိုပြန်ကြွသွားတယ်။ ဖိုးကျားဟာ မိုးလုံးလိုပဲ မသန္တာရဲ့ ခြေဖမိုးကို နမ်းလို့ အမြီးတနှံ့နှံ့နဲ့ ဝမ်းသာအားရ နှုတ်ဆက်ပေတယ်။

မသန္တာဟာ ဖုန်လူးနေတဲ့ နံရံကသေနတ်ကိုယူ၊ ခွေးကြီးကို နောက်ကအပါခေါ်ပြီး တောဘက်ဆီကို ထွက်လာခဲ့ပြန်ပြီ အစ်ကို။ စိတ်တွေကို ပြန်တင်းရဦးမယ်။

လေးတွေ မြားတွေလည်း ပြင်ရဦးမှာပါလား။

နှစ်ယောက်အတူ ငြိမ်းချမ်းရာကို ရှာခဲ့ပေမယ့် အစ်ကိုက အရင်တွေ့လာတော့ ငြိမ်းချမ်းနေပြီ။

အစ်ကို့ရဲ့ဇနီးမသန္တာ မိန်းမကြမ်းကြီးမှာတော့ ဒီခရီး ဒီလမ်းမှာ ဝမ်းတစ်ထွာအတွက်နဲ့ ခရီးဆက်ရဦးမှာပါလား. . .။

အထက်ပါဝတ္ထုတိုလေးကို 'တံလျှပ်'ဟူသောအမည်နှင့် ကျွန်မ ရှုမဝမဂ္ဂဇင်းတွင် ရေးသားခဲ့၏။ ထိုစဉ်က ကျွန်မ၏ချစ်သူ အသက်ရှင်လျက်ရှိသေးသည်။

"ဟီနော၊ ဂါမွောရွာသူတို့ဝလေ့နဲ့ပျော်မွေ့နေချင်တဲ့ မိန်းမကြီးရဲ့။ အဲဒီဝတ္ထုတွေ သံသရာမှာလည်နေဦးမှာပေါ့လေ။ မိချိုများ အသက်ထွက်ခါနီးရင် ဝတ္ထုတွေစွဲလမ်းသွားမှဖြင့် ပြီးပါရော၊ ဝတ္ထုသူရဲမကြီးဖြစ်နေမှာ"

ဟူ၍ ကျွန်မရောဂါထူပြောလာချိန်တွင် သူ တတွတ်တွတ်ပြောတတ်၏။ အားထုတ်ပြီးသော ဝိပဿနာတရားကို ထပ်ကာထပ်ကာ မပြတ်ရှုမှတ်ဖို့ သူ သတိပေး၏။

ကျွန်မရင်ထဲမှာလည်း အစကတော့ မိချိုကို ချစ်လှချည့်ရဲ့စကားလုံးဖြင့် သူ၏လောကီနယ်မြေထဲသို့ ကျွန်မကို လက်ဆွဲသွင်း

လမ်းတွင် ဝိပဿနာအမှတ်တရားကို ခြေလှမ်းတိုင်းအဖော်ပြုကာ တစ်ကိုယ်တော်ခရီးကို ပြန်လျှောက်တော့မည်။

ဘလ္လာတိယပျို့တွင် ကိန္နရီမောင်နှံ ပန်းစုံပေါ်သော တောအုပ်လယ်တွင် ပျော်ရွှင်နေကြဆဲ ဗာရာဏသီမင်း၏ မြားချက်ဖြင့် ကိန္နရီဖိုနှလုံးကို ထိမှန်ကာ ခန္ဓာစဲခဲ့ရ၏။ သို့သော် သူတို့မှာ ဇာတ်ပေါင်းခန်းရှိသေးသည်။ တစ်ညလွဲသည်ကို ရက်ပေါင်း ၇၀၀ ပြောမပြီး၊ ဆိုမပြီး၊ ဆွေးမပြီးခဲ့သည့် ဇာတ်ပေါင်းခန်းရှိခဲ့သည်။

မြမြက်ခုံလေးတွင်လည်း နွေခါကျရောက်၍ မြက်ခင်းလေးခြောက်သွေ့သွားသော်လည်း မိုးဦးတိုင်လျှင် မိုးစက်အနမ်းကြောင့် မြက်ခင်းတွင် မြရောင်တောက်ကာ ရွှန်းပစိမ်းစိုလာပေဦးမည်။ ကျွန်မ၏ချစ်သူနှင့် ကျွန်မမှာတော့. . . . .

"ကျွန်မ၏ချစ်သူ"ဝတ္ထု နိဒါန်းရေးနေဆဲ၊ ကျွန်မ၏ ချစ်သူသည် အသက်ထင်ရှား ရှိနေသေး၏။ ယခု"နိဂုံးဟူ၍မဆိုသာ"ကို ရေးနေဆဲတွင် သူ မရှိတော့ပေ။

ယခု ဝတ္ထုစာမူအပြည့်အဝကို သူ့အား တင်ပြရခြင်း ပြုခွင့်မကြုံ၍ ကျွန်မအရေးအသားများ၊ အတွေးအခေါ်များ တစ်ဖက်စွန်းသို့ ရောက်သည်ဖြစ်ငြားအံ့၊ အသည်းနှလုံးကို ကျွန်မချစ်သူနှင့်အတူ ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်ခဲ့ရသော ကျွန်မအား ကျွန်မ၏ချစ်သော စာဖတ်သူများ ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါ၏။

ချမ်းမြေ့ရွှင်လန်းကြပါစေ။

ခင်နှင်းယု

၁. ၅. ၇၂

*တနင်္လာနေ့(မေဒေးနေ့)*